

၉၂

# ဗုဒ္ဓဝါဒဝတ္ထုဇာပြုတော

ဝင်းစန္ဒ

ဉာဏ်လင်းစာအုပ် — အမှတ် (၃)
ပုံနှိပ်ခြင်း — ပထမ၊ ၁၉၇၆၊ နိုဝင်ဘာ
အုပ်ရေ — ၂၀၀၀
အဖုံးပန်းချီ — စံတိုး
အဖုံးဘလောက် - လွင်
အဖုံးပုံနှိပ် — စကားဝါ
အတွင်းပန်းချီ — စန်းလှိုင်
အတွင်းဘလောက် — ထွန်းညွန့်
အတွင်းပုံနှိပ် — လုပ်အား
စာအုပ်ချုပ် — ညွန့်ညွန့်နှင့် မောင်များ
စာအုပ်တန်ဘိုး — ၁၅ ကျပ်

ဉာဏ်လင်း
ဉာဏ်လင်းစာအုပ်

ဘာသာရေးစာပေ ပုံနှိပ်ထုတ်ဝေခွင့် အမှတ် [၈၅၈၃-က] အရ ဦးချစ်အောင်(မြ-၀၂၀၇)လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ ဦးမြင့်နိုင် (မြ-၀၁၃၄၃) အေးမြင့်စာပေ၊ အမှတ် ၇၂၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့က တာဝန်ခံ ထုတ်ဝေသည်။

# ဗုဒ္ဓဝါဒ ဓမ္မအမြုတေ

## မင်းစန္ဒ

ဉာဏ်လင်းစာအုပ်

ဖြန့်ချိရေး

ဉာဏ်လင်းစာအုပ်တိုက်

အမှတ် ၁၉၃၊ က/ ၁၊ ၃၃ လမ်း

ရန်ကုန်မြို့

## ဆက်လက် ထွက်မည့်
## ဥာဏ်လင်း စာအုပ်များ

| | | |
|---|---|---|
| မြက်ရိုင်း | = | လေလွင့်သူ အသဲ |
| တက္ကသိုလ်စိန်တင် | = | မုန်တိုင်း ဗိုလ်ရဲဒင် |
| ကြည်ဦး | = | ဆေးဘက်ဝင် သစ်ပင်ပုံပြင်များ |
| ရှင်မဟာ ဗုဒ္ဓဃောသ ဦးဘသန်း | = | ဗုဒ္ဓ၏ တန်ခိုးပြိုင် လောက |
| ရန်အောင် | = | ဗုဒ္ဓခေတ် အရိယာနွယ်ဝင် သူတော်စင် အမျိုးသမီးများ |
| ရွှေကိုင်းသား | = | သမိုင်းဝင် လျော်ကြီးများ |
| သုခ | = | သုတ္တန်ပုံပြင်များ |
| စိမ့် (ပညာရေး) | = | ဓာတုကလျာ |
| မြမြဝင်း | = | ကမ္ဘာကျော် စစ်ဗျူဟာနှင့် နည်းပရိယာယ်များ |

# မာတိကာ

**စက္ကုပါလမထေရ်ဝတ္ထု**

သားဆုပန်ခြင်း
ဂုဏ်သိရိပွဲမွှေး အနာထပိဏ်သူဌေး
ဘာသာရေးနှင့် လူဦးရေ
စက္ကုပါလမထေရ် တရားအားထုတ်ခြင်း
မိမိကိုယ်မိမိတိုင်ပင်ခြင်း
ရွာသားများ စေတနာ
ညီတော်ဖြစ်အင်
ထင်းခွေမနှင့် သာမဏေ
သိကြားမင်းက ပို့ဆောင်ခြင်း
စက္ကုပါလမထေရ် အတိတ်အကြောင်း

**မဋ္ဌကုဏ္ဍလီ ဝတ္ထု**

ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူခြင်း
ဖခင်အား တရားပြခြင်း
အမြန်မှန် ရပြီ

**တိဿမထေရ်ဝတ္ထု**

ဘုရားစကား နားမထောင်သူ
တိဿ၏ အတိတ်ဇာတ်ကြောင်း
အငြင်းပွား၍ အချင်းများကြခြင်း
နေထွက်မလာ
အပြောရခက်တဲ့ ဒေဝိလ

## မာတိကာ


**ကာဠီဘီလူးမဝတ္ထု** ၈၈

မကောင်းသော အမြုံမ ၉၀
အတုံ့အပြန် ၉၂
မစားရရင် ငါမနေ ၉၄

**ကောသမ္ဗီရဟန်းများဝတ္ထု** ၁၀၁

ဘုရားစကား နားမထောင် ၁၀၃
ဒီဃီတိ ကောသလမင်းကြီး ၁၀၅
ဒီဃာဝု မင်းသား ၁၀၉
မိဘစကား နားထောင်၍ ဘုရင်ဖြစ်ခြင်း ၁၁၄
အိပ်မက်ထဲက လူသတ်ကောင် ၁၁၆
ပါလိလေယျက ဆင် ၁၂၁
ဆင်က ရေနွေးရအောင် ဘယ်လိုလုပ်သလဲ ၁၂၂
မျောက်နတ်သား ၁၂၄
ရဟန်းတော်တို့ ညီညွတ်ကြခြင်း ၁၂၅
အရှင်အာနန္ဒာ ဆင်လိုက်ခံရခြင်း ၁၂၈
ပါလိလေယျကဆင် နတ်သားဖြစ်ခြင်း ၁၃၂

**စူဠကာလမဟာကာလဝတ္ထု** ၁၃၈

ကာလညီနောင် ရဟန်းပြုခြင်း ၁၃၉
သုသာန်ဇောင့်မ လျှောက်ထားချက် ၁၄၁
မဟာကာလထေရ် ရဟန္တာဖြစ်ခြင်း ၁၄၅
မယားဟောင်းတို့ ဖမ်းယူခြင်း ၁၄၇

**ဒေဝဒတ်အား သက်န်းလှူသောဝတ္ထု** ၁၅၂

အရှင်သာရိပုတ္တရာ ဒါနတရားဟောခြင်း ၁၅၃
သံဃာတထောင်အား ဆွမ်းလှူခြင်း ၁၅၅

# မာတိကာ


ဆင်သတ်ယောကျ်ား ၁၅၇

ဘုရားအလောင်း ဆင်မင်း ၁၅၈

**အရှင်သာရိပုတ္တရာဝတ္ထု ၁၆၁**

ဗုဒ္ဓဝင်အကျဉ်း ၁၆၂

သိဉ္စည်းဆရာကြီးထံ ပရိဗိုဇ် ရဟန်းပြုကြခြင်း ၁၇၀

တရားထူးအမှန်ကို ထပ်မံ၍ ရှာဖွေခြင်း ၁၇၁

အရှင်အဿဇိနှင့် တွေ့ခြင်း ၁၇၂

သိဉ္စည်းဆရာကြီး၏ ဝါဒ ၁၇၇

လူမိုက်နှင့်လူလိမ္မာ ဘယ်သူက များသလဲ ၁၇၉

အရှင်ကောဏ္ဍည၏ အတိတ်ဇာတ်ကြောင်း ၁၈၁

အရှင်ယသနှင့် ငါးကျိပ်ငါးယောက် ၁၈၆

ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ၁၈၈

ရသေ့ညီနောင် ရှင်တထောင် ၁၈၉

ပြိတ္တာတို့ အကြောင်း ၁၉၃

သေရမှာ အမှန် ၁၉၇

ဘယ်သူ့ကိုမှ ခေါ်မသွားနိုင် ၁၉၈

သရဒရသေ့ ဆုတောင်း ၂၀၅

သိဉ္စည်းဆရာကြီး အကြောင်း ၂၁၀

**အရှင်နန္ဒထေရ်ဝတ္ထု ၂၁၂**

သားတော်ရာဟုလာ အမွေတောင်းခြင်း ၂၁၆

မဟာဓမ္မပါလဇာတ် ၂၂၀

ညီတော်နန္ဒ၏ သံယောဇဉ် ၂၃၀

အတိတ်ဇာတ်ကြောင်း ၂၃၇

**ဝက်သတ်သမားကြီး စုန္ဒဝတ္ထု ၂၄၃**

အသက်ရှင်စဉ် ငရဲမီး လောင်ခြင်း ၂၄၄

## မာတိကာ


**မဟာဓမ္မိက ဥပါသကာဝတ္ထု** ၂၄၈
နတ်ရထားများ ဆိုက်ရောက်ခြင်း ၂၄၉
**အသေသတ်မယ့် ဒေဝဒတ်ဝတ္ထု** ၂၅၅
အနုရုဒ္ဓါမင်းသား ရဟန်းပြုခြင်း ၂၅၉
မကောင်းကြံသော ဒေဝဒတ် ၂၆၆
မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့ခြင်း ၂၆၈
ဘုရားကိုသတ်ပြီး ဘုရားလုပ်မည် ၂၇၀
ဘုရားဖူးလိုသော ဒေဝဒတ် ၂၈၈
**သုမနဒေဝီဝတ္ထု** ၂၉၅
မလွဲကေန် သေရမည်အမှန် ၂၉၈
**မိတ်ဆွေရဟန်းနှစ်ပါးဝတ္ထု** ၃၀၁
မှားယွင်းသော အယူအဆ ၃၀၃
ကြေးစား နွားကျောင်းသား ၃၀၇
**သာမာဝတီဝတ္ထု** ၃၀၉
မိဖုရားကြီး၏ ကံကြမ္မာ ၃၁၃
ပြည်လဲမအပ် စစ်လဲမတိုက် ၃၂၂
ပစ္စေကဗုဒ္ဓါအား ကြည်ညိုလှသော ခွေး ၃၂၇
ဝါသုလဒတ္တာ မိဖုရား ၃၆၈
စန္ဒပဇ္ဇောတမင်း ရှေးအကြောင်း ၃၇၇
မာဂဏ္ဍီ မိဖုရား ၃၈၁
ရာဇပရိယာယ် ၄၁၆
သာမာဝတီတို့၏ ရှေးက မကောင်းမှု ၄၁၈
ခုဇ္ဇုတ္တရာ၏ ရှေးအကြောင်း ၄၂၀



မသေရာအရပ်ကို ရှာခဲ့သော ကောလိဘပရိဗိုဇ်နှင့် ဥပတိဿ မထေရ်



နေမင်းကို မထွက်အောင် တားခဲ့သော နာရဒ ရသေ့ကြီး



ငှက်ဆင် ချီသွားသော မိဖုရားကြီးနှင့် ကောသမ္ဗီမင်းကြီး ဖြစ်ထွေ



ဗုဒ္ဓ ဂေါတမနှင့် ပြိတ္တာပေါင်း ရှစ်သောင်း လေးထောင်



ခမည်းတော် ဂေါတမဘုရားထံ အမွေတောင်းနေသော
သားတော် ရာဟုလာ



ရဟန္တာကို အသေသတ်ရန် ကြံနေသော ဆင်မိုက်



ဒေဝဒတ်နှင့် အဇာတသတ်



သားငယ်ကို ချောက်ထဲချသတ်နေသော ကျွန်မ

# စက္ကုပါလမထေရ်ဝတ္ထု

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပယ်တော်မူစဉ် အချိန်က 'လောကကြီးတခုလုံးတွင် စိတ်သာ အရေးကြီးဆုံး၊စိတ်သာ ရှေ့ဆောင် ရှေ့ရှုက်ဖြစ်သည့် အကြောင်း'ကို စက္ကုပါလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့လေသည်။

## ရှေ့သူဌေးကြီး

သန်းပေါင်း ၇၀ သော လူဦးရေတို့ဖြင့် ကြက်ပျံမကျ ပြည့်နှက်စည်ကားလှသော သာဝတ္ထိပြည်ကြီးတွင် ပစ္စည်းဥစ္စာ ကုဋေကုဋာ ကြွယ်ဝချမ်းသာလှသော မဟာသုဝဏ္ဏ အမည်ရှိ ရှေ့သူဌေးကြီးတဦး ရှိ၏။ သူဌေးကြီးတွင် ပစ္စည်းဥစ္စာ ခြွေရံသင်း

ပင်း ဆင်မြင်းစသည်တို့နှင့် ပေါများပြည့်စုံ သုံးမကုန် ဖြုန်းမကုန်နိုင်လောက်အောင် ကြွယ်ဝချမ်းသာသော်လည်း သားသမီး ရတနာ တပါးမျှ ထွန်းကားခြင်း မရှိပေ။

အိမ်၏ ဆည်းလည်းနှင့် တူလှစွာသော သားသမီး ရတနာ မရှိသောအိမ်သည် ဝေဝေဆာဆာ စည်စည်ကားကား မရှိ။ နှလုံးမွေ့အောင်အပြုံးဆေးတိုက်ကျွေးမည့် သားသမီးရတနာမရှိသောကြောင့် အလှန်ပျင်းရိ ငြီးငွေ့ဘွယ် ကောင်းလှသည်။ အရွက်အခက် မရှိသော သစ်ခြောက်ပင်လို စိုစိုပြေပြေ မရှိဘဲ သူ၏ ဘဝသည် ခြောက်ကပ်ကပ်နိုင်လှသည်။ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝပါသော်လည်း သုံးဖြုန်းမည့် အရှင်သခင်ကလေးတွေ လိုနေသေးသည်။ မဟာသုဝဏ္ဏ ရွှေသူဌေးကြီးသည် ဂုဏ်သတင်း ပျံ့မွှေးသော်လည်း သားထောက်သမီးခံ မရှိသေးသည့်အတွက် ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက် အရသာကို ခံစားနေရသည်။ ပစ္စည်းဥစ္စာ ချမ်းသာခြင်း၏ အရသာကို ပြည့်ပြည့်ဝဝ မခံစားရသေး၊ သားသမီးရရေး မြှော်တွေးပြီး ရွှေသူဌေးကြီးတဦး သားသမီးရှုးကြီးပမာ ခံစားနေရမည်လား မပြောတတ်။ ဆွေဆက် မျိုးဆက်ပြတ်သွားမှာကိုလည်း စိုးရိမ်ရမလို ဖြစ်နေသည်။

တနေ့သ၌ မဟာသုဝဏ္ဏ ရွှေသူဌေးကြီးသည် ဂင်္ဂါမြစ်ဆိပ်သို့ ရေချိုးရန် သွားပြီး အပြန်တွင် လမ်းခရီးအကြား၌ ကြီးမားခန့်ထယ်၍ အခက်အလက်တို့ဖြင့် တင့်တယ်ဝေဆာ ကြက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် တောစိုးသစ်ပင်ကြီးတပင်ကို တွေ့မြင်ရလေသည်။

## သားဆုပန်ခြင်း

'ဒါလောက်တောင် တင့်တယ် ဝေ ဆာ ၍ ကြက်သရေ မင်္ဂလာနှင့် ပြည့်စုံတဲ့ သစ်ပင်ကြီးဆိုရင် တော်ရုံဘန်ရုံ နတ်တို့ အနားကပ်နိုင်မှာ မဟုတ်ဘူး။ တန်ခိုးအာနုဘော်ကြီးမားသော နတ်ကောင်းနတ်မြတ်များသာ သိမ်းဆည်း စောင့်ရှောက်ထားတဲ့ တတောလုံးကို အစိုးရသော တောစိုးသစ်ပင်ကြီးသာ ဖြစ်ရမယ်'ဟု အကြံရသဖြင့် ထိုသစ်ပင်ကြီး၏ အောက်ခြေကို ကောင်းမွန်စွာ သုတ်သင်ရှင်းလင်းပြီး ဧကာအရံ ပြုလုပ်ခြင်း၊ သဲဖြူခင်းခြင်း၊ တံခွန်ကုက္ကား မုလေးပွား၊ ကျက်လျှာ ကောင်းစွာ စိုက်ထူခြင်း စသည်တို့ကို စိတ်ပါလက်ပါနှင့် ရှုချင့်စဘွယ် တင့်တယ်သာယာအောင် ပြုပြင်လေသည်။

အသေအချာ တင့်တယ်သာယာအောင် ဘန်ဆာဆင်ပြီးသောအခါ တောစိုးသစ်ပင်ကြီးကို လက်ျာရစ်လှည့်၍ ပူဇော်လေသည်။ "အရှင်နတ်မင်းတို့ အကျွန်ုပ်အား သားရတနာကိုသော်၎င်း၊ သမီးရတနာကိုသော်၎င်း ရပါမူကား ကြီးစွာသော ပူဇော်သက္ကာရကို ပြုပါမည်"ဟု ဆုပန်၍ အိမ်သို့ ပြန်သွားလေ၏။

အိမ်သို့ ပြန်ပြီးနောက် မကြာမြင့်မီပင် သူဌေးကတော်ကြီးတွင် ကိုန်းပိုက်သန္ဓေ တည်နေလေတော့သည်။ သန္ဓေတည်ခြင်းအကြောင်းရင်းကို သူဌေးကြီးအား ရှင်းလင်းပြောကြားသောအခါ သူဌေးကြီးသည် ထခုန်တော့မလောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

အစစ ဘာမဆို သူဌေးကတော်ကြီးစိတ်ကြိုက် ဂရုတစိုက် ဆောင်ရွက်ရန် အခြေအရံအသင်းအပင်းများနှင့် စီမံခန့်ခွဲရသည်မှာ မမောနိုင် မပန်းနိုင်အောင် ဖြစ်၍ နေလေ၏။

သူဌေးကြီးလည်း သူ့ကိုယ်သူ အနှစ် ၂၀ လောက်များ ငယ်သွားသည်ဟု ထင်လေသလား မပြောတတ်။ ပျိုရွယ် သူကလေးပမာ အစစအရာရာ ဖျတ်ဖျတ်လတ်လတ်နှင့် ပေါ့ပါးသွက်လက်နေသည်။ အရင်က သံပတ်ပေးထားသည့် အရုပ်ကြီးဟု ထင်မှတ်နေသော သူ့ကိုယ်ခန္ဓာကြီးသည် ယခုတော့ စက်ရုပ်မဟုတ်မှန်း သူသိလာပါပြီ။ ပျော်တပြုံးပြုံး မော်မဆုံးအောင် ဖြစ်နေသည်။ အရင်က သူငယ်ချင်းတွေက "လူစဉ်မမှီဘူး" "အပင်စိုက်လို့ အသီးမသီးတဲ့ သူဌေးကြီး"စသဖြင့် အပြောင်အလှောင် ခံနေရသော ဘဝမှ လွတ်ရတော့မှာမို့ ကျိတ်၍ ဝမ်းသာလုံး ဆို့နေသည်။ နာရီက ရက်၊ ရက်က လပြောင်းဖြင့် အချိန်ကျရောက်လာသောအခါ သူဌေးကတော်ကြီးသည် သားတယောက်ကို ဖွားမြောက်သန့်စင်၍ လာလေ၏။

မဟာသုဝဏ္ဏ သူဌေးကြီးသည် သားလှရွှေသွေး လူကလေးကို နာမည်ပေးမည့်နေ့သို့ ရောက်သောအခါ တချိန်က မိမိကိုယ်တိုင် စောင့်ရှောက်အပ်သော တောစိုးသစ်ပင်ကြီးကို အမှီပြု၍ရသောကြောင့် "ပါလ"ဟူသော အမည်ကို မှည့်ခေါ်လေသည်။ ပါလသတို့သားကလေး မတ်တတ်သွားနိုင်သော အရွယ်သို့ ရောက်သောအခါ နောက်ထပ် သားတယောက်ကို ဖွားမြောက်သန့်စင်ပြန်လေ၏။ သားငယ်ကို 'စူဠပါလ' ဟူသောအမည်ကို မှည့်၍ သားကြီးဩရသ်ကိုမူ 'မဟာပါလ' ဟု အမည်မှည့်ခေါ်ကြလေ၏။

## ပါလည်ီနောင်

ပါလည်ီနောင်နှစ်ယောက်တို့သည် မိဘတို့ အရှိန်အဝါ ပစ္စည်းဥစ္စာ ရတနာတို့ဖြင့် ချမ်းမြေ့ပျော်ရွှင်စွာ ကြီးပြင်း၍လာသောအခါ လူ့တံထွာ လူ့သဘာဝအတိုင်း အသီးသီး အိမ်ထောင်ပြုကြလေ၏။ နောင်သောအခါ မိဘများ ကွယ်လွန်သွားသဖြင့် များလှစွာသော ပစ္စည်းရတနာတို့ဖြင့် ကြီးစွာသော လူ့စည်းစိမ် ခံစား၍ နေကြလေ၏။

ထိုစဉ်အခါဝယ် ဗုဒ္ဓမြတ်စွာသည် မဇ္ဈိမ ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးသော် ခရီးဒေသစာရီ လှည့်လည်တော်မူရာ အနာထပိဏ် ဂုဏ်သိရ်ပုံ့မွေး စိန်သူဌေးကြီးက ၅၄ သန်း အကုန်ခံ၍ ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်ကြီး၌ ဝေနေယျ သတ္တဝါအများကို တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးလျက် သီတင်းသုံး စံနေတော်မူခိုက်လည်း ဖြစ်သည်။

## ဂုဏ်သိရ်ပုံ့မွေး အနာထပိဏ်သူဌေး

မြတ်စွာဘုရားသခင်သည် မယ်တော်ဘက်မှ ရှစ်သောင်း၊ ခမည်းတော်ဘက်မှ ရှစ်သောင်း၊ တသိန်းခြောက်သောင်းကုန်သော ဆွေတော်-မျိုးတော်အပေါင်းတို့က စိတ်စေတနာ ထက်သန်စွာဖြင့် ဆောက်လုပ်လှူဒါန်းအပ်သော နိဂြောဓာရုံကျောင်းတော်ကြီး၌ တဝါမျှသာ သီတင်းသုံးတော်မူသည်။

အနာထပိဏ် ဂုဏ်သိရ်ပုံမွေး စိန်သူဌေးကြီး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန် ကျောင်းတော်ကြီး၌ ၁၉ ဝါ သီတင်းသုံးတော်မူသည်။

ကျောင်းအမကြီး ဝိသာခါ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတော်ကြီး၌ ၆ ဝါ သီတင်းသုံးတော်မူသည်။

ဝိသာခါ၊ အနာထပိဏ် ဂုဏ်သိရ်ပုံ့မွေး သူဌေးကြီးနှစ်ဦးကို အကြောင်းပြု၍ သာဝတ္ထိပြည်မှာ ၂၅ ဝါပတ်လုံး သီတင်းသုံးတော်မူသည်။

ဝိသာခါ၊ အနာထပိဏ် ဂုဏ်သိရ်ပုံ့မွေး သူဌေးကြီးနှစ်ဦးတို့လည်း အမြဲမပြတ် တနေ့လျှင် နှစ်ကြိမ်ကျ မြတ်စွာဘုရားအား သွားရောက် ဆည်းကပ်ခစားကြသည်။

မြတ်စွာဘုရား အထံသို့ သွားသည်အခါတိုင်း လှူဘွယ်ဝတ္ထုမပါ၊ လက်ချည်းသက်သက် တခါတရံမျှ သွားရောက်ဘူးသည်မရှိ။ နံနက်ပိုင်း ကျောင်းတော်သို့ သွားရောက်သောအခါ ခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာများကို ယူဆောင်၍ သွားလေ့ရှိသည်။ ညနေပိုင်း မြတ်စွာဘုရားထံ သွားရောက်သော အခါများတွင်လဲ ဆေး အဖျော်ယမကာတို့တွင် သင့်တော်ရာတခုခုကို ယူဆောင်သွားလေ့ရှိကြသည်။ သူဌေးကြီးနှစ်ဦးတို့ အိမ်များတွင်လဲ တအိမ်လျှင် သံဃာတော် အပါး နှစ် ထောင်အတွက် နေရာထိုင်ခင်း အသင့်ခင်း၍ ဆွမ်းဘောဇဉ် ချိုချဉ်သစ်သီး ဆေးပစ္စည်းနှင့် အဖျော်ယမကာများ အလိုရှိရာ ရနိုင်အောင် အသင့် စီစဉ်ထား

လေသည်။ ရဟန်းသံဃာများ အလိုရှိသောပစ္စည်းကို အလိုရှိသည့် အချိန်တွင် ရရှိနိုင်ရန် အပြည့်အစုံ ပြုလုပ်စီမံထားသည်။

သူဌေးကြီးနှစ်ဦးတို့တွင် အနာထပိဏ် သူဌေးကြီးသည် မြတ်စွာဘုရားသခင်ကို အမေးပုစ္ဆာပြဿနာ တခုခုသော်မှ မေးမြန်းလျှောက်ထားဘူးခြင်းမရှိချေ။

## ဘာကြောင့် ပြဿနာ မမေးသလဲ

အနာထပိဏ်သူဌေးကြီး၏ သဘောထားမှာ 'မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုံသုံးပါးတွင် တစုံတယောက်မျှ တုပနိုင်စွမ်းမရှိသော ဘုရားစင်စစ် ကေန်ဖြစ်သောကြောင့်လည်း သိမ်မွေ့နူးညံ့တော်မူပေ၏။ မဟာသမ္မတ အသမ္ဘိန္နသာကီယဇာတ် ခတ္တိယမင်းမျိုး ဖြစ်သောကြောင့်လည်း သိမ်မွေ့နူးညံ့တော်မူလှပေ၏။ အကယ်၍သာ ငါသည် အမေးပုစ္ဆာပြဿနာတခုခု မေးမြန်းလျှောက်ထားပါက ဤသူဌေးကြီး ငါဘုရားအား အလွန်ကျေးဇူး များလှပေသည်ဟု နှလုံးပိုက်တော်မူ၍ ငါ့အား တရားဓမ္မဟောကြား ပြသတော်မူရသည် ရှိသော် အလွန်ပင်ပန်းနွမ်းနယ်တော်မူရှာလိမ့်မည်' ဟု ကြံစည်စိတ်ကူးမိ၍ ဘုရားသခင်၌ အလွန်အကြူး အထူးချစ်ခင် ကြည်ညိုလေးစားခြင်း ရှိသောကြောင့် ပြဿနာမေးလျှောက်ဘူးခြင်းမရှိ ဖြစ်ပါတော့သည်။

ထိုကဲ့သို့ ကြံစည်စိုးရိမ်လျက် အနာထပိဏ် သူဌေးကြီးက အမေးပုစ္ဆာပြဿနာကို မေးလျှောက်ခြင်းမရှိပါသော်လည်း မြတ်စွာ

ဘုရားသခင်သည် သူဌေးကြီး လာရောက် ဆည်းကပ်ခါစ အခါ သမယ၌ပင်လျှင် ‘ဤသူဌေးကြီးသည် ငါဘုရားအပေါ် မစောင့် ရှောက်အပ်သောအရာ၌ စောင့်ရှောက်၍ နေဘိသည်၊ ငါဘုရား သည် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ကိုယ်တော် မြတ်၏ ဥက္ကောင်းတော်တွေကိုဖြတ်၍ မျက်လုံးတော် နှလုံးသား တော်တို့ကို ထုတ်ဆောင်ပြီးလျှင် အသက်တမျှ ချစ်လှစွာသော သားသမီးတော်တို့ကိုပင် အနည်းငယ်မျှ ငဲ့ကွက်ခြင်းမရှိဘဲ ရက် ရက်စက်စက်စွန့်လွှတ်၍ အထွတ်အထိပ်ဖြစ်သော ပါရမီတော်တို့ ကို ဖြည့်ကျင့်ဆည်းပူးတော်မူခြင်း ဖြစ်ခဲ့လေသည်။ ဤသူဌေးကြီး သည် ငါဘုရားကို သနားငဲ့ညှာ၍ မစောင့်ရှောက် အပ်သော အရာ၌ စောင့်ရှောက်၍ နေဘိသည်’ဟု နှလုံးသွင်းတော်မူ၍ ဓမ္မတရားကို ဟောကြားမြွက်ဆော် အမိန့်တော် ရှိသည်သာ လျှင်တည်း။

## ဘာသာရေးနှင့် လူဦးရေ

ထိုစဉ်ခါတွင် သာဝတ္ထိပြည်ကြီး၌ သန်းပေါင်း ၇၀သော လူခပင်းတို့ မှီတင်းနေထိုင်ကြသည်။ လူဦးရေသန်း ၇၀ တို့တွင် မြတ်စွာဘုရား ဟောကြားပြသ ဆိုဆုံးမသောတရားဓမ္မကို နာယူ မှတ်သားရသဖြင့် သန်း ၅၀ သောလူအပေါင်းတို့သည် အရိယာ သူတော်ကောင်းတို့ချည်းသာ ဖြစ်ကြသည်။ ကျန် သန်း ၂၀ သော လူတို့မှာကား မောဟဖုံးဖိ ဒိဋ္ဌိဝိစိကိစ္ဆာ မကင်းကွာသော ပုထုဇဉ်များ ဖြစ်ကြလေသည်။

## လမ်းစတွေ့ပြီ

ပုထုဇဉ်အရိယာနှစ်ဖြာသော လူတန်းစားတို့တွင် အရိယာ သူတော်ကောင်းများသည် နံနက်အခါ၌ အလှူဒါနပြုလုပ်ခြင်း၊ ညချမ်းအခါ၌ ပန်းနံ့သာလက်ဆွဲပြီး တရားပွဲသွား၍ တရားနာခြင်း အလုပ်နှစ်ခုလောက်သာ ပြုလုပ်အားထုတ်ကြသည်။ ညချမ်းအခါ ပန်းနံ့သာလက်စွဲလျက် တရားပွဲသို့ တရားနာသွားကြသော အရိယာသူတော်ကောင်းတို့ကို တနေ့သောအခါ မဟာပါလ သူကြွယ်မြင်လေလျှင်—

"ဒီလောက်များပြားလှတဲ့လူတွေ ဘယ်အရပ်ကို သွားနေကြပါလိမ့်"ဟု မေးသည်ရှိသော်....

"မြတ်စွာဘုရားကျောင်းတော်သို့ တရားနာ သွားကြတာပါ" ဟု ပြန်ကြားပြောဆိုသော စကားကို ကြားသိရလျှင် 'ငါလဲဘဲ တရားနာလိုက်သွားဦးမည်'ဟု ကြံစည် စိတ်ကူးပြီးလျှင် မြတ်စွာဘုရားကျောင်းတော်သို့ တရားနာ လိုက်ပါသွားလေ၏။

ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားအား ရှိသေစွာရှိခိုး၍ ပရိသတ် အစွန်အဖျား၌ ထိုင်လျက် တရားနာလေ၏။

## ကျွတ်ထိုက်သောသူ

မြတ်စွာဘုရားတို့၏ အလေ့သဘောမှာ မည်သည့်တရားဟောတော်မူသည်ဖြစ်စေ၊ မျက်နှာကြီးငယ်မလိုက် ကျွတ်ထိုက်သော သတ္တဝါတို့ကိုသာ ဦးစားပေး၍ တရားဟောမြဲဓမ္မတာဖြစ်

သည်။ ပရိသတ်အများတို့တွင် မြတ်စွာဘုရားသခင်သည် မဟာပါလသူကြွယ် ကျွတ်တန်းဝင်မည့်အဖြစ်ကိုမြင်တော်မူ၍ ဒါနနှင့်စပ်သောတရား၊ အကျင့်သီလနှင့် စပ်သောတရား၊ ကာမဂုဏ်အပြစ်၊ ကာမဂုဏ်၏ ရုန့်ရင်းကြမ်းတမ်း ညစ်နွမ်းစေတတ်သောအဖြစ်၊ ကာမဂုဏ်တို့မှ လွတ်မြောက်ခြင်း အကျိုးတရားတို့ကိုဟောကြားပြသတော်မူလေ၏။

ထိုအခါ တရားနာနေသော မဟာပါလသူကြွယ်သည် ဤသို့အကြံဖြစ်လာသည်။ 'အခုဘဝမှသေသွားရင် ငါ့သား ငါ့သမီး ငါ့ပစ္စည်း ငါ့ဥစ္စာ ငါ့ရတနာ ငါ့ရွှေ ငါ့ငွေ တခုတလေမျှ ငါသွားရာနောက်သို့ လိုက်ပါလာကြမည် မဟုတ်။ အယုတ်ဆုံး အမြဲတမ်းသုံးဆောင်ဝတ်စား၊ ငါတယုတယနဲ့ အမြတ်တနိုး ပြုစုစောင့်ရှောက်နေတဲ့ ငါ့ရဲ့ကိုယ်ခန္ဓာကြီးသော်မှ ငါနဲ့အတူ ငါသွားရာနောက်သို့ လိုက်ပါတော့မည်မဟုတ်။အမှန်တရားကတော့ငါပြုလုပ်ထားတဲ့ ကောင်းမှုကုသိုလ်ကံသာ နောက်ဘဝ၌ ခံစားစံစားရမည်'ဟု ကြံစည်အောက်မေ့လျက် 'အိမ်ရာထောင်သောလူ့ဘောင်၌ ကြာရှည်လေးမြင့်စွာနေလို့ ဘာမျှအကျိုးထူးတော့မည်မဟုတ်၊ယခုပင် မြတ်စွာဘုရားသခင်အထံတော်၌ ရှင်ရဟန်းပြုတော့မည်'ဟု ကြံစည်ဆုံးဖြတ်ပြီးလျှင် တရားပွဲပြီးဆုံးသောအခါ၌ မဟာပါလသူကြွယ်သည် မြတ်စွာဘုရားထံသွား၍-

"ရှင်တော် မြတ်ဘုရား.... တပည့်တော်အား သနားသဖြင့် ရဟန်းပြုပေးတော်မူပါ ဘုရား"ဟု တောင်းပန် လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက "မဟာပါလ....သင့်မှာ ပန်ကြားထိုက်သော ဆွေမျိုးဉာတိ မရှိဘူးလား"

"တပည့်တော်မှာ ညီငယ်တယောက် ရှိပါတယ် ဘုရား"

"ကောင်းပြီ၊ အဲဒီ ညီငယ်ထံ သွားရောက် ခွင့်ပန်ချေဦး"

"ကောင်းပါပြီဘုရား"

မဟာပါလသူကြွယ်သည် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ အိမ်သို့ ပြန်သွားလေ၏။

အိမ်သို့ ရောက်သောအခါ ညီငယ် စူဠပါလကို ခေါ်စေ၍-

"ချစ်ညီ စူဠပါလ၊ ဒီအိမ်ကြီးမှာရှိတဲ့ သက်ရှိ သက်မဲ့ပစ္စည်းဥစ္စာ အားလုံးကို ငါ့ညီသာ အပိုင်ယူပေတော့၊ ငါ့ညီသာ စီမံအုပ်ချုပ်တော့၊ အစစ အရာရာ ငါ့ညီရဲ့ သဘောဆန္ဒအတိုင်းသာ ပြုလုပ်ပေတော့၊ ငါ့ညီကို အားလုံး လွှဲပြောင်းပေးလိုက်ပြီ"

"နောင်တော်က ဘယ်သွားမှာမို့လဲ"

"ငါ့ညီ၊ ငါရဟန်းဝတ်တော့မယ်"ဟု ပြောကြားလိုက်လျှင် ညီငယ် စူဠပါလက-

"စဉ်းစားပါအုံး နောင်တော်၊ ကျွန်တော်ဟာ ကျေးဇူးရှင် မိဘနှစ်ပါးမျက်ကွယ်ပြုသွားတဲ့အချိန်ကစပြီး၊ အကိုကြီးအဖအရာ ဆိုသလို နောင်တော့်ကိုဘဲ မိဘလို တမျိုး၊ အကိုကြီးလိုတဖုံ အားကိုးအားထား ပြုလုပ်နေရပါတယ်။ ရဟန်းဝတ်မယ့်စကား မပြောကြားပါနဲ့အုံးနောင်တော်။ ကျွန်တော်တို့မှာ မိဘနှစ်ပါး ထားခဲ့တဲ့ပစ္စည်းဥစ္စာတွေဟာ သုံးမကုန်ဖြုန်းမကုန်ပေါများပြည့်စုံလှပါတယ်။ လူဝတ်ကြောင်နဲ့ဘဲ ကုသိုလ်ကောင်းမှု ပြုလုပ်နေရင်လဲ ရပါတယ် နောင်တော်"ဟု တောင်းပန်လေ၏။

မဟာပါလ သူကြွယ်ကလည်း—

"ချစ်ညီ စူဠပါလ၊ မြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ ငါ့စိတ်တွေ အကြီးအကျယ် ပြောင်းလဲနေပြီ၊ လူဝတ်

ကြောင်နဲ့ နေပြီး အားထုတ်လို့ ဖြစ်မှာ မဟုတ်ပါဘူး။ ငါ့ညီ 'ဿရာဝါသ ကိစ္စများအကြောင်းလူတို့ဘောင်' လို့ ဆိုရိုးရှိတယ်မဟုတ်လား၊ ရဟန်းဝတ်နဲ့သာ အားထုတ်မှသာ သင့်တော်မယ် ထင်တယ် ငါ့ညီ"

စုဋ္ဌပါလကလည်း–

"နောင်တော်ဟာ အခုဆို ပျိုရွယ်သူတဦးသာ ဖြစ်ပါသေးတယ်။ ကာမဂုဏ်ချမ်းသာကို မြိန်ယှက်စွာ ခံစားပါအုံး၊ နောင်အသက်အရွယ်ကြီးရင့်လာမှ ရဟန်းဝတ်ပြီး တရားအားထုတ်ပါလား နောင်တော်ရယ်"ဟု ထပ်မံ တောင်းပန်ပြန်လေ၏။

"ငါ့ညီ စုဋ္ဌပါလ၊ အကိုကြီးပြောမယ့်စကားကို နဲနဲလောက်နားထောင်ကြည့်ပါဦးလား....၊ ငါ့ညီ ပြောမယ့် စကားထဲမှာ 'အသက်အရွယ် ကြီးရင့် အိုမင်းလာမှ ရဟန်းဝတ်ပြီး တရားအားထုတ်ပါ'တဲ့။ အေး.... ငါ့ညီပြောတဲ့အတိုင်း အိုမင်းလာတဲ့အခါမှာ ဇရာရဲ့ ထုထောင်းနှိပ်စက်မှုကို ခံရတဲ့အတွက် မျက်စိကသိ၊ နားကထိုင်း၊ ခါးကကိုင်းပြီး ကိုယ့်လက်ကိုယ့်ခြေမှမသယ်နိုင်တဲ့ ဘဝမျိုးမှာ ဘယ်လိုလုပ်ပြီး တရားအားထုတ်နိုင်မှာလဲ ငါ့ညီ။ ပြီးတော့ ငါ့ညီ တခုစဉ်းစားကြည့်ပါအုံး၊ သေမင်းကဒို့နဲ့ ဆွေမျိုးအရင်းလဲ မဟုတ်ဘူး၊ ဒို့ဘိုးဒို့ဘွားလဲမဟုတ်ဘူး၊ ဘယ်နေ့ကျ သေရမယ်လို့ ချိန်းချက်ထားတာလဲ မရှိဘူး၊ ဘယ်နေ့မှ သေရမယ်လို့ ဘယ်သူမှလဲ အတိအကျ မသိကြဘူး။ အမှည့်ဘဝင်းဝင်း အကင်းတပြိုက်ပြိုက် ဆိုသလို မနက်ပိုင်းက မြင်တွေ့လိုက်ရတဲ့ သူတွေ ညနေကျ တချို့မရှိတော့ဘူး၊ ညနေက မြင်လိုက်ရတဲ့ လူတွေလဲ မနက်ကျ တချို့မရှိတော့ဘူး။ သေကုန်ကြပြီ။ ဒါကြောင့် နောင်တော်အား မဟန့်တား မပိတ်ပင်ပါနဲ့

လား ငါ့ညီ။ နောင်တော်အား ချစ်သနားရင် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ ငါ့ညီ—

“အကယ်၍ အသာတကြည် ခွင့်မပြုဘူး ဆိုရင်လဲ အကိုကြီး တော့ နေမှာ မဟုတ်ဘူး၊ မြတ်စွာဘုရားထံသွားပြီး ရဟန်းပြုမှာ သေချာတယ်”ဟု ပြောလိုက်လေ၏။

စူဠပါယညီငယ်မှာ အမျိုးမျိုးအဖုံဖုံ ငိုကြွေးတောင်းပန်နေစဉ်မှာပင် အိမ်မှ စတင် ထွက်ခွာခဲ့လေတော့သည်။

## ဘယ်လမ်း ရွေးမလဲ

မြတ်စွာဘုရားထံ ရောက်သောအခါ ဝမ်းမြောက်ဝမ်းသာ ရဟန်းဝတ်၍သွားလေ၏။ ငါးဝါတိုင်တိုင် ဆရာဥပဇ္ဈာယ်ထံ၌ ဝတ်ကြီးဝတ်ငယ်ပြု၍ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ ပဝါရဏာပြုပြီးသောအခါ မြတ်စွာဘုရားထံ သွား၍ ရှိခိုးပြီးလျှင် “ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၊ ရှင်တော်ဘုရား၏ သာသနာ၌ တပည့်ရဟန်းများ လိုက်နာဆောင်ရွက်မည့် တာဝန်ဝတ္တရား အဘယ်မျှ ရှိပါသနည်း ဘုရား”

“ချစ်သား မဟာပါလ၊ ငါဘုရား သာသနာ၌ တပည့်တပန်း ရဟန်းသံဃာများ ပြုလုပ်ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရား နှစ်ပါးရှိပေတယ်။

“ပထမအချက်က စာပေကျမ်းဂန် သင်အံ့ပို့ချခြင်း၊ အဲဒါက ဂန္ထဓုရလို့ ခေါ်တယ်။ ဒုတိယအချက်က သံသရာဝဋ်မှ လွတ်မြောက်ရန် ဝိပဿနာတရား ကြိုးစားအားထုတ်ခြင်း။ အဲဒါက

ဝိပဿနာ ရှုရလို့ ခေါ်တယ်။ အဲဒီလို တာဝန်ဝတ္တရား နှစ်ပါးရှိ ပေတယ်”ဟု ဗုဒ္ဓက မိန့်ကြားတော်မူ၏။

မဟာပါလက “ရှင်တော်မြတ်ဘုရား၊ တပည့်တော်သည် အသက်အရွယ်ကြီးရင့်မှ ရဟန်းပြုရသောသူ ဖြစ်သောကြောင့် စာပေကျမ်းဂန် သင်အံ့ပို့ချခြင်းအလုပ်ကို မစွမ်းနိုင်တော့ပါ ဘုရား၊ ဝိပဿနာတရားကိုသာ ကိုယ်ဘိရင်ဘိ ကြိုးစား အားထုတ်နိုင်ပါမည်။ သို့ဖြစ်ပါ၍ တပည့်တော်နှင့် သင့်တော်သော ကမ္မဋ္ဌာန်းကို ချီးမြှင့်တော်မူပါဘုရား”ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသခင်သည် မဟာပါလအား အရဟတ္တဖိုလ် နိဗ္ဗာန်ပေါက် ကမ္မဋ္ဌာန်းတရားကို ဟောကြား ချီးမြှင့်တော်မူ လိုက်လေ၏။

မဟာပါလသည် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပူဇော်ပြီး သော် မိမိနှင့်အတူ တရားအားထုတ်လိုသော ရဟန်းတို့ကို အဖော် ညှိသောအခါ ခြောက်ကျိပ်သောရဟန်းတို့ကိုရရှိလေ၏။ ရဟန်း တော် ခြောက်ကျိပ်တို့နှင့်အတူ ဇေတဝန် ကျောင်းတော်ကြီးမှ ထွက်ခွာ၍ ယူဇနာ ၁၂၀ ခရီးသို့ရောက်သောအခါ ကြီးစွာသော အစွန်အဖျား ရွာကြီးတခုသို့ ရောက်ရှိလေ၏။ ခေတ္တခဏ ရပ်နား ၍ အခြံအရံ ရဟန်းများနှင့်အတူ ရွာတွင်းသို့ ဆွမ်းခံကြွတော်မူ လေ၏။

## ကျောင်းဆောက် လှူဒါန်းခြင်း

ရွာသူရွာသား ဒါယကာ ဒါယိကာမများတို့သည် အကျင့် သိက္ခာနှင့် ပြည့်စုံ၍ ကြည်ညိုဘွယ်ရာ ကြွလာတော်မူကြသော

ရဟန်းတော်တို့ကို ဖူးမြင်ရလျှင် ကြည်ရွှင်သော စေတနာ သဒ္ဓါ ဗလဝ ဝမ်းမြောက်သောစိတ် ရှိကြသဖြင့် ပင့်ဖိတ်ပြီးသော အခါ နေရာထိုင်ခင်း ပြင်ဆင်၍ ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ် လှူဒါန်းကြလေ၏။

"အရှင်မြတ်တို့ ဘုရား....အရှင်မြတ်တို့သည် ဘယ်အရပ်သို့ ကြွတော်မူရန် တပည့်တော်တို့ရွာသို့ ဆိုက်ရောက်လာတော် မူကြ ပါသလဲ ဘုရား...."

အရှင်မြတ်တို့ ဆွမ်း ဘုဉ်းပေးပြီးသောအခါ ဒါယကာ အပေါင်းတို့က မေး၏။

"ဒါယကာတို့....ငါတို့သည် ခရီးသွား ဧည့်သည်အဖြစ် ဒီရွာ သို့ ရောက်လာကြတာ မဟုတ်ဘူး။ တရားနှင့်အညီ ရဟန်းတော် များနှင့် သင့်တော်တဲ့နေရာ ရှာရင်း ဤရွာသို့ ရောက်လာခြင်း ဖြစ်တယ်"

ဤကဲ့သို့ မိန့်ကြားတော်မူသည် ရှိသော်—

အရှင်မြတ်တို့သည် ဤအရပ်၌ ဝါကပ်လိုသော ဆန္ဒ ရှိကြ သဖြင့် ကျောင်းနေရာရှာသော အဖြစ်ကို ပညာရှိတို့က သိရှိကြ သဖြင့်—

"အရှင်မြတ်တို့သည် ဤအရပ်၌ ဝါဆို ဝါကပ်ကြပါမူ တပည့်တော်တို့လဲ အလှူဒါနာပြုလုပ်ရ၍ သရဏဂုံ သီလ ကျင့် သုံးဆောက်တည်ခွင့် ရကြပါမည်ဘုရား၊ အရှင်မြတ်တို့သည် ဤ အရပ်၌ သီတင်းသုံး နေထိုင်ရန် သည်းခံတော် မူကြပါဘုရား" ဟု ပင့်ဖိတ် လျှောက်ထားကြလေ၏။

အရှင်မြတ်တို့သည်လည်း သင့်တော်သောအရပ် ဖြစ်လိမ့်မည် ဟု ထင်မြင်တော်မူသဖြင့် ဤအမျိုးကောင်းသားတို့ကို အမှီပြု၍

ငါတို့သည်ဘဝမှ လွတ်မြောက်ရန် ရဟန်းတရားကို မနားမနေ ကြိုးစားအားထုတ်ကြအံ့’ဟု သည်းခံတော်မူကြလေ၏။

ဒါယကာ အပေါင်းတို့သည် အရှင်မြတ်တို့ သည်းခံသည်ကို သိရှိ၍ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် သင့်တော်သော နေရာဝယ် ခုတ်ထွင်သုတ်သင်ရှင်းလင်း၍ကျောင်းသင်္ခမ်းဆောက်လုပ် လှူဒါန်းကြလေ၏။

## စက္ခုပါလ မထေရ် တရား အားထုတ်ခြင်း

အရှင်မြတ် အပေါင်းတို့သည် နေ့စဉ်အမြဲ ရွာထဲသို့ ဆွမ်းခံဝင်လေသော် ထိုရွာရှိ ဆေးဆရာ တယောက်က အရှင်မြတ်တို့ထံ ချဉ်းကပ်၍–

“အရှင်မြတ်တို့ဘုရား....များစွာသောသူတို့၏ နေရာ၌ ရံဖန်ရံခါ ရောဂါဝေဒနာ ကပ်ရောက်တတ်ပါသည်။ ထိုသို့ ရောဂါဝေဒနာ ကပ်ရောက်သောအခါမှ တပည့်တော်အား အကြောင်းကြားတော်မူကြပါဘုရား၊ တပည့်တော် ဆေးဝါးကုသပေးပါမည် ဘုရား”ဟု ဖိတ်မံလျှောက်ထားလေ၏။

တရားအားထုတ်ရန် ကြွလာကြသော မထေရ်အပေါင်းတို့သည် ဝါကပ်အံ့သော နေရာသို့ ရောက်သောအခါ မဟာပါလ မထေရ်မြတ်က–

“ငါ့ရှင်တို့....ငါတို့သည် ဝါတွင်းသုံးလ ပတ်လုံး အဘယ်မျှသော ဣရိယာပုထ်တို့ဖြင့် ကုန်လွန်ကြစေပါမည်နည်း”ဟု မေးလေ၏။

ရဟန်း အပေါင်းတို့ကလည်း—

“အရှင်ဘုရား....တပည့်တော်တို့သည် ဣရိယာပုထ် လေးပါး လုံးဖြင့် မျှတအောင် ကျင့်သုံး ကုန်လွန်ကြစေပါမည်ဘုရား”ဟု လျှောက်ထားလေ၏။

“ငါ့ရှင်တို့.... သည်လိုနေလို့ ဘယ်သင့်တော်ပါမလဲ၊ မမေ့ မလျော့သော သတိတရားဖြင့် ကျင့်ကြံ အားထုတ်သင့်သည် မဟုတ်ပါလား။ ငါတို့သည် သက်တော်ထင်ရှား မြတ်စွာဘုရား ထံမှ တရားအားထုတ်ရန် ကမ္မဋ္ဌာန်း တရားများ လေ့လာ သင် ကြားလာခဲ့ကြသည်မဟုတ်လား၊ မြတ်စွာဘုရားတို့မည်သည်မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန် နေသူကို နှစ်ခြိုက်တော်မူမည် မဟုတ်တန်ရာ၊ မမေ့မလျော့သော သတိတရားဖြင့် ကျင့်ကြံ နေထိုင်သူကိုသာ နှစ်ခြိုက်တော်မူတန်ရာသည်။ ငါ့ရှင်တို့.... မေ့လျော့သောသူသည် အပါယ်လေးရွာသည် မိမိတို့နေရာ အိမ်ဂေဟာနှင့်တူ၏။ သို့အတွက် ငါ့ရှင်တို့သည် မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြနှင့်၊ အချိန် မကုန်ကြပါ စေနှင့်”ဟု တိုက်တွန်းတော်မူလေ၏။

ရဟန်း အပေါင်းတို့ကလည်း—

“အရှင်ဘုရားသည် ဝါတွင်း သုံးလပတ်လုံး အဘယ်မျှသော ဣရိယာပုထ်ဖြင့် ကုန်လွန်စေပါမည်နည်းဘုရား”ဟုမေးလျှောက် ကြလေ၏။

“ငါ့ရှင်တို့....ငါသည်ကားဆိုလျှင် ကျောက်ကုန်းကို ဆန့်၍ အိပ်ခြင်းဟု ဆိုအပ်သော ဣရိယာပုထ်ကို ပယ်ဖျက်၍ ကျန် ဣရိ ယာပုထ် သုံးပါးဖြင့် ကာလကို ကုန်လွန်စေပါမည်”ဟု မိန့်ကြား တော်မူ၏။

ရဟန်း အပေါင်းတို့က–

"ကောင်းလှပါသည် ဘုရား...အပ္ပမာဒ တရားဖြင့် မမေ့မလျော့ ကျင့်ကြံ အားထုတ်ကြပါမည်ဘုရား"ဟု အချင်းချင်း တိုက်တွန်း နှိုးဆော်ကြ၏။ မိမိတို့နေရာ ကျောင်းအသီးသီး ပြန်ကြွတော်မူကြလေသည်။

## မျက်စိစေတနာ ဆင်းရဲစွာဖြင့်

မဟာပါလ မထေရ်မြတ်သည် ညအခါကာလတွင် ဝိုက်မျဉ်းအိပ်ပျော်ခြင်းတို့ မရောက်မေဘဲ တရားကိုသာ ကြိုးစား အားထုတ်တော် မူလေ၏။ သန်ကောင်ယံသို့ ရောက်သောအခါ အပေါက်ရှိသော ရေအိုးမှ ရေပေါက်တွေ ကျသလို မျက်ရည်အပေါက်ပေါက် ကျရောက်ယိုစီးသဖြင့် ကြီးစွာသော မျက်စိစေဒနာကြီး ဖိစီးနှိပ်စက်လေ၏။ မဟာပါလ မထေရ်သည် လုံ့လ ဝီရိယ မလျှော့ဘဲ ညဉ့်သုံးယံလုံး ရဟန်းတရားကိုသာ ကြိုးစား အားထုတ်လျက် အရုဏ်တက်ချိန် ရောက်မှသာ မိမိနေရာ ကျောင်းခန်း အတွင်းသို့ ဝင်၍ နေတော်မူလေ၏။

ရဟန်း အပေါင်းတို့သည် ဆွမ်းခံချိန် ရောက်သောအခါ မထေရ်မြတ်ထံသွား၍–

"အရှင်ဘုရား....ဆွမ်းခံချိန် တန်ပါပြီ ဘုရား"ဟု လျှောက်ကြားကြလေ၏။

"ငါ့ရှင်တို့....သပိတ် သင်္ကန်းကိုယူကြကုန်လော့"ဟု မိန့်တော်မူ၍ မိမိကိုယ်တိုင်လည်း သပိတ်သင်္ကန်းကို ယူ၍ ဆွမ်းခံ ထွက်လေ၏။

ရဟန်းတို့သည် မဒေထရ်၏ မျက်စိမှ မျက်ရည်ပေါက် အသွယ်သွယ် ကျ၍နေသည်ကို မြင်ကြသဖြင့်–

"အရှင်ဘုရား....အရှင်ဘုရား၏ မျက်စိ ဘယ်လိုဖြစ်ပါသလဲ ဘုရား"

"ငါ့ရှင်တို့....ငါ့မျက်စိသည် လေရောဂါ ပြင်းစွာ ထိုးကျင့်နှိပ်စက်နေသည်"

"အရှင်ဘုရား....တပည့်တော်တို့ကို ရှေးအခါက ဆေးဆရာတယောက် လာရောက် ပင့်ဖိတ်ထားသည် မဟုတ်ပါလားဘုရား၊ ထိုဆေးဆရာအား သွားရောက် အကြောင်းကြားပါမည်ဘုရား"

"ငါ့ရှင်တို့....ကောင်းသားဘဲ"

ရဟန်းတို့သည် ဆေးဆရာအား သွားရောက် အကြောင်းကြားကြလေ၏။ ဆေးဆရာသည် မျက်စဉ်းဆီကို ချက်၍ပို့စေ၏။ မဟာပါလ မထေရ်လည်း မျက်စဉ်းဆီကို မျက်စဉ်းခတ်တံဖြင့် ထိုင်၍ ခတ်ပြီးလျှင် ဆွမ်းခံချိန် ရောက်သောအခါ ရွာတွင်းသို့ ဆွမ်းခံ ကြွတော်မူလေ၏။

## ဆေးဆရာ လျှောက်ထားပုံ

ဆေးဆရာသည် မထေရ်ကို မြင်သောအခါ–

"အရှင်ဘုရား....မျက်စိရောဂါ ကျရောက်နေတယ် မဟုတ်သလား ဘုရား"

"ဟုတ်တယ် ဒါယကာ....မျက်စိရောဂါ ကျရောက်နေတယ်"

"အရှင်ဘုရား....တပည့်တော် ပို့လှူလိုက်သော မျက်စဉ်းဆီကို မျက်စဉ်းခတ်တံဖြင့် ခတ်ခတ် ခတ်မပေးဘူးလား ဘုရား"

"ခတ်ပေးတယ် ဒါယကာ"

"ဒါဖြင့် ဝေဒနာ အခြေအနေ ဘယ်လိုနေပါသလဲဘုရား"

"ဒါယကာ....ဘာမှ မထူးခြားလှဘူး၊ ရှေးကလိုဘဲနာကျင်မြဲ နာကျင်နေတယ်"ဟု မိန့်တော်မူ၏။

ထိုအခါ ဆေးဆရာက စဉ်းစားသည်မှာ 'ငါ့ရဲ့ မျက်စဉ်းဆိုဟာ တကြိမ်ခတ်ရုံနဲ့ အရှင်းပျောက်ကင်းနိုင်တဲ့ မျက်စဉ်းကို ပို့စေပါလျက် ဘာကြောင့် မပျောက်ဘဲ ရှိရသလဲ'ဟု စဉ်းစားပြီး-

"အရှင်ဘုရား....မျက်စဉ်း ခတ်သောအခါ ထိုင်၍ ခတ်ပါသလား၊ အိပ်၍ ခတ်ပါသလား ဘုရား"

မထေရ်သည် ဘာမျှမပြောဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်ပင်နေလေ၏။

ဆေးဆရာလည်း အထပ်ထပ်အခါခါ မေးမြန်းလျှောက်ထားပါသော်လည်း ဘာမျှစကားမပြန်သဖြင့် ငါကျောင်းသွားကြည့်မည်ဟု ကြံစည်စိတ်ကူးပြီး "အရှင်ဘုရား ကြွတော်မူပါဘုရား" ဟု လျှောက်ထားပြီးလျှင် ကျောင်းတိုက်ကို ကိုယ်တိုင် သွား၍ ကြည့်လေ၏။

ကျောင်းတွင် မထေရ်၏ကြွကြွသောနေရာ၊ ထိုင်သောနေရာ တို့ကိုသာ တွေ့မြင်၍ အိပ်ရာကို မတွေ့မြင်သောကြောင့်--

"အရှင်ဘုရား၊ မျက်စဉ်း ခတ်သောအခါ ထိုင်၍ ခတ်ပါသလား၊ အိပ်၍ခတ်ပါသလားဘုရား"ဟု ထပ်မေးလျှောက်ပြန်၏။

မထေရ်သည် ဘာမျှမပြော ဆိတ်ဆိတ်သာ နေသဖြင့် ဆေးဆရာက-

"အရှင်ဘုရား၊ ဒီလိုမလုပ်ပါနှင့်ဘုရား၊ ရဟန်းတရားဆိုတာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့်ဆိုရင် ပို၍ပင် အားထုတ်

နိုင်ပါသည်ဘုရား၊ မျက်စိရောဂါ ပျောက်ကင်းချမ်းသာအောင် အိပ်၍ မျက်စဉ်းခတ်တော်မူပါဘုရား''ဟု အထပ်ထပ်အခါခါ လျှောက်ထားလေလျှင်-

''ဒါယကာ သင်ပြန်ပေတော့၊ ငါတိုင်ပင်၍ အကြောင်းပြန်မည်''ဟု ဆေးဆရာကို ပြန်လွှတ်လိုက်၏။

မထေရ်သည် ထိုရွာ၌ တိုင်ပင်ဆွေးနွေးစရာ ဆွေမျိုးဉာတိ တယောက်မျှမရှိ။ မိမိခန္ဓာကိုယ်နှင့်သာ တိုင်ပင်မေးမြန်းလိုသော ကြောင့်သာ မိန့်တော်မူခြင်း ဖြစ်လေသည်။

## မိမိကိုယ်မိမိ တိုင်ပင်ခြင်း

ဆေးဆရာ ပြန်သွားသောအခါ မဟာပါလ မထေရ်သည် မိမိကိုယ်နှင့်မိမိ တိုင်ပင်လေ၏။

''ငါ့ရှင်ပါလိတ၊ သင်သည် မျက်စိရောဂါ ပျောက်ကင်း ချမ်းသာတာကို ကြည့်မလား၊ ဒါမှမဟုတ် မြတ်စွာဘုရား ဟော ကြားဆုံးမတဲ့ သာသနာကြီးကိုဘဲ ကြည့်မလား-

''ငါ့ရှင်ပါလိတ၊ သင့်အား အစမထင်သော သံသရာဝယ် ကျင်လည်ခဲ့ရသဖြင့် ကန်းလာသောဘဝတွေကား ရေတွက်လို့ပင် ကုန်နိုင်ဘွယ်မရှိပေ။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားအပေါင်းတို့တွင် တဆူသော ဘုရားရှင်ကိုသော်မှ မလုပ် ကျွေးလိုက်ရ မဆည်းကပ်လိုက်ရပေ။ ယခု ဝါတွင်း သုံးလမအိပ် ဘဲ နေမည်ဟု ဆုံးဖြတ်ထားတဲ့ အဓိဋ္ဌာန်ကို မပျက်စေနှင့်၊ ခိုင်မြဲ စွာ ကျင့်သုံးဆောက်တည်ပေတော့--

"ငါရှင်ပါလိတ၊ မျက်စိရောဂါသည် ပြင်းထန်လွန်းသဖြင့် ပေါက်ကွဲ ပျက်စီးသွားချင်လဲ သွားပါစေ၊ သာသနာ့မျက်နှာကိုသာ ကြည့်ရှုထောက်ထားပါလေ၊ မျက်စိကိုညွှာသဖြင့်-ဘုရားသာသနာတော်၌ ဝီရိယကို မလျှော့လေနှင့်"ဟု ယတိပြတ်တိုင်ပင်ဆုံးဖြတ်လိုက်လေ၏။

ဤကဲ့သို့ မိမိကိုယ်မိမိ ဆုံးမ၍ အခိုင်အမာ ဆုံးဖြတ်ပြီးလျှင်ထိုင်၍ မျက်စဉ်းခတ်လေ၏။ နံနက် မိုးသောက်အလင်းရောက်သော် သိတင်းသုံးသော သံဃာတော်တို့နှင့် အတူ ရွာတွင်းသို့ဆွမ်းခံကြွတော် မူလေ၏။

ဆေးဆရာသည် မထေရ်ကြွလာသည်ကို မြင်လျှင်-

"အရှင်ဘုရား မျက်စဉ်းခတ်ပါသေးသလား ဘုရား"

"ခတ်တယ် ဒါယကာ"

"အရှင်ဘုရား သယ်လိုနေပါသေးသလဲဘုရား"

"ဒါယကာ ရှေးက အတိုင်း နာကျင်မြဲ နာကျင်တယ်" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ မျက်စဉ်းခတ်တဲ့ အခါ ထိုင်၍ဘဲ ခတ်ပါသလား၊ အိပ်၍ဘဲ ခတ်ပါသလားဘုရား"

မထေရ်သည် ဘာမျှပြန်မပြော၊ ဆိတ်ဆိတ်ပင် နေတော်မူ၏။

ဆေးဆရာသည် အထပ်ထပ်အခါခါ မေးမြန်းလျှောက်ထားပါသော်လည်း ဘာမျှပြန်ကြားပြောဆိုခြင်း မပြုသဖြင့် ထိုအခါ ဆေးဆရာက-

"အရှင်ဘုရားတို့၊ တပည့်တော်သည် သင့်တော်သော ဆေးကိစ္စကို ညွှန်ပြ ပြောဆိုပါသော်လဲ လိုက်နာ ဆောင်ရွက်ခြင်း မရှိသည့်အတွက် ဒီနေ့မှစ၍ တပည့်တော် ဆေးကုတယ်လို့မပြောပါနှင့်ဘုရား၊ တပည့်တော်ကလဲ အရှင်ဘုရား ဆေးကုဘယ်လို့ မပြောတော့ပါဘုရား" ဟု စွန့်ခွာ၍ သွားလေ၏။

မထေရ်လည်း ဆေးဆရာ စွန့်လွှတ် လိုက်သောကြောင့် ကျောင်းသို့ပြန်ကြွပြီး အခန်းထဲဝင်၍ မိမိကိုယ်မိမိ ဆုံးမလိုသောကြောင့်-

"ငါ့ရှင်ပါလိတ၊ မျက်စိကုတဲ့ ဆေးဆရာလဲ သင့်ကိုစွန့်လွှတ်၍ သွားလေပြီ။ ပဋိသန္ဓေနေရတဲ့ သတ္တဝါတိုင်းဟာ တနေ့သေရမှာ အမှန်ဘဲ။ ဘယ်သူမှ မလွတ်နိုင်ဘူး၊ ဒီလိုသေမှာ အသေအချာသိ၍ သင်ဟာ မြတ်စွာဘုရားထံမှာ ရဟန်းပြုလာတာ မဟုတ်လား-

"ငါ့ရှင်ပါလိတ၊ ဘယ်လိုနည်းနှင့်မှ ဒီမကောင်းတဲ့ ခန္ဓာကိုယ်ကြီးရဲ့ အလိုကိုလိုက်ဘို့ မတော်ဘူး။ မြတ်စွာဘုရား တရားတော်ကို မေ့မေ့လျော့လျော့နေလို့ မသင့်ဘူး" ဟု မိမိကိုယ်မိမိ ဆုံးမ၍ တရားအလုပ်ကိုသာ ကြိုးစားအားထုတ်တော် မူလေ၏။ ထိုသို့ အပြင်းအထန်ကြိုးစားအားထုတ်တော်မူသောအခါ မိုးသောက်ယံအရောက်တွင် မထေရ်၏စက္ခုနှစ်ကွင်းနှင့်ကိုယ်တွင်းရှိ ကိလေသာတို့သည် မရှေးမနှောင်း တပြိုင်နက်လိုပင် ကွဲပျက်ခြင်းသို့ ရောက်သဖြင့် ရဟန္တာအဖြစ်ပြစ်တော်မူ၍ ဝမ်းမြောက်ဝမ်းသာ အခန်းတွင်း ဝင်၍ သီတင်းသုံးရှာတော် မူလေသည်။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာ

သိတင်းသုံးဖော် သံဃာတော်အရှင်မြတ်တို့သည် နံနက်ချိန်ရောက်သဖြင့် ဆွမ်းခံချိန် တန်သောအခါ မထေရ်၏အထံ လာရောက်၍--

"အရှင်ဘုရား ဆွမ်းခံကြွရန် အချိန်တန်ပါပြီဘုရား"

မဟာပါလမထေရ်ကလည်း–

"ငါ့ရှင်တို့ ဆွမ်းခံသွားဘို့ အချိန်တန်ပြီလော"

"အချိန်တန်ပါပြီ ဘုရား"

"ဒါဖြင့် ငါ့ရှင်တို့၊ သင်တို့သာ ဆွမ်းခံသွားကြပေတော့"

"အရှင်ဘုရားကော ဘာဖြစ်လို့ပါလဲ ဘုရား"

"ငါ့ရှင်တို့၊ ငါ၏ မျက်စိနှစ်ဖက် ကွဲပျက်၍ သွားချေပြီ"ဟု မိန့်တော်မူသောအခါ ရဟန်းအပေါင်းတို့သည် လာရောက်ကြ၍ မထေရ်၏ မျက်စိကို ဝိုင်းဝန်းကြည့်ရှုပြီးလျှင် သနားကရုဏာ ကြင်နာခြင်း ရှိလှသဖြင့် မျက်ရည်ပြည့်သော မျက်နှာတို့ဖြင့် ပြင်းစွာ သောကဖြစ်ကြသဖြင့်–

"အရှင်ဘုရား၊ ဘာမျှ ပူပင်ကြောင့်ကြ မဖြစ်ပါနှင့် ဘုရား၊ အစစအရာရာ တပည့်တော်တို့ တာဝန်ယူပါမည်ဘုရား"ဟု ပြောဆိုလျောက်ထားပြီးလျှင် လုပ်သင့်လုပ်ထိုက်သော ကိစ္စအဝဝ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို စိတ်စေတနာ ထက်သန်စွာဖြင့် ပြုလုပ်ဆောင်ရွက်ကြ၍ အားပေးစကား ပြောကြားပြီးလျှင် ဆွမ်းခံကြွတော်မူကြလေ၏။

## ရွာသားများ စေတနာ

ရွာသူရွာသား အပေါင်းတို့သည် မထေရ်မြတ်ကို မတွေ့မြင်ရသောကြောင့် ....

"အရှင်ဘုရားတို့၊ တပည့်တော်တို့၏ ဆရာ မဟာပါလိတ မထေရ်အား မတွေ့မြင်ရပါလား ဘုရား၊ ဘယ်လိုများ ဖြစ်လို့လဲ၊ နေမကောင်း ထိုင်မသာ ဖြစ်လို့ပါလားဘုရား"

ရဟန်းအပေါင်းတို့က အကြောင်းစုံကို ပြန်ကြားတော်မူကြကုန်၏။ ရဟန်းတော်တို့စကားကို ကြားသိရသောအခါ ဒါယကာတို့သည် ယာဂု ခဲဘွယ်စသည်တို့ကို မထေရ်မြတ်ထံ ပို့စေ၍ မိမိတို့ကိုယ်တိုင်လည်း ဆွမ်းဘောဇဉ်တို့ကို ယူငင်ပြီး ကျောင်းတော်သို့ သွားရောက်ကာ မထေရ်အား ရှိခိုးပြီး သနားကြင်နာလှသဖြင့် ငိုယိုကြပြီးလျှင် မထေရ်အား အားပေးစကား လျှောက်ထားကြလေကုန်၏။

"အရှင်မြတ်ဘုရား၊ အနည်းငယ်မျှ စိုးရိမ်ကြောင့်ကြတော်မမူပါနှင့် ဘုရား၊ အစစအရာရာ တပည့်တကာ တာဝန်ယူပါသည်ဘုရား"ဟု ပြောဆိုလျှောက်ထား၍ ပြန်သွားကြလေ၏။ ထိုနေ့မှစ၍ ရွာသူရွာသားအပေါင်းတို့သည် ယာဂု ခဲဘွယ် ဆွမ်းဘောဇဉ်စသည်တို့ကို ဂရုတစိုက် ပြုလုပ်၍ မထေရ်မြတ်ထံ နေ့စဉ်မပြတ် ပို့ကြလေ၏။

မထေရ်မြတ်လည်း ဝါတွင်းသုံးလပတ်လုံးမိမိနှင့်အတူသီတင်းသုံးနေထိုင်ကြသော ခြောက်ကျိပ်သော အရှင်မြတ်တို့ကို အစဉ်မပြတ် ဆုံးမဩဝါဒပေးတော်မူ၏။ သံဃာတော် အရှင်မြတ်တို့

လည်း အစဉ်မပြတ် ဆုံးမသောသြဝါဒကိုမှတ်သားနာယူ၍ ကြိုး စားပမ်းစားတရားအားထုတ်ကြသဖြင့်သီတင်းကျွတ်လပြည့်ပဝါ ရဏာနေ့ ရောက်လုနီးတွင် အလုံးစုံသော သံဃာတော်အပေါင်း တို့သည် အာသဝေါကင်းစင်၍ လေးအင်သော ပဋိသမ္ဘိဒါတို့ နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြလေကုန်၏။

## သံဃာတော်များအား မှာကြားခြင်း

သီတင်းဝါလကျွတ်သောအခါ သံဃာတော် အပေါင်းတို့ သည် မြတ်စွာဘုရားသခင်အား ဖူးမြင်လိုသော ဆန္ဒရှိကြသဖြင့် မထေရ်မြတ်အား လျှောက်ထားကြလေ၏။ မထေရ်မြတ်လည်း ရဟန်းသံဃာတော်တို့ လျှောက်ထားသော စကားကို ကြားရ သောအခါ 'ငါသည် အလွန်အားနည်းသူတဦး ဖြစ်ချေ သည်။ လမ်းခရီးကာလ ဘီလူးတွေ သိမ်းဆည်းထားသော တော အုပ်ကြီးရှိသည်။ ငါနှင့်အတူ သွားရချင် အားလုံး ပင်ပန်းကုန် ကြလိမ့်မည်။ ဆွမ်း ခံဘွယ်ဘောဇဉ် ရဘို့ပင် မလွယ်တဲ့ အခြေ အနေမျိုးဖြစ်သည်။ သူတို့ကိုသာ 'အရင်လွှတ်လိုက်မှ တော်မည်' ဟု ကြံစည်စိတ်ကူးမိသဖြင့်....

"ငါ့ရှင်တို့၊ သင်တို့သာ အရင်ကြွနှင့်ပေတော့"

"အရှင်ဘုရားကော ဘုရား"

"ငါ့ရှင်တို့၊ ငါအလွန်အားနည်းနေတယ်။ငါနှင့်အတူ သွား ရင် သင်တို့ ပင်ပန်းဆင်းရဲကြလိမ့်မယ်။ လမ်းခရီးကာလ ဘီလူးတွေ သိမ်းဆည်းထားတဲ့ တောအုပ်ကြီးရှိတယ်။ လမ်းမှာ ဆွမ်းရဘို့ပင်

မလွယ်တဲ့ အခြေအနေမျိုး ဆိုက်ရောက်နိုင်တယ်။ ဒါကြောင့် ငါ့ကို ဘာမျှ မင့်ကြနဲ့။ သင်တို့သာ အရင်ကြွနှင့်ကြပေတော့”ဟု မိန့်တော်မူလိုက်၏။

“ဟိုရောက်တဲ့အခါ သင်တို့ကိုမြင်လျှင် ငါ့ညီသည် အကျိုး အကြောင်း မေးလိမ့်မယ်။ မေးတဲ့အခါ ငါ၏ မျက်စိနှစ်ကွင်း အလင်းမရကြောင်း သိလို့ရှိရင် ငါ့ဆီကို တစုံတယောက် အကြို ထောက်လိမ့်မယ်။ အကြိုရောက်မှသာ အဲဒီလူနဲ့ ငါလာခဲ့မယ်။ သင်တို့သည် ငါ၏စကားဖြင့် မြတ်စွာဘုရားနှင့် ရှစ်ကျိပ်သော မဟာ သာဝကကြီးများကို ရှိခိုးဦးတိုက် ဖူးလိုက်ကြောင်း လျှောက်ထားကြကုန်လော့”ဟု ပြောဆိုမှာကြားပြီး ရဟန်း တော်များကို လွှတ်လိုက်လေ၏။

သံဃာတော်အပေါင်းတို့လည်း....

“တပည့်တော်များတွင် အပြစ်များရှိလျှင် သည်းခံခွင့်လွှတ် တော်မူပါဘုရား”ဟု တောင်းပန်ရှိခိုး၍ ရွာတွင်းသို့ ဝင်ကြလေ ၏။ ရွာသူ ရွာသားအပေါင်းတို့သည် သံဃာတော်တို့ကို မြင် လျှင် ကြည်လင်သော သဒ္ဓါစိတ်က တဖျတ်ဖျတ် လှုံ့ဆော် သဖြင့် ကောင်းမွန်သန့်ရှင်းသော နေရာထိုင်ခင်းများ ပြင်ဆင် ခင်းကျင်း၍ မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ရိုသေစွာ ဆက် ကပ်လှူဒါန်းကြလေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ သံဃာ တော်အပေါင်းတို့ ခရီးထွက်မည့်အသွင် တွေ့မြင်ရခလေ၏။

## ဒါယကာတို့ ဟောင်းပန်ကြသော်လည်း

ဒါယကာတို့က....

"အရှင်မြတ်တို့ဘုရား၊ ဘယ်အရပ် ဘယ်ဒေသသို့ ကြွတော်မူကြမလို့ပါလဲ ဘုရား"

"ဒါယကာတို့၊ ငါတို့သည် မြတ်စွာဘုရားကို ဖူးမျှော်လိုသော ဆန္ဒရှိ၍ မြတ်စွာဘုရား အထံတော်သို့ ကြွချီအံ့"ဟု မိန့်ကြားကြလေသည်။

ဒါယကာတို့လည်း အကြောင်းအမျိုးမျိုးဖြင့် တောင်းပန်တိုးလျှိုးသော်လည်း ကြွလိုသောဆန္ဒ ပြင်းပြလျက် ရှိသည်ကိုသာ တွေ့မြင်ရသဖြင့် လမ်းခရီးသို့ လိုက်ပို့ကြပြီးလျှင် ငိုယိုမြည်တမ်း၍ ပြန်သွားကြလေ၏။

သံဃာတော် အပေါင်းတို့သည်လည်း ခရီးစဉ်အတိုင်း တဖြေးဖြေးကြွချီလာတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိကြလေ၏။ မြတ်စွာဘုရားနှင့် ရှစ်ကျိပ်သော မဟာ သာဝကတို့ကို မထေရ်၏ စကားဖြင့် ရှိသေမြတ်နိုး ရှိခိုးကြပြီးလျှင် နောက်နေ့ မိုးသောက် အလင်းရောက်သောအခါ မဟာပါလမထေရ်၏ ညီဖြစ်သူ စူဠပါလ အိမ်ရှိရာအရပ်သို့ ဆွမ်းခံကြွတော်မူကြလေ၏။

## ညီတော်ဖြစ်အင်

စူဠပါလသူကြွယ်လည်း မထေရ်တို့ကိုမြင်လျှင် မှတ်မိသဖြင့် အိမ်တွင်နေရာထိုင်ခင်း ပြင်ဆင်ခင်းကျင်းစေ၍ ပင့်ဖိတ်ပြီးလျှင် အကျိုးအကြောင်း မေးမြန်းလျှောက်ထားလေ၏။ သံဃာတော်

အရှင်မြတ်တို့ မိန့်ကြားသောစကားကိုကြားရသောအခါ မထေရ်တို့၏ခြေရင်း၌ပင် လူးလိမ့်ငိုကြွေးလေ၏။

"အရှင်မြတ်တို့ဘုရား....တပည့်တော် ဘယ်လိုများ ပြုလုပ်ဆောင်ရွက်ရပါမလဲဘုရား၊ တပည့်တော်အား နှောင်တော်ကဘာတွေများ မိန့်မှာတော် မူလိုက်ပါသေးသလဲ ဘုရား"

"ဒါယကာ.... သင့်ထံမှ တယောက်ယောက် အကြိုလွှတ်ဖို့ အလိုရှိတယ်၊ အဲဒီ အကြိုအယောက် ရောက်မှ ပြန်ကြွလာဖို့ အစီအစဉ်ရှိတယ်"ဟု မိန့်တော်မူကြလေ၏။

"အရှင်ဘုရားတို့....ဤသူငယ်သည်တပည့်တော်၏တူ ပါလိတလို့ခေါ်ပါတယ်ဘုရား....သူ့ကို စေလွှတ်တော်မူကြပါဘုရား"ဟု လျှောက်ထား၏။

သံဃာတော်တို့က-

"ဒါယကာ...ဤသူငယ်ကို ဒီအတိုင်းလွှတ်လို့ မတော်ဘူး၊ လမ်းခရီးအကြားမှာ ဘေးအန္တရာယ်အလွန်များတယ်၊သာမဏေ ဝတ်ပြီးလွှတ်မှ သင့်တော်လိမ့်မယ်ထင်တယ်"

"ကောင်းပါတယ် ဘုရား....အရှင်ဘုရားတို့ သင့်တော်သလို ပြုပြင်ပြီးမှ လွှတ်တော်မူပါဘုရား"

သံဃာတော်အရှင်မြတ်တို့လည်း သူငယ်ကို သာမဏေပြုစေ၍ ၁၅ ရက်ခန့် သင်္ကန်းလျှမ်းယူပုံ နေပုံ ထိုင်ပုံ သွားလာပုံစသည်တို့ကို သင်ကြားပြသပြီးလျှင် နေသားတကျ ဖြစ်သောအခါ သာမဏေကို စေလွှတ်လိုက်ကြလေ၏။

သာမဏေလည်း သံဃာတော်အရှင်မြတ်တို့ ညွှန်ကြားလိုက်သော ခရီးစဉ်အတိုင်းလိုက်လာသောအခါ မထေရ်မြတ်၏ဆွမ်းခံရွာသို့ ရောက်ရှိလာ၏။ ရွာထိပ်တွင်နားနေစဉ် ရွာထဲမှဒါယကာကြီးတယောက် ထွက်လာသည်ကိုမြင်၍ အကျိုးအကြောင်းမေးမြန်း စုံစမ်းလေ၏။ အကြောင်းစုံသိရသောအခါ–

"ဒါယကာ.... တောကျောင်းသွားတဲ့ လမ်းကို ညွှန်ကြားပါ...."

"အရှင်ဘုရား....အရှင်ဘုရားသည် အရှင်မြတ်နှင့် ဘယ်သို့ဘော်စပ်ပါသလဲဘုရား"

"ဒါယကာ....ငါသည် မထေရ်၏ တူအရင်း ဖြစ်တယ်" ဟု ပြောဆို၏။

ထိုအခါ ဒါယကာကြီးလည်း သာမဏေကို ခေါ်ဆောင်၍ တောရကျောင်း မထေရ်ထံ အရောက်ပို့ပေးလေ၏။ လာခဲ့သောအကြောင်းရင်းကို ပြန်ကြားလျှောက်ထား၍ ၁၅ ရက်ခန့် ဝတ်ကြီးဝတ်ငယ် ပြုလုပ်နေလေ၏။

"အရှင်ဘုရား...တပည့်တော်၏ဦးကြီး သူကြွယ်သည် အရှင်ဘုရား ကြွလာခြင်းကို အလွန်ပင် လိုလားတောင့်တ နေပါတယ်ဘုရား....သို့ပါ၍ သာဝတ္ထိပြည်သို့ ကြွတော်မူရန် အခါအခွင့်သင့်ပါပြီဘုရား"ဟု လျှောက်သောအခါ–

"ဒါဖြင့် ကောင်းပြီသာမဏေ.... ငါ့တောင်ဝှေးကိုဆွဲလော့၊ သာမဏေလည်း တောင်ဝှေးကိုဆွဲ၍ မထေရ်နှင့်အတူ ရွာထဲသို့ ဝင်လေ၏။ ရွာသူရွာသားတို့လည်း မထေရ်ကြွလာသည်ကို

မြင်လျှင် နေရာထိုင်ခင်းပြင်ဆင်၍ ဆွမ်းဘောဇဉ်များ ဆက်ကပ် လှူဒါန်းပြီးလျှင်–

“အရှင်ဘုရား.... ဘယ်ကြွမလို့ပါလဲ ဘုရား”

“ဒါယကာတို့၊ ငါသည် မြတ်စွာဘုရားကို ဖူးမျှော်လိုသည်” ဟု မိန့်တော်မူလျှင် ဒါယကာတို့က အမျိုးမျိုးအဖုံဖုံ ဘောင်း ပန် လျှောက်ထားသော်လည်း မရပုံ ပေါ်သဖြင့် လမ်းခရီး ထက်ဝက်မျှ လိုက်၍ပို့ကြပြီး ငိုကြွေး၍ ပြန်ကြလေ၏။

## ထင်းခွေမနှင့် သာမဏေ

မောင်ရင် သာမဏေသည်မထေရ်၏တောင်ဝှေးကို ကိုင်လျက် အရှင်မြတ်ကို ဆောင်ယူ၍ လာခဲ့ရာ မထေရ်တို့ ရှေးလာစဉ်က သီ တင်း သုံးခဲ့ဘူးသော ကဋ္ဌနဂရရွာသို့ ရောက်လေ၏။ သာမဏေ လည်း မထေရ်၏တောင်ဝှေးကို ကိုင်လျက် ထိုရွာမှတဆင့် တက်ခဲ့ ရာ တောအုပ်တခု၌ သီချင်းဆိုလျက် ထင်းခွေနေသော မိန်းမ တယောက်၏ အသံကို ကြားလေလျှင် ထိုအသံ၌ စွဲလမ်းသွား လေ၏။

[မှတ်ချက်။ ။လောကကြီး တခုလုံးမှာ မိန်းမအသံ လောက် ယောကျ်ားတွေ၏ စိတ်နှလုံးကို ဆွဲဆောင်နိုင် သော တခြား ဘာသံမျှမရှိ။ အင်္ဂုတ္တိုရ်။]

သာမဏေသည် ထင်းခွေမ၏ အသံ၌ အပြင်းအထန် စွဲလမ်းနေသဖြင့် မထေရ်၏ တောင်ဝှေးစွန်းကို လွှတ်၍-

"အရှင်ဘုရား....ဒီနေရာမှာ ခေတ္တဆိုင်းတော်မူပါအုံးဘုရား၊ တပည့်တော် ကိစ္စအနည်းငယ် ရှိလို့ပါဘုရား...."ဟု လျှောက်ထား၍ ထင်းခွေမထံ သွားလေ၏။ ထင်းခွေမသည် သာမဏေကို မြင်လျှင် အသံတိတ်၍သွားလေ၏။ သာမဏေလည်း ထင်းခွေမနှင့် အကျင့်သီလ ပျက်စီးသော ဘဝသို့ ရောက်လေ၏။

မထေရ်အရှင်လည်း တွေးကြံဆင်ခြင်တော်မူသည်မှာ 'အခုနဘဲ မိန်းမ တယောက်ရဲ့ သီချင်းသံ ကြားရတယ်၊ အခု အဲဒီသီချင်းသံလဲ ပျောက်သွားပြီ၊ သာမဏေလဲ အလွန်ကြာလှချေပြီ၊ သာမဏေတော့ မာတုဂါမနှင့် သီလပျက်ပြီ ထင်တယ်' ဟု ကြံဆ ဆင်ခြင်တော်မူ၏။

သာမဏေသည် ကိစ္စပြီး၍ ပြန်လာပြီး-

"အရှင်ဘုရား....သွားကြပါစို့ ဘုရား"

"သာမဏေ....သင် ယုတ်မာသော အမှုကို ပြုခဲ့သလော"

မထေရ်၏ အမေးကို ကြားလျှင် သာမဏေသည် ဘာမျှ မပြော။ တိတ်တိတ်ပင်နေ၏။ မထေရ်က ထပ်ခါ ထပ်ခါ မေးပါသော်လည်း ဘာမျှ မပြောသဖြင့် သာမဏေကို မထေရ်က-

"ငါ့ရှင် သာမဏေ....မင်းလို ယုတ်မာတဲ့ အကျင့်ကို ကျင့်တဲ့ သူဟာ ငါ့တောင်ဝှေးကို ကိုင်ဘို့ မလိုတော့ဘူး။ သွားတော့" ဟု မောင်းထုတ်လိုက်လေ၏။

သာမဏေသည် ထိတ်လန့် တုန်လှုပ်ပြီး သင်္ကန်းကို ကဗျာကယာ ချွတ်၍ လူလို ဝတ်လိုက်လေ၏။

"အရှင်ဘုရား၊ တပည့်တော်သည် အရင်က သာမဏေပါ ဘုရား၊ အခု လူထွက်လိုက်ပါပြီဘုရား။ တပည့်တော် အရင်ကလဲ သာသနာကို ကြည်ညိုလို့ သာမဏေဝတ်လာတာ မဟုတ်ပါဘူး ဘုရား။ လမ်းခရီးမှာ ဘေးဆိုးရန်ကာ မလွဲသာ မရှောင်သာလို့ သာမဏေ ဝတ်လာရတာပါဘုရား။ ရှေ့ဆက်၍ သွားကြပါစို့ ဘုရား"ဟု လျှောက်ထား၏။

ထိုအခါ မထေရ်က-

"ငါ့ရှင်သာမဏေ၊ လူဝတ်နဲ့ဘဲ ယုတ်မာတဲ့အကျင့်ကို ကျင့် ကျင့်၊ ရဟန်းဝတ်နဲ့ဘဲ ယုတ်မာတဲ့အကျင့်ကိုကျင့်ကျင့်၊ ယုတ်မာ တဲ့အကျင့်ဟာ၊ ယုတ်မာတဲ့ သင်ဟာ သာမဏေဘဝနဲ့တောင်မှ အကျင့်သီလကို ပြည့်စုံအောင် မကျင့်နိုင်လို့ရှိရင် လူ့ဘဝမှာ ဘယ်လိုလုပ်ပြီး ကျင့်ကြံအားထုတ်နိုင်မှာလဲ သာမဏေ။ မင်းလို မိုက်တဲ့ယုတ်မာတဲ့လူဟာ ငါ့တောင်ဝှေးကိုကိုင်ဘို့ မလိုတော့ဘူး။ သွားပေတော့"

"အရှင်ဘုရား၊ လမ်းခရီးကလဲ ဘီလူးတွေသိမ်းဆည်းထားတဲ့ တောအုပ်ကြီး ရှိပါတယ်၊ အရှင်ဘုရားကလဲ မျက်စိနှစ်ကွင်း အလင်းမရပါဘူးဘုရား။ သို့ပါ၍ ဒီနေရာမှာနေလို့ မသင့်တော် ပါဘူးဘုရား၊ ဘေးအန္တရာယ်ဖြစ်မှာ စိုးရိမ်ရပါတယ်ဘုရား"

"သာမဏေ၊ ငါ့အတွက် ဘာမှစိုးရိမ်မနေနဲ့၊ ငါဒီနေရာက ဘယ်မှမသွားဘူး။ ဒီနေရာမှာဘဲ အသက်သေချင် သေပါစေ၊ သင့်လို မိုက်ကန်းယုတ်မာတဲ့ သာမဏေနဲ့တော့ အတူသွားဘို့ဆန္ဒ ငါ့နဲ့နဲ့မှ မရှိဘူး"ဟု တခါထဲ မောင်းထုတ်လိုက်လေ၏။

သာမဏေ လူထွက် တဝက်တပြက်လည်း အပြင်းအထန် သံဝေဂရ၍ 'ငါသည် ဝန်လေးသောအမှုကို ပြုမိလေပြီတကား၊

ငါသည်မတော်သောအမှုကို ပြုခဲ့မိလေပြီတကား’ဟုလက်နှစ်ဖက်ကို ခေါင်းပေါ်တင်ပြီး တောအုပ်ထဲသို့ ပြေးဝင်သွားလေ၏။

## သိကြားမင်းက ပို့ဆောင်ခြင်း

မထေရ်မြတ်၏ အကျင့်သီလ တန်ခိုးတော်ကြောင့် သိကြားစံရာမြကျောက်ဖျာသည်တင်းမာပူပြင်းသော အခြင်းအရာကိုပြ၍လာလေ၏။ သိကြားမင်းလည်း ‘အလို....ဘယ့်နှယ်များ ဖြစ်ပါလိမ့်၊ ငါ့နေရာလုမယ့် ရန်သူများ ပေါ်ပေါက်နေပြန်ပြီလား’ဟု နတ်မျက်စိဖြင့် ကြည့်ရှုလိုက်သောအခါ တောကြီးအလယ်တွင် အတိဒုက္ခရောက်နေသော အရှင်ပါလိတမထေရ်ကို မြင်ရလေ၏။

သိကြားမင်းသည် ထိုအဖြစ်အပျက်ကို တွေ့မြင်ရ၍ ဆင်ခြင်သည်မှာ‘မြတ်စွာဘုရား သာသနာတော်ဝယ် ယုတ်မာတဲ့ အကျင့်ရှိသော သူတို့ကို အကြီးအကျယ် ကဲ့ရဲ့ရှုတ်ချပြီး တရားမျက်နှာကိုသာ ထောက်ထား၍ တရားကိုသာ အလေးတမြတ် ပြုလုပ်ပေသော မထေရ်မြတ်ထံငါမသွားခဲ့လို့ရှိရင် ငါ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲသွားဘွယ်ရာ အကြောင်းရှိသည်’ဟု ဆင်ခြင်၍ အရှင်မြတ်ထံသက်ဆင်း၍ လာခဲ့လေ၏။

သိကြားမင်းသည် မထေရ်၏ အနီးအပါး၌ ခရီးသွားပမာ ခြေသံပေး၍ နေလေ၏။ ထိုအခါ မထေရ်က-

“ဟဲ့ ငါ့အနားဖြတ်သွားတာ ဘယ်သူတုံး”

“တပည့်တော် ခရီးသွားတဦးပါ ဘုရား”

“ဒါဖြင့် ဒါယကာ၊ သင်ဘယ်အရပ် သွားမလို့လဲ”

"တပည့်တော် သာဝတ္ထိပြည်သွားမလို့ပါ ဘုရား"

"အေး....အေး....သွားပေတော့"ဟု မိန့်တော်မူ၏။

ထိုအခါ သိကြားမင်းက-

"အရှင်ဘုရားကော ဘယ်အရပ် ကြွမလို့ပါလဲဘုရား"

"ဒါယကာ၊ ငါလဲဘဲ သာဝတ္ထိပြည် ကြွမလို့ဘဲ"

"ဒါဖြင့် ဟန်ကြတာပေါ့ ဘုရား၊ တပည့်တော်တို့ အတူတူ သွားကြတာပေါ့ ဘုရား"

"ဒါယကာ၊ ငါက အားနည်းဘယ်၊ ငါနဲ့အတူသွားရင် ခရီး ကြာနေလိမ့်မယ်"

"ကိစ္စမရှိပါဘူးဘုရား၊ တပည့်တော်လဲ မြန်မြန်ဆန်ဆန် ဘာမှလုပ်ရာစရာမရှိပါဘူး။ အေးအေးဆေးဆေး သွားကြတာပေါ့ ဘုရား။ အရှင်ဘုရားနဲ့အတူသွားရလျှင် စကားတပြောပြောတရား ဆွေးနွေးသွားရင်း တပည့်တော် အကျိုးများပါလိမ့်မယ်ဘုရား" ဟု လျှောက်ထားသောအခါ မထေရ်က 'ဒီဒကာဟာ သူတော် ကောင်းတဦး ဖြစ်နေပေလိမ့်မယ်'ဟု ဆင်ခြင်ပြီး-

"ဒါဖြင့် ဒါယကာ ငါ့တောင်ဝှေးကို ကိုင်လော့"

သိကြားမင်းသည် မထေရ်၏တောင်ဝှေးကိုဆွဲပြီး မြေကြော ရှုံ့လိုက်သောအခါ ညနေချမ်းတွင်ပင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ရောက်လေ၏။

မထေရ်သည် ခရုသင်းမှုတ်သံ စည်သံ သည်တို့ကို ကြား သဖြင့်-

"ဘယ်အရပ်က အသံတွေလဲ ဒါယကာ"

"အရှင်ဘုရား၊ သာဝတ္ထိပြည် ရှေ့နန်းတော်ကြီးက အသံတွေ ပါဘုရား"

"ဒါယကာ၊ ရှေး ငါတို့သွားစဉ်အခါက အကြာကြီးသွားရ ဒါတဲ့၊ အခု မြန်လှချည့်လား"

"မှန်လှပါဘုရား၊ တပည့်တော် ခရီးမြောင့်ကို သိပါသည် ဘုရား"ဟု လျှောက်ထားသောအခါ မထေရ်က 'ဤသူကား လူသားအစစ် မဟုတ်နိုင်ရာ၊ နတ်သိကြား ဖြစ်ပေလိမ့်မည်'ဟု မှတ်ထင်တော်မူ၏။

သိကြားမင်းလည်း မထေရ် သီတင်းသုံးရန်အတွက် ညီဖြစ်သော စူဠပါလ သူကြွယ်ဆောက်လုပ်ထားသော သစ်ရွက်မိုး ကြောင်းသို့ ပင့်ဆောင်ပြီး သီတင်းသုံးတော်မူစေ၏။

သိကြားမင်းသည် စူဠပါလ၏ ချစ်လှစွာသော သူငယ်ချင်း တယောက်အသွင် ပြုပြင်ဖန်ဆင်း၍ စူဠပါလထံသွားပြီး-

"အဆွေ စူဠပါလ"

"ဘာကိစ္စလဲ မိတ်ဆွေ"

"မင်းနောင်တော် ကြွလာတာ မသိဘူးလား"

"မသိဘူးမိတ်ဆွေ....အခုကြွလာပြီလား"

"အေး....ငါအခု မင်းကျောင်းမှာ တွေ့ခဲ့တယ်"ဟု ပြောဆို ပြီး သိကြားမင်းပြန်သွားလေ၏။

စူဠပါလသူကြွယ်လည်း ကျောင်းသို့သွား၍ မထေရ်ကိုမြင် လျှင် ခြေရင်း၌ လူးလိမ့်ငိုကြွေးလျက် 'တပည့်တော်ဒီလိုဒုက္ခတွေ ကြုံတင်မြင်လို့ ရဟန်းမပြုပါနဲ့လို့ တားခဲ့တယ် မဟုတ်ပါလား ဘုရား..'ဟု ငိုမြည် တမ်းတလျက် ကျွန်မ၏ သားနှစ်ယောက် တို့ကို ကျွန်ဘာဝမှလွတ်ငြိမ်းခွင့်ပြု၍ မထေရ်ထံ၌သာမဏေပြုစေပြီး လျှင် ရွာတွင်းက ယာဂုဆွမ်း စသည်တို့ကိုယူ၍ မထေရ်အား လုပ်ကြွေးစေရန် အပ်နှံထား၏။ သာမဏေငယ်နှစ်ပါးလည်း

ဝတ်ကြီးဝတ်ငယ်ပြုလျက် မထေရ်ကို ကောင်းမွန်စွာလုပ်ကျွေးကြလေ၏။

## ရဟန်းများ ကဲ့ရဲ့ရှုတ်ချခြင်း

ထိုသို့ သီတင်းသုံးနေတော်မူသောအခါ တနေ့သ၌အရပ်မျက်နှာတို့၌ နေလေ့ရှိသော ရဟန်းတို့သည် မြတ်စွာဘုရားကိုဖူးမျှော်ရန် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာကြလေ၏။ မြတ်စွာဘုရားကို ရှိသေညွှတ်ကျိုး ရှိခိုးပူဇော်ပြီးနောက် ရှစ်ကျိပ်သော မဟာသာဝကကြီးများကို ရှိခိုးရန် ကျောင်းစဉ် လှည့်လည်ကြလေ၏။

စက္ခုပါလမထေရ် သီတင်းသုံးရာ ကျောင်းသို့ ရောက်လုနီးတွင် 'ဤမထေရ်ကိုလည်း ဖူးမျှော်ကြကုန်အံ့'ဟု ရှေးရှုလာကြကုန်၏။ ထိုအချိန်တွင်မိုးကြီးသည်းထံစွာရွာသဖြင့် ရဟန်းတို့သည် 'အခုဆိုရင် မိုးလဲချုပ်ပြီ၊ မိုးကလဲ အကြီးအကျယ်ရွာနေသည်၊ နောက်နေ့မှ စောစောလာ၍ ဖူးမျှော်တော့အံ့'ဟု မိမိတို့တဲခိုရာကျောင်းသို့ ပြန်သွားကြလေ၏။ မိုးသည်လည်း ပထမယာမ်တခုလုံး တအုံးအုံး ရွာသွန်းနေသည်။ သန်းကောင်ယာမ်အချိန်လောက်ရောက်မှ မိုးပျောက်သွားသည်။ စက္ခုပါလမထေရ်လည်း ဝီရိယပြင်းထန်သည့်အလျောက် အပြင်းအထန် စင်္ကြံလျှောက်လေ့ရှိ၏။ မိုးသောက်ယာမ်၌စင်္ကြံသို့တက်၍ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်တော်မူ၏။

ထိုအချိန်ခါတွင် မိုးရွာပြီးစဖြစ်၍ များစွာသောပိုးဖလံတို့ မြေကြီးထဲကထွက်၍ လာကြကုန်၏။ ထိုပိုးဖလံတို့သည် မထေရ်၏စင်္ကြံ

လမ်း၌နင်းမိသဖြင့် များသောအားဖြင့်သေကျေပျက်စီးကြလေ၏။ မထေရ်၏စင်္ကြံကြွလာရာလမ်းကို စောစောစီးစီးတံမြက်စည်းမလှည်းမိကုန်။ မနေ့ညက ပြန်ကြွသွားကြသော ရဟန်းတို့သည် မထေရ် သီတင်းသုံးရာ နေရာကြည့်ရှုရန်လာကြ၍ စင်္ကြံလမ်း၌ သေကျေပျက်စီးနေသော ပိုးဖလံတို့ကို တွေ့မြင်လေလျှင်—

"ဒီနေရာ ဘယ်ကိုယ်တော်စင်္ကြံသွားသနည်း" ဟုမေးမြန်း၏။

မထေရ်၏ တပည့်များက—

"အရှင်ဘုရား....၊တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာ စင်္ကြံသွားပါသည်ဘုရား...."ဟု လျှောက်ထားကြလေ၏။

ထိုအကြောင်းကို ကြားသိရသောအခါ သံဃာတော်တို့က--

"ငါ့ရှင်တို့၊ ကြည့်ကြစမ်းပါ၊ဒီရဟန်းကြီးဟာမျက်စိကောင်းစဉ်အခါတုန်းကခေါင်းမြီးခြုံအိပ်နေပြီး ဘာတရားမှ အားမထုတ်ခဲ့ဘဲ အခုလိုမျက်စိကွယ်တော့ အခါကျမှ စင်္ကြံသွား၍ များစွာသောသတ္တဝါတို့ကို သတ်လေပြီတကား....မိမိ၏ အကျိုးစီးပွားကို ပြုလုပ်သော်လဲ အကျိုးစီးပွားမဲ့ကိုသာ ပြုလုပ်မိလေသည်" ဟု ကဲ့ရဲ့ရှုတ်ချကြလေ၏။ ထို့နောက် ရဟန်းတို့သည်လည်း မြတ်စွာဘုရားထံသွား၍--

"ဘုန်းတော် ကြီးမြတ်တော်မူလှသော ရှင်တော်မြတ်ဘုရား၊ စက္ခုပါလဆိုတဲ့မထေရ်ဟာ စင်္ကြံသွား၍ များစွာသောသတ္တဝါတို့ကို သတ်ပစ်နေပါသည်ဘုရား"ဟု လျှောက်ထားလေကုန်၏။

## မြတ်စွာဘုရားက မေးတော်မူခြင်း

"ချစ်သားတို့၊စက္ခုပါလမထေရ်ဟာသတ္တဝါတွေကိုသတ်နေတာ သင်တို့ကိုယ်တိုင် မျက်စိနဲ့မြင်ခဲ့သလား...."

"အရှင်ဘုရား၊တပည့်တော်တို့ ကိုယ်တိုင်မျက်စိနဲ့တော့မမြင်ခဲ့ပါဘုရား"

"ချစ်သားရဟန်းတို့၊ စက္ခုပါလမထေရ်ဟာ သတ္တဝါတွေကို သတ်နေတာသင်တို့မမြင်သလို စက္ခုပါလမထေရ်ဟာလဲ သတ္တဝါတွေကို မမြင်ဘူး၊ ကိလေသာ အာသဝေါကင်းကွာတဲ့ ရဟန္တာပုဂ္ဂိုလ်တွေမှာ သေစေလိုသော စေတနာ မရှိဘူး"ဟု ဗုဒ္ဓက မိန့်ကြားတော်မူ၏။

ရဟန်းတို့က-

"ဘုန်းတော် ကြီးမြတ်တော်မူလှသော ရှင်တော်မြတ်ဘုရား၊ စက္ခုပါလမထေရ်သည်ရဟန္တာဖြစ်နိုင်သောကုသိုလ်ကံပါရမီပြည့်စုံပါလျက်ဘယ်အတွက် မျက်စိကွယ်ရပါသလဲဘုရား...."

"ချစ်သားရဟန်းတို့၊မိမိပြုခဲ့ဘူးသောမကောင်းမှု အကုသိုလ်ကံရဲ့အစွမ်းကြောင့် မျက်စိကွယ်ရခြင်းဖြစ်ပေတယ်...."ဟုဗုဒ္ဓဖြေကြားတော်မူ၏။ ထိုအခါ ရဟန်းတို့က—

"အရှင်ဘုရား၊စက္ခုပါလမထေရ်ပြုလုပ်ခဲ့ဘူးသော မကောင်းမှု အကုသိုလ်ကံကား ဘာတွေများ ပါလဲဘုရား—"

"ချစ်သားတို့၊ စက္ခုပါလမထေရ်ဟာ အတိတ်ကပြုလုပ်ခဲ့တဲ့ကံအကြောင်းကို ပြန်းပြောင်းဟောကြားမယ်၊ ကောင်းစွာနာကြား မှတ်သားကြပေလော့"

## စက္ခုပါလမထေရ် အတိတ်အကြောင်း

"ချစ်သားရဟန်းတို့၊ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီးကို ဗြဟ္မဒတ်မင်းကြီး စိုးမိုးအုပ်ချုပ်မင်းလုပ်တော်မူ

သည်။ ထိုအချိန်တွင် တောလက်ကျေးရွာမြို့နိဂုံးတွေကို လှည့်လည်ပြီး ဆေးဝါးကုသသော ဆေးဆရာတယောက် ရှိသည်။ ထိုဆေးဆရာသည် မျက်စိရောဂါ အပြင်းအထန်ဖြစ်သော မိန်းမတယောက်ကိုတွေ့၍-

"သင်၏ မျက်စိရောဂါ ပျောက်ကင်း ချမ်းသာအောင် ကုပေးမယ်၊ ငါ့ကို ဆေးဘိုးဝါးခ ဘယ်လောက်ပေးမလဲ"

"ကျမမျက်စိရောဂါသာ ပျောက်မယ်ဆိုရင် သား သမီးနှင့်တကွ ကျမကိုယ်တိုင် ကျွန်ခံပါမယ်"

"အေး ဒါဖြင့်ကောင်းပြီ၊ ငါကုမယ်" ဟုဆိုကာ အစွမ်းထက်မြက်သော ဆေးကို ဖော်စပ်၍ ပေးလိုက်လေ၏။ ထိုမိန်းမသည် တကြိမ်ခတ်ရုံမျှနှင့်ပင် မျက်စိသည် ပကတိအတိုင်း မြင်၍သွားလေ၏။

ထိုမိန်းမလည်း 'ငါ့မျက်စိရောဂါ ပျောက်ကင်းချမ်းသာလျှင် သား သမီးနှင့်တကွ ကျွန်ခံပါမယ်ဟု ငါ မစဉ်းမစား ဝန်ခံကတိပေးထားမိသည်။ ကတိအတိုင်း ကျွန်ခံရမယ်ဆိုရင် တသက်လုံး သားသမီးပါ လူညွန့်တုံးတော့မယ်။ ကျွန်ဘဝနှင့် ဇာတ်သိမ်းရတော့မယ်။ ဒီလိုဆိုရင် မဖြစ်ချေဘူး။ လိမ်မှ ဖြစ်တော့မယ်'ဟု ကြံပြီးနေစဉ် ဆေးဆရာ အိမ်ပေါက်သို့ အသင့်ရောက်၍ လာလေသည်။

"ငါ့နှမ....သင့်ရောဂါ ဘယ့်နှယ် နေသေးသလဲ"

"ဆရာ....အရင်တုန်းကဆိုရင် နဲနဲလောက်ဘဲ ကိုက်ပါတယ်ဆရာ၊ ဆရာ့ဆေးခတ်မှ ပိုဆိုးလာတယ်"

ဆေးဆရာလည်း 'ဒီမိန်းမတော့ အခြေအနေ မလှဘူး၊ ငါ့ကို ဆေးဘိုးဝါးခ ပေးရမှာကြောက်လို့ လှည့်ပတ်နေပေပြီ၊ ဒီပေးတဲ့

ဆေးဘိုးဝါးခ ငါဘာလုပ်ဖို့လဲ၊ ဒီလောက်တောင် ဆိုးလှတဲ့ မိန်းမ၊ ဒင်း မျက်စိကန်းအောင် ငါ့အကြောင်း ပြလိုက်မယ်'ဟု ကြံပြီး အိမ်ပြန်၍ မယားနှင့် တိုင်ပင်လေ၏။

မယားက ဘာမှ ပြန်မပြောဘဲ အသာလေး ငြိမ်နေသော အခါ ဆေးဆရာသည် အကန်းဆေး ဖော်စပ်ကာ ထိုမိန်းမထံ သွား၍-

"နှမ....ဟောဒီဆေးကို ကွင်းလိုက်၊ ချက်ခြင်း သက်သာသွားလိမ့်မယ်"ဟုဆိုကာ ဆေးကို ကွင်းစေ၏။

ဆေးကို ကွင်းလိုက်ရုံနှင့် မျက်စိနှစ်ဖက်မှ မီးလျှံတွေ ထွက်သလို ကွဲပျက်သွားလေ၏။

"ချစ်သားတို့....အဲဒီတုန်းက ဆေးဆရာဟာ အခု စက္ခုပါလ မထေရ် ဖြစ်လာတယ်။ ငါ့သားတော်ကြီး စက္ခုပါလဟာ အဲဒီ အချိန်အခါတုန်းက ပြုလုပ်ခဲ့ဘူးတဲ့ မကောင်းမှုကံကြောင့် မျက်စိ ကန်းရခြင်း ဖြစ်ပေတယ်"ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

## ရဟန်း သုံးသောင်း ရဟန္တာ ဖြစ်ခြင်း

"ချစ်သား ရဟန်းတို့....၊မကောင်းမှု အကုသိုလ်ကံ ဆိုတာ ဝန်ရှန်းတဲ့ နွား၏ နင်းတိုင်း နင်းတိုင်းသော ခြေရာကို နောက် လှည်းဘီးစက်က ထက်ကြပ်မကွာ နင်းကာလိုက်သလို ပြုလုပ် သူ၏ နောက် အစဉ်မပြတ်ထက်ကြပ်မကွာလိုက်သည်သာဘည်း" ဟု မနောပုဗ္ဗင်္ဂမာ အစဖြာသော တရားဒေသနာ အဆုံး၌ သုံးသောင်းသော ရဟန်းတို့သည် ပဋိသမ္ဘိဒါပတ္တရဟန်းတို့ချည်း ဖြစ်တော်မူကြ ကုန်သတည်း။

# မင္ဂကုဏ္ဍလိဝတ္ထု ။

မနောပူရဏီမှာ အစဖြာသော ဤဒုတိယ ဂါထာကို မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အချိန်က မင္ဂကုဏ္ဍလိ သတို့သားကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့သည်။

## ဇာတ်လမ်းအစ ဖြစ်ပုံ

သာဝတ္ထိပြည်ကြီး၌ ပစ္စည်းဥစ္စာများစွာကြွယ်ဝချမ်းသာသော 'အဒိန္နပုဗ္ဗက' အမည်ရှိ ပုဏ္ဏားကြီးတဦး ရှိလေသည်။ ထိုပုဏ္ဏားကြီးသည် မည်သူတဦးတယောက်ကိုမျှ တပြားတချပ်မှ ပေးကမ်းလှူဒါန်းခြင်း မရှိသောကြောင့် 'အဒိန္နပုဗ္ဗက' ဟူသော အမည်ကိုသာ လူတိုင်း မှတ်မိသိရှိကြလေသည်။

ထိုပုဏ္ဏားကြီးအားရိုးတွင်းချင်ဆီအထိစွဲနှစ်အောင်ချစ်မြတ်နိုးအပ်သော သားတယောက်ရှိလေသည်။ သားငယ်ကို ဝတ်ဆင်ရန်အတွက် တန်ဆာတခု ပြုလုပ်လိုသည်ဖြစ်၍ 'အကယ်၍ ငါသည် ပန်းထိမ်ဆရာတို့ထံ အပ်နှံပြုလုပ်ပါက အဘိုးလက်ခ ပေးရပေလိမ့်မည်။ ဒီလိုဆိုရင် ငါ့ပစ္စည်းတွေ အများကြီး ကုန်ကျသွားလိမ့်မည်။ ဒီလိုတော့ အကုန် မခံနိုင်၊ ငါကိုယ်တိုင် ရွှေကိုစပ်ပြီး လှပပြေပြစ်သော နားဒေါင်းတခု ပြုလုပ်ပေးမည်'ဟု ကြံရွယ်ကာ မိမိကိုယ်တိုင် ပြုလုပ်ပေးသောကြောင့် ထိုသူငယ်အား 'မဋ္ဌကုဏ္ဍလီ'ဟူသော အမည်ဖြင့် ထင်ရှား လူသိများလေတော့သည်။

မဋ္ဌကုဏ္ဍလီ သတို့သားသည် တဆယ့်ခြောက်နှစ် အရွယ်သို့ရောက်လတ်သောအခါ ကိုယ်သား ကိုယ်ရည် ဖျော့တော့ အားနည်းသော ရောဂါတခု ဖြစ်လာလေသည်။ သူငယ်၏ မိခင်သည် သားကို ကြည့်ပြီး-

"အသင်ပုဏ္ဏားကြီး....၊သင့်သားရောဂါဖြစ်နေသည်။တတ်သိသော ဆေးဆရာကို ခေါ်၍ သင့်သားကို ဆေးဝါးကုသပါ" ဟု ပြောလေလျှင်-

"အိုရှင်မ၊ အကယ်၍ ဆေးဆရာကိုခေါ်ပြီးဆေးဝါးကုသမယ်ဆိုရင် ဆေးဘိုးဝါးခ အများကြီး ပေးရလိမ့်မယ်၊ ဒီတော့ ငါ့ပစ္စည်းတွေ အများကြီး ကုန်ကျသွားမှာ သင်ကြည့်ချင်သလား"

"အရှင်ပုဏ္ဏား....၊ ဆေးဆရာနဲ့ မကုဘူးဆိုရင် ဘယ်လိုလုပ်မှာလဲ၊ ဒီအတိုင်းဘဲ လက်ပိုက်ကြည့်နေတော့မှာလား"

"ဒီလိုလဲ ဘယ်ဟုတ်မလဲ ရှင်မရယ်၊ လောကကြီးမှာပိုက်ဆံ မကုန်တဲ့နည်းတွေ အများကြီး ရှိပါတယ်၊ပိုက်ဆံမကုန်အောင် ငါ့သားကြီးကို ငါကိုယ်တိုင် ဆေးကုမှာပေါ့"

ပုဏ္ဏားကြီးသည် ဆေးဆရာတို့ထံသွား၍-

"ဆရာတို့၊ ဒီလို ရောဂါဝေဒနာမျိုးကို ဘယ်လိုဆေးဝါး ခတ်စာတွေနဲ့ ကုသရင် ပျောက်ကင်း ချမ်းသာပါသလဲ"ဟု ကပ်ရပ် ချော့မော့ မေးမြန်းလေသည်။

အသပြာ ဆရာတို့ကလည်း ပိုက်ဆံ မရမှန်းသိသဖြင့် ပါးစပ်ထဲ တွေ့သည့် ပြောမိပြောရာ ဆေးဝါးခတ်စာတို့ကို ပြောဆိုညွှန်ကြားလိုက်ကြလေ၏။ ပုဏ္ဏားကြီးလည်း အသပြာဆရာတို့ တွေ့ကရာ ရှောက်ပြောလိုက်သော ဆေးဝါး ခတ်စာများကို အဟုတ်မှတ်လျက် ရသမျှစုဆောင်း ထုထောင်း ကျိုချက်ပြီး တိုက်ကျွေးလေ၏။ ထိုသို့ကိုယ်တိုင် ဆေးဝါး ကုသသောအခါ သားငယ်၏ ရောဂါမှာ ဆုတ်ယုတ်သွားသည်မရှိ။ တနေ့ထက် တနေ့ တိုး၍သာ လာလေ၏။ နောက်ဆုံး အခြေအနေ မလှသောအခါ ဆေးဆရာ တယောက်ကို ပင့်၍ ပြလေ၏။

ဆေးဆရာသည် လူနာ၏ အခြေအနေကို ကြည့်ပြီး ကုစား၍ မရနိုင်သည့် အဖြစ်ကို သိရှိသောအခါ-

"ငါတို့မှာ လုပ်စရာတွေ ရှိပါသေးသည်၊ နောက်ဆရာ တယောက်ကိုခေါ်၍ ကုသပေတော့"ဟု ပြောဆိုပြီး စွန့်ခွာသွားလေ၏။

ပုဏ္ဏားလည်း မိမိသားဖြစ်သူ သေတော့မည်ကို သိ၍'လူနာကို များစွာသော ပရိသတ်တို့ လာရောက် ကြည့်ရှုကြပေလိမ့်မည်။ ဒီတော့ ငါ့အိမ်မှာ ပစ္စည်းဥစ္စာ အများကြီး ရှိတာကို

တွေ့မြင်သွားကြပေအံ့။ ဒီတော့ ငါ့ပစ္စည်းတွေကို အများမမြင်အောင် လူနာကို အပြင်ခန်း ထုတ်ထားမှ တော်ရော့မယ်’လို့ ကြံပြီးလျှင် သားငယ်ကို အိမ်ဦးခန်း၌ ပြုပြင်၍ တစောင်း အိပ်စေ၏။

## ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူခြင်း

ထိုနေ့၌ပင် မြတ်စွာဘုရားသခင်သည် နံနက် မိုးသောက်ရောက်သောအခါ ဇောဇောကပင် မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ ရှေး နောင်တော် နောင်တော် ဘုရားရှင်တို့အထံတော်၌ ပြုလုပ်ဆည်းပူးအပ်သော ကုသိုလ်ထူး အကြောင်းရင်း ရှိသဖြင့် ကျွတ်သင့် ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို ကြည့်ရှုတော်မူခြင်းအကျိုးငှါ တသောင်းသော စကြာဝဠာကို ရွှေဉာဏ်တော်ကွန်ယက် ဖြန့်ကျက်လျက် ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော် မူသောအခါ အိမ်ဦးကြမ်းပြင်၌ တစောင်းပြန်ပြန် ရောဂါဝေဒနာ ခံနေရသော မဋ္ဌကုဏ္ဍလီ သတို့သားကို တွေ့မြင်တော် မူလေ၏။ ထိုသို့ တွေ့မြင်သောအခါ ‘ငါဘုရား ကြွသွားသဖြင့် ထိုသတို့သားအား အကျိုးစီးပွားရှိမည်လော’ဟု စူးစမ်း ဆင်ခြင်တော်မူ၏။

‘ဤသူငယ်သည် ဘုရားသခင်၌ကြည်လင်သောစိတ် ဖြစ်စေ၍ စုတိမနေ သေလွန်သည်ရှိသော် တာဝတိံသာ နတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ကြီး၌ နတ်သမီး တထောင် ခြံရံလျက် နတ်သားဖြစ်လိမ့်မည်။ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးလည်း သား၏ အလောင်းကို ကောင်းကောင်း သင်္ဂြိုဟ်ပြီး သုသာန်

သင်းချိုင်း၌ နေ့တိုင်းလာရောက်ငိုကြွေးနေလိမ့်မည်’ဟု မြင်တော်မူ၏။

မဋ္ဌကုဏ္ဍလီ နတ်သားသည်လည်း လျှင်းအစီး ၆၀ တိုက် လောက်ရှိသော တန်ဆာတွေကို ဝတ်ဆင်ပြီးလျှင် နတ်သမီး တထောင် ခြံလျက် သုံးဂါဝုတ်လောက်ရှိသော မိမိကိုယ်ခန္ဓာ ကြီးကို ကြည့်ရှု၍ ‘ယခုလို နတ်ပြည်ရောက်ပြီး ချမ်းချမ်းသာသာ နတ်စည်းစိမ်တွေ ခံစားနေရတဲ့ ငါဟာ ဘယ်လိုကောင်းမှု ကြောင့် ရရှိ ခံစား ရသနည်း’ဟု ကြည့်ရှု ဆင်ခြင်သည် သော် ‘ငါဘုရား၌ နှစ်နှစ်ခြိုက်ခြိုက် ကြည်ညိုသော ကုသိုလ် ကံကြောင့် ရရှိအပ်သော အဖြစ်’ကို သိရှိရ၍ ‘ငါ့ဖခင် ပုဏ္ဏားကြီးဟာ ပစ္စည်းကုန်မှာစိုးလို့ ငါမကျန်းမမာရောဂါဖြစ် နေတာကို ဆေးဆရာတို့ဖြင့် မကြည့်ရှု မကုသဘဲ နေခဲ့သည်။ အခုလို ငါသေသွားမှ သုသာန်သင်းချိုင်းသို့လာလာပြီး ငိုကြွေး မြည်တမ်းနေဘိသည်။ ဒီပုဏ္ဏား ဂယောင်ချောက်ချား ဖြစ်သွား အောင် ငါလုပ်အုံးမည်’ဟု မိမိဘခင် ပုဏ္ဏား စိုးရိမ်ပူဆွေး ငို ကြွေးနေသည်ကို မနှစ်သက်၊ မချမ်းသာသဖြင့် မဋ္ဌကုဏ္ဍလီ သတို့သားအသွင်ဖြင့် သင်းချိုင်း အနီး၌ ပူလိမ့် ငိုကြွေးနေလိမ့် မည်။ ထိုအခါ ပုဏ္ဏားကြီးက သတို့သားဟု ‘သင်ဘယ်သူလဲလို့ မေးရင် ငါသည် သင့်သား မဋ္ဌကုဏ္ဍလီဖြစ်သည်’ဟု ပြောဆိုလိမ့် မည်။ ‘သင်အခု ဘယ်အရပ်မှာ နေသလဲ’ဟု ထပ်ဆင့်မေးသော် ‘တာဝတိံသာ နတ်ပြည်မှာ ရောက်နေသည်’ဟု ဖြေကြားလိမ့် မည်။ ‘ဘယ်လိုကောင်းမှုတွေ ပြုလုပ်ခဲ့လို့ တာဝတိံသာရောက်ရ သနည်း’ဟု နောက်တဖန်မေးပြန်သော် ‘ငါသည် ဘုရား၌ ကြည် ညိုသော စိတ်ကြောင့် ရောက်ရသည်’ဟု ပြောကြားပေလိမ့်မည်။

ထိုအခါ အဒိန္နပုဗ္ဗကပုဏ္ဏားကြီးသည် ငါ့ဘုရားထံလာပြီး 'အရှင်ဘုရား၊ အရှင်ဘုရားတို့၌ စိတ်ကြည်ညိုရုံမျှဖြင့် နတ်ပြည်ရောက်တဲ့ သူများရှိပါသလား ဘုရား'ဟုမေးလျှောက်လိမ့်မည်။ထိုအခါ 'ငါဘုရားသည် အဒိန္နပုဗ္ဗကရဟန်းကြီးအား တရာတဲ့တထောင်တဲ့ တသိန်းတဲ့ တသန်းတဲ့ ရေတွက်ပိုင်းခြား ဂဏန်းအားဖြင့် ဖော်ပြလို့ မကုန်အောင် ရှိပေသည်'ဟု မိန့်တော်မူပြီးသော် မဋ္ဌကုဏ္ဍလီ၏ ပုဗ္ဗဂ်မာ အစဖြာသော တရားဒေသနာကို ဟောကြားတော်မူရသည်ရှိသော် ဒေသနာအဆုံး တရားအပြီးတွင် ရှစ်သောင်းလေးထောင်သော သတ္တဝါအများတို့ တရားရကြလိမ့်မည်။ မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗကပုဏ္ဏားတို့ သောတာပန် တည်ကြလိမ့်မည်။ ဤအမျိုးသားကို အမှီပြု၍ တရားပွဲကြီး ကျင်းပရလိမ့်မည်'ဟု မြင်တော်မူလေ၏။

## ဖခင်အား တရားပြခြင်း

ယင်းသို့သော အကြောင်းအရာ ဇာစ်အလင်ကို မြင်တော်မူပြီးမှ နံနက်မိုးသောက် အလင်းရောက်သောအခါ မြတ်စွာဘုရားသခင်သည် ကိုယ်လက် သုတ်သင်၍ သံဃာတော်အပေါင်း ခြံရံလျက် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွတော်မူလေ၏။ အဒိန္နပုဗ္ဗကပုဏ္ဏား၏ အိမ်တံခါးသို့ ရောက်ရှိတော်မူသည်။ ထိုအချိန်တွင် မဋ္ဌကုဏ္ဍလီသတို့သားသည် အိမ်အတွင်းဘက် မျက်နှာလှည့်နေသောကြောင့် ကိုယ်တော်မြတ်အား မြင်နိုင်စွမ်း မရှိသည်ကို မြတ်စွာဘုရားသခင် သိရှိတော်မူသည်ဖြစ်၍ ရောင်ခြည်တခုကို လွှတ်တော်မူလိုက်သည်။

မဥ္စကုဏ္ဍလိသတို့သားသည် 'အလို- ဘယ်လိုအရောင်များပါလိမ့်'ဟု ရောဂါခံစားနေရာမှ လှည့်၍ကြည့်ရှုလေသည်။ သဗ္ဗညုတသူရားရှင်ကို ထင်ရှားစွာ တွေ့မြင်ရ၍ ဤသို့ဆင်ခြင်မိသည်။

'ငါသည် အလွန်တရာ မိုက်မဲ၍ ကပ်စေးနဲ ဖခင်ကို မှီခိုရခြင်းကြောင့် ဤသို့သော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ခွင့် မရခဲ့ပါ။ ကိုယ်တိုင်ကိုယ်ကျ အမှုကြီးငယ်ကို ဆောင်ရွက်ခွင့် မရခဲ့ပါ။ အလှူဒါန ပြုလုပ်ခွင့် မရခဲ့ပါ။ လောကသုံးပါးတွင် အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရား၏ တရားဒေသနာကို နာကြားခွင့် မရခဲ့ပါ။ ယခုအခါ ရောဂါဝေဒနာကို မချိတရိခံစားနေရသော ငါသည် လက်အုပ်ချီမိုး ရှိခိုးရုံမျှပင် မလုပ်နိုင်တော့သဖြင့် တခြားဘာတခုမျှ ပြုလုပ်နိုင်စွမ်းမရှိတော့ချေ'ဟု ဆင်ခြင်ပြီးလျှင် စိတ်တွင် ကြည်ညိုခြင်းကိုသာ ဖြစ်စေ၏။ မြတ်စွာဘုရားသခင်လည်း 'ဤလုလင်သည် ဤမျှလောက် စိတ်ကြည်နူးရုံနှင့် ပြည့်စုံလုံလောက်လေပြီ'ဟု နှလုံးသွင်းတော်မူ၍ ကြွသွားတော်မူလေ၏။

ကုဏ္ဍလိသတို့သားသည်မြတ်စွာဘုရားကြွသွားသည်ကို မျက်စိတဆုံး ကြည့်ရှုကြည်ညိုသောစိတ်ဖြင့်သေလွန်၍သွားလေ၏။ အိပ်သော ယောက်ျားနိုးသောလားကဲ့သို့ တာဝတိံသာနတ်ပြည်တွင် ယူဇနာ ၃၀ ရှိသော ရွှေဗိမာန်ကြီး၌ နတ်သားသွားဖြစ်လေ၏။

ဖခင်ဖြစ်သော အဒိန္နပုဗ္ဗကပုဏ္ဏားကြီးသည် ချစ်လှစွာသောသား မဥ္စကုဏ္ဍလိ၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီး၍ သုသာန်သင်းချိုင်းသို့ နေ့တိုင်းသွားပြီးလျှင်-

“အို–ချစ်လှစွာသော သား၊ ဖခင်ကို ထားခဲ့ပြီး ဘယ်အရပ်များ သွားနေသလဲ”ဟု မြေကြီး၌လူးလှိမ့်ကာ ပြင်းစွာ ငိုကြွေး၍ နေလေ၏။

မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏ စည်းစိမ်ချမ်းသာကိုကြည့်ရှုလျက် ‘အဘယ်ကောင်းမှုကြောင့်အခုလိုခံစားပျော်ပါးရသနည်း’ဟု စူးစမ်း ဆင်ခြင်လတ်သော် ‘မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ကြောင့်ယခုလို ပျော်ပါး စံစားရသည်’ကို သိ၍ ဤဘခင် ‘ပုဏ္ဏားကြီးသည် နှမြောအားကြီးလို့ ငါ့ကို ဆေးမကုဘဲ ယခုမှ သင်းချိုင်းလာပြီး ငိုကြွေးနေပြန်ဘိသည်။ ထိုပုဏ္ဏားချောက်ချားဖောက်ပြားသွားအောင် ပြုလုပ်မှတော်မည်’ဟု ကြံစည်စိတ်ကူး၍ မဋ္ဌကုဏ္ဍလီအသွင်ဖြင့် သုသာန်၏အနီး၌ လက်မောင်းနှစ်ဖက်ကို မြှောက်ပြီး အော်ဟစ် ငိုကြွေး၍ နေလေ၏။

အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးလည်း ‘ဒီသူငယ် ဘယ်လိုကြောင့် ပြင်းထန်စွာ ပူဆွေး ငိုကြွေး၍ နေပါလိမ့်မလဲ၊ ငါကတော့ ၁၆–နှစ်အရွယ် သားငယ်သေဆုံးလို့ လူလုံးမလှ အပူလုံးကြွပြီး ယူကျုံးမရ ငိုကြွေးတမ်းတနေရတယ်။ ဒီသူငယ်ကတော့ ဘယ်အကြောင်း ဘယ်ကိစ္စကြောင့် ဒီအရပ်ဒီဒေသမှာ လာရောက်ပြီး ငိုကြွေးနေပါလိမ့်မလဲ’ ဟု စဉ်းစားပြီး–

“သေသွားတဲ့ ငါ့သားလေး မဋ္ဌကုဏ္ဍလီနှင့် တူညီလှတဲ့ အမောင်လုလင်၊ ဘယ်အရေး ဘယ်ကိစ္စကြောင့် ယခုလိုသုသာန် သင်းချိုင်းမှာ လာပြီး ပူဆွေး ငိုကြွေးနေပါသလဲ”ဟု မေးမြန်းလေ၏။

“အသင်ပုဏ္ဏားကြီး၊ သင်၏သား မဋ္ဌကုဏ္ဍလီနှင့် သွင်ပြင်အမူ ရုပ်ချင်းတူသော ငါ့တွင် လူပေါင်းများစွာတို့ အလွန်တရာ

နှစ်သက်မြတ်နိုးလှသော၊ သွန်းသစ်စရွှေစင်ဖြင့် ပြုလုပ်ထားသော၊ ပြိုးပြိုးပြက်သော အရောင်တို့ဖြင့် တောက်လောင်ဘနန်း ဆန်းကြယ်သော ရထားအိမ်ကြီးတခု ရှိတယ်။ အဲဒီရထားမှာ တပ်ဆင်ဘို့ရာ ရထားဘီးအစုံကား မရသေးပါ။ ဒီလိုရထားဘီးမရသေးတဲ့အတွက် စိတ်လက်မအေး ငိုကြွေးမြည်တမ်း၍ နေရပါတယ်။ အကယ်၍သာ ဒီဘီးအစုံကို မရခဲ့လျှင် ငါ့အသက်ကို့ပင် ငဲ့ကွက် တွယ်တာခြင်း မရှိဘဲ စွန့်လွှတ်လိုက်ပါတော့မယ်'' ဟု ပြောကြားလိုက်လေ၏။

"အို—အမောင်လုလင်၊ သင်သည် ရွှေနှင့် လုပ်ထားသောဘီး၊ ပတ္တမြားနှင့် လုပ်ထားသော ဘီး၊ သံထည်နှင့် လုပ်ထားသော ဘီး၊ ငွေသားအစစ်နှင့် ပြုလုပ်ထားသောဘီး စသည်တို့တွင် ဘယ်လိုဘီးများကို ကြိုက်နှစ်သက်သနည်း။ ငါ၏သားလှရွှေသွေး လူကလေးနှင့် ရုပ်ရည်တူမျှ တူလှပေသော အသင် လုလင်သည် သားဒုက္ခနှင့် သောကမအေး သုသာန်လာပြီး ငိုကြွေးနေရသော ငါ့အား အလိုရှိရာ ဘီးမျိုးကိုသာ ပြောကြားပါလော့၊ သင်လိုချင်တဲ့ ဘီးမျိုးရအောင် ငါကြံဆောင်ပေးပါအံ့"

ပုဏ္ဏားကြီး ပြောစကားကို မဋ္ဌကုဏ္ဍလီ နတ်သား ကြား၍ 'ဒီပုဏ္ဏားကြီးသည် သည်းအူနှလုံးကို ယူကျုံးသည့်အလေး ချစ်လှစွာသော သားအတွက်ပင်လျှင် ဆေးဘိုးဝါးခ ကုန်ကျမည်စိုးသောကြောင့် ဆေးမကုဘဲ နေခဲ့သည်။ ယခုတော့ သူ့သားနှင့်တူမျှ ရုပ်ရည်ချင်းတူသော ငါ့အား ရွှေ ငွေ စသည်ဖြင့် ပြုလုပ်ထားသော ဘီးကို ရအောင် ပြုလုပ်ပေးမည်ဟု ဝန်ခံသည်မှာ အလွန်ပင် အံ့ဩစရာ ကောင်းလှပေသည်။ ဒါတွေကို

အသာထားလိုက်အုံး၊ ပုဏ္ဏားကို သတိတရားရအောင် စကားဖြင့် နှိပ်စက်အုံးမည်’ဟု ကြံ၍....

“အသင် ပုဏ္ဏား၊ ငါ့အား ဘယ်လို ရထားဘီးမျိုးကို ပြုလုပ်ပေးအံ့နည်း”

“သင်လိုချင်သလိုသာ ပြောပါ၊ ဟောဟောဒိုင်းဒိုင်း ခုမဆိုင်း ပြုလုပ်ပေးမည်”ဟု ဝန်ခံလိုက်လေ၏။

မဋ္ဌကုဏ္ဍလီ နတ်သားသည် မိမိစိတ်ကြိုက်ဘီးမျိုးကို တောင်းခံလိုသောကြောင့်—

“အို-ပုဏ္ဏားကြီး၊ အကျွန်ုပ်သည် ရွှေ ငွေ စသည်ဖြင့် ပြုလုပ်ထားသော ဘီးမျိုးကို အလိုမရှိပါ။ ဟောဒီနေရာက ကြည့်လျှင် ကောင်းကင်တွင် နေနှင့်လ ဆိုတဲ့ ညီနောင်နှစ်ပါး ထင်ရှားရှိပါတယ်။ အဲဒီ နေလ နှစ်ပါးကိုသာ ကျွန်ုပ်ရထားတွင် ဘီးအဖြစ် တပ်ဆင်ရပါလျှင် အလွန်ပင် ပဘာရ၍ ကျွန်ုပ် စိတ်ကြိုက်ကျပါလိမ့်မယ်။ သို့ပါ၍ အသင်ပုဏ္ဏား ဝန်ခံထားတဲ့အတိုင်း အကျွန်ုပ်ရထားတွင် တပ်ဆင်ရန် ယူငင်၍ ပေးပါလော့”ဟု တောင်းခံလိုက်လေ၏။

“အို-အမောင်လုလင်၊ အသင် ဘယ်လို ပြောလိုက်တာလဲ၊ ကမ္ဘာ့တန်ဆာဖြစ်တဲ့ နေလနှစ်ပြာကို သင့်ရထားတွင် တပ်ဆင်လိုသည်မှာ အလွန်ပင် မိုက်တွင်းနက်ရာ ရောက်ပေသည်။ အို-အမောင်လုလင်၊ ကောင်းကင်က နေလကို ရထားဘီး မတပ်ရလို့ အသက်သေမယ်ဆိုလျှင် သေဘွယ်ရာသာ အကြောင်းရှိပေတယ်။ နေလကို ဘယ်တော့မှ ရနိုင်မယ် မဟုတ်ပါ”

“အသင်ပုဏ္ဏား၊ ကျွန်ုပ်လိုချင်တဲ့ နေလနှစ်ပါးကို မရနိုင်ပေမယ့် မျက်ဝါးထင်ထင် တွေ့မြင်နေရပါသေးတယ်။ မြင်ရတဲ့ နေ

လကို လိုချင်လို့ ငိုတဲ့သူနဲ့ မမြင်ရတဲ့အရာကို လိုချင်လို့ သုသာန်လာပြီး ငိုနေတဲ့ လူနှစ်ယောက်မှာ ဘယ်သူက မိုက်ချက်သာသလဲ”ဟု မေးလိုက်လေ၏။

ထိုသို့ နတ်သား ပြောစကားကို ပုဏ္ဏားကြီး ကြားလိုက်လျှင်-

“အို-အမောင်လုလင်၊ထိန်ထိန်ပြောင်ပြောင် တောက်လောင်နေသော မီးတောက် မီးလျှံကြီးကို အေးမြသော ရေစဉ်ရေချမ်းဖြင့် သွန်းဖြန်းငြိမ်းသတ်ဘိသကဲ့သို့ သားအတွက် ပူဆွေးတောက်လောင်နေသော သောကမီးသည် ယူပစ်လိုက်သလို တခဏချင်းငြိမ်းအေးသွားပေပြီ။ ငါ့ဒုက္ခကို လုလင်က ကယ်မလိုက်သောကြောင့် သက်သာရာ ရပေပြီ။ ငါသည်သာ အမိုက်ဆုံး ဖြစ်ချေ၏။ ငါသည် ဒီကနေ့ကစပြီး နောက်ကို ဘယ်တော့မှ မငိုတော့ဘူး”ဟု ပြောကြားလိုက်၏။ ဆက်လက်၍-

“အမောင်လုလင်၊ အသင်ကား ဘယ်အမည် ရှိသနည်း။ လူလား၊ နတ်လား၊ သိကြားလားဆိုတာ ခွဲခြားသိပါရစေ၊ အကယ်၍ လူသားစစ်စစ် ဖြစ်ခဲ့ပါလျှင် ဘယ်သူ ဘယ်ဝါရဲ့သား ဖြစ်တယ်ဆိုတာကိုလဲ သိပါရစေ။ ငါ့ကို တရားဓမ္မ သွန်သင်ဆုံးမလိုက်သော သင့်ကို ဘယ်လိုဘယ်နည်း သိရပါမည်နည်း”

“အို-ပုဏ္ဏားကြီး၊ သင့် သား သေ ဆုံး သွား တဲ့ အ တွက် အလောင်းကွန့်ပစ်ရာ သုသာန်မှာ သင်္ဂြိုဟ်ပြီးသွားလေပြီ။ အဲဒီသားကို အကြောင်းပြု၍ နေ့တိုင်း နေ့ညဉ့် သုသာန်တွင် လာ၍ ငိုကြွေးနေပေသည်။ အဲဒီသားဟာ ဘုရားကို ကြည်ညိုသောစိတ်နှင့် သေသွားတဲ့အတွက် အခုဆို တာဝတိံသာ နတ်ပြည်မှာ မဋ္ဌကုဏ္ဍလီဆိုတဲ့ နတ်သားကြီး ဖြစ်နေပေသည်။ အခု သင်နဲ့ စကားပြောနေတဲ့ မဋ္ဌကုဏ္ဍလီ နတ်သားဟာ သင့်သားအစစ် ဖြစ်ခဲ့ဘူး

ပေသည်”ဟု ပြောဆိုသောအခါ အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးက မေးမြန်းလိုသောကြောင့်–

“အို-အမောင်လုလင်၊ လူ့ပြည်တွင်နေစဉ်အခါက ဘာတခု မျှလဲ မလှူဘူး၊ ဘယ်သီလမှ မဆောက်တည်ဘူး၊ ဒီလိုကုသိုလ် ကောင်းမှု ဘာတခုမျှ မလုပ်ခဲ့ဘဲနဲ့ အသင်သည် ဘယ်ကံ အကျိုး ဆက်ကြောင့် အထက်နတ်ရွာမှာ နတ်သားကြီး သွား၍ ဖြစ်ပါ သနည်း”

“ပုဏ္ဏားကြီး၊ ငါသည် သင့်သား ဖြစ်ခဲ့ဘူးတဲ့အတွက် ကုသိုလ် ကောင်းမှု ဘာတခုမျှ မလုပ်ခဲ့ဘူးဆိုတာ သင်အသိပင် ဖြစ်ပေ ဘယ်။ ဒါပေမယ့် ငါသည် အကြီးအကျယ် ရောဂါ ခံစားနေရ တဲ့ အခါမှာ ငါတို့ အိမ်ရှေ့သို့ ဘုရားသခင် ကြွလာတော်မူ တယ်။ ထိုဘုရားရှင်ကို စိတ်ကြည်ကြည်လင်လင်နှင့် ဖူးမြင်ကြည်ညို လိုက်တယ်။ အဲဒီလို မြတ်စွာဘုရားကို စိတ်ကလေးနဲ့ ကြည်ညို လိုက်ရတဲ့ ကုသိုလ်ကြောင့် တာဝတိံသာမှာ နတ်သား လာဖြစ် ရတာဘဲ”

နတ်သား၏ စကားကို ကြားလိုက်ရသည့်အခါ ပုဏ္ဏားကြီး သည် ဂွမ်းဆီထိသလို ပီတိတွေဖုံးပြီး အပြုံးမခတ် စ်မ့်၍ သွား လေ၏။

ပုဏ္ဏားကြီး စိတ်နှလုံးတွင် အပြုံးခတ်တွေ ဝေနေတဲ့ အကြောင်းကို ပြောဆိုချီးမွမ်းလိုသည့်အတွက်–

“အို-လုလင်၊ အသင်သည်မြတ်စွာဘုရားသခင်ကို ကြည်ညိုရုံ မျှနှင့် ဒါလောက်တောင် ကြီးမားလှတဲ့ အကျိုးထူး တရားကို ခံစားရတယ်ဆိုတော့ အသွန်အကျူး အထူးဘဲ အံ့ဩစရာကောင်း လှပေတယ်။ အို-လုလင်၊ ဒီနေ့ ဒီအချိန်ကစပြီး ငါသည် မြတ်စွာ

ဘုရားကို ကြည်လင်မပြတ် ဆည်းကပ် ကိုးကွယ်တော့မယ်”ဟု ဝန်ခံကတိ ပေးလိုက်လေ၏။

မင္ဂကုဏ္ဍလီ နတ်သားသည် ပုဏ္ဏားအား တိုက်တွန်း နှိုးဆော်လိုပြန်သောကြောင့်–

“အိုပုဏ္ဏား....၊ သင်သည် ယုံကြည်သဒ္ဓါ ထက်သန်စွာဖြင့် မြတ်စွာဘုရားနှင့် တရားသံဃာ သုံးပါးသော ရတနာတို့ကို ရိုသေစွာ ကိုးကွယ်ဆည်းကပ်ပါလော့။ ထို့မှတပါး သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း၊ သေအရက်ကို သောက်စားခြင်းဟု ဆိုအပ်သော ငါးပါး သိက္ခာပုဒ်တို့ကို မကျိုးမပေါက်ရအောင် စောင့်ရှောက် ထိန်းသိမ်းပါလော့”

“အမောင်နတ်သား....၊ သင်သည် ငါ၏ အကျိုးစီးပွားများ တိုးတက်ပွားများခြင်းကို အလိုရှိပေ၏။ အို အမောင်နတ်သား၊ ငါသည် သင်၏ စကားကို လိုက်နာ၍ ပြုလုပ်ပါတော့အံ့။ သင်သည် ကျိုးကြောင်း ပြဆိုဆုံးမသော ငါ၏ ဆရာပေတည်း။ ငါသည် မြတ်ဘုရားနှင့် တရားသံဃာ သုံးပါးသော ရတနာတို့ကို ကိုးကွယ် ဆည်းကပ်ပါတော့အံ့။ ငါးပါးသော သိက္ခာပုဒ်တို့ကိုလည်း လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းပါတော့အံ့”

“အသင်ပုဏ္ဏား....၊ သင့်အိမ်တွင် စည်းစိမ်ဥစ္စာ များစွာရှိပေသည်။ လူ နတ် ဗြဟ္မာသတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရားအား ယုံကြည်စွာ ဆည်းကပ်၍ အလှူဒါနကို စွမ်းနိုင်သမျှ လှူဒါန်းပေးကမ်းပါလော့။ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်မြတ်ကိုလည်း နာကြား မှတ်သားပါလော့။ မရှင်းမလင်းသော အမေးပုစ္ဆာ ပြဿနာ များကိုလဲ

ရှင်းလင်းသွားအောင် မေးမြန်းလျှောက်ထားပါလော့”ဟုတိုက်တွန်း နှိုးဆော်ပြီးလျှင် ထိုနေရာ၌ပင် ပျောက်ကွယ်၍ သွားလေ၏။

## အမြင်မှန် ရပြီ

အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးလည်း အိမ်သို့ရောက်သော် မယားဖြစ်သူ ပုဏ္ဏေးမကို ခေါ်၍-

“အိုရှင်မ....၊ ငါသည် ရဟန်းဂေါတမအား ပင့်ဖိတ်၍ ပြဿနာမေးအံ့၊ ပူဇော်သက္ကာရ ပြုလုပ်အံ့”ဟု ပြောဆိုမှာကြားပြီးလျှင် မြတ်စွာဘုရားထံသို့ သွားလေ၏။

မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် တင့်တယ်လျောက်ပတ်သော နေရာ၌ နေလျက်-

“ရှင်ကြီးဂေါတမ....၊ နံနက်အခါ သံဃာတော်များနှင့်တကွ တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဘုရား”ဟု လျှောက်ကြားလေ၏။

မြတ်စွာဘုရားသခင်လည်း သည်းခံတော်မူလေ၏။

အဒိန္နပုဗ္ဗက ပုဏ္ဏားလည်း မြတ်စွာဘုရား သည်းခံတော်မူသည်ကို သိ၍ အိမ်သို့ အမြန်ပြန်ပြီးသော် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို စီရင်စေ၏။ မြတ်စွာဘုရားသခင်သည် ရဟန်းအပေါင်း ခြံရံလျက် ပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌ သီတင်းသုံးတော်မူ၏။ အဒိန္နပုဗ္ဗက ပုဏ္ဏားလည်း ရိုသေစွာ ဆွမ်းလုပ်ကျွေး ပြုစုလေ၏။

ထိုစဉ်အခါ မိစ္ဆာဒိဋ္ဌိ အယူရှိကြသော သူတို့သည်၎င်း၊ သမ္မာဒိဋ္ဌိအယူရှိကြသောသူတို့သည်၎င်း နှစ်ဖက်သော လူအပေါင်းတို့သည် စည်းဝေးလာရောက်ကြကုန်၏။ မိစ္ဆာဒိဋ္ဌိ အယူရှိသူတွေကတော့ ယနေ့ ရဟန်းဂေါတမကို အမေးပုစ္ဆာ ပြဿနာတို့ဖြင့် မေးမြန်းနှိပ်စက်သည်ကို ငါတို့တဝကြီး ကြည့်လိုက်မည်ဟု ကြံရွယ်၍ လာရောက်ကြသည်။ သမ္မာဒိဋ္ဌိ အယူရှိသူတွေကတော့ ယနေ့မြတ်စွာဘုရား တင့်တယ်စံပယ်ခြင်းကို ကြည့်ရှုဖူးမျှော်ကုန်အံ့ဟုဆိုကာ လာရောက်ကြသည်။

အဒိန္နပုဗ္ဗကပုဏ္ဏားကြီးသည် မြတ်စွာဘုရားဆွမ်းစားပြီးသော အခါ မြတ်စွာဘုရားထံ ချဉ်းကပ်၍ နိမ့်သောနေရာတခုတွင် ထိုင်လျက်-

"အရှင်ဂေါတမ၊ အရှင်ဘုရားတို့အား အလှူဒါနလဲမပြုလုပ်ဘူး၊တရားဓမ္မလဲမနာကြားဘူး၊ ဥပုသ်သီတင်းလဲမဆောက်တည်ဘူး၊ စိတ်က ကြည်ညိုရုံသက်သက်နှင့် နတ်ပြည်နတ်ရွာရောက်ဘူးသူများ ရှိပါသလားဘုရား"

"အသင်ပုဏ္ဏား၊ ဒီပုစ္ဆာကို အဘယ်ကြောင့် ငါဘုရားကို လျှောက်ထားမေးမြန်းနေရသလဲ၊ သင့်သားမဋ္ဌကုဏ္ဍလီသည် ငါဘုရား၌ စိတ်ထဲက ကြည်ညိုရုံမျှနှင့် နတ်ပြည်ရောက်နေတဲ့ အကြောင်းကို သင့်အားပြောဆိုလိုက်ပြီ မဟုတ်လား"

"အရှင်ဂေါတမ၊ ဘယ်တုန်းကပြောဘူးပါသလဲဘုရား"

"သင်ဒီနေ့သုသာန်သွားပြီး ငိုကြွေးနေတဲ့အခါ သင့်အနားမှာ လက်နှစ်ဖက်မြှောက်ပြီး ငိုနေတဲ့ လုလင်တယောက်ကိုမတွေ့ဘူးလား"

"တွေ့ပါတယ်ဘုရား"

"တွေ့တော့ အဲဒီလုလင်က သင့်ကိုဘာတွေများ ပြောလိုက်သလဲ"

ပုဏ္ဏားနှင့် နတ်သားတို့ တယောက်နှင့် တယောက်အပြန်အလှန်ပြောဆိုသော စကားများကို ပြန်၍ ဟောကြားတော် မူလေ၏။

"အိုပုဏ္ဏား၊ ငါဘုရားအား စိတ်ထဲက ကြည်ညိုရုံမျှနှင့် နတ်ပြည်ရောက်ရှိ နေသည်ဆိုတာကို ရေတွက်၍ မရနိုင်ဘူး" ဟု မိန့်တော်မူ၏။

ထိုအခါ စည်းဝေး ရောက်ရှိလာကြသော သူအပေါင်းတို့သည် သို့လောသို့လော တွေးတောယုံမှားဖြစ်နေကြကုန်၏။ ထိုသို့ယုံမှား သံသယဖြစ်နေသည်ကို မြတ်စွာဘုရားသခင်သည် သိမြင်တော်မူလေ၏။ ထို့ကြောင့် 'မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိဗိမာန်ခြေရံစည်းစိမ်နှင့်တကွ လာစေသတည်း' ဟု အဓိဋ္ဌာန်ဝင်လိုက်၏။ မဋ္ဌကုဏ္ဍလီနတ်သားလည်း နတ်ဝတ်တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဂါဝုတ်လောက်မျှရှိသည့် ကိုယ်ခန္ဓာကြီးဖြင့် ဗိမာန်နှင့်တကွ မြတ်စွာဘုရားထံမှောက်ရောက်၍လာလေ၏။ ဗိမာန်မှ ဆင်း၍ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးသောအခါ သင့်တော်ရာ၌ ရပ်၍နေလေ၏။ ထိုအခါ မြတ်စွာဘုရားသည် သိလျက်နှင့်ပင် ပရိသတ်များ ထင်ရှားသိသာအောင် နတ်သားကို မေးလိုသောကြောင့်–

"အိုနတ်သား၊ အသင်သည် ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာရှိသည်။ တန်ခိုးအာနုဘော်ကြီးသော အိုနတ်သား၊ ပရိသတ်များ သိသာထင်ရှားအောင် ငါဘုရားမေးတော်မူမည်။ အသင်သည် လူ့ပြည်တွင်နေစဉ်အခါကဘယ်လိုကုသိုလ်ကောင်းမှုများ

ဆည်းပူးပြုလုပ်အားထုတ်ခဲ့သနည်း။အဘယ်သို့သောကောင်းမှုကို ပြုလုပ်ခဲ့ခြင်းကြောင့် ဤသို့သောစည်းစိမ်ချမ်းသာကို ခံစားနေရပါသနည်း”

“ရွှေဘုန်းတော်သခင် ရှင်တော် မြတ်ဘုရား၊ တပည့်တော် ဤသို့သော စည်းစိမ်ချမ်းသာကို ရရှိခံစားရခြင်းသည် အရှင်ဘုရားတို့၌ စိတ်ထဲကကြည်ညိုသော ကောင်းမှုကံကြောင့် ရရှိခံစားစံစား ရပါသည်ဘုရား”

“ငါဘုရားကို စိတ်ထဲကကြည်ညိုရုံနဲ့ ဒီလောက်ကြီးမားလှတဲ့ စည်းစိမ်ချမ်းသာကို ရရှိခံစားရသော....”

“ဟုတ်မှန်လှပါသည် ဘုရား”

ထိုစကားကို ကြားလေလျှင် ပရိသတ်အပေါင်းတို့သည် မဋ္ဌကုဏ္ဍလီနတ်သားအား ဝိုင်းဝန်း ကြည့်ရှုကြပြီး--

“အိုအချင်းတို့၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်သည် အလွန်အကျူးထူးကဲလှပါတကား၊ ချီးကျူး အံ့သြဘွယ်ကောင်းလှပါတကား အဒိန္နပုဗ္ဗက ပုဏ္ဏားကြီးရဲ့သား မဋ္ဌကုဏ္ဍလီဟာ မြတ်စွာဘုရားရှင်ကို စိတ်ထဲကကြည်ညိုရုံမျှနဲ့ ဒီလောက်တောင် ကြီးမားလှတဲ့ စည်းစိမ်ချမ်းသာကို ရရှိခံစားရပေတယ်”ဟုချီးမွမ်း ပြောဆိုကြလေ၏။

## သောတာပန် တည်ခြင်း

ထိုအခါ မြတ်စွာဘုရားက ပရိသတ်အများအား“ကောင်းမှု မကောင်းမှု ပြုလုပ်သောအရာ၌ စိတ်သာပဓာနဖြစ်သည်။ စိတ်သာလျှင် အရေးကြီးသည်။ စိတ်သာမြတ်သည်။ စိတ်ကောင်း

စေတနာကောင်းနှင့် ပြုလုပ်သောကောင်းမှုကံသည် အရိပ်ပမာ သွားလေရာလိုက်သည်”ဟု ဤဝတ္ထုကို ပြောကြားပြီးသော် စကားအနုသန္ဓေ ဆက်တော်မူလေသည်။

ဒေသနာဆုံးသောအခါ ရှစ်သောင်းလေးထောင်သော ပရိသတ်ကြီး အကျွတ်တရား ရရှိသွားလေသည်။ မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗကပုဏ္ဏားသည် သောတာပန် တည်လေ၏။ အဒိန္နပုဗ္ဗကပုဏ္ဏားသည် ကြီးစွာသော စည်းစိမ်ဥစ္စာကို မြတ်စွာဘုရားသာသနာအတွက် စွန့်လွှတ် လှူဒါန်းလေတော့ သတည်း။

× × ×

# တိဿမထေရ်ဝတ္ထု

အင်္ဂုတ္တိုရ်မ် အစရှိသော ဤတရားဒေသနာကို မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခိုက်က တိဿအမည်ရှိ မထေရ်ကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။

## တိဿ၏ ပစ္စုပ္ပန်ဝတ္ထု

တိဿမထေရ်သည် မြတ်စွာဘုရားသခင်၏ ဘခမည်းတော်ဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏ နှမတော်မှ မွေးဖွားသော သားတော်ဖြစ်သည်။ ထိုတိဿမထေရ်သည် အသက်အရွယ်ကြီးရင့်လာသောအခါမှ ရဟန်းပြုသူတဦးဖြစ်သည်။ မြတ်စွာဘုရားသခင်ကို အကြောင်းပြု၍ ဖြစ်သော လာဘ်ပူဇော်သက္ကာရကို စား

သောက်ပြီး သိပ်ဝနေသော ကိုယ်တော်ကြီးဖြစ်သည်။ အဖန်ဖန် အထပ်ထပ် ချုပ်လုပ်ထားသော သင်္ကန်းကိုဝတ်ရုံပြီး များသော အားဖြင့် အစည်းအဝေးကျင်းပရာ စရပ်အလယ်ကောင်၌နေလေ့ ရှိသည်။ မြတ်စွာဘုရားကို ဖူးမြင်ရအောင် လာကြကုန်သော အာဂန္တုရဟန်းတို့သည် တိဿရဟန်းကြီးကိုမြင်၍ မထေရ်ကြီး တပါးဖြစ်လိမ့်မည်ဟူသော အမှတ်ဖြင့် တိဿမထေရ်ထံ သွား၍ ဝတ်ကြီးဝတ်ငယ် ခြေဆုပ်လက်နယ်ပြုရန် ပန်ကြားကြကုန်၏။ တိဿမထေရ်လည်း တိတ်တိတ်ပင်နေ၏။ ထိုအခါ ရဟန်းတပါး က—

"အရှင်ဘုရား....၊ဝါတော် ဘယ်မျှရပါပြီလဲဘုရား" ဟု မေး လျှောက်သောအခါ တိဿရဟန်းကလည်း "အသက်အရွယ်ကြီးမှ ရဟန်းပြုသောကြောင့် ဝါမရှိသေး" ဟု ပြော၏။

"ဆိုနိုင်ခက်သော ငါ့ရှင်ရဟန်းကြီး အသင်သည် ကိုယ့်ပမာ ဏကိုသော်မျှ မသိဘူး။ မထေရ်ကြီးတွေကို တွေ့မြင်ပါလျက် အရို အသေပြုရမှန်းတောင် မသိဘူး၊ ဝတ်ကြီးဝတ်ငယ်တို့ဖြင့်ပန်ကြား သောအခါ အသာတိတ်တိတ်ငြိမ်နေတယ်" ဟု ပြောဆိုပြီး လက် ဖြောက်တီးကြကုန်၏။

တိဿရဟန်းလည်း ရာဇမာန်တက်ပြီး....

"သင်တို့ အခု ဘယ်သူ့ထံလာကြသနည်း"

"ငါတို့ မြတ်စွာဘုရားထံ လာကြကုန်၏"

"သင်တို့က ငါဟာ မြတ်စွာဘုရားနဲ့ဘယ်လိုတော်စပ်တယ်လို့ ထင်ကြသနည်း၊ သင်တို့ကို ငါအမြစ်က လှန်ပင်လိုက်မည်" ဟု ကြိမ်းမောင်းပြီး စိတ်ဆင်းရဲစွာ ငိုကြွေးမြည်တမ်း၍ မြတ်စွာ ဘုရားထံသွားလေ၏။

## ဘုရားစကားနားမထောင်သူ

ထိုအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က—

"ချစ်သားတိဿ....သင်ဘာဖြစ်လို့ ငိုလာသလဲ"

အာဂန္တု ရဟန်းတို့သည်လည်း တိဿရဟန်းကြီးထံ သွား၍ တစုံတခု ချောက်ချားအောင်ပြုလုပ်ရာ၏ဟုကြံပြီး တိဿရဟန်းနှင့်အတူလိုက်သွားပြီး မြတ်စွာဘုရားကို ရှိခိုးလျက် သင့်တော်သောနေရာ၌ ထိုင်နေကြကုန်၏။

တိဿရဟန်းလည်း မြတ်စွာဘုရား မေးတော်မူသောအခါ—

"အရှင်ဘုရား....၊ဒီရဟန်းတွေက တပည့်တော်ကို ဆဲနေကြပါတယ်ဘုရား"

"သင်ဘယ်မှာနေလို့ သင့်ကိုဆဲရေးကြသလဲ"

"အရှင်ဘုရား....၊ ကျောင်းကြီးအလယ် စည်းဝေးရာစရပ်၌ နေပါသည်ဘုရား"

"ဒါဖြင့် ခရီးဦးကြိုပြုသလား"

"မပြုပါဘုရား"

"ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပန်ကြားခြင်း၊ သောက်ရေဖြင့် ပန်ကြားခြင်း၊ နေရာထိုင်ခင်းပေးခြင်း၊ ခြေကို ဆုပ်နယ်ခြင်း စသည်တို့ကို ပြုလုပ်သလား"

"မပန်ကြား မပြုလုပ်ပါဘုရား"

"ချစ်သားတိဿ...၊သိတင်းကြီးရဟန်းတို့အား အဲဒီဝတ္တရားတွေကို ပြုလုပ်ပေးရမယ်၊ အဲဒီဝတ္တရားကို မဆောင်ရွက်တဲ့သူဟာ ကျောင်းကြီးအလယ်မှာ နေလို့မတော်ဘူး။ ချစ်သားတိဿ...၊ သင်သာ အပြစ်ရှိသည်၊ ထိုရဟန်းတို့ကို သည်းခံစေလော့"

"အရှင်ဘုရား....၊ဒီရဟန်းတွေ တပည့်တော်ကို ဆဲရေးကြပါ တယ်ဘုရား၊ သို့ပါ၍ တပည့်တော် ဒီရဟန်းတွေကို သည်းမခံစေ နိုင် မကန်တော့နိုင်ပါဘုရား"

"ချစ်သားတိဿ....ဒီလိုမလုပ်နဲ့ သင်သာအပြစ်ရှိသည်၊ ထို ရဟန်းတွေကို ကန်တော့လိုက်"ဟု မိန့်တော်မူသော်လည်း-

"မကန်တော့နိုင်ပါဘုရား"ဟုသာ ပြန်ကြား လျှောက်ထား ၏။

ထိုအခါ အနားမှထိုင်နေသောရဟန်းတို့က-

"မြတ်စွာဘုရား၊ဤတိဿရဟန်းကြီးသည် အင်မတန်အပြော ရခက် အဆိုရခက်သော ဒုဗ္ဗစရဟန်းကြီးပါ ဘုရား"ဟု လျှောက် ထားကြ၏။

"ချစ်သားရဟန်းတို့....၊ ဒီတိဿဆိုတဲ့ ရဟန်းဟာ အခုမှသာ အပြောရ အဆိုရခက်တာမဟုတ်ဘူး၊ ရှေးအခါကလဲ အပြောရ အဆိုရခက်ခဲ့တာဘဲ"ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းအများတို့က-

"ရှင်တော်မြတ်ဘုရား၊ ဒီတိဿရဟန်းဟာ အခု အပြောရ အဆိုရခက်တာ တပည့်တော်တို့ မျက်မြင်ကိုယ်တွေ့ပါဘုရား၊ ဟို ရှေးတုန်းက ဒီတိဿဘယ်လိုအပြောရအဆိုရခက်တဲ့အကြောင်းကို မိန့်ကြားတော်မူပါဘုရား"

ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က-

"ချစ်သားရဟန်းတို့၊ ဒီလိုဆိုရင် ကောင်းမွန်စွာ နာကြား သားကြလော့"ဟု တိုက်တွန်းတော်မူ၍ အတိတ်ကို ဆောင်တော် မူ၏။

# တိဿ၏ အတိတ်ဇာတ်ကြောင်း

"ချစ်သားရဟန်းတို့၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်တွင် မင်းတပါးမင်းပြုလေ၏" ဟု အစချီကာ အောက်ပါ အတိုင်း ဟောကြားတော်မူလေသည်။

ထိုအချိန်ကာလတွင် ဒေဝိလရသေ့သည် ရှစ်လလုံးလုံး ဟိမဝန္တာတောကြီး၌နေ၍ ချဉ်ဆားမှီဝဲရန်အတွက် လေးလမျှ မြို့ကို အမှီပြုလိုသဖြင့် ဟိမဝန္တာတောမှလာပြီး မြို့တံခါး၌ သူငယ် တယောက်ကိုမြင်၍–

"ဒီမြို့ကိုရောက်လာကြတဲ့ ရသေ့ရဟန်းတွေ ဘယ်အရပ်မှာ တည်းခိုနေထိုင်ကြသလဲ"

"အရှင်ဘုရား....အိုးထိန်းသည်ရပ်မှာ တည်းခိုနေထိုင်ကြပါ တယ် ဘုရား"

ရသေ့သည် အိုးထိန်းသည်ရပ်သို့သွားပြီး တံခါးပေါက်၌ ရပ်၍နေလေ၏။

"ဘဂ္ဂဝ....၊ သင့်အား အကြယ်၍ ဝန်မလေးဘူးဆိုရင် သင့် ရပ်၌ တညလောက်တည်းခိုပါရစေ"

"အကျွန်ုပ် ညအခါတွင် အလုပ်လုပ်စရာမရှိပါ။ ရပ်ကကျယ် ပါသည်၊ အရှင်ဘုရား ချမ်းသာသလို နေထိုင်တော်မူပါဘုရား"

ဒေဝိလရသေ့သည် အိုးထိန်းသည်ရပ်သို့ ဝင်၍နေလေ၏။ ထို့နောက် နာရဒအမည်ရှိ ရသေ့သည်လည်း ဟိမဝန္တာတောမှ လာ၍ စရပ်တွင်တည်းခိုရန် အိုးထိန်းသည်အား ပြန်ကြားပြန်၏။ အိုးထိန်းသည်လည်း အရင်ရောက်သော ရသေ့သည် အတူနေလို

သည်ဖြစ်အံ့ နေခွင့်ပေးရာ၏။ အကယ်၍ မနေလိုသည်ဖြစ်အံ့၊ မိမိကိုယ်ကို အလွတ်ရုံးရန်အတွက်—

"အရှင်ဘုရား၊ အရှင်ရောက်နှင့်နေတဲ့ ရသေ့တယောက်ရှိပါတယ်။ အကယ်၍ ထိုရသေ့နေခွင့်ပြုပါက ကြိုက်သလို နေနိုင်ပါတယ်ဘုရား" ဟု ပြောဆို၏။

နာရဒရသေ့သည် ဒေဝီလရသေ့ထံသွား၍-

"ဆရာရသေ့၊ အကယ်၍ဝန်မလေးဘူးဆိုလျှင် တပည့်တော်လဲ ဒီစရပ်မှာ တညလောက် တည်းခိုချင်ပါတယ်ဘုရား"

"ဆရာ....စရပ်က အကျယ်ကြီးပါ၊ ကြိုက်ရာနေရာတခုတွင် နေထိုင်ပါ"

နာရဒရသေ့သည် ဒေဝီလရသေ့ဘေးနားတွင် သင့်တော်ရာ၌ တည်းခိုနေထိုင်လေ၏။ ရသေ့နှစ်ဦးတို့သည် အောက်မေ့ နှစ်သက်ဖွယ်သောစကားတို့ကို ဆွေးနွေးမေးမြန်း၍ အိပ်ကြသောအခါ နာရဒရသေ့သည် ဒေဝီလရသေ့၏ အိပ်ရာနေရာကိုရင်း၊ တံခါးကိုရင်း သေချာစွာမှတ်သား၍ အိပ်လေ၏။

## အငြင်းပွား၍ အချင်းများကြခြင်း

ဒေဝီလရသေ့သည် တကယ်အိပ်သောအခါ တံခါးပေါက်အလယ်ကောင်သွားပြီး ကန့်လန့်ဖြတ်အိပ်လေ၏။ နာရဒရသေ့သည် ညအခါ ထသောအခါ ဒေဝီလရသေ့၏ဆံကျစ်ကို နင်းမိလေ၏။

"ဟဲ့-ငါ့ဆံကျစ်နင်းတာ ဘယ်သူလဲ"

"ဆရာရသေ့၊ ဆရာဒီနေရာမှာ လာအိပ်နေတာမသိလို့ နင်းမိပါတယ်ဘုရား၊တပည့်တော့်အပေါ် သည်းခံခွင့်လွှတ်ပါဘုရား"

နာရဒရသေ့က တောင်းပန်၏။ ဒေဝီလရသေ့လည်း မုကြေမချမ်းနှင့် မြည်တွန်တောက်တီးလျက် နေစဉ် အပြင်သို့ထွက်ခဲ့လေ၏။ ဒေဝီလရသေ့လည်း ပြန်ဝင်လာရင် ငါ့ကိုသာ ကျော်နင်း၍ ဝင်အုံးမှာဘဲဟု ခြေထောက်ထားတဲ့နေရာ ခေါင်းရင်းလုပ်၍ ပြောင်းပြန်အိပ်လေ၏။ နာရဒရသေ့သည် ပြန်ဝင်သောအခါ ငါ့အထွက်တုန်းက ရသေ့၏ဆံကျစ်ကိုနင်းသောအားဖြင့် ပြစ်မှားမိခဲ့ပြီ၊အခုငါသည် ရသေ့၏ခြေရင်းဘက်မှ ဝင်မှတော်မည်ဟုကြံပြီးဝင်လာခဲ့သော် ရသေ့၏လည်ပင်းကို နင်းမိပြန်လေတော့သည်။

"အခု ငါ့လည်ပင်းတက်နင်းတာ ဘယ်သူလဲ"

"ဆရာရသေ့ တပည့်တော်ဘဲ ဖြစ်ပါတယ်ဘုရား"

"ဟယ်-ကောက်ကျစ်စဉ်းလဲ ရသေ့၊ အထွက်တုန်းက ငါ့ဆံကျစ်နင်းသွားတယ်၊ အခုပြန်အဝင်မှာလဲ ငါ့လည်ပင်းတက်နင်းပြန်တယ်၊ သင့်ကို ငါကျိန်စာတိုက်အံ့"

"ဆရာရသေ့၊တပည့်တော်မှာ အပြစ်မရှိပါ၊ တပည့်တော်မသိလို့ ဖြစ်ခဲ့မိပါတယ်ဘုရား၊ ဆရာရသေ့ တပည့်တော်အပေါ် သည်းခံပါဘုရား"

"ကောက်ကျစ်စဉ်းလဲရသေ့၊ သင့်ကိုကျိန်အံ့"

"မကျိန်ပါနဲ့ သည်းခံပါဘုရား"

ဒေဝီလရသေ့က အတန်တန် ခြိမ်းချောက်သကဲ့သို့ နာရဒရသေ့ကလည်း အဖန်ဖန်တောင်းပန်သော်လဲ နားမထောင်ဘဲ ကျိန်စာတိုက်လိုသဖြင့်—

"နံနက်နေထွက်လာတဲ့အခါ ငှါရဲ့ခေါင်းနဲ့လည်ပင်း နှစ်ခါ နင်းတဲ့ရသေ့၏ ဦးခေါင်းခုနစ်စိတ်ကွဲစေသတည်း" ဟု ကျိန်စာ ဆိုလိုက်လေတော့သည်။

နာရဒရသေ့လည်း–

"ဆရာရသေ့၊ တပည့်တော်မှာ အပြစ်မရှိပါ၊ တပည့်တော် တောင်းပန်နေတဲ့အချိန်မှာပင် အသင်တို့သည် ကျိန်စာဆိုဘိ၏။ အကြင်သူအား အပြစ်ရှိ၏။ ထိုသူ၏ဦးထိပ်သာ ခုနစ်စိတ်ကွဲပါစေ သတည်း၊ အပြစ်မရှိတဲ့သူ မကွဲပါစေနှင့်" ဟု နာရဒရသေ့က ထပ်မံ၍ ကျိန်စာဆိုပြန်၏။

## နေ ထွက်မလာ

နာရဒရသေ့သည် တန်ခိုးအလွန်ထက်သည်။ ရှေးကမ္ဘာ ၄၀၊ နောက်ကမ္ဘာ ၄၀၊ ပေါင်းကမ္ဘာရှစ်ဆယ်ကို အောက်မေ့ ထင်မြင်နိုင်သော အစွမ်းရှိ၏။ ထို့ကြောင့် 'ယခု ငါတို့နှစ်ဦး ကျိန်ဆိုသည့်ကျိန်စာသည် မည်သူ့အပေါ်ကျရောက်လတံ့နည်း' ဟု ဆင်ခြင်သော် ဒေဝိလရသေ့အပေါ် ကျရောက်လတံ့သည်ကို သိရှိလေ၏။

ထိုရသေ့ကို သနားသဖြင့် မိမိတန်ခိုးဖြင့် နေမထွက်နိုင် အောင် တားမြစ်ထားလေ၏။

လူအပေါင်းတို့သည် နေမထွက်နိုင်သဖြင့် မင်းကြီးနန်းတော် တံခါးသို့သွား၍–

"အရှင်မင်းကြီး၊ နေမထွက်နိုင်ပါ၊ နေထွက်ပါစေ" ဟု ပြော ဆို အော်ဟစ်ကြလေ၏။

မင်းကြီးလည်း မိမိတွင် ဘာအပြစ်များရှိသနည်းဟု ကြည့်ရှု ဆင်ခြင်သော်လည်း ဘာအပြစ်မှ ရှာမရသောကြောင့် ဘာ အကြောင်းထူးရှိပါလိမ့်မလဲဟု ဆက်၍ဆင်ခြင်ပြန်သော် ရသေ့ ရဟန်းတွေများ အငြင်းအခုံ ဖြစ်နေသလားဟု ယုံမှား သံသယ ရှိ၍....

"အသင်တို့ ဘယ်လိုလဲ မြို့ထဲမှာတစုံတယောက်သော ရသေ့ ရဟန်း ရှိသလား"

"အရှင်မင်းကြီး၊ မနေ့က အိုးထိန်းသည် စရပ်မှာ ရသေ့နှစ်ပါး ကြလာကြပါတယ်ဘုရား" ဟု လျှောက်ထားကြလေလျှင် မင်းကြီးသည် မီးရှူးမီးတိုင်တို့ကို ထွန်းညှိ ကိုင်ဆောင်စေလျက် အိုးထိန်းသည်စရပ်သို့ ကိုယ်တော်တိုင် ကြွချီတော်မူလေ၏။ စရပ်သို့ ရောက်သောအခါ နာရဒရသေ့ကို ရိုသေစွာ ရှိခိုး၍ သင့်တော်ရာ၌ ထိုင်ပြီး—

"အရှင်ရသေ့ဘုရား၊ လူတွေဟာ နေထွက်မလာတဲ့အတွက် ဘာတခုမျှ ပြုလုပ် ဆောင်ရွက်နိုင်စွမ်းမရှိပါ။ အို—ရှင်ရသေ့ လောကကြီးတခုလုံး ဘယ်ဟိတ္တအတွက် အမှောင်ဖုံးနေပါသလဲ ဘုရား၊ ဘာအကြောင်းကြောင့် ဖြစ်ပျက်နေရတယ်ဆိုတာ မသိပါသော တပည့်တော်အား ရှင်းလင်း မိန့်ကြားတော်မူပါ ဘုရား"

ထိုအခါ နာရဒရသေ့က အကြောင်းဖြစ်ပုံ အလုံးစုံကို ပြန် ကြား၍—

"မင်းကြီး၊ ငါ့ကို ဒေဝိလ ရသေ့က အဲဒီကိစ္စကို ကျိန်ဆဲ တယ်၊ ငါကလဲ ငါ့မှာ ဘာအပြစ်မှ မရှိဘူး၊ အပြစ်ရှိတဲ့သူ အပေါ်သာ ကျစေသတည်းလို့ ကျိန်ဆိုလိုက်တယ်။ ကျိန်စာ

ဘယ်သူ့အပေါ်ရောက်မလဲလို့ ဆင်ခြင်သောအခါ နံနက် နေထွက်လာတဲ့အခါ ဒေဝီလရသေ့ထိပ် ခုနစ်စိတ်ကွဲမည်ကို မြင်၍ သူ့ကို သနားသဖြင့် နေမထွက်အောင် ငါတားထားတယ်”

## အပြောရခက်တဲ့ ဒေဝီလ

“အရှင်ဘုရား၊ တပည့်တော် ဘယ်လိုလုပ်ရင် အန္တရာယ်မရှိ ဖြစ်နိုင်ပါသလဲ”

“ဒကာတော်မင်းကြီး၊ အကယ်၍ အဲဒီ ရသေ့ ငါ့ကို ကန်တော့မယ်ဆိုရင် အန္တရာယ် ကင်းနိုင်ပါတယ်”

မင်းကြီးလည်း ဒေဝီလရသေ့ကို ကန်တော့ရန် တိုက်တွန်းလေ၏။ ဒေဝီလရသေ့ကလည်း—

“ဒီရသေ့စဉ်းလဲဟာ ငါ့ဆံကျစ်နှင့် လည်ပင်းကို နင်းထားတဲ့အတွက် ငါမကန်တော့နိုင်ဘူး”

“အရှင်ဘုရား၊ ဒီလိုမလုပ်ပါနှင့်၊ ကန်တော့လိုက်ပါ ဘုရား”

“ဒကာတော် ငါမကန်တော့နိုင်ဘူး”

“အရှင်ဘုရား၊ အကယ်၍ မကန်တော့ဘူးဆိုလျှင် နေထွက်လာပါက အရှင်ဘုရား၏ ဦးခေါင်း ခုနစ်စိတ် ကွဲပါလိမ့်မယ် ဘုရား”

မင်းကြီးက အမျိုးမျိုးလျှောက်ထား တောင်းပန်သော်လည်း ရသေ့သည် မကန်တော့ဘဲ ပေကပ်၍ နေလေ၏။ ထိုအခါ မင်းကြီးသည် ဒေဝီလရသေ့က မိမိ၏အလိုဆန္ဒအတိုင်း တောင်းပန် ဝန်ချခြင်းမပြုသောကြောင့် ဒေဝီလရသေ့၏ လက်နှစ်ဖက်

နှင့် ခြေနှစ်ချောင်း ဥက္ကောင်းတို့ကို ဇွတ်အဘင်း အကိုင်ခိုင်းပြီး လျှင် နာရဒရသေ့၏ခြေရင်း၌ ဝပ်စင်းညွတ်ကိုင်းစေ၏။

နာရဒရသေ့လည်း-

"ဆရာ ထလော့၊ငါသည် အသင့်အား သည်းခံ၏"ဟု ဆိုပြီး—

"မြတ်သော မင်းကြီး၊ ဤရသေ့သည် မိမိအလိုဆန္ဒအတိုင်း ငါ့အား တောင်းပန်ဝန်ချတာ မဟုတ်ဘူး၊ သို့အတွက် မြို့၏ အနီး ရေအိုင်ကြီးတခုရှိတယ်၊ အဲဒီ ရေအိုင်မှာ ရသေ့ခေါင်း ပေါ် မြေကြီးခဲတွေ တင်ထား၍ ရေ၌ လည်ပင်းအထိ မြုပ် သော နေရာမှာ ထားလော့"

မင်းကြီးလည်း ရသေ့ဆိုတိုင်း ပြုလုပ်လေ၏။ နာရဒရသေ့ သည် ဒေဝိလရသေ့ကို ခေါ်၍—

"ငါသည် တန်ခိုးဖြေလွှတ်လိုက်လျှင် နေထွက်လာလိမ့်မယ်။ အဲဒီအခါ ရေထဲငုပ်ပြီး တခြားနေရာ တက်သွားပေတော့" ဟု မှာကြား ပြောဆိုလိုက်၏။ နာရဒရသေ့က တန်ခိုး ဖြေလွှတ် လိုက်သော် နေရောင်ကလေး ထွက်လာရုံမျှနှင့် ခေါင်းပေါ်၌ တင်ထားသော မြေကြီးခဲမှာ ခုနစ်စိတ်ကွဲ၍သွားလေ၏။ ဒေဝိလ ရသေ့လည်း ရေထဲသို့ ငုပ်လျှိုးတိမ်းရှောင်ပြီး တခြားအရပ်သို့ ထွက်ပြေးသွားလေ၏။

## ရဟန်းတော်တသိန်း သောတာပန် တည်ခြင်း

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောတော်မူ၍-

"ချစ်သား ရဟန်းတို့၊ အဲဒီအခါတုန်းက ဗာရာဏသီမင်း ဟာ ယခုအခါ အာနန္ဒာ ဖြစ်လာတယ်၊ အဲဒီတုန်းက

ဒေဝီလရသော့ဟာ ယခုအခါ တိဿရဟန်းကြီး ဖြစ်လာတယ်။ အဲဒီတုန်းက နာရဒရသော့ဟာ ယခုအခါ ငါဘုရားဖြစ်လာ တယ်” ဟု ဇာတ်တော်ကို ပေါင်းတော်မူပြီးမှ—

“ချစ်သား ရဟန်းတို့၊ အဲဒီအခါတုန်းကပင် ဒီတိဿရဟန်း ဟာ အပြောရ အဆိုရ ခက်သည်သာတည်း” ဟု ဆိုပြီး တိဿ ရဟန်းကြီးကို ခေါ်တော်မူ၍—

“ချစ်သား တိဿ၊ ရဟန်းတို့မည်သည်မှာ ဒီလူက ငါ့ကို ဆဲတယ်၊ ဒီလူက ငါ့ကို ညှဉ်းဆဲနှိပ်စက်တယ်၊ ဒီလူက ငါ့ကို အနိုင်ကျင့်တယ်၊ ဒီလူက ငါ့ဥစ္စာကိုယူတယ် စသည်ဖြင့် အဖန် တလဲလဲ အမြဲမပြတ် အစွဲအလမ်းမထားအပ်ဘူး၊ အဲဒီလို ရန်ငြိုး ထားလေ့ရှိသူဟာ ရန်ပွား ရန်များတယ်၊ ချမ်းချမ်းသာသာ မနေရ မထိုင်ရဘူး၊ ရန်ငြိုး ရန်စ မထားတတ်သော သူအားသာ ဘေးရန်ကင်းကွာ၍ ချမ်းသာစွာ နေထိုင်ရတယ်” ဟု မိန့်တော် မူလေ၏။

ဒေသနာအဆုံးတွင် တသိန်းသော ရဟန်းတို့ သောတာပန် တည်ကြလေ၏။ အပြောရအဆိုရခက်သော တိဿရဟန်းကြီး လည်း အပြောရအဆိုရလွယ်သောသူ အဖြစ်သို့ ရောက်ရှိသွား လေတော့သတည်း။

# ကာဠီဘီလူးမ ဝတ္ထု

န ဟိ ဝေရေန ဝေရာနိ အစရှိသော တရားဒေသနာကို မြတ်စွာဘုရား သခင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသောအခိုက်က အမြုံမ တယောက်ကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့ပေသည်။

သူကြွယ်သား တယောက်သည် ဖခင်သူကြွယ် ကွယ်လွန်သွားသောအခါ လယ်တောမှာ ဖြစ်စေ၊ အိမ်မှာဖြစ်စေ ရှိသမျှအလုပ်တွေကို ကြိုးလုပ်၍ မိခင်ကြီးအား ကောင်းမွန်စွာ လုပ်ကျွေးပြုစု၍ နေလေ၏။ ထိုအခါ မိခင်ကြီးက–

"ငါ့သား....၊ မင်းအတွက် မိန်းမတယောက် ရှာပေးမယ်"

"အမေရယ် ဒီလို မပြောပါနဲ့၊ ကျွန်တော် အသက်ရှည်သမျှ အမေ့ကို ကောင်းကောင်းမွန်မွန် ပြုစုပါ့မယ်"

"ငါ့သား၊ လယ်ထဲမှာဘဲဖြစ်ဖြစ်၊ အိမ်မှာဘဲဖြစ်ဖြစ် အလုပ်ရှိသမျှကို မင်းတယောက်ထဲလုပ်ကိုင်နေရတာ အမေ စိတ်မချမ်းသာဘူး။ လူကလေး....၊ အမေ့စကားကို နားထောင်ပါ၊ မင်းအတွက် မိန်းမတယောက် ရှာပေးစားမယ်"

အမေဖြစ်သူက တဖွဖွ ပြောရှိနေ၏။ သူကြွယ်သားလည်း "မတော်ပါဘူး အမေရယ်"ဟု အကြိမ်ကြိမ် အခါခါပင် တောင်းပန်၍ နေသည်။ မိခင်လုပ်သူကလည်း ဇွတ်အတင်း အမျိုးသမီးတယောက် သွားခေါ်မယ်ဆိုပြီး အိမ်ကထွက်လေ၏။

"အမေ၊ ဘယ်အမျိုးသွားမလို့လဲ"

"လူကလေး၊ ငါ့ဒီအမျိုးထဲ သွားမလို့"

"အမေ၊ အဲဒီ အမျိုးထဲက မလုပ်ပါနဲ့ အမေရယ်"ဟု တားမြစ်ပြီး မိမိစိတ်ကြိုက် အမျိုးတခုကို ပြောလိုက်၏။ မိခင်လုပ်သူလည်း သားကြိုက်သည့် အမျိုးအိမ်သွားပြီး အကျိုးအကြောင်းပြောပြ၍ နေ့ရက်ချိန်းကာ ထိမ်းမြားလိုက်လေ၏။

ထိုအမျိုးသမီးသည် သားသမီး တယောက်မှ မရ။ အမြုံမကြီးဖြစ်၍ နေလေ၏။ အမေလုပ်သူက-

"ငါ့သား၊ မင်းစိတ်ကြိုက် အမျိုးသမီးနဲ့ အမေ လက်ထပ်ပေးပြီးပြီ၊ ဒါပေမယ့် သားသမီး တယောက်မှ မရ အမြုံမကြီးဖြစ်နေတယ် ငါ့သား....၊ သား သမီး မရှိတဲ့ အမျိုးဟာ အမျိုးပျက်တတ်တယ်၊ မျိုးဆက် မပွားနိုင်ဘူး။ ဒါကြောင့် ငါ့သားကို နောက်ထပ် မိန်းမတယောက် ပေးစားအုံးမယ်"

"မလုပ်ပါနဲ့ အမေရယ် မတော်ပါဘူး၊ တယောက်ဆို တော်ရောပေါ့"

အမေလုပ်သူသည် ခဏခဏ ဤအကြောင်းချည့် ပြော၍ နေလေ၏။ အမြုံမသည် ထိုစကားကို ကြားသိသွားသော် 'သားသမီးဆိုတာ မိဘစကားကို မလွန်ဆန်နိုင်ဘူး၊ နောက်ထပ် မိန်းမတယောက် သူ့အမေက ပေးစားလျှင် ငါဟာ ကျွန်ဘဝ ရောက်သွားလိမ့်မယ်၊ ကျွန်လို ခိုင်းစေကြလိမ့်မယ်။ ဒီတော့ ငါ့လင်အတွက် ငါကိုယ်တိုင် စိတ်ကြိုက်မိန်းမတယောက် ရှာပေးမှတော်မယ်'ဟု စဉ်းစားပြီး အမျိုးသမီးတယောက်ကို ရှာ၍ ပေးစားလိုက်လေ၏။

## မကောင်းသော အမြုံမ

ထိုနောက် အမြုံမသည် ဤသို့ အကြံအစည်တခု ဖြစ်လာပြန်သည်။ 'အကယ်၍ ဒီမိန်းမငယ်မှာ သားသမီး တယောက်တလေ ရမယ်ဆိုရင် သူသာ ပစ္စည်းဥစ္စာ အရှင်သခင် ဖြစ်လာပေလိမ့်မယ်၊ အစစအရာရာ သူသာ စိုးမိုး၍ လာပေလိမ့်မယ်၊ ဒီတော့ ငါဟာ ဒီမိန်းမ သားသမီး မရအောင် တနည်းနည်းနဲ့ ကြံဆောင်မှ တော်တော့မယ်ဟု'ဟု ဆုံးဖြတ်ပြီး ထိုအမျိုးသမီးအား-

"ငါ့ညီမ၊ အကယ်၍ သင့်မှာ ကိုယ်ဝန်ရလာပြီဆိုရင် ငါ့ကို ကြိုတင် အကြောင်းကြားပါ၊ ငါ စောင့်ရှောက်ပါမည်" ဟူ၍ မှာထားလေ၏။

အမျိုးသမီးလည်း အဟုတ်မှတ်၍ ကိုယ်ဝန် တည်လာသောအခါ အမြုံမအား အကြောင်းကြားလေ၏။ ထို အမျိုးသမီးအား အမြုံမသာလျှင် အမြဲမပြတ် စောင့်ကြပ် ကြည့်ရှုလျက်

အစားအစာ ချက်ပြုတ်ကျွေးမွေးသောအခါ အစာနှင့် ရော နှော၍ ကိုယ်ဝန်ကျဆေးကို ကျွေးမွေးလေ၏။ ကိုယ်ဝန်သည် လျှောကျ ပျက်စီးလေ၏။

နောက်ထပ်တဖန် ကိုယ်ဝန် ပြန်တည်သော အခါ၌လည်း ရှေးနည်းအတူပင် အကြောင်းကြားလေ၏။ အမြုံမလည်း ရှေးနည်းအတူပင် ကိုယ်ဝန်ကို ဖျက်ချလိုက်ပြန်၏။ ထိုအခါ အိမ်နီးနားချင်း မိန်းမတို့က သင့်မှာ ရန်သူ အန္တရာယ်ရှိသလား ဟု မေးရာ အမျိုးသမီးလည်း ဖြစ်ကြောင်းကုန်စင် အစုံအလင် ပြောပြသဖြင့် အိမ်နီးနားချင်းတို့က—

"ဟဲ့-အမိုက်မ၊ ဘာကြောင့် ဒီလိုလုပ်ရသလဲ၊ ဒီအမြုံမ ဟာ သင်အစိုးရမှာ၊ စည်းစိမ်ရှင် ဖြစ်လာမှာ ကြောက်လို့ ကိုယ် ဝန် ကျဆေးကို အစာနှင့် ရောကျွေးခြင်းဖြစ်တယ်။ ဒါကြောင့် သင့်ကိုယ်ဝန် ခဏခဏ ပျက်ကျနေခြင်းဖြစ်တယ် နောက်နောင် ဒီလို မလုပ်နှင့်"ဟု တားမြစ်ကြလေ၏။

သုံးကြိမ်မြောက် ကိုယ်ဝန်တည်သောအခါ ဘာမျှ မပြောဘဲ တိတ်တိတ်ကလေး နေလိုက်၏။ ထို့နောက် အမြုံမသည် အမျိုး သမီးဗိုက်ကို မြင်၍—

"ငါ့ညီမ....၊ သင့်မှာ ကိုယ်ဝန်ရှိနေတာအစ်မကို ဘာကြောင့် မပြောသလဲ"

"သင်ဟာ ငါ့ကိုခေါ်လာပြီး နှစ်ကြိမ်တိုင်တိုင် ကိုယ်ဝန် ဖျက်ဆီးပစ်လိုက်တယ်။ ဒါကြောင့် သင့်ကို ငါမပြောဘဲ နေခြင်း ဖြစ်တယ်"

ထိုစကားကိုကြားလျှင် အမြုံမလည်း ငါတော့ ဒုက္ခရောက် -တော့မှာဘဲဟု စိတ်မှာစွဲပြီး အမျိုးသမီး၏အလစ်ကိုသာ ချောင်း

၍ နေလေ၏။ ကိုယ်ဝန်အတော်ရင့်မှ အခွင့်ရသဖြင့် ဆေးခတ်၍ ပေးလိုက်၏။ ကိုယ်ဝန် အရင့်အမာဖြစ်၍ ပျက်မကျနိုင်ဘဲ အမျိုးသမီးမှာ သေပွဲဝင်ရရှာတော့သည်။

## အတုံ့အပြန်

ထိုအမျိုးသမီး သေခါနီးတွင်-

"သင်ဟာ ငါ့ကို ခေါ်လာပြီး သင်သည်ပင် သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ကို ဖျက်ဆီးပစ်လိုက်တယ်၊ ယခုအခါ ငါပါ အသက် သေရတော့မယ်၊ ဒီဘဝမှ ငါသေသွားရင် ဘီလူးမ ဖြစ်၍ သင့် သား သမီးတွေကို စားပစ်ရပါလို၏" ဟု ဆုတောင်းပြီး သေဆုံးသွားလေ၏။

ဒမြုံမကိုလည်း လင်ဖြစ်သူက-

"နင်ဟာ ငါ့အမျိုး ဖျက်ဆီးတယ်" ဟု ကြိမ်းမောင်းပြီး အမျိုးမျိုးအဖုံဖုံ ညှဉ်းဆဲ နှိပ်စက်သေ၏။ ထိုဒဏ်ကြောင့် သေဆုံးသွားရာ ထိုအိမ်မှာပင် ကြက်မသွား၍ ဖြစ်လေ၏။

ကြက်မသည် မကြာမီပင် ကြက်ဥ အု၏။ ကြောင်မကလည်း ဥပြီးသော ကြက်ဥများကို လာရောက် စားသောက်ပစ်လိုက်၏။ နှစ်ကြိမ် သုံးကြိမ် ကြက်ဥများကို ကြောင်မ စားပြီးသောအခါ ကြောင်မသည် ငါ့ကိုစားဘို့ အလိုရှိနေသည်။ 'ငါသည် ဒီဘဝမှ သေသွားရင် သားသမီးနှင့်တကွ ကြောင်မကို စားနိုင်သည့် ကိုယ် ဖြစ်ရပါလို၏' ဟု ဆုတောင်းပြီး သေသွားလေ၏။

ကြက်မသည် သစ်မ သွားဖြစ်လေ၏။ ကြောင်မသည်လည်း သမင်မဖြစ်၍လာပြန်သည်။ သမင်မသားဖွားသောအခါ သစ်မ

လာ၍ သုံးကြိမ်တိုင်တိုင် သားသမီးများကို စားသောက်ပစ်လေ၏။ သမင်မသည် သေခါနီး၌ ဒီသစ်မသုံးကြိမ်တိုင်တိုင် ငါ့သားသမီးတွေကို စားပစ်သည်။ ယခုလဲ ငါ့ကိုစားလိမ့်မည်၊ 'ငါ ဒီဘဝက သေသွားရင် ထိုသစ်မကို သားသမီးနှင့်တကွ စားရပါလို၏' ဟု ဆုတောင်း၍ သမင်မဘဝမှ သေသွားသောအခါ ဘီလူးမ သွား၍ဖြစ်လေ၏။ သစ်မလည်း ထိုဘဝမှ သေလွန်သော် သာဝတ္ထိပြည်၌ အမျိုးသမီးတဦး သွားဖြစ်လေသည်။

ထိုအမျိုးသမီး အရွယ်ရောက်သောအခါ မြို့တံခါးအနီးရွာနေ အမျိုးသားတဦးနှင့် အိမ်ထောင်ပြုလေ၏။ အမျိုးသားအိမ်သို့ လိုက်၍ နေရသည်။ ထိုအမျိုးသမီးအချိန်ကျ၍ မီးဖွားသောအခါ ဘီလူးမသည် အမျိုးသမီး၏ မိတ်ဆွေမယောင်ဆောင်ပြီး—

"ငါ့သူငယ်ချင်းမ ဘယ်မှာလဲ"

"အခန်းထဲမှာ မီးဖွားနေတယ်"

"ဟုတ်လား၊ ငါသွားကြည့်အုံးမယ်၊ သားလေးမွေးပါစေတော်" ဟု အနီးအနားရှိ ပြုစုသူများကို ပြောပြီး အခန်းတွင်းသို့ မယောင်မလည် ဝင်သွား၏။ ထို့နောက် သူငယ်ကို တိတ်တဆိတ် ယူ၍ ကိုက်စားပြီး ထွက်ခွာသွားလေ၏။ ဒုတိယအကြိမ် ဖွားမြင်သောအခါ၌လည်း ရှေးနည်းတူ ကိုက်စား၍ သွားလေ၏။ သုံးကြိမ်မြောက် ကိုယ်ဝန်ဖွားခါနီးတွင် သူ့ယောကျ်ားအား တိုင်ပင်လေ၏။

"အရှင်၊ ကျွန်မ မျက်နှာမြင်တို့ အချိန်နီးလာပြီ"

"အေး ဟုတ်ပါရဲ့ ရှင်မရယ်"

"ဒါကြောင့် ဒီတခါ မျက်နှာမြင်ရင် အမေတို့ဆီမှာ သွားပြီး မွေးချင်တယ်"

"အို- ဘာဖြစ်လို့ သွားချင်ရတာလဲ၊ ငါက သင့်ကို ဂရု မစိုက်လို့လား"

"ဒီလို မဟုတ်ပါဘူးအရှင်၊ အရင် ကျမမျက်နှာမြင်တဲ့ကလေး နှစ်ယောက် ပျောက်ပျောက်သွားတာ ရှင်အသိဘဲ မဟုတ်လား"

"ဟုတ်တယ်လေ၊ ငါလဲ မစဉ်းစားတတ်တော့ဘူး"

"အဲဒါ ဘီလူးမစားသွားတာပေါ့တော့၊ ဒီအရပ်မှာ ဘီလူးမ တယောက်ရှိတယ်၊ သူက မျက်နှာမြင်ပြီးချိန်မှာ ကျမသူငယ် ချင်းယောင် ဆောင်လာပြီး စား စားသွားဘာဘဲ"

"ဟေ....အဟုတ်လား၊ ဒါဖြင့်လဲ မင်းအမေအိမ်သွားမွေးရင် ကောင်းတာပေါ့"

သို့ဖြင့် အမျိုးသမီးသည် သူ့မိဘအိမ်သို့ သွားရောက်မွေးဖွား လေသည်။

## မစားရရင် ငါမနေ

ထိုအခါ ဘီလူးမသည် ရေပို့ရသော အလှည့် ကျနေသည်။ ဘီလူးမတို့သည် ဝေဿဝဏ် နတ်မင်းကြီးအား အလှည့်ကျဖြင့် အနောဒတ္တရေအိုင်မှ ဦးခေါင်းအဆက်ဆက်ရွက်၍ ရေပို့ကြရလေ သည်။ တခါတခါ ရေပို့ရန် အလှည့်ကျလျှင် လေးငါးလကြာ တတ်သည်။ တချို့သော ဘီလူးမတို့သည် ပင်ပန်းလှသဖြင့် သေ ဆုံးကုန်၏။ ထိုဘီလူးမသည် ရေပို့ရသော အလှည့် ပြီးသည်နှင့် လျင်မြန်စွာ အမျိုးသမီးအိမ်သို့ သွား၏။

"ငါ့မိတ်ဆွေမ၊ ဘယ်သွားသလဲ"

"သူ့အမေအိမ်သွားတယ်"

"အော် ဟုတ်လား၊ ကလေး မျက်နှာမြင်ပြီးပလားတောင် မသိဘူး"

"ဟုတ်ကဲ့၊ သူ့အမေအိမ်မှာ မျက်နှာမြင်တို့ ဆိုပြီး သွားတာဘဲ"

"ဘာဖြစ်လို့ ဒီမှာ မမွေးတာလဲ"

"အရင်ကလေးတွေတုန်းက ဘီလူးမက လာပြီးစားသွားဘယ် ပြောတယ်"

"တော်တော်ဆိုးပါလား၊ အော် ဒါနဲ့ သူ့အမေအိမ်က ဘယ်မှာလဲ"

အိမ်နားနီးချင်းများအား မေးမြန်းကြည့်ပြီး၊ အမျိုးသမီး၏ အမေအိမ်ကို မသိမသာ မေးမြန်းလေသည်။ အိမ်နီးနားချင်း များကလဲ သဘောရိုးဖြင့် လာမေးသည်ဟု ထင်သဖြင့် အသေ အချာ လမ်းညွှန်လိုက်ကြသည်။

ဘီလူးမ စိတ်ထဲကမူ—

'အောင်မယ်၊ ဒီကောင်မက သိတောင် သိနေပါပေါ့လား၊ ဒင်းဘယ်လိုဘဲ ပြေးပြေး၊ ငါ့လက်ထဲက မလွတ်နိုင်ပါဘူး' ဟု ကြံစည်ကြုံးဝါးပြီး လျင်မြန်သော အဟုန်ဖြင့် ထိုအမျိုးသမီးရှိ ရာ မြို့သို့ ပြေးသွားလေ၏။

## ကယ်တော်မူပါဘုရား

ထိုအမျိုးသမီးလည်း သူ့သားလေး နာမည်ပေးမည့် နေ့၌ သားငယ်ကို ရေမိုးချိုး၍ နာမည်မှည့်ပြီးသောအခါ ခင်ပွန်းဖြစ် သူအား—

"အရှင်၊ ကျွန်မတို့ အိမ်ပြန်ကြပါစို့"

"အေး၊ ကောင်းပြီ၊ သွားကြတာပေါ့"

ဇနီးမောင်နှံနှစ်ဦးသည် သားငယ်ကို ချီ၍ မြတ်စွာဘုရား ကျောင်းတော်အလယ်က ဖြတ်သွားသောလမ်းဖြင့် အိမ်သို့ ပြန်ကြ၏။ ကျောင်းတော်အနီး ရေကန်သို့ရောက်လျှင် အမျိုးသမီး သည် ရေချိုးလိုသဖြင့် သားငယ်အား လင်ယောကျ်ားကို ပေး၍ ရေချိုးလေ၏။ ရေချိုးပြီးသောအခါ လင်ဖြစ်သူက တဖန် ရေ ချိုးလိုသဖြင့် သားငယ်ကို ပြန်ယူပြီး နို့တိုက်နေ၏။

ထိုအချိန်တွင် အဝေးမှ ဘီလူးမလာသည်ကို မြင်၍ မှတ်မိ သည်နှင့်—

"အရှင်၊ ကလေးကို မြန်မြန်လာယူလှည့်ပါ။ ဟိုမှာ ကျွန်မ သားတွေကို စားပစ်တဲ့ ဘီလူးမကြီး လာနေပြီ" ဟု သံကုန် အော်ဟစ်လိုက်၏။

ထို့နောက် လင်ယောကျ်ား လာအောင် မစောင့်နိုင်တော့ဘဲ မြတ်စွာဘုရားကျောင်းတော်သို့ ကလေးငယ်ကို ပွေ့ချီပြီး အတင်းပြေးလေတော့သည်။ မြတ်စွာဘုရားသည် ထိုအချိန်တွင် ပရိသတ်တို့၏ အလယ်၌ တရားဟောတော်မူခိုက်ဖြစ်၏။ အမျိုး သမီးသည် သားငယ်ကို မြတ်စွာဘုရား၏ခြေတော်ရင်း၌ ချထား ပြီး....

"ဘုန်းတော်ကြီး မြတ်တော်မူလှသော ရှင်တော်မြတ်ဘုရား၊ ဤသူငယ်ကို အရှင်ဘုရားတို့အား လှူပါ၏။ အရှင်ဘုရားတို့သည် တပည့်တော်မ၏ သားကလေး အသက်ကို ကယ်မတော်မူပါ ဘုရား" ဟု လျှောက်ထားလေသည်။

## ဘီလူးမ သောတာပန် တည်ခြင်း

ကျောင်းတံခါးမုခ်၌ စောင့်နေသော သုမန နတ်သားသည် ဘီလူးမအား ကျောင်းတွင်းသို့ ဝင်ခွင့်မပြုပေ။ မြတ်စွာဘုရားက အာနန္ဒာမထေရ်ကို ခေါ်တော်မူ၍-

"ချစ်သား အာနန္ဒာ၊ သင်သွား၍ ဘီလူးမကို ခေါ်ခဲ့ချေလော့"

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား အမိန့်တော်ဖြင့်ဘီလူးမကို ခေါ်၍ လာလေ၏။ ဘီလူးမ ဝင်လာသည်ရှိသော် အမျိုးသမီးလည်း-

"အရှင်ဘုရား၊ တပည့်တော်မ သားတွေကို စားတဲ့ ဘီလူးမကြီး လာနေပါတယ် ဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရား သခင်က-

"လာပါစေ၊ အသံပေးမနေနဲ့"ဟုမိန့်တော်မူ၏။ ထို့နောက် ရောက်လာသော ဘီလူးမအား ကြည့်၍-

"ဟယ်ဘီလူးမ၊ အဘယ်ကြောင့် ဤကဲ့သို့သော အမှုကို ပြုလုပ်ဘိသနည်း၊ သင်တို့သည် ငါကဲ့သို့သော မြတ်စွာဘုရား ရှေ့မှောက်အကယ်၍ မရောက်ကြဘူးဆိုလျှင် မြွေနှင့်မြွေပါလို၊ ဝံနှင့်ကြိုပင်စောင့်နတ်လို၊ ကျီးနှင့် ခပ်ပုပ်တို့လို ကမ္ဘာပတ်လုံး မဆုံးမချင်း ရန်ပြု၍နေကြရာ၏။ အဘယ့်ကြောင့် သင်တို့သည် ရန်လုပ်နေချင်ကြသနည်း၊ ရန်တို့မည်သည် ရန်ကိုရန်ချင်း မတုံ့နှင်းမှသာလျှင် ပျောက်ကင်း အေးငြိမ်းပေလိမ့်မည်၊ ရန်ကို ရန်ချင်းတုံ့နှင်းနေပါမူ ဘယ်သောအခါမှ ရန်စ အေးငြိမ်းမှာ

မဟုတ်ဘူး” ဟု မိန့်တော်မူပြီးလျှင် န ဟိ ဝေရေန အစရှိသော ဂါထာကို ဟောကြားတော်မူ၏။

ဒေသနာ၏ အဆုံး၌ ဘီလူးမ သောတာပန်တည်၍ သွားလေ၏။

မြတ်စွာဘုရား သခင်သည် ထိုအမျိုးသမီးအား-

“သင့်သားကို ဘီလူးမအား ပေးလိုက်”

“အရှင်ဘုရား၊ ကြောက်လှပါသည် ဘုရား”

“မကြောက်နဲ့၊ သင်သည် ဘီလူးမကိုအကြောင်းပြု၍ ဘာမျှ အန္တရာယ် မရှိဘူး”ဟု မိန့်တော်မူ၏။

အမျိုးသမီးသည် သားငယ်ကို ဘီလူးမလက်သို့ မဝံ့မရဲဖြင့် ပေးလိုက်၏။ ဘီလူးမလည်း သူငယ်ကို နမ်းရှုံ့ပြီးနောက် သူ့အမေလက်ထဲသို့ ပြန်ထည့်ပေးပြီး ငိုကြွေးလေတော့သည်။

ထိုအခါ မြတ်စွာဘုရားသခင်က-

“ဘီလူးမ၊ သင်သည် အဘယ်ကြောင့် ငိုကြွေးသနည်း”

“အရှင်ဘုရား၊ တပည့်တော်မသည် ရှေးအခါက ရရာကို သတ်ဖြတ်၍ စားသောက် အသက်မွေးသော်လဲ ဝမ်းပြည့်ရုံမျှ မစားခဲ့ရပါ။ ယခုအခါ အဘယ်ကဲ့သို့ အသက်ရှင် နေနိုင်တော့မှာလဲ ဘုရား”

“ဘီလူးမ၊ သင်ဘာမျှ မစိုးရိမ်လင့်” ဟု သက်သာရာရစေ၍ သူငယ်၏ မိခင်ဘက်သို့လှည့်ပြီး-

“သင်သည် ဤဘီလူးမကို ခေါ်သွား၍ အိမ်တွင် သင့်တော်ရာ၌ နေစေလော့၊ စားဦးသောက်ဦး ထမင်းဟင်းတို့ဖြင့် ကျွေးမွေးလေလော့”ဟု မိန့်တော်မူ၏။

အမျိုးသမီးလည်း ဘီလူးမကိုခေါ်၍ ခေါင်ယောက်အပေါ်၌ ထားပြီး ထမင်းဦး၊ ဟင်းဦးတို့ဖြင့် လုပ်ကျွေးပေ၏။ ဘီလူးမသည် ဆံပွတ်သောအခါ ခေါင်းကို ကျည်ပွေ့နှင့် ရိုက်သံလို ခံရားရလေသည်။ ထို့ကြောင့် ဘီလူးမလည်း မိတ်ဆွေမကို ခေါ်၍-

"ဒီနေရာမှာ ငါနေလို့မရဘူး။ တခြားနေရာ ရွှေ့ထားပါ" ဟု ပြော၏။

အမျိုးသမီးလည်း မောင်းဘင်းကုပ်၊ ရေအိုးစဉ်၊မီးဖိုချောင်၊ တံစက်မြိတ်၊ အမှိုက်ပုံစသည်တို့၌ ထားသော်လည်းထိုနေရာမှာမှ မနေနိုင်ပေ။ အနောက်အယုက်ရှိနေသဖြင့် ရွာပြင်ဘက် ဆိတ်ငြိမ်ရာ၌ နေစေ၍ စားဦးသောက်ဦးတို့ဖြင့် လုပ်ကျွေးလေ၏။

ထိုအခါ ဘီလူးမသည် ဤသို့ အကြံဖြစ်လာသည်-

'ငါ့မိတ်ဆွေမသည် ငါ့အပေါ် အထူး ကျေးဇူး များလှပေသည်။ငါလဲ ကျေးဇူးတုံ့ပြန်ဆပ်မှ တော်မည်' ဟု ကြံပြီး ဘီလူးမလည်း-

"အဆွေမ၊ ဒီနှစ် မိုးမကောင်းဘူး၊ အနိမ့်ပိုင်းမှာ စိုက်ပျိုးလော့"ဟု မိတ်ဆွေမအား ပြောကြား၏။

ကျန်လူအများ စိုက်ပျိုးသည့် သီးနှံတို့သည် ရေလွှမ်း၍ ဖြစ်စေ၊ ရေမရ၍ဖြစ်စေ များသောအားဖြင့် ပျက်စီးကြလေ၏။ အမျိုးသမီး၏ စိုက်ပျိုးသော သီးနှံများသာ ဖြစ်ထွန်းအောင်မြင်လေ၏။

ထိုအခါ လူအများက-

"ချစ်သမီး၊ သင့်ကောက်ပဲသီးနှံများသာ ဖြစ်ထွန်းအောင်မြင်တယ်၊ အပျက်အစီး မရှိဘူး၊ သင်သည် မိုးကောင်းသည်

မကောင်းသည်ကို သိသလော၊ အကြောင်းဘယ်လိုလဲ”ဟုမေးကြကုန်၏။

“အသင်တို့၊ ငါ့မိတ်ဆွေ ဘီလူးမက မိုးကောင်းမည် မကောင်းမည်ကို ကြိုတင်၍ ပြောကြားပေ၏။ ငါတို့သည် ထိုဘီလူးမ၏ စကားအတိုင်း လိုက်နာ၍ စိုက်ပျိုးသောကြောင့် ဖြစ်ထွန်းအောင်မြင်သည်”ဟု ပြော၏။

ဆက်လက်၍—

“အသင်တို့သည် ငါတို့အိမ်ကနေပြီး ထမင်းဦး ဟင်းဦးတွေ ဘီလူးမဆီကို သွားပို့နေတာ မမြင်ကြသူးလား။ သင်တို့လဲ ဘီလူးမကို စားဦးစားဖျားဖြင့် သွားရောက်ကျွေးမွေး ကြကုန်လော့၊ သင်တို့ရဲအမှုကိုလဲ ကြည့်ရှုစောင့်ရှောက်လတံ့”ဟု ပြောကြားလေ၏။

ထိုအခါ ဘီလူးမအား မြို့နေလူအပေါင်းတို့သည် ပူဇော်သက္ကာရ ပြုစုကြကုန်၏။ ဘီလူးမသည်လည်း လိုနေ့မှစ၍ အလုံးစုံသော သူတို့၏အမှုကို ကြည့်ရှုပြောဆို၍ပေးလေ၏။ ဘီလူးမသည် အခြေအရံပြည့်စုံ၍ လာဘ်လာဘပြည့် ဖြိုးခြင်းသို့ ရောက်လေ၏။ နောင်အခါ ဘီလူးမသည် ရှင်ပါးသော စာရေးတံဆွမ်းတို့ကို လှူဒါန်းစေ၏။ စာရေးတံဆွမ်းတို့ကို ယနေ့ခေတ်တိုင်အောင် ပေးလှူပူဇော်၍ နေကြကုန်တော့သတည်း။

# ကောသမ္ဗီရဟန်းများ ဝတ္ထု

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ကောသမ္ဗီပြည်နေရဟန်းတို့ကိုအကြောင်းပြု၍ ဤတရားကို ဟောကြားတော်မူခဲ့သည်။

ကောသမ္ဗီပြည် ဃောသကသူဌေးကြီး ဆောက်လုပ်လှူဒါန်းအပ်သော ဃောသိတာရုံကျောင်း၌ တပည့်ပရိသတ်ငါးရာစီအခြံအရံရှိသော ဝိနည်းဓိုရ်ရဟန်းတပါးနှင့် ဓမ္မကထိကာ ရဟန်းတပါး၊ ပေါင်းနှစ်ပါးတို့သည် မိမိတို့၏ပရိဘ်သဘ်နှင့်အတူ သီတင်းသုံးတော်မူကြကုန်၏။ ဓမ္မကထိကရဟန်းသည် ကိုယ်လက်သုတ်သင်ပြီး၍ ရေခွက်၌ရေအကျန်ထားပြီး ထွက်သွားလေ၏။ ထိုနောက် ဝိနည်းဓိုရ်ရဟန်း ရေအိမ်သို့ဝင်သောအခါ ရေကျန်ကိုမြင်၍ ပြန်ထွက်လာပြီး ဓမ္မကထိကရဟန်းအား–

"ငါ့ရှင်၊ သင်သည် ရေခွက်ထဲမှာ ရေအကျန်နှင့် ထားခဲ့သလော"

"အရှင်ဘုရား၊ ထားခဲ့မိပါ၏"

"ဘယ်လိုလဲ ဒီလိုထားရင် အာပတ်သင့်တယ်ဆိုတာ မသိဘူးရလား"

"အရှင်ဘုရား၊ မသိလို့ပါဘုရား"

"ဒီလို ရေနဲ့တန်းလန်းထားခဲ့ရင် အာပတ်သင့်တယ်"

"အာပတ်သင့်တယ်ဆိုရင်တော့ တပည့်တော် အာပတ်ကို ကုစားပါမည်ဘုရား"

"ဒါပေမယ့် လွန်ကြူးလိုသော စေတနာမရှိရင်ဖြစ်စေ၊ မေ့လျော့နေခဲ့ရင်ဖြစ်စေ အာပတ်မသင့်ပါ"

ထိုမျှနှင့်ပြီးစီးသွားသော်လည်း အချိန်အနည်းငယ်ကြာသောအခါ ဝိနည်းဓိုရ်ရဟန်းသည် မိမိ၏တပည့်များအား-

"ဒီမေ့ကထိကရဟန်းဟာအာပတ်သင့်တာလောက်ကိုတောင်မသိဘူး"ဟု ပြောကြားလေ၏။

ထိုစကားကို အခြားရဟန်းတို့ကြားလေလျှင် မိမိ၏ဥပဇ္ဈာယ်ဆရာအား သွားရောက်လျှောက်ထား ကြကုန်၏။ ဓမ္မကထိကရဟန်းလည်း-

"ဒီဝိနည်းဆောင်ရဟန်းဟာအရင်ပြောတော့ အာပတ်မသင့်ဘူး၊ အခုတော့ အာပတ်သင့်တယ်လို့ ပြောနေပြန်ပြီ၊ လိမ်လည်လှည့်ဖြား မဟုတ်မတရားပြောဆိုနေတယ်"ဟု ပြောပြန်၏။

ဓမ္မကထိကရဟန်း၏ တပည့်တွေကလည်း ဝိနည်းဆောင်ရဟန်းတွေအား–

"ခင်းတို့ဆရာ မဟုတ်မတရား မှုသားပြောဆိုတယ်"ဟု ချေပကြ၏။

ထိုရဟန်းတို့သည် အချင်းချင်းအငြင်းအခုံဖြစ်၍ နေကြလေ၏။ဝိနည်းမိုရ်ရဟန်းသည် အခွင့်ကောင်းယူ၍ ဓမ္မကထိကရဟန်းကို အာပတ်ကို မရှုမမြင် မဆင်ခြင်မှုနှင့် နှင်ထုတ်လိုက်လေ၏။

## အကွဲဂယက် ပြဟ္မာ့ပြည်တက်

ထိုအချိန်မှစ၍ ရဟန်းတို့၏ အလုပ်အကျွေးဖြစ်သော ဒကာတို့လည်း ကွဲကြလေကုန်၏။ ထိုနောက် ဩဝါဒခံယူသော ရဟန်းမိန်းမတွေ၊ အစောင့်အရှောက်နတ်တွေ၊ ပြဟ္မာတွေ အစိတ်စိတ်အမြွာမြွာကွဲကြလေ၏။

ထိုသို့ အကွဲသံဂယက်ကြီးသည် ဘဝဂ်တိုင်အောင် တက်၍ သွားလေသည်။ ထိုအခါ မထင်ရှားသော ရဟန်းတပါးသည် ဘုရားထံသွား၍ လျှောက်ထား၏။

"အရှင်ဘုရား၊ နှင်ထုတ်တဲ့ရဟန်းတွေနှင့် အနှင်ခံရတဲ့ရဟန်းတွေဟာ သူ့ဘက်ကမှန်တယ်၊ ငါ့ဘက်က မှန်တယ်လို့ အယူရှိနေကြပါတယ်ဘုရား"ဟု အကြောင်းစုံကို လျှောက်ထားလေ၏။

## ဘုရားစကားနားမထောင်

မြတ်စွာဘုရားသခင်သည်-

"ချစ်သားရဟန်းများတို့၊ အချင်းချင်း သင့်တင့်ညီညွတ်အောင် နေထိုင်ကြ...."ဟု နှစ်ကြိမ်တိုင်တိုင်ခေါ်တော်မူ၍ မိန့်ကြားတော်မူ၏။

သင့်တင့်ညီညွတ်မှုကို အလိုမရှိသည်၏အဖြစ်ကို သိရှိတော်မူ၍၊ သုံးကြိမ်ခွဲကွဲနေသောရဟန်းတို့ထံ ကိုယ်တိုင်ကြွသွားတော်မူ၏။ နှင်ထုတ်သောရဟန်းများ၏ နှင်ထုတ်ခြင်းအပြစ်ကိုရင်း၊ အနှင်ခံရသောရဟန်းများ၏ အာပတ်မကုစားခြင်း အပြစ်ကိုရင်း ဟောကြားတော်မူ၍ 'ထိုသို့ကွဲကြသောရဟန်းတို့အား သော်သိတာရုံကျောင်းတိုက်၌ပင်လျှင် တသိမ်ထဲအတူတူ ဥပုသ်ပြုကြရမည်၊ ဆွမ်းစားရာ၌လည်း အတူတကွ သင့်သင့်မြတ်မြတ် စားသောက်ရမည်' ဟု ပညတ်တော်မူ၏။

'နောက်ထပ်တဖန် ကွဲကြပြန်ပြီ' ဆိုသောအသံကို ကြားတော်မူသောကြောင့် ထိုအရပ်သို့ ကြွတော်မူပြီး-

"ချစ်သားတို့၊ ခိုက်ရန်ငြင်းခုံမပြုကြနှင့်၊ ကွဲပြားအောင် မပြုကြနှင့်" ဟု မိန့်တော်မူပြီး၍-

"ချစ်သား ရဟန်းတို့၊ ခိုက်ရန် ငြင်းခုံဖြစ်ခြင်း၊ ကွဲပြားခြင်းဟာ ဘာမျှ အကျိုးစီးပွား မရှိဘူး၊ ခိုက်ရန် ငြင်းခုံ ဖြစ်တာကို အကြောင်းပြု၍ နန္ဒိစုတ်ငှက်မဟာ အင်မတန် အားခွန်ဗလနှင့်ပြည့်စုံသော ဆင်ပြောင်ကြီးကိုပင် အသက်ဆုံးအောင် လုပ်ခဲ့ဘူးတယ်" ဟု နန္ဒိစုတ် ငှက်ငယ်မဇာတ်ကို ဟောကြားတော်မူ၏။

"ချစ်သားရဟန်းတို့၊ အချင်းချင်း သင့်တင့်အောင် နေကြ၊ ကွဲပြားအောင် မလုပ်ကြနှင့်၊ အငြင်းအခုံ ဖြစ်တဲ့အတွက် သိန်းကျော်သော ငုံးငှက်တို့ အသက် ဆုံးရှုံးခဲ့ရဘူးသည်" ဟု ငုံးမင်းဇာတ်တော်ကို ဟောတော်မူသည်။

ဤသို့ မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူသော်လည်း မည်သူမျှ နားမထောင်ကြပေ။ ထိုအခါ ဓမ္မဝါဒီ ရဟန်းတပါးက မြတ်စွာဘုရား ပင်ပန်းခြင်းကို မကြည့်လိုသဖြင့်-

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဆိုင်းငံ့တော်မူပါဘုရား၊ တရားမင်းသခင် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ကြောင့်ကြမဲ့တော်မူပါဘုရား၊ ဖလသမာပတ် ဝင်စား၍ သီတင်းသုံးတော်မူပါဘုရား၊ သူတို့ တရားကို သူတို့ စီရင်ပါလိမ့်မည်ဘုရား"ဟု လျှောက်ကြားသော် မြတ်စွာဘုရားသည် အတိတ်ဇာတ်ကြောင်း ပြန်ပြောင်း မိန့်ဆိုတော် မူလေ၏။

## ဒီဃီတိ ကောသလမင်းကြီး

"ချစ်သား ရဟန်းတို့၊ ရှေးကဖြစ်ခဲ့ဘူးသည်ကား ဗာရာဏသီပြည်တွင် ဗြဟ္မဒတ် အမည်ရှိတဲ့ ကာသိကရာဇ်မင်း မင်းပြုတော်မူစဉ်ကာလ ဖြစ်ပေသည်...." အစချီ၍ အောက်ပါ အတိုင်း ပြန်ပြောင်း ဟောကြားတော်မူလေသည်။

ထိုမင်းသည် များမြတ်သော စည်းစိမ်ဥစ္စာ ဗိုလ်ပါ ဆင်မြင်း အလုံးအရင်းနှင့် ပြည့်စုံလှ၏၊ ကြီးကျယ်သော နိုင်ငံတော်ပိုင်ရှင် ဖြစ်သောကြောင့် ဘဏ္ဍာကျီကျ အပြည့်အဝ ရှိ၏။ ကောသလတိုင်း၌လည်း ဒီဃီတိ ကောသလမင်း မင်းပြုတော်မူ၏။ ထိုမင်းသည် ပစ္စည်းဥစ္စာ ဗိုလ်ပါ ဆင် မြင်း နည်း၍ဆင်းရဲသော နိုင်ငံတခု ဖြစ်သည်။ ထိုအခါ ဗြဟ္မဒတ် ခေါ် ကာသိကရာဇ်မင်းသည် အားနည်းသော နိုင်ငံကို အပိုင်စီးရန်အတွက် ဒီဃီတိ ကောသလမင်းအား စစ်တိုက်စစ်သည် ဗိုလ်ပါအပြည့် ချီတက်၍ သွားလေ၏။

ဒီဃီတိကောသလမင်းသည် 'ငါ့အား စစ်တိုက်ရန် ကာသိကရာဇ်မင်း ချီတက်လာသည်။ ကာသိကတိုင်းရှင် ဘုရင်ဗြဟ္မဒတ်

သည် အင်အားကြီး နိုင်ငံတခုဖြစ်၍ လက်နက်ရိက္ခာ ဗိုလ်ပါ အပြည့်အဝရှိသည်။ ငါ့နိုင်ငံသည် အင်အားနည်းပါး၍ ဆင်းရဲသား နိုင်ငံတခု ဖြစ်သည်။ တုပယှဉ်ပြိုင် အနိုင်တိုက်ဘို့ မလွယ်ဘူး။ တကြိမ်တိုက်တောင် ခံနိုင်ရည် မရှိဘူး။ ငါစောစော မြို့က ထွက်မှ အသက်ချမ်းသာရာ ရပေမယ်' ဟု ကြံစည်စိတ်ကူးမိ၍ မိဖုရားကြီးကိုခေါ်ပြီးလျှင် စောစောကပင် မြို့မှထွက်တော် မူခဲ့လေ၏။

ကာသိကရာဇ်မင်းလည်း ဒီဃိတိ ကောသလမင်း နိုင်ငံကို အလွယ်တကူ သိမ်းယူတော် မူလိုက်လေ၏။ ဒီဃိတိ ကောသလမင်းသည် တဖြေးဖြေး ပြေးလာခဲ့ရာ ဗာရာဏသီ မြို့စွန်သို့ ရောက်၍ လာလေ၏။ ထိုမြို့စွန်ရှိ အိုးထိန်းသည်အိမ်၌ အဝတ်ဖြူဝတ်ပြီး မထင်မရှား နေထိုင်လေသည်။

## မိဖုရားကြီး ကိုယ်ဝန်ရှိခြင်း

ထိုနောက် မကြာမီပင် ဒီဃိတိ ကောသလမင်း၏ မိဖုရားကြီး ကိုယ်ဝန် တည်လေ၏။ ကိုယ်ဝန်တည်သောအခါ မိဖုရား၌ ချင်ခြင်းဖြစ်လာသည်။ အရှေ့ကျွန်းမှ နေဝန်း ထွက်ပေါ်လာသောအခါ ချပ်ဝတ်မိန်ညို မောက်တို မောက်ရှေ့သော စစ်ဝတ်စုံပြည့် ဝတ်စားလျက် စစ်အင်္ဂါ လေးပါးရှိသော စစ်တပ်ကြီး စစ်တလင်း စစ်ခင်းနေပုံကို ကြည့်ရှုလိုခြင်း၊ သန်လျက်ဆေးသောရေကို သောက်လိုခြင်း အစရှိသော ချင်ခြင်း ဖြစ်ပေါ်လာ၏။ ထိုအခါ မိဖုရားကြီးက–

"အရှင်မင်းကြီး....၊ နှမတော်တွင် ကိုယ်ဝန် တည်ရှိနေပါပြီ၊ နှမတော်သည် အရှေ့ကျွန်းမှနေဝန်းပေါ်စဉ် စစ်အင်္ဂါလေးပါးရှိသော တပ်မတော်ကြီး စစ်ခင်းနေပုံကို ကြည့်ရှုလိုသော ချင်ခြင်းနှင့် သန်လျက်ဆေးသောရေကို သောက်လိုသော ချင်ခြင်းများ ဖြစ်ပေါ်နေပါသည်"

"မိဖုရား....၊ ငါတို့မှာ ရန်သူဘေးက ကင်းဝေးအောင် ကြံဆောင်ပြီး တနိုင်ငံ တရပ်တကျေးကို ထွက်ပြေးတိမ်းရှောင်လာခဲ့ရတယ် မဟုတ်လား၊ အသက်ကလေး ချမ်းသာရာ ရဘို့ကိုပင် ပရိဗိုဇ်အသွင်နဲ့ ငြိမ်ငြိမ်ငြင်ငြင်နဲ့ နေထိုင်နေကြရတယ်၊ ဒီတော့ မိဖုရားကြီးမှာ ဖြစ်ပေါ်နေတဲ့ ချင်ခြင်းကို ဘယ်လိုလုပ် ရနိုင်ပါ့မလဲ"

"မောင်တော်ဘုရား....၊ နှမတော်မှာ ဖြစ်ပေါ်နေတဲ့ ချင်ခြင်း နှစ်ခုကိုမှ မရရင် နှမတော်တော့ သေဘွယ်ရာ အကြောင်းသာ ရှိပါတော့တယ် ဘုရား"

"ကဲ ဒါဖြင့် မောင်တော်ဘုရား ရနိုင်တဲ့နည်းနဲ့ ကြံဆောင်ပေးပါ့မယ်၊ နှမတော် စိတ်ချမ်းသာ နေပေရော့"

ပြောသာ ပြောရသည် နန်းကျဘုရင်ကြီးမှာ ဘယ်ကစ၍ ဘယ်လို လုပ်ရမည်မသိ။ မိဖုရားကြီးကတော့ သူ့အလိုကို ဖြည့်စွမ်းပေးတော့မည်မို့ ပျော်တပြုံးပြုံး ဖြစ်နေသည်။ ဒီဃီတိကောသလမင်းသည်အမျိုးမျိုးစဉ်းစားတွေးတောကြံဆ၏။ 'လူသူစုရုံးပြီး စစ်တိုက်ရမလား။ တခြားနိုင်ငံက မိတ်ဆွေ ဘုရင်တွေဆီမှာသွားပြီး အကူအညီ တောင်းရမလား' နောက်ဆုံးတွင် အကြံတခု ခေါင်းထဲဝင်လာသည်။ ယခု မိမိရောက်ရှိ ခိုလှုံနေသော ကာသိကရာဇ်မင်း၏ ပုရောဟိတ်ပုဏ္ဏားကြီးသည် မိမိနှင့်

အလွန်အကျွမ်းဝင်သော အဆွေခင်ပွန်းတဦး ဖြစ်၏။ ထို့ကြောင့် ပုရောဟိတ်ကြီးနှင့် တိုင်ပင်ကြည့်လျှင် သင့်တော် ပေလိမ့်မည်ဟု တွေးတောမိကာ ချက်ခြင်းပင် ပုရောဟိတ် ပုဏ္ဏားကြီး အိမ်သို့ ထွက်ခဲ့လေသည်။

ပုဏ္ဏားကြီးနှင့် တွေ့သောအခါ မင်းကြီးက မိဖုရားကြီးတွင် ချင်ခြင်း ဖြစ်ပေါ်နေသည့်အကြောင်းကို ပြန်ပြောပြ၏။ ထိုအခါ ပုဏ္ဏားကြီးက-

"အရှင်မင်းကြီး....၊ ဒီလိုဆိုရင် မိဖုရားကြီးကို အကျွန်ုပ် ကြည့်ရှုလိုပါသည်"

မင်းကြီးလည်း မိဖုရားကြီးကို ခေါ်သွား၍ ပုဏ္ဏားကြီးအား ပြလိုက်သောအခါ အဝေးမှ လာနေသော မိဖုရားကြီးကို မြင်ရုံမျှဖြင့် လက်ဝဲဖက် ပခုံးပေါ်သို့ ကိုယ်ဝတ်ကို စမွာယ်တင်ပြီး မိဖုရားကို တုပ်ကွဲ့ကျိုး ရှိခိုးလိုက်လေသည်။ ပြီးမှ—

"အချင်းတို့၊မိဖုရားကြီး၏ဗိုက်ထဲမှသန္ဓေသားကား ကောသလ တိုင်းရှင်ဘုရင် ဖြစ်ပေစတကား"ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်း ကျူးရင့်လေ၏။

ဥဒါန်းကျူးရင့်ပြီးသောအခါ....

"အရှင် မိဖုရား၊ စိုးရိမ်တော် မမူပါလင့်။ အရှင်မိဖုရားမှာ ဖြစ်ပေါ်လာသော ချင်ခြင်းဟူသမျှ အပြည့်အဝ ရရှိစေရပါ မည်"ဟု နှစ်သိမ့်၏။

ပုရောဟိတ် ပုဏ္ဏားကြီးသည် ကာသိကတိုင်းရှင် ဘုရင်မင်း မြတ်ထံ ဝင်တော်မူ၍—

"အရှင်မင်းကြီး၊ ထူးခြားသော နိမိတ်လက္ခဏာတခုကို တွေ့ မြင်ရပါသည်။နက်ဖြန် နံနက် နေဝန်းတက်သောအခါ စစ်အင်္ဂါ

လေးပါးနှင့် စစ်ဝတ်စုံပြည့် စစ်ရေးပြ လေ့ကျင့်ခန်းတခု ပြုတော်မူပါလော့၊ သန်လျက်များကိုလည်း သွေး၍ ရေနှင့် ဆေးတော်မူပါလော့”ဟု လျှောက်ကြား၏။

ကာသိက မင်းကြီးလည်း ပုရောဟိတ်ပုဏ္ဏား လျှောက်ကြားသည့်အတိုင်း ပြုလုပ်စေရန် မိန့်တော်မူ၏။

နောက်တနေ့နံနက် နေဝန်းထွက်စတွင် စစ်ဝတ်စုံအပြည့်ဝတ်ဆင်ထားသော ရဲဘက်ဗိုလ်ပါ အပေါင်းတို့သည် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်စသော စစ်အင်္ဂါ လေးပါး အပြည့်အစုံဖြင့် နန်းတော်တံခါးဝရှိ စစ်တလင်းပြင်တွင် စစ်အင်္ဂါ အမျိုးမျိုးကို ခင်းကျင်းပြသကြလေသည်။ ဘုရင်မင်းမြတ်ကိုယ်တိုင်ကလည်း သွေးပြီးသော သန်လျက်များကို ရေဆေးတော်မူ၏။ ထိုသို့ စစ်လေ့ကျင့်ခန်းများ ပြုလုပ်နေသည်ကို ပရိသတ်ပေါင်းများစွာတို့က ကြည့်ရှု၍ တခဲနက် အားပေးနေကြလေသည်။ မိဖုရားကြီးသည်လည်း ပရိသတ်အတွင်း ရောနှော၍ ကြည့်ရှုရင်း ချင်ခြင်းတခု ပြေပျောက်သွားလေသည်။ မကြာမီပင် ပုဏ္ဏားကြီးသည် သန်လျက်ဆေးထားသော ရေကို တိတ်တဆိတ်ယူဆောင်လာပြီး မိဖုရားကြီးအား တိုက်လိုက်ရာ ချင်ခြင်းဟူသမျှ လုံးဝ ပျောက်ငြိမ်း၍ သွားလေတော့သည်။

## ဒီဃာဝု မင်းသား

အချိန်ကာလ အတန်ကြာသောအခါ မိဖုရားကြီးသည် သားတယောက် ဖွားမြောက်၍ လာလေ၏။ ထိုသူငယ်အား ‘ဒီဃာဝု’ ဟူသော အမည်ကို မှည့်ခေါ်ကြလေ၏။ ဒီဃာဝု မင်းသားလေး

သည် တဖြေးဖြေး တစစနှင့် သိကြားလိမ္မာသော အရွယ်သို့ ရောက်လာသောအခါ ဒီဃီတိ ကောသလမင်းကြီးသို့ စဉ်းစားတော်မူ၏။

'ကာသိက မင်းမြတ်သည် ငါတို့၏ အကျိုးစီးပွား ပျက်စီးမှုကိုသာ ရှာကြံနေသူဖြစ်သည်။ ငါတို့၏ တိုင်းပြည်နှင့် ထီးနန်းစည်းစိမ်စသည်တို့ကို လုယူခဲ့သူ ဖြစ်သည်။ ငါတို့ ဒီနေရာမှာ နေတာကို အကယ်၍ သိသွားပါက ဒို့မိသားစု သုံးယောက်လုံး တချက်ထဲနှင့် အဆုံးစီရင်လိမ့်မည်။ ဒီတော့ သားလေးဒီဃာဝုကို မြို့ပြင်တွင် အနေခိုင်းရလျှင် ကောင်းအံ့'ဟု စဉ်းစားပြီး မြို့ပြင်၌ အပ်နှံထားလေ၏။ ဒီဃာဝုမင်းသားလည်း မြို့ပြင်၌နေ၍ အတတ်ပညာအားလုံးကို လေ့လာသင်ကြားရာ မကြာမီပင် အားလုံး ဘတ်မြောက်၍ သွားလေ၏။

## ဆေတ္တာသည်ကြောင့်

ထိုအခါ ဒီဃီတိ ကောသလမင်း၏ဆေတ္တာသည် သည် ကာသိကမင်းကြီးထံ ရောက်၍နေချိန် ဖြစ်သည်။ တနေ့သောအခါ ဆေတ္တာသည် သည် ဒီဃီတိ ကောသလမင်းနှင့်မိဖုရားတို့ ဗာရာဏသီပြည်၌ နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်သွားလေ၏။

ဆေတ္တာသည်လည်း ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီးသို့ လျှောက်ကြားလေ၏။

"အရှင်မင်းကြီး၊အရှင်မင်းကြီးစံတော်မူရာဗာရာဏသီပြည်၏ အစွန်အဖျား အိုးထိန်းသည်တို့ နေရာအရပ်၌ ဒီဃီတိကောသလမင်းဖျားနှင့် မိဖုရားမောင်နှံတို့ မထင်မရှားသော ပရိဗိုဇ်အသွင်

ဆင်ယင် ဝတ်စား၍ နေထိုင်ကြသည်ကို တွေ့မြင်ခဲ့ရပါသည် ဘုရား''ဟု လျှောက်ထား၏။

ထိုစကားကို ကြားလေလျှင် ဗြဟ္မဒတ်မင်းကြီးလည်း—

''မင်းချင်းတို့၊ ကောသလမင်းကြီးကို ဖမ်းဆီး ချုပ်နှောင်၍ ယူဆောင်ခဲ့ကြကုန်လော့''ဟု စေခိုင်းတော်မူ၏။

မင်းချင်း ယောကျ်ားတို့လည်း မင်းကြီး၏ အမိန့်အတိုင်း မဆိုင်းမတွ သွားရောက်ကြပြီးလျှင် မိဖုရားကြီးနှင့်တကွ ဒီဃိတိ ကောသလမင်းကြီးကို ဖမ်းဆီးချုပ်နှောင်၍ မင်းကြီးထံ ယူဆောင် ခဲ့ကြကုန်၏။

ထိုအခါ ဗြဟ္မဒတ် မင်းကြီးက–

''အချင်းတို့၊ မိဖုရားနှင့် တကွ ဒီဃိတိ ကောသလမင်းကို လက်ပြန်ကြိုးတုပ်၊ ခေါင်းတုံးရိတ်ပြီး ထက်စည်တီးပြီး တလမ်းဝင် တလမ်းထွက် ရိုက်နှက်ယူဆောင်၍ လှည့်လည်ကြ ကုန်လော့။ လမ်းစုံသောအခါ တောင်တံခါးဖြင့် ထုတ်၍ လေးပိုင်းပိုင်းပြီး အရပ်လေးမျက်နှာသို့စွန့်ပစ်ကြကုန်လော့''ဟု စေခိုင်းတော်မူ၏။

မင်းချင်းတို့လည်း မင်းမိန့်အတိုင်း မဆိုင်းမတွ ပြုလုပ်ဆောင် ရွက်ကြလေကုန်၏။

## နောက်ဆုံးစကား

ထိုစဉ်အခါ ဒီဃာဝုမင်းသားသည် မိဘနှစ်ပါးကို မမြင်တွေ့ ရသည်မှာ ကြာပြီဖြစ်၍ မိဘနှစ်ပါးကို ဖူးမျှော်ရန် ဗာရာဏသီ ပြည်တွင်းသို့ ဝင်ရောက်လာသော အချိန်နှင့် ကြုံကြိုက်နေ၏။ မြို့ထဲသို့ ရောက်သောအခါ မင်းပြစ်မင်းဒဏ် မရှုမလှ ခံနေရသော

မိဘနှစ်ပါးကို တွေ့မြင်ရသောလျှင် နှလုံးသွေးပျက်မတတ် ခံစားရ သော်သည်း သောကတရားကို ဖယ်ရှားလျက် လူအုပ်ကြီးအတွင်း ဝင်၍ မိဘနှစ်ပါးကို ဖူးမြင်လေ၏။

ထိုအခါ ဒိဿိတိ ကောသလမင်းသည် သားကိုမြင်၍ ဘယောက်ထဲသောသား ဖြစ်သောကြောင့် အားကိုးရာမဲ့နေသော သားပြွမ်သူအား မှာကြားလို၍—

"ချစ်လှစွာသော သား ဒိဿာဝု၊ ငါဖခင်၏ စကားကို ချစ်သား ဂရုတစိုက် နားထောင်ပါ။ ချစ်သား မုန်းစကို တိုစေ၊ ချစ်ခကို ရှည်စေ၊ ရန်ငြိုးမထားလေနှင့်၊ ရန်ကို ရန်ခြင်း မတုံ့ နှင်းနှင့်၊ ရန်ကိုရန်ခြင်း မတုံ့နှင်းသူတို့သာ ရန်ငြိမ်းနိုင်၏" ဟု အကျဉ်းချုပ် ဆုံးမလေသော် ကြည့်ရှုနေသော ပရိသတ်တို့က 'ဒိဿိတိ ကောသလမင်းကြီး သေမှာကြောက်သောကြောင့် ရူး သွားလေပြီ။ ကယောင်ကတမ်း မြည်တမ်းပြောဆိုနေပြီ' ဟု မှတ် ထင်ကြလေသည်။

"ကောသလမင်းရဲ့ ဘယ်သူလဲ၊ ဘယ်သူ့ကို ရည်မှန်းပြီး ယောင်ယမ်းပြောဆိုနေသလဲ" ဟု မေးကြသောအခါ—

"အို-အချင်းတို့၊ ငါသည် သေခါနီးလို့ ကယောင်ကတမ်းနဲ့ ပြောမိပြောရာ ပြောဆိုနေခြင်း မဟုတ်၊ ပရိသတ်ထဲက ပညာရှိတဲ့ သူဟာ ငါ့စကားကို နားလည် သဘောပေါက်ပါလိမ့်မယ်" ဟု ပြန်ပြော၏။

မင်းချင်းတို့လည်း မိဖုရားနှင့် ဒိဿိတိကောသလမင်းကို တောင် တံခါးဖြင့် မြို့ပြင်ထုတ်၍ လေးပိုင်းပိုင်းပြီး အစောင့်အရှောက် ထား၍ ပြန်သွားကြလေသည်။

## အလောင်းကို ပူဇော်ခြင်း

ဒီဃာဝုမင်းသားလည်း မြို့တွင်းဝင်၍ အရက်သေစာတို့ကို ယူလာပြီး အစောင့်အရှောက်များကို မူးလဲနေအောင်တိုက်လေ၏။ အားလုံး မူးနေသောအခါ ထင်းတွေရှာပြီး မိဘနှစ်ပါး အလောင်းကို သင်္ဂြိုဟ်၍ သုံးကြိမ်လက်ျာရစ်လှည့်ပတ်ပြီး ထင်းပုံကို ရှိခိုးလေ၏။

ထိုသို့ ပြုလုပ်နေသည်ကို ဗြဟ္မဒတ်မင်းသည် နန်းပြာသာဒ် ထိပ်ဖျားက အထင်းသား တွေ့မြင်နေရလေ၏။

"ဒီလူဟာ ဒီဃီတိကောသလမင်းရဲ့သား ဖြစ်ပေလိမ့်မယ်၊ ငါ့တော့ အကျိုးမဲ့လေစွတကား၊ ငါ့ကို ဘယ်သူမှ လာ၍ အကြောင်းမကြားချေတကား" ဟု စဉ်းစား ဆင်ခြင်တော်မူ၏။

ဒီဃာဝုမင်းသားလည်း တောထဲသို့ သွားပြီး လူသူမကြားနိုင်သည့် နေရာသို့ ရောက်သောအခါ အားရပါးရ ငိုကြွေးလေ၏။ ငို၍အားရသောအခါ မျက်ရည်သုတ်ပြီး ဗာရာဏသီမြို့တွင်း ဝင်၍ နန်းတော်နားရှိ ဆင်ဆရာထံ သွားရောက်တပည့်ခံလေ၏။

ဆင်ဆရာလည်း ဆင်အတတ်ကိုသင်ကြားပေးလေ၏။ ဒီဃာဝုသတို့သားသည် ဆင်ဆရာထံတွင် နေ၍ နံနက် လင်းခါနီးတွင် ဆင်တင်းကုပ်၌ သာယာချိုအေးသော သီချင်းသံကလေးနှင့် စောင်းတီး၍နေလေ၏။ ဘုရင်မင်းမြတ်သည် သာယာချိုအေးသော သီချင်းသံနှင့် ပီသကြည်မြသော စောင်းသံတို့ကို နံနက်စောစော ကြားရသောအခါ နှလုံးအိမ်ကို ဝှမ်းဆီထိသလို ရွှန်းပီတိ ဖြစ်၍သွားလေ၏။

## မိဘစကားနားထောင်၍ ရှင်ဘုရင်ဖြစ်ခြင်း

ဘုရင်မင်းမြတ်သည် မင်းချင်းတို့အား ခေါ်၍-

"မင်းချင်းတို့၊ နံနက်စောစောက ကြားရသော သီချင်းသံနှင့် စောင်းသံကား အဘယ်သူ့ အသံနည်း"

"ဆင်အတတ်ကို သင်ကြားနေတဲ့ ဆင်ဆရာ၏ တပည့်အသံဖြစ်ကြောင်းပါဘုရား"

"အချင်းတို့၊ အဲဒီလူငယ်ကို ငါ့ထံခေါ်ဆောင်ခဲ့ကြလော့"

မင်းချင်းယောကျ်ားတို့လည်း မင်းကြီးအမိန့်အတိုင်း ဒိဿဝုသတို့သားကို သွားရောက်ခေါ်ဆောင်၍ လာကြကုန်၏။

ရွှေတော်မှောက်သို့ ရောက်သောအခါ မင်းကြီးက–

"အမောင်လုလင်၊ နံနက်စောစောက သီချင်းဆိုပြီး စောင်းတီးတာ သင်မဟုတ်လား"

"မှန်လှပါ ရွှေနန်းရှင်ဘုရား"

"ဒီလိုဆိုရင် ငါကိုယ်တော်မြတ်အား ဒီနေ့ကစပြီး ခစားပေတော့"

"ကောင်းလှပါပြီ ဘုရား"

ဒိဿဝုသတို့သားသည် မင်းကြီး၏ စိတ်ကြိုက် အလိုလိုက်၍ ခစားသဖြင့် မကြာမီ အကျွမ်းဝင်သွားသဖြင့် အတွင်းတော်၌ ထားပြီး ခစားလုပ်ကျွေးစေ၏။

## တောထွက်တော်မူခြင်း

ဗြဟ္မဒတ်မင်းကြီးက ဒီဃာဝုကိုခေါ်၍-

"ချစ်သား ဒီဃာဝု၊ ရထားပြင်ချေ၊ သမင်တောသို့ သွားကြပေအံ့"

"အမိန့်တော်မြတ် အတိုင်းပါဘုရား"

ဒီဃာဝုသည် လိုအပ်သည်တို့ကို ဆောင်ရွက် ပြီးနောက်၊ ရထားပြင်ဆင်ပြီးကြောင်း လျှောက်ထားလေ၏။ ဗြဟ္မဒတ်မင်းသည် မြတ်သောရထားကိုစီး၍ ဒီဃာဝုမင်းသားကို အမောင်းခိုင်းလေ၏။ ဒီဃာဝုသတို့သားသည် မင်းကြီး၏ စစ်သည်ဗိုလ်ပါတွေ လိုက်မမှီစေရန်အကြံနှင့် ခပ်မြန်မြန်ခပ်သွက်သွက် မောင်းနှင်၍ ထွက်ခဲ့လေ၏။ ဗိုလ်ပါတို့မျက်ခြည်ပြတ်လေသော် ဗြဟ္မဒတ်မင်းကြီးက--

"ချစ်သား၊ ရထားကိုချွတ်လော့၊ ငါကိုယ်တော်မြတ် ပင်ပန်းတော်မူလှသည်၊ သက်သာရာရအောင် ခေတ္တခဏ အိပ်စက်ဦးမည်" ဟုဆို၏။

ဒီဃာဝုမင်းသားက "ကောင်းလှပါပြီ ဘုရား" ဟု ဝန်ခံ၍ ရထားကိုချွတ်ပြီး တင်ပလ္လင်ခွေထိုင်၍ နေလေ၏။

ဗြဟ္မဒတ်မင်းသည် ဒီဃာဝုမင်းသား၏ပေါင်ကို ခေါင်းအုံး၍ အိပ်လိုက်ရာ ချက်ခြင်းအိပ်ပျော်၍ သွားလေ၏။ ဒီဃာဝုမင်းသားလည်း မင်းကြီးအိပ်ပျော်သည်ကိုမြင်လျှင် ဤသို့ဆင်ခြင်၏။

'ဒီမင်းကြီးဟာ ငါတို့ရဲ့ ထီးနန်းစည်းစိမ်ကို လုယူရုံမျှမက ငါ့မိဘ နှစ်ပါးကိုလဲ ရက်ရက်စက်စက် သတ်ဖြတ်ပစ်လေသည်။

ယခု ငါသည် လက်စားချေ၍ အသေသတ်တော့အံ့’ဟု သန်လျက်ကို ဆွဲထုတ်လေ၏။

ထိုနောက် တဖန်စဉ်းစားပြန်သည်မှာ–

‘ငါ၏ဖခင်သည် နတ်ပြည်ခွင်သို့ ကြွခါနီးတွင် ချစ်သား ဒီဃာဝု၊ ရန်စကိုတိုစေ၊ ချစ်စကိုရှည်စေ၊ ရန်ကိုရန်ချင်း မတုံ့နှင်းဘဲ သည်းခံလေလော့ဟု သည်းခံသူသာ ရန်ဟူသမျှ အေးငြိမ်းမည်၊ အောင်ပန်းဆွတ်ခူးရမည်ဟု ဆုံးမတော်မူခဲ့သည်မဟုတ်လော။ ငါသည် ဒီဗြဟ္မဒတ်မင်းရဲ့ ခေါင်းကိုဖြတ် သတ်လိုက်ပါက ဖခမည်းတော်၏ စကားကို နားမထောင်ရာ ရောက်ပေတော့မည်’ဟု ဆိုကာ ထုတ်ထားသောသန်လျက်ကို အိမ်ထဲသို့ ပြန်သွင်းလိုက်၏။

## အိပ်မက်ထဲက လူသတ်ကောင်

ထိုသို့သုံးကြိမ်တိုင်အောင် ကြံစည်သည့်အဆုံးကျမှ ဗြဟ္မဒတ်မင်းကြီးသည် ကြောက်လန့်တုန်လှုပ်စွာ အိပ်ရာမှ နိုးလာလေ၏။ ထိုအခါ ဒီဃာဝုမင်းသားက–

“အရှင်မင်းကြီး၊ အဘယ့်ကြောင့် ထိတ်ထိတ်ပျာပျာနှင့် စက်တော်မူရာမှ အဆောတလျင် ထတော်မူပါသနည်း”

“ချစ်သား ဒီဃာဝု၊ ဒီတောထဲမှာ ဒီဃီတိကောသလမင်းကြီးရဲ့သား ဒီဃာဝုက ငါ့ခေါင်းဖြတ် တယ်လို့ အိပ်မက်မြင်မက်တယ်။ ဒါကြောင့် ငါထိတ်ထိတ်ပျာပျာ စက်တော်မူရာမှလျင်မြန်စွာထတယ်”

ဤစကားကိုကြားရလျှင် ဒီဃာဝုမင်းသားသည် ဝဲလက်ဖြင့် ဗြဟ္မဒတ်မင်းကြီး၏ ဦးကွောင်းကိုကိုင်၍ ယာလက်ဖြင့် သန်လျက်နှင့် မိုးထားလိုက်၏။

"ဗာရာဏသီပြည်ကြီးကိုအစိုးရတော်မူသော ဗြဟ္မဒတ်မင်းကြီး၊ အရှင်မင်းကြီး၏ အိပ်မက်သည် အလွန်ဆန်း၍ အလွန်မှန်သော အိပ်မက် ဖြစ်ပါသည်ဘုရား၊ ဒီဃီတိကောသလမင်းကြီး၏သား ဒီဃာဝုဆိုတာ ငါဘဲဖြစ်တယ်။ ငါတို့ထီးနန်းကိုလုယူတာ သင်ဘဲ မဟုတ်လား၊ ငါ့မိဘနှစ်ပါးကို သတ်ပစ်တာလဲသင်ဘဲမဟုတ်လား၊ ဒီဘခါ သင့်အလှည့်ရောက်လာပြီ၊ သေဘို့သာကြံပေတော့"ဟု ကြိမ်းမောင်း ခြိမ်းခြောက်လိုက်၏။

ဗြဟ္မဒတ်မင်းကြီးသည် ဒီဃာဝုမင်းသား၏ ခြေကိုဖက်ပြီး အသက်ကို ချမ်းသာပေးရန် သုံးကြိမ်တိုင်အောင် တောင်းပန်လေ၏။ ဒီဃာဝုမင်းသားကလည်း--

"အရှင်မင်းကြီးကလဲ အကျွန်ုပ်အသက်ကို ချမ်းသာပေးမယ် ဆိုရင် အကျွန်ုပ်ကလဲ သင်မင်းကြီးအသက်ကို ချမ်းသာပေး မယ်"

"ချစ်သားဒီဃာဝု၊ ငါ့အသက်ကိုချမ်းသာပေးပါ၊ သင့်အသက် လဲ ငါချမ်းသာပေးပါမယ်"

ထို့နောက် အချင်းချင်း တယောက်နှင့်တယောက် အသက် ရှည်သမျှ မည်သူ့ကိုမှမည်သူက မသတ်စတမ်းဟု ကတိသစ္စာဆို ကြလေ၏။ ထို့နောက် ဒီဃာဝုမင်းသားအား--

"ချစ်သား ရထားပြင်လော့၊ သွားကြအံ့" ဟုမိန့်တော်မူ၏။

မင်းသားလည်း "အရှင်မင်းမြတ် ရထားပြင်ပြီးပါပြီဘုရား"

မင်းကြီး ရထားပေါ်သို့ ရောက်သောအခါ ဒီဃာဝုသည် ညင်ညင်သာသာ မောင်းနှင်၍ ခရီးစဉ်အတိုင်း လာခဲ့လေ၏။ ကွဲပြားနေသော စစ်သည်ဗိုလ်ပါတို့နှင့်လည်း ပေါင်းဆုံမိကြလေ၏။

## လက်ဖျားနဲ့တောင် မတို့နဲ့

ဗြဟ္မဒတ်မင်းကြီးသည် နန်းတော်သို့ ပြန်လည်ရောက်ရှိသောအခါ အစည်းအဝေးခေါ်၍--

"အချင်းတို့၊ ဒီဃီတိကောသလမင်းရဲ့သား ဒီဃာဝုကိုတွေ့ရင် သင်တို့ဘယ်လို လုပ်ကြမလဲ"

အချို့သော အမတ်တို့က--

"ခြေဖြတ်ပစ်ပါမည် ဘုရား"

အချို့ကလည်း--

"လက်ဖြတ်ပစ်ပါမည် ဘုရား"

အချို့သော သူတို့က--

"လည်ဖြတ်ပစ်ပါမည် ဘုရား"

အချို့အချို့ကမူ--

"နား၊ နှာခေါင်း၊ ခေါင်းတို့ကို ဖြတ်ပစ်ကြပါမည် ဘုရား" စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ စိတ်ထင်ရာ လျှောက်ထားကြကုန်၏။

"အချင်းတို့၊ ဒီသူငယ်ဟာ ဒီဃီတိ ကောသလမင်းကြီးရဲ့ သား ဒီဃာဝုမင်းသား ဖြစ်တယ်။ ဒီမင်းသားဟာ ငါ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်သလို ငါလဲဘဲ ဒီမင်းသား၏ အသက်

သခင် ကျေးဇူးရှင်ဖြစ်တယ်။ မည်သူတဦးတယောက်မျှ ဒီမင်းသားကို ဘာမှ မလုပ်ရ၊ လက်ဖျားနဲ့တောင် မတို့ကြရဘူး”

ထို့နောက် ဗြဟ္မဒတ်မင်းကြီးက ဒီဃာဝုမင်းသားအား--

“ချစ်သား၊သင်၏ ဖခမည်းတော် ကွယ်လွန်ခါနီး ဆုံးမသွားတဲ့ စကားဟာ ဘာတွေများလဲ”

“အရှင်မင်းကြီး၊ စကား အကျဉ်းချုပ်ကတော့ (၁) ရန်စကို တိုစေ၊ (၂) ချစ်စကို ရှည်စေ၊ (၃) နောက်ဆုံးအချက်ကတော့ အရှင်မင်းကြီးက ကျွန်ုပ်မိဘတွေကို သတ်ဖြတ်လိုက်တယ်။ ကျွန်ုပ်ကလဲ အရှင်မင်းကြီးကို ပြန်၍ သတ်ဖြတ်လိုက်အုံးမယ် ဆိုရင် အရှင်မင်းကြီးရဲ့ အကျိုးစီးပွားကို လိုလားတဲ့ သူတွေက ကျွန်ုပ်ကို ပြန်သတ်ကြပါလိမ့်အုံးမယ်။ ကျွန်ုပ်၏ အသက်ကို သတ်တဲ့လူတွေကိုလဲ ကျွန်ုပ်ဘက်တော်သားတွေက ပြန်၍ လက်စားချေကြပါလိမ့်အုံးမယ်။ အဲဒီလို တယောက်နဲ့တယောက် အပြန်ပြန် အလှန်လှန် သတ်နေကြမယ်ဆိုရင် ဘယ်တော့မှ ရန်ငြိုးရန်စငြိမ်းကြမှာ မဟုတ်ဘူး။ ဒါကြောင့် ယခု အကျွန်ုပ်ကို အသက်ပေးထားတယ်၊ အကျွန်ုပ်ကလည်း အရှင်မင်းကြီးကို အသက်ပေးထားတယ်။ ဒါကြောင့် ရန်ကြွင်းရန်စ ငြိမ်းပျောက်ရပါတယ်။ အထက်ပါ စကားသုံးခွန်းသည် အကျွန်ုပ်ဖခင် ကွယ်လွန်ခါနီးမှာကြားဆုံးမခဲ့သော သြဝါဒ စကားများ ဖြစ်ပါတယ်ဘုရား”

“အို-အချင်းတို့၊ အလွန်အကျူး ချီးမွမ်း အံ့သြဘွယ်ကောင်းတဲ့ စကားရပ်ပါတကား။ အို-အချင်းတို့၊ မဖြစ်ဘူးမြဲ ထူးကဲလှတဲ့ စကားပါတကား။ ဒီမင်းသားသည် အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံလှပေသည်။ သူ့ဖခင် အကျဉ်းချုံးမှာသွားတဲ့ စကားကို အကျယ်အားဖြင့် သိနိုင်စွမ်းပေစွတကား”ဟု ချီးမွမ်း

ထောမနာ ပြုပြီးလျှင် ချစ်မြတ်နိုးလှစွာသော သမီးတော်နှင့် ဒီဃာဝုမင်းသားကို ထိမ်းမြားဆောင်နှင်းပြီး ထီးနန်းစည်းစိမ်ကို လွှဲအပ်တော်မူလေ၏။

## မြတ်စွာဘုရား ပလလဲတော ကြွတော်မူခြင်း

"ချစ်သားတို့၊ ထိုစဥ်အခါကနှစ်ဦးနှစ်ဖက်သော မင်းတို့သည် လက်နက်စွဲကိုင် အနိုင်နှိပ်စက်လာသူတွေ ဖြစ်ပါလျက် ဒီဃိတိ ကောသလမင်းတည်းဟူသော သူတော်ကောင်းကြီး၏ ဆုံးမခဲ့ သော စကားဖြင့် သည်းခံနိုင်၊ ခွင့်လွှတ်နိုင်ကြ၍ နှစ်တိုင်းနှစ်ပြည် တို့ ချစ်ကြည်စွာ ဆက်ဆံ၍ ထီးနန်းအုပ်ချုပ် မင်းလုပ်နိုင်ကြသေး ၏။ သင်တို့သည် ငါဘုရား ထင်ရှားရှိစဥ် သွန်သင်ဆုံးမ ဩဝါဒကို နာယူကြပါလျက် ဘယ်အတွက် အမျက်ဒေါသကို မပယ်ရှားနိုင်၊ သည်းမခံနိုင်ကြကုန်သနည်း-။

"ချစ်သားတို့၊ အမျက်ဒေါသ ငြိုးရန်စကို ပယ်ဖျောက်၍ သည်းခံကြကုန်လော့၊ နှစ်သက်ကြည်ဖြူ အတူတူ နေထိုင်ကြကုန် လော့" ဟု ဗုဒ္ဓက ဟောကြားဆုံးမတော်မူ၏။

ယင်းသို့ ဗုဒ္ဓက အခါခါအထပ်ထပ် ဟောကြားဆုံးမသော် လည်း ရဟန်းတို့က မနာယူကြပေ။ မြတ်စွာဘုရားသခင်သည် ရန်ဖြစ်နေသော ရဟန်းများနှင့်သီတင်းသုံးတော်မူရသည် ရှိသော် ငြီးငွေ့တော်မူ၍....

'ငါဘုရားသည် ရဟန်းများနှင့်အတူ ရောပြွမ်း၍ နေတော်မူရ ခြင်းသည် ပင်ပန်းဆင်းရဲလှပေသည်။ ဤရဟန်းတို့လည်း ငါ၏ စကားကို နားမထောင်ကြကုန်။ ဤရဟန်းပရိသတ်ကို ပယ်စွန့်၍

တပါးတည်း ကိန်းအောင်းတော်မူမှ သင့်တော် ကောင်းမွန်လှ ပေမည်’ဟု ဆင်ခြင်တော်မူ၏။

ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ကောသမ္ဗီ ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူ၍ ရဟန်းအပေါင်းတို့ကို အကြောင်းမကြားဘဲ ကိုယ်တော်မြတ်တပါးတည်း မိမိသပိတ် သင်္ကန်းကိုယူ၍ ပလလဲရွာသို့ ကြွတော်မူလေ၏။ ပလလဲရွာ၌ တပါးတည်း ကိန်းအောင်းနေသော ဆင်္ဂုမထေရ်အား တယောက်ထဲ နေရာ၌ ကျင့်ရာသောဝတ် မချွတ်စေရန် ဟောကြားတော်မူ၍ အရှေ့မိဂဒါဝုန်၌ တအူတုံဆင်း ညီရင်းအစ်ကိုလို နေထိုင်ကြသောမထေရ်သုံးပါးတို့အား ညီညွတ်ခြင်း၏ ကြီးမားသော အကျိုးတရားကို ဟောကြားဆုံးမတော်မူ၏။ ထို့နောက် ပလလဲတောသို့ ကြွတော်မူ၍ အခက်အရွက်တို့ဖြင့် ဝေဆာ၍ ချမ်းအေးစွာသော အင်ကြင်းပင်ရင်း၌ သီတင်းသုံးတော်မူ၏။

## ပါလိလေယျက ဆင်

ဤတောအုပ်၌ ပါလိလေယျက ဆင်သည် ရှေးယခင်က များလှသော ဆင်တို့နှင့် လှည့်ပတ်သွားလာသည်ရှိသော် ဆင်ပေါက် ဆင်မ ဆင်ရှေတို့ ရှေ့ကသွားပြီး စိမ်းစိုသော မြက်သစ်ရွက်တို့ကို ချိုးဖျက်စားသောက်သွားကြသဖြင့် နောက်မှ လိုက်သော ငါ့အား ကြမ်းတမ်းရင့်ထော်နေသော မြက်သစ်ရွက်တို့ကို စားရချေသည်။ တခါ ရေထဲဆင်း၍ ရေသောက်ကြရာတွင်လည်း ရှေ့က ဖြတ်ပြီး ရေကြည် ရေကောင်းတို့ကို သောက်ပြီးမှ သူတို့ မွှေနှောက်ထားခဲ့သော ရေနောက်တွေကိုသာ သောက်သုံးရပေ

သည်။ ရေထဲ ဆင်းတဲ့အခါ တက်တဲ့အခါတွေမှာလဲ ဆင်ပေါက် ဆင်မ ဆင်ရှေတို့က အားနွဲ့ဗလ နည်းပါးလှသော ငါ့အားသာ ထိပါးတိုက်ခိုက်၍ သွားကြသည်။

'ဒီလို ဆင်းရဲဒုက္ခတွေ ခံစားနေရတာဟာ အပေါင်းအသင်းနှင့် အတူတူနေခြင်းကြောင့် ဖြစ်ရာသည်'ဟု ကြံစည် တွေးတောပြီး ဆင်အုပ်မှထွက်၍ တကောင်တည်းသာ ပလလဲတော၌ ကျက်စား နေသဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အင်ကြင်းပင်ရင်း သို့ ကပ်လာ၍ မြတ်စွာဘုရားကို ရှိခိုးပူဇော်ပြီး လှည့်ပတ်ကြည့်ရှု သော် အလုပ်အကျွေးတယောက်မှ မပါသည်ကို အသေအချာ တွေ့မြင်၍ သွားလေ၏။ အင်ကြင်းပင်ကြီး အောက်ခြေ၌ မသင့် တော် မညီညွတ်သော နေရာတို့ကို ခြေဖြင့်နင်း၍ ဖယ်ရှားပြီး သစ်ရွက် သစ်ခက်တို့ကို ဖြတ်ယူ၍ တံမြက်စည်းလုပ်ပြီး မြတ်စွာ ဘုရား သီတင်းသုံးတော်မူရန် ကောင်းစွာ လှဲကျင်းသန့်ရှင်း၍ ပေးလေ၏။

ထိုအခါမှစ၍ နှာမောင်းဖြင့် ရေအိုးကို ယူပြီးလျှင် မြတ်စွာ ဘုရားအတွက် သောက်တော်ရေ သုံးတော်ရေတို့ကို အသင့်တည် ထားလေ၏။ မြတ်စွာဘုရား ရေနွေးအလိုရှိတော်မူလျှင် ရေနွေး ကို စီရင်၍ ပေး၏။

## ဆင်က ရေနွေးရအောင် ဘယ်လိုလုပ်သလဲ

ဆင်က ရေနွေးရအောင် လုပ်ပုံမှာ ထင်းခြောက်နှစ်ချောင်း ကို ယူ၍ မီးထွက်အောင် ပွတ်လိုက်သည်။ မီးထွက်သောအခါ ထင်းခြောက်တွေကိုစု၍ ထည့်သည်။ မီးရှိန်ကောင်းလာသော

အခါ ကျောက်ခဲကြီးတလုံးကိုယူ၍ မီးထဲ ထည့်ဖုတ်သည်။ ကျောက်ခဲကြီး အပူဓာတ် စွဲလာသောအခါ ကျောက်ခဲကြီးကို တုတ်တချောင်းဖြင့် လှိမ့်ယူသွားပြီး ရေအိုင်ငယ်သို့ချသည်။ ရေကို နှာမောင်းဖြင့် စမ်းကြည့်၍ ပူနွေးသောအခါ မြတ်စွာဘုရားထံ သွား၍ ရှိခိုးနေလေ၏။ မြတ်စွာဘုရားသခင်က "ပါလိလေယျက၊ ရေနွေးပူပြီလား" ဟု မိန့်တော်မူပြီးသော် ရေအိုင်ငယ်သို့ ကြွ၍ ရေသုံးသပ်တော်မူ၏။

ထို့နောက် ပါလိလေယျကဆင်သည် တောတခွင်လုံးလှည့်၍ နတ်သြဇာသဖွယ်ချိုမြိန်သော သစ်သီးကြီးငယ်တို့ကိုရှာဖွေ၍ပေး လှူ၏။ မြတ်စွာဘုရားရွာတွင်းသို့ဆွမ်းခံကြွချိန်တွင်ပါလိလေယျက ဆင်သည် မြတ်စွာဘုရား၏သပိတ် သင်္ကန်းတော်ကို ဦးကင်းပေါ် တင်၍ကိုယ်တော်နှင့်အတူလိုက်၏။ မြတ်စွာဘုရားက ရွာနားသို့ ရောက်သောအခါ "ပါလိလေယျက၊ ဒီနေရာမှာနေခဲ့၊ သင် ရွာထဲ ဆက်လိုက်လို့ မတော်ဘူး။ ငါ့သပိတ် သင်္ကန်း ယူခဲ့လော့" ဟု မိန့် တော်မူ၍ သပိတ် သင်္ကန်းကို ယူစေပြီး ဆွမ်းခံကြွတော်မူလေ၏။

ပါလိလေယျက ဆင်သည် မြတ်စွာဘုရား ဆွမ်းခံ ပြန်မလာ မချင်း ထိုနေရာတွင် စောင့်၍နေသည်။ မြတ်စွာဘုရား ကြွလာ တော်မူသောအခါ ခရီးကြိုဆို၍ သပိတ် သင်္ကန်းကိုယူပြီး မြတ်စွာ ဘုရား သီတင်းသုံးတော်မူရာ၌ သပိတ် သင်္ကန်းကို ထား၍ ဝတ် ကြီးဝတ်ငယ်များ ပြုလုပ်လေ၏။ အားလုံး ကိစ္စပြီးသောအခါ သစ်ခက်ဖြင့် ယပ်ခတ်ပေးလေသည်။ ညသို့ ရောက်သောအခါ သားရဲစသော ဘေးရန်ကိုတားမြစ်ကာကွယ်ရန် တုတ်တချောင်း ကို နှာမောင်းဖြင့်ယူပြီး အရုဏ် မတက်မချင်း ကင်းလှည့်၍ နေ လေ၏။ ထိုအချိန်မှစ၍ ပါလိလေယျကဆင်မင်း စောင့်ရှောက်

သော တောအုပ်ဟု နာမည်တွင်လေသတည်း။ မိုးလင်းသော အခါ မျက်နှာသစ်တော်ရေကစ၍ လုပ်သင့်လုပ်ထိုက်သော ဝတ် ကြီးဝတ်ငယ်တို့ကို တခုမကျန် အမှန်အမြဲ ပြုလုပ်ပေ၏။

ထိုနောက် တချိန်တွင် တောအုပ်ထဲ၌နေသော မျောက် တကောင်သည် ပါလိလေယျကဆင်သည် မြတ်စွာဘုရားအား ကြည်လင်မပြတ် ဆည်းကပ်ခစားလျက် ဝတ္တရားမပျက်အောင် ပြုစုလုပ်ကျွေးနေသည်ကို မြင်၍ အားကျပြီး 'ငါလဲဘဲ လုပ် ကျွေးအံ့'ဟု တောတခွင်လှည့်၍ ရှာဖွေလေသော် ပျားကောင် မရှိသော ပျားစလက်တခုကိုတွေ့၍ ချိုးယူပြီး မြတ်စွာဘုရားထံ အမြန်လာ၍ ကပ်လေ၏။ မြတ်စွာဘုရားလည်း အလှူခံတော် မူ၏။

မျောက်က မြတ်စွာဘုရား ဘုဉ်းပေးမည်ကို အသာကလေး စောင့်ကြည့်နေ၏။ မြတ်စွာဘုရား ဘုဉ်းပေးခြင်း မပြုကြောင်း တွေ့မြင်လျှင် မည်သည့်အတွက် မဘုဉ်းပေးကြောင်း ကြည့်ရှု လိုက်သောအခါ ပျားတန်းစွန်းတွင် ပျားဥများကို မြင်တွေ့ရ၏။ ထို့ကြောင့် ပျားဥများကို ဖယ်ရှားပြီး နောက် ပြန်ကပ်သော အခါ မြတ်စွာဘုရားသခင် ဘုဉ်းပေးသုံးဆောင်တော် မူလေ၏။

## မျောက် နတ်သား

ထိုမျောက်သည် မြတ်စွာဘုရား ဘုဉ်းပေးသည်ကို မြင်တွေ့ ရလျှင် အလွန် ရွှင်လန်းပြီး တပင်နှင့်တပင်ကူး၊ တကိုင်းနှင့် တကိုင်းဆွဲပြီး ကပွဲကြီး ပြုလုပ်လေ၏။ ထိုအခိုက် နင်းလိုက် သော သစ်ကိုင်းရော၊ ကိုင်ထားသည့် သစ်ကိုင်းပါ ကျိုးကျ

သဖြင့် အောက်မှ သစ်ငုတ်များ ထုဘ်ချင်းခတ်သွား၍ စူးဝင်လေ၏။ မျောက်သည် မြတ်စွာဘုရားသခင်၌ ကြည်လင်သော စိတ်ဖြင့် သေပွဲဝင်ရသောကြောင့် တာဝတိံသာ၌ ယူဇနာ ၃၀ ရှိသော ရွှေဗိမာန်ကြီးတွင် နတ်သမီးတထောင် အခြံအရံဖြင့် မက္ကဋအမည်ရှိ မျောက်နတ်သားကြီး သွား၍ ဖြစ်လေ၏။

မြတ်စွာဘုရား သခင်သည် ပါလိလေယျ ဆင်မင်း လုပ်ကျွေးပြုစုသဖြင့် ဝါတွင်း သုံးလပတ်လုံး ထိုတောအုပ်၌ သီတင်းသုံးတော် မူရသော အဖြစ်သည် ဇမ္ဗူဒိပ်တကျွန်းလုံး ပျံ့နှံ့ထင်ရှားကျော်စော၍ သွားလေ၏။

## ရဟန်းတော်တို့ ညီညွတ်ကြခြင်း

ကောသမ္ဗီပြည်သား သူတော်ကောင်း အများတို့သည် ကျောင်းသွား၍ မြတ်စွာဘုရားကို ဖူးမျှော်သောအခါ မြတ်စွာဘုရားကို မဖူးမျှော်ရ၍-

"အရှင်ဘုရားတို့ ၊ မြတ်စွာဘုရားသည် ဘယ်အရပ်မှာ ရှိပါသလဲ ဘုရား"

"ငါ့ရှင်တို့...၊ မြတ်စွာဘုရားသခင်သည် ပါလိလေယျကတောသို့ ကြွတော်မူပါသည်"

"ဘာကြောင့် ကြွတော်မူပါသလဲဘုရား"

"ကောသမ္ဗီပြည်နေ ရဟန်းတို့ နှစ်ဦးနှစ်ဝကွဲ၍ ဆုံးမရာ နားမထောင်သဖြင့် ကြွတော်မူသည်"

"အရှင်ဘုရားတို့၊ ဘယ်လိုများပါလဲဘုရား၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားထံမှာ ရဟန်းပြုလျက်နဲ့ ဆရာ့စကား

နားမထောင်ဘဲ ထော်လော်ကန့်လန့်လုပ်ပြီး ဝါဒ ကွဲနေသော ကြောင့် ငါတို့တတွေ မြတ်စွာဘုရားကို မဖူးမြင်ရပေ။ ဒီကနေ့ ကစပြီး ဒီရဟန်းတွေကို နေရာမပေးကြစတမ်း၊ အရိုအသေ မပြု စတမ်း၊ မပေးလှူစတမ်း လုပ်ကြအံ့”ဟု တညီတညွတ်တည်း ဆုံး ဖြတ်ပြီးလျှင် ဆွမ်းဇလုံ မှောက်လိုက်ကြ၏။ ထိုအချိန်မှစ၍ အရို အသေပြုသူ မည်သူမျှ မရှိတော့ဘဲ ဆင်းရဲကြလေကုန်၏။

**မှတ်ချက်။** ။ဤဝတ္ထုတွင် မကောင်းသော သံဃာ ကို မဆိုအားဘိ။ မညီညွတ်သော ကိစ္စကလေးကို အကြောင်း ပြု၍ အရိုအသေ မပေးဘဲ၊ မလှူဘဲ မတန်းဘဲထားရုံနှင့် ဒကာ အားကို မလွန်ဆန်နိုင်ပုံ၊ အလဇ္ဇီဒုဿီလတွေ ကြီးထွားနေသည် မှာလည်း ဝါဝါမြင်တိုင်း နန္ဒင်းမှုန့်သည် ကုလားမတောင် မချန် ပေးလှူချင်သည့် ဝါသနာကြောင့်ပင် ဖြစ်သည်။ အကယ် ၍သာ စာပေလဲမသင်၊ ရဟန်းတရားလဲ အားမထုတ်၊ မြို့တကာ၊ ရွာတကာ၊ ဈေးတကာ၊ လမ်းတကာ လျှောက်၍ အလှူခံနေသူ တွေကို အားမပေးဘဲ အစစ်အမှန်ကို ရွေးချယ်၍ အားပေး လှူဒါန်းမည်ဆိုပါက သာသနာ့ သန့်ရှင်းရေး အလိုလို ဖြစ်လာ ပေမည်။ အချောင်သမားတွေ ပျောက်ကွယ် သွားပေမည်။ အချောင်ပေး၍ အချောင်စားနေရသည့် သူများ ရှင်းလင်း သွားပေမည်။ ဇာတ်ရည်သည်ရန် ဆက်လက် ဖတ်ရှုကြပါကုန်။

[စာရေးသူ]

ထိုရဟန်းတို့လည်း ဆွမ်းတောဇဉ် ချို့တဲ့သဖြင့် ခြောက်ကပ် နေကြကုန်၏။ နှစ်ရက် သုံးရက်လောက်မျှနှင့် အချင်းချင်း သင့်မြတ်သွားကြလေ၏။ အချင်းချင်း တောင်းပန် ဝန်ချပြီး သော် ဒကာ ဒကာမများထံသွား၍–

"ဒါယကာတို့....၊ ငါတို့ ဝိဝါဒမကွဲကြတော့ပါဘူး၊အချင်းချင်း သင့်မြတ်ကြပါပြီ၊ သင်တို့လဲဘဲ ရှေးကလိုပင် ပြုလုပ်ကြကုန်လော"ဟု ပြောဆိုကြကုန်၏။

ဒါယကာတို့က-

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် သည်းခံစေအပ်သည်၊ ကန်တော့ ဝန်ချအပ်ပြီလော"

"မကန်တော့ရသေး....၊ ဝန်မချရသေးပါ ဒကာတို့"

"ဒီလိုဆိုရင် အရှင်ဘုရားတို့သည် မြတ်စွာဘုရားကို အရင်ဆုံး တောင်းပန် ကန်တော့ကြပါအုံး ဘုရား၊ အရှင်ဘုရားတို့ မြတ်စွာဘုရားအား တောင်းပန် ဝန်ချ ကန်တော့ပြီးသောအခါ တပည့်တော်တို့လဲ ရှေးကအတိုင်း ပြုလုပ်ဆောင်ရွက်ကြပါမည်ဘုရား" ဟု လျှောက်ထားကြကုန်၏။

ထိုရဟန်းတို့သည် ဝါတွင်းကြီးဖြစ်၍ မြတ်စွာဘုရားကို သွားရောက် ကန်တော့ရန် ခက်ချဲနေသည်။ ဒကာတို့ကလဲ မကန်တော့မချင်း မလှူဘဲနေကြသဖြင့် ဝါတွင်း သုံးလသုံးလုံး အလွန်ဆင်းရဲ ပင်းပန်းကြလေ၏။ဝါလကျွတ်သောအခါ သာဝတ္ထိပြည်က အနာထပိဏ်၊ ဝိသာခါ အစရှိသော သူတော်ကောင်းများက အရှင် အာနန္ဒာအား-

"အရှင်ဘုရား အာနန္ဒာ....၊ ဆရာမြတ်စွာဘုရားကို တပည့်တော်တို့အား ပြတော်မူပါဘုရား"ဟု လျှောက်ကြကုန်၏။

ထို့ပြင် အရပ်လေးမျက်နှာတို့၌ သီတင်းသုံးတော်မူကြကုန်သော ရဟန်းသံဃာ ငါးရာတို့သည်လည်း သီတင်းဝါလ ကျွတ်သည်ရှိသော် အရှင်အာနန္ဒာထံသို့ လာရောက်ကြ၍-

"ငါ့ရှင် အာနန္ဒာ....။ ငါတို့သည် မြတ်စွာဘုရားသခင်၏ မျက်မှောက်တော်၌တရားကို မနာရသည်မှာ ကြာမြင့်လှပေပြီ၊ ငါ့ရှင်အာနန္ဒာ....၊ ငါတို့တောင်းပန်ပါ၏။ ငါတို့သည် မြတ်စွာ ဘုရား‧မျက်မှောက်တော်၌ တရားဓမ္မကို နာယူလိုပါကုန်၏။ ငါတို့အားမြတ်စွာဘုရား ရှေ့မှောက်သို့ရောက်အောင် ပို့ဆောင်ပါလော့"ဟု တောင်းပန်ကြကုန်၏။

## အရှင်အာနန္ဒာ မြတ်စွာဘုရားအား ပင့်လျှောက်ခြင်း

အရှင်အာနန္ဒာမထေရ်သည် ထိုရဟန်းတို့ကို ခေါ်ဆောင်၍ မြတ်စွာဘုရားသီတင်းသုံးရာ ပလလဲတောသို့ ကြွတော်မူလေ၏။ ဝါတွင်းသုံးလပတ်လုံး တပါးတည်း သီတင်းသုံးတော်မူသော မြတ်စွာဘုရားထံသို့ 'ဤမျှလောက် များစွာသော သံဃာတို့နှင့် အတူ ဆည်းကပ်ရန် မသင့်လျော်'ဟု စဉ်းစားပြီးလျှင် များစွာ သော သံဃာတို့ကို ခဏထားခဲ့ပြီး တပါးတည်း မြတ်စွာဘုရား ထံ ချဉ်းကပ်လေ၏။

## အရှင်အာနန္ဒာ ဆင်လိုက်ခံရခြင်း

ပါလိလေယျကဆင်မင်းသည် အရှင်အာနန္ဒာကို မြင်လျှင် တုတ်တချောင်းယူ၍ ရိုက်ပုတ်ရန် ပြေး၍လာခဲ့၏။ မြတ်စွာဘုရား သခင်သည် ပါလိလေယျကဆင်ကို ကြည့်တော်မူ၍-

"ပါလိလေယျက၊ တခြားကိုရှောင်ဖယ်၍သွားလော့။အသင် သည် ဟန့်တားခြင်းကို မပြုလေလင့်၊ ယခု ဆည်းကပ်လာသော

အာနန္ဒာသည်ကား ငါဘုရား၏ အလုပ်အကျွေးပေတည်း” ဟု မိန့်တော်မူ၏။

ယင်းသို့ မိန့်တော်မူသောအခါကျမှ ပါလိလေယျကဆင်သည် တုတ်ကိုလွှင့်ပစ်လိုက်ပြီး သပိတ်သက်နန်းကို ယူရန် ခွင့်ပန်၏။ အရှင်အာနန္ဒာလည်း သပိတ်သက်နန်းကို မပေးပေ။ ထိုအခါ ပါလိလေယျကဆင်သည် ‘ဤအရှင်သည် သင်ကြားအပ်ပြီးသော ဆရာတို့၌ ပြုအပ်သော ဝတ် မချွတ်မယွင်း သိမြင်ခြင်းသဘော အကယ်၍ ရှိသည်ဖြစ်အံ့၊ ဆရာဖြစ်သော မြတ်စွာဘုရား၏ နေထိုင်တော်မူရာ၌ မိမိ၏ သပိတ်ပရိက္ခရာကို ထားမှာမဟုတ်’ ဟု ကြည့်ရှုနေလေ၏။ အရှင်အာနန္ဒာလည်း မိမိသပိတ်သက်နန်းကို မြေကြီးပေါ်၌ ချထားလေ၏။

ပါလိလေယျကဆင်သည် အဘယ်ကြောင့် ဤကဲ့သို့ အကြံဖြစ်ပေါ်လာသနည်းဆိုသော် ‘လောကကြီး၌ ဝတ်ကြီးဝတ်ငယ် ပြည့်စုံသော တပည့်တို့မည်သည် ဆရာမြတ်တို့၏ သီတင်းသုံးရာ အရပ်၌သော်၎င်း၊ ကျိန်းစက်တော်မူရာ အရပ်၌သော်၎င်း မိမိတို့၏ အသုံးအဆောင် ပရိက္ခရာတို့ကို ထားရိုးမရှိသောကြောင့် ကြံစည်ခြင်း ဖြစ်လေသတည်း’။ (အဋ္ဌကထာ)

အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် သင့်တော်ရာ၌ ထိုင်နေ၏။

## သံဃာတော်ငါးရာ ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားသခင်က-

“ချစ်သား အာနန္ဒာ၊ သင်ချစ်သား တယောက်ထဲ လာခဲ့သလော”

"မဟုတ်ပါဘုရား၊ ရဟန်းသံဃာများစွာတို့နှင့် အတူ လာခဲ့ကြပါတယ် ဘုရား"

"အဲဒီ ရဟန်းတွေ ဘယ်မှာနေခဲ့သလဲ"

"အရှင်ဘုရား၏ အလိုဆန္ဒကိုမသိရပါသေး၍ ပြင်ပဍ္ဍိုင်းငံ့ထားခဲ့ရပါသည် ဘုရား"

"ချစ်သား အာနန္ဒာ၊ အဲဒီ ရဟန်းတွေကို သွားခေါ်ချေ" ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် လျင်မြန်စွာ သွား၍ ငါးရာသောရဟန်းများကို ခေါ်ဆောင်ပြီး ရှေ့တော်မှောက် ရောက်လာလေ၏။ မြတ်စွာဘုရားသခင်သည်လည်း ထိုရဟန်းတို့နှင့်အတူ ဓမ္မတာအတိုင်း မေးမြန်း၍ ပဋိသန္ထာရ ပြုတော်မူ၏။

ရဟန်းအပေါင်းတို့က—

"ဘုန်းတော်ကြီးမြတ်တော်မူလှသော ရှင်တော်မြတ်ဘုရား၊ ရှင်တော်မြတ်ဘုရားသည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသောကြောင့်လည်း သိမ်မွေ့နူးညံ့လှပါသည်ဘုရား၊ အသမ္ဘိန္နခတ္တိယစင်စစ်မင်းမျိုး ဖြစ်တော်မူသောကြောင့်လည်း သိမ်မွေ့နူးညံ့လှပါသည် ဘုရား၊ ထိုသို့အလွန်အကြူး အထူးနူးညံ့သိမ်မွေ့တော်မူလှသော မြတ်စွာဘုရားသည် တောကြီးမျက်မဲထဲမှာ တပါးတည်း ဝါတွင်း သုံးလပတ်လုံး သီတင်းသုံး စံပယ်တော်မူခြင်းသည် ခဲယဉ်းလှစွာသော အမှုကို ပြုနိုင်ခြင်းဖြစ်ပါသည်ဘုရား၊ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို မပြတ်မလပ်မျက်နှာသစ်တော်ရေကို ကပ်မည့်သူမျှ မရှိလေယောင်တကား" ဟု လျှောက်ထားကြလေ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်က—

"ချစ်သား ရဟန်းတို့၊ ဤပါသိလေယျကဆင်သည် ပြုဘွယ် ဟူသမျှ အလုံးစုံသော ကိစ္စတို့ကို တစမကျန် စီမံပြုလုပ်ပေ၏" ဟု မိန့်တော်မူ၏။

"ချစ်သား ရဟန်းတို့၊ဤသို့သဘောရှိသော သင့်လျော်သော အဖော်ကို မရပါသော်လည်း တပါးတည်း သီဘင်းသုံးနေထိုင် ခြင်းက ကောင်းမြတ်လှပေသည်။ မိုက်သောသူနှင့် အကျွမ်း တဝင် ဆက်ဆံ ပေါင်းသင်းခြင်း မရှိ၊ ဆင်ပြောင်ကြီးကဲ့သို့ တယောက်ထဲ ကြောင့်ကြမဲ့ကျင့်ရမည်။ မကောင်းမှုကို မည်သည့် အခါမျှ မပြုကျင့်ရာ" ဟု တရားဒေသနာကို ဟောကြား ပြီးဆုံး သောအခါ ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်ကြလေ၏။

ရှင်အာနန္ဒာသည် ရှိခိုး ညွှတ်တွားလျက် အနာထပိဏ်သူဌေး စသော သူတို့ စေလွှတ်သော သတင်းစကားကို လျှောက် ထားလေ၏။

"ဘုန်းတော်ကြီးမြတ်တော်မူလှသော ရှင်တော်မြတ်ဘုရား၊ သာဝတ္ထိတွင် နေထိုင်ကြကုန်သော ငါးကုဋေမျှလောက်သော အရိယာသာဝကတို့သည် ရှင်တော်မြတ်ဘုရား ကြွလာတော်မူ ခြင်းကို အလွန်အမင်း တောင့်တနေကြပါသည် ဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားကိုယ်တော်မြတ်က-

"ထိုသို့ဆိုလျှင် ချစ်သားအာနန္ဒာ၊ သပိတ် သင်္ကန်းကို ယူ ဆောင်ခဲ့လော့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း သပိတ် သင်္ကန်းကို ဆောင်ယူလျက် ထွက်ကြွတော်မူလေ၏။

## ပါလိလေယျကဆင် နတ်သားဖြစ်ခြင်း

ပါလိလေယျကဆင်မင်းလည်း မြတ်စွာဘုရား သံဃာတော် အများနှင့် ကြွသွားသည်ကိုမြင်လျှင် ခပ်ပြန်မြန်သွား၍ ရှေ့က နေပြီး မိမိကိုယ်ကြီးကိုကန့်လန့်ခံ၍ တားဆီးလေ၏။

ရဟန်းတို့က–

"ဤဆင်သည် အဘယ်ကြောင့် ဤသို့ တားဆီးထားပါ သနည်း ဘုရား"

"ချစ်သားရဟန်းတို့၊ သင်တို့အား သစ်သီးဝလံတည်းဟူသော ဘောဇဉ်ကိုလှူချင်သောကြောင့် ဟန့်တားခြင်းဖြစ်သည်။ ချစ်သားရဟန်းတို့၊ ဤဆင်သည်ကား ငါဘုရားအပေါ် အလွန် ကျေးဇူးများလှပေသည်။ သူ၏ကြည်ညိုလိုသည့် စိတ်ဓာတ်ကို မပျက်စီးစေအပ်ဘူး၊ ပြန်ကြအုံးတော့" ဟု မိန့်တော်မူ၍ သံဃာ တော်အပေါင်းတို့နှင့်အတူ ပြန်ကြွတော်မူလေ၏။

ပါလိလေယျကဆင်သည် တောအုပ်သို့ဝင်၍ သရက် ပိန္နဲ နရဲ ထောက်ရှာ စသော ချိုမြိန်ကောင်းမြတ်သော သစ်သီးကြီးငယ် အသွယ်သွယ်တို့ကို ရှာဖွေစုဆောင်းပြီး စုပုံ၍ထားလေ၏။ နံနက်မိုးသောက် အလင်းရောက်သော် ရဟန်းတို့အား ပေးလှူပူဇော် လေ၏။ ငါးရာသော ရဟန္တာအရှင်မြတ်တို့လည်း ကုန်အောင် ဘုဉ်းပေးသုံးဆောင်ခြင်း မပြုနိုင်ကုန်။ သံဃာတော်များ ဘုဉ်း ပေးသုံးဆောင်ပြီးသောအခါ မြတ်စွာဘုရားသခင်သည် တော တွင်းမှ ထွက်ကြွတော်မူလေ၏။

ပါလိလေယျကဆင်သည် ရဟန်းတို့ကြားကသွား၍ မြတ်စွာ ဘုရားရှေ့တော်မှ ကန့်လန့်ခံ၍နေပြန်၏။ ရဟန်းတို့က–

"အရှင်ဘုရား၊ ဤဆင်သည် အဘယ်ကြောင့် ဤသို့ ပြုပြန်ပါသနည်း ဘုရား"

"ချစ်သားရဟန်းတို့၊ ဤဆင်သည် သင်ချစ်သားတို့ကိုသာ သွားစေသည်။ ငါဘုရားကို ပြန်ကြွစေလိုသော ဆန္ဒမရှိ။ သို့ကြောင့် ဤကဲ့သို့ပြုလုပ်ခြင်းဖြစ်ပေသည်"

ထို့နောက် ပါလိလေယျကဆင်ကို မြတ်စွာဘုရားသခင်က–

"အသင်ပါလိလေယျက၊ ယခု ငါဘုရားကြွတော်မူခြင်းသည် ပြန်မလာတော့သော ကြွတော်မူခြင်းဖြစ်သည်။ ပါလိလေယျက၊ ဤဘဝ ဤကိုယ်ဖြင့် ဈာန်မဂ်ဖိုလ်ရဘို့ မထိုက်ပေဘူး။ သို့ဖြစ်၍ သင်သည် ငါဘုရားကို မဟန့်တားနှင့်၊ ဤနေရာတွင် နေရစ်ခဲ့လော့" ဟု မိန့်တော်မူ၏။

ပါလိလေယျကဆင်လည်း မြတ်စွာဘုရားစကားကိုကြားလျှင် ပါးစပ်ထဲနှာမောင်းကြီးထည့်ပြီး စိုးရိမ်ပူဆွေးငိုကြွေးပြီး မြတ်စွာဘုရားနောက်မှ တကောက်ကောက် လိုက်သွားလေ၏၊ ပါလိလေယျကဆင်သည် အကယ်၍သာ မြတ်စွာဘုရားတားမြစ်လို့ရလျှင် မိမိအသက်ရှင်နေသမျှ ကာလပတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလိုသောဆန္ဒ အပြည့်အဝရှိပေသည်။

မြတ်စွာဘုရားသခင်သည် အစဉ်အတိုင်း ကြွတော်မူ၍ ရွာဥပစာနားသို့ရောက်လျှင် "ပါလိလေယျက၊ ဒီနေရာကစပြီး သင်၏နေရာမဟုတ်တော့ပေ။ လူအမျိုးမျိုးတို့ ခိုကိုးနေထိုင်ရာဖြစ်၍ သင့်အတွက်,ရန်များလှပေသည်။ ဒီနေရာမှရှေ့သို့ဆက်မလိုက်နှင့်တော့၊ ဒီနေရာမှာဘဲ နေရစ်ခဲ့ပေတော့" ဟု မိန့်တော်မူ၏။

ပါလိလေယျကဆင်သည် အပြင်းအထန်ငိုကြွေး၍ မြတ်စွာဘုရားကြွတော်မူရာကို မျက်စိတဆုံး ဖူးမျှော်နေလေ၏။ မြတ်စွာ

ဘုရားကို မမြင်နိုင်သောအရပ်သို့ရောက်သောအခါ လွမ်းနာကျ၍ သေဆုံးလေသတည်း။ ပါလိလေယျကဆင်သည် မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ရှိသောကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ ၃၀ ရှိသော ရွှေဗိမာန်ကြီး၌ နတ်သမီးတထောင်ခြံရံ လျက် ပါလိလေယျကနတ်သား သွား၍ဖြစ်လေသတည်း။

## ကောသမ္ဗီရဟန်းတို့ကို တားမြစ်ခြင်း

မြတ်စွာဘုရားသခင်သည် ခရီးစဉ်အတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ကြွတော်မူလေ၏။ ကောသမ္ဗီပြည်၌ အဓိ ကရဏ်းဖြစ်နေကြသော ရဟန်းတို့သည်လည်း မြတ်စွာဘုရား သာဝတ္ထိပြည်သို့ကြွသွားကြောင်း သတင်းစကား ကြားသိကြ လေ၏။ကောသမ္ဗီရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို တောင်း ပန်ဝန်ချကန်တော့ကြရန် သာဝတ္ထိပြည်သို့လိုက်သွားကြကုန်၏။ သာဝတ္ထိပြည်ကြီးကို အစိုးရတော်မူသော ပသေနဒီကောသလ မင်းကြီးသည်လည်း ကောသမ္ဗီပြည်၌ငြင်းခုံခြင်းကြောင့် ကွဲပြား နေကြသော ရဟန်းတို့လာနေကြသည်ဆိုသော သတင်းကိုကြား သောကြောင့် မြတ်စွာဘုရားထံသွား၍-

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ငြင်းခုံ ကွဲပြားနေသော ရဟန်းတွေ တပည့်တော်၏ တိုင်းပြည်အတွင်း ဝင်ခွင့်မပေးပါအံ့"

"ဒကာတော်မင်းမြတ်၊ ထိုရဟန်းများသည် အကျင့်သီလ နှင့်ပြည့်စုံကြသော ရဟန်းများချည်းသာ ဖြစ်ပေသည်။ အချင်း ချင်း ငြင်းခုံခိုက်ရန် ဖြစ်သောကြောင့်သာ ငါဘုရားစကားကို

နားမထောင်ကြခြင်းဖြစ်ပေသည်။ ယခု ငါဘုရားအားသည်းခံစေ လိုသောဆန္ဒဖြင့် ကန်တော့ရန်လာကြခြင်းဖြစ်သည်။ ဒကာတော် မင်းကြီး....မပိတ်ပင်မတားဆီးလေနှင့်၊ လာကြပါစေ”ဟု မိန့် တော်မူ၏။

အနာထပိဏ်သူဌေးသည်လည်း–

“ရှင်တော်မြတ်ဘုရား၊ထိုရဟန်းတို့ကို တပည့်တော်ကျောင်း တွင်း ဝင်ခွင့်မပေးပါအံ့ဘုရား”

မြတ်စွာဘုရားသည်လည်း ရှေးနည်းအတူ ပယ်တော်မူလေ၏။ သာဝတ္ထိပြည်သို့ ရောက်လာကြကုန်သော ကောသမ္ဗီပြည်သား ကွဲပြားနေသော ရဟန်းတို့အား မြတ်စွာဘုရားသခင်သည် သင့် လျော်သောအရပ်၌ ဆိတ်ငြိမ်သောနေရာကို ရွေး၍ အိပ်ရာနေရာ ပေးစေတော်မူ၏။

အခြားသော ရဟန်းတို့သည် ထိုငြင်းခုံကွဲပြားသော ရဟန်း တို့နှင့် အတူတူ နေခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ ထိုရဟန်းတို့အား ရှိခိုးခြင်း မပြုကြရကုန်။ ရောက်လာတိုင်း ရောက်လာတိုင်းသော လူအပေါင်းတို့က မြတ်စွာဘုရားထံ ချဉ်းကပ်၍–

“ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ကော သမ္ဗီပြည်၌ ငြင်းခုံခိုက်ရန်ဖြစ်၍ ကွဲပြားနေကြသော ရဟန်းတွေ ဘယ်မှာပါလဲ ဘုရား”

မြတ်စွာဘုရားက “ဒီရဟန်းတွေဘဲ”ညွှန်ပြသောအခါ လာ လာသမျှ လူတွေက “ကောသမ္ဗီပြည်မှာ အကြီးအကျယ် ရန်ဖြစ် ပြီး ကွဲလာတဲ့ ရဟန်းတွေဟာ ဟောဒီ ရဟန်းတွေဘဲ”ဟု ထပ်ခါ ထပ်ခါ လက်ညှိုးထိုးပြကြသောအခါ ရဟန်းတို့သည် ရှက်လွန်း လှသဖြင့် ခေါင်းမဖော်ဝံ့အောင်ပင် ရှိကြလေပြီ။ မြတ်စွာဘုရား

သခင်ကိုယ်တော်မြတ်၏ ခြေရင်း၌ ဝပ်စင်း ညွှတ်တွားလျက် သည်းခံပါရန် လျှောက်ထားကြကုန်၏။

## ရဟန်းအများ သောတာပန် တည်ခြင်း

မြတ်စွာဘုရားသခင်သည်–

"ချစ်သား ရဟန်းတို့၊ သင်တို့သည် ဝန်လေးသော အမှုကို ပြုမိကြသည်။ သင်တို့သည် ငါကဲ့သို့သော ဘုရားအထံ၌ ရဟန်း ပြုနေသူများ ဖြစ်ကြပါလျက် ငါဘုရား တရားဓမ္မနှင့် ပြောဆို ဆုံးမသည်ကို သင်တို့ မလိုက်နာကြ။ ငါဘုရား၏ စကားကိုမျှ နားမထောင်ကြ။ ရှေးပညာရှိသူတော်ကောင်းတို့သည် သဘ်တို့ အခွင့်အရေးရတဲ့ သူကိုတောင်မှ မိဘတို့ ဆိုဆုံးမတဲ့ စကားကို နားထောင်ပြီး ကိုယ့်မိဘကို သတ်တဲ့သူအပေါ်မှာပင် မိဘစကား မလွန်ဆန်ဘဲ မသတ်ဘဲ ခွင့်လွှတ်နိုင်ခဲ့သည်။ သို့အတွက် နောင် သောအခါ နှစ်နိုင်ငံတိုင်းပြည်ကြီးကို စိုးအုပ် မင်းလုပ်တော်မူရ သည်"ဟု ကောသမ္ဗီပြည်၌ ဟောကြားတော်မူခဲ့သော ဒီဃိတိ ကောသလ ဇာတ်ကြောင်းကို ပြန်ပြောင်း ဟောကြားတော် မူ၏။

"ချစ်သားရဟန်းတို့၊ ထိုအချိန်က ဒီဃာဝုမင်းသားသည် မိခင်ဖခင်တို့ကို သတ်သွားသော ရန်သူတို့အပေါ်မှာတောင် ထို ကျေးဇူးရှင်မိဘနှစ်ပါးတို့၏ သွန်သင်ပြသ ဆိုဆုံးမတဲ့စကားကို မလွန်ဆန်ဘဲ လိုက်နာခဲ့တဲ့အတွက် နောင်အခါ ဗြဟ္မဒတ်မင်းကြီး ၏ ချစ်လှစွာသော သမီးတော်ကိုရ၍ နှစ်တိုင်း နှစ်ပြည်လုံးကို အုပ်ချုပ် မင်းလုပ်တော်မူရလေသည်။ သင်ချစ်သား ရဟန်းတို့

သည် ငါဘုရား၏ စကားကိုသော်မှ မှတ်သားနာယူခြင်းမပြုကြ၊ ဂရုမစိုက် မလိုက်နာဘဲ ဝန်လေးသော အမှုကို ပြုမိကြလေသည်—။

“သံသရာဝန်ကို အလွန်ကြောက်ငြား အို—ချစ်သားတို့၊ လောကကြီးရဲ့အလယ်မှာ ပညာမရှိ၊ ပညာမဲ့တဲ့ သူတွေဟာ သူတို့ကိုယ်သူတို့ မသေမယ့် သံဘုံးသံခဲတွေလို့ထင်ပြီး သေမှာကို မေ့နေကြတယ်၊ သေမှာကို မသိကြဘူး။ ပညာရှိကဝိအပေါင်း သူတော်ကောင်းတွေကတော့ ငါတို့ဟတွေ ဧကန်သေကြရလိမ့်မယ်ဆိုပြီး၊ ပညာမျက်စိနဲ့ မြင်သိနေတဲ့အတွက် ခိုက်ရန်ငြင်းခုံ မလုပ်ကြတော့ဘူး၊ သတ်လား ဖြတ်လား မလုပ်ကြတော့ဘူး၊ လက်မ တထောင်ထောင်နဲ့ ငါလိုအကောင်မရှိတောဘူးဟု အထင်မရောက်တော့ဘူး၊မသာတခုက မသာတခုကို အနိုင်ယူညှဉ်းဆဲလို့ ဘာမျှ အကျိုးမထူးဘူးဟု သေခြင်းတရားကို လက်ကိုင်ထားပြီး အမှန်တရားကိုကြိုးစား အားထုတ်နေတဲ့အတွက် ရန်မီး ဟူသမျှ ငြိမ်းပျောက်၍အငြိမ်းခတ် အငြိမ်းဘုံသို့ ခိုလှုံလေမည်သာတည်း”ဟု ဟောကြား ဆုံးမတော်မူ၏။

လောက၌ သူတပါးကို သတ်ဖြတ်နေသော သူသည် အကြောက်ဆုံးသူ ဖြစ်သည်။ သူတပါးကို သတ်နေသော သူသည် သေမှာ အကြောက်ဆုံးသူ ဖြစ်သည်။ သေခြင်း တရားသည် လူမိုက် မဆိုထားနှင့် ဘုရားသော်မှ မလွတ်နိုင်။

ဒေသနာ အဆုံး၌ အားလုံးသော ရဟန်းတို့သည် သောတာပန် စသည် တည်ကြလေကုန်၏။

# စူဠကာလ မဟာကာလ ဝတ္ထု။

လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရင်းတိုက်တော်၌ သီတင်းသုံးတော်မူသောအခါ စူဠကာလ မဟာကာလ ရဟန်းညီနောင်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူသောတရားဖြစ်သည်။

သေတဗျမြို့တွင် နေလေ့ရှိသော စူဠကာလ၊ မဇ္ဈိမကာလ၊ မဟာကာလ အမည်ရှိ ညီနောင်သူကြွယ် သုံးဦးရှိ၏။ ညီနောင်သုံးယောက်တို့တွင်အစ်ကိုကြီးဖြစ်သောမဟာကာလနှင့်ညီအငယ်ဆုံး စူဠကာလတို့က အရပ်လေးမျက်နှာ မြို့ရွာ ဇနပုဒ်တို့၌ လှည့်လည်ပြီး လှည်းငါးရာဖြင့် အရောင်းအဝယ် လုပ်ကြသည်။ အလတ်ဖြစ်သော မဇ္ဈိမကာလသည် ညီအစ်ကိုများ ဝယ်ယူလာသော ကုန်ပစ္စည်းများကို ရောင်းချရလေသည်။

တနေ့သောအခါ စူဠကာလ-မဟာကာလညီနောင် သူကြွယ်နှစ်ဦးတို့သည် လှည်းငါးရာဖြင့် ကုန်ပစ္စည်း အပြည့်တင်ဆောင်ပြီးလျှင်သာဝတ္ထိပြည်သို့ထွက်ခွာခဲ့ကြလေသည်။သာဝတ္ထိပြည်နှင့်ဇေတဝန်ကျောင်းတော် အကြားတွင် လှည်းများဖြုတ်၍ ခေတ္တစခန်းချ ရပ်နားလေသည်။ ညီနောင် နှစ်ယောက်တို့တွင် မဟာကာလသူကြွယ်သည် ညချမ်းအခါ ပန်းနံ့သာတွေ လက်မှာကိုင်ပြီး တရားနာ လာကြသော သာဝတ္ထိပြည်သား အရိယာသူတော်ကောင်းများကို တွေ့မြင်ရလေ၏။

"ဒီလောက် များပြားလှတဲ့လူတွေ ဘယ်အရပ်ကို သွားကြမှာလဲ"ဟု လှမ်းမေးလိုက်၏။

ခရီးသွားများက-

"မြတ်စွာဘုရားထံ တရားနာ သွားကြမလို့"ဟု ပြန်ပြောကြသည်။

မဟာကာလသူကြွယ်လည်း'ငါလဲတရားနာလိုက်သွားဦးမည်' ဟုကြံပြီး ညီငယ်စူဠကာလကို ခေါ်၍-

"ညီလေး၊ အစစအရာရာ ဂရုစိုက်သတိထားနေ၊ ပစ္စည်းတွေ ပျောက်ရှနေမယ်၊ အစ်ကိုကြီး တရားနာလိုက်သွားဦးမယ်" ဟု ပြောဆိုမှာကြားပြီး တရားနာလိုက်သွားလေ၏။ မြတ်စွာဘုရားသခင်ကို ရိုသေစွာရှိခိုးပြီးနောက် ပရိသတ်အစွန်အဖျား၌ တရားနာလေ၏။

## ကာလညီနောင် ရဟန်းပြုခြင်း

မြတ်စွာဘုရားသခင်သည် ထိုနေ့က မဟာကာလသူကြွယ်၏ အလိုဆန္ဒနှင့် ကိုက်ညီသောတရားကို ဟောကြားတော်မူ လေ၏၊

'လောကကြီးတခုလုံးတွင် ဒုက္ခအစုအဝေးတွေသာ ဖြစ်သည်။သုခဆိုတာ အိပ်မက်ပမာထင်မြင်ချက်လောက်သာ ရှိသည်' စသည်ဖြင့် ဒုက္ခက္ခန္ဓသုတ်ကို ပရိယာယ်အမျိုးမျိုးဖြင့် တန်ဆာဆင်၍ ကာမဂုဏ်တို့၏ အပြစ်ကိုပြ၍ ကာမဂုဏ်မှ ထွက်မြောက်ခြင်းအကျိုးကိုဝေဘန်၍ ဟောကြားတော်မူလေ၏။

မြတ်စွာဘုရား၏ တရားကိုကြားနာရသောအခါ မဟာကာလသူကြွယ်သည် 'ငါ သေသွားလို့ရှိရင် ပစ္စည်းရတနာတွေလဲ ငါ့နောက်ကို လိုက်လာကြမှာ မဟုတ်ဘူး၊ချစ်လှပါတယ်ဆိုတဲ့ သားတွေ မယားတွေလဲ လိုက်လာကြမှာ မဟုတ်ဘူး၊ တပင်လဲမှ တပင်ထူဆိုတဲ့စကားလို နောက်လင် နောက်မယားတွေ ယူကြမှာဘဲ၊ ဆွေမျိုးသားချင်း မိတ်သင်္ဂဟ အပေါင်းအသင်းတွေကလဲ ဘယ်သူမှ လိုက်ကြမှာမဟုတ်ဘူး၊ ငါသေတော့သာ မလိုက်သလားဆိုတော့ မဟုတ်ဘူး၊ လောကကြီးတခုလုံး ဘယ်သူသေလို့မှ ဘယ်သူကမှ မလိုက်ကြဘူး၊ လိုက်နိုင်တံ့သွာ ဓမ္မဟာလဲ မဟုတ်ဘူး၊ငါလုပ်ထားတဲ့ ကံသာ အရိပ်ပမာ လိုက်လာပေလိမ့်မယ်၊ ငါသည်ဃရာဝါသကိစ္စများမြောင် လူတို့ဘောင်မှာနေလို့ ဘာမှအကျိုးရှိမှာမဟုတ်ဘူး၊ ရဟန်းပြုရလျှင် သင့်တော်ပေလိမ့်မယ်' ဟု အကြံရသဖြင့် တရားနာပရိသတ်ကြီး ပြန်သွားသောအခါ မြတ်စွာဘုရားထံသွား၍ ရဟန်းပြုပေးရန် တောင်းပန်လေ၏။

ယင်းအခါ မြတ်စွာဘုရားက-

"ချစ်သားမဟာကာလ၊ သင့်မှာ ပန်ကြားထိုက်သူတယောက်ယောက် ရှိသေးသလား"

"အရှင်ဘုရား၊ တပည့်တော်၏ ညီအငယ်ဆုံး တယောက်ရှိပါသေးတယ် ဘုရား"

"သည်လိုဆိုရင် သင့်ညီငယ်ထံ သွားရောက် ခွင့်ပန်ချေဦးလော့"

"ကောင်းလှပါပြီဘုရား။ တပည့်တော် ညီငယ်ထံသွားရောက်ပြီး ခွင့်ပန်ပါမယ်ဘုရား"ဟုဝန်ခံ၍ လျင်မြန်စွာ ပြန်သွားလေ၏။

လှည်းစခန်းချရာသို့ရောက်လျှင် ညီငယ်ဖြစ်သူအား ခေါ်၍--

"ငါ့ညီ စူဠကာလ၊ ရှိသမျှပစ္စည်းတွေ မင်းအကုန်လုံး ယူပေတော့"

"အစ်ကိုကြီးက ဘယ်သွားမှာမို့လဲ"

"ငါရဟန်းဝတ်တော့မယ်"ဟု ပြောကြားလေ၏။

ညီငယ်စူဠကာလက အကြောင်းအကျိုး အမျိုးမျိုးတို့ဖြင့် ရဟန်းမပြုရန် တောင်းပန်လေ၏။ နောင်တော်ကြီးကို တောင်းပန်၍မရသည့်အဆုံးတွင် အလိုရှိတိုင်းပြုရန် ခွင့်ပေးလိုက်လေ၏။ မဟာကာလသူကြွယ်သည် မြတ်စွာဘုရားထံ၌ ရဟန်းပြုလေ၏။ နောက်များမကြာမီ ညီအငယ် စူဠကာလသည်လည်း နောင်တော်ကြီးအား လူထွက်အောင်လုပ်မည်ဟူသောအကြံဖြင့် ရဟန်းဘောင်သို့ဝင်၍ ရဟန်းပြုလေ၏။

## သုသာန်စောင့်မ လျှောက်ထားချက်

နောင်သောအခါ မဟာကာလသူကြွယ်သည် ပဥ္စင်းအဖြစ်ကို ရ၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင်-

"ရှင်တော်မြတ်ဘုရား၊ ဤသာသနာတော်ကြီး၌ ရဟန်းကောင်း ရဟန်းမြတ်တို့ဆောင်ရွက်ရမည့် တာဝန်ဝတ္တရေး ဘယ်နှစ်ပါး ရှိပါသနည်း ဘုရား"

ထိုအခါ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်က-

“ချစ်သား မဟာကာလ၊ စာပေကျမ်းဂန် သင်အံပို့ချခြင်းက တခု၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ခြင်းက တခု၊ ပေါင်း နှစ်ခုရှိပေတယ်”

“အရှင်ဘုရား၊ တပည့်တော်သည် အသက်ကြီးမှ ရဟန်းပြုရသူဖြစ်သောကြောင့် စာပေကျမ်းဂန် သင်အံပို့ချခြင်းအလုပ်ကို ပြုလုပ်ဖို့ မစွမ်းနိုင်တော့ပါဘုရား။ တပည့်တော်သည် ဝိပဿနာ အလုပ်ကိုသာကြိုးစားအားထုတ်ပါတော့မည်ဘုရား” ဟုလျှောက်ထားကာ အရဟတ္တဖိုလ်တိုင်အောင်လော သုသာန်ဓုတင်အကျင့်ကိုသင်ယူမှတ်သား၍ လူအားလုံးအိပ်ချိန်တွင် သုသာန်သို့သွား၍ တရားအားထုတ်လေ၏။ လူအများအိပ်ရာမှမထခင် မိုးလင်းခါနီးတွင် ကျောင်းသို့ပြန်လာလေ၏။

ထိုအခါ၌ ကာလီအမည်ရှိသော သုသာန်စောင့်မကြီးသည် မထေရ်၏ရပ်နေရာ၊ ထိုင်နေရာ၊ စင်္ကြံလျှောက်ရာနေရာတို့ကို မြင်၍ ‘ဒီနေရာမှာ ဘယ်သူတွေလာရောက်ပြီး သွားလာလှည့်ပတ်နေသလဲ၊ ထိုသူကို မိအောင်ဖမ်းအံ့’ ဟုကြံပြီးလျှင် စောင့်၍ ဖမ်းသော်လည်း မိအောင်ဖမ်းဆီးခြင်းငှာ မစွမ်းနိုင်ချေ။

တနေ့သောအခါ သုသာန်ထဲတွင် မီးထွန်းထားပြီး သားသမီးများကိုခေါ်၍ တနေရာမှာ ပုန်းအောင်း၍ ချောင်းနေလေ၏။ သန်းကောင်ယံ၌ မထေရ်ကြွလာသည်ကိုမြင်၍ ရှိခိုးပြီး—

“အရှင်ဘုရား၊ သုသာန်မှာ သီတင်းသုံးပါသလားဘုရား” ဟု မေးလျှောက်လေ၏။

"ဒါယိကာမကြီး၊ အေး....ငါနေတယ်"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ သုသာန်မှာ နေတဲ့လူများ လိုက်နာရမည့် ဝတ္တရား ရှိပါသည်ဘုရား"

"ဘာတွေများပါလိမ့် ဒါယိကာမကြီး၊ လျှောက်ထားစမ်းပါအုံး၊ သင်ပြောတဲ့အတိုင်း လိုက်နာရမှာပေါ့"

"အရှင်ဘုရား၊ သုသာန်ထဲမှာ နေတဲ့ရဟန်းဆိုတာ မိမိ သီတင်းသုံးတဲ့ အကြောင်းကို သုသာန်စောင့်အားရင်း၊ မိမိ သီတင်းသုံးတဲ့ကျောင်းက မထေရ်ကြီးအားရင်း၊ ရွာစားအားရင်း ပြောကြား ခွင့်တောင်းရပါသည်"

"ဘာကြောင့် ခွင့်တောင်းရပါသလဲ ဒါယိကာမကြီး"

"သူတပါးဥစ္စာကို ခိုးယူလာကြတဲ့ သူခိုးတွေဟာ နောက်က ဥစ္စာရှင်တွေ လိုက်လာကြတဲ့အခါ သုသာန်ထဲမှာ ပစ္စည်း ဥစ္စာတွေထားပြီး ပြေးတတ်ကြပါတယ်ဘုရား။ ထိုအခါ ပစ္စည်းရှင်တွေက သုသာန်ထဲမှာ နေတဲ့သူတို့ ဘေးအန္တရာယ် ပြုတတ်ကြပါတယ်ဘုရား။ သုသာန်စောင့်၊ မထေရ်ကြီး၊ ရွာစားတို့အား ခွင့်တောင်းထားလို့ရှိရင် 'ငါတို့သည် ဤအရှင်ကောင်း၏ ဤမျှလောက်သော ကာလပတ်လုံး သုသာန်မှာ နေတာကို ငါတို့သိကြတယ်။ ဤအရှင်သည် သူခိုးမဟုတ်'ဟု အန္တရာယ်ကို ကာကွယ်ဘားမြစ်နိုင်ကြပါတယ် ဘုရား၊ ထို့ကြောင့် သုသာန်စောင့်၊ မထေရ်၊ ရွာစား သုံးဦးတို့အား ခွင့်ဘောင်းအပ်ပါဘယ် ဘုရား" ဟု လျှောက်ထား၏။

ထိုအခါ မထေရ်က–"ဒါယိကာမကြီး နောက်ထပ် ဘာများ လုပ်စရာရှိသေးသနည်း"

"အရှင်ဘုရား....၊ သုသာန်ထဲမှာနေတဲ့ အရှင်တို့ မည်သည့်ကား အမဲသား၊ ငါးများကို ရှောင်ကြဉ်ရပါသည် ဘုရား။ နေ့အခါ မအိပ်ရပါဘုရား၊ ပျင်းလဲ မပျင်းရပါဘုရား၊ လုံ့လဝီရိယနှင့် ကြိုးစား အားထုတ်ရပါတယ်ဘုရား။ စိတ်မဖောက်ပြန် မြဲမြံသော သမာဓိတရား လက်ကိုင်ထားရပါတယ်ဘုရား။ သွားလာလည်ပတ် မနေရပါဘုရား။ ကောင်းမြတ်သော စေတနာ ဆန္ဒနှင့် လူအပေါင်းတို့ အိပ်ပျော်ချိန်ရောက်မှ သုသာန်သို့ လာ၍ အားထုတ်ရပါသည်ဘုရား။ မိုးမလင်းမီ လူတွေ အိပ်ရာက မထခင် ကျောင်းပြန် ကြွရပါတယ် ဘုရား" ဟု လျှောက်ထား၏။ ဆက်လက်၍—

"အရှင်ဘုရား၊ တပည့်တော်မ လျှောက်ထားသည့်အတိုင်း လိုက်နာ၍ သုသာန်မှာ တရားအားထုတ်ပါလျှင် ကိစ္စခပ်သိမ်း ပြီးမြောက်စေနိုင်စွမ်း ရှိပါသည်ဘုရား။ အရှင်ဘုရား၊ လူသေကောင် သုသာန်မှာ အပြီးစွန့်ပစ်ခဲ့ရင် တပည့်တော်မ မီးသင်္ဂြိုဟ်ရပါတယ် ဘုရား"

ထိုအခါ မထေရ်က—

"ဒါယိကာမကြီး၊ ကောင်းလှပေပြီ၊ အလောင်းတခုလောက်တွေ့လျှင် ငါ့အား လျှောက်ထားပါလော" ဟု မှာထားလေ၏။

ကာလီ အမည်ရှိသော သုသာန်စောင့်မကလည်း-

"ကောင်းလှပါပြီ ဘုရား" ဟု ဝန်ခံ၍သွား၏။ မဟာကာလ မထေရ်လည်း အလိုဆန္ဒရှိသည့်အတိုင်း သုသာန်၌ ရဟန်းတရား ကြိုးစား အားထုတ်တော် မူလေ၏။

## မဟာကာလထေရ် ရဟန္တာ ဖြစ်ခြင်း

ညီဖြစ်သော စူဠကာလ မထေရ်သည်ကား နံနက်စောစော အိပ်ရာမှ ထသည့်အချိန်ကစ၍ အိမ်ထောင်ရေးကို တွေး၍နေလေ၏။ သား မယားကို အမြဲလိုလို သတိရ နေလေ၏။ ငါ၏ နောင်တော်ကြီးသည် အလွန်ဝန်လေးသော အမှုကိုပြုဘိသည်ဟု ကြံစည်၍ နေ၏။

ထိုအခါ အမျိုးသမီးတယောက်သည် လေရောဂါ နှိပ်စက်၍ ညနေဘက်တွင် လတ်လတ် ဆတ်ဆတ် ကွယ်လွန်လေ၏။ ထို သူငယ်မ အလောင်းကို ဆွေမျိုး ဉာတိတို့က ထင်း၊ ရေနံဆီ စသည်တို့ အပြည့်အစုံနှင့် ညချမ်းအခါတွင် သုသာန်သို့ ယူလာ ပြီး အတိုးအခပေး၍ မီးသင်္ဂြိုဟ်ရန် အပ်နှံပြီး ပြန်သွားကြ လေ၏။

ကာလီ အမည်ရှိသော သုသာန်စောင့်မကြီးသည် လူသေ အလောင်း၏အဝတ်များကိုဖယ်သောအခါ ရှုတ်တရက် သေသော သူပြင်၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းနေသော လူသေကောင်ကို ကြည့်ပြီး 'ဤလူသေကောင်သည် အရှင့်အား ပြဘို့ကောင်းတဲ့ လူသေကောင် ဖြစ်သည်'ဟု ကြံပြီး မထေရ်ထံ သွား၍ လျှောက် ထားလေ၏။

“အရှင်ဘုရား၊ ကြွရောက်၍ ကမ္မဋ္ဌာန်းတရား ရှုပွားတော်မူ ပါ။ သင့်တော်တဲ့ လူသေအလောင်း ရောက်ရှိနေပါသည်ဘုရား”

မထေရ်လည်း– “အေး....အေး၊ ကောင်းပြီဒါယိကာမကြီး” ဟု ပြောဆိုပြီး လူသေကောင် ရှိရာသို့ကြွ၍ ဖုံးလွှမ်းထားသော အဝတ်အစားများကို ဖယ်ရှားစေပြီး ခြေဖဝါးမှ ဆံဖျား တိုင်

အောင် ကြည့်ရှုပြီး ဤအလောင်းကောင်သည် အလွန်ပင် လှပ ပြေပြစ်ပေ၏။ ရွှေအဆင်းကဲ့သို့ ဝါဝင်းပေ၏။

"ဒါယိကာမကြီး၊ မီးသင်္ဂြိုဟ်တဲ့အခါ မီးလောင်ပြီးအချိန် ငါ့ကိုလာ၍ အကြောင်းကြားပါဦး" ဟု မှာထားပြီး ပြန်၍ တရားအားထုတ်လေ၏။

ကာလီ အမည်ရှိသော သုသာန်စောင့်မကြီးလည်း မထေရ် အမိန့်ရှိတိုင်း လုပ်ကိုင် ဆောင်ရွက်ပေးလေ၏။ မထေရ်လည်း လူသေအလောင်းရှိရာသို့ ကြွရောက်ကြည့်ရှုတော်မူ၏။ မီးဟပ် မိသော နေရာတို့သည်အလွှားအလွှားကွာပြီး ပြောက်ကျားသော နွားမ အဆင်းကဲ့သို့ ဖြစ်နေသည်။ ခြေထောက်တွေ အပြင်ထွက် ပြီး တွဲလွဲဆွဲနေကြသည်။ လက်တွေက ကောက်ကွေး တွန့်လိမ် နေကြသည်။ ပေါင်တွေ၊ နဖူးတွေ အရေခွံ ကွာကြနေကြသည်။

မထေရ်သည် 'ဒီ ခန္ဓာကိုယ်ဟာ အခုန ကြည့်တုန်းက အလွန် အကြူး နှစ်သက်စရာ ကောင်းလှပေသည်။ အခု ခဏလေး မှာပင် ရုပ်ပျက် ဆင်းပျက် ကုန်ပျက်ခြင်းသို့ ရောက်လေပြီ'ဟု နှလုံးသွင်း၍ တရားထိုင်ရာသို့ ပြန်သွားပြီး 'ကုန်ခြင်း ပျက်ခြင်း သဘောကို ကောင်းစွာဆင်ခြင်၍ ကြိုးစား အားထုတ်လိုက်သော အခါ ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာဖြစ်၍သွားလေ၏။

မဟာကာလထေရ် ရဟန္တာဖြစ်သွားပြီးသောအခါ မြတ်စွာ ဘုရားသည်သံဃာတော်အပေါင်းခြံရံလျက်ဒေသစာရီ လှည့်လည် တော်မူသည်ရှိသော် သေတဗျမြို့သို့ ရောက်တော်မူ၍ ရင်းတိုက် တော၌ သီတင်းသုံးတော်မူ၏။

# မယားဟောင်းတို့ ဖမ်းယူခြင်း

စူဠကာလမထေရ်၏ မယားတို့သည် 'မြတ်စွာဘုရားသခင် သံဃာတော်အပေါင်း ခြံရံလျက် ရင်းတိုက်တောသို့ ကြွလာတော်မူသည်'ဟုသတင်းကြားကြလေသည်။ငါတို့လင်ကိုအမိဖမ်းမည်ဟု ဆိုပြီးစေလွှတ်၍မြတ်စွာဘုရားကိုပင့်ဖိတ်ကြကုန်၏။မြတ်စွာဘုရား အတွက်မသင့်တော်သည့်နေရာတွင် နေရာခင်းခြင်းကိုကြားသဖြင့် ချဟန်းတပါးကို အရင်စေလွှတ်လိုက်သည်မှန်သည်။မြတ်စွာဘုရား ၏နေရာကို အလယ်မှာခင်း၍ လက်ျာဘက်မှာအရှင်သာရိပုတ္တရာ၊ လက်ဝဲဘက်မှာ အရှင်မောဂ္ဂလ္လာန်တို့၏ နေရာကို ခင်းကျင်းပြီးမှ ဘေးနှစ်ဘက်၌ သံဃာတို့၏ နေရာကို အစဉ်အတိုင်း ခင်းကျင်း အပ်သည်။ ထို့ကြောင့် မဟာကာလမထေရ်သည် သက်နိုးရှိရာ နေရာတွင် ရပ်၍ ညီစူဠကာလမထေရ်အား– "သင်အရင်သွား၍ နေရာခင်းတို့ ညွှန်ကြားလော့"ဟု စေလွှတ်လိုက်၏။

စူဠကာလမထေရ်ကို မြင်သောအချိန်မှ စ၍ အိမ်သူအိမ်သား များသည် မထေရ်နှင့်အတူ ပြောင်လှောင် ပြက်ရယ်လုပ်၍ နိမ့် သော နေရာတို့၌ သံဃာ့မထေရ်ကြီးတို့အတွက် အစွန်အဖျား၌ ခင်းထားကြကုန်၏။ မြင့်သော နေရာတို့၌ သံဃာငယ်တို့အတွက် နေရာကို အလယ်၌ ခင်းထားကြကုန်၏။

"နိမ့်သော နေရာတွေကို အပေါ်မှာ မခင်းကြနဲ့၊ အလယ်၌ မြင့်သောနေရာတွေကို အောက်မှာ မခင်းကြနဲ့"ဟု ပြောဆိုလေ ၏။မိန်းမတို့လည်း မထေရ်၏စကားကို ကြားသော်လည်း မကြား ချင်ယောင် ဆောင်၍–

"သင်က ဘာလုပ်နေသနည်း၊ သင်ကော နေရာတွေကိုမခင်း ကောင်းဘူးလား၊ သင်သည် သယ်သူ့ကို ပန်ကြား၍ ရဟန်းပြု သနည်း။ အဘယ့်ကြောင့် ဒီအိမ်ကို ပြန်လာရသနည်း" ဟု ပြော ဆို ပြောင်လှောင်၍ သင်္ကန်းကို အတင်းဆွဲချွတ်ပြီး အဝတ်ဖြူဝတ် ပန်းကို ပန်၍-

"သွားချေ၊ မြတ်စွာဘုရားကို ပင့်ဆောင်ချေလော့၊ ငါတို့ နေရာ ခင်းထားလိုက်မယ်" ဟု ပြောပြီး လွှတ်လိုက်ကြလေ၏။

စူဠကာလသည် ရဟန်းဘဝ ရောက်၍ မကြာမီ လူထွက်ရ သောကြောင့် ရှက်ရမည်ကို မသိပေ။ ထို့ကြောင့်ပင် စူဠကာလ သည် လူဝတ်လဲလာသည်ကို မရှက်မကြောက်ဘဲ ဘုရားသခင်ထံ သွား၍ ရှိသေစွာ ရှိခိုးပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော် အပေါင်းတို့ကို ပင့်ဆောင်၍ သွားလေ၏။

## မဟာကာလ မယားရှစ်ယောက်

ရဟန်းသံဃာတော်များဆွမ်းစားပြီးသောအခါ မဟာကာလ မထေရ်၏ မယားဟောင်းတို့ကလည်း အကြံထုတ်ကြလေသည်။ 'စူဠကာလမယားဟောင်းတို့သည် သူတို့လင်ကို အမိဖမ်းလိုက်ကြ လေပြီ။ ငါတို့လဲ ငါတို့လင်ကို အမိဖမ်းမှ တော်ချေမည်' ဟု တိုင် ပင်ပြီး၊ နောက်တနေ့ မြတ်စွာဘုရားသခင်ကို ပင့်ဖိတ်ကြ ပြန်၏။

ထိုအခါ နေရာထိုင်ခင်း ခင်းကျင်းရန်အတွက် ရဟန်းတပါး သွားသည်။ ထိုမိန်းမတို့လည်း မိမိတို့အကြံပျက်သွားကြလေ၏။ ရဟန်းသံဃာများအား ဆွမ်းဆက်ကပ် လှူဒါန်းကြကုန်၏။ စူဠ

ကာလ သူကြွယ်မှာ မယားနှစ်ယောက်၊ မဇ္ဈိမကာလသူကြွယ်မှာ မယားလေးယောက်၊ မဟာကာလသူကြွယ်မှာ မယားရှစ်ယောက် ရှိလေသည်။ ရဟန်းသံဃာများ ဆွမ်းဘုဉ်းပေးနေသောအခါ မဟာကာလသူကြွယ်၏ မယားရှစ်ယောက်တို့သည် အပြင်ထွက် သလိုလိုဖြင့် တနေရာမှ ထသွားကြကုန်၏။

မြတ်စွာဘုရားသခင်လည်း ဆွမ်းဘုဉ်းပေး၍ နေတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ မဟာကာလ မယား ရှစ်ယောက် တို့သည်–

"အရှင်ဘုရား၊ မဟာကာလမထေရ်သည် တပည့်တော်မတို့ အား အနုမောဒနာတရား ဟောပါလိမ့်မည် ဘုရား၊ အရှင်ဘုရား တို့သာ အရင်ပြန်ကြွတော်မူကြပါဘုရား" ဟု လျှောက်ထားကြ လေ၏၊

"ကောင်းပြီ" ဟု မိန့်တော်မူပြီး မြတ်စွာဘုရားသည် ရှေ့ ဆုံးက ကြွတော်မူ၏။

ရွာတံခါးသို့ ရောက်သောအခါ "မြတ်စွာဘုရားသခင်သည် ဘယ်လိုများ ပြုတော်မူပါသနည်း။ သိလျက်နှင့်ပင် ပြုလုပ်လေ သလော၊ သိတော်မမူဘဲ ပြုလုပ်သလော၊ မနေ့က စူဠကာလကို အရင် နေရာခင်းဘို့လွှတ်လိုက်တဲ့အတွက် လူထွက်ရလေပြီ။ ဒီနေ့ သဲ ရဟန်းတပါးကို နေရာခင်းဘို့ အရင်လွှတ်လိုက်၍ အန္တရာယ် မပြစ်သည်ကို အခုတဖန် နောက်ချန်ထားပြီး ပြန်ကြွလာတော် မူသည်။ မဟာကာလမထေရ်သည် သီလရှိ၏။ အကျင့်နှင့် ပြည့်စုံ ၏။ ထိုမဟာကာလမထေရ်ကို ကေန်ဒိဌ ရဟန်းအန္တရာယ်ပြုကြ သိမ့်မယ်"ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။

## ရဟန်းအများ သောတာပန် တည်ခြင်း

မြတ်စွာဘုရားသည် ရဟန်းတို့၏ ပြောစကားကို ကြားတော်မူလျှင် တန့်တန့်မတ်မတ် ရပ်တော်မူ၍-

"ချစ်သားရဟန်းတို့၊ သင်တို့သည် စူဠကာလကို ငါ၏သားတော်ကြီး မဟာကာလလို့ ထင်နေကြသလား"

ရဟန်းတို့ကလည်း "မှန်လှပါဘုရား" ဟု လျှောက်ထားကြလေ၏။

"စူဠကာလမှာ မယားနှစ်ယောက်သာ ရှိပါတယ်ဘုရား၊ မဟာကာလမှာ မယားရှစ်ယောက်တောင် ရှိပါတယ်ဘုရား၊ မယားရှစ်ယောက်လုံး ဝိုင်းဖမ်းလျှင် ဘယ်လိုလုပ်နိုင်မှာလဲဘုရား၊ မယားရှစ်ယောက်လက်သို့ ဆက်ဆက်ပါသွားပါလိမ့်မည်ဘုရား"

"ချစ်သား ရဟန်းတို့၊ ဒီလိုမထင်ကြနှင့်၊စူဠကာလကဲ့ရှိယာ ပုထ် လေးခုစလုံး စောစောစီးစီး ထပြီး ကောင်းတဲ့ဘက်၊ သာယာတဲ့ ဘက်ကချည်း ရှုမြင် သုံးသပ်နေတယ်။ စူဠကာလဟာ ချောက်ကမ်ပါးအောက်မှာ ပေါက်နေတဲ့ အားနဲ့တဲ့ သစ်ပင်နဲ့တူလှပေတယ်။ ငါ့သားတော်ကြီး မဟာကာလကတော့ မတင့်မတယ် စက်ဆုပ်ဘွယ်ဟု အသုဘကမ္မဋ္ဌာန်းကိုသာ စီးဖြန်းသုံးသပ်၍ နေတယ်။ ကျောက်တောင်ကြီးနဲ့တူလှပေတယ်။ အရပ်ရှစ်မျက်နှာမှလာတဲ့ ငါးပါးအာရုံ ကာမဂုဏ်တည်း ဟူသောလေဆိုး လေကြမ်း လေသရမ်းတို့ မတုန်လှုပ်နိုင်ဘူး" ဟု ဟောကြားတော်မူ၏။ တရားအဆုံးတွင် ရဟန်းအပေါင်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့၌ တည်ကြကုန်၏။

မဟာကာလမထေရ်၏ မယားဟောင်းတို့သည် မထေရ်ကို ဝိုင်းကာထားပြီး–

"သင်ဟာ ဘယ်သူ့ကို ပန်ကြား၍ ရဟန်းပြုသလဲ၊ သင် အခု လူထွက်မလား၊ မထွက်ဘူးလား" ဟု ပြောဆိုပြီး သင်္ကန်း ချွတ်ရန် အတင်း ဖမ်းဆီးကြကုန်၏။ မဟာကာလမထေရ်သည် မိန်းမတွေ အမူအရာ ပျက်နေသည်ကို မြင်၍ ထိုင်ရာမှ ထပြီး ဣဒ္ဓိပါဒ် တန်ခိုးတော်ဖြင့် အိမ်အမိုးမှဖောက်ထွက်၍ ကောင်း ကင်ယံက ချောန်နှင့် ကြွလေ၏။ မြတ်စွာဘုရား တရား အဆုံး၌ ဆရာ မြတ်စွာဘုရား၏ သွန်းသစ်စ ရွှေအဆင်း ကဲ့သို့ ပဝင်းသော အဆင်းရှိသော ကိုယ်တော်မြတ်ကို ဖူးမျှော် ချီးမွမ်းပြီး ကောင်းကင်မှဆင်း၍ မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံကို ယုံကြည်မြတ်နိုး ရှိခိုးဦးတိုက်လေသတည်း။

# ဒေဝဒတ်အား သက်နှံးလျှသော ဝတ္ထု

လူ နတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ရာဇဂြိုဟ်၌ ဒေဝဒတ်မထေရ် သက်နှံးရသည်ကို အကြောင်းပြု၍ ဤတရားကို ဟောကြားတော်မူခဲ့သည်။

## အတ္ထုပ္ပတ္တိ

တခါန်က လကျာ်ရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲရံ အရှင်မောဂ္ဂလ္လာန်တို့သည် တပည့်သံဃာ ငါးရာစီခေါ်ဆောင်၍ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးဝတ်တွား လျှောက်ကြား ခွင့်ပန်ပြီးသော် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကြကုန်၏။ ရာဇဂြိုဟ်ပြည်၌ နေသော ဒါယကာတို့သည် စုပေါင်း၍ အာဂန္တုက အလှူကို ပေးလှူကြကုန်၏။

## အရှင်သာရိပုတ္တရာ ဒါနတရားဟောခြင်း

တနေ့သောအခါ အရှင်သာရိပုတ္တရာသည် အနုမောဒနာ တရား ဟောသည်ရှိသော် မြတ်စွာဘုရား၏ တရားတော်မြတ်ကို ကြားနာရန် ရောက်လာကြသော ပရိသတ်အပေါင်းတို့အား....

"အို-ဒါယကာ ဒါယကာမ အပေါင်းတို့၊ တချို့က မိမိ ကိုယ်တိုင်တော့ ပေးလှူသည်။ သူတပါးတွေကို လှူဘို့ တန်းဘို့ ကျတော့ မတိုက်တွန်းဘူး။ အဲဒီလို လူမျိုးတွေဟာ ဖြစ်လေရာဘဝ တိုင်းမှာ ပစ္စည်းဥစ္စာတော့ ပေါများချမ်းသာသည်။ သို့သော် သားသမီးစသော အခြွေအရံပရိသတ်တော့ မရှိဘူး-။

"တချို့ကတော့ မိမိကိုယ်တိုင် မလှူဘူး မတန်းဘူး။ သူ တပါးတွေကိုတော့ လှူဘို့ တန်းဘို့ တိုက်တွန်းနှိုးဆော်၏။ အဲဒီ လို လူမျိုးကတော့ ဖြစ်လေရာဘဝတိုင်းမှာ အခြွေအရံ ပရိသတ် နှင့်တော့ ပြည့်စုံမည်။ သို့သော် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှု တော့ မရှိဘူး-။

"တချို့ကတော့ မိမိကိုယ်တိုင်လဲ မလှူဒါန်း မပေးကမ်း ဘူး၊ သူတပါးကိုလဲ လှူဘို့ တန်းဘို့ မတိုက်တွန်းဘူး။ အဲဒီလို လူမျိုးကတော့ ဖြစ်လေရာ ဘဝတိုင်းမှာ ပစ္စည်းဥစ္စာ ချမ်းသာ မှုကို မသိတာနဲ့ ဝမ်းဝအောင် စားရဘို့တောင် မလွယ်ဘူး။ အခြွေအရံပရိသတ်လဲ ဘယောက်မှမရှိဘူး။ အထီးကျန်ဘဝနဲ့ အသက်ရှင်ရတယ်-။

"တချို့ကတော့ မိမိကိုယ်တိုင်လဲ ပေးကမ်းလှူဒါန်းတယ်။ သူတပါးတွေကိုလဲ ပေးကမ်းလှူဒါန်းဘို့ တိုက်တွန်း နှိုးဆော် တယ်။ အဲဒီလို စွယ်စုံသမားများကတော့ ဖြစ်လေရာ ဘဝတိုင်း

မှာ ဘဝအရာ၊ ဘဝအထောင်၊ ဘဝအသိန်း ပစ္စည်းရတနာဆို တာ လိုလေသေးမရှိ၊ ပေါပြည့်စုံတယ်။ အခြေအရံ ပရိသတ်ဆို တာလဲ အထပ်ထပ်ပြည့်စုံတယ်”ဟု လေးမျိုးလေးစားခဲ့၍ ဟော ကြားသည်ရှိသော် ပညာရှိ ဒါယကာတဦးက ဤသို့ကွဲပြား ခြားနားစွာ ဟောကြားသည့်တရားကို နာကြားရလျှင် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်း၍–

“အို–တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ တရား စစ်သူကြီး အရှင်သာရိပုတ္တရာဟောတဲ့ တရားသည် အံ့ဘွယ်သရဲ ထူးကဲလှလေစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်လေစွတကား။ အရှင် သာရိပုတ္တရာမထေရ်မြတ် ဟောကြားအပ်သော တရားဒေသနာ သည် ချမ်းသာခြင်း၏ အကြောင်းတွေကိုသာ ဟောကြားတော် မူအပ်၏”ဟု ချီးမွမ်းထောမနာပြုလေ၏။ ‘ငါလည်း အကျိုးနှစ်ခု စလုံး ခံစားနိုင်အောင် ကုသိုလ်ကောင်းမှု ပြုလုပ်တော့မည်’ဟု ဆုံးဖြတ်ပြီး–

“အရှင်ဘုရား၊ မနက်ဖြန် တပည့်တော်၏ ဆွမ်းကို အလှူခံ တော်မူပါဘုရား”ဟု ပင့်လျှောက်၏။

“ဒါယကာ၊ သံဃာတော် ဘယ်မျှလောက် အလိုရှိသနည်း”

“အရှင်ဘုရား၊ ကျောင်းမှာ သံဃာတော် မည်မျှ ရှိပါသလဲ ဘုရား”

“ဒါယကာ၊ သံဃာတထောင်ရှိသည်”ဟု မိန့်တော်မူ၏။

“အရှင်ဘုရား၊ မနက်ဖြန် သံဃာကုန် ဆွမ်းအလှူခံကြွတော် မူပါဘုရား”ဟု ပင့်ဖိတ်၏။ အရှင်သာရိပုတ္တရာလည်း သည်းခံ တော်မူ၏။

## သင်္ဃာတထောင်အား ဆွမ်းလှူခြင်း

ဒါယကာသည် မြို့တွင်းလှည့်လည်ပြီး—

"သပ္ပုရိသနွယ်ဝင် ဘူတော်စဉ် မိခင် ဖခင်တို့ခင်ဗျား၊ ကျွန်တော်သည် နက်ဖြန်ခါ သံဃာတထောင် ပင့်ဖိတ်ထားပါသည်။ မိမိတို့ စေတနာ သဒ္ဓါတရားရှိသလောက် သံဃာတော် အရှင်မြတ်တို့အား ဆွမ်းဆက်ကပ် လှူဒါန်းတော်မူကြပါ၊ သပ္ပုရိသနွယ်ဝင် သူတော်စဉ်အပေါင်းတို့ ခင်ဗျား"ဟု လှည့်လည်ကြွေးကြော် နှိုးဆော်တိုက်တွန်းစေ၏။

လူအပေါင်းတို့သည် မိမိတို့ စွမ်းနိုင်သမျှ ၄ါးပါး၊ ၁၀-ပါး၊ အပါး ၂၀၊ အပါး ၅၀၊ အပါး ၁၀၀ စသည်ဖြင့် အသီးသီး ပြောဆို ဝန်ခံကြလေ၏။ နိဗ္ဗာန်ဆော် ဒါယကာလည်း 'ဒီလိုဆိုရင် နေရာတခုထဲမှာ စုပေါင်းချက်ပြုတ်၍ တပြိုင်နက် ပေးလှူလုပ်ကြွေးကြပါကုန်အံ့'အကြံရကာ ဆန်၊ ဆီ၊ ငြုတ်၊ ကြက်သွန်၊ ထောပတ်၊ တင်လဲ စသည်တို့ကို ယူဆောင်၍ သင့်တော်ကောင်းမြတ်သောနေရာတခု၌ ကောင်းစွာ စုဆောင်းထားစေ၏။

ထိုအခါ သူကြွယ်တဦးသည် နိဗ္ဗာန်ဆော်လုပ်သူအား အဘိုးတသိန်းထိုက်သော အနံ့တကြိုင်ကြိုင်မွှေးသော နံ့သာပုဆိုးကို လှူ၍ "အကယ်၍ စုပေါင်းအလှူတွင် တစုံတခု ချို့တဲ့ပါမူ ဒီနံ့သာပုဆိုးကို ထုခွဲရောင်းချ၍ လိုတဲ့နေရာမှာ သုံးစွဲလှူဒါန်းပါ။ အကယ်၍ ပြည့်စုံလုံလောက်မယ်ဆိုရင်လဲ လှူလိုတဲ့ရဟန်းကို ပေးလှူပါ"ဆို၍ လှူလိုက်လေ၏။

## ရှင်ဒေဝဒတ်အား သက်န်းလှူခြင်း

နိဗ္ဗာန်ဆော် ဒါယကာ၏ အလုံးစုံသောအလှူဒါနသည် အား လုံးပြည့်ဝစုံလင်သည့်ပြင် ပိုလျှံ၍ပင် နေ၏။ ဘာမျှဆိုစရာ မရှိပေ။ အလှူဒါယကာတဦး၏ ပေးလှူထားသော သင်္ကန်းသည် ပို၍နေ၏။ ထိုသင်္ကန်းကို အဘယ်ပုဂ္ဂိုလ်အား ပေးလှူကြမလဲဟု မေးရာ အချို့က အရှင်သာရိပုတ္တရာအရှင်မြတ်အား ပေးလှူကြမည်။ အချို့က အရှင်သာရိပုတ္တရာသည် ကောက်မှည့်ချိန် ကောက်ရိတ်ချိန်လောက်သာ ကြွလာပြီး ပြန်သွားလေ့ရှိသည်။ ရှင်ဒေဝဒတ်သည် ငါတို့၏သာမှုနာမှု ဘာတမှုမကျန်ရအောင် ကြည့်ရှုစောင်မသဖြင့် အဖော်သဟဲလည်းဖြစ်ပေသည်။ရေလှောင် အိုးကြီးသဖွယ် အမြဲမပြတ် ငါတို့အရပ်၌သာ သီတင်းသုံး တည်နေပါသည်။ ထို့ကြောင့် ရှင်ဒေဝဒတ်အားသာ ထိုသင်္ကန်းကို ပေးလှူကြကုန်အံ့ဟု ဆိုကြကုန်၏။အရှင်ဒေဝဒတ်ဖက်က မဲများသဖြင့် ရှင်ဒေဝဒတ်အား ပေးလှူကြ၏။ ရှင်ဒေဝဒတ်လည်း ထိုအဝတ်ပုဆိုးကိုချုပ်ဆိုးပြီး ဝတ်ရုံသုံးဆောင် ဤလှည့်လည်လေ၏။

ထိုသို့ အဘိုးတန်သင်္ကန်းကြီး တကားကားနှင့် ကြွားဝါလှည့်လည်နေသည်ကို မြင်ကြရသောအခါ လူအပေါင်းတို့သည် 'ဒီသင်္ကန်းသည် ရှင်ဒေဝဒတ်နှင့် မသင့်တော်ပေ။ အရှင်သာရိပုတ္တရာနှင့်သာ သင့်လျော် လျောက်ပတ်ပေသည်။ ရှင်ဒေဝဒတ်သည် မသင့်လျော်သောသင်္ကန်းကို ဆင်မြန်းဝတ်ရုံ၍ သွားလာလည်ပတ်နေသည်'ဟု ပြစ်တင်ပြောဆိုကြလေ၏။

ထိုအခါ အရပ်မျက်နှာ၌ နေလေ့ရှိသော ရဟန်းတပါးသည် ရာဇဂြိုဟ်မှ သာဝတ္ထိပြည်သို့သွား၍ မြတ်စွာဘုရားကို ဖူးဖော်မြတ်

နိုး ရှိခိုးလေ၏။ ပဋိသန္ထာရ စကားပြောကြပြီးသော် မြတ်စွာဘုရားက–

"ချစ်သား၊ နှစ်ပါးသော အဂ္ဂသာဝကတို့ ချမ်းချမ်းသာသာ နေထိုင်ကြရပါ၏လော"ဟု မေး၏။

ထိုအခါ အာဂန္တုရဟန်းသည် အစမှအဆုံး အကုန်လုံး လျှောက်ထားလေ၏။ ထိုစကားကိုကြားလျှင် မြတ်စွာဘုရားက–

"ချစ်သားရဟန်း၊ အခုမှသာ ဒေဝဒတ်သည် မိမိနှင့် မသင့်လျော်သောသက်နိုးကို ဝတ်ရုံသုံးဆောင်သည် မဟုတ်သေး။ ရှေးအခါကလဲ ဝတ်ရုံသုံးဆောင်ခဲ့ဘူးသည်သာလျှင်တည်း"ဟု အတိတ်ကို ဆောင်တော်မူ၏။

## ဆင်သတ်ယောကျ်ား

"ချစ်သားရဟန်း၊ ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံအုပ်ချုပ် မင်းလုပ်တော်မူသည်။ ဗာရာဏသီပြည်၌နေလေ့ရှိသော ဆင်သတ်ယောကျ်ားတယောက်သည် ဆင်များကိုသတ်၍ အစွယ် အသား ခြေသည်း လက်သည်း စသည်တို့ကိုယူ၍ ရောင်းချစားသောက်၍ နေလေ၏"ဟု အစချီ၍ အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ထိုအခါ တောအုပ်တခု၌ တထောင်ကျော်သောဆင်အုပ်ကြီး လှည့်လည်သွားလာကျက်စား၍ နေလေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို တွေ့မြင်သောအခါ ပုဆစ်ဒူးတုတ်၍ရှိခိုးပြီးမှ သွားလာကျက်စားကြသည်။

တနေ့သ၌ ဆင်သတ်သမားသည် ထိုအခြင်းအရာကိုမြင်၍ ‘ငါသည် ဒီဆင်တွေကို ခဲယဉ်းပင်ပန်းစွာ ပစ်ခတ်သတ်ပုတ်ရသည်။ ဒီဆင်တွေဟာ သွားတိုင်းလာတိုင်း ပစ္စေကဗုဒ္ဓါတွေကို ရှိခိုးပူဇော်ကြသည်။ အကြောင်း အသို့နည်း။ ပစ္စေကဗုဒ္ဓါတို့ကို ဒီဆင်တွေ ဘာကိုမြင်လို့ ရှိခိုးသနည်း” ဟု စဉ်းစားဆင်ခြင်သော် ဧကန်မချွတ် အဝတ်သင်္ကန်းကိုမြင်လို့သာ ဆင်တွေရှိခိုးတာ ဖြစ်မှာဘဲ’ ဟု အသဲစွဲဆုံးဖြတ်ချက် ချမှတ်လေ၏။ ‘ငါအခု သင်္ကန်း တထည်ရအောင် ရှာမယ်’ ဟု ကြံပြီးလျှင် ရေအိုင်တခုသို့ဆင်း၍ ရေသုံးသပ်နေသော ပစ္စေကဗုဒ္ဓါတဆူ၏ ကမ်းပေါ်ပုံထားသည့် သင်္ကန်းများမှ သင်္ကန်းတထည်ကို ခိုးယူလေ၏။

ထို့နောက် ဆင်သွားသည့်လမ်းတွင် လှံကိုင်ပြီး သင်္ကန်း ခေါင်းမြီးခြုံ၍ ထိုင်နေလေ၏။ ဆင်တို့သည် ဆင်သတ်သမားကို မြင်လျှင် ပစ္စေကဗုဒ္ဓါဟူသောအမှတ်ဖြင့် ရှိခိုး၍ သွားကြကုန်၏။ ဆင်သတ်သမားသည် ဆင်အားလုံးနောက်မှလာသော ဆင်ဘကောင်ကို လှံဖြင့်ထိုးသတ်၍ အစွယ်စသည်ယူပြီး ဆင်လေကောင်ကို မြေကြီးထဲတွင် မြှုပ်နှံသွားလေ၏။

## ဘုရားအလောင်း ဆင်မင်း

ထို့နောက် ဘုရားအလောင်းသည် ဆင်မျိုး၌ဖြစ်၍ ဆင်တို့၏ အကြီးအမှူးဖြစ်လေ၏။ ဘုရားလောင်းဆင်မင်းသည် မိမိပရိသတ် ဘဖြည်းဖြည်းနဲလာသည်ကိုသိ၍ “ဆင်တွေ ဘယ်နေရာသွားလို့ အခုလိုနဲလာရသနည်း” ဟု မေးသောအခါ “အရှင်ဆင်မင်း၊ မသိကြပါ” ဟု ဆိုကြ၏။

“ဆင်တကောင်မှ ငါ့ကိုခွင့်မတောင်းဘဲ တခြားမသွားစေနှင့်၊ အန္တရာယ်တခုခုရှိနေတာ အမှန်ဖြစ်တယ်”ဟု မိန့်ကြားပြီးလျှင်‘သင်္ကန်းရုံပြီးထိုင်နေသောသူ၏ထံမှ အန္တရာယ်ဖြစ်မှာဘဲ’ဟု ယုံမှားသံသယရှိ၍‘ထိုသူ့ကိုမိအောင်ဖမ်းမည်’ဟု ကြံစည်ပြီး၊ဆင်အပေါင်းတို့ကို ရှေ့မှစေလွှတ်၍ မိမိနောက်ဆုံးမှ လိုက်လေ၏။ ဆင်သတ်သမားသည် ဆင်များအားလုံးရှိခိုး၍ သွားကြသောအခါ နောက်ဆုံးမှ ဘုရားသောင်းဆင်မင်းကိုမြင်၍ သင်္ကန်းကိုချွတ်ပြီး လှံကိုလွှတ်လိုက်လေ၏။ ဘုရားအလောင်းလည်း သတိထား၍လာသောကြောင့် လှံလွှတ်လိုက်သောအခါ အသာနောက်ဆုတ်၍ ရှောင်လိုက်၏။ ‘ဤသူသည် ဆင်တွေကို သတ်နေသောသူ’ဟု ဖမ်းယူရန် ပြေးသွား၏။

ဆင်သတ်သမားသည်‘သစ်ပင်တခုကိုကွယ်၍ ပုန်းနေသည်။ဘုရားအလောင်းသည် သစ်ပင်နှင့်တကွ ဆင်သတ်သမားကိုဆွဲယူပြီး မြေကြီးနှင့်ရိုက်ခတ်လိုက်မည်’ဟု ကြံ၍သွား၏။ ဆင်သတ်သမား ဘုတ်ပြသောသင်္ကန်းကိုမြင်သောကြောင့် ‘အကယ်၍ ငါသည် ဤသူယုတ်မာကို အသေသတ်လိုက်ပါက အထောင်မက များလှစွာသော ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့ကို ဖျက်ဆီးရာရောက်လိမ့်မည်’ဟု ဒေါသကို သိမ်းဆည်းထားလိုက်၏။

“အသင်သည် ငါ့ဆွေမျိုးတွေကို သတ်ဖြတ် ဖျက်ဆီးခဲ့သည်မဟုတ်လော”

“အရှင်ဆင်မင်း....၊ မှန်ပါသည်။ ဖျက်ဆီးမိခဲ့ပါသည်”

“အသင်သည် ဘယ်အတွက် ဒီလိုဝန်လေးတဲ့ အလုပ်ကြီးကို ပြုလုပ်လွန်ကျူးရသနည်း။ မိမိနဲ့မသင့်မလျော် ရာဂကင်းတော်မူကုန်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့နှင့်သာ သင့်လျော်

သည့် သက်န်းကို ဝတ်ရုံသုံးဆောင်ရသနည်း။ အလွန် ဝန်လေးသော အမှုကြီးကို ပြုလုပ်လေဘိသနည်း''ဟု ပြောကြားပြီး ထို့ထက်အလွန် နှိပ်ကွပ် ဆုံးမလိုသေကြောင့်-

''ကိလေသာတည်းဟူသော ဖန်ရည် မစွမ်းပါဘဲနှင့် ဖန်ရည်စွန်းသော အဝတ်သက်န်းကို ဆင်းမြန်းဝတ်ရုံလျက် ရှိသောဟဲ့-သူယုတ်မာ၊ မျက်စိပသော ဣန္ဒြေတို့၌ စောင့်ရှောက်သိမ်းဆည်းခြင်းမှရင်း၊ မဟုတ်မမှန်သော စကားကို ပယ်ရှား၍ မှန်သောစကားကို ပြောဆိုခြင်းမှရင်း ဝေးကွာ၏။ အဲဒီလို အယုတ်တမာများသည် ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာတို့သာ သုံးဆောင်သင့်သည့် အဝတ်သက်န်းကို ဝတ်ရုံ သုံးဆောင်ဘို့ လားလားမှ မထိုက်ဘူး''ဟု ပြောဆို ဆုံးမ၏။

## ဇာတ်တော် ပေါင်းခြင်း

မြတ်စွာဘုရားသခင်သည် အတိတ်ဇာတ်ကြောင်း ပြန်ပြောင်း ဟောကြား၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။

''ချစ်သား ရဟန်းတို့၊ အဲဒီအခါတုန်းက ဆင်သတ်သမားသည် ဒေဝဒတ် ဖြစ်ခဲ့ဘူးတယ်။ ဆင်သတ်သမားကို နှိပ်ကွပ် ဆုံးမသော ဆင်မင်းသည် ငါဘုရားသာလျှင် ဖြစ်ခဲ့တယ်။

''ချစ်သားရဟန်းတို့၊ အခုမှသာ ဒေဝဒတ်သည် မိမိနှင့် မသင့်လျော်တဲ့ သက်န်းကိုဝတ်ရုံခဲ့တာမဟုတ်သေး။ ဟိုရှေးတုန်းကလဲ ဝတ်ရုံသုံးဆောင်ခဲ့ဘူးသည် သာတည်း''ဟု မိန့်တော်မူ၏။

ဒေသနာ၏ အဆုံး၌ အရပ်မျက်နှာတို့၌နေသော ရဟန်းသည် သောတာပန် ဖြစ်လေ၏။ များစွာသော ပရိသတ်တို့သည် သောတာပန် စသည် ဖြစ်ကြကုန်၏။

# အရှင်သာရိပုတ္တရာ ဝတ္ထု

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ အဂ္ဂသာဝကတို့လျှောက်ထားသော စကားအရ သိဉ္စည်းဆရာကြီး လိုက်ခဲလာသည်ကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့ပေသည်။

## ဇာတ်လမ်း အစ

ငါတို့ မြတ်စွာဘုရားသည် လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတသိန်း အထက်က အမရဝတီမြို့၌ သုမေဓာ အမည်ရှိသော ပုဏ္ဏားသူကြွယ် လုလင်ငယ်တဦး ဖြစ်ခဲ့သည်။

ပညာအားလုံးကို ပြီးဆုံးအောင် တတ်မြောက်သည်။ မိဘနှစ်ပါးတို့ ကွယ်လွန်သွားသဖြင့် ပစ္စည်းဥစ္စာ ကုဋေ တရာကျော်ကို စွန့်လွှတ် လှူဒါန်း၍ ရသေ့ရဟန်း ပြုလေ၏။ ဟိမဝန္တာ၌

နေပြီး ဈာန်အဘိညာဉ်ရသည်။ ကောင်းကင်ခရီးဖြင့် သွားသော အခါ ဒီပင်္ကရာမြတ်စွာဘုရား ကြွတော်မူရန် လမ်းပြင်နေသည်ကို တွေ့မြင်လေသည်။ မိမိလည်း နေရာတခု ဘာဝန်ယူ လမ်းပြင်သည်။ လမ်းပြင်၍ မပြီးမီ ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာတော်မူသည်။ မိမိကိုယ်ကို ရွှံ့ညွှ ထဲတွင် သစ်နက်ရေခင်း၍ တံတားအဖြစ် လှူဒါန်းသည်။ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာရသေ့ကို မြင်၍ ဤရသေ့သည် ဘုရားအလောင်း ဖြစ်သည်။ နောင်အခါ ဂေါတမ အမည်ရှိသော ဘုရားဖြစ်လိမ့်မည် ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

## ဗုဒ္ဓဝင် အကျဉ်း

ဒီပင်္ကရာ မြတ်စွာဘုရားနောက်၌ ကောဏ္ဍည၊ မင်္ဂလစသော ဘုရားရှင်တို့ အစဉ်အတိုင်း ပွင့်တော်မူကြသည်။ နှစ်ဆယ့်လေးဆူကုန်သော ဘုရားရှင်တို့၏ အပံ၌လည်း ဗျာဒိတ် ခံရလိမ့်ဦးမည်။ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူလျက် ဝေဿန္တရာမင်းကြီးဘဝ၌ မဟာပထဝီမြေကြီး တုန်လှုပ်အောင် အလှူကြီး ပေးလိမ့်မည်။ အသက်၏ အဆုံးမှာ တုသိတာနတ်ပြည်၌ သေတကေတု အမည်ရှိသော နတ်သား ဖြစ်လိမ့်မည်။ စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က ဘုရားဖြစ်ရန် အချိန်တန်ပါပြီ ဆိုသည့်အကြောင်း လာရောက်တောင်းပန်ကြလိမ့်မည်။ ထိုအခါ အလောင်းတော် နတ်သားသည်–

(၁) ဘုရားဖြစ်ရန် အချိန်၊

(၂) ဘုရား ဖြစ်ထိုက်သော ကျွန်း၊

(၃) ဘုရားဖြစ်ထိုက်သော အရပ်ဒေသ၊
(၄) ဘုရားဖြစ်ထိုက်သော အမျိုး၊
(၅) ဘုရားလောင်းမယ်တော်၏အသက် ခုနစ် ရက်၊

ဆိုသည့် ကြည့်ခြင်းကြီး ငါးပါးကို ကြည့်တော်မူပြီးသော အခါ တုသိတာ နတ်ပြည်မှ စုတေခဲ့၍ ကပိလဝတ်ပြည် သာကီဝင် မင်းမျိုး၌ သန္ဓေတည်လိမ့်မည်။ ဆယ်လ လွန်သောအခါ ဖွားမြင်လိမ့်မည်ဟု ဗျာဒိတ်စကား ကြားတော်မူခဲ့၏။

သက်တော် ၁၆ နှစ် ရောက်သောအခါ မင်းစည်းစိမ်ဖြင့် စံမွေ့ယင်လျက် အရွယ်ရောက်သည်ရှိသော် ယသော်ဓရာနှင့် လက်ထပ်၍ ပြာသာဒ်သုံးဆောင်ဖြင့် စံစားတော်မူ၏။ ဥယျာဉ်တော်သို့ ထွက်တော်မူသောအခါ သူအို၊ သူနာ၊ သူသေ နတ်တမန်သုံးယောက်ကိုမြင်၍ မရွှင်မသာ ပြင်းစွာ ထိတ်လန့်တုန်လှုပ်ပြီး ဆုတ်၍ ပြန်တော်မူခဲ့သည်။ လေးကြိမ်မြောက် ထွက်သောအခါ ရဟန်းကို မြင်၍ 'ဤရဟန်းဘဝ အလွန်ကောင်းလှပေ၏'ဟု နှစ်သက်မြတ်နိုးခြင်း ဖြစ်တော်မူ၏။ တနေ့လုံး ဥယျာဉ်တော်၌ အချိန်ကုန်ခံ၍ ကန်၏အနီး၌ နေတော်မူ၏။ ထိုအခိုက် ဆေတ္တာသည်ယောင် ဆောင်လာသော ဝိသကြုံ နတ်သားသည် ရာဟုလာ မင်းသားလေး ဖွားမြင်သည့်အကြောင်း သတင်းကောင်း ပါးလေ၏။ 'သား၌ ချစ်ခြင်း ပြင်းပြအားကြီးသည်၏ အဖြစ်ကို သိတော်မူ၏။ သား၌ ချစ်ခြင်းကြီးထွားမလာမီ သံယောဇဉ်ဖြတ်မှတော်တော့မည်'ဟု ဆင်ခြင်တော်မူ၍ ညချမ်းအခါ မြို့သို့ ဝင်တော်မူလေ၏။

အပြန်တွင် အရီးတော်၏သမီး ကိသာဂေါတမီ ရှဘ်ဆိုသော ဂါထာသံကိုကြား၍၊ 'ငါ့ကို ဒိကိသာ ဂေါတမီဟာ ငြိမ်းအေး

တယ်ဆိုတဲ့ စကားကို ပြောကြားပေသည်’ဟု လည်ပင်းမှ ပုလဲသွယ်ကိုချွတ်၍ ကိသာဂေါတမီထံ အပို့လွှတ်လိုက်၏။ တိုက်ခန်းသို့ဝင်တော်မူပြီး အိပ်ရာထက်၌ နေတော်မူစဉ် ကိုးယိုးကားယား အိပ်ပျော်နေသည့် ကချေသည်တို့ကို မြင်၍ အလွန်အမင်းငြီးငွေ့တော်မူ၏။ မောင်ဆန်ကိုနှိုးပြီး ကဏ္ဍကမြင်းကို စီး၍ နောက်ပါမောင်ဆန်နှင့် နတ်ပြဟ္မာအပေါင်းခြံရံလျက် တောထွက်တော်မူ၏။ အနောမာသောင်၌ ရဟန်းပြုပြီးသော် ရာဇဂြိုဟ်သို့ကြွတော်မူ၏။

ပဏ္ဍဝတောင်၌နေသောအခါ ဗိမ္ဗိသာရမင်းကမင်းပြုရန် ဖိတ်မန်လေ၏။ ပယ်ရှားသောအခါ ဘုရားဖြစ်ပါက မိမိနိုင်ငံသို့အဦးဆုံးကြွလာပါရန် တောင်းပန်လေ၏။ အာဠာရ-ဥဒက ရသေ့တို့ထံသွား၍ကြိုးစားသောအခါ ဈာန်ရလေ၏။ ဈာန်ရရှိနှင့်မကျေနပ်၍ ၆ နှစ်လုံးလုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။ ကဆုန်လပြည့်နေ့၌ သုဇာတာလှူသော နို့ဃနာဆွမ်းကို ဘုန်းပေး၍ အဓိဋ္ဌာန်ရွှေခွက်မျှောလေ၏။ ညချမ်းအခါ သောတ္ထိယလုလင်လှူသော မြက်ရှစ်ဆုပ်ကို အလှူခံ၍ ဗောဓိပင်ရင်းသို့ချဉ်းကပ်ပြီးလျှင် မြက်တို့ကိုဖြန့်ခင်းပြီး ‘ဘုရားမဖြစ်သမျှ ငါမထ’ဟု အဓိဋ္ဌာန်နှင့်ထိုင်တော်မူရာ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူလေ၏။

ပထမယာမ်၌ ပုဗ္ဗေ နိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ် ရ၍ ဘုရားဖြစ်တော်မူလေ၏။ ဗောဓိပင်ရင်း၌ သတ္တာဟကိုအစပြု၍ ခုနစ်ရက်ခုနစ်လီ သတ္တသတ္တာဟ စံနေတော်မူသည်။ ရှစ်ခုမြောက် သတ္တာဟတွင် ဆိတ်ကျောင်း ညောင်ပင်၌ သီတင်းသုံး စံနေတော်မူသည်။ ထိုအခါ၌ တရားတော်မြတ်၏ နက်နဲသောအဖြစ်ကို ဆင်ခြင်

တော်မူသဖြင့် တရားဟောခြင်း၌ ကြောင့်ကြမဲ့ အဖြစ်ရောက် တော်မူသည်။ သဟမ္ပတိဗြဟ္မာမင်းက တရားဟောရန် တောင်းပန်ခြင်းကြောင့် တရားဟောရန်ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူ၏။အာဠာရနှင့်ဥဒကရသေ့တို့ ကွယ်လွန်သွားကြသည်ကို မြင်တော်မူ၍ ပဉ္စဝဂ္ဂီငါးဦးတို့ အထူးကျေးဇူးရှိလှသည်ကို နှလုံးသွင်းတော်မူ၍ မိဂဒါဝုန်သို့ ကြွချီတော်မူ၏။

လမ်းတွင် ဥပကနှင့်တွေ့၍ ရှေ့သို့ဆက်ခဲ့ရာ ဝါဆိုလပြည့်နေ့၌ပဉ္စဝဂ္ဂီတို့နေရာသို့ရောက်တော်မူ၏ ။ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောကြားတော်မူသည်ရှိသော် ကောဏ္ဍည အစရှိသော ၁၈-ကုဋေသော နတ်ဗြဟ္မာတို့ ကျွတ်တမ်း ဝင်ကြသည်။ ထို့နောက် ငါးရက်နေ့၌ ပဉ္စဝဂ္ဂီငါးဦးလုံး ရဟန္တာဖြစ်တော်မူကြလေ၏။ ထိုနေ့၌ပင် ယသ သတို့သား အမှူးရှိသော အမျိုးကောင်းသားတို့ အကျွတ်တရား ရမည်ကို မြင်တော်မူ၍ အိမ်ကိုစွန့်ပြီး ထွက်ခွာလာသော ယသ သတို့သားကို "ဧဟိဘိက္ခု"ခေါ်တော်မူ၏။ ညတွင်းချင်း သောတာပန်လည်လေ၏။ နောက်တနေ့တွင်ရဟန္တာဖြစ်တော်မူလေ၏။နောက်အခါ သယ၏ အပေါင်း ၅၄-ယောက်တို့ကို "ဧဟိဘိက္ခု" ရဟန်းပြုစေတော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်စေတော်မူ၏။

ဤသို့ လောကကြီး၌ ရဟန္တာ ၆၁-ပါး ဖြစ်တော်မူ၏။ ဝါကျွတ်သောအခါ ပဝါရဏာပြုတော်မူ၍-

"ချစ်သားရဟန်းများတို့၊ သင်တို့သည် ဒေသစာရီလှည့်လည်ကြလော့" ဟု သာသနာပြု စေလွှတ်တော်မူ၏။ ကိုယ်တော်မြတ်သည်ဥရုဝေလတောသို့ ကြွတော်မူသော် လမ်းတွင် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့ကို တရားရေအေး တိုက်ကျွေး ဆုံးမတော်မူ

၏။ အယုတ်ဆုံး သောတာပန်ဖြစ်၍ အမြင့်ဆုံး အနာဂါမ် ဖြစ်လေသည်။ မင်းသား အားလုံးကို "ဟေ်ိဘိကျွ" ခေါ်၍ ရဟန်းပြုတော်မူ၏။ ထိုရဟန်းတို့ကိုလည်း အရပ်အသီးသီးသို့ သာသနာပြုရန် စေလွှတ်တော်မူပြန်၏။ ကိုယ်တော်မြတ်သည် ဥရုဝေလတောသို့ ဆက်လက်၍ ကြွတော်မူ၍ တန်းခိုးပြာဋိဟာ တို့ကို ပြတော်မူလေ၏။ ဥရုဝေလကဿပ အစရှိသော ရသေ့ ညီနောင် ရှင်တထောင်တို့ကို "ဟေ်ိဘိကျွ" ရဟန်းပြုတော်မူ၏။ ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူရာ အားလုံး ရဟန္တာချည်း ဖြစ်တော်မူကြကုန်၏။

မြတ်စွာဘုရားသည် ရဟန္တာတထောင်ခြံရံလျက် ဗိမ္ဗိသာရ မင်းအား တာဝန်ခံထားတော်မူသည့်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။ "မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ ကြွလာ တော်မူပြီ" ဆိုသောသတင်းကြောင့် တသန်း နှစ်သောင်းသော ပရိသတ်ကြီးနှင့်တကွ ကြိုဆိုဆည်းကပ်လာသော ဗိမ္ဗိသာရမင်း ကို တရားရေအေး တိုက်ကျွေးဆုံးမတော်မူ၏။ ထိုတရားပွဲ၌ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ပရိသတ်တသိန်းတသောင်း သောတာ ပန်တည်ကြလေ၏။ ဤပရိသတ် တသောင်းတို့မှာ သရဏဂုံ၌ တည်စေတော်မူ၏။ နောက်တနေ့၌ သိကြားမင်းလုလင် ယောင် ဆောင်၍ ဦးကျူးအပ်သောဂုဏ်ရှိသည်ဖြစ်၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏ ရာဇဂြိုဟ်သို့ ရောက်တော်မူသောအခါ ဗိမ္ဗိသာရ မင်းကြီး နန်းတော်၌ ဆွမ်းဘုန်းပေးတော်မူ၍ ဝေဠုဝန်ကျောင်း တော် အာရာမ်ကိုအလှူခံတော်မူ၏။ ဝေဠုဝန်ကျောင်းအာရာမ်၌ စံနေတော်မူသောအခါ အရှင်သာရိပုတ္တရာ-အရှင်မောဂ္ဂလ္လာန်တို့ သည် မြတ်စွာဘုရားထံလာရောက် ဆည်းကပ်ကြကုန် သတည်း။

## အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်

မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်တော်မမူမီကပင်လျှင် ရာဇဂြိုဟ်ပြည်အနီး၌ ဥပတိဿရွာ၊ ကောလိတရွာ အမည်ရှိ ပုဏ္ဏားရွာကြီးနှစ်ရွာရှိလေသည်။ ထိုရွာကြီးနှစ်ရွာတို့တွင် ဥပတိဿရွာ၌ ရူပသာရိပုဏ္ဏေးမကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေသောအခါမှာပင်ကောလိတရွာ၌မောဂ္ဂလိပုဏ္ဏေးမကြီး ဝမ်းတိုက်၌လည်း ကိန်းပိုက်သန္ဓေတည်နေလေ၏။ ထိုအမျိုးသည် အမျိုးခုနစ်ဆက်တိုင်အောင် အစဉ်မပျက် ချစ်ခင်ပေါင်းသင်း၍ လာကြသောမိတ်ဆွေအရင်းအချာများ ဖြစ်ကြလေသည်။ ပုဏ္ဏေးမနှစ်ယောက်လည်း တနေ့ထဲတချိန်ထဲ တပြိုင်နက် ပဋိသန္ဓေတည်၍ ဖွားမြင်သောအခါတွင်လည်း တပြိုင်နက်လိုပင် ဖွားမြင်ကြလေ၏။ နာမည်မှည့်သောနေ့တွင် ရူပသာရိပုဏ္ဏေးမ၏သားကို ဥပတိဿရွာဥက္ကဋ္ဌကြီး၏သား ဖြစ်သောကြောင့် ဥပတိဿဟု နာမည်မှည့်ကြကုန်၏။ မောဂ္ဂလိပုဏ္ဏေးမ၏သားကို ကောလိတရွာ ဥက္ကဋ္ဌကြီး၏သားဖြစ်သောကြောင့် ကောလိတဟု နာမည်ပေးကြကုန်၏။

အမျိုးသား နှစ်ဦး တို့သည် အတော် ကလေး ကြီးလာသောအခါ လောကီပညာ အားလုံးကို ဆုံးခန်း တိုင်အောင် တတ်မြောက် ကြကုန်၏။ ဥပတိဿလုလင် မြစ်သို့ဖြစ်စေ၊ ဥယျာဉ်သို့ ဖြစ်စေ၊ ကစားရန် သွားသောအခါ ရွှေထမ်းစင် ငါးရာဖြင့် သွားလာရ၏။ ကောလိတ လုလင်အား အာဇာနည်မြင်းရထား ငါးရာဖြင့် သွားလာရ၏။ တယောက်တယောက်တွင် လုလင်ပျို ငါးရာစီအခြွေအရံရှိကြသည်။ ကြီးလှ

စွာသော စည်းစိမ်ဥစ္စာတို့ကို ခံစားပျော်ပါးရင်း ကြီးပြင်း၍ လာကြလေ၏။

## တောင်ပေါ် ပွဲသဘင်

ရာဇဂြိုဟ်ပြည်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော တောင်ပေါ် ပွဲသဘင်သည် အလွန်ပင် စည်ကားလေ၏။ လုလင်နှစ်ယောက်တို့သည် နေ့ရာတခုထဲ ညောင်စောင်းတခုထဲမှာ နှစ်ယောက်တွဲ၍ အမြဲလိုလိုပင် ပွဲသဘင် ကြည့်ရှုလေ့ရှိ၏။ ရယ်ရွှင်ဘွယ်ရာ ပြက်လုံးများကို ကြားရသည့်အခါ အားရပါးရ ဟက်ဟက်ပက်ပက် ရယ်မောကြလေ၏။ ကြောက်စရာလန့်စရာ အခန်းများ ရောက်သောအခါ ကြောက်ရွံ့ ထိတ်လန့်ကြလေသည်။ ပေးကမ်းလှူဒါန်းသောအခါမျိုးတွင် ရွှေတန်းကပင် ပေးကမ်းလှူဒါန်းကြကုန်၏။ ဤသို့ပင် ပျော်ပျော်ရွှင်ရွှင်နှင့် ပွဲသဘင်ကြည့်ရှုလာကြသော သူငယ်ချင်းနှစ်ယောက်တို့သည် မိမိကိုယ်တွင်း၌ ရှေးဘဝများစွာက ပါလာသော ပါရမီကံ လှုံ့ဆော်လာသောကြောင့် ရင့်ကျက်သော အသိဉာဏ် ဝင်လာသဖြင့် ပွဲကြည့်ရာတွင် ရှေးကလို မပျော်ရွှင်တော့ဘဲ သံဝေဂဉာဏ် ရင့်သန်၍ လာလေသည်။ ထိတ်လန့်တုန်လှုပ်စရာ ကောင်းသော အခန်းများသို့ ရောက်သောအခါ ထိတ်လန့်တုန်လှုပ်ခြင်း မရှိတော့ပေ။ ပွဲ၏အရသာကို ရှာ၍မတွေ့၊ ငြီးငွေ့၍ လာကြသည်။ 'အမြဲတမ်းပွဲကြည့်လာသော ငါတို့သည် ကြည့်စရာမရှိတော့ပေ။ တခြားကြည့်ရှုစရာဘယ်မှာများရှိပါလိမ့်အုံးမည်နည်း၊ လှုပ်လှုပ်ရွရွမြင်တွေ့နေရတဲ့သတ္တဝါအားလုံးဟာ အလွန်တရာ အတွင်းသေ

ကြေပျက်စီးကြပေလိမ့်မည်။ နာမည်တောင် ကျန်တော့မည် မဟုတ်။ ငါတို့သည် မနာမသေ ထွက်ရာလမ်းကိုရှာမှ တော်ချေမည်’ဟု စဉ်းစားခန်းဝင်၍ နေကြလေသည်။

ထို့နောက်ကောလိတက “သူငယ်ချင်း ဥပတိဿ၊ သင်ဟာ ခါတိုင်းလို မဟုတ်ဘူး။ ဘာတွေများ စိတ်ကူးယဉ်နေသလဲ။ သင့်ကို ကြည့်ရတာ ပျော်ပျော်ရွှင်ရွှင်မရှိ။ ငိုင်တိငိုင်ငေး ကြက်သရေမရှိ ဖြစ်သည်။ ဘာများ အကြောင်းထူး ရှိသလဲ” ဟု မေးသောအခါ ဥပတိဿက–

“သူငယ်ချင်း ကောလိတ၊ ဒို့တတွေ နှစ်ရှည်လများ ပွဲကြည့်လာခဲ့တာ ဘာတခုမှ အနှစ်သာရမရှိဘူး။ အနှစ်မရှိတဲ့လောကကြီးမှာ ဘာမျှအသုံးမကျတဲ့ ငှက်ပျောတုံးလက်ပန်တုံးလို အကျိုးမဲ့ အချည်းနှီးသာဖြစ်ချေသည်။ အနှစ်ရှိသော သစ်ပင်သည် လူရှင်ရဟန်း သုံးမကုန် ဖြစ်ချေသည်။ သို့အတွက် မသေရာ အရပ်ကို ရှာဖွေသင့်သည်ဟု တွေးမိသဖြင့်စိတ်မအေးဖြစ်နေရပါသည်” ဟု ပြန်ပြောလေ၏။

ဆက်လက်၍ “သူငယ်ချင်းကောလိတ၊ မင်းလဲဘဲခါတိုင်းနှင့် မတူ တမူကွဲပြားခြားနားနေသည်။ ဘာတွေများ စိတ်ကူးယဉ်နေသလဲ။ သင့်ကြည့်ရတာ မရွှင်မပျနှင့် စိတ်မချမ်းသာစရာ ကောင်းလှသည်။ ဘာများခံစားချက်ရှိသနည်း” ဟု မေးမြန်းလေ၏။

“သူငယ်ချင်း ဥပတိဿ၊ ငါသည်မူလဲ သင့်လိုဘဲ မသေရာ လမ်းကို ဘယ်လိုရှာရမလဲဟု တွေးတောစဉ်းစား၍နေသည်” ဟု ပြောလေ၏။ ဥပတိဿလည်း မိမိနှင့် စိတ်တူ သဘောတူ ဖြစ်နေသည်ကို သိရှိသွားလေသည်။

ဥပတိဿက "သူငယ်ချင်း ကောလိတ၊ ငါတို့နှစ်ဦး အကြံ ထူးရတာကတော့ သာမညပါရမီ မဟုတ်နိုင်ပေဘူး။ သာမန် လူစားတို့ကြံစည်စဉ်းစားနိုင်သော အရာ မဟုတ်ဘူး။ ငါတို့ နှစ်ဦးဟာ အင်မတန်ခက်ခဲနက်နဲတဲ့ အကြံကြီးကိုကြံစည်စိတ်ကူး မိနေတာဘဲ။ မသေရာအမှန် မြတ်နိဗ္ဗာန်ကို မရရအောင် ရှာဖွေ ကြရမယ်။ ငါတို့နှစ်ယောက်ဟာ အိမ်ရာထောင်တဲ့ လူ့ဘောင် မှာ နေလို့မတော်ဘူး။ ရဟန်းပြုကြမှ တော်မယ်။ ဘယ်အရပ် ဘယ်ဒေသ ဘယ်ဆရာထံ နည်းနာခံ၍ ရဟန်း ပြုကြရရင် ကောင်းမလဲ" ဟု တိုင်ပင်ဆွေးနွေးကြလေ၏။

## သိဉ္စည်းဆရာကြီးထံ ပရိဗိုဇ် ရဟန်းပြုကြခြင်း

ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်ကြီး၌ သိဉ္စည်းပရိဗိုဇ် ဆရာကြီး သည် ပရိဗိုဇ်ပရိသတ်အခြံအရံများစွာနှင့် ထင်ရှားကျော်ကြား နေသည်။ အမျိုးသားနှစ်ဦးတို့သည် သိဉ္စည်းဆရာကြီးထံ အလျင် အမြန်သွား၍ ရဟန်းပြုကြကုန်အံ့ဟု တိုင်ပင်ကြလေ၏။ ငါးရာ သော လုလင်တို့အား "ထမ်းစင်ရထားတို့ကိုယူ၍ အိမ်ပြန်သွား ကြလော့"ဟု မှာပြီး တခုသောရထားတစင်းဖြင့် သိဉ္စည်းဆရာ ကြီးထံသွား၍ ရဟန်းပြုကြကုန်၏။ အမျိုးသားနှစ်ဦးတို့ ရဟန်း ပြုသောအခါမှစ၍ သိဉ္စည်းဆရာကြီးသည် အထူးတလည် ပို၍ စည်ကားလေသည်။ လာဘ်လာဘ ဖွံ့ဖြိုး၍ ဆထက်ထမ်းပိုး တိုးတက်များပြားလာ၏။

အမျိုးသားနှစ်ဦးတို့သည် နှစ်ရက် သုံးရက် အတွင်းမှာပင် သိဉ္စည်းဆရာကြီး၏ အယူဝါဒတို့ကို ထုံးကိုချေ၊ ရေလိုနှောက်နိုင် အောင်တတ်မြောက်ကျွမ်းကျင်ကြလေသည်။

"ဆရာသခင်၊ဆရာတို့သိအပ်တတ်အပ်သော အယူဝါဒသည် ဤမျှသာရှိသလော။ ထိုသို့မဟုတ်အလွန်ပင်ရှိပါသေးသလော"
"တပည့်တို့၊ ငါ့အယူဝါဒဟာ ဤမျှသာ အကုန်အစင်ဖြစ်လေသည်"ဟု သိဥ္စည်းဆရာကြီးက ပြော၏။

## တရားထူးအမှန်ကို ထပ်မံ၍ ရှာဖွေခြင်း

ဥပတိဿနှင့် ကောလိတပရိဗိုဇ်ယ်နှစ်ယောက်တို့သည် ဤသို့စဉ်းစားဆင်ခြင်ကြကုန်၏။
'ဤဆရာ၏အယူဝါဒသည် ဤမျှနှင့်အပြီးသတ်၍သွားချေပြီ။ ဒီဆရာထံမှာ နေ့ရက်တွေအကုန်ခံပြီး ဆက်လက် ကျင့်ကြံနေလို့ ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး။ အချည်းနှီးသာ ဖြစ်ချေမည်။ ငါတို့သည် မသေရာဌာနကို ရှာဖွေရန် လူ့ဘောင်စွန့်ခွာ၍လာခဲ့ကြပေသည်။ ငါတို့သည် ဒီဆရာထံမှာဆက်နေလို့မသေရာအမှန်ရှာကြံနေတဲ့ တရားကိုတွေ့ရမှာ မဟုတ်ဘူး။ ဒီတော့ ဒီဇမ္ဗူဒိပ်ကျွန်းကြီးသည် အလွန်ပင် ကျယ်ဝန်းလှပေသည်။ နေရာမလပ်ခြေရာထပ်အောင် ရှာဖွေရလျှင် ငါတို့လိုချင်နေတဲ့ မသေရာသို့ရောက်စေနိုင်သောတရားထူး တရားမြတ်ကို ဟောပြောပြသနိုင်သူ ဆရာတယောက်ကိုတော့ ကေန်တွေ့ရှိနိုင်ရမည်"ဟု ယုံကြည် ထက်သန်၍နေ၏။
နှစ်ယောက်သား တိုင်ပင်၍ ပညာရှိရဟန်းပုဏ္ဏားရှိသည်ဟုကြားသိရသော အရပ်ဒေသအသီးသီးသို့ သွားရောက် ရှာဖွေကြလေ၏။ တွေ့ရှိသမျှ ပညာရှိ ကဝိအကျော်တို့အား ပူဇော်သက္ကာရ ပြုလုပ်ပြီး အမေးပုစ္ဆာပြဿနာတို့ကို မေးမြန်းကြကုန်

၏။ သူတို့မေးသည့်ပြဿနာကိုဖြေဆိုနိုင်သော ပညာရှိတယောက်မျှ ကျေနပ်လောက်အောင် မတွေ့ကြရပေ။ ထိုဆရာတို့က ပြန်မေးသော အမေးပုစ္ဆာ ပြဿနာများကိုသာ ဥပတိဿနှင့် ကောလိတတို့က ဖြေဆိုနိုင်ကြလေသည်။

ဤသို့ ဇမ္ဗူဒိပ်ကျွန်းတကျွန်းလုံးသိမ်းကျုံးရှာဖွေသော်လည်း အားရကျေနပ်လောက်အောင် ဖြေဆိုနိုင်သူ၊ ဟောပြောနိုင်သူကို ရှာဖွေ၍ မရကြသောအခါ စိတ်ပျက်ပျက်နှင့် မိမိတို့ဌာနသို့ ပြန်လာကြလေ၏။ အပြန်တွင် ဥပတိဿပရိဗိုဇ်က–

"အဆွေ ကောလိတ၊ ငါတို့ နှစ်ယောက်တွင် တယောက်ယောက်က တရားထူးတရားမြတ်၊ မသေရာ အရပ်ကို အရင်ကြားနာ မှတ်သားရအံ့၊ တယောက်ထဲ အလွှတ်ရှုန်း၍ မသွားစတမ်း။ တရားထူးတရားမြတ်ကို ရအောင် ကျက်မှတ်၍ ကျန်တယောက်အား ပြန်ကြား ပြောဆိုကြမည်"ဟု တယောက်နှင့်တယောက် ကတိကဝတ် ထားကြလေ၏။

## အရှင်အဿဇိနှင့် တွေ့ခြင်း

ဤသို့ ကတိကဝတ် ထား၍ တရားရှာ ထွက်ကြပြန်သော်နောက်ကဆိုခဲ့သော စကားစဉ်အတိုင်း မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်၍ ဝေဠုဝန်ဥယျာဉ်ကိုအလှူခံတော်မူပြီး၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသခင်က "ချစ်သားရဟန်းတို့၊ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ပြခြင်းငှာ၊ လူ အမျိုးမျိုးတို့၏ အကျိုးစီးပွား များစိမ့်သောငှာ အတိုင်းတိုင်း အပြည်ပြည်သို့

လှည့်လည်ကြကုန်လော့”ဟုစေလွှတ်တော်မူသော ၆၁-ပါးသော ရဟန္တာတို့တွင် တပါး အပါအဝင် ဖြစ်သော အရှင်အဿဇိ မထေရ်သည် ဒေသစာရီ လှည့်လည်ရာမှ ပြန်ကြွလာသောအခါ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူလေ၏။ ထိုအခါ ဥပတိဿ ပရိဗိုဇ်သည် စောစော ဆွမ်းစား၍ ပရိဗိုဇ်အာရာမ်ကိုဖြတ်သန်း လာသော် အရှင်အဿဇိမထေရ်မြတ်ကို တွေ့မြင်လေ၏။ ‘ရပ် တကာ ရှာတရိုး လှည့်လည် ရှာဖွေနေသော ငါသည် ဒီရဟန်း မျိုး တခါမှ မတွေ့ဘူးသေး။ လူ့ပြည်တွင် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြသော ရဟန္တာ အပေါင်းတို့တွင် ဤရဟန်း သည် တပါးအပါအဝင် ဖြစ်ပေလိမ့်မည်။ အကယ်၍ ငါသည် အရှင်မြတ်ကို ဆည်းကပ် ဝပ်တွားလျက် မေးမြန်း စုံစမ်းရသော် ကောင်းလေစွဟု’ အကြံဖြစ်၏။ ဆက်လက်၍ ‘ယခုအခါ ငါ သည် ရွာထဲသို့ ဆွမ်းခံဝင်ဆဲ ဖြစ်သည်။ အမေးပုစ္ဆာ ပြဿနာ မေးရန် အခွင့်အခါ မဟုတ်သေး။ လမ်းခရီးအမှန်ကို မသိတဲ့ လူဟာ နောက်က နောက်ယောင်ခံ လိုက်သလို ဤအရှင်၏ နောက်က နောက်ယောင်ခံလိုက်မှ တော်ချေမည်’ဟု ရပ်တန့် ဆိုင်းငံ့ပြီး မထေရ်၏ အခြေအနေကို ကြည့်၍ လိုက်လေ၏။

အဿဇိမထေရ်လည်း မျှတလောက်သောဆွမ်း ရသောအခါ တနေရာသို့ကြွ၍ ထိုင်အံ့သော အခြင်းအရာကို ဥပတိဿ တွေ့မြင် လျှင် ကပြာကယာ ဝင်၍ နေရာထိုင်ခင်း စီစဉ်၍ ပေးလေ၏။ မထေရ် ဆွမ်းဘုဉ်းပေးပြီးသောအခါ မိမိကရားထဲမှ ရေကို ယူ၍ ကပ်လေ၏။ ဆရာ့ဝတ်ပြည့်စုံအောင် ဆောင်ရွက်ပြီးသောအခါ အာလာပ သလ္လာပ စကားဆွေးနွေး၏။ ပြီးဆုံးသောအခါ-

"အရှင်ဘုရား၊ အရှင်ဘုရား၏ ဣန္ဒြေတို့သည် အလွန်ပင် ကြည်လင်လှပါသည်ဘုရား၊ အရှင်ဘုရား၏ရုပ်အဆင်းသည်လည်း ဝင်းဝင်းပပရှိလှပါသည်ဘုရား၊ အရှင်ဘုရားသည် ဘယ်သူ့ကို ရည်မှန်း၍ ရဟန်းပြုပါသနည်း ဘုရား၊ အရှင်ဘုရား၏ဆရာကား အဘယ်သူပါနည်း။ အရှင်ဘုရားသည် အဘယ်သူ ဟောကြား အပ်သော တရားဓမ္မစကားကို နှစ်သက်ပါသနည်း ဘုရား" စသည် ဖြင့် အကြံအစည်အတိုင်း မေးမြန်းလေ၏။

မထေရ်လည်း 'ပရိဗိုဇ်ဆိုတာ သာသနာ့အပြင်ဘက်က ဆန့် ကျင်ဘက်ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ ဒီပရိဗိုဇ်အား မြတ်စွာဘုရား တရားတော်၏ သိမ်မွေ့ နက်နဲပုံတွေကို ပြလိုက်အုံးမယ်...'ဟု ကြံစည်တော်မူပြီးလျှင် "မိမိသည်သီတင်းငယ်မျှသာဖြစ်သည်" ကို စကားပလ္လင်ခံတော်မူလေ၏။

"ငါ့ရှင်၊ ငါသည်ကား မြတ်စွာဘုရား သာသနာ၌ သဒ္ဓါ တရားနှင့် ရဟန်းပြုတာ မကြာသေးဘူး။ သီတင်းငယ်မျှသာ ရဟန်းဝတ်ခါစ ရှိသေးသည်။ ငါတို့ဆရာ မြတ်စွာဘုရား ဟော ကြားတော်မူသော တရားဓမ္မစကားကို အနက်အဓိပ္ပာယ် အကျယ် ဟောတို့ပြောတို့ မစွမ်းနိုင်သေးဘူး" ဟု ပလ္လင်ခံတော်မူ၏။

ဥပတိဿပရိဗိုဇ်ကလည်း "အရှင်ဘုရား၊ တပည့်တော်နာမည် ဥပတိဿလို့ ခေါ်ပါသည် ဘုရား။ အရှင်ဘုရား တတ်သမျှ မှတ် သမျှသာ ဟောကြား ဆုံးမတော်မူပါဘုရား။ အရိပ်အမြွက်ဟော ရုံနဲ့ အချက်တထောင်၊ အချက်တသိန်းအထိ သိစွမ်းနိုင်သူ ဖြစ် ပါသည်ဘုရား။ အကျယ်သိတို့ရန် တပည့်တော်တာဝန်ပါဘုရား" ဟု လျှောက်ထားလေ၏။

## ဥပတိဿ သောတာပန် တည်ခြင်း

အဿဇိမထေရ်မြတ်က-

"ဒုက္ခသစ္စာဆိုတာ တဏှာဆိုတဲ့ သမုဒယသစ္စာက အမှန်အစ ဖြစ်လာတယ်။ မြစ်ဖျားခံလာတယ်။ အဲဒီ ဒုက္ခသစ္စာ သမုဒယ သစ္စာနှစ်ပါးတို့၏ ချုပ်ရာချုပ်ကြောင်းတွေ၊ ချုပ်အောင်ကျင့် တဲ့ နည်းလမ်းတွေကို ငါတို့ မြတ်စွာဘုရား ဟောကြား ညွှန်ပြခဲ့ တယ်။ တရားအားလုံးတို့၏ ချုပ်ရာအမှန်၊ နိဗ္ဗာန်ဆိုတဲ့ နိရောဓ သစ္စာကိုလည်း ဟောကြားတော်မူခဲ့တယ်။ ငါတို့ဆရာ ရဟန်း မြတ် ဖြစ်တော်မူသော မြတ်စွာဘုရားက ဤသို့ အယူဝါဒရှိပေ တယ်"ဟု ဟောကြားတော်မူ၏။

ဥပတိဿပရိဗိုဇ်လည်း မထေရ်ဟောသော တရားကို ကြား နာရသောအခါ ဂါထာဝက်ကို ကြားနာရလျှင် နည်းပေါင်း တထောင်ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည် လေ၏။ နောက် ဂါထာဝက်ကို သောတာပတ္တိဖိုလ်ရောက်သော အခါ၌ ပြီးဆုံးလေ၏။

ဥပတိဿပရိဗိုဇ်သည် သောတာပန်ဖြစ်၍ အထက်မဂ် အထက် ဖိုလ်တရားထူးကို မရသေးသော်လည်း မချွတ်ကေန် ရနိုင်ရန် အကြောင်းရှိသည်ကို ယုံကြည်စွာ မှတ်သား၍-

"အရှင်ဘုရား....၊ တရားဓမ္မစကားကို အထက်တက်ရန် မဟော ကြားပါနှင့်အုံး ဘုရား၊ ဤတရားမျှဖြင့်သာ တန့်ရပ်ထားတော် မူပါအုံးဘုရား။ တပည့်တော်ဆရာ မြတ်စွာဘုရားသည် ဘယ် အရပ်၌ သီတင်းသုံးနေတော် မူပါသလဲဘုရား"

"ငါ့ရှင် ပရိဗိုဇ်....၊ သဗ္ဗညုတ ရှင်တော်မြတ် ဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူ၏"

"ဒီလိုဖြင့် အရှင်ဘုရားသာ ရှေဦးစွာ ကြွတော်မူနှင့်ပါ။ တပည့်တော်မှာ အဖော်တယောက် ရှိပါသေးတယ်။ လက်ဦး တရားထူးရတဲ့ သူက ပြန်၍ပြောစတမ်းဟု အပြန်အလှန် ကတိပြု ထားကြပါတယ်ဘုရား။တပည့်တော်သည် ထိုကတိကဝတ်ကို ပြေ ချတ်ပြီးသောအခါ တပည့်တော်၏ မိတ်ဆွေကိုပါခေါ်၍ အတူ လာခဲ့ပါမည်ဘုရား"ဟု လျှောက်ကြားပြီးလျှင် ထိခြင်းကြီး ငါးပါးဖြင့် မထေရ်ခြေရင်း၌ ဝပ်စင်းရှိခိုးလေ၏။ ရှိခိုးပြီးသော အခါ လက်ျာရစ် သုံးကြိမ်လှည့်၍ ပရိဗိုဇ်ကျောင်း အာရာမ်သို့ ပြန်လေ၏။

## ကောလိတပရိဗိုဇ် သောတာပန် တည်ခြင်း

ကောလိတ ပရိဗိုဇ်က အဝေးမှ ပြန်လာသော ဥပတိဿကို မြင်လျှင် 'ငါ့သူငယ်ချင်းတော့ ခါတိုင်းနှင့်မတူ တမူထူးလာ တယ်။ ကြည်လင်သော အခြင်းအရာ ပြုံးရွှင်သော မျက်နှာနှင့် ပြန်လာခဲ့သည်။ တရားထူး အမှန်ကေန် ရခဲ့ပုံရှိသည်'ဟု ဆင် ခြင်၍-

"သူငယ်ချင်း ဥပတိဿ....၊ မသေရာအမှန် နိဗ္ဗာန်ကို ရခဲ့ပါ သလော"

"ရခဲ့ပေတယ် သူငယ်ချင်း" ဟု ဝန်ခံလေ၏။ ထို့နောက် အရှင်အဿဇိမထေရ် ဟောသော ယေဓမ္မာအစရှိသော တရား

ကို ပြန်၍ပြောာ၏။ ဂါထာအဆုံး၌ကောလိတလည်း သောတာပန်ဖြစ်သွားလေ၏။

"သူငယ်ချင်း ဥပတိဿ....၊ ငါတို့ဆရာ မြတ်စွာဘုရား ဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသနည်း"

"ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ်လို့ ငါတို့ဆရာ အရှင်အဿဇိက အမိန့်တော် ရှိခဲ့တယ်"

"သူငယ်ချင်း ဥပတိဿ....၊ မင်းကို ငါတောင်းပန်ပါတယ်။ လာပါ၊ မြတ်စွာဘုရားကို မြန်မြန် သွားဖူးကြပါစို့"

ဥပတိဿသည် ဆရာတို့၏ ကျေးဇူးကို အမြဲတမ်း ပူဇော်လေ့ ရှိသူတဦးဖြစ်သည်။ ထို့ကြောင့်-

"အဆွေတော် ကောလိတ....၊ ငါတို့ ရရှိထားသော မသေရာ အမှန် နိဗ္ဗာန်တရားကို ငါတို့အပေါ် ကျေးဇူးရှိဘူးတဲ့ သိဉ္စည်း ဆရာကြီးကိုလဲ သွားအကြောင်းကြားမယ်။ သူဆန္ဒရှိရင်လဲ သိမြင်ပါလိမ့်မယ်။ အကယ်၍ ဆန္ဒမရှိလဲ ငါတို့ကို ငဲ့ညှာပြီး မြတ်စွာဘုရားထံ လိုက်တန်ကောင်းပါရဲ့။ ဒီလိုလိုက်လာခဲ့သော် မြတ်စွာဘုရား တရားတော်ကို နာကြားရ၍ မဂ်ဖိုလ်ကို ရတန်ကောင်းပါရဲ့"ဟု နှစ်ဦးသား တိုင်ပင်ပြီး သိဉ္စည်း ဆရာကြီးထံ သွားကြလေ၏။

## သိဉ္စည်းဆရာကြီး ဝါဒ

သိဉ္စည်းဆရာကြီးသည် အဝေးမှ ပြန်လာသော တပည့်နှစ်ယောက်ကို မြင်လျှင်-

"ဘယ်လိုလဲ ငါ့တပည့်များ၊ အမောင်တို့ ရှာဖွေနေတဲ့ မသေရာအမှန် နိဗ္ဗာန်တရားကို ညွှန်ပြနိုင်သူ ဆရာတယောက်ယောက်ကို ရခဲ့ကြသလော"

"ရခဲ့ပါသည် ဆရာကြီး၊ လောကမှာ သစ္စာလေးပါးတရားကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်၍ နေပါပြီ။ ထိုမြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်များလဲ ထွက်ပေါ်၍ နေပါပြီ။ မြတ်စွာဘုရား၏ တရားဓမ္မကို ယုံကြည်နှစ်သက်၍ ရဟန်းပြုနေကြသော သံဃာတော်တွေလဲ ဖြစ်ပေါ်၍ နေပါပြီ။ ဆရာကြီးလဲ ဘာမျှ အနှစ်သာရ မရှိတဲ့ အချက်မှာ နှစ်သက်၍ မနေပါနှင့်။ လာပါ၊ ကျွန်ုပ်တို့နှင့်အတူ မြတ်စွာဘုရားထံ သွားကြပါစို့"ဟု ခေါ်ငင်ကြ၏။

ထိုအခါ သိဉ္စည်းဆရာကြီးက—

"ချစ်သားတို့၊ သင်တို့သာသွားကြ၊ ငါတော့ မလိုက်နိုင်ဘူး"

"ဆရာကြီး၊ဘာကြောင့် မလိုက်နိုင်ပါသလဲ"

"ချစ်သားတို့၊ ငါဟာ နယ်လေးရပ်ကို လှည့်ပြီး ဆရာတဆူလုပ်နေသူဖြစ်တယ်။ များစွာသော သူတို့၏ မှီခိုအားထားရာ ရေလှောင်အိုးကြီးပမာ ဖြစ်ခဲ့တယ်။ အခုတဖန် သူတပါးထံ ကျိုးနွံခယ အောက်ကျ နောက်ကျ တပည့်ဖြစ်ရ၍ ရေအိုးငယ်လို ရေသယ်ရေခတ် ဘဝမျိုး ရောက်ရမယ်ဆိုတော့ စဉ်းစားမရအောင် အဖြစ်ဆိုးလှပါတယ်။ ငါဟာ သူတပါး၏ လက်အောက်ခံ ငယ်သားဘဝနှင့်တော့ မနေနိုင်"ဟု ပြောပြလေသည်။

ဥပတိဿနှင့်ကောလိတတို့ကလည်းထပ်၍တဖန်မြတ်စွာဘုရားထံ အမြန်လိုက်ဘို့ ခေါ်ကြပြန်သည်။

"ဆရာကြီး၊ ဒီလို သဘောမထားပါနှင့်"

"အမောင်တို့၊ ရှိစေတော့၊ သင်တို့သာ သွားကြ၊ ငါတော့ မစွမ်းနိုင်ဘူး"ဟု အတန်တန် ငြင်းပယ်သဖြင့် နောက်ဆုံးတွင်–

"ဆရာ၊ လောကမှာ လူတွင်ထင်ရှား ဘုရားပွင့်တော်မူသော အချိန်ကစ၍ လူတွေဟာ မြတ်စွာဘုရားကိုသာ ပေးလှူ ပူဇော်ကြပါလိမ့်မယ်။ ကျွန်ုပ်တို့လဲ မြတ်စွာဘုရားထံ သွားကြပါတော့မယ်။ အဲဒီအခါ ဆရာဘယ်လိုလုပ်မလဲ"ဟု မေးကြကုန်၏။

## လူမိုက်နှင့် လူလိမ္မာ ဘယ်သူကများသလဲ

ထိုအခါ သိဥ္စည်းဆရာကြီးက– "အမောင်တို့၊ လောကကြီးမှာ လူမိုက်နှင့် လူလိမ္မာ ဘယ်သူက များသလဲ"

"လူမိုက်တွေက များပါတယ် ဆရာကြီး"

"ဒီလိုဆိုရင် ဘာမှ ငါ့အဘွက် မပူကြနဲ့ တပည့်တို့၊ လူလိမ္မာတွေ ရဟန်းဂေါတမထံ သွားကြလိမ့်မယ်။ လူမိုက်တွေ ငါ့ထံမှောက်သို့ လာရောက်ကြလိမ့်မယ်။ အမောင်တို့သာ သွားကြကုန်လော့၊ ငါတော့ မလိုက်နိုင်"

"ဒီလိုဆိုရင် ကျွန်ုပ်တို့ထွက်သွားတဲ့အခါ သိသာထင်ရှားလာပါလိမ့်မယ်"ဟု ပြောဆိုပြီး ဥပတိဿနှင့် ကောလိတတို့ ထွက်ခွာလာခဲ့ကြသည်။

ဥပတိဿနှင့် ကောလိတတို့ ထွက်ခွာသွားသည်နှင့် တပြိုင်နက် သိဥ္စည်းဆရာကြီး၏ ပရိသတ်မှာ ဖရိုဖရဲ ဖြစ်သွားလေ၏။ တခဏခြင်းမှာပင်သိဥ္စည်းကျောင်း,အာရာမ်ကြီးဘခုလုံး သုသာန်ပမာ ခြောက်သွေ့သွားလေ၏။

ထိုအခါ သိဥ္စည်းဆရာကြီးသည် သုသာန်ပမာ ခြောက်သွေ့သွားသော ကျောင်းအာရာမ်ကို ကြည့်ပြီး စိတ်ထိခိုက်၍ သွားလေ၏။ အပြင်းအထန် စိတ်ထိခိုက်သောဒဏ်ကြောင့် သွေးစိမ်းပွက်ပွက် အန်ထွက်လာလေသည်။ ဆရာကြီး သွေးပွက်ပွက်အန်နေသည်ကို မြင်ရ၍ ဥပတိဿ၊ ကောလိတတို့နှင့်အတူ လိုက်သွားကြသော ပရိဗိုဇ် ငါးရာတို့တွင် ၂၅၀ တို့သည် ဆရာကြီးထံ ပြန်လာကြကုန်၏။ ဥပတိဿနှင့် ကောလိတတို့လည်း ကျန် ၂၅၀ သော တပည့်များနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ သွားကြကုန်၏။

## ရဟန္တာ ဖြစ်တော်မူကြခြင်း

မြတ်စွာဘုရားသည် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးနေဆဲမှာပင် အဝေးမှလာကြသော ဥပတိဿနှင့်ကောလိတတို့ကို မြင်တော်မူ၍ ခေါ်တော်မူပြီး-

"ချစ်သားရဟန်းတို့၊ ဥပတိဿနှင့် ကောလိ တ သူငယ်ချင်းနှစ်ယောက် ငါဘုရားထံသို့ လာနေကြသည်။ သူတို့နှစ်ယောက်သည် ငါဘုရား၏ လက်ယာရံနှင့် လက်ဝဲရံ အဂ္ဂသာဝကအစုံ ဖြစ်လိမ့်မည်"ဟု မိန့်တော်မူ၏။

ဥပတိဿနှင့် ကောလိတတို့သည် သူတို့၏ တပည့်များနှင့်အတူ မြတ်စွာဘုရားကို ရှိခိုး၍ သင့်တော်ရာ၌ ထိုင်နေကြကုန်၏။ နေသားတကျ ထိုင်နေကြပြီးသောအခါ-

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ရှင်တော်မြတ်ဘုရား၊ တပည့်တော်တို့သည် ရှင်တော်မြတ်ဘုရားထံ၌ ရဟန်း

ပြုလိုကြကုန်ပါသည် ဘုရား”ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားက–

“ချစ်သားတို့ လာကြ၊ ငါဘုရား ကောင်းစွာ ဟောအပ်သော တရားအတိုင်း ကျိုးစားအားထုတ်ကြ၊ ဒုက္ခဆုံးအောင် ကျင့်ကြံအားထုတ်ကြ”ဟု မိန့်တော်၏။

မြတ်စွာဘုရား၏ စကားအဆုံးတွင် အားလုံး သပိတ်သင်္ကန်း အပြည့်အစုံနှင့် ဝါတော် ၆၀ လောက်ရသော မထေရ်ကြီးပုံမျိုး ဖြစ်သွားကြကုန်၏။ မြတ်စွာဘုရားသည် ဥပတိဿနှင့် ကောလိတတို့၏ တပည့်ပရိသတ်ကြီးကိုလည်းသူတို့နှင့် သင့်တော်သောတရားကိုဆက်၍ ဟောကြားတော်မူသောအခါ အဂ္ဂသာဝကနှစ်ပါးကိုထား၍ အားလုံး ရဟန္တာဖြစ်၍သွားကြကုန်၏။ ဥပတိဿ၊ ကောလိတတို့မှာထူထည်ကြီးမားလှသောသာဝကဝါရမီဉာဏ်ရှိသူများဖြစ်သောကြောင့် အထက်မဂ်ဖိုလ်သို့ အလွယ်နှင့် မရောက်နိုင်ကြသေးပေ။ ထို့နောက် အရှင်မောဂ္ဂလ္လာန်သည် ခုနစ်ရက်မြောက်၌ မဂဓတိုင်း ကလ္လဝါဠရွာငယ်ကို အမှီပြု၍ နေသောအခါ အိပ်ငိုက်ခြင်း နှိပ်စက်သည်ဖြစ်၍ မြတ်စွာဘုရား ကိုယ်တော်တိုင်ကြွတော်မူ၍ ထိပ်လန့်တုန်လှုပ်စေလျက် ထိနမိဒ္ဓကို ပယ်ဖျောက်စေပြီးလျှင် မြတ်စွာဘုရား ကိုယ်တိုင်ပေးအပ်သော ဓာတုကမ္မဋ္ဌာန်းကို ကြားနာစဉ် သာဝက ပါရမီဉာဏ် အထွဋ်အထိပ်သို့ ရောက်တော်မူ၏။

အရှင်သာရိပုတ္တရာသည် ရဟန်းပြု၍ ၁၅– ရက်ကြာသော အခါ မြတ်စွာဘုရားနှင့်အတူ ရာဇဂြိုဟ်ကိုအမှီပြု၍ သူကရခဋ္ဌလိုဏ်ဂူ၌ သီတင်းသုံးတော်မူလျက် မိမိ၏တူတော်ဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာ ပရိဂ္ဂဟဏ သုတ်ကို ရွတ်ဖတ်ဟောကြား

စေသော် ဒေသနာမြွတ်သို့ အစဉ်လိုက်၍ ရှုမှတ်ပွားများသဖြင့် သူတပါးခူးထားသော ထမင်းကို အဆင်သင့် စားရသကဲ့သို့ သာ၀ကပါရမီဉာဏ် အထွဋ်အထိပ်သို့ ရောက်တော်မူလေ၏။

မှတ်ချက်။ ။ဤနေရာတွင်အမေးပုစ္ဆာ ပြဿနာတခု ၀င်လာစရာရှိ၏။ အရှင်သာရိပုတ္တရာသည် ဉာဏ်ပညာကြီးရင့်သူဖြစ်ပါလျက် အဘယ့်ကြောင့် အရှင်မောဂ္ဂလ္လာန်၏ နောက်မှ အထွဋ်အထိပ်အပြီး အဆုံးသို့ ရောက်ရသနည်းဟု မေးဖွယ်ရာရှိသည်။ ပြင်ဆင်ဘွယ်ကိစ္စ အားကြီးသောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ဆင်းရဲသားများ သွားလာသောအခါ ပြင်ဆင်စရာနည်းပါးသောကြောင့် ကောက်ခါငင်ခါ ထသွားနိုင်သော်လည်း ပြည့်ရှင်မင်းများ ထွက်တော်မူလိုသောအခါ ဆင် မြင်း ရထား ဗိုလ်ပါများကို စုရုံးပြင်ဆင်နေရသောကြောင့် အလျင်အမြန် မသွားနိုင် အချိန်ကြာမှသာထွက်တော် မူနိုင်သလိုဖြစ်ပါသည်။

အရှင်သာရိပုတ္တရာသည် သာ၀ကပါရမီဉာဏ် အထွဋ်အထိပ်သို့ ရောက်သောနေ့မှာပင် မြတ်စွာဘုရားသခင်သည် တပည့်အပေါင်းတို့အား စည်းဝေးစေ၍ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့အား ဝေဠုဝန်ကျောင်းတော်၌ အဂ္ဂသာ၀ကရာထူးကို ချီးမြှင့်ပေးသနားတော် မူလိုက်၏။

## ရဟန်းတို့က ကဲ့ရဲ့ခြင်း

ထိုအခါ ရဟန်းတို့က ကဲ့ရဲ့ရှုတ်ချ အပြစ်ဆိုကြကုန်၏။

"မြတ်စွာဘုရားသခင်သည် နောက်မှ ရောက်လာသည့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့အား အဂ္ဂသာ၀က ရာထူးပေးသည်မှာ မျက်နှာလိုက်ရာရောက်သည်။ ပေးစားပေးရင် အရှင်

ရဟန်းပြုတဲ့ သူတွေကိုသာ ပေးသင့်သည်။ ပဥ္စဝဂ္ဂီငါးဦးတို့၏ မျက်နှာကို မထောက်စေကာမူအရှင်ယသထေရ်စသည်တို့၏ မျက်နှာကိုထောက်၍ ချီးမြှောက်သင့်သည်။ ဒါမှမဟုတ် ဘဒ္ဒဝဂ္ဂီအရှင်မြတ်တို့အား ပေးအပ်သင့်သည် မဟုတ်ပါလော။ အားလုံးတို့၏ မျက်နှာကို မထောက်ဘဲ နောက်မှ ရောက်လာတဲ့ အရှင်သာရိပုတ္တရာအရှင်မောဂ္ဂလ္လာန်တို့အား အဂ္ဂသာဝကရာထူးပေးသည်မှာ မျက်နှာလိုက်လွန်းရာ ကျပေသည်”ဟု အပြစ်တင်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားက–

“ချစ်သားတို့၊ အထင်မမှားကြနှင့်။ ငါဘုရားမျက်နှာလိုက်ပေးတာ မဟုတ်ဘူး။သူတို့၏ပါရမီဆုတောင်းအတိုင်းပေးတော်မူခြင်းဖြစ်သည်။ချစ်သားရဟန်းတို့၊ အညာသိကောဏ္ဍညသည် ကောက်တခါစိုက်တိုင်း ကောက်ဦးအလှူ ကိုးကြိမ်လုပ်သည်။ အဂ္ဂသာဝကရာထူးကို တခါမျှ ဆုမတောင်းဘူး။ ဦးဦးဖျားဖျား တရားထူးရဖို့သာ ဆုတောင်းပတ္ထနာပြုသည်”

“အရှင်ဘုရား၊ ဘယ်သောအချိန်ကစ၍ ဆုတောင်းပတ္ထနာပြု၍ ပေးလှူခဲ့ကြပါကုန်သနည်းဘုရား”

“ချစ်သားရဟန်းတို့၊ သင်တို့ကြားနာလိုကြသလား”

“ကြားနာလိုလှပါသည် ဘုရား”

“ဤသို့ဆိုလျှင် ကောင်းမွန်စွာ နာကြားကြပေတော့”

## အရှင်ကောဏ္ဍည၏ အတိတ်ဇာတ်ကြောင်း

“ချစ်သားရဟန်းတို့၊ လွန်ခဲ့သော-၉၁ ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူခဲ့တယ်။ အဲဒီအခါဘုန်းက စူဠကာဠမဟာကာဠဆိုတဲ့ ညီနောင်နှစ်ယောက် အကြီးအကျယ်လယ်လုပ်

၍ အသက်မွေးကြတယ်။ အဲဒီအခါက တနေ့တော့စူဠကာဠဟာ လယ်တောသွားပြီး စပါးဖုံးတခုကို နွာ၍စားတယ်။ အလွန် အရသာရှိတဲ့အတွက် ဘုရားအမှူးရှိသော သံဃာတော်များကို စပါးဖုံးအလှူပေးလှူလိုသောစိတ် ဖြစ်ပေါ်လာတယ်။ အစ်ကိုကြီးထံသွား၍ အကျိုးအကြောင်း ပြောပြတယ်။

"အကိုကြီးက 'ငါ့ညီ၊ မင်းဘယ်လိုပြောလိုက်တာလဲ။ စပါးဖုံးအလှူဆိုတာ ရှေးက တခါမှလှူတယ်လို့ ငါမကြားဖူးဘူး။ နောင်လဲ လှူကြမှာမဟုတ်ဘူး။ ဒီတော့ ငါ့ညီ စပါးပင်တွေ သွားပြီး မဖျက်ဆီးပါနှင့်'ဟု တားမြစ်၏။ သို့သော်လည်း ညီဖြစ်သူက ထပ်တလဲလဲ တောင်းပန်နေသောကြောင့် မဟာကာဠက၊ 'ဒီတော့ငါ့ညီ ဒီလိုလုပ်ကြစို့ရဲ့ ဒို့နှစ်ယောက် အညီအမျှ လယ်ဝေခြမ်းရေး လုပ်မယ်'

'ဟာ၊ သိပ်ကောင်းတာပေါ့ အစ်ကိုကြီး'

'မင်းနှင့်ငါ အညီအမျှ ခွဲဝေပြီးတဲ့အခါ မင်းလယ်ထဲကထွက်တာတော့ မင်းကြိုက်သလိုလုပ်၊ အစ်ကိုကြီးလယ်ထဲကတော့ လက်ဖျားနဲ့တောင် မတို့နဲ့'

'စိမ်လိုက်အစ်ကိုကြီး' ဆိုပြီး နှစ်ယောက်သဘောတူ ခွဲယူကြလေ၏။

စူဠကာဠသည် လူတွေခေါ်ပြီး မိမိလယ်တောသွား၍ စပါးဖုံးတွေကို နွာကြလေ၏။

(၁) စပါးဖုံးတွေကိုနွားနို့ စစ်စစ် ပျားရည်ထောပတ်စသည်ဖြင့်အရသာရှိအောင်စီမံချက်ပြုတ်၍မြတ်စွာဘုရားအမှူးရှိသောသံဃာ အလှူကြီးကို ပေးလှူလေ၏။

မြတ်စွာဘုရား အမှူးရှိသော သံဃာတော်များ ဆွမ်းဘုန်းပေးပြီးတော် မူသောအခါ-

'ရှေ့ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ တပည့်တော်သည် ဦးဦးဖျားဖျား ထူးထူးမြတ်မြတ် အလှူကို ပေးလှူပါသည် ဘုရား။ ဤသို့လှူတဲ့အတွက် အမြတ်ဆုံးသောတရားကို ဦးဦးဖျားဖျား သိရပါလို၏ဘုရား' ဟု ဆုတောင်းပတ္တနာ ပြုလေ၏။

'တောင်းတဲ့ဆုအတိုင်း ပြည့်စေ' ဟု ဗုဒ္ဓက မိန့်ချွေတော်မူ၏။ စူဠကာလသည် လယ်တောသို့ နောက်တကြိမ်သွားကြည့်သောအခါ ယခင်ကအကဲပင် အသီးအနှံတို့ဖြင့် ပြည့်လျှံနေသည်ကို တွေ့ရ၍ သူ့တကိုယ်လုံး ပီတိဖုံး၍ သွားလေသည်။

'ငါ၏လုပ်ဆောင်ချက်၊ ငါ့အလှူဒါနဟာ တယ် အားရစရာကောင်းလှပါတကား။ တယ်လဲ အရေတော်လေစွတကား' ဟု ဆင်ခြင်၍—

(၂) မုံ့ဆန်းဦး အလှူ၊
(၃) ရိတ်ဦး အလှူ၊
(၄) ကောက်ဆုပ်ဦး အလှူ၊
(၅) ကောက်လှိုင်ဦး အလှူ၊
(၆) နယ်သောအခါ နယ်ဦး အလှူ၊
(၇) ပေါ်းပုံသောအခါ ပုံဦး အလှူ၊
(၈) ခြင်သောအခါ ခြင်ဦး အလှူ၊
(၉) ကျီသွင်းသောအခါ ကျီသွင်းဦး အလှူ။

ဤသို့လျှင် ကောက်တခါစိုက်တွင် အလှူဦး ကိုးကြိမ် ပေးလှူလေ၏။ ဤသို့ကိုးကြိမ်တိုင်တိုင် ပေးလှူသော်လည်း သျှော့

သွားသည် မရှိဘဲ ပို၍ပင်တိုးနေသည်။ အထွက်ကောင်းနေသည်။ သူတကာတွေထက် ပို၍ ရနေသည်။

ထိုစကားမှန်၏။ "တရားဆိုသည်မှာ မိမိကို စောင့်ရှောက်သူအား တရားတော်က အမြဲပြန်၍စောင့်ရှောက်ပေသည်။ ကောင်းမွန်စွာ တရားကျင့်သောသူသည်၊ ကောင်းမွန်စွာ ကျင့်အပ်သောတရားသည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်တတ်၏။ တရားကို ကျင့်ကြံအားထုတ်သော သူများသည် အပါယ်ငရဲသို့ မကျရောက်နိုင်။ ဤသည်တို့မှာ တရားတော်မြတ်၏ ကြီးမားသော အကျိုးတရားများပင် ဖြစ်ပေသည်"ဟု ဟောတော်မူ၏။

"ချစ်သား ရဟန်းတို့....ငါ့ရဲ့သားတော်ကြီးကောဏ္ဍညသည်ဟုံ ဝိပဿီဘုရား လက်ထက်တော်ကစ၍ တရားထူးကို ဦးဦးဖျားဖျားသိမြင်ရပါလိုကြောင်းဆုတောင်းလာခဲ့သည်။ အလှူဦးတွေချည့် ပေးလှူလာခဲ့သည်။ ဤကောဏ္ဍညသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်၌လည်း ခုနစ်ကြိမ်တိုင်တိုင် အလှူကြီးကို ပေးလှူခဲ့သည်။ ပေးလှူပြီးသောအခါ မြတ်စွာဘုရားခြေတော်ရင်းတွင် တရားထူးကိုသူတကာတွေထက် ဦးဦးဖျားဖျားသိရပါလို၏ ဘုရားဟု ဆုတောင်းလာခဲ့သည်။ ငါဘုရားသည် သူတောင်းတဲ့ ဆုအတိုင်း ပေးသနားတော် မူခဲ့ခြင်းဖြစ်သည်"

## အရှင်ယသနှင့် ငါးကျိပ် ငါးယောက်

"ချစ်သား ရဟန်းတို့၊ ငါဘုရားသည် မျက်နှာလိုက်၍ ပေးခြင်းမဟုတ်"ဟု မိန့်တော်မူသောအခါ–

"ရှင်တော်မြတ်ဘုရား၊ အရှင်ယသ အစရှိသော ငါးကျိပ် ငါးယောက်သော အမျိုးကောင်းသားတို့သည်ဘယ်လိုကောင်းမှု မျိုးတွေလုပ်၍ ဘယ်လိုဆုတွေများ တောင်းခဲ့ပါသလဲ ဘုရား"

"ချစ်သားရဟန်းတို့၊ ယသအမှူးရှိတဲ့ သူတွေဟာ ဘုရားတဆူ ထံမှာ အရဟတ္တဖိုလ်ရရန် ဆုပန်၍ ကောင်းမှုကုသိုလ်တွေကို ပြုခဲ့ ကြသူတွေ ဖြစ်တယ်။နောက်အဘို့ဝယ် ဘုရား မပွင့်မီ ငါးဆယ့် ငါးယောက် စုပေါင်းဖွဲ့စည်းပြီး ကုသိုလ်ကောင်းမှုတွေကို ပြုလုပ် ကြတယ်။ ကိုးကွယ်ရာမဲ့ လူသေအလောင်းတွေကို စုပေါင်း သင်္ဂြိုဟ်ကြတယ်။ လှည့်လည် သွားလာနေထိုင်ခဲ့ကြတယ်။ သူတို့ တတွေဟာ တနေ့တော့ ကိုယ်ဝန်နဲ့ မိန်းမငယ်တယောက် သေ ဆုံးနေတာမြင်၍ မီးသင်္ဂြိုဟ်ရန် ယူလာကြတယ်...."

"လူငါးယောက်ကိုထားပြီး 'မင်းတို့ သင်္ဂြိုဟ်ကြနှင့်ကွာ၊ငါ တို့ ပြန်နှင့်မယ်'ဆိုပြီးပြန်သွားကြတယ်။ကျန်နေတဲ့ ငါးယောက် ထဲက ယသအလောင်း သူငယ်ဟာ သူသေကို တံစူးဝါးဖြင့် ထိုးလှန်ပြီး မီးရှို့လိုက်သောအခါ အလွန်တရာ စက်ဆုပ်ဘွယ် ကောင်းသော အသုဘသညာကို ရရှိသဖြင့် ကျန်တဲ့အဖော် လေးယောက်တို့အား 'သူငယ်ချင်းတို့၊ လာပြီးကြည့်ကြစမ်းပါ။ ဘယ်လောက်တောင် စက်ဆုပ်ရွံရှာဖွယ် ကောင်းသနည်း' ဟု ညွှန်ပြလေ၏။

"လေးယောက်သော သူများလည်း အသုဘသညာကို ရ၍ သွားပြန်သည်။ သူတို့ငါးယောက် ရွာထဲ ပြန်ရောက်သောအခါ ကျန်သူငယ်ချင်းများကို တဆင့်ဖောက်သည်ချကြလေ၏။သူငယ် ချင်းအားလုံး အသုဘဘာဝနာကို ပွားများကြကုန်၏။

"ချစ်သားရဟန်းတို့၊ အဲဒါတွေဟာ ယသအမှူးရှိတဲ့ ငါးကျိပ် ငါးယောက်တို့ရဲ့ ရှေးကံ ရှေး အကြောင်းတွေ ဖြစ်တယ်။ အဲဒီလို သူတို့အားထုတ်ခဲ့တဲ့ ကုသိုလ်ကံကြောင့် ဘယ်လောက်လှ ဘယ်လောက်ချောတဲ့ အမျိုးသမီးကို မြင်ပေမယ့် အသုဘ အပုပ်ကောင်ကြီးလို့သာထင်မြင်ရှလာတယ်။ အဲဒါကြောင့် သူတို့ အားလုံး တရားထူးရပြီး ရဟန္တာဖြစ်ကြတယ်။ သူတို့လဲ တောင်းတဲ့ ဆုအတိုင်း ရရှိကြပေတယ်။ ငါဘုရား မျက်နှာ မလိုက်ဘူး"

## ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်

"မြတ်စွာဘုရား၊ ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် ဘယ်ကဲ့သို့သော ကောင်းမှုကို ပြုလုပ်ခဲ့ကြပါသနည်း ဘုရား"

"ချစ်သားရဟန်းတို့၊ ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့သည် အလုံးစုံသော ဘုရားတို့ထံမှာ အရဟတ္တဖိုလ်ရရန် ရည်သန်တောင့်တပြီး ကုသိုလ်ကောင်းမှု အမျိုးမျိုး စိုက်ပျိုးပြုစုခဲ့ကြတယ်။ နောင်ဘုရား မပွင့်သောခေတ်နှင့် ကြုံသောအခါ အရက်သမား သုံးဆယ် ဖြစ်လာကြတယ်။ တုဏ္ဍိလဇာတ်မှာ ဝက်မင်း၏ ဩဝါဒကို နာခံမှတ်သားရသောကြောင့် အနှစ် ခြောက်သောင်းတိုင်တိုင် ငါးပါးသီလ မြဲခဲ့ကြတယ်။

"ချစ်သားတို့၊ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ဟာလဲ သူတို့ တောင်းခဲ့သောဆုအတိုင်းသာ ရရှိကြခြင်းဖြစ်တယ်။ ငါဘုရား ဘယ်သူ့ကိုမျှ မျက်နှာလိုက်ပြီး အဂ္ဂသာဝက ရာထူးကို ပေးခဲ့တာ မဟုတ်ဘူး"

## ရသေ့ညီနောင် ရှင်တထောင်

ထိုနောက် ရဟန်းတို့က – "ရှင်တော်မြတ်ဘုရား၊ ဥရုဝေလ ကဿပအစရှိသော ရသေ့ညီနောင် ရှင်တထောင်တို့သည်အဘယ် ကဲ့သို့သော ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြပါသနည်း ဘုရား"

မြတ်စွာဘုရားက–

"ချစ်သားရဟန်းတို့၊ ရသေ့ညီနောင် ရှင်တထောင်တို့သည် ရှေးအခါက အရဟတ္တဖိုလ်ကိုသာတောင့်တပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဟိုလွန်ခဲ့သော ၉၂-ကမ္ဘာ အထက်က တိဿနှင့် ဖုဿဘုရားနှစ်ဆူပွင့်တော်မူခဲ့ကြသည်။ ဘုရားနှစ်ဆူတို့ တွင် ဖုဿဘုရား၏ ခမည်းတော်သည် မဟိန္ဒမင်းကြီးဖြစ်သည်။ ထိုဖုဿဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ မင်းကြီး၏သားတော်အငယ်သည် ပထမအဂ္ဂသာဝက၊ ပုရောဟိတ် ၏သားသည် ဒုတိယအဂ္ဂသာဝက ဖြစ်ကြပေသည်။

မဟိန္ဒမင်းကြီးသည် မြတ်စွာဘုရားထံသွား၍–

"ငါ၏သားတော်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ သည်။ သားတော်အငယ်သည် လက်ျာရံအဂ္ဂသာဝက ဖြစ်သည်။ ပုရောဟိတ်သားသည် လက်ဝဲရံအဂ္ဂသာဝက ဖြစ်သည်။ ထိုသား ကြီး သားငယ် ပုရောဟိတ်သားတို့ကို တစိမ့်စိမ့်ကြည့်ရှု ဖူးမျှော် ပြီးလျှင်–

'ဘုရားလည်း ငါ၏ဘုရားဖြစ်သည်။တရားလည်း ငါ၏သား ဟောတဲ့တရားဖြစ်၍ ငါ၏တရားတော်ပင် ဖြစ်သည်။ သံဃာ လည်း ငါ၏သံဃာပင်ဖြစ်လေသည်'ဟုဆို၍ "နမော တဿ ဘဂ

ဝတော အရဟာတော သမ္မာသမ္ဗုဒ္ဓဿ”ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ပြီး မြတ်စွာဘုရား ခြေတော်ရင်း ဝပ်စင်း၍–

“ဘုန်းတော် ကြီးမြတ်တော်မူလှသော သားတော်ဘုရား၊ ခမည်းတော့် အသက်သည် အသက်ကိုးသောင်း ရှည်ပါလိမ့်မည်။ သို့ပါ၍ သားတော်သည် သူတပါးအိမ်တွေမကြွဘဲ ခမည်းတော် အသက်ရှည်သမျှကာလပတ်လုံး ခမည်းတော်၏ ပစ္စည်းလေးပါးကိုသာ ခံယူတော်မူပါဘုရား’ဟု လျှောက်ကြား၍ ပဋိညာဉ်ဝန်ခံချက်ကိုယူပြီး မြတ်စွာဘုရားအား အမြဲမပြတ် လုပ်ကျွေးလေသည်။

## မင်းသားသုံးယောက် စေတနာ

မဟိန္ဒမင်းကြီးတွင် နောက်သားတော် သုံးယောက် ရှိသည်။ ထိုသားသုံးယောက်တို့တွင် သားတော်အကြီးတွင်စစ်သားငါးရာ၊ အလတ်တွင် သုံးရာ၊ အငယ်တွင် စစ်သားနှစ်ရာ အခြံအရံရှိကြသည်။ သားတော်သုံးယောက်တို့ကလည်း နောင်တော်ဘုရားကို ဆွမ်းလုပ်ကျွေးရန် အခွင့်ပန်ကြကုန်အံ့ဟု ခမည်းတော်ကို အတန်တန်လျှောက်ထားသော်လည်း အခွင့်မရကြပေ။

တခါတွင် မင်းကြီးပိုင်နက် ကျေးလက်တောရွာတို့ကို အဖျက်အဆီးခံရသောကြောင့် ခမည်းတော်က သားတော်များအား နှိမ်နင်းရန်စေလွှတ်လိုက်သည်။ သားတော်သုံးပါးသည် ဖျက်ဆီးနှောက်ယှက်သော ကျေးလက်အန္တရာယ်ကို နှိမ်နင်း၍ ပြန်လာကြ၏။ ထိုအခါ ခမည်းတော်သည် သားတော်တို့၏ လည်ပင်းကိုဖက်၍ ဦးထိပ်ကို နမ်းရှုံ့ပြီးလျှင်–

'ကိုင်း ငါ့သားတော်တို့၊ သားတော်တို့အား ခမည်းတော်ဘုရားက ဆုပေးသနားတော်မူမည်' ဟု မိန့်တော်မူ၏။

သားတော်တို့ကလည်း 'ခမည်းတော်ဘုရား၊ ကောင်းလှပါသည် ဘုရား' ဟု လျှောက်ကြားပြီးလျှင် ပေးသနားသောဆုကို ယူကြလေ၏။

နှစ်ရက်သုံးရက်မျှ ကြာသောအခါ ခမည်းတော်မင်းကြီးက သားတော်များကိုခေါ်၍-

'သားတော်များ လိုရာဆု တောင်းကြကုန်လော့' ဟု မိန့်တော်မူ၏။

'ခမည်းတော်ဘုရား၊ သားတော်တို့သည် အခြားဆုကို ဘာဘခုမျှမလိုလားပါ။ နောင်တော်ဘုရားကိုသာ ဆွမ်းလုပ်ကျွေးလိုကြပါသည် ဘုရား'

'သားတော်တို့၊ ဒီဆုကိုတော့ မယူချင်ကြပါနှင့်၊ ခမည်းတော်သည် ဤဆုကိုတော့ ပေးသနားတော် မမူနိုင်'

'ခမည်းတော် အမြဲတမ်းမပေးနိုင်သော် ခုနစ်နှစ်ပေးတော်မူပါဘုရား'

'မပေးနိုင်ဘူး သားတော်'

နောက်ဆုံးသားတော်သုံးယောက် တယောက်လျှင် တလစီ လုပ်ကျွေးကျွေးဒါန်းရန် အခွင့်ရကြလေသည်။ သားတော်တို့သည် ခမည်းတော်ထံမှခွင့်ရလျှင် အိမ်သို့ပြန်ကြကုန်၏။

မင်းသားသုံးယောက်တို့သည် ဘဏ္ဍာစိုးနှင့် စာရင်းကိုင် အမတ်တစ်ယောက်ရှိသည်။ အမတ်တယောက်တွင် တသိန်းနှစ်သောင်း အခြံအရံရှိသည်။ မင်းသားတို့လည်း အမတ်တို့ကို ခေါ်၍-

'ငါတို့သည်ဆယ်ပါးသီလယူ၍ သင်္ကန်းဝတ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူနေကြတော့အံ့။ သင်တို့သည် နေ့တိုင်းနေ့တိုင်း ရဟန်းကိုးသောင်းနှင့် စစ်သားတထောင်အတွက် ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အပြည့်အစုံစီရင်ကြကုန်လော့၊ ငါတို့သည် ဒီနေ့မှစ၍ ဘာ့ဘတခုမျှမကြည့်တော့ဘူး၊ မပြောဆိုတော့ဘူး' ဟု မိန့်တော်မူ၏။

ထို့နောက် မင်းသားတို့လည်း စစ်သားတထောင်ကိုခေါ်၍ ဆယ်ပါးသီလ စောင့်ထိန်းပြီးလျှင် သင်္ကန်းဝတ်လျက် ကျောင်းတော်၌သာ နေကြကုန်၏။

## မြို့တ္တာပေါင်း ရှစ်သောင်းလေးထောင်

ဘဏ္ဍာစိုးနှင့် စာရင်းကိုင်တို့သည် နှစ်ယောက်အတူတိုင်ပင်ညှိနှိုင်း၍ မင်းသားသုံးယောက်တို့၏ ဘဏ္ဍာတိုက်တို့မှ အလှူ့ကျထုတ်ယူ၍ အလှူပေးကြကုန်၏။ လုပ်ကိုင်ဆောင်ရွက်ကြသူများ၏ သားငယ်သမီးငယ်တို့သည် ထမင်းစသည်တို့ကို ငို၍တောင်းကြကုန်၏။ ကလေးများငိုတောင်းသည့်အသံကို မခံနိုင်၍ သံဃာများကြွမလာမီ သားသမီးများကိုယူ၍ ကျွေးမွေးကြလေသည်။ သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဘာတခုမျှ အပိုအလျှံမရှိအောင်ဖြစ်သည်။ နောင်တွင် ချက်ပြုတ်သည့်သူများကလည်း ကလေးတွေကိုကျွေးပြီးနောက် သူတို့ကိုယ်တိုင်လည်း စားသောက်ကြလေသည်။

ကောင်းမြတ်သော ဘောဇဉ်အရသာတို့ကိုမြင်လျှင် သံဃာတော်တို့အရင် ဦးဦးဖျားဖျား စားသောက်ပစ်ကြသည့်လူများ

သည် ရှစ်သောင်းလေးထောင်ရှိကုန်၏။ သူတို့သည် သံဃာတို့အား လှူဒါန်းထားသော ပစ္စည်းများကို စားသောက်ပစ်ခြင်းကြောင့် သေသည့်အခါ ပြိတ္တာကြီးများ ဖြစ်ကြလေ၏။မင်းသားညီနောင် သုံးယောက်နှင့် အခြွေအရံ စစ်သားတထောင်တို့မှာမူ သေလွန်သောအခါ နတ်ပြည်၌ သွားဖြစ်ကြလေ၏။ နတ်ပြည်မှ တဖန် စုတေပြန်သော် လူ့ပြည်မှာ ဖြစ်ကြပြန်၏။ ဤသို့ နတ်ပြည် လူ့ပြည် ကျင်လည်ရင်း ၉၁-ကမ္ဘာ ကုန်လွန်၍ ဤဘဒ္ဒကမ္ဘာသို့ ရောက်လာကြကုန်၏။

"ချစ်သား ရဟန်းတို့၊ ညီနောင်သုံးယောက်တို့သည် အရဟတ္တဖိုလ်ကိုသာ လိုချင်ဆန္ဒ ဆုတောင်းခဲ့ကြသည်။ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြသည်။ ညီနောင်သုံးယောက်တို့သည် သူတို့ဆုတောင်းသည့်အတိုင်းသာ အရဟတ္တဖိုလ် ရကြကုန်၏။ ငါဘုရားသည် အဂ္ဂသာဝက ရာထူးကို မျက်နှာလိုက်၍ ပေးခဲ့ခြင်း မဟုတ်ပေ" ဟု မိန့်တော်မူ၏။

## ပြိတ္တာတို့အကြောင်း

မြတ်စွာဘုရားသခင်က- ဆက်လက်၍ "ဤမင်းသား သုံးယောက်တို့၏ စာရင်းကိုင်အမတ်ကား ယခုအခါ ဗိမ္ဗိသာရမင်းကြီးဖြစ်လာပေသည်။ ဘဏ္ဍာစိုးအမတ်ကား ဝိသာခါဒါယကာ ဖြစ်လာ၏။ မင်းသားတို့၏ အမှုကိစ္စကိုဆောင်ရွက်ရသော အလုပ်သမားများသည် ဖုဿဘုရားလက်ထက်၌ ပြိတ္တာများဖြစ်ကြကုန်၏။ ဘုရားလေးဆူတိုင်တိုင် မကောင်းမှုကံ၏ အကျိုးတရားများ

ကို ခံစားနေကြရပေသည်။ ပြိတ္တာကြီးတွေသည် ဤဘဒ္ဒကမ္ဘာ၌ ရှေးဦးပွင့်တော်မူသော ကကုသန်ဘုရားရှင်ထံ ချဉ်းကပ်၍-

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်တို့ ငတ်မွတ်လှပါပြီ ဘုရား၊ ဘယ်သောအခါမျှကျမှ တပည့်တော်တို့ ဝဝလင်လင် စားသောက်ရပါမလဲ ဘုရား" ဟု မေးလျှောက်ကြ၏။

မြတ်စွာဘုရားက "ငါဘုရားလက်ထက်တွင် မြော်လင့်ချက် မရှိဘူး။ ငါဘုရားနောက်တွင် ကောဏာဂုံဘုရား ပွင့်လိမ့်မည်။ ထိုဘုရားထံ မေးမြန်း လျှောက်ထားကြကုန်လော့"ဟု မိန့်တော်မူ၏။

ပြိတ္တာတို့သည် ကောဏာဂုံမြတ်စွာဘုရား ပွင့်တော်မူသောအခါ သွားရောက် လျှောက်ထားကြပြန်၏။ ကောဏာဂုံမြတ်စွာဘုရားကလည်း-

"ငါဘုရား လက်ထက်တွင်လဲ စားရသောက်ရမှာ မဟုတ်သေးဘူး။ ငါဘုရားနောက်မှာ ကဿပဘုရား ပွင့်တော်မူလိမ့်မယ်။ ထိုဘုရားထံ သွားရောက် လျှောက်ထားကြကုန်လော့"ဟု မိန့်တော်မူပြန်လေသည်။

ပြိတ္တာတို့လည်း ကဿပဘုရား ပွင့်တော်မူသောအခါ သွားရောက် လျှောက်ထားကြပြန်သည်။ ကဿပဘုရားကလည်း "ငါဘုရား လက်ထက်တွင် သင်တို့ စားကြသောက်ကြရမှာ မဟုတ်သေး။ ငါဘုရားနောက် မြေကြီး တယူဇနာလောက် မြင့်မောက်လာသည့်အခါ ဂေါတမဘုရား ပွင့်တော်မူလိမ့်မယ်။ အဲဒီအခါ သင်တို့ ဆွေမျိုး ဗိမ္ဗိသာရဆိုတဲ့ မင်းကြီးဖြစ်လာလိမ့်မယ်။ အဲဒီ ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို အလှူဒါန ပြုလုပ်လိမ့်မယ်။

အဲဒီအခါ သင်တို့ကို အမျှပေးဝေလိမ့်မယ်။ ဒီအခါန်ကျမှ သင်တို့ စားကြ သောက်ကြရလိမ့်မယ်''ဟု မိန့်တော်မူ၏။

## ပြိတ္တာတို့အကျွတ်တရား ရခြင်း

ထိုပြိတ္တာတို့သည် ဘုရားတဆူနှင့်တဆူ အကြားကို မှနက်ဖြန် သဘက်အလား စိတ်မှာထားပြီး မြော်လင့် စောင့်ဆိုင်းနေကြ သည်။ ငါတို့ ဂေါတမဘုရားပွင့်တော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွ တော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးက ပထမဆုံးနေ့၌ အလှူ ဒါနပြုလုပ်သည်ရှိသော် ကုသိုလ်ကောင်းမှုတို့၏ အဘိုကို အမျှ မဝေသောကြောင့် ညအခါ ကြောက်စရာ့ အသံဆိုးကြီးတွေဖြင့် မင်းကြီးအား ကိုယ်ထင်ရှား ပြကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးလည်း မိုးလင်းသောအခါ ဝေဠုဝန် ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအား လျှောက်ထားလေ ၏။ မြတ်စွာဘုရားသခင်က–

''ဒကာတော် မင်းကြီး၊ ဒီပြိတ္တာကြီးတွေဟာ ဖုဿဘုရား လက်ထက်က မင်းကြီး၏ ဆွေမျိုးတွေ ဖြစ်ခဲ့ကြဘူးတယ်''စသည် ဖြင့် အကြောင်းစုံ မိန့်ကြားတော်မူ၏။ ''အဲဒီ ပြိတ္တာတွေဟာ မင်းကြီး အလှူဒါန ပြုလုပ်မည့် အချိန်ကိုသာ စောင့်မျှော်နေ ကြသည်။ မနေ့က မင်းကြီးအလှူဒါနပြုလုပ်သော အလှူအဘို ဘာဂကို အမျှမဝေခဲ့သဖြင့် မရရှိကြသည့်အတွက် ညကလာပြီး အော်ဟစ်ကြခြင်းဖြစ်ပေတယ် မင်းမြတ်'' ဟု မိန့်တော်မူ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက-''ရှင်တော်မြတ်ဘုရား၊ နောက် ထပ် အလှူလုပ်ပြီး အမျှဝေလျှင် ရနိုင်ပါဦးမည်လား ဘုရား''

“ဒကာတော်မင်းမြတ်၊ ရနိုင်ပေ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်ဖိတ်၍ နောက်တနေ့တွင် ကြူးစွာသော အလှူကြီးကို ပေးလှူပြန်လေ၏။

“ဘုန်းတော်ကြီးလှသော ရှင်တော်မြတ်ဘုရား၊ ဤကောင်းမှုကြောင့် တပည့်တော်၏ ဆွေမျိုးတော်ခဲ့ဘူးသော သူတို့သည် နတ်၌ဖြစ်သော ထမင်း အဖျော် စသည်တို့နှင့် ပြည့်စုံပါစေသတည်း”ဟု အမျှပေးဝေ၏။ ထိုခဏမှာပင် နတ်၌ဖြစ်သော ထမင်း အဖျော် စသည်တို့ အထင်အရှား ဖြစ်ကြလေကုန်၏။

နောက်တနေ့ မိုးလင်းသောအခါ ပြိတ္တာကြီးများသည် အဝတ်မရှိသော ကိုယ်တုံးလုံးဖြင့် လာ၍ ကိုယ်ထင်ပြကြကုန်၏။ မင်းကြီးလည်း မြတ်စွာဘုရားကို လျှောက်ထားသောအခါ–

“ဒကာတော်မင်းကြီး၊ အဝတ်သင်္ကန်းကို ပေးလှူလော့” ဟု မိန့်တော်မူ၏။

မင်းကြီးလည်း နောက်တနေ့ မိုးလင်းသောအခါ ဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းလှူ၍ ဤကောင်းမှုကြောင့် ဆွေမျိုးတော်ခဲ့ဘူးသော ပြိတ္တာတွေ နတ်ဝတ်တန်ဆာများရကြပါစေကုန်သတည်း”ဟု ကုသိုလ်အဘို့ကို အမျှဝေလိုက်၏။ ထိုအခိုက်မှာပင် နတ်ဝတ်တန်ဆာတို့ ဖြစ်ပေါ်ရှိကြကုန်၏။

ထိုအခါ ပြိတ္တာတို့သည် ပြိတ္တာဘဝကကျွတ်ပြီး နတ်ဖြစ်သွားကြကုန်၏။ မြတ်စွာဘုရားသည် တရားအနုမောဒနာပြုသည်ရှိသော် တိရောကုဍ္ဍသုတ်ကို ဟောတော်မူ၏။ တရားအဆုံးမှာ ပြိတ္တာပေါင်း ရှစ်သောင်းလေးထောင် အကျွတ်တရား ရရှိသွားကြလေ၏။

## သေရမှာ အမှန်

### အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အကြောင်း

ထို့နောက် ရဟန်းအပေါင်းတို့က–

"ရှင်တော်မြတ်ဘုရား၊ အဂ္ဂသာဝက ဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့သည် ဘယ်လိုကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့ကြပါသနည်း ဘုရား" ဟု လျှောက်ထားကြကုန်၏။

"ချစ်သားရဟန်းတို့၊ သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့သည် အဂ္ဂသာဝကဖြစ်အောင် တသင်္ချေနှင့် ကမ္ဘာတသိန်းအထက်က မဟာသာကအမည်ရှိ ပုဏ္ဏားသူကြွယ်မျိုးဖြစ်တယ်။ သရဒလုလင်လို့ ခေါ်ကြတယ်။ မောဂ္ဂလ္လာန်ကတော့ သူကြွယ်မျိုးမှာ ဖြစ်၍ သိရိဝဍ္ဍနလို့ ခေါ်ကြတယ်။ သူတို့နှစ်ယောက်ဟာ ကစားဘော် ကစားဘက် သူငယ်ချင်းတွေ ဖြစ်ကြတယ်။ သူတို့နှစ်ယောက်ထဲက သရဒလုလင်ဟာ ဖခင်သေသွားတဲ့အခါ များစွာသော ပစ္စည်းဥစ္စာတို့ကို သိမ်းဆည်းစောင့်ရှောက်နေရတော့ တနေ့မှာ တယောက်ထဲ ဆိတ်ငြိမ်ရာမှာ ထိုင်ပြီး စဉ်းစားတယ်။ 'ငါဟာ ပစ္စုပ္ပန် အကျိုးစီးပွားများကိုသာ မြင်တွေ့ကြားသိနေရတယ်။ တမလွန် ဘဝရဲ့အကျိုးကျေးဇူး တခုမှ မသိရသေးဘူး။ မွေးဖွားလာတဲ့ သတ္တဝါတိုင်းဟာ တနေ့သေရမှာ အမှန်ဘဲ။ ဘယ်သူမှ လွတ်မှာ မဟုတ်ဘူး။ ငါသည် ရဟန်းဝတ်ပြီး တရားထူး တရားမြတ်ကို ရှာသင့်တယ်' ဟု စဉ်းစားဆင်ခြင်၍ သိရိဝဍ္ဍနထံ သွားပြီးလျှင်–

"အဆွေသိရိဝဍ္ဎနု၊ ငါသည် သက်နိုးဝတ်ပြီး တရားရှာ တော့မယ်။ သင်ကော ငါနှင့် အတူ ရဟန်းပြုနိုင်ပါ့မလား" ဟု မေး၏။

သိရိဝဍ္ဎနုကလဲ-

"အဆွေသရဒ၊ ငါတော့ ရဟန်းမပြုနိုင်။ သင်သာ ရဟန်း ပြုပေတော့"ဟု ပြန်ကြားလိုက်လေသည်။

## ဘယ်သူ့ကိုမှ ခေါ်မသွားနိုင်

ထိုအခါ သရဒလုလင်က စဉ်းစားပြန်သည်မှာ 'သေသွားတဲ့ လူတွေဟာ ဘယ်မိတ်ဆွေ ဘယ်သူငယ်ချင်း ဘယ်ဆွေမျိုးကိုမှ ခေါ်သွားတဲ့လူဆိုတာ မရှိဘူး။မိမိပြုထားတဲ့ ကောင်းမှုမကောင်း မှုကံနှစ်ခုသာ အရိပ်ပမာ နောက်က လိုက်နေမှာ ဖြစ်တယ်။ နိုပ်စက်စရာရှိရင် နှိပ်စက်မယ်။ ချီးမြှင့်စရာရှိရင် ချီးမြှင့်မှာဘဲ'ဟု စဉ်းစားမိလေ၏။ ထို့ကြောင့် ရတနာတို့ဖြင့် ပြည့်နေသော ဘဏ္ဍာကျိုကျတို့ကို အဖွင့်ခိုင်းပြီးလျှင် အားကိုးအားထား မရှိ၊ တယောက်ထည်းတည်းနေရသူ ခရီးသွား ဧရီးလာ ဖုန်းတောင်း ယာစကာတို့အား အလှူကြီးပေး၍ ဟိမဝန္တာ တောင်ခြေသို့ သွားရောက်ပြီး ရသေ့ရဟန်းပြု၍နေလေ၏။

သရဒလုလင်နောက်သို့ တယောက်ပြီးတယောက် လိုက်၍ ရဟန်းပြုကြရာ ရသေ့ပေါင်း ခုနစ်သောင်းလေးထောင်တိတိ ပင် ရှိချေသည်။ သရဒရသေ့သည် ဈာန်အဘိညာဉ်သမာပတ် တို့ကို ဖြစ်စေ၍ ကျန်ရသေ့တို့အား တဆင့် သင်ကြားပေး၏။

ရသေ့အားလုံး အဘိညာဉ် ငါးပါးနှင့် သမာပတ်ရှစ်ပါး တို့ကို ရရှိကြကုန်၏။

## အနောမဒဿီမြတ်စွာဘုရား ကြွတော်မူခြင်း

ထိုအခါ၌ အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။ မြို့တော်သည် စန္ဒဝတီအမည်ရှိ၏။ ခမည်းတော်ယသဝါမင်းကြီး ၏မယ်တော်က ယသောဓရာ မိဖုရားဖြစ်သည်။ ပွင့်တော်မူရာ သစ်ပင်သည် ထောက်ကြံ့ပင်။ နိသဘ-အနောမတို့သည် အဂ္ဂသာဝက။ အလုပ်အကျွေးသည် ဝရုဏဖြစ်သည်။ သုန္ဒာ-သုမနာ မြတ်သောအဂ္ဂသာဝိကာမအစုံဖြစ်သည်။ အသက် တသိန်းတန်းမှာ ပွင့်သည်။အရပ်တော် ၅၈-တောင်ရှိသည်။ ကိုယ်တော်၏ အလင်းရောင်မှာ ၁၂-ယူဇနာပျံ့နှံ့သည်။တနေ့မိုးသောက်တွင် အနောမဒဿီမြတ်စွာဘုရားသည် လောကကြီးကို ကြည့်ရှုတော်မူသော် သရဒရသေ့ကို မြင်လေ၏။

'ယနေ့ငါဘုရား သရဒရသေ့ထံ ကြွတော်မူခြင်းကြောင့် ကြီးစွာသော တရားပွဲသဘင်ကြီး ဖြစ်လိမ့်လတံ့။ သရဒရသေ့လည်း အဂ္ဂသာဝက ရာထူးကို ဆုတောင်းလတံ့။ ရသေ့၏ အဆွေသိရိဝဍ္ဎနသူကြွယ်လည်း လက်ဝဲရံ အဂ္ဂသာဝက ဆုကို တောင်းလတံ့။ တရားဒေသနာအဆုံး၌ ရသေ့၏တပည့် ခုနစ်သောင်းလေးထောင်တို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်လတံ့' ဟု မြင်တော်မူ၍-

'ငါသည် ထိုအရပ်သို့ ကြွသွားအံ့၏။ နောက်လိုက်အဖော် မပါဘဲ ကိုယ်တော်မြတ်တပါးတည်းသာ ကြွတော်မူခြင်း ဖြစ်၍

သရဒရသေ့၏ တပည့်များ သစ်သီးရှာသွားသောအခါ ငါ၏ ဘုရားအဖြစ်ကို သိစေတော်မူသည်'ဟု အဓိဋ္ဌာန်တော် မူ၍ သရဒရသေ့ မြင်ကွင်းတွင်ပင် ကောင်းကင်မှ ဆင်းသက်၍ မြေကြီး၌ ရပ်တော်မူ၏။

သရဒရသေ့သည် မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကို ၎င်း၊ ကိုယ်တော်၏ ရုပ်အဆင်းသဏ္ဍာန်တော်ကို၎င်း မြင်၍ လက္ခဏာအရာ၌ ကောင်းစွာ ကျွမ်းကျင်သည် ဖြစ်သောကြောင့် ပြန်လှန်ဆင်ခြင်သောအခါ '၎င်းသို့သော လက္ခဏာနှင့်ပြည့်စုံသူ သည် လူသားဆိုပါက စကြဝတေးမင်း ဖြစ်တန်ရာ၏။ ရဟန်း ဆိုလျှင် ဘုရားစစ်စစ်ကေန်ဖြစ်ရာ၏။ ၎င်းယောကျ်ားသည် ဘုရား စစ်စစ် ကေန်ဖြစ်သည်'ဟုသိ၍ ခရီးဦးကြိုပြုပြီးသော် ထိုင်ခြင်း ငါးပါးနှင့် ရှိသေစွာရှိခိုး၍ ဖုံရာခင်းကျင်းပေးလေ၏။ မြတ်စွာ ဘုရားသည် ခင်းထားအပ်သောနေရာ၌ သီတင်းသုံးတော်မူ၏။ သရဒရသေ့လည်း မိမိနှင့် သင့်တော်ရာတွင် ထိုင်နေ၏။

ထိုစဉ်အခါ ၇၄၀၀၀သော ရသေ့တို့သည် သစ်သီးကြီးငယ် တို့ကိုယူ၍ ဆရာ့ထံသို့ ပြန်လာကြကုန်၏။ မြတ်စွာဘုရားနှင့် သူတို့ဆရာထိုင်နေပုံ အခြင်းအရာကို ကြည့်၍ 'လောကကြီးမှာ ငါတို့ ဆရာထက် မြတ်တဲ့လူကယောကျ်ား မရှိ'ဟု ထင်မှတ် ထားကြရာ "၎င်းယောကျ်ားသည်ဆရာထက် မြတ်လေယောင် တကား" ဟု ပြောဆိုကြကုန်၏။ ထိုအခါ သရဒ ရသေ့က—

"အမောင်တို့၊ အမောင်တို့ဟာ ဘယ်လိုစကားမျိုး ပြော လိုက်ကြတာလဲ။ သေးငယ်လှတဲ့ မုန်ညင်းစေ့နှင့် မြင့်မိုရ်တောင် မင်းကို အဘယ်ကြောင့် နှိုင်းယှဉ်လိုကြသလဲ။ အမောင်တို့....၊

မြတ်စွာဘုရားနှင့် ငါ့ဆရာအား နှိုင်းယှဉ်၍ ဥပမာ မပြုကြပါနှင့်”ဟု တားမြစ်လေ၏။

ထိုအခါ သရဒ ရသေ့၏ တပည့်ရသေ့တို့သည် “ဤပုဂ္ဂိုလ်သည် ထိုထိုသော သူတို့ထက် အကယ်၍ မမြတ်ဘဲနှင့် ငါတို့ဆရာသည် ဤဥပမာကို တင်ပြမည် မဟုတ်ချေ။ လောကကြီးတွင် ရှိရှိသမျှ ပုဂ္ဂိုလ်တို့ထက် ဤယောကျ်ားသည် အမြတ်ဆုံး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်သာ ငါတို့ဆရာက ကြီးကျယ်စွာသော ဥပမာ ဂုဏ်ပုဒ်တို့ကို ထုတ်ပြသွန်ကြားခြင်း ဖြစ်လေသည်။ ဤယောကျ်ားကား ယောကျ်ားမြတ်အစစ် ဖြစ်တော်မူပါပေသည်” ဟု ရသေ့တို့သည် ခြေတော်ရင်း၌ဝပ်စင်းညွတ်ကျိုး ရှိခိုးကြလေကုန်၏။

ထိုအခါ ဆရာရသေ့က- “တပည့်တို့၊ မြတ်စွာဘုရားနှင့် သင့်လျော်တဲ့ လှူဘွယ်ဝတ္ထု ဘာတခုမျှ မရှိဘူး။ မြတ်စွာဘုရားသည် ဆွမ်းခံချိန်၌ ကြွလာတော်မူချေသည်။ ငါတို့သည် အစွမ်းသတ္တိရှိသလောက် လှူဘွယ်ဝတ္ထု အစုစုတို့ကို ပေးလှူကြကုန်အံ့။ သင်တို့ရှာဖွေခဲ့သော သစ်သီးတွေထဲမှ ကောင်းနိုးရာရာ ယူခဲ့ကြလော့”ဟု စေခိုင်း၍ မိမိကိုယ်တိုင် လက်ဆေးပြီးလျှင် မြတ်စွာဘုရားသခင်၏ သပိတ်၌ ထည့်လှူလေ၏။ မြတ်စွာဘုရားသည် သစ်သီးများကို အလှူခံကာမျှ၌ နတ်တို့က နတ်ဩဇာ ထည့်ကြကုန်၏။

## ရဟန္တာ တသိန်း ကြွလာခြင်း

သရဒ ရသေ့သည် သောက်တော်ရေ၊ သုံးဆောင်တော်ရေတို့ကို ကိုယ်တိုင်သာ စင်စင်ကြယ်ကြယ် စစ်၍ ပေးလှူ၏။

မြတ်စွာဘုရား ဆွမ်းကိစ္စပြီး၍ ထိုင်နေတော်မူသည်ရှိသော် သရဒ ရသေ့သည် တပည့်အားလုံးကို ခေါ်၍ မြတ်စွာဘုရား အထံ၌ အသက်ထက်ဆုံး အောက်မေ့သော စကားများကို ပြော၍ ထိုင်နေသော် မြတ်စွာဘုရားသည် "ရဟန်းသံဃာ အပေါင်းနှင့် အဂ္ဂသာဝက နှစ်ပါး လာစေသတည်း" ဟု အမိန့်ရှိတော်မူ၏။ အဂ္ဂသာဝက နှစ်ပါးတို့သည် ရဟန္တာတသိန်း ခြံရံလျက် လာရောက်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်တော်ရာ၌ နေကြကုန်၏။

သရဒ ရသေ့သည် တပည့်တို့အားခေါ်၍– "မြတ်စွာဘုရား သီတင်းသုံးတော်မူရာသည် နိမ့်နေသည်။ ရဟန္တာ တသိန်းအတွက် လည်းနေစရာမရှိ ဖြစ်နေသည်။ သို့ဖြစ်၍ သင်တို့သည် အခုချက်ခြင်း မြတ်စွာဘုရားအား ထူးထူးမြတ်မြတ် ပူဇော်အပ်လှသည်။ အမောင်တို့သည် တောထဲသွားပြီး အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းများကို သယ်ဆောင်ကြချေ" ဟုဆို၏။

သရဒ ရသေ့ ပြောဆိုသော စကားက ကြာသေးသည်။ တန်ခိုးနှင့် ပြည့်စုံသူ၏ တန်ခိုးအရာသည် မကြံစည်အပ် မကြံစည်နိုင်သော သဘောရှိသည်။ ထို့ကြောင့် ရသေ့တို့သည် ခဏချင်းပင် အဆင်းအနံ့နှင့် ပြည့်စုံလှသော ပန်းတို့ကို ယူဆောင်လာကြကုန်၏။ မြတ်စွာဘုရားအား တယူဇနာလောက် ပန်းထိုင်ခုံကြီး ခင်းလျှကြကုန်၏။ အဂ္ဂသာဝက နှစ်ဦးအတွက် သုံးဂါဝုတ်လောက် ရှိသော ပန်းထိုင်ခုံကြီး ခင်းလျှကြကုန်၏။ ကြွင်းသော ရဟန္တာတို့အတွက် ယူဇနာ ဝက်လောက်ကစ၍ အစဉ်အတိုင်း ပန်းထိုင်ခုံတွေကို ခင်းလျှသဖြင့် အငယ်ဆုံး ရဟန္တာ၏ ပန်းထိုင်ခုံ အခင်းသည်ပင်လျှင် တဥသဘလောက် ရှိလေ၏။

ဤနေရာ၌ ဒါလောက်ကြီးကျယ်သော ပန်းထိုင်ခုံကြီးတွေကို ခင်းနိုင်ပါသလော။ မတွေးတော မကြံစည်အပ်။ အဘိညာဉ် သမာပတ် ရရှိပြီးသော တန်ခိုးရှင်တို့ချည်းဖြစ်၍ တန်ခိုးအရာ ဖြစ်သောကြောင့်ပါတည်း။

## ပန်းမွေ့ရာ ထိုင်ခုံထက် ခုနစ်ရက် သီတင်းသုံးခြင်း

ဤသို့ အလွန်တရာ ကောင်းမြတ်ကြီးကျယ်သော ပန်းမွေ့ရာ ထိုင်ခုံကြီး ခင်းပြီးသောအခါ သရဒ ရသေ့သည် မြတ်စွာ ဘုရား ရှေ့တော်တွင် လက်အုပ်ချီ၍ ရပ်တန့်ပြီးသော်–

"ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား....၊ တပည့် တော်အား နေ့ရက်ကြာမြင့်စွာ အကျိုးစီးပွား များစေခြင်းငှာ၊ ချမ်းသာသုံးရပ်သို့ ကပ်ရောက်ခြင်းငှာ သီတင်းသုံးတော်မူပါ ဘုရား"ဟု လျှောက်ထား၏။

ယင်းသို့သရဒ ရသေ့ လျှောက်ထားသောအခါအနောမဒဿီ မြတ်စွာဘုရားသည် သရဒရသေ့စိတ် ကြည်ညိုစေ၍ နတ်လူတို့ ကြည်ရှင် နှစ်သက်ခြင်းကို ဖြစ်စေလျက် ခုနစ်ရက်တိုင်တိုင် ပန်းမွေ့ရာ ထိုင်ခုံထက်၌ သီတင်းသုံး နေတော်မူ၏။

## သရဒ ရသေ့ ပန်းထီး မိုးခြင်း

ဤသို့ မြတ်စွာဘုရားသည် ပန်းနေရာထက်၌ သီတင်းသုံး စံနေတော်မူသည်ရှိသော် အဂ္ဂသာဝက အရှင်နှစ်ပါးတို့သည် ၎င်း၊ ကြွင်းသော ရဟန်းတို့သည်၎င်း မိမိတို့အတွက် ခင်ထား

အပ်သော နေရာအသီးသီး၌ သီတင်းသုံးတော်မူကြကုန်၏။ သရဒ ရသေ့သည် ကြီးစွာသော ပန်းထီးကိုကိုင်၍ မြတ်စွာဘုရားသခင် အထက်၌ ဗိမာန် ကြက်သကဲ့သို့ ဖြန့်လျက် ဆောင်းမိုးနေလေ၏။

မြတ်စွာဘုရားသည် 'ရသေ့တို့၏ အလှူဒါနသည် အကျိုး အာနိသင် ကြီးမားကြပါစေသတည်း'ဟု အဓိဋ္ဌာန် တော်မူ၍ နိရောဓ သမာပတ်ကို ဝင်စားတော်မူ၏။ မြတ်စွာဘုရားသခင် သမာပတ် ဝင်စားနေသည်ကို အဂ္ဂသာဝက အရှင်နှစ်ပါးတို့ သည်၎င်း၊ ကြွင်းသော ရဟန်းတို့သည်၎င်း နိရောဓ သမာပတ်ကို ဝင်စားကြကုန်၏။မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်သုံး နိရောဓ သမာပတ်ကို ဝင်စား၍ နေတော်မူ၏။

သရဒ ရသေ့၏ တပည့်တို့သည် ဆွမ်းခံချိန် ရောက်သော အခါ တောထဲမှ သစ်သီးတို့ကို ရှာကြံသုံးဆောင်၍ ကျန်သော အချိန်များ၌ မြတ်စွာဘုရားကိုသာ ရှိခိုးလျက် နေကြကုန်၏။ သရဒ ရသေ့ကား ဆွမ်းခံချိန်ကိုပင် မသွားမူ၍ ပန်းထီးကိုသာ ဆောင်းလျက် ခုနစ်ရက်လုံးလုံး ပီတိတည်းဟူသော ချမ်းသာ ဖြင့်သာ နေလေ၏။

## ရသေ့ ၇၄၀၀၀ ရဟန္တာဖြစ်ခြင်း

မြတ်စွာဘုရားသခင်သည် ခုနစ်ရက်မြောက်၍ နိရောဓ သမာ ပတ်မှ ထတော်မူသည်ရှိသော် လက်ျာဘက်၌ ထိုင်နေတော်မူ သော အဂ္ဂသာဝက နိသဘမထေရ်ကို အနုမောဒနာတရား ဟော စေတော်မူ၏။ နိသဘမထေရ်လည်း စကြာမင်းထံမှ စည်းစိမ်

ချမ်းသာအထူးကို ရရှိထားသော စစ်သူကြီးကဲ့သို့ သာဝကပါရမီ ဉာဏ်၌တည်လျက် တရားဟောတော်မူ၏။

အဂ္ဂသာဝက နိသဘမထေရ် တရားဟော၍ ပြီးဆုံးသော အခါ ဒုတိယ အဂ္ဂသာဝက အနောမထေရ်ကို တရားဟောစေ တော် မူပြန်၏။ အနောမထေရ်လည်း ပိဋကတ်သုံးပုံတည်းဟူသော မြတ်စွာဘုရား စကားတော်ကို သုံးသပ်တော်မူ၍ တရားကိုဟော တော်မူ၏။ အဂ္ဂသာဝက နှစ်ပါး တရားဟောရာ၌ ပုဂ္ဂိုလ် တယောက်မျှ အကျွတ်တရား မရကြပါ။

ထိုအခါ မြတ်စွာဘုရားသည် အတိုင်းမရှိသော ဘုရားဉာဏ် တော်ဖြင့် ဆက်၍ တရားဟောတော်မူပြန်၏။ တရားအဆုံး၌ သရဒရသေ့ကို ထား၍ ခုနစ်သောင်း လေးထောင်ကုန်သော ရသေ့အားလုံး ရဟန္တာဖြစ်တော်မူကြကုန်၏။ မြတ်စွာဘုရား သည် "လာကြ၊ ချစ်သားတို့"အစရှိသော စကားတို့ဖြင့် လက် တော်ကို ဆန့်တန်း၍ "ဟေတိဘိက္ခု"ခေါ်တော်မူသည် ရှိသော် ရသေ့အားလုံး တခဏချင်း ဆံမုတ်ဆိတ်တွေပျောက်၍ ပရိက္ခရာ ရှစ်ပါးဆင်မြန်းပြီးသားဖြစ်သွားလေ၏။ ဝါတော် ၆၀ ရပြီးသော မထေရ်ကြီးကဲ့သို့ ဖြစ်၍ ရဟန္တာအစစ် ဖြစ်တော်မူကြကုန်၏။

## သရဒ ရသေ့ ဆုတောင်း

'သရဒရသေ့သည် အဘယ်ကြောင့် အရဟတ္တဖိုလ်သို့ မရောက် သနည်း'ဟု အမေးထုတ်လျှင် 'စိတ်ပျံ့လွင့်နေသောကြောင့် မရောက်'ဟု ဖြေဆိုရမည်။ သရဒ ရသေ့သည် မြတ်စွာဘုရား၏ လက်ျာဘက်၌ နေလျက် သာဝကပါရမီဉာဏ် အထွဋ်အထိပ်သို့

ရောက်တော်မူသော၊ တရားဟောနေသော နိသဘမထေရ်၏ တရားကို နာယူတော့မည့် အချိန်မှစ၍ 'ငါသည်လည်း ပွင့်တော်မူလတံ့သော မြတ်စွာဘုရား၏ လကျ်ာရံ အဂ္ဂသာဝက ဖြစ်ရပါမူ ကောင်းလေစွ'ဟု စိတ်ထဲမှာ စွဲနေလေ၏။

သရဒ ရသေ့သည် ထိုစိတ်တို့ လွှမ်းမိုး နေသောကြောင့် အရဟတ္တဖိုလ်သို့ မရောက်နိုင်ဖြစ်သည်။ ထိုအခါ သရဒရသေ့သည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ မြတ်စွာဘုရား ရှေ့တော်တွင် နေပြီး–

"ဘုန်းတော်ကြီးမြတ်တော် မူလှသော ရှင်တော်မြတ်ဘုရား၊ အံရှင်ဘုရား၏ လကျ်ာဘက်၌ ထိုင်သောရဟန်းသည် အဘယ် အမည် ရှိပါသနည်း"

"သရဒ ရသေ့၊ ဤသူကား သာဝက ပါရမီဉာဏ် အထွဋ်အထိပ်သို့ ရောက်သော ငါဘုရား၏ လကျ်ာရံ အဂ္ဂသာဝကနိသဘထေရ် ဖြစ်ပေသည်"ဟု မိန့်တော်မူ၏။

ထိုအခါတွင် သရဒ ရသေ့က "ရှင်တော်မြတ်ဘုရား၊တပည့်တော်သည် ခုနစ်ရက်လုံးလုံး ပန်းထီးကို မိုးပေးသဖြင့် ရှင်တော်မြတ်ဘုရားကို ကြည်လင်ကော်ရော် ပူဇော်အပ်ပါသည်။ ထိုကောင်းမှု၏ အကျိုးဖြင့် သိကြား ဗြဟ္မာ မဖြစ်လိုပါ။ နောင်ပွင့်တော်မူလတံ့သော ဘုရားလက်ထက်၌ နိသဘ မထေရ်ကဲ့သို့ လကျ်ာရံအဂ္ဂသာဝကဖြစ်ရပါလို၏ဘုရား"ဟု ဆုတောင်းပတ္ထနာပြုလေ၏။

မြတ်စွာဘုရားသည် ဤယောကျ်ား၏ ဆုတောင်း ပြည့်မပြည့် အနာဂတံသဉာဏ်ဖြင့် ကြည့်တော်မူသော် ဆုတောင်းပြည့်လတံ့သည်ကို မြင်တော်မူ၍ သရဒ ရသေ့ကို မြတ်စွာ ဘုရားက–

"သင့်ဆုတောင်းပြည့်လိမ့်မည်။ နောင်သောအခါ ဂေါတမအမည်ရှိသောဘုရား ပွင့်တော်မူလိမ့်မည်။ ထိုဘုရား၏ တရားစစ်သူကြီး ရှင်သာရိပုတ္တရာ ဟူသော အမည်ဖြင့် လက်ျာရံ အဂ္ဂသာဝက ဖြစ်ပေလတံ့"ဟု ဗျာဒိတ်ပေးတော်မူလေ၏။ ဗျာဒိတ်စကား ညွှန်ကြားတော်မူပြီး၍ သံဃာတော်အပေါင်း ခြံရံလျက်ကောင်းကင်ယံက ပြန်ကြွတော်မူလေ၏။

## သီရိဝစ္ဆနသူကြွယ် ဆုတောင်း

သရဒ ရသေ့လည်း မိမိတပည့်ဖြစ်သော မထေရ်ထံသို့ သွား၍ မိမိချစ်ကျွမ်းဝင်သော သီရိဝစ္ဆန သူကြွယ်အား သတင်းစကားပြောကြားရန် လျှောက်ကြားလိုက်၏။

"အရှင်ဘုရားတို့၊ အရှင်မြတ်တို့သည် တပည့်တော်၏ မိတ်ဆွေသီရိဝစ္ဆန သူကြွယ်အား သင့်မိတ်ဆွေ သရဒ ရသေ့တော့ အနောမဒဿီ မြတ်စွာဘုရားထံတော်ဝယ် နောင်ပွင့်တော်မူလတံ့သော ဂေါတမဘုရား သာသနာတော်၌ လက်ျာရံ အဂ္ဂသာဝကဆုကို ပန်ဆင်လေ၏။ သင်သည်လည်း လက်ဝဲရံ အဂ္ဂသာဝကဆုကို တောင်းလေလော့ဟု မိန့်တော်မူပါဘုရား"ဟု မှာကြားလိုက်ပြီး မထေရ် အရင် ရှေ့ကသွား၍ သီရိဝစ္ဆနသူကြွယ်၏ အိမ်တံခါးဝ၌ ရပ်လေ၏။

သီရိဝစ္ဆနသူကြွယ်လည်း 'ငါ့မိတ်ဆွေ မလာတာ အတော်ကြာသွားပြီ၊ အခုတဖန် ကြွလာပြန်၏'ဟု နေရာထိုင်ခင်း အကျအနခင်းစေ၍ မိမိသည် နိမ့်သောနေရာက ထိုင်ပြီး—

"အရှင်မြတ်၊ ပရိသတ်တွေ မမြင်ပါလားဘုရား"

"အဆွေ့ သီရိဝဍ္ဎန၊ ငါ့တပည့်တွေ မမြင်တာ မှန်တယ်။ ငါတို့ နေထိုင်ရာသို့ အနောမဒဿီ မြတ်စွာဘုရား ကြွလာတော်မူတယ်။ ငါတို့လဲ စွမ်းအားရှိသမျှ ပူဇော်သက္ကာရ ပြုလုပ်ကြတယ်၊ မြတ်စွာဘုရားသည် တရားဓမ္မ ဟောပြတော်မူတယ်။ တရားအဆုံးမှာ ငါ့ကိုချန်ပြီး ကျန်တဲ့သူအားလုံး အရဟတ္တဖိုလ် ရောက်၍ ရဟန်းပြုသွားကြတယ်။ ငါလဲဘဲ လက်ျာရံ နိသဘမထေရ်ကို အားကျပြီး လက်ျာရံ အဂ္ဂသာဝကဆုကို တောင်းလိုက်တယ်။ သင်လဲဘဲ လက်ဝဲရံ အဂ္ဂသာဝကဆုကို တောင်းပါလော့"

"အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရားနှင့် အကျွမ်းတဝင် မရှိပါဘုရား"

"ဒါကတော့ ကိစ္စမရှိပါ။ ငါ့တာဝန်ထားပါ။ သင်သည် အကြီးအကျယ် ပေးလှူဘို့သာ ပြင်ဆင်ပါလော့"

သီရိဝဍ္ဎနသူကြွယ်လည်း သရဒရသေ့၏စကားကို နားထောင်၍ မိမိ၏နေအိမ်ဝင်း၌ ရှစ်မင်းပယ်လောက်သောအရပ်ကို သပ်ယပ်သာယာအောင် မွမ်းမံပြင်ဆင်လေ၏။ သဲခင်း၊ ပေါက်ပေါက်ပန်းတို့ကို ကြဲဖြန့်၍၊ မဏ္ဍပ်ပြည့်အောင် ကြာညိုပန်းမိုးလေ၏။ မြတ်စွာဘုရား နေရာ၊ ရဟန်းတို့၏နေရာတို့ကိုလည်း အသီးသီးပြုပြင်ခင်းကျင်းစေ၏။ ကြီးစွာသော ပူဇော်သက္ကာရကို ပြုလုပ်စေ၏။ အားလုံးကိစ္စပြီးသောအခါ မြတ်စွာဘုရားကို ပင့်ဆောင်ရန် သရဒရသေ့အား အကြောင်းကြား၏။ သရဒရသေ့လည်း ဘုရားအမှူးရှိသော သံဃာတော်များကိုပင့်၍ သီရိဝဍ္ဎနသူကြွယ် အိမ်သို့ ကြွတော်မူ၏။

သီရိဝဍ္ဎနသူကြွယ်လည်း ခရီးဦးကြိုပြု၍ မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကိုယူပြီးလျှင်၊ မဏ္ဍပ်အတွင်း ခင်းထားအပ်သော

နေရာသို့ပင့်ဆောင်လေ၏။ ဘုရားအမှူးရှိသော သံဃာတော် အပေါင်းတို့အား မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ဖြင့် ကောင်း မွန်စွာ လုပ်ကျွေးလေ၏။ ဆွမ်းဘုဉ်းပေးပြီးသော် ကောင်းမွန် တင့်တယ်သော အဝတ်သင်္ကန်းတို့ကို လှူဒါန်းလေ၏။

"အရှင်ဘုရား၊ တပည့်တော် ယခု လှူဒါန်းရသော အလှူ သည် အနည်းငယ်မျှသာဖြစ်၍ အားရကျေနပ်မှု မရှိသေးပါ။ နဲနဲလောက်သာဖြစ်၍ မသင့်လျော်သေးပါ။ သည်အတိုင်း ခုနစ် ရက်လုံးလုံးကြွ၍ တပည့်တော်အား သနားသဖြင့် ချီးမြှင့်တော်မူ ပါဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရားလည်း ဆိတ်ဆိတ်သည်းခံတော်မူ၏။

သီရိဝဍ္ဎုန သူကြွယ်လည်း ဤနည်းအတိုင်း ခုနစ်ရက်လုံးလုံ အလှူကြီးပေး၍ ရိုသေစွာရှိခိုးပြီး လက်အုပ်ချီလျက် လျှောက် ထားသည်မှာ-

"ရှင်တော်မြတ်ဘုရား၊ တပည့်တော်၏မိတ်ဆွေ သရဒရသေ့ သည် အဂ္ဂသာဝကဆုကို တောင်းပါ၏။တပည့်တော်လဲ ထိုသရဒ ရသေ့နှင့်အတူ ဒုတိယအဂ္ဂသာဝက ဖြစ်ရပါလို၏ဘုရား" ဟု ဆုတောင်းလိုက်လေ၏။

မြတ်စွာဘုရားသည် အနာဂတ်ကိုကြည့်ရှုတော်မူ၍ သီရိဝဍ္ဎုန သူကြွယ် ဆုတောင်းပြည့်လတံ့သည်ကို မြင်တော်မူ၏။

"သင်သည် ပွင့်တော်မူလတံ့သော ဂေါတမဘုရား၏ ဒုတိယ အဂ္ဂသာဝကဖြစ်လတံ့"ဟု ဗျာဒိတ်ပေးတော်မူ၏။

ဘုရားရှင်၏ ဗျာဒိတ်စကားကိုကြားရသောအခါ သီရိဝဍ္ဎုန သူကြွယ်သည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ မြတ်စွာ

ဘုရားလည်း ဆွမ်းအနုမောဒနာပြု၍ ကျောင်းတော်သို့ ကြွတော်မူလေ၏။

"ချစ်သားရဟန်းတို့၊ ငါ့သား သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့သည် ထိုအချိန်ထိုအခါကပင် ဆုတောင်းပတ္တနာ ပြုလုပ်ခဲ့ကြပေသည်။ သူတို့ဆုတောင်းသည့်အတိုင်း အဂ္ဂသာဝကရာထူး ရရှိကြခြင်းဖြစ်ပေသည်။ ငါဘုရားသည် မျက်နှာကြီးငယ်လိုက်၍ ပေးခြင်းမဟုတ်"ဟု မိန့်တော်မူလေသတည်း။

## သိဥ္စည်းဆရာကြီး အကြောင်း

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်အဂ္ဂသာဝကနှစ်ပါးတို့သည် မြတ်စွာဘုရားကို ရှိခိုးလက်အုပ်ချီလျက်-

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်တို့ လူ့ဘဝနှင့်နေစဉ်က တောင်ထိပ်ပွဲသဘင် ကြည့်ရှုရန် သွားကြပါသည်ဘုရား"....ဟုအစချီလျက် အရှင်အဿဇိ မထေရ်ထံရောက်၍ သောတာပန်ဖြစ်သည့် တိုင်အောင် အကြောင်းစုံကို ပြန်ပြောင်း လျှောက်ထား၏။

"ရှင်တော်မြတ်ဘုရား၊ တပည့်တော်တို့သည် ဆရာဖြစ်ခဲ့ဘူးသော သိဥ္စည်းထံသွား၍ အရှင်ဘုရား ခြေတော်ရင်းသို့ ခေါ်ဆောင်ရန် သိဥ္စည်း ဆရာကြီး၏ အယူဝါဒ ဘာမျှအနှစ်သာရ မရှိသည်ကို တင်ပြကြပါသည်ဘုရား။ ဆရာကြီးက လက်မခံပါ။ ခေါ်သည်ကိုလည်း မလိုက်ပါ။ မလိုက်သည့်အပြင် သိဥ္စည်းဆရာကြီးက အမောင်တို့ ခုနေအခါမှာ သူတပါးလက်အောက် ခံတပည့်လုပ်ပြီး အဆုံးအမ ဩဝါဒကို ခံယူနေမယ်ဆိုရင် အိုး

ကြီးထဲ ရေသယ်ထည့်တဲ့အိုးငယ်နှင့် တူလှပေတယ်။ အိုးကလေး ဘဝ ရောက်သွားမယ်။

"တပည့်တို့၊ ငါဟာ မြို့တကာ ရွာတကာလှည့်ပြီး သူတပါး အပေါ် ဆရာလုပ်စားလာသူတဦးဖြစ်တယ်၊ ရေလှောင်အိုးကြီး နဲ့ ဥပမာတူတယ်။ အခုတဖန် ရေသယ်ခတ်တဲ့အိုးငယ်လို သူတပါး လက်အောက်ခံ ဘဝနေဘို့ မစွမ်းနိုင်ပါ။ စိတ်မကူးပါ....ဟုပြော ဆိုပါသည်ဘုရား။ အဲဒီလို ပြောတဲ့အခါတပည့်တော်တို့က ဆရာ အခုနေခါ လူတွေဟာ မြတ်စွာဘုရားအထံသွားရောက် ပူဇော် ကြပါလိမ့်မယ်။ ဆရာဘယ်လိုလုပ်မလဲ....ဟု မေးပါသည်ဘုရား။

"ထိုအခါ သိဥ္စည်းဆရာကြီးက— တပည့်တို့၊ လောကကြီးမှာ လူမိုက်နဲ့ လူလိမ္မာ ဘယ်သူကများသလဲဟု မေးပါသည်ဘုရား၊ တပည့်တော်တို့က လူမိုက်တွေ အလွန်များကြောင်းပြောတဲ့အခါ အေးဟုတ်တယ် လူလိမ္မာပညာရှိတွေ ရဟန်းဂေါတမထံ သွားကြ လိမ့်မယ်။လူမိုက် လူအ လူ့ဗာလတွေ ငါ့ဆီလာကြလိမ့်မယ်။ သင် ဘို့သွားကြဟု တပည့်တော်တို့ကို စေလွှတ်ခွင့် ပေးပါသည်ဘုရား။ သိဥ္စည်းဆရာကြီးသည် ရှင်တော်မြတ်ဘုရားထံ လာရောက်ဆည်း ကပ်ရန် အလျဉ်းပင် စိတ်ကူးမထဲ့ပါ။ မသိုလားပါဘုရား" ဟု လျှောက်ထားကြကုန်၏။

## ရဟန်းများစွာ သောတာပန် တည်ခြင်း

ယင်းသို့ လျှောက်ထားတော်မူသော စကားကို ကြားတော် မူလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်က—

"ချစ်သားရဟန်းတို့၊ သိဥ္စည်းပရိဗိုဇ်သည် မိမိ မိစ္ဆာဒိဋ္ဌိ အယူ၏ အနှစ်သာရ အနည်းငယ်မျှ အနှစ်သာရမရှိသည်ကို အနှစ်သာရ ရှိသည်ဟု ထင်မှတ်ယူဆနေတယ်။ အနှစ်သာရ ပြည့်ဝစုံလင်တဲ့ သူတော်ကောင်းတရားကိုတော့ အနှစ်သာရ မရှိဘူးဟု အယူရှိနေကြတယ်။ သင်တို့သည်ကား ပြည့်ဆည်းခဲ့ဘူးသော ပါရမီပညာ ပြည့်စုံလာသူများဖြစ်သောကြောင့် အနှစ်သာရရှိမှုန်း ပြည့်ဝစုံလင်မှုန်း သိကြတယ်။ အနှစ်သာရဘာမျှမရှိတဲ့မိစ္ဆာအယူဝါဒကိုလဲ အနှစ်သာရ ဘာမျှမရှိဘူးလို့ သိရှိနားလည်ကြတယ်။လက်ခံယုံကြည်ကြတယ်။အနှစ်သာရမရှိတဲ့အယူကိုစွန့်လွှတ်ပြီးအနှစ်သာရ ပြည့်ဝသော သူတော်ကောင်း တရားကိုသာ လိုက်နာ ကျင့်သုံးကြလော့"ဟု ဟောကြားတော်မူ၏။

ဒေသနာတော်၏ အဆုံးတွင် များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့၌ တည်ကြလေကုန်၏။

# အရှင်နန္ဒထေရ်ဝတ္ထု

လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာတဆူဖြစ်တော်မူသော မြတ်စွာဘုရားသည်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသောအခါ ညီတော် အရှင်အာနန္ဒာ မထေရ်ကို အကြောင်းပြု၍ ဤတရားကို ဟောကြားတော်မူခဲ့သည်။

## အကြောင်းအထုပ္ပတ် စကားစဉ်

မြတ်စွာဘုရားသည် ဓမ္မစကြာတရား ဟောကြားတော်မူပြီး သဖြင့် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။

"ငါ၏သားတော်ကို ငါ့အားယူဆောင်၍ ပြကြကုန်လော့" ဟု ခမည်းထော် သုဒ္ဓေါဒနမင်းကြီးက စေလွှတ်အပ်ကုန်သော

အခြံအရံ တထောင်ရှိသော တမန် ဆယ် ယောက်တို့တွင် တမန် အားလုံးတို့၏ နောက်ဆုံးမှ သွား၍ ရဟန္တာဖြစ်သော ကာဠု ဒါယီမထေရ်သည် သွားရန်အချိန်ကို သိ၍ လမ်းခရီး၏ ဂုဏ် ကျေးဇူးကို ချီးကျူးလျှောက်ထားသဖြင့် ရဟန္တာနှစ်သောင်းခြံရံ လျက် ကပိလဝတ်ပြည်သို့ပင့်ဆောင်၍ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ပေါက္ခရဝတီမိုး ရွာသော အတ္ထုပ္ပတ္တိကို အ ကြောင်းပြု၍ ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူ၏။

နောက်တနေ့တွင် ဆွမ်းခံကြွတော်မူလေ၏။ ခမည်းတော်မင်း အား လျှောက်ထားချက်အရ တရားဟောသည်ရှိသော် ခမည်း တော်မင်းကြီး သောတာပန်တည်လေ၏။ ဓမ္မံစရေ အစရှိသော တရားကို ဟောကြားတော်မူသောအခါ မိထွေးတော် ဂေါတမီ သောတာပန် တည်လေ၏။ ခမည်းတော်မင်းကြီး သကဒါဂါမ် တည်တော်မူ၏။ ဆွမ်းကိစ္စ ပြီးသောအခါ ယသောဓရာမိဖုရား အဆောင် ကြွတော်မူ၍ ရာဟုလာမယ်တော် ယသောဓရာ မိဖုရား၏ ဂုဏ်ကျေးဇူးကို အမှီပြု၍ 'စန္ဒကိန္နရီဇာတ်'ကို ဟော တော်မူ၏။

နောက်တနေ့တွင် ညီတော်နန္ဒမင်းသား၏ အဘိသိက်မင်္ဂလာ အိမ်တက်မင်္ဂလာ ထိမ်းမြားမင်္ဂလာပွဲများ ကျင်းပသည်ရှိသော် ဆွမ်းခံကြွလာတော်မူ၍ မင်္ဂလာတရားဟောကြားတော် မူပြီးလျှင် ညီတော် နန္ဒမင်းသားလက်သို့ သပိတ်အပ်၍ ကြွတော်မူသော် နန္ဒမင်းသား၏ လက်ထဲမှ သပိတ်ကိုမယူဘဲ ကြွတော်မူလေ၏။

## မြှော်တလင့်လင့်

နန္ဒမင်းသားလည်းမြတ်စွာဘုရား၌ ရိုသေသောကြောင့်–

"အရှင်ဘုရား၊ သပိတ်တော်ကိုပြန်ယူပါဘုရား"ဟုမလျှောက်ထား မပြောဆိုဝံ့သောကြောင့် လိုက်၍သာ သွားရလေ၏။ 'နောင်တော်ဘုရားသည် စောင်းတန်းဦး၌ သပိတ်ကို ယူလိမ့်မည်' ဟု စိတ်ထဲမှ ထင်မှတ်နေသည်။ မြတ်စွာဘုရားသည် စောင်းတန်းဦး၌လည်း သပိတ်ကို ပြန်ယူတော်မမူ။

နန္ဒမင်းသားသည် စောင်းတန်း၌ မယူစေကာမူ 'လှေကားရင်း၌ ယူလတံ့'ဟု ထင်၍နေပြန်၏။ ထိုမှ မယူပြန်သော် 'မင်းရင်ပြင်ကျလျှင် ယူလိမ့်မည်' ထင်၍နေ၏။ မင်းရင်ပြင်၌လည်း ယူတော်မမူ။ နန္ဒမင်းသားလည်း စိတ်ထဲမှ မရှိုးမရွ ပြန်ချင်လှပြီ ဖြစ်၏။သို့ရာတွင် နောင်တော်ဘုရားအား 'သပိတ်တော်ကို ပြန်ယူတော်မူပါဘုရား' ဟု မြတ်စွာဘုရားကို ရိုသေသောအားဖြင့် မလျှောက်ထားဝံ့ပေ။ ဒီနေရာယူနိုး၊ ဟိုနေရာ ယူနိုးဖြင့် မြှော်တလင့်လင့်နှင့် လိုက်၍ သွားရလေ၏။

## မြန်မြန်ပြန်ခဲ့ပါ မောင်တော်ရယ်

ထိုသို့ လိုက်သွားရသောအခါ ဇနပဒကလျာဏီမင်းသမီး၏ အလုပ်အကျွေးတို့က–

"သခင်မထိပ်ထား၊ မြတ်စွာဘုရားသည် မောင်တော်နန္ဒမင်းသားကို ခေါ်၍ ကြွသွားတော်မူပါသည်ဘုရား။ သခင်မထိပ်ထားဘုရား၊ နန္ဒမင်းသားခရှိဘဲ လက်ထပ်ပွဲကို ဘယ်လိုလုပ်ကျင်းပမလဲဘုရား"ဟု ပြောကြကုန်၏။ ဇနပဒကလျာဏီသည်

လူတွေ ပြောဆိုနေကြသော စကားကို ကြားရလျှင် တဝက် တပျက် ဖီးလက်စ ဆံပင်နှင့် အမြန်ပင်သွား၍ သနားဘွယ်ရာ အသံကလေးဖြင့်–

"မောင်တော်ဘုရား၊ မြန်မြန်ကလေး ပြန်ကြွတော်မူခဲ့ပါ ဘုရား"ဟု လေသာပြတင်းက ချက်ခြင်းထွက်၍ မှာကြားလိုက် လေ၏။

ယင်းသို့ ဇနပဒကလျာဏီကလေးက လေသာပြတင်းက ထွက်၍ မှာလိုက်သော စကားသံသည် နန္ဒမင်းသား၏ အသဲထဲအူထဲ တွင် သံမှိုစွဲသကဲ့သို့ ဖြစ်၍သွားလေ၏။ မြတ်စွာဘုရားသခင် လည်း နန္ဒမင်းသား၏လက်ထဲကသပိတ်ကိုယူတော်မမူဘဲကျောင်း တော်အရောက်သာ ကြွတော်မူလေ၏။

"ညီတော် နန္ဒ၊ အသင်ရဟန်းပြုမလား" ဟု မေးတော်မူ၏။

နန္ဒမင်းသားလည်း 'မပြုချင်ပါ ဘုရား' ဟု မလျှောက်ကြား ဝံ့သဖြင့် "ရဟန်းပြုပါမည် ဘုရား" ဟု လျှောက်ထားလေရာ မြတ်စွာဘုရားက–

"ချစ်သား ရဟန်းတို့၊ ညီတော် နန္ဒကို ရဟန်းဝတ်ပေးလိုက် ကြ" ဟု မိန့်တော်မူသဖြင့် နန္ဒမင်းသားကို ရဟန်းဝတ်ပေး လိုက်ကြလေ၏။

## သားတော်ရာဟုလာ အမွေတောင်းခြင်း

မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ သုံးရက် မြောက်သော နေ့၌ ညီတော် နန္ဒမင်းသားကို ရဟန်းပြုပေး၏။ ခုနစ်ရက်မြောက်သောနေ့၌ ယသောဓရာမိဖုရားသည် သား

တော် မင်းသားလေးကို အထူးထူး အပြားပြား တန်ဆာဆင်၍—

"ချစ်သား၊ လာပါအုံး၊ ဟောဒီ နေရာက လှမ်းကြည့်လိုက်စမ်း။ ဟောဟိုက ရဟန်းနှစ်သောင်း အခြံအရံနဲ့ ရဟန်းကား သင်၏ ကျေးဇူးရှင် ဖခမည်းတော်ဖြစ်ပေသည်။ သင့်ခမည်းတော်မှာ ရွှေအိုးကြီး လေးလုံးရှိတယ်။ အခု ငါတို့မတွေ့ရတော့ဘူး။ ချစ်သား ရွှေသွေး လူကလေးသွားပါချေ။ ခမည်းတော်ဘုရား သားတော်သည် စကြဝတေးမင်း အဖြစ် အဘိသိက်ခံရပါလိမ့်မည်။ သားတော်သည် ပစ္စည်းဥစ္စာ များစွာ အလိုရှိပါ၏။ ပစ္စည်းဥစ္စာကို ပေးတော်မူပါဘုရား၊ ခမည်းတော်ဥစ္စာမှန်သမျှ သားတော်သာပိုင်ဆိုင်သူ ဖြစ်ရပါလိမ့်မည် ဘုရား' ဟု သင်ကြားမှာထား၍ မြတ်စွာဘုရားထံ စေလွှတ်လိုက်လေ၏။

ရာဟုလာမင်းသားသည် မြတ်စွာဘုရားထံ သွားလျှင် ဖခင်တည်း ဟူသော ချစ်ခြင်းကို ရ၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်၍ သွား၏။

"ခမည်းတော်ဖြစ်တော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်၏ မေတ္တာတော်ရိပ်သည် သားတော် အလွန်တရာ အေးမြချမ်းသာ ရှိလှပါသည်ဘုရား" စသည်ဖြင့် ပြောဆိုပြီး ရပ်၍နေပေ၏။ မြတ်စွာဘုရားလည်း ဆွမ်းကိစ္စပြီး၍ အနုမောဒနာတရား ဟောကြားပြီး ပြန်ကြွတော်မူလေ၏။ ရာဟုလာလည်း "ခမည်းတော်ဘုရား၊ သားတော်အား ခမည်းတော်ပိုင် ပစ္စည်းများကို အမွေပေးတော်မူပါဘုရား" ဟု ပါးစပ်က တဖွဖွ တောင်း၍ သင်္ကန်းကို ဆွဲပြီး တကောက်ကောက် လိုက်လေ၏။

## ရာဟုလာအား အမွေပေးခြင်း

မြတ်စွာဘုရားသည် ရာဟုလာမင်းသားအား ပြန်သွားရန်မိန့်တော်မမူ။ လူအပေါင်းတို့ကလည်းမြတ်စွာဘုရားနှင့်လိုက်ပါသည်ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ကြ။ ရာဟုလာမင်းသားလည်း မြတ်စွာဘုရားနှင့်အတူ ကျောင်းတော်သို့ လိုက်သွားလေ၏။ ထို့နောက် မြတ်စွာဘုရားသခင် ဆင်ခြင်တော်မူသည်မှာ 'ငါ့သားတော်သည် ဖခင်၏ အမွေဥစ္စာကို အလိုရှိ၏။ ပစ္စည်းဥစ္စာတို့၏ သဘောသည် ဝဋ်ဆင်းရဲ၌ တဝဲလည်လည် အတည်မကျ ကျင်လည်ရသော သဘောရှိသည်။ အနှစ်သာရ ဘာတခုမျှမရှိပေ။ ယခုအခါ ငါဘုရားသည် ဗောဓိပင်ရင်း၌ ရှာဖွေ၍ ရရှိလာသော သူတော်ကောင်းတို့ ဥစ္စာရတနာ ခုနစ်ပါးကို ပေးသနားတော်မူအံ့။ လောကုတ္တရာအမွေကို ခံယူစေအံ့'ဟု ဆင်ခြင်တော်မူ၍ အရှင်သာရိပုတ္တရာကို ခေါ်တော်မူပြီးလျှင်-

"ချစ်သား သာရိပုတ္တရာ၊ သားတော် ရာဟုလာကို ရဟန်းပြုပေးလော့" ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာလည်း သားတော် ရာဟုလာကို ရဟန်းပြု၍ ပေးတော်မူ၏။

## ခမည်းတော်မင်းကြီး တောင်းပန်ခြင်း

ရာဟုလာမင်းသားကို ရဟန်းပြု၍ ပေးသည်ရှိသော် သုဒ္ဓေါဒနမင်းကြီးသည် ကြီးကျယ်လှစွာသော ဒုက္ခဝေဒနာကို သည်းခံခြင်းငှာ မစွမ်းနိုင်သောကြောင့် ကိုယ်တိုင်ပင် မြတ်စွာဘုရားအား လျှောက်ထားလေ၏။

"သားတော်ဘုရား၊ ခမည်းတော် တောင်းပန်အပ်ပါသည် ဘုရား၊ အရှင်ဘုရားတို့သည် မိဘများခွင့်မပြုသော သားသမီး ကိုရှင်ရဟန်းပြုမပေး ကြပါနှင့် ဘုရား"

မြတ်စွာဘုရားလည်း ခမည်းတော်မင်းကြီး တောင်းသော ဆုကို ပေးသနားတော်မူ၏။ နောက်တနေ့ နန်းတော်၌ ဆွမ်း ဘုဉ်းပေးတော်မူသောအခါ မြတ်စွာဘုရားအား သင့်တော်ရာ၌ ထိုင်နေသောခမည်းတော်မင်းကြီးက—

"ဘုန်းတော် ကြီးမြတ်တော်မူလှသော သားတော်ဘုရား၊ အရှင်ဘုရားတို့သည် ဒုက္ကရစရိယာ ကျင့်စဉ်အခါက နတ်သား တယောက် ခမည်းတော်ထံလာပြီး 'သိဒ္ဓတ္ထမင်းသား ကွယ်လွန် သွားလေပြီ' ဟု လာပြောပါသည်ဘုရား။ ထိုအခါ ခမည်းတော် က နတ်သားစကားကို မယုံသောကြောင့် 'ငါ့သားဘုရားမဖြစ် မချင်းဘယ်တော့မှ မသေ'ဟု ပြန်ပြောလိုက်ပါသည်ဘုရား" ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသခင်က "ခမည်းတော် မင်းမြတ်၊ ယခုလို နတ်သားလာပြောတဲ့ စကားကို မယုံကြည်၍ ပယ်လိုက် သည်မှာ၊ ကြားတာကိုမယုံကြည်၍ ပယ်လိုက်တာဟာ ဘာမျှ ချီးမွမ်းစရာ မရှိသေးဘူး။ ဟိုရှေးအခါက အရိုးတွေ ယူလာ၍ ပြပြီး ဒိသာပါမောက္ခဆရာကြီးက သင့်သား သေသွားပြီလို့ ပြောတာကိုတောင် မယုံကြည်လို့ပယ်ပစ်လိုက်သည်ကား အလွန် ပင် ချီးမွမ်းအံ့ဩဘွယ်ကောင်းလှပါပေသည်"ဟု မိန့်တော်မူပြီး 'မဟာဓမ္မပါလဇာတ်'ကို ဟောကြားတော်မူ၏။

# မဟာဓမ္မပါလဇာတ်

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး စိုးစံအုပ်ချုပ် မင်းလုပ်တော်မူသည်။ ထိုအခါ ကာသိကတိုင်း၌ ဓမ္မပါလအမည်ရှိ ရွာတရွာ ရှိ၏။ ထိုရွာသည် တရားစောင့်သောလူမျိုးတို့ နေထိုင်ရာဖြစ်သောကြောင့် ဤသို့ ခေါ်ဆိုကြလေသည်။ ထိုဓမ္မပါလရွာ၌ ကုသိုလ်တရားဆယ်ပါးတို့ကို အမြဲတမ်း စောင့်ရှောက်နေသောကြောင့် ဓမ္မပါလဟု ထင်ရှားကျော်ကြားသော ပုဏ္ဏားကြီးနေထိုင်သည်။ အယုတ်ဆုံး ပုဏ္ဏားကြီး၏ ကျေးကျွန်အမှုလုပ်တွေပင် အလှူရေစက်လက်နက်မကွာ ပေးကမ်း လှူဒန်း၍ နေလေ ရှိကြကုန်၏။ ငါးပါးသီလကို ခါးအဝတ်အထည်ကဲ့သို့မြဲမြံကြကုန်၏။ ဥပုသ်သီတင်း ကျင့်သုံးဆောက်တည်ကြကုန်၏။

ငါတို့ ဘုရားအလောင်းသည် ဓမ္မပါလအမျိုး၌ဖြစ်၍ ဓမ္မပါလသတို့သားဟု မှည့်ခေါ်ကြသည်။ ဓမ္မပါလ အရွယ်ရောက်သောအခါ ဖခင်ပုဏ္ဏားကြီးက ဓမ္မပါလသတို့သားကို အသပြာ တထောင်ပေး၍ ပညာသင်ရန် တက္ကသိုလ်ပြည်သို့ စေလွှတ်လိုက်၏။ ဓမ္မပါလသတို့သားသည် တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခဆရာကြီးထံ နည်းခံ၍ ပညာများ သင်ကြားလေ၏။ ပညာသင် တပည့်ငါးရာတို့၏ အကြီးအမှူး ဖြစ်၏။ ဒိသာပါမောက္ခဆရာကြီး၏ သားအကြီးသေဆုံး၍ သွားလေရာ ဒိသာပါမောက္ခဆရာကြီးသည် သားတပည့် ဆွေမျိုးအပေါင်း ခြံရံလျက် သုသာန်သို့သွား၍ သား၏ အလောင်းကို သင်္ဂြိုဟ်လေ၏။ ထိုသို့ မီးသင်္ဂြိုဟ်ရာ၌ ဆရာကြီးနှင့်ဆွေမျိုးများ၊ တပည့်

ဘပန်းများ ငိုကြွေးမြည်တမ်း၍နေကြကုန်၏။ဓမ္မပါလတယောက်
သာမငိုမကျွေးဘဲ ခပ်တည်တည်နှင့်ရပ်၍ နေ၏။

## ယယ်ငယ်ရွယ်ရွယ်နှင့် မသေသင့်ဘူး

တပည့်ငါးရာတို့သည် သုသာန်မှ ပြန်လာ၍ ဆရာကြီးထံ
သွားပြီး အကျင့်သီလနှင့်ပြည့်စုံပြီး ငယ်ငယ်ရွယ်ရွယ်ကလေးနှင့်
သေဆုံးသွားသည့် ဆရာကြီးသားအတွက် စိတ်မကောင်းကြောင်း
စသည်ဖြင့် ဝမ်းနည်းစကားများ ပြောကြားကြကုန်၏။ ဓမ္မပါလ
လုလင်က–

"အဆွေတို့ ပြောတဲ့စကားထဲမှာ ပျိုမြစ်နုနယ် ငယ်ရွယ်တယ်
လို့ ပြောကြတယ်။ အဲဒီလို ငယ်ရွယ်သူဖြစ်လျှင် ဘာဖြစ်လို့သေရ
သလဲ။ ငယ်တဲ့သူတွေ မသေရဘူး၊ မသေသင့်သေးဘူး မဟုတ်
လား"ဟု ပြော၏။

ဓမ္မပါလကို တပည့်များစွာတို့က–

"အဆွေတော်၊ဘယ်လိုပြောလိုက်တာလဲ။ သင်ဟာ သတ္တဝါ
ရယ်လို့ ဖြစ်လာရင် သေရမှာဘဲဆိုတာကို မသိဘူးလား"

"အဆွေတို့၊ သေတတ်တဲ့ သဘောကိုတော့ ငါသိတယ်။
ဒါပေမယ့် ငယ်ငယ်နဲ့သေတာကိုတော့ ငါမသိဘူး။ အသက်
ကြီးမှ သေတာကိုဘဲ ငါသိတယ်"ဟု ပြော၏။

လုလင် အပေါင်းတို့က–

"သင်္ခါရတရားဆိုတာ ဖြစ်ပြီးပျက်တာချည်း မဟုတ်လား။
အမှည့်တဝင်းဝင်း၊ အကင်းတပြိုက်ပြိုက်ဆိုတယ် မဟုတ်လား။

ငယ်ငယ်ကြီးကြီး၊ သေမျိုးချည်းပါဘဲ။ သေမျိုးဆိုတာ အနိစ္စဘဲ မဟုတ်လား"

"သူငယ်ချင်းတို့၊ အနိစ္စတော့မှန်တယ်။ ဒါပေမယ့် ငယ်ငယ် ကလေးနဲ့ အနိစ္စရောက်တာ၊ သေတာကိုတော့ ငါမြင်လဲ မမြင် ဖူးဘူး။ ကြားလဲ မကြားဖူးဘူး။ ဒို့ဆီမှာဆိုရင် အသက်ကြီးမှ သာ သေရိုးထုံးစံရှိတယ်။ ငယ်ငယ်ကလေးနဲ့ ဘယ်သူမှ မသေ ကြဘူး"

"အဆွေဓမ္မပါလ၊ သင်တို့အိမ်မှာ တယောက်မှ မသေဖူးဘူး လား"

"ငါတို့အမျိုးထဲမှာ ငယ်ငယ်နဲ့သေတဲ့လူတယောက်မှ မရှိဘူး၊ အသက်ကြီးတဲ့ လူအိုကြီးတွေသာ သေကြတယ်"

"အဆွေဓမ္မပါလ၊ ဘယ်လိုပါလဲ။ ငယ်ငယ်နဲ့ မသေဘဲ အသက်ကြီးမှ သေရတယ်ဆိုတာ သင်တို့အမျိုးရဲ့ အစဉ်အလာ လား။ သင်တို့ဆီမှာ ထုံးစံလား"

"မှန်တယ် သူငယ်ချင်းတို့၊ ငါတို့အမျိုးရဲ့ အစဉ်အလာ။ ငါတို့ဆီက ထုံးစံဘဲ"

လုလင်တို့သည် ဓမ္မပါလ ပြောသော စကားကို ဆရာကြီးထံ သွား၍ ပြောကြလေကုန်၏။

## ဒိသာပါမောက္ခဆရာကြီး စုံစမ်းရေး ထွက်ခြင်း

ဒိသာပါမောက္ခ ဆရာကြီးသည် ဓမ္မပါလကို ခေါ်၍-

"ချစ်သား ဓမ္မပါလ၊ သင်တို့အမျိုးထဲမှာ လူငယ်တွေ မသေ ဘူးလို့ ပြောတာ အမှန်ဘဲလား"

“မှန်ပါတယ် ဆရာကြီး”

ဒိသာပါမောက္ခဆရာကြီးသည် ဓမ္မပါလ၏ စကားကို ကြားလျှင် ‘ဒီစကားဟာ ထူးခြားပါလား၊ အလွန်လဲ အံ့သြဘွယ်ကောင်းပါလား၊ ဓမ္မပါလ ဖခင်ထံ အမြန်သွား၍ စုံစမ်းမှ တော်မည်။ သူပြောတဲ့ အတိုင်းသာ မှန်ရင် ဒီတရားကို ရအောင်ရှာမည်’ဟု ကြံပြီးလျှင် သားအတွက် ပြုဘွယ်ကိစ္စ အားလုံး ပြီးအောင် လုပ်လေ၏။

ကိစ္စပြီး၍ ၇ ရက် ၈ ရက် လောက် ရှိသောအခါ ဓမ္မပါလကို ခေါ်ခိုင်းပြီးနောက်–

“ချစ်သား ဓမ္မပါလ၊ ငါဆရာ သွားရောက်စုံစမ်းအုံးမယ်။ ဆရာ မပြန်မချင်း တပည့်တွေကို သင်ကြား ပို့ချနေပါ”ဟု မှာကြားပြီး သိုးတကောင်၏ အရိုးကိုယူ၍ အလုပ်အကျွေး တယောက်ကို ခေါ်ပြီး တက္ကသိုလ်ပြည်မှ ထွက်လေ၏။ ဓမ္မပါလ နေထိုင်ရာရွာသို့ထွက်ခွာခဲ့၏။ ရွာသို့ ရောက်တောအခါ ဓမ္မပါလ ပုဏ္ဏားကြီး၏ အိမ်ကို စုံစမ်းသွားရင်း အိမ်တံခါးပေါက်သို့ ရောက်သဖြင့် ရပ်တန့်၍ နေလေ၏။

## ဆရာကြီးအား ဧည့်ခံခြင်း

မဟာဓမ္မပါလပုဏ္ဏားကြီး၏ ကျွန် အမှုလုပ်တို့အနက်မှ အရင်တွေ့မြင်သူ တယောက်က ဒိသာပါမောက္ခ ဆရာကြီး လက်မှ ထီး၊ ဘိနပ်တို့ကို လှမ်းယူ၏။ ထို့နောက် အလုပ်အကျွေး၏ လက်မှအိတ်ကို လှမ်းယူ၏။ ထိုအခါ ဆရာကြီးက–

"ဓမ္မပါလရဲ့ဆရာ ဒိသာပါမောက္ခဆရာကြီး အိမ်တံခါး ပေါက် ရောက်နေတဲ့အကြောင်း ပုဏ္ဏားကြီးအား အကြောင်း ကြား ပေးပါ"

"ကောင်းပါပြီ"ဟု ဝန်ခံ၍ အမှုလုပ်သည် သွားရောက် အကြောင်ကြား၏။

မဟာဓမ္မပါလ ပုဏ္ဏားကြီးလည်း အလျင်အမြန် တံခါးနား သို့ သွား၍-

"ဆရာကြီး၊ ကြွပါခင်ဗျား" ဟု အိမ်ထဲသို့ ဖိတ်ခေါ်ပြီး နေရာ၌ ထိုင်စေ၏။

ခြေဆေးပေးခြင်း စသော အလုပ်ကိစ္စများကို ပြုလုပ်ပေး လေ၏၊ ဒိသာပါမောက္ခ ဆရာကြီးအား ညှော်ခံ ကျွေးမွေး၍ ထမင်း ဟင်းများ စားသောက်ပြီးမှ မာကြောင်း၊ သာကြောင်း စသော စကားများ ပြောပြီး ထိုင်နေ၏။ ပြီးမှ ဆရာကြီးက-

"ပုဏ္ဏားကြီး၊ ပုဏ္ဏားကြီးရဲ့သား ဓမ္မပါလဟာ အင်မတန် ဉာဏ်ထက်မြက်တယ်။ လိမ္မာရေးခြား ရှိတယ်။ ဗေဒင်သုံးပုံနှင့် တဆယ့်ရှစ်ရပ်သော အတတ်ပညာများကို တဖက်ကမ်းရောက် တတ်မြောက် လိမ္မာတယ်။ ဒါပေမယ့် အကြောင်းတခု ကြောင့် ရုတ်တရက် ကွယ်လွန်သွားရှာတယ်။ စိတ်မကောင်း မဖြစ်ပါနဲ့ ပုဏ္ဏားကြီး။ သခ်ါရ တရားဆိုတာ ပျက်စီးခြင်း သဘော ရှိပေတယ်။ ဘယ်သူမှလွန်ဆန်နိုင်တဲ့ တရားမဟုတ်ပါ ဘူး။ မစိုးရိမ်ပါနှင့်" ပြောကြားပြီး နှစ်သိမ့် ဖျောင်းဖျလေ သည်။

## ယုံနိုင်ပါဘူး

မဟာဓမ္မပါလ ပုဏ္ဏားကြီးသည် လက်ခုပ် လက်ဝါးတီးပြီး အကြီးအကျယ် ရယ်လေ၏။

"ဘယ်လိုလဲ ပုဏ္ဏားကြီး၊ စိတ်များ ထိခိုက်သွားသလား။ ဘာကြောင့် အကြီးအကျယ် ရယ်ရပါသလဲ"

"ဆရာကြီး၊ ကျွန်တော့်သား မသေနိုင်ပါဘူး။ အခြား တယောက် သေတာ ဖြစ်ပါလိမ့်မယ်"

"မဟုတ်ဘူး ပုဏ္ဏားကြီး၊ သင့်သားသေတာ အမှန်ဘဲ။မယုံရင် ဟောဒီမှာ သင့်သား အရိုးတွေ"

ဒိသာပါမောက္ခ ဆရာကြီးသည် အသင့်ယူလာသော အရိုး များကို ထုတ်ပြ၏။

"အရှင်ဆရာကြီး၊ ဒီအရိုးတွေဟာ ဆိတ်ရိုး၊ သိုးရိုးတွေ ဖြစ် ပါလိမ့်မယ်။ ဘယ်နည်းနဲ့မှ ကျွန်တော့်သား မသေပါဘူး။ မှန်ပါတယ် အရှင်ဆရာကြီး၊ ကျွန်တော်တို့ အမျိုးထဲမှာ အမျိုး ခုနစ်ဆက်တိုင်အောင် ငယ်ငယ် ရွယ်ရွယ်နဲ့ သေတဲ့လူဆိုတာ တယောက်မှ မရှိပါဘူး။ အရှင်ဆရာကြီး မဟုတ်တာတွေ၊ မမှန် တာတွေ လိမ်ညာပြီး ပြောတာသာ ဖြစ်ပါလိမ့်မယ်"

ပုဏ္ဏားကြီးက အခိုင်အမာ ပြောဆိုလေ၏။ အနီးအနားရှိ သူများကလည်း လက်ခုပ်လက်ဝါးတီးပြီး ဟားတိုက်ကြလေ၏။

ဒိသာပါမောက္ခ ဆရာကြီးသည် အခြင်းအရာစုံကို အကုန် တွေ့မြင်ရလျှင် ကြည်သာလျှမ်းမောက် ဝမ်းမြောက်၍ သွား လေ၏။

"ပုဏ္ဏားကြီး၊ သင်တို့ အမျိုးထဲမှာ အမျိုးခုနစ်ဆက် တိုင်အောင် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဘူးဆိုတာ အကြောင်းမဲ့သက်သက်တော့ ဖြစ်နိုင်မည် မထင်ပါ။ အကြောင်းထူး တခုတော့ ရှိပါလိမ့်မည်။ ဘာကြောင့် မသေဘူးဆိုတာ ကျွန်ုပ် သိလိုပါသည်" ဟုဆိုပြီး ဆက်လက်၍-

"အို-အဆွေပုဏ္ဏားကြီး၊ အဆွေပုဏ္ဏားကြီးသည် အမြဲတမ်းဆောက်တည်တဲ့ တရားကား ဘာတွေများပါလဲ၊ အဘယ် အကျင့်မြတ်ကို ကျင့်ကြံအားထုတ်ပါသလဲ၊ အသက်အရွယ် အိုမင်းရင့်ရော်မှ သေရခြင်းသည် ဘယ်လို ကုသိုလ်ကောင်းမှု၏ အကျိုးဘရားပါလဲ အဆွေပုဏ္ဏားကြီး၊ အသက်ရှည်ကြောင်း ကောင်းသောအကျင့်ကို အကျွန်ုပ်အား မခြွင်းမချန် ပြောကြားပါလော့။ ဘယ်ကဲ့သို့သော အကြောင်းကြောင့် အသင်တို့ မျိုးဆက်၌ အသက်ငယ်ငယ်နှင့် ဘာကြောင့် မသေကြပါသလဲ" ဟု မေးမြန်း၏။

## တရားစောင့်လေ အသက်ရှည်လေ

ဤကဲ့သို့ မေးမြန်းသောစကားကို ကြားရ၍ ဓမ္မပါလပုဏ္ဏားကြီးက-

"အို-ဒိသာပါမောက္ခဆရာကြီး၊ အကျွန်ုပ်တို့ ကုသိုလ်ကမ္မပထတရားဆယ်ပါးကို ကြိုးစားကျင့်ကြံပါသည်။ မဟုတ်မမှန်သောစကားကို ဘယ်အခါမှ မပြောဆိုကြပါ။ မကောင်းမှု အကုသိုလ်များကို အမြဲတမ်း ရှောင်ကြဉ်ကြပါသည်။ သူတော်မဟုတ်သူယုတ်တို့၏ အလုပ်ကို မပြုလုပ်ကြပါ။ ထိုသို့ ရှောင်ကြဉ်ခဲ့သော

ကြောင့် အကျွန်ုပ်တို့ အမျိုးဆက်၌ အသက်ငယ်ငယ်နှင့် မသေ ကြပါ။

"အို-အရှင်ဆရာကြီး၊ အကျွန်ုပ်တို့သည် သူတော်မဟုတ်၊ သူ ယုတ်မာတို့၏ တရားများကို၎င်း၊ သူတော် သူမြတ်တို့ ကျင့်ကြံ အပ်သော တရားများကို၎င်း ကွဲပြားခြားနားအောင် နားထောင် မှတ်သားထားကြပါသည်။ ထိုသို့ မှတ်သားပြီး သူယုတ်တို့၏ တရားကို ဝေးစွာ ရှောင်ရှားကြပါသည်။ သူတော်ကောင်းတို့ တရားကို လက်ကိုင်ထားပြီး အမြဲတမ်း ကျင့်ကြံအားထုတ်ကြပါ သည်။ ဤကဲ့သို့ မသူတော်တရားကို ရှောင်ရှား၍ သူတော်ကောင်း တရားကို လက်ကိုင် အမြဲထားသောကြောင့် ကျွန်ုပ်တို့ မျိုးဆက် မှာ အသက်ငယ်သူတွေ မသေမပျောက်ကြပါ။

"အို-အရှင်ဆရာကြီး၊ ကိလေသာရန် ပူပန်ခပ်သိမ်း ကင်း ငြိမ်းသော ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို၎င်း၊ မကောင်းမှုမှ အပပြု ပြီးသောသူတို့ကို၎င်း၊ ခရီးသွားတို့ကို၎င်း၊ ဘောင်းခံစားသောက် သော သူတို့ကို၎င်း၊ ဆင်းရဲနွမ်းပါးသူတို့ကို၎င်း စေတနာ သဒ္ဓါ တရားနှင့် လှူဒါန်းပေးကမ်းလေ့ ရှိကြသည်။ အဲဒီ ကုသိုလ်တွေ ကြောင့်လဲ ကျွန်ုပ်တို့ အမျိုးဆက်မှာ အသက်ငယ်ငယ်နှင့် သေ ဆုံးသူ မရှိပါ။

"အို-အရှင်ဆရာကြီး၊ အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်း ပေး ကမ်းတဲ့ အခါမှာလဲ မလှူမီ၊ လှူဆဲ၊ လှူပြီး စေတနာသုံးတန် ပြဋ္ဌာန်းပြီးမှ ပေးကမ်းလှူဒါန်းလေ့ ရှိကြပါတယ်။ စေတနာသုံး ချက် ပျက်ကွက်မှု မရှိကြပါ၊ အဲဒီလို ကုသိုလ်တွေကြောင့်လဲ အသက်ငယ်ငယ်နှင့် မသေပျောက်ကြပါ။

"အို-အရှင်ဆရာကြီး၊ ကျွန်ုပ်တို့တမျိုးလုံး ကင်္ပါးပါးကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းလေ့ ရှိကြပါတယ်။ အဲဒီလို ကင်္ပါးပါးကို လုံခြုံအောင် ထိန်းသိမ်းတဲ့ အတွက်ကြောင့်လဲ အသက်ငယ်ငယ်နှင့် မပျက်မစီးဘဲ ရှိကြပါတယ်-။

"အို-အရှင်ဆရာကြီး၊ ကျွန်ုပ်တို့တမျိုးလုံး သူ့လင် သူ့မယားကို မပြစ်မှားတတ်ကြပါ။ အမြဲတမ်း စောင့်ထိန်း တတ်ကြပါတယ်။ သူ့လင် သူ့မယား ဖယ်ရှား၍ မြတ်သောအကျင့်ကိုသာ ကျင့်လေ့ရှိကြပါတယ်။ ဒါကြောင့် အသက်ရှည်ရှည် နေရခြင်း ဖြစ်ပါတယ်-။

"အို-အရှင်ဆရာကြီး၊ ငါးပါးပဉ္စသီကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲတဲ့ အမျိုးသမီးများမှ ဆင်းသက်ပေါက်ဖွားလာသည့် သားသမီးများ ဖြစ်သောကြောင့် အသိဉာဏ်လဲ ထက်မြက်ကြပါတယ်။ အကြားအမြင် ဗဟုသုတနှင့်လဲ ပြည့်စုံကြပါတယ်။ မြဲမြံခိုင်ခံ့ တည်တံ့သော အကျင့်သီလလဲ ရှိကြပါတယ်။ အဲဒါတွေကြောင့်လဲ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေပျောက်ကြပါ-။

"အို-အရှင်ဆရာကြီး၊ ကျွန်ုပ်တို့အမျိုးထဲမှာ မိဘ ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းအားလုံး အပါယ်ဘေးကို အလွန်ပင် ကြောက်လန့်ကြပါတယ်။ ဒါန၊ သီလ၊ ဘာဝနာ ဆယ်ဖြာသော ကောင်းမှုကို ပြုစုအားထုတ်လေ့ ရှိကြပါတယ်။ ဒါတွေကြောင့်လဲ အသက်အရွယ် ခပ်ငယ်ငယ်နဲ့ မသေခြင်းဖြစ်ပါတယ်-။

"အို-အရှင်ဆရာကြီး၊ ကျွန်ုပ်တို့ အမျိုးထုံးစံမှာ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ သူတပါးကို မှီခို၍ အသက်မွေးရသူ အလုပ်အကျွေး အလုပ်သမားလူတွေအားလုံး နောင်ဘဝ ဆင်းရဲမှာ အပါယ်ငရဲ ရောက်မှာကို အလွန်ပင် ကြောက်ရွံ့ကြပါတယ်။

ဒါန၊ သီလစတဲ့ ကုသိုလ်တရားများကိုသာ အားကိုးအားထား ပြုလုပ်အားထုတ်ကြပါတယ်။ ဒါ့ကြောင့်လဲ ငယ်ငယ်ရွယ်ရွယ်နှင့် မသေမပျောက်ကြပါ-။

## တရားကျင့်သူ တရားက ပြန်စောင့်ခြင်း

"အို-အရှင်ဆရာကြီး၊ တရားကျင့်သူကို တရားက တဖန် ပြန်၍ စောင့်ရှောက်ပါတယ်။ ကောင်းမွန်စွာ ကျင့်တဲ့တရားဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအောင် ဆောင်ရွက်တတ်ပါတယ်။ တရားကို ကျင့်လေ့ရှိသူများ အပါယ်ငရဲသို့ မရောက်ကြပါ။ အဲဒီလို အပါယ်ငရဲမရောက်ရခြင်းဟာ ကောင်းစွာကျင့်ကြံသော တရားတော်၏ အကျိုးဆက်ပင် ဖြစ်ပါတယ်-။

"အို-အရှင်ဆရာကြီး၊ မိုးရွာတဲ့အခါမှာ ထီးသည် မိုးဒဏ်မှ ကာကွယ်ပေးပါတယ်။ အဲဒီဥပမာလိုဘဲ တရားကျင့်တဲ့ သူကိုလဲ တရားက ပြန်လည်ချီးမြှောက် စောင့်ရှောက်ပါတယ်။ အရှင်ဆရာကြီး ကျွန်ုပ်၏သား ဓမ္မပါလလေးသည် ကုသိုလ် ကမ္မပထ တရား ဆယ်ပါးနှင့် ပြည့်စုံသူ ဖြစ်ပါတယ်။ ကျွန်ုပ်၏သား ချမ်းချမ်းသာသာ ရှိပါတယ်။ အသက်မသေပါ။ ဆရာကြီးယူလာတဲ့ အရိုးများမှာ သတ္တဝါတဦးဦး၏ အရိုးများသာ ဖြစ်ပါလိမ့်မယ်" ဟု ပြောဆို၏။

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးသည် အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိ၍သွားလေ၏။ 'ငါလာတာ တကယ့်ကို အကျိုးကြီးပေတာယ်။ ဘာမျှ အချည်းအနှီးမရှိ' ဟု ဝမ်းမြောက်

ဝမ်းသာ ဖြစ်လေ၏။ ဆရာကြီးသည် ပုဏ္ဏားကြီးအား သည်းခံစေ၍-

"အဆွေပုဏ္ဏားကြီး၊ အကျွန်ုပ်သည် အသင်တို့အား စုံစမ်းရန်အတွက် သိုးရိုးတွေကိုယူပြီး ဤအရပ်သို့ လာခဲ့ခြင်း ဖြစ်ပါတယ်။ အသင့်သား ကျန်းကျန်းမာမာ ချမ်းချမ်းသာသာပင် ရှိပါတယ်။ အသင်တို့ လက်ကိုင်ထားပြီး အမြဲစောင့်ရှောက်အပ်သော တရားကို အကျွန်ုပ်အား ပေးပါ"ဟု တောင်းပန်လေ၏။

ပုဏ္ဏားကြီးလည်း ကျင့်ကြံအားထုတ်ရန် တရားအသီးသီးကို စာနှင့် ရေး၍ ပေးလိုက်၏။ ဆရာကြီးလည်း နှစ်ရက် သုံးရက်ခန့် နေပြီး ပြန်သွားလေ၏။ ဆရာကြီးသည် ဓမ္မပါလကို အတတ်ပညာအားလုံး သင်ပေးပြီး အခြွေအရံများစွာနှင့် ပြန်လွှတ်လိုက်လေ၏။

## ဇာတ်ပေါင်းခန်း

ဤသို့လျှင် ဘုရားရှင် ကိုယ်တော်မြတ်က- "ခမည်းတော်မင်းကြီး၊ အဲဒီလို ပါရမီနုစဉ် အခါမျိုးကပင် အရိုးတွေပြပြီး သင့်သား သေကြောင်း ပြောဆိုသည်ကိုပင် မယုံကြည်ဘဲနှင့် အခုလို ပါရမီဉာဏ် ရင့်သန်တဲ့ အချိန်အခါမျိုးမှာ မျက်မြင်မဟုတ်၊ သူတပါးပြောရုံနဲ့တော့ ဘယ်မှာ အယုံအကြည် ရှိနိုင်ပါ့မလဲ"ဟု မိန့်တော်မူ၏။

ဇာတ်တော်ကို ပေါင်းသောအခါ—

"ခမည်းတော်မင်းကြီး၊ ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးကား သားတော်ကြီး သာရိပုတ္တရာ ဖြစ်ပေတယ်။ ဓမ္မပါလ

ပုဏ္ဏားကြီးကတော့ ခမည်းတော်မင်းကြီးပင် ဖြစ်ပေတယ်။ အဲဒီ တုန်းက ပရိသတ်များဟာ အခု ငါ့ဘုရား၏ ပရိသတ်များ ဖြစ် လာတယ်။ ဓမ္မပါလ သတို့သားကတော့ ယခုအခါ ငါဘုရားဖြစ် လာတယ်”ဟု ဇာတ်တော်ကို ပေါင်း၍ မဟာဓမ္မပါလ ဇာတ် တော်ကိုဟောတော်မူသည်ရှိသော် ခမည်းတော်မင်းကြီး အနာ ဂါမ် တည်လေ၏။

ဤသို့သော အစဉ်ဖြင့် ဘုရားသခင်သည် ခမည်းတော်ကို သုံး ပါးသော မဂ်ဖိုလ်၌ တည်စေတော်မူ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာ များစွာခြံရံလျက် ရာဇဂြိုဟ်မှ အနာထပိဏ်သူဌေး ကြီးအား သာဝတ္ထိပြည်သို့ ကြွလာမည်ဟု ကတိပေးပြီးဖြစ်၍ ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသော် ကြွတော်မူ ၍ သီတင်းသုံးတော်မူလေ၏။

## ညီတော်နန္ဒ၏ သံယောဇဉ်

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေစဉ်အခါ ညီတော်နန္ဒသည် အလွန်ငြီးငွေ့လာသည်ဖြစ်၍ ရဟန်းအပေါင်းတို့အား–

“ငါ့ရှင်တို့၊ ငါသည် မြတ်စွာဘုရားထံ၌ ရဟန်းပြုနေရသည် မှာ သဒ္ဓါတရားရှိသောကြောင့် မဟုတ်ပါ။ နောင်တော်ဘုရားကို လေးစားကြောက်ရွံ့ မလျှောက်ဝံ့သောကြောင့်သာ မှိတ်ကျိတ် ပြီး ရဟန်းဝတ်နေရခြင်း ဖြစ်သည်။ ယခု ရဟန်းဘဝနှင့် ဆက် လက်နေ၍ မစွမ်းနိုင်တော့ပါ။ လူထွက်တော့မည်”ဟု ပြော ကြား၏။

ထိုသို့ ညီတော် နန္ဒမထေရ် ပြောနေသော စကားကို ကြား သိတော်မူ၍ ညီတော် နန္ဒမထေရ်ကို ခေါ်စေတော်မူပြီး–

"ငါ့ညီ နန္ဒ၊ သင်သည် ရဟန်းတွေကို လူထွက်တော့မယ်လို့ ပြောတယ်ဆိုတာ မှန်သလား"

"ကောင်အမှန်ဖြစ်ပါတယ် ဘုရား"

"ငါ့ညီ နန္ဒ၊ သင်ဟာ အဘယ်ကြောင့် သာသနာတော်၌ မမွေ့လျော် မပျော်ပိုက်သနည်း။ အဘယ်ကြောင့် မြတ်သော အကျင့်ကို မကျင့်နိုင်သနည်း။ အဘယ်ကြောင့် လူထွက်ချင် သနည်း"

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ နှမ တော် ဇနပဒကလျာဏီက ဆံပင်ကလေး ဖားလျားချပြီး ပြတင်း ဝက ရပ်လျက် 'မောင်တော်ဘုရား ရွှေနန်းရှိသို့ မြန်မြန် ပြန် ကြွတော်မူခဲ့ပါဘုရား' ဆိုတဲ့ အသံ နားထဲက မထွက်နိုင်အောင် စွဲမက်နေပါတယ်။ ညီတော်သည် နှမတော်မှာလိုက်သောစကား ကိုသာ ကြားယောင်နေသောကြောင့် သာသနာ့ဘောင်မှာ မပျော်ပိုက်ပါ။ လူထွက်ချင်၍သာ နေပါတယ် ဘုရား"

## တာဝတိံသာ နတ်ပြည် ခေါ်ခြင်း

မြတ်စွာဘုရားသည် အရှင်နန္ဒ၏ လက်ကို ဆွဲ၍ တန်ခိုး တော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်တော်မူ၏။ လမ်းခရီး အကြားတွင် မီးလောင်ပြင် တခုဝယ် မီးလောင်ထားသော သစ်ငုတ်တိုပေါ်၌ ထိုင်နေသော မျောက်အိုမကြီးတကောင်ကို ပြတော်မူပြီးသော် တာဝတိံသာ နတ်ပြည်၌ သိကြားမင်းအား

ခစားလုပ်ကျွေးရန် လာကြကုန်သော ခိုင်ခြေအဆင်းရှိကုန်သော နတ်သမီး ငါးရာတို့ကို ပြတော်မူလေ၏။ နတ်သမီးငါးရာတို့ကို ပြပြီးသော် မြတ်စွာဘုရားက–

"ညီတော်နန္ဒ အသို့နည်း။ သင်အစွဲကြီး စွဲနေတဲ့ သာကီဝင်မင်းသမီး ဇနပဒကလျာဏီနှင့် အခုဟောဒီနတ်ပြည်မှာ တွေ့နေတဲ့ နတ်သမီးတွေ ဘယ်သူက ချောသလဲ၊ ဘယ်သူက ပိုလှသလဲ၊ ဘယ်သူက ရှုချင်စဖွယ် အဆင်းရှိသလဲ"

"နောင်တော် အရှင်မြတ်ဘုရား၊ နှမတော် ဇနပဒကလျာဏီသည် လမ်းတွင် တွေ့မြင်ခဲ့ရသော မျောက်အိုမကြီးနှင့် တူလှပါသည် ဘုရား။ နောင်တော်မြတ်ဘုရား၊ နတ်သမီးငါးရာနှင့် နှိုင်းစာလျှင် ဇနပဒကလျာဏီသည် နတ်သမီးတွေရဲ့ ခြေဖျားတောင် မမှီနိုင်ပါဘုရား၊ နတ်သမီး ငါးရာကသာ အစစအရာရာ လှပတင့်တယ်ကြပါတယ် ဘုရား"

"ညီတော် နန္ဒ၊ အသင်သည် ဒီနတ်သမီးတွေကို လိုချင်သလား"

"မှန်လှပါ၊ နောင်တော် ဆောင်ကြဉ်းပေးနိုင်ရင် လိုချင်လှပါတယ် ဘုရား"

"နတ်သမီးတွေကို လိုချင်ရင် ငါ့ထံ၌ ဂါထာရှိသည်။ အဲဒီဂါထာကို ကျက်မှတ်ပေတော့"

"မှန်လှပါ၊ နောင်ဘုရားပေးတဲ့ ဂါထာကို ကျက်မှတ်ပြီး၊ နောင်ဘုရား သတ်မှတ်တဲ့ လမ်းစဉ်အတိုင်း လိုက်နာပါမည် ဘုရား"

## နတ်သမီး လိုချင်သူ

အရှင်နန္ဒမထေရ်သည် မြတ်စွာဘုရား ပေးလိုက်သော သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုယူ၍ တနေရာတွင် တဦးတည်း သွားရောက်ရှုတ်ဖတ် ကျက်မှတ်နေလေသည်။

သူ့အလိုရှိသည်က နတ်သမီး။ ပေးလိုက်သည့် ဂါထာက အရိုးတွေ၊ အသားတွေ၊ အရေတွေ၊ ပြည်တွေ၊ သလိပ်တွေ၊ ကျင်ကြီး ကျင်ငယ်တွေ၊ မသတီစရာ။ သို့ပေမယ့် အရှင်နန္ဒကတော့ ဘာမျှ မသိရှာ။ ထပ်တလဲလဲ ရွတ်ဖတ်လျက်သာ နေတော့သည်။

ထိုသို့ အရှင်နန္ဒ ပူကျင့်နေသည်ကို ရဟန်းအပေါင်းတို့က မြင်လေလျှင်-

"မိထွေးတော်၏သားနန္ဒမထေရ်ဟာ နတ်သမီးတွေကိုလိုချင်လို့ မြတ်သော အကျင့်ကို ကျင့်သတဲ့" တယောက်စကား တယောက်နား ပြောကြားကြကုန်၏။

ထိုအခါ အရှင်နန္ဒ၏ အပေါင်းအဖော် ရဟန်းတို့က အရှင်နန္ဒကို ကြေးစားရဟန်းဟု မှတ်တမ်းတင်ကြကုန်၏။ ခေါ်ဆိုကြကုန်၏။ 'အရှင်နန္ဒသည် နတ်သမီး တည်းဟူသော အဖိုးအခ ရအောင် မြတ်သောအကျင့်ကို အရင်းအနှီးလုပ်သတဲ့။ နတ်သမီးတွေကို လိုချင်လို့ မြတ်သောအကျင့်ကို ကျင့်သတဲ့' ဟု ပြောင်လှောင် ပြောဆိုကြကုန်၏။

## ညီတော်နန္ဒ ရဟန္တာဖြစ်ခြင်း

အရှင်နန္ဒသည် အပေါင်းအဖော် ရဟန်းတို့က ဝိုင်းဝန်း ပြောင်လှောင်သည့်ဒဏ်ကို ခံနိုင်စွမ်း မရှိတော့ပေ။ ရှက်စနိုးဖြစ်

လာ၍ မမြင်ကွယ်ရာသို့ တယောက်ထဲသွားပြီး၊ ဝိပဿနာအလုပ်တရားကို မနေမနား ကြိုးစား အားထုတ်လေရာ မကြာမီပင် အရှင်နန္ဒသည် ရဟန္တာတဆူ ဖြစ်တော်မူ၏။ အရှင်နန္ဒ ရဟန္တာဖြစ်သောအချိန်တွင် နတ်သားတယောက် မြတ်စွာဘုရားထံ လာရောက် လျှောက်ထား၏။

"ရှင်တော်မြတ်ဘုရား၊ မိထွေးတော်၏သား အရှင်နန္ဒမထေရ်သည် အာသဝေါတရားကင်း၍ ရဟန္တာဖြစ်ပါပြီဘုရား"

မြတ်စွာဘုရားသည် အရှင်နန္ဒရဟန္တာ ဖြစ်နေသည်ကို လာရောက်မလျှောက်ထားမီကပင် ကြိုတင်၍ သိမြင်တော်မူနှင့်၏။

## ဝန်ခံချက် လွတ်ပြီ

အရှင်နန္ဒသည် နောက်တနေ့ မိုးလင်းသောအခါ မြတ်စွာထံသွား၍-

"ရှင်တော်မြတ်ဘုရား၊ ညီတော်သည် နတ်သမီးငါးရာကိုလိုချင်သောဆန္ဒကြောင့် ရလိမ့်မည်အထင်နှင့် မြတ်သောအကျင့်ကို ကျင့်ခဲ့ပါသည်ဘုရား။ နောင်တော်ဘုရားကလဲ ကြိုးစားကျင့်လျှင် ရလိမ့်မည်ဟု ဝန်ခံခဲ့ပါသည် ဘုရား။ နောင်တော်ဘုရား ညီတော်သည် ယခုဝန်ခံချက်မှ လွတ်မြောက်ပါပြီဘုရား" ဟု လျှောက်ထား၏။

မြတ် စွာ ဘု ရားက ကြိုတင်၍ သိ မြင် တော် မူနှင့် သည့် အကြောင်း၊ နတ်သားလာ၍ လျှောက်ထားကြောင်းကို မိန့်တော်မူပြီးမှ-

"ငါ့ညီ နန္ဒ၊ ငါဘုရားသည် ဝန်ခံချက်မှ လွတ်ပေပြီ" ဟု မိန့်တော်မူ၏။ ထို့နောက် ယသ တိဏ္ဍော အစရှိသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

## ရဟန်းတို့ သောတာပန်တည်ခြင်း

တနေ့သောအခါ ရဟန်းတို့သည် အရှင်နန္ဒကို "ငါ့ရှင်နန္ဒ၊ အသင်သည် ရှေးအခါက သာသနာဟုဆိုအပ်သော မြတ်သော အကျင့်ကို မကျင့်လိုဟု ဆိုသည်။ ယခုအခါ လူထွက်လိုသောဆန္ဒ ရှိပါသေးသလော"ဟု မေး၏။

"ငါ့ရှင်တို့၊ ငါသည် လူထွက်ချင်သောဆန္ဒ လုံးဝမရှိတော့ပြီ"ဟု ပြန်လည်ပြောဆို၏။ ထိုအခါ ရဟန်းအများကိုက "အရှင်နန္ဒ၊ လိမ်ညာပြောသည်။ တရားထူးမရဘဲနှင့် ရသလိုပြောဆိုနေသည်။ရှေးတုန်းက လူထွက်ချင်တယ်လို့ပြောပြီး၊ အခု လူမထွက်ချင်တော့ဘူးဟု ပြောဆိုပြန်သည်"ဟု မြတ်စွာဘုရားအား သွားရောက် လျှောက်ထားကြသည်။

မြတ်စွာဘုရားကလည်း–

"ချစ်သားရဟန်းတို့၊ လွန်ခဲ့သောရက်တွေက နန္ဒကိုယ်ဟာ မလုံ့တလုံမိုးထားတဲ့ အိမ်ကျောင်းစရပ်တွေနှင့်တူတယ်။ မှန်တယ် ချစ်သားတို့၊ ဤနန္ဒသည် နတ်သမီးတွေမြင်တဲ့ အချိန်ကစပြီး လိုချင်တဲ့ဇောနဲ့ ရဟန်းကိစ္စပြီးအောင် ကြိုးကြိုးစားစား အားထုတ်လိုက်တာကြောင့် ယခုအခါ ရဟန္တာဖြစ်သွားပေပြီ" ဟု တရားတော်ကို ဟောတော်မူ၏။တရားအဆုံး၌ များစွာသောသူတို့ သောတာပန်တည်ကြကုန်၏။

ထိုအခါ ရဟန်းများစွာတို့သည် တရားသဘင်သို့ ကြွရောက်လာသောအခါ–

"ငါ့ရှင်တို့၊ ငါတို့မြတ်စွာဘုရားသည် အလွန်အကျိုး အထူးပင် အံ့ဩဘွယ် ကောင်းလှပေသည်။ ဇနပဒ ကလျာဏီကို အကြောင်းပြုပြီး လူထွက်ချင်နေတဲ့ညီတော်နန္ဒကို နတ်သမီးတွေပြပြီး ဆုံးမတော်မူသတည်း"ဟု ပြောဆိုနေကြကုန်၏။

ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူ၍–

"ချစ်သားတို့၊ ဘာတွေများ ပြောကြားနေကြသလဲ" ဟု မေးသောအခါ ရဟန်းအပေါင်းတို့က အကျိုးအကြောင်းကို ပြန်ပြောင်း၍ လျှောက်ထားကြကုန်၏။

"ချစ်သားတို့၊ အခုမှသာ နန္ဒကို မာတုဂါမနှင့် ဖြားယောင်းပြီး ဆုံးမရတာမဟုတ်သေး။ ဟိုရှေးအခါကလဲ ဆုံးမတော်မူရသည်"ဟု အတိတ်ဇာတ်ကြောင်းကို ပြန်၍ဟောတော်မူ၏။

## အတိတ်ဇာတ်ကြောင်း

"ချစ်သားတို့၊ ရှေးလွန်လေပြီးသော အခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုတော်မူသည်။ အဲဒီအခါမှာ ဗာရာဏသီပြည်တွင်နေသော ကုန်သည်တယောက်ရှိ၏။ ထိုကပ္ပဋကုန်သည်၌ တကုမ္ဘလောက်ဝန်ကို ရုန်းနိုင်သော မြည်းတကောင်ရှိလေသည်"ဟု ဒေ့စချီကာ အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ထိုမြည်းသည် တနေ့လျှင် ၇ ယူဇနာခရီးမျှကို သွားနိုင်၏။ တခါသော် ကပ္ပဋကုန်သည်က ထိုမြည်းကိုဝန်တင်၍ မြည်းဝန်

တင်ကုန်သည်တို့နှင့် အတူတူသွားကြ၏။ တက္ကသိုလ်ပြည်သို့ရောက်သော် ကုန်သည်များ ကုန်ရောင်းချမပြီးသေးမီအတွင်း မြည်းများကို အစာရှာဖွေစားသောက်ရန် လွှတ်ထား၏။

ထိုအခါ ကပ္ပဋကုန်သည်၏ မြည်းသည် မြည်းမတကောင်ကို မြင်၍ အနားသို့ ကပ်သွားသောအခါ မြည်းမက မြည်းဖိုနှင့် စကားစမြည် ပြောဆိုကြ၏။ မြည်းမက–

"သင်တို့ ဘယ်အရပ်က လာခဲ့သလဲ"

"ငါတို့ ဗာရာဏသီပြည်က လာခဲ့ကြတယ်"

"ဘာကိစ္စနဲ့ လာခဲ့သလဲ"

"အရောင်းအဝယ်ကိစ္စနဲ့ပါ"

"ဝန်တွေဘယ်လောက် တင်လာသလဲ"

"ကုန်ချိန် တော်တော်များများ တင်လာတယ်"

"တနေ့ ခရီးဘယ်လောက်ဝေးဝေး သွားရသလဲ"

"တနေ့ ခုနစ်ယူဇနာလောက် သွားရတယ်"

"အိုး–ဒီလောက်ဝန်တွေကိုရုန်းပြီး အဝေးကြီးသွားရတဲ့သင့်ကို ရောက်လေရာ အရပ်တိုင်းမှာ ပြုစုပေးမယ့်သူများကော ရှိပါသလား"

"သင်ပြောသလို ဘယ်မှာပြုစုပေးမယ့်သူ ရှိပါ့မလဲ"

"ဟင်....ဒါဖြင့်ရင် သိပ်စိတ်ဆင်းရဲရှာမှာ ပေါ့နော်"

မြည်းမက ရိသဲ့သဲ့ ချိတ်တိတ်တိတ်ပြောလေ၏။

## နားမထောင်တော့

မြည်းဖိုသည် မြည်းမပြောလိုက်သောစကားကို ကြားသော အချိန်မှစ၍ ကပ္ပဋ္ဌကုန်သည်ထံ နေထိုင်လိုစိတ် မရှိတော့ပေ။ ကပ္ပဋ္ဌကုန်သည်လည်း ရောင်းချပြီးသောအခါ မိမိမြည်းထံသို့ သွား၍—

"ချစ်သား၊ ငါတို့ပြန်ကြစို့"ဟုခေါ်၏။ ထိုအခါမြည်းဖိုက-

"အရှင်တို့သာ သွားကြပါ။ ငါမလိုက်တော့ဘူး"ဟု ပြန်ပြော၏။

"ကပ္ပဋ္ဌကုန်သည်က အတန်တန်ပြောဆိုသော်လည်း ပေကပ်ကပ်လုပ်နေသောကြောင့် ဒီမြည်းကို ငါရိုက်ခေါ်မည်ဟု ကြံစည်ပြီး-

"ငါခိုင်းရာစေရာကို အမြဲတမ်းဆောင်ရွက်လာသော အသင်မြည်း၊ အခု ငါ့စကားကိုနားမထောင်၊ ပေကပ်ကပ်လုပ်နေလို့ ရမယ်ထင်သလား....၊ငါသည် မလိုက်လိုက်အောင် ရိုက်နှက်ခေါ်ဆောင်မည်၊ သင်အရိုက်ခံရမှာ မကြောက်ဘူးလား၊ ဒုက္ခရောက်မည်ကို ကြိုတင်၍သိပေတော့"ဟု ပြောဆိုကြိမ်းမောင်း၏။

## သွားတွေ အကုန် ထွက်သွားမယ်

ထိုစကားကိုကြားလျှင် မြည်းဖိုက—

"အိုအရှင် ကောင်းပြီ။ ငါကလဲ သင့်ကို ကြိုတင် သိထားစေချင်သည်။ အရှင်သည် ငါ့ကို မလိုက်ရင် ရိုက်ခေါ်မယ်လို့ ပြောတယ်။ ငါကလဲ ဘာလုပ်မယ်ထင်သလဲ။ ရှေ့တည့်တည့်က

ပတတ်ရပ်ပြီး သင့်သွားတွေ အကုန်ထွက်သွားအောင် နောက်ခြေနဲ့ ကန်ပစ်လိုက်မှာပေါ့”ဟု ပြန်ပြောလေ၏။

## မ-နဲ့မျှားမှ

ထိုအခါ ကပ္ပဋ္ဌ ကုန်သည်က စဉ်းစားမိသည်။

‘ငါ့မြည်းဟာ ရှေးက ဒီလိုမဟုတ်ပါဘူး။အခုလိုလဲ ခံမပြောတတ်ဘူး။ ဘယ်လို အကြောင်းများ ရှိသလဲ’ဟု လှည့်လည်ကြည့်ရှုသော် မြည်းမ တကောင်ကို တွေ့မြင်လေ၏။ ‘ဒီမြည်းမဟာ ငါ့မြည်းကို ခွေးထိုးပြီး နည်းပေး လမ်းပြ လုပ်ထားလို့သာ အခုလို ဖြစ်လိမ့်မယ်။ အသင်မြည်းအား အဲဒီလို လှပတဲ့ မြည်းမကလေးတကောင် မရရအောင် ငါရှာပေးမယ်လို့ ပြောပြီး မ,နဲ့မျှား၍ခေါ်မှသာသင့်တော်ချေမည်’ဟုစဉ်းစားပြီးလျှင်-

“ငါ့စကားကို အမြဲနားထောင်ပြီး သွားလာနေတဲ့ အမောင်မြည်း၊ မျက်နှာကလေးက လှလှ၊ ကိုယ်အင်္ဂါက တောင့်တောင့်တင်းတင်း၊ ဖြောင့်စင်းတဲ့ မြည်းမချောချောလေး တကောင်နှင့် သင့်ကို ငါပေးစားမယ်။ အို ချစ်သား။ သင်လိုချင်တဲ့ မြည်းမ လှလှကလေး ရတော့မယ်ဆိုတာလဲ သတိထားအုံးမှပေါ့”ဟု ပြောဆိုလျှင် မြည်းဖိုမှာ အလွန်သဘောခွေ့၍ မနောတွေ့သွားသည်။

“အို သခင်ကုန်သည်၊ သင်ပြောတဲ့အတိုင်း မြည်းမ လှလှလေးတကောင် ရှာပေးမယ်ဆိုရင် ရှေးက ခုနစ်ယူဇနာသာ ငါသွားခဲ့သည်။ ယခု ၁၄ ယူဇနာထိ သွားပြမယ်”ဟု ပြော၏။

ကပ္ပဋ္ဌ ကုန်သည်က– "စိတ်သာချ ချစ်သား၊ လာ သွားကြ ရို့"ဟု ခေါ်ပြီး ဗာရာဏသီသို့ ပြန်လာခဲ့လေ၏။

ဗာရာဏသီရောက်၍ နှစ်ရက် သုံးရက် ကြာသောအခါ ထို မြည်းက ကပ္ပဋ္ဌ ကုန်သည်ကို–

"အို အရှင်၊ အရှင်သည် မယားရှာပေးမည်ဟု ပြောဆိုလာခဲ့သည် မဟုတ်လော"ဟု ပြော၏။

"ဟုတ်တယ် ငါပြောခဲ့ပေတယ်။ အိုမြည်း၊ ငါဟာ ငါ့စကားကို ဘယ်တော့မှ မဖျက်ပါ။ သင့်ကိုတော့ ငါ မယားရှာပေးမယ်။ စားသောက်ဘိုကတော့ သင့် တကောင်အတွက်ဘဲ ပေးနိုင်မယ်။ သင့်မယားနှင့်အတူ စားလောက် မစားလောက် ဆိုတာကတော့ အသင် စဉ်းစားပေါ့။ ပြီးတော့ သင်တို့ လင်မယား ပေါင်းဖော်တဲ့အတွက် သား သမီးတွေ မွေးလာကြလိမ့်အုံးမယ်။ အဲဒီလို မွေးလာရင် သင်တို့အားလုံးအတွက် အစာရေစာ လောက်မလောက် ဆိုတာလဲ ထည့်စဉ်းစားအုံးပေါ့"ဟု အကြောင်းအရာကို သေသေချာချာ ပြောပြသောအခါ ထိုမြည်းသည် ကုန်သည် စကားပြောစဉ်ပင် မိန်းမ လိုချင်စိတ် ကုန်ခန်းသွားလေ၏။

## ဇာတ်ပေါင်းခန်း

"ချစ်သားတို့၊ အဲဒီတုန်းက မြည်းမဟာ အခုအခါ ဇနပဒကလျာဏီ ဖြစ်လာတယ်။ မြည်းဖိုဟာ နန္ဒမထေရ် ဖြစ်လာတယ်။

ကပ္ပဋ္ဌ ကုန်သည်ဟာ ငါ့ဘုရားဖြစ်လာလယ်။ ချစ်သားတို့....၊ အခုမှသာ နန္ဒ မထေရ်ကို မ,နှင့်မျှား၍ ဆုံးမရတာ မဟုတ်သေး၊ ဟိုရှေးအခါကလဲ ဆုံးမခဲ့ရဘူးသည်သာ ဖြစ်ပေတော့သည်”ဟု ဇာတ်တော်ကို ပေါင်းတော်မူလေ၏။

# ဝက်သတ် သမားကြီး စုန္ဒဝတ္ထု

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် ဝက်သတ်သမားကြီး စုန္ဒကိုအကြောင်းပြု၍ ဤတရားကို ဟောကြားတော် မူခဲ့သည်။

စုန္ဒ အမည်ရှိ ဝက်သတ်သမားကြီးသည် အနှစ် ၅၀ ပတ်လုံး ဝက်တို့ကို သတ်ဖြတ်ပြီး ရောင်းချ၍ အသက်မွေး၏။ ဝက်များ ကုန်သွားသောအခါ လှည်းဖြင့် စပါးတို့ကို တင်၍ ရွာကြီးရွာငယ် အသွယ်သွယ်တို့ကို သွားလျက် စပါးနှင့် ဝက်တို့ကို လဲလှယ် ဝယ်ယူလေ၏။ ဝက်များ ဝယ်ယူစုဆောင်းပြီးသောအခါ ပြန်လာ၍ အိမ်နောက်ဖေးတွင် ဝက်ခြံလုပ်ပြီး ကျွေးမွေးထားလေ၏။ ဝက်များကြီးလာသောအခါ သတ်သင့်သော ဝက်တို့ကို အသားတိုးအောင်ဟုဆိုကာ တကိုယ်လုံး ရိုက်နှက်လေ၏။

ရိုက်နှက်၍ ဖူးရောင်လာသောအခါ ပါးစပ်ကို တုတ်ဖြင့် ထောက်ပြီး ကြွက်ကြွက်ဆူသော ရေနွေးပူကြီးကို ပါးစပ်ထဲ လောင်းထည့်လိုက်လေသည်။

ရေနွေးပူသည် ထုတ်ချင်းပေါက် အောက်က ထွက်လေ၏။ ဝမ်းထဲ၌ မစင်ရှိသလောက် ရေနွေးသည် နောက်၍သာထွက်၏။ ဝမ်းထဲမှ အားလုံး စင်ကြယ်သွားသောအခါ ရေမနောက်ဘဲ သန့်သန့်ရှင်းရှင်း ထွက်လာ၏။ ထိုနောက် တကိုယ်လုံး ရေနွေး ဖျောပြီး အမွေးတို့ကို မီးနှင့် မြှိုက်လေ၏။ အားလုံး ကိစ္စပြီး သောအခါ ခေါင်းဖြတ် သွေးတွေခံပြီး အသား အသွေးနှင့် တကွ ချက်ပြုတ်ပြီး သား မယားနှင့်တကွ စားသောက်ကြ၏။ ပိုလျှံသော အသားများကို ရောင်းချ စားလေ၏။

## အသက်ရှင်စဉ် ငရဲမီး လောင်ခြင်း

ဤနည်းအတိုင်း ဝက်တို့ကို သတ်ဖြတ်စားသောက်လာသော ဝက်သတ်သမားကြီး စုန္ဒသည် ၅၂ နှစ် တိတိ ရှိလာလေပြီ။ ဤမျှလောက် နှစ်လတွေ ရှည်ကြာလာသော်လည်း အိမ်နှင့် မနီးမဝေးရှိ မြတ်စွာဘုရား ကျောင်းတော်သို့ တခါ တခေါက်မျှ မသွားရောက်။ ပန်းတဆုပ်၊ ရေတမှုတ်မျှ မလှူ။ တဇွန်း တယောက်မလောက်မျှ ဆွမ်းလောင်းဘို့ စိတ်မကူး။ သီလစောင့် ဘို့ တရားနာဘို့ဆိုတာ ဝေလာဝေး။ မကောင်းသောအလုပ်၊ မလုပ်ကောင်းသောအလုပ်တခုလို သဘောထားသလား မပြော တတ်၊ဘာတခုမျှမပေးကမ်းမလှူဒါန်းသော ဝက်သတ်သမားကြီး စုန္ဒ၏ကိုယ်ခန္ဓာတွင် ကြီးစွာသောရောဂါတခုစွဲကပ်၍လာလေ၏။ အသက်ရှင်စဉ်မှာပင် အဝီစိငရဲမီးကြီး စွဲလောင်လေ၏။

အဝိစိငရဲမီးဆိုသည်မှာတယူဇနာလောက် ဝေးသောနေရာမှ ကြည့်နေသူ၏ မျက်စိကိုကွဲပျက်သွားစေနိုင်သည်။ ဤမျှပင်အပူ ရှိန် ပြင်းထန်လှ၏။

အရှင် နာဂသိန်သည် 'တောင်ထွဋ်မျှ ကြီးမား လှသော ကျောက်တုံးကြီးကို ငရဲမီးထဲထည့်လိုက်ရာ ခဏချင်းပင် အရေ ပျော်သွားသည်။ သို့ရာတွင် အဝိစိငရဲ၌ ခံနေရသော သတ္တဝါ တွေအတွက်ကား အကုသိုလ်ကံ၏အစွမ်းသတ္တိကြောင့်အမိဝမ်းထဲ မှာ ပဋိသန္ဓေနေရတဲ့ သူကဲ့သို့ ကြေမွပျက်စီးခြင်းမရှိ၊ ပကတိ အတိုင်းခံနေရသည်'ဟု ဥပမာပေးတော်မူခဲ့သည်။

စုန္ဒဝက်သတ်သမားကြီးသည် ငရဲမီးကြီးစွဲလောင်သော အခါ မိမိပြုခဲ့သော မကောင်းမှုကံအတိုင်း ကြီးစွာခံ၍ နေရလေသည်။ စုန္ဒဝက်သတ်သမားကြီးသည် ဝက်လိုအော်ပြီး ဝက်တွေလို လှည့် ပတ်၍ နေရလေ၏။

ထိုအခါ ဆွေမျိုးများလာ၍ ကြိုးနှင့်တုတ်၊ ပါးစပ်ကို ပိတ် ထားသော်လည်း ဘယ်လိုမှ လုပ်၍ မရကြပေ။ အကုသိုလ်ကံ ဆိုသည်မှာ အလွန်ပင် ကြောက်မက်ဘွယ်ရာ ကောင်းလေစွ။ စုန္ဒဝက်သတ်သမားကြီးသည် ဝက်လိုအော်၊ ဝက်လိုလှည့်လည် သွားလာနေသဖြင့် အရှေ့ခုနစ်အိမ်၊ အနောက် ခုနစ်အိမ်တို့ အိပ်ကောင်းခြင်း မအိပ်ကြရကုန်။ သေဘေးကို ကြံတွေးကာ ထိတ်လန့်၍ အိမ်ပြင်သို့ ထွက်ပြေးသဖြင့် လူတွေက အိမ်ထဲသို့ အတင်းသွင်းပြီး အိမ်ကို အလုံပိတ်၍ အပြင်က စောင့်နေကြရ သည်။

စုန္ဒဝက်သတ်သမားကြီးသည် အိမ်ထဲတွင် ငရဲမီးအလောင် ခံရ၍ ဆူညံစွာ အော်ဟစ်ပြေးလွှား၍ ခုနစ်ရက်လုံးလုံး ခံစားနေ

ရ၏။ ခုနစ်ရက်မြောက်၌ သေဆုံးသွားရာ အဝိစိငရဲသို့ကျရောက်ခလေသည်။

ရဟန်းတို့သည် ဝက်သတ်သမားကြီးစုန္ဒအိမ်နားက ဖြတ်သန်းသွားလာကြသော် ဝက်လိုအော်သောအသံကိုကြား၍ ဝက်ဟူ၍ပင် ထင်မှတ်၍ သွားကြလေ၏။ ရဟန်းတို့သည် ကျောင်းသို့ရောက်သောအခါ မြတ်စွာဘုရားထံသွား၍ ဤအကြောင်းကိုလျှောက်ထားကြကုန်၏။

"ရှင်တော်မြတ်ဘုရား၊ စုန္ဒဝက်သတ်သမားကြီးသည်အိမ်တွေအလုံပိတ်ပြီး ဝက်တွေကို သတ်နေပါသည်ဘုရား။ ယနေ့ဆိုရင်ခုနစ်ရက်ပင် ရှိပါပြီဘုရား။ စုန္ဒဝက်သတ်သမားကြီးသည် မင်္ဂလာတခု ပြုလုပ်လိမ့်မည်ဟု ထင်ပါသည်ဘုရား-။

"အရှင်မြတ်ဘုရား၊ ဤမျှလောက်ဝက်တွေကိုရက်ရက်စက်စက်သတ်ဖြတ်နေတဲ့ ဝက်သတ်သမားကြီးသည် သနားညှာတာစိတ်လုံးဝရှိပုံ မရပါဘုရား။ အလွန်ရုန့်ရင်းကြမ်းတမ်းလှသူ ဖြစ်ပါသည်အရှင်ဘုရား။ ဤမျှလောက် ရုန့်ရင်းကြမ်းတဲ့ သတ္တဝါကိုတပည့်တော်တို့ တခါမျှ မမြင်ဘူးပါဘုရား"

ထိုအခါ မြတ်စွာဘုရားက-

"ချစ်သားတို့၊ စုန္ဒဝက်သတ်သမားကြီးဟာ ခုနစ်ရက်လုံးလုံးဝက်တွေသတ်နေတာ မဟုတ်ဘူး။ သူသတ်သလို သူပြန်ခံနေရတာ ဖြစ်တယ်။ ငရဲမီးဖြင့် ခုနစ်ရက်လုံးလုံး ဝက်သံကြီးလို အော်ဟစ်နေရတယ်။ ဝက်လိုသွားလာလှည့်ပတ်နေရတယ်။ ဒီနေ့ဆိုသေပြီ။ အဝိစိရောက်လေပြီ"

"ရှင်တော်မြတ်ဘုရား၊ အခု လောလောဆယ် ဆင်းရဲဒုက္ခ အမျိုးမျိုးခံပြီးမှ နောင်ဘဝပြောင်းတဲ့အခါ အဝီစိငရဲမှာသွား ခံရပါဦးမလား ဘုရား"

"ချစ်သားတို့၊ အဝီစိမှာ သွားရတာ မှန်တယ်။ မွဲမွဲ လျော့လျော့ နေလေ့ရှိတဲ့လူဘဲဖြစ်ဖြစ်၊ ရဟန်းဘဲဖြစ်ဖြစ်၊ ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌ စိုးရိမ်ပူပန် ရတတ်ပေတယ် ချစ်သားတို့"ဟု ဟောတော် မူ၏။

ဒေသနာအဆုံး၌ လူအများ သောတာပန်တည်၍ သွား ကြလေ၏။

# မဟာဓမ္မိကဥပါသကာဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ဓမ္မိက ဥပါသကာကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

သာဝတ္ထိပြည်ကြီး၌ တရားနှလုံး ကျင့်သုံးဆောက်တည်နေကြသော ဥပါသကာငါးရာတို့နေထိုင်ကြသည်။ ဥပါသကာ ငါးရာတို့တွင်တယောက်လျှင် အခြွေအရံငါးရာစီ ရှိကြသည်။ ဥပါသကာတို့၏အကြီးအမှူးသည် မဟာဓမ္မိကဥပါသကာ ဖြစ်သည်။

မဟာဓမ္မိက ဥပါသကာကြီးတွင် သား ၇ ယောက်၊ သမီး ၇ ယောက်ရှိသည်။ သားသမီး တယောက်စီတွင် အနည်းဆုံး အလှူဝတ်တခုစီ ယူထားကြသည်။ သားသမီးများသည် မိဘများအတိုင်း အလှူဒါနပြုခြင်း၊ သီတင်းသီလ ဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုများကို လိုက်၍ ပြုလုပ်အားထုတ်ကြ

သဖြင့် မိဘနှင့်တန်းတူရည်တူသားသမီးများချည့် ဖြစ်ကြသည်။ အယုတ်အညံ့၊ မျိုးမသန့်သူတယောက်တလေမျှ မပါချေ။ မိဘနှစ်ပါး၊ သားသမီး တဆယ့်လေးယောက်ပေါင်း တကျိပ်ခြောက်ယောက်တို့သည် အားလုံးစိတ်တူသဘောတူ အလှူဝတ်စသည်ကို ပေးလှူ၍ အမြဲလိုပင် သီဘင်းသီလဆောက်တည်၍ နေကြလေ၏။

## နတ်ရထားများ ဆိုက်ရောက်လာခြင်း

ဤသို့ မဟာဓမ္မိက ဥပါသကာမိသားစုသည် ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုစု အားထုတ်ရင်း တနေ့တွင် မဟာဓမ္မိက ဥပါသကာကြီးအား ရောဂါဝေဒနာ စွဲကပ်၍ လာလေ၏။ သတ္တဝါတို့မည်သည် မည်မျှလောက်တန်ခိုးအာဏာ အရှိန်အဝါရှိသူဖြစ်စေကာမူ တနေ့တွင် အိုရမည်၊ နာရမည်၊ သေရမည် အမှန်ပင်။ ဘုရားသော်မှ မလွှတ်နိုင်သော ဝဋ္ဋဆင်းရဲများဖြစ်သည်။ ခန္ဓာရှိသမျှ ဒုက္ခဟု ဗုဒ္ဓကိုယ်တော်တိုင် ထုတ်ဖော်မြွက်ဟ ဟောကြားတော်မူခဲ့သည်။

မဟာဓမ္မိကဥပါသကာသည် အပြင်းအထန် ရောဂါဝေဒနာ ခံစားလာရသောအခါ တရားနာလိုသောစိတ် ဖြစ်ပေါ်လာသည်။ ရှစ်ပါးဖြစ်စေ၊ တဆယ့်ခြောက်ပါးဖြစ်စေ၊ ရဟန်းတို့ကိုစေလွှတ်ပါရန် မြတ်စွာဘုရားထံ သံဘမန် စေလွှတ်၍ . ပင့်လျှောက်၏။ မြတ်စွာဘုရားသည် ရဟန်းတော်များကို စေလွှတ်တော်မူ၏။ ရဟန်းတို့သည် မဟာဓမ္မိက ဥပါသကာ လျောင်းစက်ရာ ညောင်

စောင်းကို ဝိုင်းရံ၍ ခင်းထားအပ်သော နေရာတွင် ထိုင်နေတော်မူကြသည်။

"အရှင်မြတ်တို့ဘုရား၊ တပည့်တော်သည် အရှင်မြတ်တို့အား နောက်ထပ် ဖူးမျှော်နိုင်ခွင့် ရတော့မည် မထင်ပါ။ တပည့်တော် အလွန် အားနည်းနေပါ၍ တပည့်တော်အား သုတ်တရားတခု လောက် ရွတ်ဖတ် ချီးမြှင့်တော်မူကြပါ ဘုရား"

"ဒါယကာကြီး၊ ဘယ်သုတ်ကို ရွတ်ဖတ်ရမည်လဲ"

"မဟာသတိပဋ္ဌာနသုတ်ကို နာကြားလိုပါသည် ဘုရား"

အရှင်မြတ်များလည်း မဟာသတိပဋ္ဌာနသုတ်ကို ရွတ်ဖတ်တော်မူကြသည်။ ထိုအခါ နတ်ပြည်ခြောက်ထပ်မှ နတ်ရထား ခြောက်စင်း ဆိုက်ရောက်လာကြသည်။ ရထားခြောက်စင်းတွင် ပါလာသော နတ်တို့က သူ့နတ်ပြည်ကို ခေါ်မည်၊ ငါ့နတ်ပြည်ကို ခေါ်မည်ဟု ပြောဆိုသံကို ကြားနေရသည်။

"အို ဥပါသကာကြီး၊ အိုးကွဲလောက်မှ အဘိုးမတန်တဲ့ ခန္ဓာကိုယ်ကြီးကို စွန့်ပစ်လိုက်ပါ။ ကျွန်ုပ်တို့ နတ်ပြည်သည် အလွန် ပျော်စရာကောင်းပါသည်။ ကျွန်ုပ်၏ ရထားပေါ်သို့ ကြွတော်မူပါ" ဟု အလုအယက် ခေါ်နေကြသည်။

နတ်ပြည်တွေ ကောင်းကြောင်း ချီးမွမ်းခန်း ဖွင့်နေကြသည်။ မဟာဓမ္မိက ဥပါသကာသည် နတ်သားတွေ ပြောဆိုနေကြသော စကားသံသည် တရား၏ အန္တရာယ် ဖြစ်ချေသည်ဟု ၎င်းတို့ကို အလိုမရှိသောကြောင့်-

"အမောင်တို့၊ အသာနေကြအုံး၊ "ဆိုင်းကြအုံး" ဟု တားမြစ်လေ၏။

အရှင်မြတ်တို့ကလည်း ငါတို့ကို တားမြစ်နေသည်ဟု ထင်မှတ်သောကြောင့် မဟာသတိပဋ္ဌာနသုတ်ကို ဆုံးအောင် မရွတ်တော့ဘဲ ရပ်တော်မူလိုက်ကြသည်။

ထိုအခါ မဟာဓမ္မိကဥပါသကာ၏သားတို့သည် 'ငါတို့ကျေးဇူးရှင် ဖခင်ကြီးသည် ဘယ်အခါမျှ တရားနာလို့ အားရတယ်၊ တင်းတိမ်တယ် မရှိခဲ့ဘူး၊ အခု မိမိကိုယ်တိုင် ပင့်ဖိတ်၍ ရွတ်စေမှ ဘယ်လို ဖြစ်တာတုံး၊ ဘာဖြစ်လို့ တားမြစ်ပါလိမ့်။ သေမှာကို မကြောက်တဲ့ သတ္တဝါဆိုတာ မရှိချေတကား'ဟု စိတ်မကောင်းခြင်း ကြီးစွာဖြင့် ငိုကြွေးကြကုန်၏။

ရဟန်းတော် အရှင်မြတ်တို့သည်လည်း နေရာမှ ထ၍ ပြန်ကြွတော်မူကြကုန်၏။ ဓမ္မိကဥပါသကာသည် အတန်ကြာသော အခါ သတိပြန်၍ ရလာသည်။ သားတွေ သမီးတွေကို ခေါ်ပြီး–

"သင်တို့ ဘာဖြစ်လို့ ငိုနေကြသလဲ"

"ကျေးဇူးရှင် ဖခင်၊ ဖခင်ကိုယ်တိုင်ပင့်၍ တရားနာနေသည် ဖြစ်ပါလျက်၊ဖခင်ကိုယ်တော်တိုင် တားမြစ်ပြန်သည်။ထို့ကြောင့် ကျွန်တော်ကျမတို့သည် လောကကြီး၌ သေရမှာ မကြောက်တဲ့ လူဆိုတာ မရှိပါတကားဟု ငိုကြွေးနေကြပါသည်"

"အခု အရှင်မြတ်တွေ ဘယ်မှာလဲ"

"ဖခင်၊ ပြန်ကြွကုန်ကြပါပြီ"

"မဟုတ်ဘူး....မဟုတ်ဘူး သားတို့ သမီးတို့၊ ငါဟာရဟန်းတော်တွေနှင့် စကားပြောနေတာ မဟုတ်ဘူး"

"အရှင်မြတ်တွေနှင့် စကားပြောတာမဟုတ်လျှင် ဘယ်သူနှင့် စကားပြောပါသလဲ ဖခင်"

"နတ်ပြည်ကလာတဲ့ နတ်သားတွေနဲ့ စကားပြောနေတာ"

သားသမီးများမှာ မိမိတို့ မျက်မြင် မဟုတ်သဖြင့် မယုံနိုင်အောင် ရှိနေကြလေသည်။

"ကျေးဇူးရှင် ဖခင်၊ အခု အဲဒီ နတ်ရထားတွေ ဘယ်မှာလဲ၊ ဘာစင်းမှ မမြင်ရပါကလား"

"သားတို့ သမီးတို့၊ သင်တို့ သိကုံးထားတဲ့ ပန်းကုံးများ အသင့်ရှိသလား"

"ရှိပါတယ် ဖခင်"

"နတ်ပြည်ခြောက်ထပ်မှာ ဘယ်နတ်ပြည်ဟာ ပျော်စရာ အကောင်းဆုံးလဲ"

"တုသိတာနတ်ပြည်ဟာ ပျော်စရာ အကောင်းဆုံးလို့ ကြားဘူးပါတယ်"

"ဒါဖြင့် သားတို့ သမီးတို့၊ တုသိတာ နတ်ပြည်က လာတဲ့ နတ်ရထားမှာ ချိတ်နေပါစေသတည်းလို့ အဓိဋ္ဌာန်ပြုပြီး ပန်းကုံးကို အပေါ် မြှောက်ပစ်လိုက်ကြ"

သားသမီးတို့လည်း ဖခင် ပြောသည့်အတိုင်း ပန်းကုံးကို အဓိဋ္ဌာန်၍ အပေါ်သို့ မြှောက်ပစ်လိုက်ကြသည်။ ပန်းကုံးသည် တုသိတာနတ်ပြည်မှလာသော ရထားဦးတွင် တွဲလွဲဆွဲ၍နေလေသည်။ ပန်းကုံးကိုသာ မြင်ရ၍ ရထားကိုမူ မမြင်ကြရပေ။

ဓမ္မိကဥပါသကာလည်း-

"ချစ်သား ချစ်သမီးတို့၊ ပန်းကုံးကို မြင်ကြရသလား"

"မြင်ရပါတယ် ဖခင်"

"ချစ်သား ချစ်သမီးတို့၊ အဲဒီ ပန်းကုံးမြင်နေရတဲ့ ရထားဟာ တုသိတာနတ်ပြည်က လာတဲ့ ရထားဖြစ်တယ်၊ နတ်ရထား

ဆိုတာ လူတွေရဲ့ မျက်စိနဲ့ မမြင်ကောင်းဘူး။ ဖခင်လဲ အဲဒီ ရထားနဲ့ လိုက်သွားတော့မယ်၊ ဘာမှ စိုးရိမ်ပူဆွေး ငိုကြွေးမနေကြနှင့်။ သင်တို့ ငါ့ထံသို့ လိုက်လိုကြတဲ့စိတ်ရှိကြရင် ငါကဲ့သို့ပင် ကုသိုလ်တောင်းမှု ပြုစု အားထုတ်ကြ" ဆုံးမ ဩဝါဒပေးပြီး၊ တုသိတာနတ်ပြည်သို့ ပြောင်းကြွလေ၏။

ဓမ္မိကဥပါသကာကြီးသည် ယူဇနာ ၂၅၀ ရှိသော ရတနာဗိမာန်ကြီး၌ လှည်းအစီး ၆၀ တိုက်ခန့် ပမာဏ ရှိသော နတ်ဝတ်တန်ဆာများကို ဆင်မြန်းပြီး နတ်သမီးတထောင် ခြံရံလျက် နတ်စည်းစိမ်ချမ်းသာကို ပျော်ရွှင်စွာ ခံစား၍ နေရလေ၏။

## ရဟန်းတော်များ သောတာပန် တည်ခြင်း

ရဟန်းတော်များ ကျောင်းသို့ ပြန်လာသောအခါ မြတ်စွာဘုရားက—

"ချစ်သားတို့၊ချစ်သားတို့သည် ဓမ္မိကဥပါသကာအား တရားဟောခဲ့သလော"

မြတ်စွာဘုရားသခင် မေးတော်မူသောအခါ ရဟန်းတို့က အကြောင်းစုံကို ပြန်ကြားလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက—

"ချစ်သာရဟန်းတို့၊ ဓမ္မိကဥပါသကာသည် သင်တို့နှင့်စကားပြောခြင်းမဟုတ်၊နတ်တို့နှင့် စကားပြောခြင်းသာ ဖြစ်ပေသည်" စသည်ဖြင့် အကြောင်းစုံကို မိန့်ကြားတော်မူ၏။ ရဟန်းတို့က—

"ရှင်တော်မြတ်ဘုရား၊ ဓမ္မိကဥပါသကာက နတ်သားတွေနှင့် စကားပြောပါသလား"

"ဟုတ်တယ် ချစ်သားတို့"

"ရှင်တော်မြတ်ဘုရား၊ အခု ထိုဒါယကာ အဘယ်ဘုံမှာ ပါလဲဘုရား"

"ချစ်သားတို့၊ တုသိတာနတ်ပြည်မှာ ဖြစ်ပေသည်"

"ဓမ္မိက ဥပါသကာသည် ယခုဘဝမှာလဲ ဆွေမျိုးတို့ အလယ်တွင် တင့်တယ်ချမ်းသာစွာနေထိုင်ရပေ၏။ သေလွန်သွားသည့် အခါတွင်လည်း တုသိတာနတ်ပြည်၌ နတ်သားဖြစ်သွားပေပြီ" ဟုချီးမွမ်း၍ လျှောက်ထား ကြသောအခါ မြတ်စွာဘုရားက—

"ချစ်သား ရဟန်းတို့၊ စင်စစ်ကောန်မှန်လှပေတယ်။ မမေ့မလျော့ဘဲ နေလေ့ရှိတဲ့လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ဖြစ်လေရာဌာန ဘုံဘဝတိုင်းမှာ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်စွာ နေထိုင်ရပေသည်" ဟုမိန့်တော်မူ၏၊

ဒေသနာ၏ အဆုံးတွင် လူပေါင်းများစွာတို့သည် သောတာပန် တည်ကြလေကုန်သတည်း။

# အသေသတ်မယ့် ဒေဝဒတ်စဉ္စာ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ စံပျော်တော်မူသောအခါ ဒေဝဒတ်ကို အကြောင်းပြု၍ ဟော ကြားတော်မူခဲ့သည်။

## မင်းသားခြောက်ယောက်

သုံးလူ့ထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားသည် အနုပိယ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူသည်။ အလောင်းတော်၏ လက္ခဏာကို ဖတ်သောနေ့၌ ဆွေတော်ရှစ်သောင်း မျိုးတော် ပေါင်းတို့သည် စကြဝတေးမင်း ဖြစ်လျှင်ဖြစ်၊ သို့မဟုတ်ဘုရား ဖြစ်လိမ့်မည်ဟု ယုံကြည်ကြသဖြင့် 'မင်းညီ မင်းသားပရိသတ်ဖြင့် မပြတ်ခြံရံစေအံ့'ဟု မင်းသားရှစ်သောင်းတို့က တာဝန်ခံ ထား ကြကုန်၏။

ထိုမင်းသားတို့သည် အများအားဖြင့် ရယ်ပြုကြ ကုန်၏။ ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါ မင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ် မင်းသားအားဖြင့် မင်းသား ခြောက်ယောက်တို့သည် ဘုရားနောက်သို့လိုက်၍ ရယ်မပြုဘဲ နေကြကုန်၏။

"ငါတို့သားတွေတော့ ရယ်အပြုခိုင်းကြတယ်။ ငါ့မင်းသား ခြောက်ယောက်ကတော့ ဘုရားနဲ့ ဆွေမျိုးမတော်လို့လား။ ဆွေတော် မျိုးတော်မဟုတ်လို့လား ဒီမင်းသားတွေ ဘာပြုလို့ ဘုရားနောက်လိုက်ပြီး ရယ်မပြုကြပါလိမ့်"ဟု တိုးတိုးသတင်းထွက်နေ၏။

ထိုအခါ မဟာနာမ်မင်းသားသည် အနုရုဒ္ဓါ မင်းသားထံ သွားပြီး-

"ညီတော်၊ ငါတို့၏အမျိုးထဲက ရယ်ပြုတဲ့လူ မရှိသေးဘူး။ အသင်ညီတော်ဘဲ ရယ်ပြုမလား၊ သို့မဟုတ် နောင်တော်ဘဲ ရယ်ပြုရမလား"ဟု မေး၏။

အနုရုဒ္ဓါမင်းသားကား အလွန်နူးညံ့သိမ်မွေ့သူ ဖြစ်သည်။ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံကြွယ်ဝသူ ဖြစ်သည်။ မရှိဆိုသည့်စကားကို မကြားဘူးချေ။

## မရှိ မုန့်

တနေ့သ၌ မင်းသား ခြောက်ယောက်တို့သည် မုန့်ရောင်းတမ်းကစားကြကုန်၏။ အနုရုဒ္ဓါမင်းသား ရှုံးသော် မုန့်ယူဘို့ မယ်တော်ထံ တမန်စေလွှတ်လိုက်၏။ မင်းသား၏မယ်တော်လည်း

မုန့်ပို့လိုက်၏။ မင်းသားတို့သည် မုန့်စားပြီး ဆက်ကစားကြပြန်သော် အနုရုဒ္ဓါမင်းသား ရှုံးပြန်လေ၏။ အနုရုဒ္ဓါမင်းသားသည် ကစားတိုင်းချည်း ရှုံး၍နေ၏။ ရှုံးတိုင်း ရှုံးတိုင်း မုန့်အယူခိုင်းသော် သုံးကြိမ်တိုင်အောင် မယ်တော်က မုန့်အပို့ လွှတ်၏။ လေးကြိမ်မြောက် မုန့်အယူခိုင်းသောအခါ 'မုန့်မရှိဘူး' ဟု ပြောလိုက်၏။

အနုရုဒ္ဓါမင်းသားသည် (မရှိ) ဆိုသော စကားကို မကြားဘူးသောကြောင့် မရှိတာသည် မုန့်တမျိုးပင် ဖြစ်လိမ့်မည်ထင်သဖြင့် (မရှိ)မုန့်ကို အယူလွှတ်လိုက်၏။

မင်းချင်းယောကျ်ားသည် မယ်တော်ထံသွား၍-

"အရှင်မ၊ အရှင်မသားက မရှိ မုန့်ကိုပင် ပေးလိုက်ပါဟု မှာလိုက်ပါသည်"ဟု လျှောက်ထား၏။

'ငါ့သားတော်သည် မရှိဆိုသော စကားကို မကြားဘူးသောကြောင့် ဖြစ်လိမ့်မည်။ ဥပါယ်တမျဉ်ဖြင့် သိအောင်လုပ်မည်'ဟု ကြံပြီး မုန့်မပါသောရွှေခွက်တခုကို ရွှေခွက်တခုဖြင့်အုပ်၍ အပို့လွှတ်လိုက်၏။

မြို့စောင့်နတ်က 'အနုရုဒ္ဓါမင်းသားသည် အန္နဘာရ ဖြစ်စဉ်အခါ သူဌေးဘဝက ဆွမ်းရဲမှုပြုကျသောအခါ မိမိစားဘို့ ယူလာသော ထမင်းကို ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါအား ပေးလှူ၍ မရှိဆိုသော စကားကို မကြားရသည့်ကိုယ်ဖြစ်ပါစေသတည်း'ဟု အစားအစာဖြစ်ရာဌာနကို မသိရပါစေသတည်း' ဟု ဆုတောင်းခဲ့ဘူးသည်။

'အကယ်၍ မုန့်မရှိသော ရွှေခွက်ကို မြင်ရအံ့၊ နတ်တို့အစည်းအဝေးသို့ တက်ရောက်ခွင့်မရလတံ့။ ငါ၏ဦးထိပ်လဲ ခုနစ်စိတ်ကွဲလတံ့'ဟု ကြံ၍ ရွှေခွက်ထဲသို့ နတ်ဌ်ဖြစ်သော မုန့်ကို ထည့်ပေး

လိုက်၏။ ထိုရွှေခွက်ကို ကစားဝိုင်း၌ ဖွင့်သောအခါ အနံ့က တမြို့လုံး မွှေးပျံ့၍ သွားလေ၏။

မုန့်ကိုပါးစပ်ထဲထည့်ရုံနှင့် အရသာကိုဆောင်သော အကြောပေါင်းတထောင်စိမ့်၍သွားသော မုန့်ဖြစ်လေသည်။

## မယ်တော်ကို အပြစ်တင်ခြင်း

အနုရုဒ္ဓါမင်းသားက စဉ်းစားသည်မှာ 'ငါ့မယ်တော်ဟာ ငါ့အပေါ် မချစ်ဘူးနဲ့တူပါတယ်။ ဒါလောက်တောင် အချိန်တွေကြာလာပြီး တခါမှ မရှိမုန့်ကို မပေးဖူးဘူး။ အခုမှဘဲ ပေးတော့တယ်။ တော်ပြီ၊ ဒီနေ့ကစပြီး နောက် တခြားမုန့်တွေကို မစားတော့ဘူး'ဟု ကြံ၍ အိမ်ပြန်သွားသောအခါ အနုရုဒ္ဓါမင်းသားက မယ်တော်ကို ခေါ်လေသည်။

"မယ်တော် မယ်တော်၊ မယ်တော်ဟာ သားတော်ကို ချစ်ပါသလား၊ မချစ်ပါသလား"

"မယ်တော့်ကို ဘယ်လို မေးလိုက်တာလဲ သားတော်ရယ်။ မျက်စိတဖက်ထဲရှိတဲ့လူဟာ အဲဒီမျက်စိတဖက်ကို ဂရုစိုက်အလေးထားပြီး စောင့်ရှောက်သလို မယ်တော်ဟာလဲ သားတော်ကို နှလုံးသားကဲ့သို့ ရိုးတွင်းခြင်ဆီအထိ ချစ်ပါတယ်"

"ဒါလောက် ချစ်ပါရက်သားနဲ့ ဘာပြုလို့ မရှိမုန့်ကိုမပေးပါသလဲ"

ထိုစကားကိုကြားလျှင် မိခင်ဖြစ်သူသည် အံ့အားသင့်သွားပြီး အလုပ်အကျွေး လုလင်ကိုခေါ်၍-

"သင် ရွှေခွက်ယူသွားတဲ့အခါ ရွှေခွက်ထဲမှာ မုန့်ပါသလား"

"ရွှေခွက်ထဲမှာ မုန့်တွေအပြည့်ပါလာပါတယ်။ ဒီမုန့်မျိုးကို တခါမှ မမြင်ဘူးပါ"ဟုသူမြင်သည့်အတိုင်း ပြော၏။

ထိုအခါ မယ်တော်က ဆင်ခြင်သည်မှာ 'ငါ့သားသည် ဘုန်းကြက်သရေကြီးမားသော သားထူးဖြစ်ပေသည်။ နောက်ဘဝက ပြုခဲ့ဘူးသောဆုတောင်းပတ္ထနာရှိသူ ဖြစ်သည်။ နတ်တွေမနေနိုင်၍ ရွှေခွက်ထဲမုန့်ထည့်ပေးလိုက်တာ ဖြစ်မည်'ဟု ဆင်ခြင်တော်မူသည်။

အနုရုဒ္ဓါမင်းသားက "မယ်တော်၊ ဒီနေ့ကစပြီးတခြားမုန့်တွေ မစားတော့ဘူး။ မရှိမုန့်ကိုသာ စားတော့မယ်။ အမြဲတမ်းမရှိမုန့်ကိုသာ ပေးသနားပါ"ဟု ပြော၏။

မယ်တော်သည်လည်း ထိုအခါမှစ၍ မုန့်စားချင်သည်ဆိုတိုင်း ဘာမျှမပါသောရွှေခွက်ကို ရွှေခွက်ဖြင့်အုပ်ပြီး ပို့လိုက်၏။အနုရုဒ္ဓါမင်းသားသည် လူ့ဘောင်တွင်နေသမျှကာလပတ်လုံး နတ်တို့က နတ်မုန့်တွေကိုသာ ထည့်သွင်းပို့ ဆက်ကြရကုန်၏။

## အနုရုဒ္ဓါမင်းသား ရဟန်းပြုခြင်း

အနုရုဒ္ဓါမင်းသားသည် မရှိဆိုသောစကားကလေးကိုမျှမကြားသိဘူးသောကြောင့် ရဟန်းအဖြစ်ကို ဘယ်လိုမျှသိနိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ နောင်တော် မဟာနာမ်မင်းသားကို-

"နောင်တော်၊ ရဟန်းပြုတယ်ဆိုတာ ဘာကို ခေါ်သလဲ။ ဘာတွေများ လုပ်ရကိုင်ရပါသလဲ။

"ညီတော်၊ ရဟန်းပြုတယ်ဆိုတာ ဆံမုတ်ဆိတ်တွေကို ရိတ်ပစ်ရတယ်။ ဖန်ရည်စွန်းတဲ့ သင်္ကန်းကို ဝတ်ရတယ်။ ဆွမ်းအာဟာရ

အတွက်ဆွမ်းခံထွက်ရတယ်။စာပေကျမ်းဂန်သင်ရတယ်။ဝိပဿနာ တရားပွားများအားထုတ်ရတယ်။ အဲဒါတွေဟာ ရဟန်းရဲ့ အလုပ်ကိစ္စအစစ်တွေပဲ။ မြို့ထဲရွာထဲအိမ်တွေထဲလျှောက်ပြီး ပိုက်ဆံအလှူခံတာကို တကယ့် အရိယာကြီးတွေယောင် ဆောင်ပြီး ဈေးကြို ဈေးကြား၊ လူအများထဲမှာ အလှူခံတာတွေဟာတကယ့်သာသနာ လေးစားတဲ့ အရှင်ကောင်း အရှင်မြတ်များရဲ့ လုပ်ငန်းအစစ် မဟုတ်ဘူး။ အဲဒါတွေဟာ ခွဲခြားသိရမဲ့ ရဟန်းကိစ္စ အတုအစစ် တွေဘဲ"

"ဒီလိုဖြင့်နှောင်တော်၊ ကျွန်တော်ဟာ နုံးညံ့သိမ်မွေ့တဲ့ လူပျော့တယောက် ဖြစ်ပါတယ်။ ရဟန်းပြုလို့ မဖြစ်နိုင်ပါဘူးလို့ ထင်ပါတယ်"

"ဒါဖြင့်ချစ်ညီတော်၊ အသင်ဟာ လူရေး လူမှုကိစ္စအဝဝကို သင်ယူမှတ်သားပြီး အိမ်ရာထောင်တဲ့ လူ့ဘောင်မှာဘဲ နေရစ်ပါလော့၊ နှောင်တော် ရဟန်းပြုပါတော့မယ်။ ဒို့အမျိုးထဲက တယောက်မှ ရဟန်းမဝတ်ဘဲနေလို့တော့ မသင့်တော်ပေဘူး"

"ဒါထက်နှောင်တော်၊ လူ့ဘောင်မှာ လုပ်ဆောင်ရမယ့် အလုပ်ကိစ္စတွေ ဆိုတာက ဘာတွေများပါလဲ ...."

အနုရုဒ္ဓါ မင်းသားသည် လူမှုလူ့ကိစ္စ အဝဝတို့ကို မည်ကဲ့သို့ သိနိုင်ပါမည်နည်း။ ထမင်းဖြစ်သည့် နေရာကိုမျှ မသိတဲ့ မင်းသားအတွက် လူမှုလူ့ကိစ္စဆိုသည်မှာ ကျယ်ဝန်းလှပေသည်။ တခါက ကိမိလ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါစသော မင်းသားသုံးယောက်တို့သည် အငြင်းအခုံဖြစ်ကြ၏။ ထမင်းဆိုတာ ဘယ်ကဖြစ်လာသည်ဟူသော ပြဿနာကို ငြင်းခုံကြခြင်းဖြစ်၏။ ကိမိလမင်းသားက ထမင်းဆိုတာ ကျီထဲကဖြစ်လာသည်ဟုဆို၏။ ဘဒ္ဒိယမင်းသား

ကမူ ထမင်းဆိုတာအိုးထဲကဖြစ်သည်ဟု ပြောဆိုပြန်သည်။နောက်ဆုံး အနုရုဒ္ဓါ မင်းသားကလည်း ထမင်းဆိုဘာ မသေမချင်းမှတ်ကြ၊ထမင်းထဲ့စားတဲ့ ခွက်ကြီးထဲက ဖြစ်သည်ဟုအဓိပ္ပာယ်ဖွင့်ပြန်၏။

မင်းသားသုံးယောက်တို့တွင် ကိမိလ မင်းသားသည် ကျီထဲက စပါး သယ်ထုတ်သည်ကို မြင်ဘူးသဖြင့် ထမင်းဆိုတာ ကျီထဲက ဖြစ်သည်ဟု ထင်မှတ်နေ၏။ ဘဒ္ဒိယမင်းသားသည် အိုးထဲက ထမင်းခူးသည်ကို မြင်ဘူးသောကြောင့် ထမင်းဆိုတာ အိုးထဲက ဖြစ်သည်ဟု ထင်မှတ်နေ၏။

အနုရုဒ္ဓါ မင်းသားမှာမူ ကျီထဲမှ စပါးသယ်ထုတ်သည်ကို ၎င်း၊ စပါးထောင်းထုရသည်ကို၎င်း၊ထမင်းချက်ပြုတ်ပြီး ထမင်း ခူးခတ်ရသည်ကို၎င်း တခါမှ မမြင်ဘူးသောကြောင့် ခူးပြီး ထဲ့ပြီးသားထမင်းကိုသာ မြင်ဘူးလေသည်။ ထို့ကြောင့် အနုရုဒ္ဓါ မင်းသားသည် ထမင်းစားချင်သည့်အခါ ထမင်းသည် ရွှေခွက်ထဲကဖြစ်ပေါ် လာသည်ဟု ထင်မှတ် နေခဲ့လေသည်။ ထို့ကြောင့် မင်းသားသုံးယောက်တို့သည် ထမင်းဖြစ်သည့် နေရာကို အသေအချာ မသိကြသောကြောင့် ငြင်းခုံနေကြခြင်း ဖြစ်သည်။

ဤမျှလောက် ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေရသော မင်းသားတယောက်သည် အဘယ်မှာလျှင် လူမှုလူ့ကိစ္စ အဝဝ တို့ကို သိနိုင်ပါမည်နည်း။ ထို့ကြောင့် လူ့ဘောင်မှာလုပ်ဆောင် ရမည့် လူမှုလူ့ကိစ္စအဝဝတို့ကို နောင်တော်မဟာနာမ်မင်းသား အား မေးမြန်းနေခြင်း ဖြစ်ပေသည်။

မဟာနာမ် မင်းသားကလဲ–

"ချစ်လှစွာသော ညီတော်၊ ရှေးဦးစွာ လယ်ကို ထွန်ယက်စိုက်ပျိုးရတယ်" စသည်ဖြင့် ထမင်းဖြစ်သည်အထိနှစ်စဉ်နှစ်တိုင်း ပြုလုပ်ရမည့် အလုပ်တာဝန်များကို ပြောပြလေ၏။

"ဒါဖြင့်နောင်တော်၊ ဘယ်အခါ အဲဒီအလုပ်ကိစ္စတွေ ပြီးဆုံးပြီး ဘယ်အခါ မလုပ်မကိုင်ရဘဲ အပူအပင် အကြောင့်အကြ မရှိဘဲ ချမ်းချမ်းသာသာ နေထိုင်စားသောက် ရပါသလဲ"

"ချစ်ညီ၊ အသက်ရှည်သမျှ ကာလပလ်လုံး ဘယ်အချိန်ဘယ်ကာလမှ အလုပ်ကိစ္စဆိုတာ ပြီးဆုံးတယ်လို့မရှိဘူး။ မသေမချင်း လုပ်ကိုင်နေကြရမှာဘဲ။ လောကကြီးမှာ လူတွေဟာ ကိုယ့်ထမင်း ကိုယ်စားပြီး သေရမယ့်အချိန်ကို စောင့်နေကြရတယ်ဆိုတာ မရိပ်မိကြဘူး။ မာနတွေတက်နေကြတယ်။ လောဘဒေါသ မောဟတွေ ဖုံးလွှမ်းလို့ အကန်းတွေဖြစ်နေကြတယ်"ဟု စိတ်ရှည် လက်ရှည် ရှင်းပြလေ၏။

"ဒီအတိုင်းသာဆိုရင်တော့ နောင်တော်၊ နောင်တော်ဘဲကိစ္စ များမြောင်လှတဲ့ လူ့ဘောင်မှာ နေတော်မူပါ။ ညီတော်သည် လူ့ဘောင်မှလွတ်အောင် ရှန်းပါတော့မည်"ဟု ဆိုကာအနုရုဒ္ဓါ မင်းသားသည် မယ်တော်ထံသွား၍

"မယ်တော်ဘုရား၊ သားတော်ကို ရဟန်းပြုဖို့ ခွင့်ပေးသနားတော်မူပါ" ဟု ခွင့်ပန်၏။

မယ်တော်သည် အမျိုးမျိုးအဖုံဖုံ သုံးကြိမ်တိုင်တိုင်တားသော်လည်း မရသည့်အဆုံး၌–

"သားတော်၊ ဒါလောက်တောင် ရဟန်းဝတ်ချင်လို့ရှိရင် မင်းသူငယ်ချင်း ဘဒ္ဒိယ မင်းသားရှိတယ်မဟုတ်လား။ အဲဒီဘဒ္ဒိယ

မင်းသား ရဟန်းဝတ်ခဲ့လိုရှိရင် ဘဒ္ဒိယမင်းသားနဲ့အတူ သား တော်လဲ ရဟန်းပြုချင် ပြုပေတော့” ဟု ခွင့်ပေးလိုက်လေ၏။

အနုရုဒ္ဓါ မင်းသားသည် ဘဒ္ဒိယမင်းသားထံသွား၍ “အဆွေ တော်ဘဒ္ဒိယ၊ ငါမယ်တော်ကို ရဟန်းပြုရန်ခွင့်ပန်သော်လဲ အခွင့် မပေးပါ။ အသင်နှင့်အတူ ရဟန်းပြုမယ်ဆိုရင်သာ ကြည်ကြည် ဖြူဖြူခွင့်လွှတ်ပါသည်။ သို့ပါ၍ သင်ရဟန်းပြုမှသာ ငါရဟန်းပြု နိုင်ပါလိမ့်မည်” ဟုအကြောင်းအကျိုး ပြောဆိုညှိနှိုင်းပြီးသော် နောက် ခုနစ်ရက်ကြာလျှင် မိမိနှင့်အတူ ရဟန်းပြုရန် ဝန်ခံကတိ ထားစေ၏။

ထို့နောက် ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာ မင်းသား၊ ဘဂုမင်းသား၊ ဒေဝဒတ်မင်းသားအမည်ရှိ မင်းသား ခြောက်ယောက်တို့နှင့်တကွ ဥပါလိဆေတ္တာသည် ပေါင်း ခုနစ် ယောက်တို့သည် နတ်ပြည်မှာ နတ်စည်းစိမ်ကို ပျော်ပျော်ပါးပါး စံစားနေသော နတ်သားများကဲ့သို့ ခုနစ်ရက်လုံးလုံး လူ့စည်းစိမ် ကို အကြီးအကျယ် ခံစားနေကြကုန်၏။ ပြီးမှ ဥယျာဉ်တော်သို့ ပျော်ပျော်ပါးပါး စံစားရန် ထွက်လာကြသော နတ်သားများ လို အင်္ဂါလေးပါးရှိသော စစ်သည်ဗိုလ်ပါတို့ခြံရံလျက် တနိုင်ငံ သို့ ရောက်ကြသောအခါ မင်းအာဏာဖြင့် စစ်သည်ဗိုလ်ပါတို့ကို ပြန်လွှတ်၍ သူတပါးနိုင်ငံထဲသို့ ဝင်ရောက်ကြကုန်၏။

## ဥပါလိ ဆေတ္တာသည်

သူတပါးနိုင်ငံတွင်းသို့ ဝင်ရောက်မိသောအခါ မင်းသား ခြောက်ယောက်တို့သည် မိမိတို့ကိုယ်တွင် ဝတ်ဆင်လာခဲ့သော တန်ဆာတို့ကို အားလုံးချွတ်၍-

"အချင်းဥပါလိ၊ သင်သည် ဒီမျှလောက် ပစ္စည်းဥစ္စာ ရတနာတွေနဲ့ဆိုရင် အသက်မွေးဖို့လုံလောက်ပြီ။ ဒါကြောင့်မောင်မင်း ဒီနေရာကဘဲ ပစ္စည်းဥစ္စာ ရတနာတို့ကို ယူ၍ပြန်ပေတော့"ဟု ပေးကြကုန်၏။

ဥပါလိဆေတ္တာသည်လည်း မပြန်လိုကြောင်း မင်းသားတို့ထံ ခွင့်တောင်းမရ၍ အာဏာ မလွန်ဆန်ဝံ့သောကြောင့် ပြန်သွားရလေ၏။

မင်းသားတို့နှင့် ဥပါလိ ဆေတ္တာသည် ခွဲခွာကြသောအခါ တောအုပ်ထဲမှ သစ်ပင်အားလုံး ညွတ်ငိုက်နေသဖြင့် ငိုနေကြသယောင်လို့ ထင်မှတ်ရသည်။ မဟာပထဝီ မြေကြီးသည်လည်းတုန်လှုပ်သလိုဖြစ်သည်။ ဥပါလိဆေတ္တာသည်လည်း ဤသို့အကြံဖြစ်သည်။

'သာကီဝင် မင်းသားတို့သည် အမျက်ဒေါသ မာန်မာနအားကြီးကြသည်။ ဒီဥပါလိ ဆေတ္တာသည်သည် မင်းသားငယ်တွေကို သတ်ပြီး ပစ္စည်း ဥစ္စာ ရတနာတွေကို ယူလာတယ်ဆိုပြီး ငါ့ကို သတ်ဖြတ်ပစ်ကြလိမ့်မယ်။ ဒီတော့ သာကီဝင် မင်းသားတွေ တောင် မျှားပြားလှတဲ့ အဘိုးတန်တန်ဆာတွေကို တံတွေးပေါက်လောက် သဘောထားပြီး စွန့်ပစ်၍ ရဟန်းပြုနိုင်ကြသေးလျှင် ငါလိုဘာမှ မက်စရာမရှိတဲ့အကောင်က ဘာဖြစ်လို့ ရဟန်းမပြုနိုင်ရမှာလဲ"ဟုကြံပြီးလျှင် အဘိုးထိုက်အဘိုးတန် တန်ဆာတွေကို သစ်ပင်တွေမှာ ဆွဲပြီး"လိုချင်တဲ့ လူတွေလာယူကြပေ."ဟု ဟစ်ကြွေးကြော်ပြီး မင်းသားတို့ထံ ပြန်သွားလေ၏။

မင်းသားတို့က "ဥပါလိ၊ ဘာကြောင့် သင်ပြန်လာသနည်း" ဟု မေးသော် ဥပါလိက ပြန်လာခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားလေ၏။

မင်းသားတို့သည် ဥပါလိဆေတ္တာသည်ကို ခေါ်ဆောင်ပြီး မြတ်စွာဘုရားထံ သွားရောက်ကြလေ၏။ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးသော်—

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်တို့ သာကီဝင်မင်းမျိုးတွေသည် အလွန်တရာ မာန်မာနကြီးမားလှပါသည်။ ဤဥပါလိဆေတ္တာသည် သည် အချိန်ကြာမြင့်စွာ ခြေရင်းအလုပ်အကျွေး တယောက်ဖြစ်ခဲ့ပါသည်။ ဤဥပါလိကို အရှင်ရဟန်းပြုပေးတော်မူပါ။ တပည့်တော်တို့သည် ဥပါလိကို လက်အုပ်ချီမိုး ရှိခိုးကြရပါလိမ့်မည်။ ဤသို့ရှိခိုးရသောတပည့်တော်တို့သည် မာနကျသွားဘွယ်ရာ ရှိပါသည်ဘုရား" ဟု လျှောက်ထား၍ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေ၏။ နောက်မှ မင်းသားများ ရဟန်းပြုကြသည်။

ရဟန်းပြုသော အရှင်တို့တွင် အရှင်ဘဒ္ဒိယသည် ထိုနှစ်ဝါတွင်း၌ပင် တေဝိဇ္ဇာရဟန္တာ ဖြစ်လေ၏။ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရ၍မဟာပုရိသဝိတက္ကသုတ်ကို ကြားနာရသော် ရဟန္တာ ဖြစ်လေ၏။ အရှင်အာနန္ဒာသည် သောတာပန်တည်၏။ ဘဂု၊ ကိမိလ မထေရ်နှစ်ပါးတို့သည် နောင်အခါ ဝိပဿနာတရားကြိုးစား အားထုတ်၍ ရဟန္တာဖြစ်တော်မူကြကုန်၏။

**မှတ်ချက်။** ။ဘုရားရှင်သော်မှ ကျင့်ကြံ အားထုတ်မှ သဗ္ဗညုတဉာဏ်တော်ရသည်။ မည်သူမျှ မကျင့်ဘဲနှင့် ရသူမရှိပေ။ တရားနာနေစဉ်အတွင်း တရားအဆုံး ဂါထာအဆုံး

ရဟန္တာ ဖြစ်သွားသူများပင် ထိုအချိန်ကလေး အတွင်းမှာပင် ဝိပဿနာတရားကို ပွားများရပါသည်။ လျင်မြန်သည်မှာ ပါရမီ ရင့်သန်သောကြောင့် ဖြစ်ပါသည်။ မကျင့်ဘဲ အား မထုတ်ဘဲနှင့် တရားထူးရသည် ဆိုသည်မှာ မရှိနိုင်ပါ၊ တချို့က အားမထုတ်ဘဲနှင့် ရသည်ဟု အထင်ကြီးနေကြသည်၊ စဉ်းစား စရာပင် ဖြစ်ပါတော့သည်။

အရှင် ဒေဝဒတ်သည် ပုထုဇဉ် အဖြစ်နှင့် လောကီစျာန် အဘိညာဉ်ရသည်။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသည်။ နောင်သော အခါ မြတ်စွာဘုရား ကောသမ္ဗီပြည်၌ သီတင်းသုံးတော်မူသည် ရှိသော် တပည့်သား သံဃာတော်များနှင့်တကွ မြတ်စွာဘုရား အား ကြီးကျယ်များမြတ်သော ပူဇော်သက္ကာရဖြစ်သည်။

ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် လှူဘွယ်ဝတ္ထု ပစ္စည်းအစုစု၊ အဝတ်သင်္ကန်း စသည်တို့ကို ယူဆောင်၍ ကျောင်း တော်သို့လာတိုင်း မြတ်စွာဘုရား ဘယ်မှာလဲ။ အရှင်သာရိ ပုတ္တရာ ဘယ်မှာပါလဲဘုရား။ အရှင်မောဂ္ဂလ္လာန် ဘယ်မှာ သီတင်းသုံးပါသလဲဘုရား။ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဘဒ္ဒိယ၊ အရှင်ကိမိလ၊ အရှင်ဘဂု၊ အရှင် အာနန္ဒာ စသည် ဖြင့် မေးမြန်းပြီး ရှင်ကျိပ်သော မဟာသာဝကတို့ သီတင်းသုံး ရာကို လှည့်လည် ကြည့်ရှုဖူးမျော်ကြကုန်၏။ အရှင်ဒေဝဒတ်ကို မည်သူမျှ မေးမြန်းသူမရှိ။ ရှိသည်ဟုပင် အမှတ်မထားကြပေ။

## မကောင်းကြံသော ရှင်ဒေဝဒတ်

ထိုအခါ အရှင်ဒေဝဒတ်က ဤသို့အကြံဖြစ်လာသည်။ 'ငါလဲ ဘဲ အရှင်ဘဒ္ဒိယ စသည်တို့နှင့်အတူတူ ရဟန်းဝတ်သူ ဖြစ်သည်။

အရှင်ဘဒ္ဒိယတို့လို မင်းသား တယောက်သာ ဖြစ်သည့်အပြင် မြတ်စွာဘုရားနှင့် ယောက်ဖတောင် တော်သေးသည်။ ဒါပေမယ့် လူ့ရ တန်းရအောင် လာကြတဲ့ လူတွေဟာ သူတို့အမည်တွေကို သာ မေးလာကြသည်။ ငါ့ကိုတော့ ဘယ်သူမှ အရေးမလုပ်။ မေးမယ့် စမ်းမယ့်လူတောင် မရှိဘူး။ ဘယ်လိုလဲ။ ငါဘယ်သူနဲ့ ပေါင်းရမလဲ။ ဘယ်သူ့အကြည်ညိုခံပြီး လာဘ်လာဘ ပူဇော် သက္ကာရ များလာအောင် လုပ်ရမလဲ’ ဟု ကြံစည်ပြီးမှ ဆက်၍ အကြံဖြစ်သည်မှာ—

‘ရာဇဂြိုဟ်ပြည်ကို အစိုးရတော်မူသော ဗိမ္ဗိသာရ မင်းကြီး သည် မြတ်စွာဘုရားကို အရင် အစပထမ ဖူးမျှော်ရသဖြင့် လူ ပေါင်းတသိန်း တသောင်းနှင့်တကွ သောတာပန်တည်သူ ဖြစ် သည်။ ဗိမ္ဗိသာရမင်းကိုတော့ ငါပေါင်းလို့ သင်းလို့ မဖြစ်ဘူး။ သာဝတ္ထိပြည်ကို အစိုးရတဲ့ ကောသလမင်းကြီးနဲ့လဲ ပေါင်းလို့ ဟန်မှာ မဟုတ်ဘူး။ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းရဲ့သား၊ အဇာတသတ်နဲ့ပေါင်းမှ ဟန်ကျမယ်။အဇာတသတ်ဟာ ကလေး သာသာမျှသာ ရှိသေးတော့ဘာမှ အကျိုးအကြောင်း အဆိုး အကောင်း နားမလည်သေးဘူး။ ဒင်းကလေးနဲ့ ပေါင်းမှ ဟန်ကျ တော့မယ်’ဟု တွေးပြီး ရာဇဂြိုဟ်ပြည်သို့ ကြွသွားလေ၏။

ရာဇဂြိုဟ်ပြည် ရောက်ခါနီးတွင် ကလေးလေးယောင် ဖန် ဆင်းပြီး အဆိပ် ပြင်းထန်သော မြွေကြီး လေးကောင်ထဲမှ တကောင်ကို လည်ပင်းမှာပတ်၊ တကောင်ကို ခေါင်းခုလုပ်၊ တကောင်းကို ပခုံးပေါ်မှာတင်၊ တကောင်ကို ခါးမှာပတ်ပြီး ကောင်းကင်မှ ဆင်း၍ အဇာတသတ် ရင်ခွင်ထဲ ဝင်၍ ထိုင်လေ

၏။ အဇာတသတ်မင်းသားလည်း အလွန်အမင်း ကြောက်ရွံ့လှန်းသဖြင့်–

"သင် ဘယ်သူလဲ....၊ သင် ဘယ်သူလဲ" ဟု တုန်တုန်ရီရီဖြင့် မေးမြန်းလေ၏။

"မင်းသား၊ ငါဟာ အရှင်ဒေဝဒတ်ဖြစ်တယ်" ဟု ပြောပြီး အကြောက်ပြေစေရန် ပကတိသော ကိုယ်ကို ဖြစ်စေ၏။ ဒုကုဋ်၊ သပိတ်၊ သင်္ကန်း လွယ်ပြီး မင်းသားရှေ့တွင် ရပ်၍နေလေ၏။ အဇာတသတ် မင်းသားကို ကြည်ညိုအောင်လုပ်၍များမြတ်သော သာဘလာဘကို ဖြစ်စေ၏။

## မြတ်စွာဘုရားကို ရန်ငြိုး ဖွဲ့ခြင်း

အရှင်ဒေဝဒတ်သည် အဇာတသတ်နှင့်ပေါင်း၍ လာဘ် ပူဇော်သက္ကာရ များစွာရရှိလာသည့်အတွက် စိတ် ဖောက်ပြန်လာသည်။ စိတ်ယုတ်မာ ဝင်လာသည်။ လောကဦ ချမ်းသာလာသော အရှိန်အဝါ ခံနိုင်သူ ရှားသည်။ ဆင်းရဲသည့် ဒဏ်ကိုသာ ခံနိုင်စွမ်းရှိသူ များသည်။

ဒေဝဒတ်သည် မာန် မာန တက်ကြွလာသဖြင့် 'ငါသည် ရဟန်းသံဃာအပေါင်း၏ ရှေ့ဆောင် ရှေ့ရွက်လုပ်မည်။ ခေါင်းဆောင်မည်' ဟူသော အလိုဆိုးများ ဝင်လာသည်။ မြတ်စွာဘုရားကို ဘေးချိတ်ပြီး ဘုရားလုပ်ချင်စိတ် ပေါက်လာသည်။ မဟုတ်မမှန် ဖောက်ပြန်သောစိတ်တွေ ဝင်လာသည်နှင့် တပြိုင်နက် ဒေဝဒတ်၏ လောကီစျာန် အဘိညာဉ်တွေ၊ တန်ခိုး အရှိန်အဝါတွေ ဆုတ်ယုတ်ပျက်စီးသွားလေသည်။

လောကီစျာန် အဘိညာဉ်ဆိုသည်မှာ ယာယီသဘော ရရှိထားသော တန်ခိုးအာဏာဖြစ်သည်။ စိတ် ဖောက်ပြန်သည်နှင့် တပြိုင်နက်၊ မဟုတ်မမှန် လုပ်သည်နှင့် တပြိုင်နက် ပျက်စီးလေသည်။ အရိယာတို့ ရရှိထားသော စျာန် အဘိညာဉ်များသာ ဘယ်သောအခါမှ မပျက်စီးနိုင်သော စျာန် အဘိညာဉ်များ ဖြစ်သည်။ လူမိုက်နှင့်ငွေ အတူမနေ ဆိုသော စကားကဲ့သို့ ဆိုရမလို ဖြစ်နေတော့သည်။

ဒေဝဒတ်သည် စျာန် အဘိညာဉ် ပျက်စီးသွားသော် မြတ်စွာဘုရားထံ သွား၍ တရားရေအေး အမြိုက်ဆေး တိုက်ကျွေးနေသော မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးလျက် နေရာမှထ၍ လက်အုပ်ကလေး ချီပြီးလျှင်–

"ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ယခုအခါ ရှင်တော်မြတ်ဘုရားသည် အသက်အရွယ် ကြီးရင့်တော်မူပါပြီ။ ကြောင့်ကြမဲ့နေဘို့ အချိန်တန်ပါပြီ။ တရားချမ်းသာကိုသာ ကောင်းစွာ ခံစားဘို့ တော်ပါပြီ။ တပည့်တော်သည် ရဟန်း သံဃာအပေါင်း၏ ခေါင်းဆောင် လုပ်ပါမည်။ ရဟန်းသံဃာ အများကို တပည့်တော်အား အပ်နှင်းတော်မူပါ ဘုရား"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ထွေးပြီးသား တံတွေးကို ပြန်မျိုသည့်အလား စက်ဆုပ်ရွံရှာစွာဖြင့် ကြိမ်းမောင်း၍ ဗယ်တော်မူလိုက်၏။ ဒေဝဒတ်သည် မြတ်စွာဘုရားအပေါ် အကြီးအကျယ် စိတ်ဆိုးပြီး ပထမဆုံး ရန်ငြိုးဖွဲ့ပြီး ထွက်ခွာလေ၏။

# ဘုရားသတ်ပြီး ဘုရားလုပ်မည်

ထိုနောက် အရှင်ဒေဝဒတ်အား မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ပကာသနီယပြုလုပ်၍ မောင်းထုတ်စေ၏။ အရှင်ဒေဝဒတ်သည်-

'ငါ့ကို ရဟန်းဂေါတမက ပယ်လိုက်ပြီ။ ခုအချိန်ကစ၍ ငါသည် ရဟန်း ရဟန်းဂေါတမ၏ အကျိုးစီးပွားကို မပျက်ပျက်အောင် ဖျက်မည်'ဟု ကြံစည်ပြီး အဇာတသတ် မင်းသားကို ကပ်၍-

''အသင်မင်းသား၊ ရှေးကလူတွေဟာ အင်မတန်အသက်ရှည်ကြတယ်။ အခုလူတွေကတော့ အင်မတန် အသက်တိုကြတယ်။ ဒါကြောင့် သင်မင်းသား သတိထားစဉ်းစားဖို့ အချက်တခု ရှိတယ်။ အသင်မင်းသားဟာ မင်းသားဘဝနှင့်ဘဲ သေသွားမလား ဆိုတာ မပြောနိုင်ဘူး။ ဒါကြောင့် သင်မင်းသားက ခမည်းတော်ကိုသတ်၍ မင်းလုပ်လော့။ ငါလဲ ဘုရားကိုသတ်ပြီး ဘုရားလုပ်မည်''ဟု အစီအစဉ်ကို အဇာတသတ်အား ညွှန်ကြား၏။

ဒေဝဒတ် ညွှန်ကြားချက်အတိုင်း ခမည်းတော်ကို နန်းမှချကာ ထောင်သွင်းအကျဉ်းထားပြီး အဇာတသတ်က မင်းလုပ်လေ၏။ အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားကို အသေသတ်ရန် လေးသည်ကျော်တို့ကို စေလွှတ်သော်လည်း မသတ်နိုင်ဘဲ လေးသမားအားလုံး သောတာပန်တည်၍ ပြန်သွားကြလေ၏။

ဒေဝဒတ်သည် မကျေနပ်သဖြင့် ဘုရားကို ကိုယ်တိုင်သတ်ရန် ဂိဇ္ဈကုဋ်တောင်ပေါ်တက်ပြီးလျှင် ကျောက်တုံးနှင့် လှိမ့်ချလေ၏။ သို့ရာတွင် မြတ်စွာဘုရားမှာမူ မသေ၊ ခြေမတော်သာ

သွေးစိမ်းရှင်ရှင်ထွက်လေသည်။ ဒေဝဒတ်သည် မြတ်စွာဘုရားကို အသေသတ်ရန် မစွမ်းနိုင်သော် နာဠာဂီရိဆင်နှင့် တိုက်ပြန်၏။

နာဠာဂီရိဆင်လည်း အတင်း ပြေးလာသောအခါ အရှင်အာနန္ဒာသည် မိမိအသက်ကို မငဲ့ကွက်ဘဲ မြတ်စွာဘုရား ကိုယ်စား ရှေ့က ဆီးခံ၏။ မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် အရှင်အာနန္ဒာကိုဖယ်၍ နာဠာဂီရိဆင်ကို ဆုံးမတော်မူ၏။ ကျောင်းတော်သို့ ပြန်ကြွသောအခါ ထောင်ပေါင်းများစွာသော ဥပါသကာတို့ ယူဆောင်လာသော ကြီးစွာသော အလှူကြီးကို ခံယူသုံးဆောင်တော်မူ၏။

ထိုနေ့၌ စည်းဝေးရောက်ရှိလာကြကုန်သော ရာဇဂြိုဟ်ပြည်သူပြည်သား ၁၀ ကုဋေတို့အား တရားစကား ဟောကြားဆုံးမတော်မူသော် ရှစ်သောင်းလေးထောင်ကုန်သော ပရိသတ်များ အကျွတ်တရား ရကြကုန်၏။

ရဟန်းသံဃာအများတို့က "ရှင်တော်မြတ်ဘုရား၊ ညီဘွား အာနန္ဒာသည် အရှင်မြတ်အပေါ် အလွန် ကျေးဇူးများလှပါသည် ဘုရား။ အင်မတန် ခက်ထန်တဲ့ နာဠာဂီရိဆင်ကြီးက မြတ်စွာဘုရားကို သတ်ရန် ပြေးလာတာကိုတောင် မြတ်စွာဘုရား ရှေ့က အသေခံ ရပ်နေဝံ့ပါသည်ဘုရား" ဟု အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးကို လျှောက်ထားကြကုန်၏။

"ချစ်သားတို့၊ ငါ့ညီတော်ဟာ အခုမှသာ ငါ၏အတွက် အသက်ကို စွန့်ခဲ့တာ မဟုတ်ဘူး။ ဟိုရှေးတုန်းကလဲ စွန့်လွှတ်ခဲ့ဘူးသည်" ဟု မိန့်တော်မူ၏။

ရဟန်းအပေါင်းတို့က ဇာတ်ကြောင်းပြန်ရန် တောင်းပန်သောကြောင့် 'စူဠဟံသ-မဟာဟံသ'ဇာတ်တော်ကို ဟောတော်မူလေသည်။

## စူဠဟံသ-မဟာဟံသ

"ချစ်သားတို့၊ဟိုရှေးအခါတုန်းက ဗာရာဏသီပြည်ကို အစိုးရတော်မူသော သံယမမင်း၏ တောင်ညာစံဒေဝီ မိဖုရားကြီးသည် တရံသောအခါ မိုလင်းခါနီးတွင် ရွှေဟင်္သာဝင်လာပြီး တရားဟောတယ်လို့ အိပ်မက်သောကြောင့် ရွှေဟင်္သာမင်း ဟောကြားအပ်သော တရားတော်ကို နာကြားလိုသောဆန္ဒ ပြင်းပျနေသည်။ ထို့အတွက် မကျန်းမမာဟန်ပြုပြီး အဆောင်တော် တိုက်ခန်း၌ ညှိုးနွမ်းစွာ စံနေ၏။ မင်းကြီးသည် ကိုယ်တော်တိုင် ကြွလာ၍ မိဖုရားကြီး၏ကျောကို လက်ဖြင့်သပ်ရင်း ရောဂါအခြေအနေကို မေးမြန်းတော်မူသည်။

မိဖုရားကြီးလည်း အလိုဆန္ဒ အာသီသကို လျှောက်ထားလိုက်၏။ မင်းကြီးလည်း အမတ်အပေါင်းကို စည်းဝေးစေ၍ မိဖုရားကြီး အလိုဆန္ဒ မပြည့်ဝသဖြင့် နှလုံးစိတ်ဝမ်း ညှိုးနွမ်းနေကြောင်းကို မိန့်ကြားတော်မူ၍ "ရွှေအဆင်းနှင့်တူသော ဟင်္သာဆိုတာ ရှိသလား"ဟု မေးတော်မူ၏။

အမတ်များက-"မမြင်ဘူးပါဘုရား"ဟု လျှောက်ထားကြသည်။

"ဘယ်သူတွေ သိနိုင်သလဲ"

"ပုဏ္ဏားတော်များ သိနိုင်ပါသည် ဘုရား"

"ကဲ-ဒါဖြင့်၊ ပုဏ္ဏားတော်များကို ရှေ့တော်သွင်းစေ"

ပုဏ္ဏားတော်များ ရှေ့တော်သို့ ရောက်ရှိလာသောအခါ မင်းကြီးက-

"အသင် ပုဏ္ဏားတော်များ၊ ရွှေအဆင်းနှင့် တူသော ဟင်္သာဆိုတာ ရှိရဲ့လား"

"အရှင်မင်းမြတ်၊ လူ၊ ငါး၊ ပုစွန်၊ လိပ်၊ သမင်၊ ဥဒေါင်း၊ ဟင်္သာ စသဖြင့် ရွှေအဆင်းနှင့်တူသော သတ္တဝါခုနစ်မျိုး ရှိပါသည် ဘုရား"

## ခေမာ ရေကန်ကြီး

"ဒါဖြင့်ရင် ရွှေအဆင်းရှိတဲ့ ဟင်္သာဆိုတာအမှန်ရှိတာပေါ့"

"မှန်လှပါ၊ ထိုခုနစ်မျိုးသော သတ္တဝါတို့တွင် ဓတရဋ္ဌ ရွှေဟင်္သာမျိုးသည် ဉာဏ်ပညာ ကြီးမားကြောင်း မှတ်သားဘူးပါသည် အရှင်ဘုရား"

"ဒါဖြင့်....အဲဒီ ရွှေဟင်္သာမျိုးတွေဟာ ဘယ်အရပ်မှာ နေကြသလဲ"

"မသိပါဘုရား"

"ဘယ်သူတွေကိုများမေးရင် သိပါ့မလဲ၊ ပုဏ္ဏားတော်ကြီးများ"

"မုဆိုးများ သိနိုင်ကြောင်းပါဘုရား"

"ဒါဖြင့် မုဆိုးကျော်တွေကို ရှေ့တော်သွင်းစေ"

မုဆိုးများရောက်ရှိလာသောအခါ မင်းကြီးက–

"မုဆိုးကျော်များ၊ ရွှေရောင်အဆင်းရှိတဲ့ဟင်္သာတွေကို ဘယ်အရပ် ဘယ်ဒေသမှာ တွေ့နိုင်ပါမလဲ"

"စိတ္တကူဋ်တောင် ရွှေလိုဏ်ဂူအတွင်း၌နေကြောင်း ကြားဘူးပါသည်ဘုရား"

"ဖမ်းဆီးရရှိနိုင်သောနည်းလမ်းကိုကော သိသလား"

"မသိပါဘုရား"

"ဒါဖြင့်... ပုဏ္ဏားတော်ကြီးများက ဘယ်လိုဖမ်းရင် ကောင်းမယ်ဆိုတာ အကြံဉာဏ်များ ပေးစေဗျား"

ထိုအခါပုဏ္ဏားတော်ပညာရှိများက ရွှေဟင်္သာမင်းနေရာသို့သွားရောက်ဖမ်းသည်ထက် ပရိယာယ်ဖြင့်သွေးဆောင်၍ ဖမ်းသည်က ပို၍ကောင်းကြောင်း တင်လျှောက်ကြ၏။

မြို့နှင့် သုံးဂါဝုတ်မျှဝေးကွာသော မြောက်အရပ်တွင် သုံးဂါဝုတ်မျှကျယ်ပြောသော ရေကန်ကြီးတကန် တူးဖော်စေ၏။ ထိုရေကန်တွင် သတ္တဝါများကို ဘေးမဲ့ပေး၍ ကြာမျိုးငါးပါးပြည့်စုံအောင် စိုက်ပျိုးထားသည်။ ကန်အနားသို့ တယောက်မျှ မသွားမလာရစေဘဲ လိမ်မာသောငှက်ခတ်သမားတွေကို အပ်နှံ၍ ကန်လေးဒေါင့်၌ ဘေးမရှိကြောင်း ကြေးကြော်စေ၏။ အရပ်ရှစ်မျက်နှာမှ ငှက်တို့စုရုံးလာကြသည်။ ထိုမှတဆင့် ရွှေဟင်္သာမင်းလည်း အဆင့်ဆင့်ဘေးမရှိကြောင်း သတင်းစကားကြားသဖြင့် လာရောက်သည့်အခါတွင်မှ ကျော့ကွင်းနှင့်ထောင်ဖမ်းလျှင် ကေန်မုချရရှိနိုင်မည်ဖြစ်ကြောင်း အသေးစိတ်တင်ပြကြရာ ထိုအတိုင်းဆောင်ရွက်စေလေသည်။

မကြာမီပင် အဆိုပါ ရေကန်ကြီးမှာ ငှက်အပေါင်းတို့၏စုဝေးရာရေကန်ကြီး ဖြစ်သွားလေ၏။

## ရွှေဟင်္သာမင်း

ခေမာရေကန်ကြီးမှာ ဘေးမရှိသည့်အကြောင်း ကြားသိသော် ရှေးဦးစွာ တိဏ္ဏဟင်္သာမျိုး၊ ထို့နောက် ပဏ္ဍုဟင်္သာ၊ မနောသိလာဟင်္သာ၊ ပါကဟင်္သာမျိုးတို့ အဆင့်ဆင့်လာရောက်ကြကုန်၏။ ပါကဟင်္သာမျိုးမှတဆင့် ဘေးမရှိကြောင်း ဓတရဋ္ဌဟင်္သာမျိုးတို့ကြားသိသော် ထိုအိုင်ကြီးသို့ သွားလိုသောဆန္ဒ အားကြီးလှသည်ကို စစ်သူကြီးအားပြောသဖြင့် စစ်သူကြီးသည် ဟင်္သာမင်းအား အကြောင်းစုံရှင်းပြလေ၏။ ဟင်္သာမင်းက–

“အသင်တို့၊ လူဆိုတာ အင်မတန် ပရိယာယ် မာယာများတယ်။ ဒီရေကန်ကြီးဟာ ရှေးအခါက မရှိဘူး။ အခုမှ ရုတ်တရက် ဖြစ်ပေါ်လာတဲ့အတွက် ငါတို့ကို ထောင်ဖမ်းတာ ဖြစ်ပေလိမ့်မယ်။ သဘောရိုးဟုတ်ပုံမရဘူး။ လူ့ပြည်သို့ မသွားချင်ကြနှင့်” ဟု တားမြစ်၏။ ထိုအခါ ဟင်္သာအပေါင်းတို့က သုံးကြိမ်တိုင်တိုင် တောင်းပန်သောကြောင့် ‘ငါ့အတွက်ကြောင့် ဆွေမျိုးတွေ စိတ်မချမ်းမသာ မဖြစ်ပါစေနှင့်’ ဟု အလိုလိုက်၍ ဟင်္သာကိုးသောင်း ခြံရံလျက် ထိုရေကန်သို့သွား၍ ခုနစ်ရက်တိုင်တိုင် ပျော်ပါးကြလေ၏။ ခုနစ်ရက်မြောက်သော နေ့မှာပင် ငှက်မုဆိုးထောင်ထားသောကျော့ကွင်း၌ ဟင်္သာမင်းမိလေ၏။

ကျော့ကွင်းကိုဖြတ်အောင်ရုန်းသော် ပထမ ဘုံးရွှေအဆင်းနှင့်တူသောအရေပြတ်၏။ ဒုတိယ ရုန်းသော် ကမ္ဗလာအဆင်းရှိသောအသားတော့ပြတ်၏။ တတိယရုန်းသောအခါ ငွေသို့သောအဆင်းရှိသော အကြောများပြတ်လေ၏။ စတုတ္ထရုန်းသော် ခြေပြတ်၍ လွတ်ဘို့အကြောင်းရှိ၏၊ သို့သော် မင်းတို့မည်သည် အင်္ဂါမစုံ

မလင်မဖြင်သင့်ဟု လေးကြိမ်မြောက် မရှုန်းတော့ဘဲ ပြင်းထန်သောဝေဒနာကို ကြိတ်မှိတ်ခံစား၍ နေသည်။

"ယခုအခါ ငါ့ဟင်္သာအော်လိုက်ရင် ငါ့အမျိုးတွေ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကြလိမ့်မယ်။ ရုတ်တရက်ပျံထွက်သွားကြလိမ့်မယ်။ အစာရေစာမဝဘဲနှင့် ပျံထွက်သွားရင် လမ်းခရီး၌ သမုဒ္ဒရာထဲကျ၍ သေကုန်ကြလိမ့်မယ်။ စားကြပါစေအုံး၊ အစာဝလို့ ရေထဲမှာပျော်မြူးနေတဲ့ အချိန်လောက်ရောက်မှသာ ငါ ဟင်္သာအော်ကြွေးကြော်လိုက်သော် တော်မည်'ဟု ကြံစည်ပြီး လျှင် သည်းခံဆိုင်းငံ့ နေလေ၏။

အစာဝချိန်သို့ရောက်သောအခါ ရွှေဟင်္သာမင်းသည် ဟင်္သာအော် ကြွေးကြော်လိုက်သော် ဟင်္သာ ကိုးသောင်းတို့လည်း ကြောက်လန့်တကြားဖြစ်၍ အုပ်စုဖွဲ့ပြီး စိတ္တကူဋ်တောင်သို့ လျှင်မြန်စွာပြန်သွားကြကုန်၏။

စစ်သူကြီးသည် 'ဒီအန္တရာယ်သည် ငါတို့အရှင်မင်းကြီးထံမှ ဖြစ်ပေသလော'ဟုကြံ၍ ရှေးဦးစွာပျံသောဟင်္သာအုပ်ကို အမှီလိုက်ကြည့်၏။မမြင်သော် ပြန်ဆုတ်ပြီး အလယ်အုပ်စုကိုကြည့်၏။ မတွေ့ရသောအခါ နောက်ဆုံးမှပျံလာသော ဟင်္သာအုပ်စုတွင် ရှာဖွေပြန်လေသည်။ ပျံသန်းနေကြသော ဟင်္သာအားလုံး၏ အကြားဝယ် ကြွားကြွားဝင့်ဝင့် ရှုချင့်စဖွယ်ရှိသော ဟင်္သာမင်းအား ရှာဖွေမတွေ့ရှိလျှင် 'ငါတို့အရှင်မင်းကြီး ဘေးဒုက္ခရောက်နေချေပြီ'ဟု သိ၍ ရေကန်သို့ ပြန်လှည့်ခဲ့လေသည်။

ရေကန်သို့ရောက်သောအခါ ကျော့ကွင်းထဲတွင် မိနေသော ဟင်္သာမင်းကို မြင်လေ၏။

“အရှင်မင်းမြတ်၊ မကြောက်ရွံ့ပါလင့်။ ငါ၏အသက်ကို အသေခံ၍ အရှင်မင်းမြတ်ကို ဘေးအန္တရာယ်မှ လွှတ်စေပါအံ့” ဟု နှစ်သိမ့်ဖျောင်းဖျ၍ ကောင်းကင်မှဆင်းပြီး ဟင်္သာမင်း၏ အနား၌ လာ၍နေလေ၏။

ထိုအခါ ဟင်္သာမင်းက ‘ကိုးသောင်း ခြောက်ထောင်သော ဟင်္သာတွေမသဘောကို ကြောက်သောကြောင့် ငါ့ကို စွန့်ပစ်၍ ပျံသွားကြလေပြီ။ ဒီစစ်သူကြီးသည် ပြန်သွားပြီး ဖြစ်ပါလျက် ဘယ်အတွက် ငါ့ထံ ပြန်လာပြီး ငါ့အနားမှာ နေလာပြန်ဘိ သနည်း။ ရန်သူမုဆိုးလာတဲ့အခါ ငါ့ကို စွန့်ပစ်ပြီး ပျံသွားအုံး မလားမသွားဘူးလားဆိုတာ သိအောင်စုံစမ်းမည်’ဟု ကြံစည်၍-

“မဟာလှေကားပွင့် အဆင်း ဝါဝင်းသောအသားအရေနှင့် တင့်တယ်သောနှုတ်သီး၊ လှပသော မျက်နှာရှိသော သုမုခ စစ်သူကြီး၊ ကိုးသောင်း ခြောက်ထောင် ကုန်သော ဆွေမျိုးဟင်္သာ အပေါင်းတို့သည် ငါ့အောသံကြောင့် ဦးတည့်ရာသို့ ပျံသွား ကြလေကုန်ပြီ။ သုမုခစစ်သူကြီး၊ သင်လဲဘဲ သင့်အလိုဆန္ဒအတိုင်း ဘေးကင်းရာအရပ်သို့ ပျံသွားလေလော့။

“ရွှေရောင်အဆင်းရှိသောစစ်သူကြီးသုမုခ၊ ရေးကံအကြောင်း မကောင်းသဖြင့် ကျော့ကွင်းမိနေသော ငါ့ကို ဆွေမျိုး ဟင်္သာ အပေါင်းတို့က ကိုယ်လွတ်ရုန်း၍ စွန့်ခွာပြီး ပျံသွားကြလေပြီ။ လှပသောမျက်နှာရှိသော စစ်သူကြီးသုမုခ၊ အသင်သည် အများ ပျံသလိုပျံမသွားဘဲ အဘယ်ကြောင့် တယောက်ထဲ ငါ့အနား လာနေရသနည်း။

“ပျံသွားသော ဟင်္သာအပေါင်း ကိုးသောင်းခြောက်ထောင် တို့ထက် မြင့်မြတ်သောစစ်သူကြီးသုမုခ၊ သင်အလိုရှိရာ ပျံသွား

ပါလော့၊ ရန်သူ့လက်တွင်း သက်ဆင်းကျရောက်နေသော ငါ့ကို ဘာမျှငဲ့ကွက်စရာ မလိုဘူး။ ကိုယ်မဓါ အမိသော်လဲ သားတော်ခဲ ဆိုသည့် စကားအတိုင်း ကိုယ့်အသက်ကိုသာငဲ့ကွက်ပါ။ကိုယ့်ကိုယ်ကိုသာ လွတ်အောင်ရုန်းပါ။ ရန်သူ့လက် ရောက်တဲ့အခါမှာ အဆွေခင်ပွန်းကောင်းဆိုတာ မရှိနိုင်ဘူး။ ဒါကြောင့် ပြုသင့်ပြုထိုက်သော လုံ့လဝိရိယကို မယုတ်စေပါနှင့်၊ အလိုရှိရာကိုသာ ရှောင်ဖယ်၍သွားပါ”ဟု ပြောဆို၏။

ထိုအခါ သုမုခစစ်သူကြီးက ‘ဤဟံသာမင်းသည် ငါ့ကို အဆွေခင်ပွန်းအစစ်ဖြစ်မှန်းသိဟန်မတူ။ငါ့ကို ဟန်ဆောင်သော အဆွေခင်ပွန်း တယောက်လို သဘောထားပုံရသည်။ထို့ကြောင့် ငါ့ကို ဒီလို စကားမျိုး ပြောဆိုနေခြင်း ဖြစ်သည်။ ငါသည် အဆွေခင်ပွန်းအစစ် ဖြစ်သည့်အကြောင်းကို သိအောင်လုပ်မှ တော်မည်’ ဟုကြံပြီးလျှင်-

“မြတ်သောဟံသာမင်းကြီး၊ အကျွန်ုပ်သည် ဒုက္ခဖိစီးနေသော အရှင်မင်းကြီးကိုမစွန့်ပစ်နိုင်ပါ။ အကျွန်ုပ် အသက်သေသေရှင်ရှင် ပမာနမထားပါ။ ကျေးဇူးရှင် အသင်မင်းကြီးနှင့် အတူတကွသာ နေပါတော့မည်။

“မြတ်သောမင်းကြီး၊ဘယ်လိုဒုက္ခမျိုးနှင့်ရင်ဆိုင်တိုးစေကာမူ သေမှာကြောက်ပြီး အရှင်မင်းကြီးကိုစွန့်ပစ်မသွားနိုင်ပါ။ အရှင်မင်းကြီးသည် အကျွန်ုပ်ကို သူတော်မဟုတ် သူယုတ်မာ ထင်ပြီး မဟုတ်တာ မမှန်တာတွေ မတိုက်တွန်းသင့်ပါ။

“ဟံသာအပေါင်း ကိုးသောင်းခြောက်ထောင်တို့ထက် မြတ်တော်မူသော အရှင်မင်းကြီး၊ အရှင်မင်းကြီးနှင့် အတူမွေး အတူကြီးလာတဲ့ နေရာတိုင်းမှာ အားကိုးအားထားနေရတဲ့ ညာဘက်

မျက်စိနဲ့ တူတဲ့ အသုံးအဝင်ဆုံး မိတ်ဆွေတယောက်ဖြစ်တယ်။ အသင်မင်းကြီး ဒီရေကန်မှာပင် ကျွန်ုပ်အသက် သေချင် သေပါစေ။ သူတော်မဟုတ် သူယုတ်မာတို့ ပြုလုပ်တဲ့ အမှုမျိုး ဘယ်သောအခါမှ မပြုလုပ်ဘူးဆိုတာ အသဲစွဲအောင် မှတ်တော်မူပါ” ဟု သုမုခစစ်သူကြီးက လျှောက်ထားနေစဉ် မုဆိုးတို့က လာ၍ ဖမ်းယူလေ၏၊

မုဆိုးများ ဖမ်းဆီးနေချိန်တွင် သုမုခစစ်သူကြီးသည် ဟင်္သာမင်း၏ အနားမှ မခွာဘဲ သနားစဖွယ် ပြောဆိုနေသည်ကို တွေ့သောအခါ မုဆိုးက သနားကြင်နာလှ၍ “အသင်တို့၊ အသင်တို့ရဲ့ ဆွေမျိုးတွေ ဝမ်းမြောက် ရွှင်လန်းအောင် ပျံသွားကြပါတော့”ဟု ဆိုကာ လွှတ်လိုက်၏။

စစ်သူကြီး သုမုခက ဖမ်းဆီးရခြင်း၏အကြောင်းရင်းကို မေးသောအခါ မုဆိုးများက ပြောပြသဖြင့် အကြောင်းစုံ သိရှိရလေ၏။ သုမုခစစ်သူကြီးက-

“ဟင်္သာမင်း၏ ဘုန်းပညာ တောက်ပစေလိုသောကြောင့်ရင်း၊ မိဖုရားကြီး၏ အာသာဆန္ဒ ပြည့်ဝစေလိုသောကြောင့်ရင်း၊ မုဆိုးများအား အဖမ်းခိုင်းခြင်း ဖြစ်ပေသည်။ အလကား အချည်းနှီး မဖြစ်စေလင့်။ စည်းစိမ်ချမ်းသာ ရရှိစေလိုသောကြောင့်ရင်း၊ မင်းကြီးအား ငါးပါးသီလ မြဲစေလိုသောကြောင့်ရင်း အားလုံးသော အကြောင်းများ စုပေါင်း၍ အကျွန်ုပ်တို့အား ဗာရာဏသီမင်းကြီး ထံမှောက်သို့ ယူဆောင်ကြပေတော့”ဟု မုဆိုးများအား ပြောကြားလေ၏။

## ဇာတ်ပေါင်းခန်း

"ချစ်သား ရဟန်းတို့၊ ညီဘွားအာနန္ဒာသည် ယခုမှသာ ငါဘုရားအတွက် အသက်စွန့်သည် မဟုတ်သေး။ ရှေးကလဲ စွန့်ခဲ့ဘူး၏" ဟု မြတ်စွာဘုရားသည် ဇာတ်တော်ကို ပေါင်းတော်မူ၏။

"ချစ်သား ရဟန်းတို့၊ အဲဒီအခါတုန်းက ငှက်မုဆိုးဟာ ယခုအခါ ဆန္နအမတ်(မြင်းမြီးဆွဲ မောင်ဆန်)ဖြစ်လာသည်။ မိဖုရားကြီးသည် ယခုအခါ ငါဘုရား၏ သမီးတော်ကြီး ခေမာထေရီဖြစ်လာသည်။ သံယမမင်းကြီးသည် သာရိပုတ္တရာဖြစ်လာသည်။ သုမုခစစ်သူကြီးဟသာသည် ညီတော်အာနန္ဒာ ဖြစ်လာသည်။ ထိုအခါက များစွာသော ပရိသတ်သည် ယခုအခါ ငါဘုရား၏ ပရိသတ်ကြီးဖြစ်လာသည်။ ထိုအခါက ဓတရဋ္ဌရွှေဟသာမင်းသည် ယခုအခါ ငါဘုရားဖြစ်ပေသည်"ဟု မိန့်တော်မူလေ၏။

အကွက် စေ့ရှုံ့ရှုလောက်သာ ရေးသား လိုက်ရပါသည်။
အကျယ်လိုပါမူ အဋ္ဌကထာတွင် ကြည့်ရှုတော်မူကြပါရန်။

[စာရေးသူ]

## အကြံပက်စက် စကောလောက်မှ ဇောက်မနက်

အရှင်ဒေဝဒတ်၏ ပြုအပ်သော ယုတ်မာမှုများသည် မသိသာ မထင်ရှားသေး။ ဗိမ္ဗိသာရမင်းကြီးကို မိမိပယောဂဖြင့် နန်းကချပြီး သတ်သည့်ကိစ္စလဲ မထင်ရှားသေး။ လေးသမားများ

ကို စေလွှတ်သည့် ကိစ္စ၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကြီး ဖြင့် လှိမ့်ချသည့် ကိစ္စတို့လည်း ထင်ထင်ရှားရှား မဖြစ်ကြသေး။ နာဠာဂိရိဆင်ကို စေလွှတ်သည့်အခါကျမှ ဒေဝဒတ်၏ ယုတ်မာမှု ကိစ္စတို့ကို ဗူးပေါ်သလို ပေါ်၍ လာလေ၏။ လူအပေါင်း တို့က—

"အချင်းတို့၊ ဒေဝဒတ် ယုတ်မာတာတွေဟာ ဒါတွင်သာ မဟုတ်သေးဘူး။ဘုရင်မင်းမြတ်ကိုသတ်တာလဲ ရှင်ဒေဝဒတ်။လေး သမားတွေကိုလွှတ်ပြီး အသတ်ခိုင်းတာလဲရှင်ဒေဝဒတ်။ ကျောက် တုံးကြီး လှိမ့်ချတာလဲ ရှင်ဒေဝဒတ်။ အခု နာဠာဂိရိဆင်နဲ့ တိုက် သတ်တာလဲ ရှင်ဒေဝဒတ်လက်ချက်ပင် ဖြစ်ပေတယ်။ ဒါလောက် တောင် ယုတ်မာ ညစ်ညမ်းလှတဲ့ ဒေဝဒတ်ကိုမှ မင်းကြီး ဘာ ကြောင့် ပေါင်းသင်း ဆက်ဆံနေပါလိမ့်" ဆိုသည့် အနံ့ဆိုးကြီး ထွက်ပေါ်လာ၏။

အဇာတသတ်မင်းကြီးလည်း လူတိုင်း ပြောဆိုနေကြသည့် မကောင်းသတင်းကို ကြားသိလာသည်။ အမြင်မှန်ရလာသည်။ အမြဲတမ်းတာဝန်ယူထားသော ဆွမ်းအုပ်ငါးရာကိုလည်း ဖြတ် ပစ်လိုက်သည်။ ရှင်ဒေဝဒတ်ထံသို့လည်း ဆည်းကပ်ရန် မသွား ဘဲ နေတော့သည်။

ရှင်ဒေဝဒတ်သည် အမျိုးတို့၏ အိမ်သို့ သွားရောက် ဆွမ်းခံ သော်လည်း တဇွန်းတယောက်မမှ လောင်းလှူမည့်သူ မရှိဖြစ်လေ သည်။ အရှင်ဒေဝဒတ်သည် အစားအစာ ရှားပါးလာပြီဖြစ်၍ အုံ့ညှိဘွယ်ဖြစ်အောင် ဟန်ဆောင် ဝါကြွား၍ အသက်မွေးလို ပြန်သောကြောင့် မြတ်စွာဘုရားထံသွားပြီး တောင်းဆိုချက်ငါးခု ကို တောင်းခံလျှင် ပယ်ချမှာ အမှန်ဖြစ်သည်။ မည်သည့် နည်း

နှင့်မျှ ခွင့်ပြုမည် မဟုတ်ချေ။ အလိုရှိတဲ့သူများ ကျင့်ရန် အာရုဏ်ကင်ဖူတင်တွေရှိသည် စသည်ဖြင့် အကြောင်းပြ၍ ပယ် တော်မူသောအခါ ဒေဝဒတ်က—

"ငါ့ရှင်တို့၊ ဘယ်သူ့ စကားက သင့်လျော် လျောက်ပတ် ကောင်းမြတ်သလဲ။ ဘုရားစကားက ကောင်းမြတ် သင့်လျော် သလား။ ဒါမှမဟုတ် ငါ့စကားကဘဲ သင့်လျော်သလား။ ငါ သည် မြတ်သော အကျင့်ကို အစွမ်းကုန် ကျင့်ရန် အရှင်ဘုရား အား တောင်းပန်ပါ၏-။

"အရှင်ဘုရား၊ တပည့် ရဟန်းတွေကို အသက်ရှည်သမျှ တောရကျောင်းတွေမှာသာ နေပါစေ....

အိမ်စဉ်မပြတ်လှည့်လည်၍ ဆွမ်းခံကြပါစေ ...

ဒကာ-ဒကာမတွေ လှူတဲ့ သင်္ကန်းတွေကိုမသုံးဆောင်ဘဲ၊ဖုံမှုန့် အလိမ်းလိမ်း ကပ်နေသော သင်္ကန်းကိုသာ ဝတ်ရုံကြပါစေ....

ဆောက်လုပ် လှူဒါန်းသော ကျောင်းမှာ မနေစေဘဲ၊ သစ် တပင်ရင်း ဝါးတရုံအောက်မှာသာ နေထိုင်ကြပါစေ....

သားငါးကို မစားဘဲ သတ်သတ်လွတ်သာ စားသောက်ကြ ပါစေ....ဟူ၍ငါးချက်ကိုတောင်းဆိုပါလျက် ငါ့စကားကိုပယ် ရှားစွန့်ပစ်တော်မူသည်။ သံဃရာဝင်၌မှ ထွက်မြောက်လိုသူတိုင်း ငါ့နောက် လိုက်ခဲ့ကြ"ဟု ကြွေးကြော်၍ ထွက်ခွာသွားလေ၏။

## သံဃာကို သင်းခွဲခြင်း

ရှင်ဒေဝဒတ်၏ အော်ဟစ် ကြွေးကြော်သွားသော စကားကို ကြားရသောအခါ ပြုသစ်စအသိဉာဏ်နုသေးသည့် ရဟန်းအချို့

သည် ဉာဏ်ပညာနဲ့ပါးသေးသည့်အတွက် အရှင်ဒေဝဒတ်ပြော သည့်စကားကို—

"အရှင်ဒေဝဒတ် ပြောတဲ့စကားဟာ အတော်ကောင်းတယ်။ ငါတို့လဲ သဘောကျတယ်။ အရှင်ဒေဝဒတ်ထံ လိုက်သွားကြ မယ်"ဟု ဆိုကာ ရှင်ဒေဝဒတ်နှင့်အတူ လိုက်သွားကြကုန်၏။

ရှင်ဒေဝဒတ်သည် မိမိနောက်လိုက်လာသော ရဟန်းငါးရာ တို့နှင့် အတူတကွ ၅ ပါးသောဝတ္ထုတို့ဖြင့် ခက်ခဲသောအကျင့် ကို ကျင့်ကြံလိုသော သူတို့ဆီမှ ရနိုင်သမျှသော ဆွမ်းဘောဇဉ် ကို တောင်းခံစားသောက်၍ သံဃာတွေ ကွဲပြားသွားအောင် ကြိုးစား အားထုတ်လေ၏။

မြတ်စွာဘုရားသခင်က "ဒေဝဒတ်သည် သံဃာတို့ သင်းကွဲ အောင် အစိတ်စိတ် အမြွာမြွာဖြစ်အောင် မညီညွတ်အောင် ပြုလုပ်နေတယ်ဆိုတာ မှန်သလား"

"မှန်ပါသည်ဘုရား"ဟု လျှောက်ထားသဖြင့်-

"ချစ်သားဒေဝဒတ်။ သံဃာကို သင်းခွဲတယ်ဆိုတာ အလွန် ဝန်လေးတဲ့ ဂရုကံကြီးဖြစ်တယ်။ ဤသို့မပြုနှင့်" စသည်ဖြင့်ဆုံးမ တားမြစ်သည်ကို နားမထောင်ဘဲ ထွက်၍သွားလေ၏။

ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံကြွနေသော အရှင်အာနန္ဒာကိုမြင် လျှင်-

"ငါ့ရှင်အာနန္ဒာ၊ ဒီနေ့ကစပြီး ငါသည်မြတ်စွာဘုရားထံမှ တသီးတခြား ခွဲထွက်၍ ဥပုသ်ပြုတော့မယ်။ ကံကြီးကံငယ် ဆောင်တော့မယ်"ဟု ပြောကြားမှာထားလိုက်၏။ အရှင်အာနန္ဒာ က ပြန်လျှောက်သဖြင့် မြတ်စွာဘုရားထိုစကားကို ကြားသိ

တော်မူသည်ရှိသော် ကြီးစွာသောတရားသံဝေဂဖြစ်တော်မူ၏။ 'ဒေဝဒတ်သည်နတ်လူတို့ အကျိုးစီးပွား ပျက်စီးအောင်လုပ်သည့်အတွက် အဝီစိငရဲ၌ အကြီးအကျယ် ခံစားရလိမ့်မည်၊ ကံကြီးထိုက်လေပြီ' ဟုဆင်ခြင်တော်မူ၏။

"ချစ်သားတို့၊ မိမိလဲ အကျိုးစီးပွားမရှိ။ သူတော်ကောင်းတွေလဲရှုံးရှာစက်ဆုပ်တဲ့ မကောင်းတဲ့အလုပ်ဆိုတာ လုပ်လို့အင်မတန်လွယ်ကူတယ်။ ကိုယ်လဲအကျိုးစီးပွားရှိ။ သူတော်ကောင်းတွေလဲ ချီးမွမ်းတဲ့ ကောင်းတဲ့အလုပ်မျိုးကိုသာ လုပ်ဘို့အင်မတန်ခက်တယ်။

"သူတော်ကောင်းများသာ ကောင်းတဲ့အလုပ်ကိုလုပ်ဘို့လွယ်ကူကြတယ်။လူယုတ်မာတွေဟာ ကုသိုလ်ကောင်းမှုပြုလုပ်ဘို့ဆိုရင် အင်မတန် ခက်တယ်။ မကောင်းတဲ့ လူယုတ် မာတွေဟာလဲ မကောင်းတဲ့ အလုပ် လုပ်ရမှာ ဘာမှ ဝန်မလေးဘူး။ အင်မတန် လုပ်လွယ်ကြတယ်။သူတော် ကောင်းများကတော့ မကောင်းမှုကို ပြုရမှာ အင်မတန် ဝန်လေးကြတယ်။ လုပ်ဘို့လဲ အင်မတန် ခက်ခဲကြတယ်"ဟု ဥဒါန်းကျူးတော်မူ၏ ။

## အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်

ထိုအခါ ရှင်ဒေဝဒတ်သည် ဥပုသ်နေ့၌ သူ့ပရိတ်သတ်နှင့်သူ သင့်တော်သည့် နေရာတွင် ထိုင်နေသည်။

"ဝဇ္ဇီပုဂ္ဂိုလ်ငါးပါးကို နှစ်သက်တဲ့သူတွေ စာရေးတံကို ယူစေသတည်း" ဟု ကြွေးကြော်သောအခါ ဘာမျှ မသိ နားမလည်သေးသော ဝဇ္ဇီတိုင်းသား ရဟန်းငါးရာတို့သည် စာရေတံ

ကိုယူကြသည်။ ဒေဝဒတ်သည် သံဃာကိုခွဲ၍ ရဟန်းငါးရာကို ခေါ်ပြီး ဂယာသီသသို့ ထွက်သွားလေ၏။

ဒေဝဒတ်သည် ရဟန်းများကို ခေါ်သွားသည့် အကြောင်း မြတ်စွာဘုရား ကြားတော်မူသောအခါ ထို ရဟန်း ငါးရာကို ပြန်ခေါ်လာရန် အဂ္ဂသာဝက နှစ်ပါးကို စေလွှတ်တော်မူ၏။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန် အဂ္ဂသာဝက နှစ်ပါးတို့သည်ဂယာသီသသို့ကြွတော်မူ၍ တရားဟောခြင်း၊တန်ခိုးပြ ဆုံးမခြင်းတို့ဖြင့် ဟောပြောဆုံးမလျက် ထိုရဟန်းတို့ကို တရား ရေအေး တိုက်ကျွေးတော်မူ၍ ရဟန်းများကို ပြန်လည်ခေါ် ဆောင်ပြီး ကောင်းကင်ယံမှ ဈာန်ဖြင့်ကြွလာတော် မူကြကုန်၏။

## ဒေဝဒတ်ကို ဖနောင့်စာ ကျွေးခြင်း

ကောကာလိကလည်း– "ငါ့ရှင် ဒေဝဒတ် ထလော့၊ နင့် ပရိသတ် ရဟန်းတွေကို သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ ခေါ် သွားကုန်ကြပြီ။ အစက သင့်ကို ငါမပြောဘူးလား"

"ငါ့ရှင်၊ သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ကို အရောမဝင်နဲ့၊ သူတို့ဟာ ယုတ်မာတဲ့သူတွေ။ အလိုဆိုး နှိပ်စက်တဲ့သူတွေဖြစ် တယ်၊ သူတပါး ပရိသတ်ကို မိမိအလိုလိုက်အောင် သွေးဆောင် တတ်တယ်လို့ ငါမပြောဘူးလား။ အခု ဘယ့်နှယ်လုပ်မလဲ။ တယောက်မှ မရှိတော့ဘူး"ဟု ပြောပြီးဒေဝဒတ်ရင်ဝကိုဖနောင့် နှင့် လှိမ့်ပေါက်လေ၏။ ထိုနေရာ၌ပင် ဒေဝဒတ်သည် သွေး ပွက်ပွက် အန်ထွက်လေ၏။

## ဘုရားဖူးလိုသော ဒေဝဒတ်

ရှင်ဒေဝဒတ်သည် ကိုးလလုံးလုံး မကျန်းမမာဖြစ်နေသဖြင့် သေခါနီးရောက်သောအခါ မြတ်စွာဘုရားသခင်ကို ဖူးမြင်လိုသော စိတ်ဆန္ဒဖြစ်လာသည်။

"တပည့်တို့၊ မကျန်းမမာ ရောဂါစွဲကပ်နေသော ငါသည် မြတ်စွာဘုရားကို ဖူးမြင်လိုပါသည်။ ငါ့ကို မြတ်စွာဘုရားထံပို့ကြပါ"ဟု ပြော၏။

"ဆရာဒေဝဒတ်၊ ကျန်းမာတုန်းကတော့ မြတ်စွာဘုရားကို ရန်သူလုပ်ပြီး လှည့်လည်နေတယ်။ အခုလို မကျန်းမာတဲ့အချိန်ကျမှ မြတ်စွာဘုရားထံ ငါတို့မပို့ပါ"

"တပည့်တို့၊ ငါ့ကို စိတ်မချမ်းသာအောင် မလုပ်ကြပါနှင့်။ ငါကသာ မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့၍ ပြစ်မှားမိခဲ့ပါတယ်။ မြတ်စွာဘုရားက ငါ့အပေါ်မှာ ဆံချည်မျှင်ဆယ်စိတ် တစိတ်လောက်မှ ရန်ငြိုးဖွဲ့တဲ့စိတ် မရှိပါ။ ဒါကြောင့် ငါ့ကို မြတ်စွာဘုရားထံပို့ပေးကြပါ...."ဟု နွမ်းယိုချိနဲ့သောအသံဖြင့် တောင်းပန်လေ၏။

## ညီတူညီမျှ

ဒေဝဒတ်ပြောသောစကားသည် မှန်၏။ မြတ်စွာဘုရားသည် မိမိကိုသတ်မည့် ဒေဝဒတ်အပေါ်၌၎င်း၊ လူတွေသတ်၊ လက်တွေဖြတ်တဲ့ အင်္ဂုလိမာလအပေါ်၌၎င်း၊ မိမိကိုနင်းသတ်ရန် ပြေးလာသည့် နာဠာဂိရိဆင်အပေါ်၌၎င်း၊ ရင်သွေးတော် ရာဟုလာ

အပေါ်ခွင်း မည်သူ့အပေါ်တွင်မျှ စိတ်မပြား။ တူညီသော မေတ္တာတရား ထားရှိတော်မူသည်။

အရှင်ဒေဝဒတ်သည် "တပည့်တို့၊ ငါ့ကို ဘုရားထံ ပို့ကြပါလော့။ ဘုရားကိုပြကြပါလော့"ဟု အမျိုးမျိုးအဖုံဖုံတောင်းပန်၏။ ထိုအခါ တပည့်အပေါင်းတို့က ဒေဝဒတ်ကို ညောင်စောင်းနှင့်ထမ်း၍ ထွက်ခဲ့ကြကုန်၏။ ရဟန်းတို့သည် ဒေဝဒတ်လာသောအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

"ချစ်သားတို့၊ ဒေဝဒတ်သည် သူ့ကိုယ်ခန္ဓာဖြင့် ငါဘုရားကို ဖူးမျှော်ခွင့်မရနိုင်"ဟု မိန့်တော်မူ၏။

အရှင်ဒေဝဒတ်သည် ဝတ္ထုငါးပါးကို တောင်းသောအချိန်မှစ၍ မြတ်စွာဘုရားကို ဖူးမျှော်ခွင့်မရတော့ပေ။ ယင်းသို့ ဖူးမျှော်ခွင့်မရခြင်းသည် ဓမ္မတာသဘောပင် ဖြစ်သည်။

## ဒေဝဒတ်ကို မြေမျိုခြင်း

ရဟန်းတို့က-"ရှင်တော်မြတ်ဘုရား၊ ဤအရပ်သို့ရောက်လာပါပြီဘုရား"ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက-

"ချစ်သားတို့၊ ဘယ်နားဘဲရောက်ရောက်၊ ဘယ်လောက်ဘဲကြိုးစားကြိုးစား ငါဘုရားကို ဖူးမျှော်ခွင့်ရမှာမဟုတ်"ဟု မိန့်တော်မူ၏။

"မြတ်စွာဘုရား၊ တယူဇနာလောက် ရောက်လာပြီ၊ ယူဇနာဝက်လောက်ရောက်လာပြီ၊ ဇေတဝန်ကျောင်းတော်အနီး ရေကန်

ကြီးနား ရောက်လာပြီဘုရား”ဟု အဆင့်ဆင့် လျှောက်ကြားကြကုန်၏။

“ချစ်သားတို့၊ နောက်ဆုံး ဇေတဝန်ကျောင်းထဲ ရောက်လာစေကာမူ ငါဘုရားကို ဖူးမြော်ခွင့်ရမှာ မဟုတ်ဘူး”ဟု မိန့်တော်မူ၏။

ဒေဝဒတ်ကိုထမ်းလာသော သူတို့သည်ဇေတဝန်ကျောင်းနားသို့ရောက်သောအခါ ညောင်စောင်းကို ကန်တောင်ရိုးမှာချပြီး ရေဆင်းချိုးကြကုန်၏။ ဒေဝဒတ်လည်း ညောင်စောင်းမှထ၍ ခြေထောက်နှစ်ဖက် မြေကြီးပေါ်ချ၍ ထိုင်နေ၏။ ခြေထောက်နှစ်ဖက် မြေကြီးထဲသို့ တဖြည်းဖြည်းဝင်သွားသဖြင့် မြေကြီးနှင့်မေးရိုးထိလုသောအချိန်တွင်—

“အလုံးစုံသော ဂုဏ်ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်သည် ဤအရိုးတို့ဖြင့်၎င်း၊ ဤအသားတို့ဖြင့်၎င်း ရှိခိုးပါ၏။ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏”ဟု လျှောက်ကြား၏။

## ပစ္စေကဗုဒ္ဓါ ဖြစ်မည်

ဒေဝဒတ်မြေမျိုမည်ကို မြင်တော်မူသောကြောင့် မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းဝတ်ပေးသည်။အကယ်၍ ရဟန်းဝတ်မပေးသော် လူ့ဘဝနှင့် ဤမျှကြီးလေးသောကံကို ပြုနိုင်မည်မဟုတ်။ ဝန်လေးသောကံကို မပြုနိုင်သော်လည်း ရဟန်းမဝတ်ဘဲနေက ဘဝမှလွတ်မြောက်နိုင်မည်မဟုတ်။ ရဟန်းဝတ်သောကြောင့် ဝန်လေးသောကံတို့ကို ပြုပင်ပြုငြားသော်လည်း၊

ရဟန်းပြုခြင်းကြောင့် ရှင်ဒေဝဒတ်သည် ဝဋ်မှထွက်အောင် စွမ်းဆောင်နိုင်လတံ့”

ဤကဲ့သို့သော အကြောင်းစုံကို မြင်တော်မူသောကြောင့် အရှင်ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူ၏။ “အရှင်ဒေဝဒတ်သည် နောင်အခါ၌ အဋ္ဌိဿရပစ္စေကဗုဒ္ဓါဖြစ်ပေလတံ့”ဟု ဗုဒ္ဓက မိန့်တော်မူလေသည်။

## ဒေဝဒတ် အဝီစိငရဲကျခြင်း

အရှင်ဒေဝဒတ်သည် မြေမျို၍ အဝီစိငရဲသို့ ရောက်သွားလေ၏။ သဲသဲမဲမဲ ဇွဲနဘဲနှင့် မြတ်စွာဘုရားကို ပြစ်မှားသောကြောင့် သဲသဲမဲမဲအဝီစိငရဲ၌ခံရလေသတည်း။ ယူဇနာတရာလောက်ရှိသော အဝီစိငရဲ၌ တယူဇနာလောက်မြင့်သော ကိုယ်ခန္ဓာကြီးဖြစ်လေ၏။ ခေါင်းနှင့်နားရွက်တို့သည် သံအမိုးကြီးထဲ မြုပ်ဝင်နေ၏။ ခြေနှစ်ဖက်တို့သည် ဖမျက်တိုင်အောင် သံမြေထဲ စူးဝင်နေ၏။ ထန်းလုံးခန့်ပမာဏရှိသောသံစို့ကြီးသည် အနောက်နံရံကထွက်၍ ကျောကုန်းအလယ်ကို ဖောက်ပြီးဝင်သွားသည်။

ထို့နောက် ဗိုက်ကထွက်၍ အရှေ့နံရံထဲသို့ စူးဝင်သွား၏။ သံတံကျင်တချောင်းသည် တောင်နံရံကထွက်၍ ညာဘက်ဘေးက ဖောက်ဝင်သွားပြီး ဘယ်ဖက်ဘေးကထွက်၍ မြောက်နံရံထဲသို့ စူးဝင်သွားလေ၏။ သံတံကျင်တချောင်းသည် သံပြားအမိုးကထွက်၍ ခေါင်းကို ဖောက်ခွဲပြီး စူးဝင်သွားကာ အောက်ကထွက်၍ မြေကြီးထဲသို့စူးဝင်သွားလေ၏။ ဤသို့ ဖော်ပြသောအစဉ်အတိုင်း ရှင်ဒေဝဒတ် သဲသဲမဲမဲ ခံစား၍ နေရလေသတည်း။

ရဟန်းတို့ကလည်း အနှားရောက်ခါမှ မြတ်စွာဘုရားကို မဖူး မျှော်ရဘဲ ဒေဝဒတ်ကို မြေခွဲမျိုသွားသည့်အကြောင်း ပြောဆို နေကြကုန်၏။

## သီလဝ ဆင်မင်း

မြတ်စွာဘုရားက- "ချစ်သားတို့၊ ဒေဝဒတ်ဟာ အခုမှ ငါ ဘုရားကို ပြစ်မှားလို့ မြေမျိုခံရတာ မဟုတ်သေး၊ ရှေးအခါက လဲ ခံခဲ့ရဘူးသည်"ဟု မိန့်တော်မူလေ၏။

"ငါဘုရား ဆင်မင်းဖြစ်စဉ်ကနီးက မျက်စိလည် လမ်းမှား နေတဲ့ ယောကျ်ားတယောက်ကို ကျောပေါ်တင်ပြီး ဘေးရန်မရှိ၊ လူသူနီးသော အရပ်သို့ ပို့ပေးလိုက်သည်။ ထိုယောကျ်ားသည် သုံးကြိမ်တိုင်တိုင် ပြန်လာပြီး ငါ့အစွယ်ကို သုံးပိုင်းပိုင်းပြီး ယူလေ သည်။ သုံးကြိမ်မြောက် နောက်ဆုံး အခေါက်တွင် ငါ့မျက်စိ မြင်ကွင်းမှ လွန်ရုံဖြင့် မြေမျိုခံရပေသည်"ဟု သီလဝ ဆင်မင်း ဇာတ်ကို ဟောကြားတော်မူ၏။

သီလဝ ဆင်မင်းဇာတ်ကို ဟောတော်မူပြီးနောက် ထိုစကား မျိုး ပြောဆိုကြပြန်ရာ ခန္တိဝါဒီ ဇာတ်ကိုရင်း၊ စူဠဓမ္မပါလ ဇာတ်ကိုရင်း ဟောကြားတော်မူ၏။

## မဟာပိင်္ဂလဇာတ်

အရှင်ဒေဝဒတ် မြေမျို၍ မြေကြီးထဲသို့ ဝင်သွားသောအခါ လူပေါင်းများစွာတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသဖြင့် တံခွန်ကုက္ကား ငှက်ပျောပင်စသည်တို့ကို စိုက်စေ၍ ကြာပွင့် ကြာ

ချပ်တို့ဖြင့် အထပ်ထပ်မွမ်းမံပြီးလျှင် ရေပြည့်အိုးတို့ကို တည်ထား ကြလေ၏။

"အချင်းတို့၊ ငါတို့သည် လူ့ဘဝ အရတော်လေစွတကား၊ အင်မတန် ကံကောင်းလေစွ တကား"ဟု ပွဲလမ်းသဘင် အကြီး အကျယ် ကျင်းပ၍ ပျော်ရွှင်ကြလေ၏။ ထိုထိုသောအကြောင်း ကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရား က—

"ချစ်သားတို့၊ ဒေဝဒတ်သေလို့ လူတွေ အခုမှသာ ပျော်ရွှင် ကြတာ မဟုတ်သေး။ ရှေးကလဲ ပျော်ရွှင်ကြသည်သာတည်း"ဟု မိန့်တော်မူ၏။

"လူတွေ မချစ်မနှစ်သက်၊ အင်မတန် ကြမ်းကြုတ်ရက်စက် သည့် ပိင်္ဂလမင်းကြီး သေတုန်းကလဲ လူတွေ အင်မတန် ဝမ်း မြောက်ဝမ်းသာ ရွှင်လန်းကြတယ်"ဟု ဆိုကာ မဟာပိင်္ဂလဇာတ် တော်ကို ဟောတော်မူသည်။

"အချင်း တံခါးမှူး၊ လူတွေကို စိတ်မချမ်းသာအောင် ညှဉ်းဆဲ နှိပ်စက်တဲ့ သင့်သခင် ပိင်္ဂလမင်း သေသွားတာကို လူတွေ ဝမ်း မြောက်ဝမ်းသာ ခံစားနေကြတယ်။ နားရောမျက်စိပါ ကြောင် တောင်ဖြစ်နေတဲ့ ပိင်္ဂလမင်းကို နှမြောနေသလား၊ စုံမက်နေ သလား။ ဘာပြုလို့ စိုးရိမ်ပူဆွေး ငိုကြွေးနေသလဲ"

ထိုအခါ တံခါးမှူးက—"ကြောင်တောင်တောင် နားမျက်စိနဲ့ ကြမ်းကြုတ်ရက်စက်လှတဲ့ ပိင်္ဂလမင်းယုတ်ကို ငါ အရေးလုပ်ပြီး ငိုနေတာမဟုတ်၊ သေသွားတဲ့ ပိင်္ဂလမင်း နောက်တခါ လူ့ပြည် ပြန်လာမှာကိုဘဲ အလွန်ကြောက်ရွံ့နေပါတယ်။ လူ့ပြေက သေ လားတဲ့ ပိင်္ဂလမင်းဟာ သေမင်းကိုတောင် သွားညှဉ်းနေအုံး

မလားလို့ ငါတွေးနေတယ်။ သေမင်းက လက်မခံလို့ လူ့ပြည့် ပြန်ပြီး ညှဉ်းဆဲနေအုံးမည်ကိုသာ ငါစိုးရိမ်နေတာ ဖြစ်ပေတယ်” ဟု ဟောတော်မူ၏။

## သောတာပန် စသည် တည်ခြင်း

ရဟန်းတို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍-

“ရှင်တော်မြတ်ဘုရား၊ အခု ဒေဝဒတ် ဘယ်ဘုံရောက်နေပါ သလဲ ဘုရား”

“ချစ်သားတို့၊ အဝီစိငရဲမှာ ခံနေရတယ်”

“ရှင်တော်မြတ်ဘုရား၊ ဒေဝဒတ်သည် အသက်ရှင်စဉ် အခါ တုန်းက စိုးရိမ်ပူပန်ပြီး နေရတယ်။ သေသွားပြန်တော့လဲ စိုးရိမ် ပူပန်နေရတဲ့နေရာ ငရဲရွာသို့ ရောက်ရပြန်တယ်”ဟု ရဟန်းတို့က လျှောက်ထားသော်-

“မှန်တယ် ချစ်သားတို့၊ ရဟန်းဖြစ်စေ၊ လူဖြစ်စေ မေ့မေ့ လျော့လျော့နေတဲ့သူတွေဟာ ခုရော နောင်ပါ ဘယ်အခါမဆို အမြဲလို စိုးရိမ်ပူပန်နေရမှာ ဖြစ်ပေတယ်”ဟု ဟောတော်မူ၏။

ဒေသနာ၏ အဆုံး၌ များစွာသော သူတို့သည် သောတာပန် စသည် ဖြစ်ကြကုန်၏။

# သုမနဒေဝီဝတ္ထု

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ သုမနဒေဝီကို အကြောင်းပြု၍ ဤတရားကို ဟောကြားတော်မူခဲ့သည်။

သာဝတ္ထိပြည်အနာထပိဏ်သူဌေးကြီးအိမ်ဝယ် နေ့စဉ်နေ့တိုင်း သံဃာတော် အပါး ၂၀၀၀ လောက် ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။ ထို့အတူ ဝိသာခါ ဒါယကာမကြီး အိမ်၌လည်း သံဃာတော် ၂၀၀၀ ခန့် နေ့တိုင်း နေ့တိုင်း ဆွမ်းဘုဉ်းပေးတော်မူကြကုန်၏။

သာဝတ္ထိပြည်၌ အလှူဒါန ပြုလုပ်လိုသူ ဟူသမျှတို့သည် အနာထပိဏ်၊ ဝိသာခါ သူတို့နှစ်ဦးထံ ခွင့်ပန်၍ရမှ အလှူဒါန ပြုလုပ်ကြရကုန်၏။ အဘယ်ကြောင့်နည်း....။ သူတို့ လှူတဲ့ တန်းတဲ့

နေရာသို့ အနာထပိဏ်၊ ဝိသာခါတို့ လာကြလို့လား။ သူတို့နှစ်ဦး မလာကြပါ။ ပြောရမည်ဆိုသော် တသိန်းကုန်အလှူကြီး ပေးလှူကြစေကာမူ ဒီအလှူဟာ ဘယ်လိုအလှူကြီးမှန်းလဲ မသိဘူးဟု ကဲ့ရဲ့ကြကုန်၏။

ဝိသာခါ အနာထပိဏ်တို့ နှစ်ဦးကား ရဟန်းသံဃာတို့၏ အလိုဆန္ဒကိုရှင်း၊ တော်မတော်၊ အပ်မအပ်ကိုရှင်း အထူး သလည်း သိနားလည်ထားကြကုန်၏။ အနာထပိဏ် ဝိသာခါတို့ကို ကြည့်ရှုစီရင်ကြသော် ရဟန်းတော်တို့၏ စိတ်တိုင်းကျ ဘုဉ်းပေး သုံးဆောင်တော်မူနိုင်ပေသည်။ ထို့ကြောင့် အလှူဒါနပြုလုပ်လို သူတို့သည် လှူဒါန်း ပေးကမ်းလိုသောအခါ ဝိသာခါ အနာထပိဏ်တို့ကို မရအရ ခေါ်သွားကြကုန်၏။

## ကိုယ်စားလှယ် လွှဲခြင်း

ဤသို့ အလှူတိုင်း အလှူတိုင်း လိုက်၍ ကြည့်ရှု စောင့်ရှောက် နေရသောကြောင့် အနာထပိဏ် ဝိသာခါတို့သည် ကိုယ့်အိမ်တွင် အိမ်းကျေးဇူး အခွင့်ပင် မရကြလေကုန်၊ ထိုသို့ လုပ်ကျွေးခွင့်မရ သောကြောင့် ဝိသာခါ ဒါယိကာမကြီးသည် ဘယ်သူ့အား ငါ့ ကိုယ်စား တာဝန်ယူ၍ လုပ်ကျွေးနိုင်မလဲဟု စဉ်းစား ဆင်ခြင် သော် သား၏ သမီးဖြစ်သော မြေးမကို မြင်လေ၏။ ထိုမြေးမ ကို မိမိကိုယ်စား ပြုစုစေ၏။ ထိုသတို့သမီးသည် အဖွားအိမ်၌ နေ၍ ရဟန်းအပေါင်းတို့အား လုပ်ကျွေး ပြုစုလေ၏။

အနာထပိဏ်သူဌေးလည်း ရဟန်းသံဃာတို့ကို လုပ်ကျွေး ပြုစုရာ၌ သမီးအကြီး မဟာသုဘဒ္ဒါကို တာဝန်လွှဲလိုက်လေ၏။

မဟာသုဘဒ္ဒါသည် ရဟန်းတော်တို့၏ အမှုကိစ္စဟူသမျှကိုဆောင်ရွက် ပြုစုလျက် တရားနာရသော် သောတာပန်တည်၍ လင့်အိမ်သို့ လိုက်ရလေသည်။ ထို့နောက် သူဌေးကြီးသည် သမီးငယ် စူဠသုဘဒ္ဒါကို သံဃာတော်တို့အား လုပ်ကျွေးပြုစုရန် တာဝန်လွှဲလိုက်ပြန်လေ၏။ စူဠသုဘဒ္ဒါသည်လည်း ရဟန်းတော်တို့၏ အမှုကိစ္စဟူသမျှကို ဆောင်ရွက်ပြုစုလျက် အစဉ်မပြတ် တရားနာရသော် သောတာပန်တည်၍ လင့်အိမ်သို့ လိုက်ရပြန်လေ၏။

## သုမနဒေဝီ

ထိုအခါ ရဟန်းသံဃာတော်များကို လုပ်ကျွေးပြုစုရန် သမီးအငယ် သုမနဒေဝီကို တာဝန်လွှဲပြန်လေသည်။ သုမနဒေဝီသည် တရားတော်ကို ကြားနာရသဖြင့် သကဒါဂါမ်တည်လေ၏။ အပျိုစင် ဘဝနှင့်ပင် မကျန်းမမာ ရောဂါနှိပ်စက်လာသော် အစာရေစာ မဝင်၍ ဖခင်ကို ဖူးမြင်လိုသောကြောင့် ဖခင်အနာထပိဏ်သူဌေးကြီးကို ခေါ်စေ၏။ အနာထပိဏ်သူဌေးကြီးလည်း အလှူမဏ္ဍပ်တခုတွင်ရှိနေစဉ် သမီး၏သတင်းကို ကြားရသောကြောင့် အိမ်သို့ မြန်မြန်ပြန်လာ၍-

"ချစ်သမီး ဘယ်လို နေသေးသလဲ"ဟု မေးမြန်း၏။

ထိုအခါ သုမနဒေဝီက "ဘာလဲ မောင်ငယ်" ဟု ထူးလိုက်၏။

"ချစ်သမီး ကယောင်ချောက်ချား ဖြစ်နေသလား"

"မယောင်ပါဘူး မောင်ငယ်"

"ချစ်သမီး ကြောက်သလား"

"ငါမကြောက်ပါဘူး မောင်ငယ်" ဟု ပြောပြီး သေဆုံး သွားလေ၏။

အနာထပိဏ်သူဌေးကြီးသည် သောတာပန်ပင် ဖြစ်သော်လည်း သမီးငယ်သေဆုံးသည်ကို အကြောင်းပြု၍ ပူဆွေးသောကကို သည်းခံခြင်းငှာ မစွမ်းနိုင်တော့ပေ။ သမီးအလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်စေ၍ အပြင်းအထန် ငိုကြွေးပြီး မြတ်စွာဘုရားထံ သွား၏။

မြတ်စွာဘုရားထံသို့ရောက်လျှင် မြတ်စွာဘုရားက—

"သူဌေးကြီး၊ အဘယ်အကြောင်းကြောင့် စိတ်မချမ်းမသာ ဖြစ်ရသနည်း။ စိုးရိမ်ပူဆွေး ငိုကြွေးပြီးလာခဲ့သနည်း"

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ သမီးငယ် သုမနဒေဝီ သေဆုံးသွားပါသည်ဘုရား၊ သို့အတွက်ကြောင့် တပည့်တော် စိုးရိမ်ပူဆွေး ငိုကြွေးလာခဲ့ပါသည်ဘုရား"

## မလွဲကေန် သေရမည်အမှန်

"ဒါယကာ သူဌေးကြီး၊ သမီးငယ် သေဆုံးရုံမျှနှင့် ဘာဖြစ်လို့ ဒါလောက် ငိုကြွေးနေရသနည်း၊ သတ္တဝါတိုင်းဟာ ကေန်မလွဲ သေရမှာဘဲဆိုတာ မသိ၍လား"

"မဟုတ်ပါဘုရား၊ သတ္တဝါတိုင်း သေရမှာဘဲဆိုတာ တပည့်တော် သိမြင်နေပါသည်ဘုရား။ အရှက်အကြောက် ဟိရီဩတ္တပ္ပတရားနှင့် ပြည့်စုံတဲ့ တပည့်တော်ရဲ့ သမီးလေးသည် သေခါနီးမှာ သတိကို တည်တည်တံ့တံ့ ကောင်းစွာ မထားနိုင်ဘဲ သတိလက်လွတ် ကယောင်ကတမ်းနှင့် ယောင်ယမ်းပြောဆိုပြီး သေ

သွားပါသည်ဘုရား။ ထို့ကြောင့်ပင် တပည့်တော် စိတ်မချမ်းမသာ ဖြစ်နေရပါသည်ဘုရား"

"ဒါယကာ သူဌေးကြီး၊ သင့်သမီးက ဘာတွေများကယောင်ကတမ်း ယောင်ယမ်း ပြောဆိုသွားသလဲ"

သူဌေးကြီးသည် အကြောင်းစုံကို ပြန်ကြား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက-

"သူဌေးကြီး၊ သင့်သမီးဟာ ကယောင်ကတမ်းနဲ့ ယောင်ယမ်း ပြောဆိုသွားတာမဟုတ်ဘူး"

"အရှင်ဘုရား၊ ယောင်ယမ်းပြောဆိုတာမဟုတ်လျှင် အဘယ်ကြောင့် တပည့်တော်ကို မောင်ငယ်လို့ ခေါ်ပါသလဲဘုရား"

"သူဌေးကြီး၊ သင့်သမီးငယ်သည် သူဌေးကြီးထက် မဂ်ဖိုလ်တို့ဖြင့် ကြီးသည်။ သူဌေးကြီး၊ သင်က သောတာပန်သာ တည်သည်။ သင့်သမီးကား သကဒါဂါမ်တည်၍ သွားသည်။ ဒါကြောင့် သင့်ထက် မဂ်ဖိုလ် ကြီးသောကြောင့် မောင်ငယ်ဟု ခေါ်ခြင်း ဖြစ်ပေသည်"

"ဒါဟာ အမှန်ပါဘဲလားဘုရား"

"မှန်ပေတယ် ဒကာတော် သူဌေးကြီး"

"အရှင်ဘုရား၊ တပည့်တော်၏ သမီး အခု ဘယ်ဘုံမှာ ဖြစ်နေပါသလဲ ဘုရား"

"ဒါယကာ သူဌေးကြီး၊ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏"

"ရှင်တော်မြတ်ဘုရား၊ တပည့်တော်၏ သမီးသည် အခု မျက်မှောက် ဘဝမှာလဲ ဆွေမျိုးတွေ၏ အလယ်၌ ဝမ်းမြောက် ပျော်ရွှင်စွာ နေထိုင်သွားရပါသည်ဘုရား။ သေသွားတဲ့ အခါမှာလဲ

ဘုသိတာဘုံမှာ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်စွာ နေထိုင်ရ ပြန်ပါသည် ဘုရား”

“သူဌေးကြီး၊ မအေမမလျော့ နေလေ့ရှိဘဲ့ သူတို့မည်သည် လူဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် ပစ္စုပ္ပန်-သံသရာ နှစ်ဖြာစလုံး နှစ် သက် ဝမ်းမြောက်စွာ စံစားရပေသည်”ဟု မိန့်တော်မူ၏။

ဒေသနာအဆုံးတွင် များစွာသော သူတို့သည် သောတာပန် စသည် တည်ကြကုန်သတည်း။

× × ×

# မိတ်ဆွေ ရဟန်းနှစ်ပါး ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ မိတ်ဆွေ ရဟန်းနှစ်ပါးကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့သည်။

သာဝတ္ထိပြည်ကြီးတွင် နေထိုင်ကြသော အလွန် ချစ်ခင်သည့် သူငယ်ချင်း နှစ်ယောက်တို့သည် မြတ်စွာဘုရားထံသွား၍ တရား နာကြသည်။ ကာမဂုဏ်ကို စွန့်ပစ်၍ သာသနာတော်၌ ရဟန်း ဝတ်ကြသည်။ ဥပဇ္ဈာယ်ဆရာထံ ငါးဝါနေ၍ မြတ်စွာဘုရား ထံ ချဉ်းကပ်ပြီးလျှင်-

"အရှင်ဘုရား၊ သာသနာတော်၌ ရဟန်းများ ပြုလုပ်ရမည့် တာဝန် မည်မျှရှိပါသနည်းဘုရား"

"ရဟန်းတို့မည်သည် (၁) စာပေကျမ်းဂန် သင်အံပို့ချရမည်။ (၂) ဝိပဿနာတရား အားထုတ်ရမည်"ဟု အကျယ်တဝင့် ဟောကြားတော်မူသည်။ ရဟန်းတပါးက-

"ရှင်တော်မြတ်ဘုရား၊ တပည့်တော် အသက်ကြီးမှ သင်္ကန်းဆီးရသောကြောင့် စာပေကျမ်းဂန် သင်အံပို့ချဘို့ မစွမ်းနိုင်ပါ။ ဝိပဿနာတရားကိုသာ ကြိုးစားအားထုတ်ပါမည်။ သို့ဖြစ်ပါ၍ အရဟတ္တဖိုလ်တိုင်အောင် ဝိပဿနာတရား ဟောကြားတော်မူပါဘုရား"ဟု လျှောက်ထား၍ မနားမနေ ကြိုးစားအားထုတ်သော် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာ ဖြစ်လေ၏။

ရဟန်းတပါးကမူ 'ငါသည် စာပေသင်ကြားဘို့ စွမ်းနိုင်သည်။ ထို့ကြောင့် ငါစာသင်မည်'ဟုဆိုကာ ပိဋကတ်သုံးပုံကို အကုန်သင်လေ၏။ ပိဋကတ်သုံးပုံကို ဒိုးလိုမွှေနိုင်သူ ဖြစ်သည်။ ရဟန်း ၅၀၀ ကို စာပေပို့ချ သင်ကြားပေးနေသည်။ ဂိုဏ်း ၁၂ ဂိုဏ်းတို့၏ အကြီးအမှူး ဂိုဏ်းဆရာ ဖြစ်သည်။ ရဟန်းတို့သည် မြတ်စွာဘုရားထံ၌ ဖြစ်စေ၊ မိတ်ဆွေရဟန္တာ မထေရ်ထံတွင် ဖြစ်စေ ကမ္မဋ္ဌာန်းယူ၍ အားထုတ်ကြရာ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြသည်။ ရဟန်းတို့သည် မထေရ်ကို ရှိခိုး၍-

"အရှင်ဘုရား၊ တပည့်တော်တို့ မြတ်စွာဘုရားကို သွားရောက် ဖူးမျှော်လိုကြပါသည် ဘုရား" ဟု ခွင့်ပန်ကြကုန်၏။ မထေရ်လည်း-

"ငါ့ရှင်တို့၊ သွားကြ။ ငါ့စကားဖြင့် မြတ်စွာဘုရားကို ရှိခိုးပါ။ ရှစ်ကျိပ်သော မဟာသာဝက တို့ကိုလဲ ရှိခိုးကြပါ။ ငါ့မိတ်ဆွေ မထေရ်ကိုလဲ တပည့်တော်တို့ဆရာက အရှင်ဘုရားကို ရှိခိုး

လိုက်ပါသည့် ဘုရားဟု လျှောက်ထားကြပါ” ဟုမှာထားပြီး လွှတ်လိုက်၏။

ရဟန်းတို့သည် မြတ်စွာဘုရားကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားကိုဝင်း၊ မထေရ်ကြီး ရှစ်ကျိပ်ကိုဝင်း ဖူးမျှော်ဝပ်လျိုးရှိခိုးကြပြီး၍ စာတတ်မထေရ်ကို သွားရောက်ရှိခိုးကြ၏။

“အရှင်ဘုရား၊ တပည့်တော်တို့ဆရာက အရှင်မြတ်ကို ရှိခိုးလိုက်ပါသည်ဘုရား”ဟု စာတတ်စာချရဟန်းအား လျှောက်ထားကြကုန်၏။

“အသင်တို့ဆရာက၊ အဘယ်အမည်ရှိသနည်း”ဟု မေးသောအခါ-

“အရှင်ဘုရား၏ မိတ်ဆွေရဟန်းပါဘုရား” ဟုလျှောက်ကြကုန်၏။

## မှားယွင်းသော အယူအဆ

ဤကဲ့သို့ အမြဲမပြတ် သတင်းစကားကို စေလွှတ်အပ်သည်ရှိသော် အနည်းငယ် သည်းခံ၍နေ၏။ နောင်သောအခါ သည်းမခံနိုင်သဖြင့်-

“တပည့်တော်တို့ဆရာ အရှင်မြတ်ကို ရှိခိုးပါသည်ဘုရား” ဟု လျှောက်လိုက်သောအခါ-

“သင်တို့ဆရာက ဘယ်သူလဲ”

“အရှင်ဘုရား မိတ်ဆွေရဟန်းပါဘုရား”

“ဘယ်လိုလဲ၊ သင်တို့သည် ထိုရဟန်းထံ၌ သင်ကြားသလော။ နိကာယ်တခုခုကို သင်ကြားပေးသလော။ ပိဋကတ် သုံးပုံထဲက

ဘယ်ပုံကို သင်ယူသလော”ဟု မေးပြီး ‘လေးပါဒရှိတဲ့ ဂါထာကိုမျှ မသိမမြင် သက်နိုးပတ်တဲ့ အချိန်ကစပြီး တောထဲသွားနေတာ ဘပည့်တွေမျှားလှချေတကား ဒီရဟန်းလာတဲ့အခါ ငါ ပြဿနာမေးအုံးမှသင့်မည်’ဟု ကြံ၏။

ထိုသို့ကြံစည်ပြီးနောက် မထေရ်သည်မြတ်စွာဘုရားကိုဖူးမျှော်ရန်ရောက်ရှိလာ၏။

မိတ်ဆွေမထေရ်ထံ သပိတ်သင်္ကန်းထားပြီး မြတ်စွာဘုရားကိုင်း၊ ရှစ်ကျိပ်သောမထေရ်ကြီးတို့ကိုင်း သွားရောက် ရှိခိုးပြီး၍ မိတ်ဆွေမထေရ်ထံ ပြန်လာခဲ့လေ၏။ ထိုအခါမထေရ်အား ဝတ်ကြီးဝတ်ငယ်၊ ပြုပေးပြီးလျှင် ထပ်တူထပ်မျှ နေရာကိုယူ၍ ပြဿနာမေးအံ့ဟု ထိုင်နေလေ၏။

## ပြဿနာ မေးတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် စာတတ်ပေတတ် ရဟန်းသည် သဘောရိုးရှိသော ငါ့ဘုရား၏ သားတော်ကြီးကို နှိပ်စက်ညှဉ်းပန်း၍ ငရဲခံရမည်ကို မြင်တော်မူ၍ ထိုရဟန်း၌ သနားတော်မူသဖြင့် ကျောင်းစဉ်လှည့်သကဲ့သို့ ထိုရဟန်းတို့ ထိုင်နေရာသို့ ကြွတော်မူလာ၍ သီးခြားခင်းထားအပ်သော မြတ်စွာဘုရားနေရာ၌ ထိုင်နေတော်မူ၏။

ထိုစကား မှန်သည်။ ထိုသို့သော အရပ်တို့၌ ထိုင်နေသော ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်၏ နေရာကို သီးသန့် ခင်း၍သာ နေကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရား

သည် မြတ်စွာဘုရားအတွက် သီးခြားခင်ထားသော နေရာ၌ ထိုင်နေတော်မူသည်။

## ဒိုးဒိုးဒေါက်ဒေါက်

ယင်းသို့ ထိုင်နေတော်မူပြီး၍ မြတ်စွာဘုရား သခင်သည် စာတတ်ပေတတ်ရဟန်းကို ပထမဆုံးစျာန်နှင့် ပတ်သက်သော အမေးပုစ္ဆာ ပြဿနာကို မေးတော်မူ၏။ စာတတ်ရဟန်းက ဒေါက်ကနဲ ဖြေလိုက်၏။ ဒုတိယစျာန်ကို အစပြု၍ သမာပတ်ရှစ်ပါးကိုဍင်း၊ ရုပ်နာမ် အကြောင်းသို့ဍင်း အမေးပုစ္ဆာ မေးတော်မူ၏။

မေးတိုင်းမေးတိုင်းသော အမေးပုစ္ဆာတို့ကို စာဘတ် ရဟန်းသည် မိုးသည်း မိုးပေါက်ကဲ့သို့ ဒိုးဒိုးဒေါက်ဒေါက် ဖြေဆို၍ ပြလေ၏။

## ငွေတကြိုး မှိုင်းခံသလို

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းကို သောတာပတ္တိမဂ်၌ အမေးပုစ္ဆာ ပြဿနာကို မေးတော်မူ၏။ ထိုစာတတ်ပေတတ် ရဟန်းသည် ငွေတကြိုး မှိုင်းခံသလို ဘာတလုံးမျှ မဖြေနိုင်ဘဲ ပါးစပ်ကြီး အဟောင်းသား ဖြစ်သွားလေ၏။

ထိုစာတတ်ပေတတ်ရဟန်း ဘာတလုံးမှ မဖြေနိုင်ဘဲ ပါးစပ်ကြီး ဟောင်းလောင်း ဖြစ်နေသော အခါကျမှ ရဟန္တာဖြစ်ပြီး ဝိပဿနာဆောင် မထေရ်ကို လှည့်၍ မေးတော်မူ၏။ မထေရ်

သည် ဖြေဆို၏။ မြတ်စွာဘုရားက– "ကောင်းလှပေ၏ ချစ်သား ရဟန်း"ဟုကောင်းချီး ပေးတော်မူသဖြင့် အလွန်နှစ်သက်တော်မူ၏။

ကြွင်းသော မင်္ဂတို့၌ အစဉ်အတိုင်း အမေးပုစ္ဆာ ပြဿနာများကို ဆက်၍ မေးတော်မူ၏။ စာတတ် ဂန္ထဓူရဆောင် ရဟန်းသည် စာကိုသာ တတ်သဖြင့် စာသိသာသိသည်။ မင်္ဂဖိုလ်ကိုရအောင် ဘာဝနာ အားမထုတ်သောကြောင့် မင်္ဂကိစ္စနှင့် ပတ်သက်၍ တလုံးတပါဒမျှ ဖြေဆိုနိုင်စွမ်း မရှိပေ။ ရဟန္တာဖြစ်သော မထေရ်ကား မင်္ဂနှင့်ပတ်သက်၍ မေးတိုင်းမေးတိုင်းသော အမေးပုစ္ဆာ ပြဿနာတို့ကို ကိုယ်တိုင်ကိုယ်ကျ မင်္ဂရပြီးသူ ဖြစ်၍ အလွယ်တကူပင် ဖြေဆိုတော်မူ၏။ ရှေးနည်းအတူ လေးပါးသော အရာတို့၌ ထိုရဟန္တာ မထေရ်အား ကောင်းချီး ပေးတော်မူ၏။

မြတ်စွာဘုရား ကောင်းချီးပေးတော်မူသော အသံကို ကြား၍ ဘုမ္မစိုဝ်းနတ်တို့ကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် အလုံးစုံသော နတ်ဗြဟ္မာအပေါင်းတို့သည်၎င်း၊ နဂါးဂဠုန်အမျိုးစုံတို့သည်၎င်း ကောင်းချီးသြဘာ ပေးကြကုန်၏။

## သောတာပန်စသည် တည်ခြင်း

ထိုသို့ ကောင်းချီးပေးသည်ကို ကြားရသောအခါ စာတတ်အကျော်အမော် ဆရာတော်၏ အတွင်းနေ တပည့်တို့သည်၎င်း၊ အတူနေတပည့်သို့သည်၎င်း မြတ်စွာဘုရားသခင်ကို ကဲ့ရဲ့ရှုတ်ချကုန်၏။

“ဤအမှုကိစ္စကား အသို့နည်း။ မြတ်စွာဘုရားသည် နကန်းတလုံးမျှ မသိဘဲ အသက်အရွယ်ကြီးရင့်သော ဝိပဿနာဆရာတော်ကိုတော့ လေးပါးသော အရာတို့၌ ကောင်းချီး ပေးတော်မူသည်။ စာပေပရိယတ်ကို ဒိုးလိုမွှေနိုင်သော စာတတ်အကျော်အမော် ငါးရာကုန်သော ရဟန်းတို့ အကြီးအမှူး ဦးစီးနာယကဖြစ်သော ငါတို့ဆရာတော်ကိုတော့ ဘာတခုမျှ ချီးမွမ်းထောမနာမပြု”ဟု ကဲ့ရဲ့ ရှုတ်ချကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ရဟန်းတို့ကိုခေါ်၍-

“ချစ်သားတို့၊ အသင်တို့သည် ဘာစကားတွေများ ပြောဆိုနေကြကုန်သနည်း”ဟု မေး၏။

ထိုအခါ ရဟန်းတို့က ထိုအကြောင်းကို စုပေါင်း၍ လျှောက်ထားကြကုန်၏။

## ကြေးစား နွားကျောင်းသား

မြတ်စွာဘုရားက “ချစ်သား ရဟန်းတို့၊ စာတတ်အကျော်အမော် သင်တို့ဆရာတော်သည် ဘာနှင့်တူသလဲဆိုတော့ လူတဦးတယောက်ဟာ အလွန်အကျိုးစီးပွားများတဲ့ ပိဋကတ်သုံးပုံဆိုတဲ့ ဘုရားဟောစာတွေကို တနေ့လျှင် အကြိမ်ပေါင်းထောင်သောင်းမက သင်အံပို့ချ ရွတ်ဖတ်နေပေမယ့် မေ့မေ့လျော့လျော့နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ဝိပဿနာအလုပ်ကို ရှုမှတ်ပွားများ အားထုတ်ခြင်း မရှိဘူးဆိုလျှင်တော့ အဲဒီ လူတွေဟာ အဖိုးအခကိုသာ စားသောက်နေတဲ့ ကြေးစား နွားကျောင်းသားနှင့်သာ တူတယ်။

အချိန်တန် အိမ်ပြန်ရင် နွားတွေကို ရေတွက်၍ နွားရှင်ထံ အပ်နှံရတယ်-။

"အဲဒီ ဥပမာအတိုင်း စာတတ် အကျော်အမော် ဆရာအော်တွေဟာလဲ ကိုယ့်ဘိုကိုယ့်တွက် မကျင့်ဘဲနေလျှင် ကျင့်လိုသော သူတော်ကောင်းအား ကြေးစားအဖြစ် ဟောပြော ညွှန်ပြခြင်းသာ ဖြစ်တယ်။ အဲဒီလို စာတတ် အကျော်အမော်များသည် ရဟန်းကျေးဇူး မဂ်ဖိုလ်အထူးနှင့် ထိုက်တန်သူများ မဟုတ်ကြဘူး-။

## နှဲ့နှဲ့ပြော များများလုပ်

"တချို့သော သူတွေက အကျိုးစီးပွားများသော ဘုရားစကားတော်ကို အနည်းအပါးလောက်သာ သင်ကြားပို့ချဟောပြောကြသော်လည်း ဝိပဿနာတရားအလုပ်ကိုတော့ မရမနေ ဆိုတဲ့ ဇွဲသတ္တိဖြင့် ကြိုးစား အားထုတ်လေ့ရှိတဲ့ နှဲ့နှဲ့ပြော များများလုပ်သူများဖြစ်သည်။ တဏှာမာနဒိဋ္ဌိ အစရှိသော တရားတို့ကို ပယ်သတ်ခုတ်ထွင် သုတ်သင် ရှင်းလင်း၍ လွတ်ကင်းသော စိတ် ရှိကြသည်။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာစလုံး ဒုက္ခအလမ်းမရှိကြဘူး။ အဲဒီလို နှဲ့နှဲ့ပြော များများလုပ်သောသူများ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ရန် အကြောင်းရှိသူများ မဂ်ဖိုလ်နှင့် ထိုက်တန်သူများ ဖြစ်သတည်း"ဟု ဟောတော်မူ၏။

ဒေသနာအဆုံး၌ များစွာသော သူတို့သည် သောတာပန်စသည် တည်ကြလေကုန်သတည်း။

# သာမာဝတီ ဝတ္ထု

မြတ်စွာဘုရားသခင်သည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် သာမာဝတီ အမှူးရှိသော အမျိုးသမီးငါးရာနှင့် မာဂဏ္ဍီ အမှူးရှိသော အမျိုးသမီးငါးရာတို့၏ ဆွေမျိုးသားချင်းများ သေဆုံးပျက်စီးသွားသည်ကို အကြောင်းပြု၍ ဟောကြားအပ်သော တရားတော်မြတ် ဖြစ်သည်။

ရှေးအခါက အလ္လကပ္ပတိုင်းတွင် အလ္လကပ္ပမင်း၊ ဝေဌဒီပကတိုင်းတွင် ဝေဌဒီပကမင်း၊ ဤမင်းနှစ်ပါးတို့သည် ငယ်ရွယ်စဉ်မှစ၍ ချစ်ကျွမ်းဝင်ကြသဖြင့် ဆရာတဦးတည်းထံတွင် အတူတူ အတတ်ပညာ သင်ယူကြလေသည်။ မိဘများ ကွယ်လွန်သွားသောအခါ အသီးသီး မင်းဖြစ်ကြကုန်၏။ တခါတခါ အတူတူ စည်းဝေး တိုင်ပင်ကြ၍ အတူနေ အတူစား အတူအိပ်ကြလေသည်။

ပဋိသန္ဓေနေကြရ၊ သေကြရသည့် လူတွေကိုမြင်သဖြင့် 'လောကကြီးမှာ သေရာသို့ အတူမကွာ လိုက်ပါမည့်လူဆိုတာ မရှိဘူး။ အယုတ်ဆုံး မိမိတို့ ကိုယ်ခန္ဓာကြီးသည်ပင် နောက်ဘဝသို့ လိုက်လာတာ မဟုတ်ဘူး။ အားလုံး စွန့်ပစ်သွားရတာချည်းဖြစ်တယ်။ ငါတို့သည် ဃရာဝါသကိစ္စများမြောင် လူတို့ဘောင်မှာနေလို့ ဘာမျှ အကျိုးရှိမှာ မဟုတ်ဘူး။ ဒီတော့ ငါတို့ ရသေ့ရဟန်းပြုကြမယ်'ဟု နှစ်ယောက်သား တိုင်ပင်ပြီးသော် သားမယားများကို ထီးနန်းအပ်၍ ရသေ့ရဟန်း ပြုကြကုန်၏။

ဟိမဝန္တာတောသို့ သွားရောက် နေထိုင်ကြသည့်အခါ ဆွေးနွေးကြသည်မှာ "ငါတို့သည် လောကီလူသားတို့ အကြီးအကျယ်မက်မောတဲ့မင်းစည်းစိမ်ကို စွန့်လွှတ်ပြီးရသေ့ရဟန်းဝတ်၍တောထွက်လာသူတွေ ဖြစ်တယ်။ ဝမ်းခါးမဝလို့ ရဟန်းပြုလာကြတဲ့သူတွေမဟုတ်ဘူး။ဒီတော့ငါတို့နှစ်ယောက်ဟာ တောထဲမှာအတူတူနေလို့ မတော်ဘူး။ လူတွေလို အတူတူနေလို့ရှိရင် ရသေ့ရဟန်းမပြုဘဲနေတာနှင့် ဘာမှ ထူးမှာ မဟုတ်ဖူး။ တယောက်တနေရာခွဲနေကြမယ်။ သင်က တောင်တတောင်မှာနေ။ ငါက ဒီတောင်မှာ နေမယ်။ လပြည့်နေ့တိုင်း တွေ့ဆုံကြမယ်" ဟု တိုင်ပင်ပြီးနောက်-

"ဒီလိုနေတာလဲ အတူတူနေတာနဲ့ ဘာမှ သိပ်မထူးဘူး။ သို့အတွက် သင်ကသင့်တောင်ပေါ်မှာ မီးထွန်းထား။ ငါလဲဘဲ ငါ့တောင်ပေါ်မှာမီးထွန်းထားမယ်။မီးကိုမြင်လျှင်ရှိတယ်လို့ အသိအမှတ်ပြုကြမယ်"ဆိုပြီး နေထိုင်ကြလေ၏။ နောင်သော် ဝေဠုဒီပက ရသေ့ စုတေ၍ တန်ခိုးကြီးသော နတ်မင်း ဖြစ်သွားလေ၏။

## ဝေဒဒီပက နတ်ဖြစ်ခြင်း

ထို့နောက် လပြည့်နေ့ရောက်သောအခါ မီးကို မမြင်ရသောကြောင့် 'ငါ့မိတ်ဆွေ ဝေဒဒီပကရသေ့တပါးတော့ ကွယ်လွန်ရှာလေပြီ' ဟု အလ္လကပ္ပရသေ့ သိရှိလေ၏။

ဝေဒဒီပကရသေ့သည် နတ်မင်းဖြစ်သော ခဏ၌ မိမိ၏ကြီးကျယ်ခမ်းနားလှသော နတ်မင်းစည်းစိမ်ကို ကြည့်ပြီး မိမိပြုလုပ်ခဲ့သော ကောင်းမှုကံကိုပြန်လှန်ဆင်ခြင်သည်ရှိသော် တောထွက်လာသောအချိန်မှစ၍ ကြိုးစားကျင့်ခဲ့သော ရသေ့အကျင့်ကိုမြင်လေ၏။ 'အခု ငါသွားပြီး ငါ့မိတ်ဆွေရသေ့ကို ဖူးမျှော်အုံးမည်' ဟု ကြံ၍ ခရီးသွား ယောကျ်ားတယောက်အသွင် ဖန်ဆင်းပြီးလျှင် အလ္လကပ္ပရသေ့ထံ သွားရောက်ရှိခိုးပြီး ထိုင်နေ၏။

ထိုအခါ ခရီးသွားယောကျ်ားကို အလ္လကပ္ပရသေ့က—

"အသင် ဘယ်အရပ်က လာခဲ့သလဲ"

"အရှင်ဘုရား၊ တပည့်တော် ခရီးအဝေးကြီးမှ လာခဲ့ပါသည် ဘုရား၊ ဘယ်လိုပါလဲ ဘုရား၊ ဒီအရပ်မှာ အရှင်ဘုရား တပါးတည်း သီတင်းသုံးပါသလား၊ အဖော်များ ရှိပါသေးသလား ဘုရား"

"ဒါယကာ၊ ငါ့မှာ အဖော်တယောက်ရှိတယ်"

"အရှင်ဘုရား၊ အခု အဲဒီအဖော် ဘယ်မှာလဲဘုရား"

"တောင်တတောင်မှာနေတယ်။ ဒါပေမယ့် လပြည့်နေ့ ကိုးတုန်းက မီးမထွန်းတဲ့အတွက် ငါ့အဖော် ကွယ်လွန်သွားပြီနဲ့ တူတယ် ဒါယကာ"

"အရှင်ဘုရား၊ ကွယ်လွန်သွားပါပြီဘုရား၊ တပည့်တော်သည် အရှင်ဘုရား၏အဖော် ရသေ့ဖြစ်ပါသည် ဘုရား"

"အခု သင်ဘယ်ဘုံမှာ ဖြစ်နေသလဲ"

"အရှင်ဘုရား၊ အခု တပည့်တော် တန်ခိုးကြီးသော နတ်မင်းကြီး ဖြစ်နေပါသည် ဘုရား။ အရှင်ဘုရားကို ဖူးမြင်လိုသောကြောင့် တပည့်တော် လာခဲ့ပါသည် ဘုရား၊ အရှင်ဘုရား ဒီအရပ်မှာ သီတင်းသုံးနေတော်မူတာ တစုံတခု ဘေးအန္တရာယ် ရှိပါသလား ဘုရား"

## စောင်းတော် မန္တန်

"ဘေးရန်ရှိတယ် ဒါယကာ၊ ဆင်တွေ အလွန်အမင်း နှိပ်စက်ညှဉ်းပန်းတယ်"

"အရှင်ဘုရား၊ ဆင်တွေက ဘယ်လို ညှဉ်းပန်းပါသလဲဘုရား"

"ဒါယကာ၊ ဆင်တွေဟာ ညညလာပြီး တမြက်စည်းလှဲထားတဲ့ နေရာတွေမှာ မစင်စွန့်ကြတယ်။ ခြေနဲ့နင်းပြီး မြေမှုန့်တွေကို မြှောက်လွှင့်ကြတယ်။ ငါဟာ မနက်စောစောထပြီး မစင်တွေကို ကျုံးပစ်ရတယ်။ မြေကြီးတွေကို ပြန်ဖို့ရတယ်။ ဒါကြောင့် အလွန် စိတ်ဆင်းရဲရတယ်"

"အရှင်ဘုရား၊ အရှင်မြတ်သည် အဲဒီဆင်တွေ မလာတာကို အလိုရှိပါသလား ဘုရား"

"ဒါယကာ၊ ဆင်တွေမလာတာကို အလိုရှိပေတယ်"

"တပည့်တော်၊ ဆင်တွေ မလာအောင် လုပ်ပေးပါမည် ဘုရား"ဟု ဆိုပြီး ရသေ့အား ဆင်တို့ ချစ်စေတတ်သည် ဟတ္ထိ

ကန္တခေါ် ဆင်ချစ်သောစောင်းနှင့် ဆင်ချစ်သော မန္တန် ပေးလျှုလေ၏။

စောင်းနှင့် မန္တန်ကို ပေးပြီးသောအခါ စောင်းကြိုးသုံးခုကို ပြ၍ မန္တန် သုံးခုပေးလေ၏။

"အရှင်ဘုရား၊ ဟောဒီမန္တန်ရွတ်၍ ဟောဒီကြိုးကို တီးလိုက်ရင် ဆင်တွေ ပြန်မကြည့်တော့ဘဲ ထွက်ပြေးပါလိမ့်မည် ဘုရား၊ ဟောဒီ မန္တန်ကိုရွတ်၍ ဟောဒီကြိုးကို တီးလိုက်ရင် ဆင်တွေ နောက်ပြန်ကြည့်ပြီး ပြန်လာကြပါလိမ့်မည် ဘုရား၊ ဟောဒီ မန္တန်ကိုရွတ်ပြီး ဟောဒီကြိုးကို တီးလိုက်ပါက ဆင်များ လာပြီး ညွတ်၍ ဝပ်ပေးကြပါလိမ့်မည် ဘုရား၊ အရှင်ဘုရား အလိုရှိရာ သုံးတော်မူပါဘုရား"

ဤသို့ စကားစုံမှာကြားပြီးလျှင် ပြန်သွားလေတော့သည်။

အလ္လကပ္ပရသေ့သည် ဆင်ပြေးသည့် မန္တန်ကို ရွတ်၍ ဆင်ပြေးသည့်ကြိုးကို တီးလိုက်သောအခါ ဆင်တွေ အားလုံး ထွက်ပြေးကြလေရာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေထိုင်နိုင်လေတော့သည်။

## မိဖုရားကြီး၏ ကံကြမ္မာ

ထိုအချိန်တွင် ကောသမ္ဗီပြည် ပူရန္တပမင်းကြီး မင်းလုပ်၍ နေ၏။ တနေ့သ၌ မင်းကြီးသည် ကိုယ်ဝန် အရင့်အမာရှိသော မိဖုရားကြီးနှင့်အတူ လေသာဆောင်တွင် ထွက်၍ နေပူစာ လှုံနေသည်။ မိဖုရားကြီးသည် မင်းကြီးခြုံသော သိန်းတန် ကမ္ဗလာနီ ကြီးကိုခြုံပြီး မင်းကြီးနှင့်အတူ စကားပြောနေရင်း မင်းကြီး

လက်က တသိန်းတန် လက်စွပ်ကိုချွတ်၍ မိမိလက်၌ ဝတ်ဆင်လေ၏။

ထိုအချိန်တွင် ငှက်ဆင်ကြီးတကောင် ကောင်းကင်ထက်က ပျံလာရာ ကမ္ဗလာနီကြီးခြုံ၍ ထိုင်နေသော မိဖုရားကြီးကို သားတစ်အမှတ်ဖြင့် ထိုးသုတ်ရန် သက်ဆင်းလာ၏။ မင်းကြီးသည် ငှက်ကြီး ပျံဆင်းလာသည့် အသံကြောင့် နန်းတော်ဆောင်အတွင်းသို့ ပြေးဝင်သွားလေ၏။ မိဖုရားကြီးသည် ကိုယ်ဝန် ရှိသည်က တကြောင်း၊ ကြောက်လန့်နေသည်က တကြောင်းတို့ကြောင့် ပြေးသွားရန် မစွမ်းနိုင်ပေ။ ထိုအခါ ငှက်ဆင်ကြီးသည် မိဖုရားကြီးကို သုတ်ချီ၍ သွားလေတော့၏။

## ညောင်ပင်ပေါ် သားဖွား

မိဖုရားကြီးသည် ငှက်ဆင်ချီသွားသောအခါ သေရမည်ကို ကြောက်ရွံလန့်းသဖြင့် အကြံထုတ်သည်မှာ-'အကယ်၍ ငါ ဟစ်အော်လိုက်ပါက တိရစ္ဆာန်တွေဟာ လူသံကို အင်မတန် ကြောက်ကြတယ်။ ငါ့အသံကိုကြားလို့ လွှတ်ချလိုက်ပါက ကိုယ်ဝန်နှင့်တကွ ငါပါ အသက်ဆုံးသွားလိမ့်မယ်။ စားဘို့ နားတဲ့အခါကျမှ လူသံပေး၍ ပြေးစေမှ တော်တော့မယ်'ဟု ကြံစည်ပြီး အသာသည်းခံ၍ လိုက်ပါသွားလေ၏။

ထိုအခါက ဟိမဝန္တာတောတွင် မဏ္ဍပ်တမျှ ကြီးမားသော ညောင်ပင်ကြီးတပင် ရှိလေသည်။ ငှက်ဆင်ကြီးသည် ဤညောင်ပင်ကြီးပေါ်သို့ အမဲသားငါးတို့ကို ယူဆောင်၍ စားနေကျ ဖြစ်သည်။ ထို့ကြောင့် မိဖုရားကြီးကို ချီလာသောအခါ ထိုညောင်ပင်

ကြီးသို့ပင် ယူဆောင်ခဲ့၍ ခွကြား၌ ချထားပြီး လာလမ်းကို ပြန်၍ ကြည့်လေ၏။

(လာလမ်းကို ပြန်ကြည့်ခြင်းသည် ငှက်တို့၏ အလေ့အထဖြစ်သည်။)

ထိုအချိန်၌ မိဖုရားကြီးသည် လက်နှစ်ဖက်ကို တအားတီးပြီး အသံကုန်ဟစ်၍ အော်လိုက်၏။ ငှက်ဆင်ကြီးသည် လူသံကြားသဖြင့် ထပျံသွားလေသည်။ ထိုအချိန်တွင် နေမင်းသည် အနောက်ဂေါယာကျွန်းသို့ယွန်းလုလုအချိန်ဖြစ်သည်။မိဖုရားကြီးလည်း ကမ္ဘာလေ လှုပ်ရှားစအချိန်လည်း ဖြစ်သည်။ ကောင်းကင်တခုလုံး မိုးတွေထစ်ချုန်းပြီးမိုးရွာသွန်းနေသော အချိန်နှင့်လည်း ဆုံဆည်းသည်။ ကြီးကျယ်ခမ်းနားလှသော မင်းစည်းစိမ်ကို ခံစားလာခဲ့ရသော မိဖုရားကြီးအား–

"အရှင်မိဖုရား၊ ဘာမျှမကြောက်ပါနဲ့၊ အားငယ်တော်မမူပါနဲ့"ဟု အနားကပြောဆိုအားပေးမည့်သူလည်းတယောက်ဘလေမှ မရှိသော အခါမျိုးဖြစ်သည်။ မိန်းမဘ၀တွင် အကြီးဆုံးတာ၀န်ထမ်းဆောင်ရ ဒုက္ခခံရသော အခါမျိုးလည်း ဖြစ်သည့်အတွက် တညလုံးတမေးမျှအိပ်မပျော်နိုင်အောင် ဖြစ်ရလေသည်။

မိုးလင်းလာသောအခါ မိုးသားတိမ်လိပ်တို့မှာလည်းကင်းစင်နေသည်။ နေအရုဏ်ကလည်း တက်လာသည်။သားရတနာလည်း ဖွားမြင်သည်။ ညသုံးချက် တပိုင်နက်လို ဖြစ်သည်။ မိဖုရားကြီးသည် မိုးတည်းဟူသောဥတု၊ တောတောင်တည်းဟူသော ဥတု နေအရုဏ်ဘည်းဟူသောဥတုကို အမှီပြု၍ ဖွားမြင်သောကြောင့် သားငယ်ကို 'ဥတေန' ဟူသောအမည် မှည့်လေ၏။

## အလ္လကပ္ပရသေ့နှင့် တွေ့ဆုံခြင်း

အလ္လကပ္ပရသေ့၏သဘောသည် မိုးရွာသောနေ့များ၌ ချမ်းအေးမည်စိုးသဖြင့် တောထဲသို့သစ်သီးရှာမသွားတော့ပေ။ ညောင်ပင်အောက်သို့လာပြီး ငှက်ဆင်စားကြွင်း အရိုးအရင်းတို့ကိုကောက်၍ ပြုတ်သောက်လေ့ရှိသည်။ ထို့ကြောင့် ထိုနေ့ကလည်းအရိုးအရင်းကောက်ရန် ညောင်ပင်အောက်သို့ ထွက်ခဲ့၏။ သစ်ပင်ပေါ်မှ ကလေးငိုသံကြား၍ အပေါ်သို့ မော့ကြည့်လိုက်သောအခါ မိဖုရားကိုမြင်သဖြင့်–

"သင် ဘယ်သူလဲ"

"တပည့်တော် လူမိန်းမပါဘုရား"

"ဘာကြောင့် သင်ဒီနေရာ ရောက်နေရသလဲ"

"ငှက်ဆင်ကြီး ချီလာလို့ပါ ဘုရား"

"ဒါဖြင့် အောက်ကိုဆင်းလာခဲ့"

"အရှင်ဘုရား၊ တပည့်တော်မဇာတ်ပျက်မှာစိုးသောကြောင့် မဆင်းစံ့ပါဘုရား"

"သင်က ဘာမျိုးမို့လဲ"

"တပည့်တော်မ မင်းမျိုးပါဘုရား"

"ငါလဲ မင်းမျိုးဘဲ"

"မယုံနိုင်ပါဘူး ဘုရား၊ ရာဇမာယာကို ပြောပြပါဘုရား"

ရသေ့က ရာဇမာယာကို ပြောပြလေ၏။

"ဒါဖြင့် အရှင်ဘုရားအပေါ်တက်ပြီး သားငယ်ကို အောက်ချပေးပါဘုရား"

ရသေ့သည် ဘေးတဖက်က အသာတက်ပြီး ကလေးကိုယူ၏။ သူငယ်ကိုယူသောအခါ မိဖုရားကြီးက–

"အရှင်ဘုရား၊ တပည့်တော်မလက်ကို မထိပါစေနဲ့ဘုရား"

ရသေ့သည် မိဖုရားလက်နှင့် မထိအောင် ကလေးကိုယူ၍ အောက်ချပေးလေ၏။ မိဖုရားလည်း အောက်သို့ဆင်းလာ၏။

ထိုအခါရသေ့သည် မိဖုရားကိုကျောင်းသို့ခေါ်လာပြီး သီလမပျက်စီးအောင် စောင့်ထိန်း၍ သနားသဖြင့် လုပ်ကျွေးပြုစု၍ နေ၏။ ပျားကောင်မရှိသော ပျားလဘို့တို့ကိုယူ၍ အလေ့ကျပေါက်သောစပါးများနှင့် ယာဂုကျို၍ပေး၏။ ဤကဲ့သို့ ရသေ့က လုပ်ကျွေးပြုစု လာသောအခါ မိဖုရားက စဉ်းစား၍လာသည်။

'ငါ့ကောင် လာလမ်းကိုလဲ မသိဘူး။ သွားလမ်းကိုလဲ မသိဘူး။ ဒီရသေ့ကလဲ ငါနှင့်ဘာမှမတော်ဘူး။ အကျွမ်းတဝင်လဲ မရှိဘူး။ အကယ်၍ ငါတို့ကိုစွန့်၍ အရပ်တပါးသွားလျှင် ငါတို့သားအမိမှာ ဒီအရပ်မှာဘဲ သေရလိမ့်မယ်။ တစုံတခုသောမာယာနှင့် ရသေ့ကို သီလပျက်အောင်လုပ်မှ တော်မယ်' ဟု စဉ်းစားပြီး မပေါ်ကပေါ်ဝတ်၍ ရသေ့ကိုဖြားယောင်းသောအခါ ရသေ့လဲ သီလပျက်၍ နှစ်ယောက်သားအတူတကွ ပေါင်းဖော်၍ နေကြလေ၏။

## ပူရန္တပမင်း ကွယ်လွန်ခြင်း

ထိုမှနောက်၌ နေ့တနေ့တွင် ရသေ့သည် ကောင်းကင်နက္ခတ်တို့ကိုကြည့်ရှုလတ်သော် ပူရန္တပမင်း၏နက္ခတ် ညှိုးနွမ်းသည်ကို မြင်၍–

"နှမ၊ ကောသမ္ဗီပြည် ပုရန္တပမင်း ကွယ်လွန်လေပြီ" ဟု ပြော၏။

"အရှင်၊ ဘာကြောင့် ဒီလိုပြောရတာလဲ။ အရှင်နဲ့ ရန်သူလား"

"ချစ်နှမ၊ ငါနဲ့ရန်သူမဟုတ်ဘူး၊ ပုရန္တပမင်းရဲ့နက္ခတ်ညိုးတာမြင်လို့ ပြောတယ်"

ထိုစကားကိုကြားလျှင် မိဖုရားသည် ချုံးပွဲချ ငိုကြွေးလေ၏။ ထိုအခါ ရသေ့က–

"အသင် ဘာ့ကြောင့် ငိုကြွေးရသလဲ"

"ကျွန်တော်မ၏ အရှင်သခင် လင်ဖြစ်ခဲ့ဘူးသောကြောင့် ငိုကြွေးပါသည်"

"ချစ် နှမ၊ စိုးရိမ်ပူဆွေး ငိုကြွေးမနေပါနှင့်၊ ဒီတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူး။ မွေးလာတဲ့သတ္တဝါတိုင်း တနေ့ သေရမှာ အမှန်ဖြစ်တယ်"

"အရှင်၊ ဒီအကြောင်းတွေ မသိလို့မမြင်လို့ မဟုတ်ပါ"

"ဒါဖြင့် ဘာဖြစ်လို့ ငိုကြွေးနေရသလဲ"

"အရှင်၊ ကျွန်တော်မ၏သားသည် အမျိုး၏ဥစ္စာဖြစ်တဲ့ မင်းအဖြစ်နှင့် ထိုက်တန်သူပါ။ ကိုယ့်တိုင်းပြည် နိုင်ငံမှာသာဆိုရင် ခုကန် မင်းအဖြစ်တင်မြှောက်ကြပါလိမ့်မယ်။ အခုတော့ တောထဲ တောင်ထဲမှာနေရလို့ မင်းအဖြစ်မှ အရှုံးကြီးရှုံးရသဖြင့် ငိုကြွေးခြင်းဖြစ်ပါတယ်" ဟု ပင့်သက်ရှိုက်၍ ပြောလိုက်သည်။

"ချစ်နှမ၊ ရှိစေတော့.... ဘာမှမစိုးရိမ်လင့်။ မငိုကြွေးလင့်။ သင့်သားကို ဒါလောက်တောင် မင်းဖြစ်စေလိုလျှင် ငါ မင်းဖြစ်အောင် လုပ်ပေးမယ်"

"အရှင်ဒီလိုသာလုပ်ပေးနိုင်မယ်ဆိုရင် အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်းရပါတယ်အရှင်"

"ကောင်းပြီ ချစ်နှမ၊ သင့်သားကို မင်းဖြစ်အောင် လုပ်ပေးမယ်"ဟု ရသေ့က ဝန်ခံကတိပေးလိုက်၏၊ မိဖုရားသည် အတိုင်းမသိ ဝမ်းသာသွားလေသည်။ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်လာသည်၊ ရသေ့သည် မင်းသားအား ဆင်ချစ်သော စောင်းနှင့် ဆင်ချစ်သည့် မန္တန်တို့ကို ပေးလိုက်၏။

ထိုအခါ မင်းသားအား နတ်မင်းပေးသော နည်းအတိုင်း သင်ပြ၍ ပေး၏။

"ဟောဒီ ကြိုးကိုတီး၍ ဟောဒီ မန္တန်ကိုရွတ်ရင် ဆင်တွေအများကြီး ညောင်ပင်အောက် ရောက်လာလိမ့်မယ်"

အလ္လကပ္ပရသေ့က ဥတေန မင်းသားအား ဆင်များမလာမီ ညောင်ပင်ပေါ်သို့ တက်စေ၍ 'ဆင်များ ရောက်လာသည့်အခါ ဟောဒီ မန္တန်ကို ရွတ်ပြီး ဟောဒီ စောင်းကြိုးကို တီးလိုက်ရင် ဆင်တွေအားလုံး ပြန်စောင်းတောင်လှည့်မကြည့်တော့ဘဲ ထွက်ပြေးကြလိမ့်မယ်။ အဲဒီအခါ သစ်ပင်ပေါ်က ဆင်းလာခဲ့တော့"ဟု သင်ကြား ပေးလိုက်၏။

ဥတေန မင်းသားလည်း သင်ကြားပေးသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ပြီးကြောင်း ရသေ့အား အကြောင်းကြား၏။ဒုတိယနေ့၌ မင်းသားကို ရသေ့က-

"ဒီနေ့တော့ ဟောဒီ မန္တန်ကိုရွတ်။ ဟောဒီ စောင်းကြိုးကိုတီးလော့။ ဆင်တွေအားလုံး ပြန်ဆုတ်၍ လှည့်ကြည့်ပြီး ပြေးကြလိမ့်မယ်"ဟု လက်ထပ် သင်ပေးလိုက်၏။

ဥတေန မင်းသားလည်း သင်ကြားပေးလိုက်သည့်အတိုင်း ပြုလုပ်၍ ပြန်လာပြီး အကြောင်းကြား၏။ တတိယနေ့၌ မင်းသားကို ရသေ့က–

"ဒီနေ့တော့ ဟောဒီမန္တန်ကိုရွတ်။ ဟောဒီ စောင်းကြိုးကို တီးပေတော့။ ဆင်ရွေ ဆင်ပေါက်တွေ ညွတ်တွား ခယလာကြလိမ့်မယ်"ဟု သင်ပေးလိုက်၏။ ဥတေန မင်းသားလည်း သင်ကြားသည့်အတိုင်း ပြုလုပ်ပြီးပြန်သော် အကြောင်းကြားလေ၏။

## ထီးနန်း သိမ်းပိုက်ခြင်း

အလ္လကပ္ပ ရသေ့သည် မင်းသား၏ မယ်တော်ကို ခေါ်၍ "ချစ်နှမ၊ မှာစရာ မှာကြားလော့၊ ဒါလောက်တတ်လျှင် သွားရောက် မင်းပြုနိုင်ပြီ"

မိဖုရားသည် သားတော်ကို ခေါ်၍– "ချစ်သား၊ သင်သည် ကောသမ္ဗီပြည် ပရန္တပမင်း၏ သားတော် အစစ်ဖြစ်တယ်။ ငှက်ဆင်ကြီး ချီလာ၍ ဒီအရပ်ကို ရောက်ရှိနေခြင်း ဖြစ်တယ်။ ချစ်သား၊ သင်သည် သွား၍ စစ်သူကြီး စသည်တို့၏ နာမည်ကို ပြောပြပေတော့။ ဒါမှ အယုံအကြည် မရှိသေးဘူးဆိုရင် မောင့်ခမည်းတော် ဝတ်ရုံးဆောင်ခဲ့တဲ့ ဟောဒီ ကမ္ဗလာနီခြုံထည်၊ မောင့်ခမည်းတော် အမြဲတမ်း ဝတ်ဆင်တဲ့ ဟောဒီလက်စွပ်တို့ကို ထုတ်ပြလော့"ဟု ပြောဆို မှာကြား၍ ကမ္ဗလာနီခြုံထည်နှင့် လက်စွပ်တို့ကို ပေး၍ လွှတ်လိုက်လေ၏။

မင်းသားသည် ရသေ့ကို ရှိခိုး၍ "ယခု အဘယ်သို့ ပြုလုပ်ရပါမည်နည်း"ဟု မေး၏။ ရသေ့က–

"အသင်မင်းသား၊ သင်သည်သစ်ပင်အောက်ကိုင်းမှာ ထိုင်ပြီး ဟောဒီမန္တန်ကိုရွတ်။ ဟောဒီ စောင်းကြီးကိုတီးလိုက်ရင် ဆင်မှူးကြီး တကောင် ကျော့ညွတ်၍ လာလိမ့်မယ်။အဲဒီဆင်ကို စီးသွားပြီး မင်းအဖြစ်ကို ယူပေတော့"ဟု ပြောဆိုလိုက်၏။

## ဆင်လိမ်မာကြီး

ဥတေန မင်းသားသည် မိခင်ဖခင်တို့ကို ရိုသေစွာ ရှိခိုး၍ ပြောဆို မှာကြားလိုက်သည့်အတိုင်း ပြုလုပ်သဖြင့် ရောက်ရှိလာသော ဆင်ပေါ်သို့ တက်စီးပြီးလျှင် နားနားကပ်၍ မန္တန်ကို ရွတ်၏။

"အသင်ဆင်မင်း၊ ငါသည် ကောသမ္ဗီပြည့်ရှင် ဘုရင်မင်းမြတ်၏ သားတော်အစစ်ဖြစ်တယ်။ ဆင်မင်း၊ ငါ့အား ခမည်းတော်၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကို ယူပေးပါလော့" ဟု ပြော၏။

ဆင်မင်းသည် မင်းသား၏ စကားကို ကြားရ၍ "အားလုံး ဆင်တွေ အကုန်လာကြပေ"ဟု အမိန့်ပေးလိုက်၏။ ဆင်တွေ အားလုံးစုရုံးလာကြကုန်၏။ "ဆင်အိုကြီးတွေ ဘေးဖယ်နေ"ဟု အမိန့်ပေးလိုက်သောအခါ ဆင်အိုကြီးများ ဘေးသို့ ဖယ်ရှားသွားကြလေသည်။ နောက်တဖန် "ဆင်ငယ်ကလေးတွေ နောက်ဆုတ်"ဟု ဆင်သံနှင့် အမိန့် ပေးလိုက်ပြန်သောအခါ ဆင်ငယ်တွေအားလုံး နောက်ပြန် ဆုတ်သွားကြလေ၏။

ဥတေန မင်းသားသည် ဆင်တပ်ကြီး ချီ၍သွားသောအခါ တိုင်းစွန်ပြည်နားသို့ ရောက်လေ၏။

"ငါသည် ပူရန္တပ မင်းကြီး၏ သားတော်အစစ် ဖြစ်တယ်။ ချမ်းသာချင်တဲ့လူတွေ ငါနှင့်အတူ လိုက်ခဲ့ကြ"ဟုဆိုကာ တိုင်းစွန် ပြည်ဖျားမှစ၍ လူအပေါင်း စုဆောင်း၍လာခဲ့ရာ လူအားနှင့်လည်း ပြည့်စုံလာလေ၏။ တဖြေးဖြေး ချီတက်သွားပြီး မြို့ကို ဝိုင်းထားလိုက်သည်။ ဥတေနမင်းသားက "စစ်ကိုဘဲ တိုက်မလား၊ တိုင်းပြည်ကိုဘဲ အပ်မလား"ဟု ရာဇသံ ပေးလိုက်၏။

## ပြည်လဲမအပ် စစ်လဲမတိုက်

မြို့သူမြို့သား လူအများတို့က–"ငါတို့သည် မင်းနှစ်ယောက် မတင်မြှောက်နိုင်။ ငါတို့မိဖုရားကြီး ကိုယ်ဝန် အရင့်အမာနှင့် ငှက်ဆင်ကြီး ချီသွားတယ်။ အခုထိ သတင်း အစအန ဘာတခုမျှ မရသေးဘူး။ မိဖုရားကြီးဆီက သတင်းမရမချင်း စစ်လဲ မတိုက်နိုင်ဘူး။ တိုင်းပြည်လဲ မအပ်နိုင်ဘူး"ဟု ဆိုကြကုန်၏။

ထိုအချိန်က ကောသမ္ဗီပြည်၌ အစဉ်အဆက်နှင့် မင်းလုပ်ရိုး ထုံးစံရှိသည်။ ထိုစကားကို ကြားရသောအခါ ဥတေန မင်းသားက–

"ငါသည် ပူရန္တပမင်းကြီး၏ သားတော်ဖြစ်တယ်" ဟု ပြောဆိုပြီး စစ်သူကြီး အစရှိသူတို့၏ နာမည်ကို ပြောပြလေ၏။ စကားလောက်မျှဖြင့် မယုံကြည်ကြသည့်အတွက် ကမ္ဗလာခြုံစောင်နှင့် လက်စွပ်တို့ကို ထုတ်၍ ပြလိုက်၏။ မြို့သူမြို့သားတို့သည် ကမ္ဗလာခြုံစောင်နှင့် လက်စွပ်ကို မြင်လျှင် မင်းကြီးပစ္စည်းမှန်း သိကြ၍ မြို့တံခါးကို ဖွင့်ပြီး ဥတေန မင်းသားကို မင်းအဖြစ် အဘိသိက်သွန်းကြကုန်၏။

# ကောတုဟလိကနှင့် ကာလီ

အလ္လကပ္ပတိုင်း၌ လူတို့အငတ်ဘေးကြီး ဘိစီးနှိပ်စက်လာသည့်အတွက် အသက်မွေးဘို့ မစွမ်းနိုင်တော့သဖြင့် ကောတုဟလိကနှင့် ကာလီဇနီးမောင်နှံတို့သည် သားငယ်ကိုပိုက်၍ စားနပ်ရိက္ခာအနည်းငယ်မျှကို ယူဆောင်၍ ကောသမ္ဗီပြည်သို့ ရောက်ရှိ လာကြလေ၏။ သူတို့ လမ်းခရီးတွင် ရိက္ခာပြတ်သဖြင့် ဆာလောင်မွတ်သိပ်သည့်ဒဏ်ကို မခံနိုင်၍ ကလေးငယ်ကို ချီဘို့ရန်ပင် မစွမ်းနိုင်ကြပေ။ ထိုအခါလင်ဖြစ်သူက ဇနီးသည်ကို–

"နှမ၊ ငါတို့အသက်ရှည်မယ်ဆိုရင် နောက်ထပ် သားသမီးတွေရနိုင်ပါတယ်။ ဒီကလေးကို တောထဲလွှင့်ပစ်ပြီး သွားကြပါစို့"ဟု ပြော၏။

သားသမီးတို့အပေါ်၌ မိခင်တို့၏ အချစ်သည် အသဲနှလုံးကိုဖောက်၍ ရိုးတွင်းခြင်ဆီအထိ စိမ့်ဝင်၍ နေသည်။ ထို့ကြောင့် မယားလုပ်သူက–

"မောင်ကြီး၊ အသက်ရှင်နေတဲ့သားကို ၎င်းပစ်ပြီး မထားရက်နိုင်ပါဘူး" ဟု ပြော၏။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ တလှည့်စီ ချီကြတာပေါ့"

မိခင်သည် သူ့အလှည့်၌ ကလေးကို ပန်းဆိုင်းလိုချီ၍ ရင်ခွင်၌သိပ်ပြီးလျှင် ကလေးကို သယ်ဆောင်၍ လာ၏။ သူ့အလှည့်ပြီးသောအခါ သူ့ဖခင်အားကလေးကို ပေးလိုက်၏။ ဖခင်လုပ်သူသည် ကလေးကိုချီရသောအလှည့်၌ အကြီးအကျယ် ဆာလောင်မွတ်သိပ်သည့် ဝေဒနာကို ခံစားနေရသည်။ ထို့ကြောင့် ယောကျ်ားလုပ်သူသည် မိမိမယားကို အတန်တန်နားချ၏။

"မိန်းမရယ်၊ ငါတို့အသက်ရှည်အုံးမယ်ဆိုရင် နောက်ထပ်သားသမီး ရနိုင်ပါသေးတယ်။ ဒါကြောင့်ဒီကလေးကို စွန့်ပစ်လိုက်ကြပါစို့"ဟုအမျိုးမျိုး ဖြားယောင်းသော်လဲ နားမပြောင်းဘဲ ဇွတ်မှိတ်၍ မကြားချင်ယောင် ဆောင်နေသည်။

## ကလေးကို စွန့်ပစ်ခဲ့ခြင်း

ကလေးကို အလှည့်နှင့်ချီလာကြရာ လက်ပြောင်းဖန်များသဖြင့် ကလေးမောလာပြီး သူ့ဖခင်လက်ပေါ်၌ အိပ်ပျော်သွားလေ၏။ယောကျ်ားလုပ်သူသည်ကလေးအိပ်နေမှန်းသိ၍သူ့အမေကို ရှေ့မှသွားခိုင်းပြီး ကလေးကို ချုံပုတ်တခုအောက်၌ သစ်ရွက်ခင်းသိပ်ပြီး စွန့်ပစ်ထားခဲ့လေ၏။ သူ့အမေပြန်လှည့်ကြည့်သည့်အခါ ကလေးကို မမြင်၍-

"မောင်ကြီး၊ ကလေးကော....ကလေးကော"

"ကလေး ဟိုအနားကချုံပုတ်ထဲမှာ ငါပစ်ထားခဲ့တယ်"

"အိုမောင်ကြီးရယ်၊ ကျမကိုဒုက္ခမပေးပါနဲ့၊ ဒီကလေးမရှိရင်ကျမအသက်သေဖွယ်ရာရှိပါတယ်၊ကလေးကို အခုပြန်ယူပေးပါ" ဟု ရင်ထုငိုလေ၏။

ယောကျ်ားလုပ်သူက ကလေးကို ပြန်ယူပေးရလေ၏။ ကလေးသည် လမ်းခရီးအကြားတွင်ပင် သေဆုံးသွားလေ၏။ သေသည့်နေရာ၌ပင် ကလေးကို စွန့်ပစ်သွားကြလေသည်။

[ကလေးကို လမ်းကြားထဲ ပစ်ထားတဲ့အတွက် ၇ ဘဝတိုင်တိုင် စွန့်ပစ်ခံရ၏။ အကုသိုလ်ဆိုသည်မှာ အလွန်ကြောက်

စရာကောင်းသည်။ ကလေး ဖျက်ပစ်သူ၊ ကလေးကိုပစ်ထားသူတို့ ဘဝပေါင်းများစွာ ခံရမည်ကို သတိပြုစရာပင်။ ဘာမဆို မလွန်ခင်က ချိန်ဆတို့လိုသည်။ ဝက်ဖြစ်မှတော့ မစင်ကိုကြောက်စရာမလိုပေ။]

## နို့ညှစ် မင်္ဂလာ

သူတို့လင်မယား ခရီးဆက်ခဲ့ရာ နွားကျောင်းသားရွာတရွာသို့ ရောက်ရှိလေ၏။ သူတို့ရောက်သောနေ့တွင် နွားကျောင်းသားအိမ်၌ နို့ညှစ်မင်္ဂလာ ပြုလုပ်နေသည်။ နွားကျောင်းသားအိမ်တွင် ပစ္စေကဗုဒ္ဓါတပါး အမြဲဆွမ်းဘုဉ်းပေးတော်မူ၏။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအားဆွမ်းကျွေး၍ မင်္ဂလာပြုသည်။ နို့ထမင်းတွေ အများကြီး ချက်ပြုတ်ထားသည်။

ရွာထဲသို့ ရောက်သောအခါ ဧည့်သည်လင်မယားကို ဘယ်အရပ်က လာခဲ့သလဲဟု မေးမြန်းသောအခါ အကြောင်းစုံသိရှိရ၍ အလွန်စိတ်ထိခိုက်သွားသည်။ လင်မယားနှစ်ယောက်အပေါ် အလွန်သနားသွားသည်။ နို့ထမင်းနှင့် ထောပတ်တို့ကိုကျွေးမွေးစေသည်။ မယားလုပ်သူကလည်း–

"မောင်ကြီး၊ မောင်ကြီးအသက်ရှင်နေရင် ကျမအသက် ရှင်နေတာနဲ့ အတူတူပင်ဖြစ်ပါတယ်။ မောင်ကြီးသာ အဝစားပါ" ဟုပြောပြီးသူ့လင်ကိုသာ ပုံပေးသည်။ သူကိုယ်တိုင်မှ ထောပတ်နဲနဲလောက်သာ စားသောက်သည်။ ယောကျ်ားလုပ်သူသည် နေ့ရက်များစွာ ငတ်ပြတ်လာသည့်အတွက် တချီထဲနှင့် မဆန့်မပြဲ

## ခွေးဖြစ်ချင်လို့ ခွေးဖြစ်ရ

လင်ယောကျ်ားသည် ၇ ရက် ၈ ရက် ငတ်ပြတ်လာသည်ကို တချိထဲ အဝအပြဲ စားသောက်ထားသော်လဲ အာဟာရအပေါ်၌ တပ်မက်သည့် အသာကို ဖြတ်မရအောင်ဖြစ်နေသည်။ နွားကျောင်းသားသည် သူတို့ကို ကျွေးမွေးပြီးနောက် မိမိကိုယ်တိုင်လဲ စားသောက်ရန်ပြင်ဆင်သည်။ ကောတုဟလိကသည် နွားကျောင်းသား စားသောက်နေသည်ကိုကြည့်၍ သွားရည်ကျနေသည်။

နွားကျောင်းသားသည် ကွပ်ပျစ်အောက်၌ အိပ်နေသောခွေးမကို နို့ထမင်းခဲတခု ကျွေးသည်ကိုမြင်လျှင်–'ဒီအိမ်က ခွေးမကမှ ငါတို့ထက် ကံကောင်းသေးတယ်။ ဒီအိမ်မှာ ခွေးဖြစ်ရတာကမှ အမြဲတမ်း ဒီလိုနို့ထမင်းတွေ စားသောက် ရလိမ့်အုံးမယ်'ဟု တွေးပြီးခွေးဖြစ်ချင်စိတ် ပေါက်သွား၏။ ခရီးသွားယောကျ်ားသည် ညဘက်သို့ ရောက်သောအခါ စားသောက်ထားသောအစာများကို ကျေညက်အောင် မချေနိုင်သဖြင့် သေလွန်သွားရာ ခွေးမကြီးဝမ်းထဲသို့ သွား၍ဝင်စားလေ၏။

ကောတုဟလိက မယားသည် ယောကျ်ားအလောင်းကို မြှုပ်နှံသဂြိုဟ်၍ နွားကျောင်းသား၏အိမ်၌ပင်အခစားလုပ်နေ၏။ အခစားလုပ်၍ ဆီဆန်နှမ်း စသည်တို့ကိုရရှိသောအခါ ကောင်းမှန်စွာ ချက်ပြုတ်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်ထဲသို့ လောင်းလှူပြီးလျှင်–

"အရှင်ဘုရား၊ အရှင်မြတ်တို့အား လှူဒါန်းအပ်သော ဤကုသိုလ်ကောင်းမှုအတို့သည် တပည့်တော်မ၏ ခင်ပွန်းလင်အား

ရရှိပါစေသတည်း”ဟု ဆုတောင်းပြီး ကုသိုလ်ကောင်းမှု အတို့ ကို ခင်ပွန်းလင်အား အမျှပေးဝေလိုက်၏။

ဤကိစ္စပြီးစီးသောအခါ စဉ်းစားသည်မှာ-‘ငါဟာ ဒီအရပ် မှာဘဲ နေဘို့သင့်တယ်။ အမြဲမပြတ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သည် ဤအိမ်သို့ ကြွတော်မူသည်။ လှူဘွယ်ဝတ္ထု ရှိရှိ-မရှိရှိ နေ့စဉ်မပြတ် ပစ္စေကဗုဒ္ဓါအရှင်အား ရှိခိုးရ၏။ နေ့တိုင်း နေ့တိုင်း ဝေယျာဝစ္စ ဆောင်ရွက်ရ၏။ နေ့စဉ်နေ့တိုင်း စိတ်ကို ကြည်ညို စေရ၏။ အဲဒီလို နေ့စဉ်နေ့တိုင်း မပြတ်ရှိခိုးခြင်း၊ ဝေယျာဝစ္စ အကျိုး သည်ပိုးခြင်း၊ စိတ်ကို ကြည်ညိုစေရခြင်းသည် ရွှေအိုးကြီး ရနေသလို ကုသိုလ်ကောင်းမှုတွေ တိုးပွားနေလိမ့်မည်’ဟု ဆုံး ဖြတ်ပြီး ထိုအမျိုးသမီးသည် နွားကျောင်းသားအိမ်၌သာ အခ စားလုပ်၍ နေသည်။

နွားကျောင်းသား၏ ခွေးမကြီးသည်လည်း ၆ လခကျော် ၇ လ ကြာသောအခါ ခွေးတကောင်တည်း မွေးလေ၏။ နွားကျောင်း သားသည် ခွေးပေါက်စအား ခွက်ငယ်တခုဖြင့် နွားနို့ တိုက်သည်။ ထိုခွေးငယ်သည် မကြာမီ ကြီး၍လာလေ၏။

## ပစ္စေကဗုဒ္ဓါအား ကြည်ညိုလှသော ခွေး

ထို့နောက် ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းဘုဉ်းပေးသည့် အခါ တိုင်း ထိုခွေးကလေးအား အမြဲမပြတ် ထမင်းခဲတခု ကျွေးစေ သည်။ ခွေးကလေးသည် ထမင်းခဲစားရသည်ကို အကြောင်းပြု၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၌ ချစ်ခင်ကြည်ညို၍ နေသည်။ နွား ကျောင်းသားသည် တနေ့နှစ်ကြိမ် ပစ္စေကဗုဒ္ဓါအား သွားရောက်

ဖူးမျှော်ဆည်းကပ်သော် ခရီးလမ်းအကြား၌ သားရဲရှိရာအရပ်တို့တွင် ချုံကိုဖြစ်စေ၊ မြေကြီးကိုဖြစ်စေ တုတ်နှင့်ပုတ်၍ စူး....စူး.... စူး....ဟု သုံးကြိမ်တိုင် စူးတိုက်အသံပေး၍ သားရဲတို့ကို ပြေးစေ၏။ ခွေးသည်လည်း နွားကျောင်းသားနှင့် အမြဲလိုက်၍ သွား၏။

နွားကျောင်းသားသည် တနေ့သ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို-

"အရှင်မြတ်ဘုရား၊ အကယ်၍ တပည့်တော်ကိုယ်တိုင် မလာအားလျှင် ဤခွေးကို စေလွှတ်လိုက်ပါမည် ဘုရား၊ ခွေးရောက်လာသော အထိမ်းအမှတ်ဖြင့် တပည့်တော်အိမ် ကြွတော်မူပါဘုရား"ဟု လျှောက်ထား၏။

ထိုနေ့မှစ၍ နွားကျောင်းသားသည် မိမိ မအားလပ်သည့်နေ့၌-

"ချစ်သား-သွားချေ၊ အရှင်မြတ်ကို ပင့်ဆောင်ချေ"ဟု ခွေးကို စေလွှတ်လိုက်၏။ ခွေးသည် စကားတခွန်းကြားရုံနှင့် ပြေးသွား၍ သူသခင် ချုံပုတ်သောနေရာ၊ မြေကြီးပုတ်သောနေရာများ၌ သုံးကြိမ်ဟောင်ပြီး သားရဲတိရစ္ဆာန်များ ထွက်ပြေးတိမ်းရှောင်သွားမှ ဆက်၍ သွားလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်နံနက်စောစော ကိုယ်လက် သုတ်သင်ပြီး ကျောင်းထဲဝင်၍ သီတင်းသုံးနေသောအခါ သီတင်းသုံးရာသို့သွား၍ တံခါးပေါက်မှ နေပြီး သုံးကြိမ်ဟောင်၍ အသံပေးပြီး သင့်တော်ရာ၌ ဝပ်၍နေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် အချိန်ကျ၍ ကြွတော်မူသည်ရှိသော် လမ်းရှင်းသည့်အနေဖြင့် ရှေးကဟောင်၍ ပြေးသွား၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ခွေးကို စုံစမ်းလိုသည့် သဘောဖြင့် တမင်လမ်းလွှဲ၍ ကြွတော်မူ၏။ ထိုအခါ ခွေးသည် ပစ္စေက

ဗုဒ္ဓါ အရှင်မြတ်ရှေ့က ကန့်လန့်ခံ၍ ဟောင်ပြီး လမ်းမှန်ကို ကြွစေတော်မူ၏။ နောက်တနေ့တွင်လဲ လမ်းလွဲတခုကို ကြွတော်မူပြန်သော် ခွေးသည် ရှေ့က ကန့်လန့်ခံပြီး တားမြစ်သော်လည်း ပြန်ပြန်မကြွဘဲ ခွေးကို ခြေတော်ဖြင့် အသာလှန့်ထုတ်လိုက်၏။ ခွေးသည် ပစ္စေကဗုဒ္ဓါ ပြန်မကြွသည်ကို သိ၍ သက်နံးစကိုဆွဲပြီး လမ်းမှန်ကို ပြန်ကြွစေ၏။ ခွေးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား အကြီးအကျယ် ချစ်ခင်ကြည်ညို၍ နေလေသည်။ နောင်သောအခါ အရှင်ပစ္စေကဗုဒ္ဓါ၏ သင်္ကန်းများ ဟောင်းနွမ်းဆွေးမြေ့ခဲ့၏။ ထိုအခါ ပစ္စေကဗုဒ္ဓါအား သင်္ကန်းလျာ အဝတ်ကို လှူဒါန်းလေ၏။

## ခွေးသေ၍ နတ်သား ဖြစ်ခြင်း

နွားကျောင်းသားကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်က မိန့်တော်မူသည်မှာ–

"ဒါယကာ၊ သင်္ကန်းကို တပါးတည်း ချုပ်ဆိုးရတာ အင်မတန် ခဲယဉ်းလှပေတယ်။ ချမ်းသာရာသို့သွား၍ ချုပ်ဆိုးမယ်"

"ဒီမှာဘဲ ချုပ်ဆိုးတော်မူပါဘုရား"

"ဒါယကာ၊ ငါတပါးထဲ မစွမ်းနိုင်ဘူး"

"ဒါဖြင့် အကြာကြီး နေတော်မမူပါနဲ့ ဘုရား"

ခွေးသည် ဒကာဆရာတို့ ပြောစကားကို နားစိုက်၍ ထောင်နေသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် "ဒါယကာ နေရစ်ပေတော့"ဟု ပြန်လွှတ်ပြီး ကောင်းကင်ယံက ပျံ၍ ဂန္ဓမာဒနတောင်သို့ ကြွတော်မူလေ၏။ ခွေးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ် ကောင်း

ကင်က ကြွသည်ရှိသော် မျက်စိတဆုံး ဖူးမျှော်ရင်း အူ၍နေသည်။ မျက်စိ မမြင်နိုင်ရာသို့ ရောက်သည်နှင့် တပြိုင်နက် ရင်ကွဲနာကျ၍ သေဆုံးလေ၏။

## လူသည် ခွေးထက် မိုက်သည်

လောကဌ် တိရစ္ဆာန်ဆိုသည်မှာ ရိုးသားပွင့်လင်း ဖြောင့်စင်းသည့် သဘောရှိသည်။ ကောက်ကျစ်စိတ်မရှိ။ လူတွေက ပြောတော့တမျိုး၊ လုပ်တော့တဖုံ လှည့်ပတ်ကောက်ကျစ်မှု စိုလှသည်။

ဗုဒ္ဓက-"ဂုယှနကဥ္စေတံဘန္တေ ယဒိဒံမနုဿာ၊ ဥတ္တာနကဥ္စေတံ ယဒိဒံပသဝေါ" ဆိုသည်ကို မှတ်မိအောင် ပြန်ဆိုထားသည့် အတွက် ရိုင်းသည်ဟု ယူဆပါက သည်းခံစေလိုပါသည်။ ရိုင်းမှ မှတ်မိလွယ်ပါသည်။ [စာရေးသူ]

န္တားကျောင်းသား၏ ခွေးသည် ရိုးသားပွင့်လင်းသော စိတ်၊ မကောက်ကျစ် မလှည့်ပတ်ဘဲ ဖြူစင်သည့်သဘော၊ ပစ္စေကဗုဒ္ဓါအား ချစ်ကြည်ညိုသော သဒ္ဓါတရားကြောင့် တာဝတိံသာ နတ်ပြည်တွင် ကြီးစွာသော စည်းစိမ် ကြက်သရေနှင့် ပြည့်စုံသော ဃောသကနတ်သား သွား၍ ဖြစ်လေသည်။

## တိုးတိုးပြော ၁၆ ယူဇနာ

ဃောသကနတ်သား နား နားကပ်ပြီး တိုးတိုးပြောသည့် အသံသည် ၁၆ ယူဇနာက ကြားနိုင်သည်။ ပကတိအတိုင်း ပြောဆိုသော အသံသည် ယူဇနာတသောင်း ရှိသော နတ်ပြည်ကြီး

တခုလုံး ဖုံးလွှမ်းသွားနိုင်သည်။ "မည်သည့်အတွက်ကြောင့်အသင် ဒါလောက် ကောင်းနေရသနည်း" ဟု မေးလျှင် ခွေးဘဝတုန်းက ပစ္စေကဗုဒ္ဓါအား သဒ္ဓါကြည်ညိုဖြင့် လမ်းရှင်းအောင် ဟောင်ပေးခဲ့သော အကျိုးဆက်ကြောင့် ဖြစ်သည်။

## နတ်တွေ သေခြင်း လေးမျိုး

ယောသကနတ်သားသည် နတ်ပြည်တွင် ကြာမြင့်စွာ မနေရ။ မကြာမီ စုတေစိတ်ကျ၍ လာသည်။ ထိုစကား မှန်၏။ နတ်တို့၏ နတ်သက်တမ်း ကုန်ခြင်းမှာ လေးမျိုး ရှိသည်။

(၁) အသက် ကုန်ခြင်း။
(၂) ကောင်းမှုကံ ကုန်ခြင်း။
(၃) စိတ်ဆိုးအမျက်ထွက်ခြင်း။
(၄) အာဟာရ ပြတ်ခြင်း။

ဤလေးမျိုးကြောင့် နတ်သက် ကုန်ကြရသည်။

## နတ်သက်ကုန်တယ်ဆိုတာ ဘာလဲ

လူ့ပြည်တွင်နေစဉ်က ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်၏။ သေသည့်အခါ နတ်ပြည်ရောက်လာသည်။ နတ်ပြည်မှာနတ်သက်အတိုင်းနေပြီး၊ သေလွန်သည့်အခါ အထက်ဘုံမှာ ဖြစ်ကြရပေသည်။ ဤသို့ သက်တမ်းကုန်၍ သေတာကို နတ်သက်ကုန်သည်ဟု ခေါ်သည်။

## ကံကုန်လို့ သေတယ်ဆိုတာ ဘာလဲ

လူ့ပြည်တွင် နေစဉ်က မှန်ညွှင်းစေ့လောက်အပ်ဖျားလောက်သာ ကုသိုလ်ကောင်းမှုပြုခဲ့သည်။ နတ်တို့၏ သက်တမ်းအညွှန့်ဆိုးငါးရာရှိသည်။ လူ့ပြည်က အနှစ်ငါးဆယ်သည် နတ်ပြည်တွင် တရက်မျှသာ ရှိသေး၏။ နတ်သက်က အရှည်ကြီးဖြစ်သော်လည်း ကုသိုလ်ကောင်းမှုက နတ်သက်အတိုင်း နေနိုင်အောင် မလုပ်ခဲ့။ အပ်ဖျားပမာ မှန်ညွှင်းစေ့သာသာဘဲ လုပ်ခဲ့သည်။ ထို့ကြောင့် နတ်သက်အတိုင်း မနေရဘဲ ကြားထဲမှာသေရသည်။ ဤသို့သော သေခြင်းမျိုးကို ကောင်းမှုကံကုန်၍ သေသည်ဟု ခေါ်သည်။

## နတ်တွေ ထမင်းစားသလား

ထမင်းငတ်သေတဲ့ နတ်မသာတွေဆိုတာရှိသည်။ တချို့နတ်တို့သည် ကာမဂုဏ်ခံစားနေသည့်အခါ မေ့လျော့နေသဖြင့် နတ်သုဒ္ဓါစားသောက်ချိန်တွင် မစားသောက်ဘဲ ကာမဂုဏ်ကိုသာ ပျော်ပါးလွန်ကျူး၍ နေသည်။ အပျော်လွန်သည့်အတွက် စားသောက်ချိန်တွင် မစားဘဲနေမိသည်။ နတ်ဆိုသည်မှာ အစာကို အချိန်ဖြင့်စားရသည်၊ အချိန်လွန်သည်နှင့် တပွိုင်နက် သေလေသည်။ဤသို့ အပျော်လွန်လို့ သေခြင်းကို အစာ အာဟာရပြတ်လို့ သေခြင်းဟု ခေါ်သည်။ အပျော်လွန်လို့သေတယ်၊တဏှာကြီးလို့ သေတယ်ဆိုပါက ပိုမို နားရှင်းပေလိမ့်မည်။

အချို့ နတ်များသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံတာကို သည်းမခံနိုင်ကြ။ ဒေါသအမျက် ချောင်းချောင်းထွက်တတ်ကြ

သည်။ ဤသို့ ဒေါသထွက်လာသည့်အခါ နတ်သက်ကြွေ၍ သေရသည်။ ဤသို့သော နတ်မသာများသည် ဒေါသကြီး၍ စိတ်ဆိုး၍ စိတ်တို၍ သေရသော နတ်မသာများ ဖြစ်ကြသည်။ ထိုလေးပါးထဲမှ ဃောသကနတ်သားသည် ကာမဂုဏ်ခံစား အားကြီးလွန်းသောကြောင့် စားချိန်တွင် မစားနိုင်ဘဲ အာဟာရပြတ်၍ သေသော နတ်မသာ ဖြစ်သည်။

## ပထမ အကြိမ်

ဃောသကနတ်သားသည် နတ်ပြည်မှစုတေလာပြီး ကောသမ္ဗီပြည် ပြည့်တန်ဆာမတဦး၏ ဗိုက်ထဲတွင် ပဋိသန္ဓေတည်နေ၏။ ပြည့်တန်ဆာမသည် ဖွားမြင်သော နေ့၌ "အခု မွေးတာဟာ သားလား သမီးလား" ဟု ကျွန်မတို့ကို မေး၏။

"အရှင်မ သားကလေးပါ" ဟု ပြောလိုက်သည့်အခါ-

"အို-ကျွန်မ၊ အဲဒီသေနာကောင်ကလေး စကောထဲထည့်ပြီး အမှိုက်ပုံမှာ သွားပစ်လိုက်" ဟု ကလေးကို အပစ်ခိုင်းလိုက်၏။

[ပြည့်တန်ဆာမ ဆိုသည်မှာ အလုပ် ဆက်လုပ်နိုင်၊ အမွေဆက်ခံနိုင်မည့် သမီးမိန်းကလေးကိုသာ အလိုရှိကြသည်။ ကျွေးမွေးလိုကြသည်။ သားကို အလိုမရှိ။ ထို့ကြောင့် အပစ်ခိုင်းလိုက်ခြင်း ဖြစ်သည်။]

## ကျီးတွေ ဝိုင်းဝိုင်းလည်

ကလေးကို ကျီးတွေ ခွေးတွေ ဝိုင်းနေကြသည်။ခွေးဘဝတုန်းက ပစ္စေကဗုဒ္ဓါကို ကြည်ညိုစိတ်ဖြင့် ဟောင်ပေးခဲ့သည့် အကျိုး

ဆက်ကြောင့် ခွေးတကောင် ကြောင်တမြီးမှ အနားမကပ်နိုင်။ ထိုအချိန်တွင် လူတယောက် မြို့ပြင်ထွက်လာရာ 'ခွေးတွေကြီးတွေ တရုံးရုံးဖြစ်နေတာ ဘာများပါလိမ့်'ဟု သွားကြည့်သည့်အခါ ကလေးကိုမြင်၍ သားသမီးအရင်းကဲ့သို့ ချစ်ခင်လာသည့်အတွက် 'ငါတော့ သားတယောက် ကောက်ရပြီ' ဟု ဆိုကာ အိမ်သို့ ယူလာခဲ့လေ၏။

## ကောသမ္ဗီ သူဌေးကြီး

ကောသမ္ဗီသူဌေးသည် မင်းအိမ်သို့ ခစားရန်သွားသောအခါ မင်းအိမ်တွင် ခစား၍ ပြန်လာသော ပုရောဟိတ်ပုဏ္ဏားကို မြင်၍-

"ဆရာ၊ ဘာတွေများ ထူးခြားပါသလဲ၊ ဒီကနေ့ အတိတ်ထူး နိမိတ်ထူးတို့ကိုရင်း၊ နက္ခတ်တာရာတို့ကိုရင်း ကြည့်ရှုပါသေးသလား"

"သူဌေးကြီး၊ ဒီကနေ့ နက္ခတ်တာရာများ ကြည့်ရှုခဲ့သည်။

"ဆရာ ပုရောဟိတ်၊ ကျွန်တော်တို့အား ဘာတွေများ ဖြစ်နိုင်ပါသလဲ၊ တခြားလူတွေအတွက်ကော ဘယ်လိုများဖြစ်နိုင်ပါသေးသလဲ ဆရာ"

"သြော်သက သူဌေးကြီး၊ ဘာမှတော့ အကြောင်းထူးမရှိလှဘူး။ ဒါပေမယ့် ဒီနေ့ မွေးတဲ့ ကလေးတော့ သူဌေးကြီးဖြစ်လိမ့်မယ်"ဟု ဟောကိန်းထုတ်လိုက်၏။

ထိုအချိန်တွင် သူဌေးကတော်ကြီး၌ ကိုယ်ဝန်အရင့်အမာ ရှိနေသည်။ သို့အတွက် သူဌေးကြီးသည် သူဌေးကတော်ကြီး

မွေးမမွေးသိလိုရေးနှင့်လူတယောက်ကိုလွှတ်၍ အကြည့်ခိုင်းလိုက်သည်။ စေလွှတ်လိုက်သောသူသည် သူဌေးကတော်ကြီး မီးမဖွားသေးကြောင်း ပြောပြသဖြင့် ကြားသိရသောအခါ မင်းကိုခစားပြီး အိမ်သို့အမြန်ပြန်ခဲ့၏။ ကျွန်မကာလီကို ခေါ်ပြီး အသပြာတထောင်ပေး၍-

"ဟဲ့ကာလီ၊ မြန်မြန်သွားပြီး စူးစမ်းချေ၊ ဒီနေ့မွေးတဲ့ကလေးကို အသပြာတထောင်ပေးပြီး ဝယ်ခဲ့"ဟု ခိုင်းစေလိုက်၏။

ကျွန်မသည် သွားရောက်စုံစမ်းမေးမြန်းသောအခါ ကလေးကောက်ရသည့်အိမ်သို့ ရောက်သွား၍ ကလေးကိုမြင်လျှင်—

"အိမ်ရှင်တို့၊ ဒီကလေး ဘယ်နေ့က မွေးပါသလဲ"

"ဒီကနေ့ဘဲ မွေးတယ်"

"ဒါဖြင့် အဲဒီကလေးကို ရောင်းပါလားရှင်"

တကျပ်ကစပြီး၊ တထောင်အထိပေး၍ ကလေးကိုဝယ်ယူပြီး သူဌေးကြီးအား ပြသလေ၏။ သူဌေးကြီးသည် 'ငါ့ဇနီးက သမီးမိန်းကလေးမွေးဖွားသော် ဒီကလေးနှင့်ပေးစားမည်။ ဒါမှမဟုတ် သားယောကျ်ားလေး မွေးလျှင်တော့ သုတ်သင်ပစ်မည်' ဟုကြံပြီး ကလေးကို မိမိအိမ်၌ ကျွေးမွေးပြုစုစေ၏။

နောက် နှစ်ရက်သုံးရက်ကြာသောအခါ သူဌေးကတော်ကြီးသည် သားငယ်တယောက်ကို ဖွားမြောက်သန့်စင်လေ၏။

## ခုနစ်ကြိမ်တိုင်တိုင် စွန့်ပစ်ခြင်း

သူဌေးကြီးသည် 'ဒီကလေး မရှိမှသာ ငါ့သား သူဌေးရာထူး ရနိုင်မယ်။ ဒီတော့ ကိုယ်မရှိ အမိသော်လည်း သားတော်ခဲ ဆို

သလို ဒီကလေးကို သတ်ပစ်မှ အေးမယ်’ဟုကြံ၍ ကျွန်မကာလီကို ခေါ်၍–

“ဟဲ့ ကာလီ၊ နွားခြံထဲက နွားတွေထွက်တဲ့ လမ်းပေါက် အလယ်ကောင်မှာ ဟောဒီကလေးကို သွားပြီး ကန့်လန့်ဖြတ် ချထားလိုက်။ ဒါမှ ဒီကလေးကို နွားတွေနင်းတာနဲ့ သေလိမ့်မယ်။ နွားတွေ နင်း,မနင်းစောင့်ကြည့်ပြီး ငါ့ကို ပြန်ပြောလှည့်”ဟု မှာ၍ လွှတ်လိုက်၏။

## ဒုတိယ အကြိမ်

ကျွန်မသည် နွားကျောင်းသား ခြံတံခါးဖွင့်သောအချိန်တွင် ကလေးကို လမ်းအလယ်ကောင်၌ ချထိပ်ထားလိုက်၏။ နွားတို့၏ အကြီးအမှူး နွားလားဥသဘကြီးသည် နေ့စဉ်နေ့တိုင်း နွားများ အားလုံး၏နောက်မှ ထွက်သော်လည်း ယနေ့တော့မူ နွားများ အားလုံး၏ အရင်ထွက်လာပြီး ကလေးကိုမြင်လျှင် မထိခိုက် အောင် ခြေလေးချောင်းဖြင့်ခွပြီး မတ်တပ်ရပ်နေ၏။ တရာမက များလှသောနွားများ သေးနှစ်ဖက်မှ ပွတ်တိုက်ထွက်သွားကြ ကုန်၏။

နွားကျောင်းသားက ‘ဒီနွားလားကြီးဟာ ခါတိုင်းနှင့်မတူ တမူထူးခြားတယ်။အရင့်အရင်ရက်တွေကဆိုရင်နောက်ဆုံးမှထွက် တယ်။ ဒီနေ့ ဗွေဆော်ဦးထွက်ပြီး ခြံလယ်ကောင်မှာ ကားယားခွ ရပ်နေတယ်။ ဘာအကြောင်းများ ထူးပါလိမ့်’ဟု မြန်မြန် ဆန် ဆန်သွားကြည့်သည့်အခါ နွားလားဥသဘအောက်၌ အိပ်နေ သောကလေးကိုမြင်ရ၍သားအရင်းကဲ့သို့ချစ်ခင်သဖြင့်‘ငါတော့

သားတယောက် ရပြန်တာဘဲ’ဟု ဆိုကာ အိမ်သို့ယူသွားလေ၏။

ကျွန်မကာလီသည် ပြန်သွားပြီး၊သူဌေးကြီးအား အကြောင်း စုံပြောပြ၏။

“သွားပါအုံးဟဲ့ကာလီ၊ အဲဒီကလေးကို နွားကျောင်းသား ဆီက အသပြာတထောင်ပေးပြီး အိမ်ပြန်ယူခဲ့ပါ”ဟု ခိုင်းစေ သဖြင့် ကာလီသည် ကလေးကို တထောင်ပေး၍ ယူပေးလိုက်၏။

## တတိယ အကြိမ်

ထို့နောက် သူဌေးကြီးသည် ကျွန်မကာလီကို “သမီးကာလီ၊ ဒို့ကောသမ္ဗီက လှည်းကုန်သည်ငါးရာ မနက်စောစောထ၍ ကုန် ရောင်း သွားကြလိမ့်မယ်။ အဲဒီတော့ ဒီကလေးကိုယူသွားပြီး လှည်းလမ်းအလယ်ကောင်မှာ သိပ်ထားလိုက်၊ လှည်းတွေ နွား တွေနင်းလို့ အရိုးအသား ရှာမရအောင် ဖြစ်လိမ့်မယ်။ အဲဒီ အကြောင်း နင်ကိုယ်တိုင်စောင့်ကြည့်ပြီး ငါ့ကိုပြန်ပြောလှဲ့”ဟု မှာလိုက်၏။

ကျွန်မကာလီသည် သူဌေးကြီးခိုင်းစေသည့်အတိုင်း ကလေး ကိုယူသွားပြီး လှည်းလမ်း၏အလယ်ကောင်တွင် ကန့်လန့်ဖြတ် ချထားလိုက်၏။

ထိုအချိန်တွင် လှည်းမှူးကြီးသည် ရှေ့ဆုံးက မောင်းသည်။ နွားတို့သည် ကလေးချထားသည့် နေရာရောက်သောအခါ ရှေ့ မတိုးဘဲရပ်နေကြသည်။ ဘယ်လိုမောင်းမောင်း နွားတွေရှေ့မတိုး ကြကုန်။ လှည်းမှူးကြီးသည် ကြိုးစား၍မောင်းနှင်နေစဉ် အရုဏ်

တက်လာသဖြင့် အလင်းရောင်အနည်းငယ် ရလာသည်နှင့် နွား တွေ ဘာကြောင့် ရွှေမတိုးပါလိမ့်မလဲဟု ရွှေကို ကဲကြည့်လိုက် သည့်အခါ ကလေးကို မြင်ရ၍ ‘ငါသည် အလွန်ဝမ်းလေးသော အမှုကို ပြုမိချေ၏။ ငါသည် နွားလောက်မျှ အသိဉာဏ်မပေါက် ယောင်တကား။ အခုတော့ ကံကောင်း ထောက်မ၍ သား တယောက်ရပေပြီ’ဟုဆိုကာ ဝမ်းမြောက် ဝမ်းသာ အိမ်သို့ယူ သွားလေ၏။

ကာလီ ကျွန်မလည်း အိမ်ပြန်သွားပြီး သူဌေးကြီးအား အကြောင်းစုံပြောပြသည်။

“ဟဲ့ ကာလီ၊ မြန်မြန်သွားပါအုံး၊ အဲဒီကလေးကို တထောင် ပေးပြီး ငါ့ဆီပြန်ယူပေးပါအုံး”ဟု ခိုင်းသဖြင့် ခိုင်းစေသည့် အတိုင်း ကာလီက ပြုပေးရလေ၏။

## စတုတ္ထ အကြိမ်

ထို့နောက်တဖန် သူဌေးကြီးက ကျွန်မကာလီကိုခေါ်၍“ဟဲ့- ကာလီ ဟောဒီမသာကောင်ကလေးကို ယူသွားပြီး သင်းချိုင်းထဲ က ချုံတခုအောက် ပစ်ထားလိုက်ပါ။ ဒါမှ ဒီမသာလေးကို ခွေး စားလို့ သေချင်သေမယ်။ဘီလူးစားလို့ သေချင်သေမယ်။ ဒီမသာ လေး မသေမချင်း ငါမအေးပါဘူး.... အဲဒီသေခဲလှတဲ့ကလေး သေ-မသေကိုလဲ စောင့်ကြည့်ပြီး ငါ့ပြန်ပြောအုံး”ဟု မှာ၍ လွှတ်လိုက်၏။

ကျွန်မသည် သူဌေးကြီး ခိုင်းသည့် အတိုင်း ကလေးကို ယူပြီးချုံပုတ်ထဲတွင် ပစ်ထားလိုက်၏။ သင့်တော်ရာက ချောင်း

ကြည့်နေသည်။ ကလေး အနားသို့ ခွေးတွေ၊ ကျီးတွေ၊ ဘီလူးတွေတကောင်မျှ မကပ်နိုင်ကြပေ။

> တစုံတယောက်မျှ စောင့်ရှောက်သူ မရှိဘဲနှင့် ဒီကလေးအနားကို ခွေးတွေ၊ ကျီးတွေ စသည် အဘယ်ကြောင့် မကပ်နိုင်သနည်းဆိုသော်-ခွေးဖြစ်စဉ်ဘုန်းက ပစ္စေကဗုဒ္ဓါအား အန္တရာယ်မရှိအောင် ကြည်ညိုစိတ်ဖြင့် သွားလာရာ၌ လမ်းရှင်းအောင်ဟောင်ပေးသည့် ကုသိုလ်ကံများက ထိုကလေးကို စောင့်ရှောက်ပေးသည်ဟု အဋ္ဌကထာ တွင်လာသည်။

ထိုအချိန်တွင် ဆိတ်ကျောင်းသား တယောက်သည် ဆိတ်အကောင်တထောင်ကျော်တို့ကိုသုသာန်နားကဖြတ်၍ စားကျက်သို့မောင်းနှင်သွား၏။ ဆိတ်မဟာကောင်သည် သစ်ရွက်များကိုစားရင်း ချုံကြားသို့ ဝင်သွားလေ၏။ သူငယ်ကို မြင်သောအခါ ဆိတ်မသည်ဒူးထောက်၍ နို့တိုက်လေ၏။ ဆိတ်ကျောင်းသားက-

"ဟေ့....ဟေ့"ဟု အသံပေးသော်လည်း ဆိတ်မကမထွက်။ "ဒီဆိတ်မတော့ ရိုက်မှ ထွက်တော့မှာဘဲ"ဟု ဆိုကာ ရိုက်ရန်ချုံကြားသို့ ဝင်လာသောအခါ ဆိတ်မ နို့တိုက်နေသည့်ကလေးကို မြင်၍ ချစ်သည့်စိတ်ဝင်လာပြီး 'ငါတော့ သားတယောက်ကောက်ရတာဘဲ'ဟုဆိုကာ ကလေးကို အိမ်သို့ ယူသွားလေ၏။

ကျွန်မ ကာလီသည် အိမ်ပြန်သွားပြီး သူဌေးကြီးအား အလုံးစုံပြောပြ၏။

"ဟဲ့ ကာလီ၊ လုပ်ပါအုံးဟဲ့။ အဲဒီကလေး တဆောင်ပေးပြီးပြန်ယူပေးပါအုံး"ဟု ခိုင်း၏။ ကာလီသည် ခိုင်းသည့် အတိုင်းလုပ်ဆောင်ပေးလေ၏။

## ပဥ္စမ အကြိမ်

ထိုနောက် သူဌေးကြီးက– "ဟဲ့ ကာလီ၊ ဒီမသာကောင်လေး မြန်မြန် ကိစ္စတုန်းအောင် သူခိုးတွေ ချသတ်တဲ့ ချောက်ထဲသွားပစ်ချလိုက်။ သင်းသေမှ ငါ ရှင်အေးမယ်။ သေ မသေလဲ ငါ ပြန်ပြောအုံး"

ကာလီကျွန်မလည်း ခိုင်းသည့်အတိုင်း ကလေးကို ခိုးသားတွေ ချသတ်သည့် ချောက်ထဲ ပစ်ချလိုက်၏။ ထိုတောချောက်တွင် ဝါးတောကြီးတခု အကြီးအကျယ် ပေါက်နေသည်။ ဝါးပင်တွေ အပေါ်တွင် ရွှေးချုံကြီးက အုပ်နေသည်။ ပစ်ချလိုက်သော ကလေးသည် ကော်ဇောပေါ် ကျသည့်အလား ရွှေးချုံပေါ် သွား၍ ကျလေ၏။ ထိုနေ့က ထရံသည်ကြီး ဝါးခုတ်အလုည့် ကျသည်။ ထရံသည်ကြီးသည် သားနှင့်အတူ ဝါးခုတ် သွားကြလေ၏။ ဝါးခုတ်သည့်အခါ ဝါးပင် လှုပ်သွားသည့် အတွက် ကလေးသည် လန့်၍ ငိုလေ၏။ ထရံသည် သားအဖသည် ကလေး ငိုသံကြားသဖြင့် ဆားဆဖက်မှ တက်ကြည့်သောအခါ ကလေး ကိုမြင်၍ 'ငါတော့ သားတယောက် ရပြန်တာဘဲ'ဟု ဝမ်းမြောက်သည့်စိတ်ဖြင့် အိမ်သို့ ယူသွားလေ၏။

ကျွန်မ ကာလီသည် သူဌေးကြီးအား ရှေးနည်းအတိုင်း အကြောင်းစုံ ပြောပြသောအခါ ယခင်ကကဲ့သို့ပင် အဲသပြာ တထောင်ပေး၍ ရွှေးယူစေပြန်၏။

## ဆဋ္ဌမ အကြိမ်

## သုတပါး မကောင်းကြံ ကိုယ်ဘေးဒဏ်ထိ

သူဌေးကြီးသည် ကလေးကို ဖျောက်ဖျက်ပစ်ရန် ကြိုးစားနေစဉ် ကလေးသည် တဖြေးဖြေး ကြီး၍လာလေ၏။ ဃောသကဟူ ခေါ်ကြသည်။ ဃောသကကို သူဌေးကြီးက မျက်စိ စပါးမွေး အလွန်စူးနေသည်။ ကြည့်လို့မရအောင် ဖြစ်နေသည်။ ဒီကောင် ကလေးကို ဖျောက်ဖျက်ပစ်ရန် နည်းလမ်းကိုသာ အမြဲတမ်း ရှာ ကြံနေသည်။ မိမိမိတ်ဆွေ အိုးသိန်းသည် တယောက်ထံ သွား၍-

"ဘယ်တော့ အိုးဖုတ်မလဲ"

"နက်ဖြန်ခါ ဖုတ်မယ် သူဌေးကြီး"

"အေး ကောင်းပြီ၊ ဒါဖြင့် ငါ့ကိစ္စတခု ဆောင်ရွက်ပေး။ ရော့ အသပြာတထောင်"

"ဘာလုပ်ပေးရမလဲ သူဌေးကြီး"

"ငါ့မှာ သားဆိုး သားမိုက်တယောက်ရှိတယ်။ အဲဒီအကောင် ကို မင်းဆီ လွှတ်လိုက်မယ်။ ရောက်လာရင် အိုးဖုတ်တိုက်ထဲ သွင်းပြီး အစပျောက်သာ ရှင်းလိုက်ပေတော့။ အခု တထောင်က စရံသဘောဘဲ ရှိသေးတယ်၊ ကိစ္စပြီးတဲ့အခါ နောက်ထပ် ကျေးဇူးပြုအုံးမယ်"ဟု ပြောသောအခါ အိုးထိန်းသည်က ခေါင်းညိတ် လိုက်၏။ သူဌေးကြီးလည်း 'ငါ့အကြံ အောင်ပြီ'ဟု ဝမ်းသာ အားရ အိမ်သို့ပြန်လာခဲ့သည်။

## သားအရင်း သေဆုံးရပုံ

နောက်တနေ့ မိုးလင်းသည့်အခါ ဃောသကကို ခေါ်ပြီး- "မနေ့က ငါ့အိုးထိန်းသည်ကို အလုပ်တခု ခိုင်းထားသည်။ ချစ်သားသွားချေ။ အဲဒီအိုးထိန်းသည်ကို မနေ့က ဖေဖေခိုင်းထားတဲ့ အလုပ်ပြီးအောင်လုပ်ပါလို့ သွားပြောချေ"ဟု ဃောသကကို စေခိုင်းလိုက်၏။

ဃောသကလည်း "သွားပါမယ်" ဟု ကတိပေး၍ သွား၏။ ဃောသက အိုးလုပ်သည့် ရွာသို့ သွားသည့်အခါတွင် သူဋ္ဌေး၏ သားအရင်းသည် ဂေါ်ညင်း ကစားနေ၏။ ဃောသကကို မြင်လျှင်—

"အကိုကြီး ဘယ်သွားမလို့လဲ"

"ငါ အိုးထိန်းသည်ဆီ သွားမလို့"

"ဘာကိစ္စလဲ အကိုကြီး"

"ဖေဖေက ဒီလို ဒီအကြောင်း ပြောခိုင်းလိုက်တယ်။ အဲဒါ အခု ငါသွားပြောမလို့"

"အကိုကြီး၊ အဲဒီနေရာ ကျွန်တော်သွားပါမယ်၊ အခု ကျွန်တော် ဂေါ်ညင်း တသိန်းတောင် ရှုံးနေတယ်။ အဲဒီအရှုံးကို အရင်းရအောင် ပြန်ကစားပေးပါ"ဟု ပူဆာ၏။

"ငါ ဖေဖေ့ကို သိပ်ကြောက်တယ်"

"မကြောက်ပါနဲ့ အကိုကြီးရာ၊ အဲဒီသတင်းစကားကို ကျွန်တော်သွားပြောလိုက်ပါမယ်။ ကျွန်တော်ရှုံးထားတဲ့ ဂေါ်ညင်းရင်းစား ရအောင်သာ ကစားပေးပါ"ဟု တောင်းပန်၍ သွား၏။

ဃော်သကသည် ဂုံညဉ်းထိုး အလွန်တော်သည်။ထို့ကြောင့် သားအရင်းက ဃောသကကို အထပ်ထပ် တောင်းပန်နေခြင်း ဖြစ်သည်။ ဃောသက က–

"ဒီလိုဆိုရင် ငါ့ညီ အိုးထိန်းသည်အိမ်သွားပြီး သတင်းပို့ချေ။ အကို ဒီမှာ ငါ့ညီ ကိုယ်စား နိုင်အောင် ကစားထားလိုက်မယ်"

သားအရင်းသည် အိုးထိန်းသည်ထံ သွား၍ "အဖေခိုင်းထားသည့် အလုပ် ပြီးအောင်လုပ်ပါ" ဟု ပြောရာ အိုးထိန်းသည်လည်း သူဌေးကြီး အမိန့်အတိုင်း အစဖျောက်လိုက်၏။

ဃော်သကလည်း ဂုံညဉ်းကစားပြီး ညနေ အိမ်ပြန်သွားသည့်အခါ သူဌေးကြီးသည် ဃောသကကို မြင်လျှင် တုန်လှုပ်သွားပြီး–

"ဘယ်လိုလဲ မင်းကို ငါခိုင်းတဲ့ဆီ မသွားဘူးလား"

"ညီလေးက သူဂုံညဉ်း ရှုံးနေလို့ သူ့အစား ကစားပေးပါ။ သူသွားပြောမယ်ဆိုပြီး ထွက်သွားပါတယ်"

ဃောသကပြောသော စကားကို ကြားလျှင် 'ငါ့အကြံဟာ တယ်ရှိစရာ ကောင်းပါကလား' ဟု မြည်တွန် တောက်တီးပြီး တကိုယ်လုံး သွေးပွက်ပွက်ဆူလာသလို ဖြစ်၍နေလေ၏။ 'အို– အဆွေ အိုးထိန်းသည်၊ ငါ့ကို မမျက်ပါလင့်၊ ငါ့ကို မမျက်ပါလင့်'ဟု ပါးစပ်က တဖျစ်ဖျစ်ပြောရင်း လက်မောင်းနှစ်ဖက်ကို မြှောက်ပြီး အိုးထိန်းသည်ထံ ပြေးလေ၏။

အိုးထိန်းသည်လည်း အဝေးက လာသော သူဌေးကြီးကို မြင်လျှင်–

"အရှင်သူဌေးကြီး၊ ဘာမှမပူနှင့်၊ သင့်ကိစ္စ အားလုံး ပြီးပြီ" ဟု ပြောလိုက်သည်။

သူဌေးကြီးသည် ရင်ဝကိုဖနောင့်နှင့် အပေါက်ခံလိုက်ရသလို၊ တကိုယ်လုံး တောင်ကြီးနှင့် ဖိ၍ အကြိတ်ခံရသလို ကြီးကျယ်လှသော ဒုက္ခကို ခံစားရလေ၏။ စိတ်အကြီးအကျယ် ထိခိုက်၍ "ဟိုက်"ကနဲ ဖြစ်သွားလေ၏။

ဤကဲ့သို့ ကြီးမားသော ဒုက္ခကို ခံစားရခြင်းသည် မပြစ်မှားထိုက်တဲ့သူကို ပြစ်မှား၍ ခံစားရခြင်း ဖြစ်ပေသည်။ သူတပါး မကောင်းကြံလျှင် ကိုယ်သာ ဘေးဒဏ် ထိခြင်းမျိုး ဖြစ်သည်။

## သတ္တမ အကြိမ်

ဤသို့ဖြစ်လေ၊ သူဌေးကြီးသည် ဃောသကကို ကြည့်၍မရလေ၊ သတ်ချင်စိတ် ပေါက်လေ ဖြစ်နေသည်။ ဃောသကကို သတ်ရန် အရေးသာ တွေးနေသည်။ 'ငါ့အပိုင်စားရတဲ့ ရွာက ငါ့အလုပ်ကို လုပ်နေတဲ့ စာရင်းကိုင်ထံ လွှတ်ပြီး ဃောသကကို အသတ်ခိုင်းမယ်'ဟု အကြံရသဖြင့်–

"ဒီသူငယ်ဟာ ငါ့အတွက် သားဆိုး သားမိုက် သားယုတ် တယောက် ဖြစ်တယ်။ သူ့ကို သတ်ပြီး မစင်တွင်းထဲ ပစ်ချလိုက်။ ငါမှာလိုက်တဲ့အတိုင်း လုပ်လို့ ကိစ္စပြီးရင် ဦးလေးကို ကျေးဇူးအပြည့်အဝ ဆပ်ပါမယ်။ ပေးကမ်းပြုစုသင့်သည်တို့ကိုလည်း သိပါမယ်"ဟု စာရေးပြီး–

"ချစ်သား ဃောသက၊ အပိုင်စားရတဲ့ရွာတရွာမှာ စာရင်းကိုင်သူဌေးငယ်တဦး ရှိတယ်။ ဟောဒီစာကို အဲဒီစာရင်းကိုင်

သူဌေးထံ သွားပေးချေ”ဟု စာကို ဃောသကာ၏ပုဆိုးစွန်မှာ ချည်၍ လွှတ်လိုက်၏။ ဃောသကသည် စာလုံးဝမတတ်သည့်အတွက် စာထဲတွင်ဘာရေးထားသည်ကို သိသူမဟုတ်ပေ။ မှန်၏။ ဃောသကသည် မွေးလာသည့်အချိန်ကစ၍ အမျိုးမျိုး အသတ်ခံနေရသည့်အတွက် စာတတ်သူမဟုတ်ပေ။ သတ်မရသည့် အဆုံးတွင် ယခုအခြေ ရောက်လာပြန်သည်။ ဃောသကသည် စာ၏အဓိပ္ပာယ်ကို ဘာမှမသိသည့်အတွက် မိမိကို အသတ်ခိုင်းသည့်စာကို မိမိကိုယ်တိုင်ယူ၍ ထွက်လာခဲ့သည်။

## တောသူဌေးသမီး

ဃောသကသည် မိမိအား အသတ်ခိုင်းသည့်စာကို ပုဆိုးစွန်တွင်ချည်၍ ထွက်လာစဉ်–

“ဖခင်၊ ကျွန်တော်လမ်းမှာ စားဘို့သောက်ဘို့ရိက္ခာ ဘာတခုမျှမရှိပါ”ဟုဆို၏။ သူဌေးကြီးက–

“ငါ့သား၊ လမ်းမှာ စားဘို့သောက်ဘို့ ဘာမျှမပူနဲ့၊ ခရီးတထောက်နားမည့်နေရာကရွာမှာ ငါ့မိတ်ဆွေသူဌေးတယောက်ရှိတယ်။ အဲဒီအိမ်မှာ နံနက်စာစားပြီး ရှေ့ဆက်သွား”ဟု ပြောလိုက်၏။

ဃောသကလည်း “ကောင်းပါပြီ ဖခင်”ဟု ဝန်ခံ၍ ဖခင်ကို ရှိခိုးပြီးလျှင်၊ ခရီးထွက်ခဲ့ရာ ဖခင်မှာလိုက်သော ရွာသို့ရောက်၍ သူဌေးအိမ်ကို မေးသွား၏။ သူဌေးကတော်က အိမ်ပေါက်သို့ ရောက်လာသော ဃောသကကို “ဘယ်အရပ်က လာခဲ့သလဲ”

“မြို့ထဲက လာခဲ့ပါတယ် ခင်ဗျား”

"မောင်က ဘယ်သူ့သားလဲ"
"မိခင်၊ မြို့ထဲက အသင်တို့မိတ်ဆွေ ကောသမ္ဗီသူဌေးပါ"
"သူဌေးသား ဃောသကဆိုတာ မောင်လား"
"ဟုတ်ပါတယ် ခင်ဗျာ"ဟု ပြော၏။
ထိုသို့ ဃောသကကို မြင်လိုက်သည်နှင့်တပြိုင်နက် သူဌေးကတော်သည်သားအရင်းကဲ့သို့ ချစ်ခင်သွားလေ၏။

## ဈေးဘဝက ကြင်ဖော်

သူဌေးတွင် ၁၆ နှစ်အရွယ် သမီးချော သမီးလှလေးတယောက်ရှိလေသည်။ သမီးကလေးအား အရိပ်တကြည့်ကြည့်ဖြင့် ပိတိဖြစ်နေသည်။ သမီးကလေးကို စောင့်ရှောက်ရန် ကျွန်မတယောက်ပေး၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၌ အထက်ဆုံးအထပ်တွင် နေစေသည်။ ထိုအချိန်တွင် သူဌေးသမီးသည် ကျွန်မကို အိမ်ဈေးသို့လွှတ်လိုက်သည်။ သူဌေးကတော်သည် ကျွန်မကိုမြင်၍-
"ဟဲ့ ဘယ်သွားမလို့လဲ"
"အရှင်မ၊ သမီးခိုင်းလို့ အိမ်ဈေးသွားမလို့ပါ"
"ဒါဖြင့် ခဏလာအုံး၊ သင့်အရှင်မ ခိုင်းတာ ခဏထားလိုက်အုံး၊ ဟောဒီ ညီ့သည် သူဌေးသားကို ခြေဆေးပေး၊ ဆီလိမ်းပေးပြီး နောက် အိပ်ရာ ပြင်ပေးခဲ့ပါအုံး။ နောက်မှ သင့်သခင်မခိုင်းတာလုပ်ပါ"
ကျွန်လည်း သူဌေးကတော် ခိုင်းသည့်အတိုင်း အားလုံး လုပ်ကိုင်ပေးပြီးမှ သူဌေးသမီး ခိုင်းရာသို့သွားပြီး ပြန်တက်လာလေ

၏။ သူဌေးသမီးသည် အချိန်ကြာရပါမို့လားဟုဆိုပြီး ကျွန်မကို ဆူပူကြိမ်းမောင်းသည်။ ကျွန်မက သူဌေးသမီးကို–

"သခင်မ၊ ကျွန်မကို သိပ်ဆူပူကြမ်းမနေပါနဲ့။ သူဌေးသား ဃောသက ရောက်လာလို့ သခင်မ အမေက ခိုင်းနေသဖြင့် အလုပ်ပြီးမှ သွားရသောကြောင့် အချိန် ကြာနေပါတယ်" ဟု ပြော၏။

သူဌေးသမီးသည် ဃောသကဆိုသည့် အသံကလေးကို ကြားရုံမျှနှင့်ပင် နားကြောစိမ့်သွားသည်။ ချစ်မေတ္တာသည် အရည်၊ အသား၊ အကြောတွေကိုဖြတ်ပြီး ရိုးတွင်းခြင်ဆီအထိ စိမ့်ဝင်သွားသည်။ ဘာကြောင့် ဤသို့ဖြစ်ရသနည်း ဆိုလျှင် ဟိုကောတုဟလဘဝတုန်းက သူဌေးသမီးဟာ ဃောသက၏ မယား ဖြစ်ခဲ့သည်။ ဆွမ်းအနည်းငယ်ချက်ပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်အားဆက်ကပ်လှူဒါန်းခဲ့သည်။ ဤကုသိုလ်ကံကြောင့်ဘဝပြောင်းလာသည့်အခါ ဤအိမ်တွင် သူဌေးသမီး လာဖြစ်လေသည်။ ထို့ကြောင့် ရှေးတုန်းက ချစ်ခဲ့ဘူးသော ချစ်မေတ္တာ ရေစင် ရေချမ်းသည် တကိုယ်လုံး ဆွတ်ဖျန်းလိုက်သဖြင့် စိမ့်ပင်သွားသလို အသံကလေး ကြားရုံမျှနှင့် ချစ်မေတ္တာသည် ရိုးတွင်းခြင်ဆီအထိ စွဲဝင်သွားလေသည်။

ထိုအခါ သူဌေးသမီးက ကျွန်မကို– "အဲဒီ ဃောသက သူဌေးသား အခုဘယ်မှာလဲ"

"သခင်မ အိပ်ရာထဲမှာ အိပ်နေပါတယ်"

"သူ့လက်ထဲမှာ ဘာတွေများ ပါလာသလဲ"

"သခင်မ၊ ဘာမှ ပါလာတာတော့ မတွေ့ဘူး။ ဒါပေမယ့် ပုဆိုးစွန်မှာ စာနဲ့တူတဲ့ အထုပ်ကလေး တထုပ် ပါလာပါတယ်"

သူဌေးသမီးသည် 'ဘာစာများလဲ'ဟု သိချင်စိတ် အားကြီး နေသည်။ ဆေးသကာ အိပ်ပျော်နေတုန်း မိဘတို့ အလစ်တွင် အောက်ဆင်း၍ စာကိုယူလာသည်။ စာကိုယူသည့်အခါ လက် ကလေးများပင် တုန်နေသည်။ စိတ်ကို မနဲချုပ်ပြီး နိုးမသွား အောင် အသာကလေး ယူလိုက်သည်။ စာကို အခန်းထဲ ယူသွား ပြီး တံခါးတွေကို အလုံပိတ်၍ တထိတ်ထိတ်နှင့် ဖတ်သည်။ 'ငါနဲ့ များ ပေးစားဖို့ ရေးလိုက်တဲ့ စာလား' ဆိုသည့်စိတ်က ရင်ကို ဘိတ်ဒိတ် ခုန်စေသည်။

သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်။ စာကို အသေအချာ ဆက်ဖတ်ကြည့်သောအခါ 'တယ်လဲ' အံ့ဩစရာ ကောင်းပါ လား။ ဒီလူမိုက်ဟာ ကိုယ့်ကို အသတ်ခိုင်းတဲ့စာကို ကိုယ့်ပုဆိုးမှာ ချည်ပြီး သွားနေတယ်။ အကယ်၍သာ ငါမတွေ့ဘူးဆိုရင် ဒင်း အသတ်ခံရတော့မှာဘဲ'ဟု ကြံပြီး သူဌေးကြီးစာ အသစ်တစောင် ရေးလိုက်သည်။

"အခု လွတ်လိုက်တဲ့ ငါ့သား ဆေးသကာကို ငါပိုင်တဲ့ ရွာ ဘရွာ လက်ဆောင်ပဏ္ဏာတွေယူပြီး ဟောဒီရွာက တောသူဌေး သမီးနှင့် ထိမ်းမြားပေးလိုက်ပါ။ သူတို့နေဖို့ ရွာလယ်မှာ နှစ် ဆပ်အိမ်ကြီးတခု ဆောက်လုပ်ပြီး တံတိုင်းအစောင့်အရှောက်တို့ ဖြင့် လုံလောက်အောင် ပြုစုစောင့်ရှောက်ပါ။ အားလုံး ကိစ္စပြီး လျှင် ငါ့ကိုလဲ အကြောင်းကြားပါ။ မှာတဲ့အတိုင်း ပြုလုပ်ပေး ပါ။ နောင်အခါ ဦးကြီးတော်အား ပြုထိုက်သောအမှုကို ပြုပါ့ မယ်။ ကျေးဇူးဆပ်ပါ့မယ်"ဟု စာအသစ်ရေး၍ ပုဆိုးတွင် ပြန် ချည်ပေးလိုက်၏။

## လက်ထပ်မင်္ဂလာ

ဃောသကသည် အိပ်ရာက နိုးသည့်အခါ စားစရာ သောက်စရာများ စားသောက်ပြီး ခရီးဆက်လေ၏။ နောက်တနေ့ မနက်စောစော ထိုရွာသို့ ရောက်၍ စာရင်းကိုင်သူဌေးသည် ရွာထဲမှာ အလုပ်လုပ်နေစဉ် ဃောသကကို တွေ့မြင်လေ၏။ သူဌေးငယ်လည်း ဃောသကကို တွေ့မြင်လျှင်—

"အမောင်၊ ဘာကိစ္စလာသလဲ"

"ကျွန်ုပ်ဖခင် စာရေးလွှတ်လိုက်၍ လာခဲ့ပါသည်ခင်ဗျား"

"အမောင် စာဘယ်မှာလဲ၊ ငါ့ဆီ ယူလာစမ်း"

သူဌေးငယ်သည် ဃောသကပေးသော စာကို ဖတ်၍ ဝမ်းမြောက်နေလေ၏။

"ငါ့သူဌေးက ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကြည့်ကြစမ်းပါအုံးဟေ့၊ ဟောဒီ သူ့သားကြီး မင်္ဂလာဆောင်ပေးဖို့ ငါ့ကို တာဝန်လွှဲလိုက်တယ်။ မြန်မြန် သစ်တွေ ဘာတွေ ယူခဲ့ကြ" ဟု လက်အောက်ငယ်သားများကို သူဌေးငယ်က မှာကြားပြီး ရွာလယ်ကောင်တွင်နှစ်ထပ်အိမ်ကြီးတအိမ်ဆောက်လုပ်၍ သူဌေးကြီးစာအတိုင်း တောသူဌေးသမီးနှင့် လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ပေးလိုက်၏။ သူဌေးကြီးအားလည်း အကြောင်းကြားလိုက်လေသည်။

သူဌေးကြီးသည် 'ငါလုပ်တဲ့အမှု တခုမှ မအောင်မြင်ဘူး။ ငါလုပ်တာက တမျိုး၊ ဖြင်လာတာကတမျိုးချည့် ဖြစ်နေတယ်' ဟု အကြီးအကျယ် စိတ်သောက ဖြစ်နေသည်။ စိတ်မချမ်းမသာ ဖြစ်နေသည်။ ဒေါသအမျက် ချောင်းချောင်း ထွက်နေသည်။

သားသောကနှင့် အခြား သောက တွေပါ စုပုံ လာသဖြင့် အဆောက်အအုံ ကြီးမားလာသည်။ ဝမ်းထဲမှ နှလုံးသွေး နှလုံးသားများ အပြင်းအထန် ပူလောင်လာသဖြင့်သွေးဝမ်းသွားနေပြီ ဖြစ်သည်။

## လူလွှတ်၍ ခေါ်ခြင်း

သူဌေးသမီးသည် "သူဌေးကြီးထံက လူတယောက်လာရင် သူဌေးသားကို ဘာမှ မပြောကြနှင့်ဟု အစေအခိုင်းတို့ကိုနှုတ်ပိတ်သွားလေ၏။ သူဌေးကြီးသည် တော်တော်ဆိုးတဲ့သား၊ ခေါင်းမာလှတဲ့ အကောင်၊ ငါသေရင် ငါ့အမွေ တရွေးသားမျှ မပေးခဲ့ဘူးဆိုသည့် အကြံဖြင့် အမှုဆောင်စာရေးကိုင်ကို "ဦးကြီး ငါ့ သားကို ငါသိပ် တွေ့ချင် မြင်ချင်လှတယ်။ စာရေးပြီး လူ တယောက်လွှတ်၍ အခေါ်ခိုင်းလိုက်ပါ"ဟု မှာကြားလေ၏။

အမှုဆောင် စာရေးကိုင်လည်း "ကောင်းပါပြီ သူဌေးကြီး" ဟု ဝန်ခံ၍ စာရေးပြီး လူလွှတ် အခေါ်ခိုင်း၏။

"သူဌေးသမီးလည်း အိမ်တံခါးပေါက်သို့ လွှတ်လိုက်သူ ရောက်လာသည်နှင့် တပြိုင်နက် အခေါ်ခိုင်းပြီး-

"အမောင် ဘာကိစ္စလွှတ်လိုက်သလဲ"

"အရှင်မ့၊ သူဌေးကြီး မကျန်းမမာ ဖြစ်နေလို့ ကြည့်ချင်တဲ့ အတွက် သူ့သားကို အခေါ်ခိုင်းလိုက်ပါတယ်"

"အမောင်၊ သူဌေးကြီးရဲ့ အခြေအနေက တော်တော်ဆိုးနေသလား၊ အားရှိသေးသလား"

"သခင်မ၊ အားရှိပါသေးတယ်၊ စားနိုင်သောက်နိုင်ပါသေးတယ်"

သူဌေးသမီးသည် ယောသက သူဌေးသားကို အသိမပေးဘဲ စေလွှတ်လိုက်သောသူကို အဝတ်အစား အိပ်ရာ စသည်တို့ကို ကျကျနန ကျွေးမွေး ပေးကမ်း၍–

"ကျမ ပြန်လွှတ်တဲ့ အချိန်ကျမှ ပြန်ပါ၊ အခု ဒီမှာဘဲ အေးအေးဆေးဆေး ဆိုင်းငံ့စားသောက် နေပါအုံး" ဟု သိမ်းသွင်းထားလိုက်၏။

အချိန်ကြာ၍ အကျိုးအကြောင်း တစုံတရာ မသိရသောအခါ သူဌေးကြီးက–

"လူလွှတ်တာ ပြန်မလာသေးဘူးလား"

"ပြန်မလာသေးပါဘူး သူဌေးမင်း"

"ဒါဖြင့် နောက်တယောက် ထပ်လွှတ်လိုက်ပါအုံး"

စာရင်းကိုင်လည်း သူဌေးကြီး အမိန့်အတိုင်း နောက်တယောက် ထပ်လွှတ်လိုက်ပြန်သည်။ သူဌေးသမီးကလဲ နောက်လာသည့် သူကို အကျိုးအကြောင်း မေး၍ အသာ ခေါက်ထားလိုက်ပြန်သည်။

သူဌေးကြီးလည်း အနာရောဂါ တနေ့တခြား တိုးလာသည်။ နောက်ပေးအိုး တခု သွင်းလိုက် တခုထုတ်လိုက် လုပ်နေရသည်။ သူဌေးကြီးက–

"ငါ့သားတံ လူမလွှတ်ဘူးလား" ဟု အမှုဆောင်စာရင်းကိုင်ကို မေးပြန်သည်။ စာရင်းကိုင်က လွှတ်လိုက်တဲ့လူ ပြန်မလာသေးကြောင်း အစီရင်ခံသည်။ နောက်တယောက် ထပ်လွှတ်လိုက်အုံးဟု ပြောသဖြင့် စာရင်းကိုင်က နောက်တယောက် ထပ်

လှတ်လိုက်ပြန်သည်။သူဌေးသမီးကလည်း သုံးကြိမ်မြောက်ရောက်လာသူကို ရှေးနည်းအတိုင်း အကြောင်းစုံ စစ်ဆေး မေးမြန်းပြန်သည်။ နောက်ဆုံးရောက်လာသူက သူဌေးသမီးအား–

"သခင်မ၊ သူဌေးကြီး ရောဂါ အတော် အခြေအနေဆိုးနေပါပြီ။ အစာရေစာ မဝင်တော့ပါ။ သူဌေးကြီးသေဘို့သာ ရှိပါတော့သည်။ နောက်ဖေးအိုး တခုပြီးတခု သွင်းပေးနေရပါသည်"ဟု ပြောလေ၏။

## သူဌေးကြီးထံ သွားရောက်ကြခြင်း

သူဌေးသမီးသည် 'အခုနေဆိုရင်သွားဘို့တော်ပြီ'ဟု စဉ်းစား၍ သူဌေးသားအား–

"အရှင်၊ အရှင်၏ဖခင် မကျန်းမမာဖြစ်နေပါတယ်"

"ချစ်နှမ၊ ဘာပြောလိုက်တာလဲ"

"အော် မောင့်ဖခင် မကျန်းမာတဲ့အကြောင်းပြောတာပါ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ နှမ"

"အပိုင်စားရထားတဲ့ ရွာတရွာက လက်ဆောင်ပဏ္ဏာတွေ ယူသွားပြီး မောင့်ဖခင်ကို သွားဖူးမြင်ကြမယ်၊ ကန်တော့ကြမယ်"

"ကောင်းတယ် ချစ်နှမ"

လက်ဆောင်ပဏ္ဏာများကို လှည်းနှင့် သွားတိုက်ပြီးနောက် သူဌေးသောသကကို သူဌေးသမီးက–

"ချစ်လင်၊ သင့်ဖခင် သိပ်အားနည်းနေပြီ၊ ကျမတို့ လက်ဆောင်ပဏ္ဏာတွေ အများကြီးယူသွားရင် လမ်းမှာ သိတ်ကြာ

နေလိုက်မယ်။ ဒီပစ္စည်းတွေအားလုံး ကျမအမျိုး အိမ်ပြန်ပြီး အပ္ပိုင်းလိုက်မယ်”

“ကောင်းသလို ကြည့်လုပ်ပေါ့ နှမရယ်”

သူဌေးသမီးလည်း အစီအစဉ် အားလုံး ပြုလုပ်ပြီးနောက် သောသကအား–

“မောင့်ဖခင်နဲ့ တွေ့တဲ့အခါ မောင်က ဖခင်ခြေရင်းဘက်က နေပါ။ ကျမက ခေါင်းရင်းဘက်က နေမယ်” ဟု အစီအစဉ် ပြောပြလေ၏။ အိမ်ထဲသို့ဝင်သည့်အခါတွင်လည်း မိမိ၏အဆောင် အဆောက်များကို နေရာအားလုံးတွင် ချထားလေ၏။

အိမ်ထဲသို့ ဝင်သွားသောအခါ သောသကလည်း ဖခင်၏ ခြေရင်းကနေ၍ သူဌေးသမီးသည် ခေါင်းရင်းက ထိုင်လေ၏။ ထိုအချိန်တွင် သူဌေးကြီးသည် ပက်လက်ကလေး အခြေအနေ ဖြစ်နေသည်။ အသက်ကလေး ဖုတ်လိုက်ဖုတ်လိုက် ရှူနေသည်။ အမှုဆောင်စာရင်းကိုင်သည် သူဌေးကြီး၏ ခြေတို့ကို အသာ ဆုပ်နှယ်ပေးနေသည်။

“အရှင်သူဌေးမင်း၊ အရှင့်သား ရောက်လာပါပြီ”

“သောသက ဘယ်မှာလဲ”

“အရှင့်သား အရှင်၏ခြေရင်း၌ ရှိပါတယ်”

ထိုအခါ သောသကကို မြင်၍ စာရင်းကိုင်ကို ခေါ်ပြီး–

“ငါ့အိမ်မှာ ပစ္စည်းဥစ္စာ ဘယ်လောက်များများ ရှိသလဲ”

“အရှင်၊ ငွေငွေကုဋေလေးဆယ် ရှိပါတယ်။ နေ့စဉ်သုံးဆောင်နေတဲ့ အဆောက်အဦ ဥစ္စာဘဏ္ဍာတွေက ကြီးမြ ရှိပါတယ်၊ တောရွာလယ်ယာကိုင်းကျွန်း ကျေးကျွန် ကျွဲ နွား ဆင်

မြင်းလှည်းယာဉ်စတဲ့ ပစ္စည်းတွေက ဤမျှလောက်ရှိပါတယ်''ဟု အစီရင်ခံသော်-

''အဲဒီ ပစ္စည်းအားလုံး ငါ့သားသေဿကကို မပေးဘူး''ဟု စိတ်ကကြံသော်လဲ ''အဲဒီပစ္စည်းအားလုံး ငါ့သားသေဿကကို ပေးပါတယ်''ဟု ပြောဆိုမိလေ၏။

ထိုစကားကိုကြားတဲ့အခါ သူဌေးသမီး နောက်ထပ်ပြောလျှင် တမျိုးတဖုံဖြစ်သွားနိုင်သည်ဟု စဉ်းစားမိသဖြင့် အလွန်စိုးရိမ် ပူဆွေးသည့်ဟန်ဖြင့် ဆံပင်များကို ဖြန့်ကြဲပြီး ငိုကြွေးမြည်တမ်း လျက်—

''အိုဖခင်၊ ဘာပြုလို့ ဒီစကားမျိုးတွေကို ပြောနေရတာလဲ၊ ဒီစကားမျိုးကြားရတာ ကျမတို့မှာ ကြက်သရေမင်္ဂလာ မရှိပါ ဘူး''ဟု ပြောဆိုငိုကြွေးလျက် သူဌေးကြီး နောက်ထပ်စကား မဆက်နိုင်အောင် သူဌေးကြီး၏အရိုက်ကို ခေါင်းနှင့်တိုက်၍ ငိုကြွေးလိုက်ရာ သူဌေးကြီးမှာ တခါထဲ ကွီစွချောလေတော့ သည်။

## သူဌေးရာထူး ခန့်ခြင်း

သူဌေးကြီးကွယ်လွန်သည့်အကြောင်း ဥတေနမင်းကြီးအား ကြားလျှောက်ကုန်၏။ မင်းကြီးသည်သူဌေးကြီး၏ ရုပ်အလောင်း ကို ကောင်းမွန်စွာသင်္ဂြိုဟ်စေ၍-

''သူဌေးကြီးမှာ သားသမီး ရှိသလော''ဟု မေးတော်မူ၏။

''အရှင်မင်းမြတ်၊ သူဌေးကြီးတွင် သေဿကအမည်ရှိ သား တယောက်ရှိပါတယ် ဘုရား၊ ပစ္စည်းအားလုံးကိုလဲ သေဿကကို

လှဲ့အပ်ပြီး ကွယ်လွန်သွားပါတယ် ဘုရား”ဟု လျှောက်ထားကြ ကုန်၏။

မင်းကြီးသည် နောက်အဘို့၌ ဃောသကကို ခေါ်စေတော် မူသည်။ ထိုနေ့၌မိုးအကြီးအကျယ် ရွာသွန်းထားသည်။ မင်းရင် ပြင်၌ နေရာအတော်များများ ရေဝင်နေသည်။ သူဌေးသား သည် မင်းကြီးကိုဖူးမြင်ရန်လာသောအခါ မင်းကြီးသည် လေ သာပြတင်းကိုဖွင့်၍ ဃောသကလာပုံကို ကြည့်နေတော်မူသည်။ မင်းရင်ပြင်၌ ရေအိုင်တခုကို ခုန်၍လာသော ဃောသကသူဌေး သားကိုမြင်၍ လာရောက်ရှိခိုးနေသော ဃောသကကို-

“အမောင်လုလင်၊ ဃောသကဆိုတာ အသင်ပေလော”

“အရှင်မင်းမြတ်၊ ဟုတ်မှန်ပါသည် ဘုရား....”ဟု လျှောက် ကြား၏။ သူဌေးကြီးကွယ်လွန်သွားကြောင်းကိုပါ တဆက်တည်း လျှောက်ထား၏။

“သင့်ဖခင်ကွယ်လွန်သွားတဲ့အတွက် ဘာမျှစိုးရိမ်ကြောင့်ကြ မပြုစ်နဲ့၊ သင့်ဖခင်ရဲ့အမွေဖြစ်တဲ့ သူဌေးရာထူးကို သင့်အားသာ ငါပေးသနားတော်မူမည်”ဟု ဃောသကကို သက်သာရာရစေ၍ “အမောင်သွားတော့”ဟု ပြန်လွှတ်လိုက်သည်။

မင်းကြီးသည် ပြန်သွားသော ဃောသကကိုကြည့်လျက် ရပ် နေသည်။ ဃောသကလည်း လာခဲ့သောအချိန်က ခုန်လာသော ရေအိုင်ကို အပြန်တွင်မခုန်တော့ဘဲ ရေထဲမှဆင်း၍ သွားသည်။ မင်းကြီးသည် ဃောသကကို ချက်ခြင်းလိုက်၍ ခေါ်စေသည်။

“အချင်းလုလင်၊ သင်ဟာ ငါ့ဆီလာစဉ်တုန်းက ရေအိုင်ကို ခုန်လွှား၍ လာခဲ့တယ်။ ပြန်သွားတဲ့အခါကျတော့ မခုန်ဘဲ ရေ အိုင်ထဲ ဆင်းလျှောက်သွားတာ ဘယ်အကြောင်းကြောင့်လဲ....”

"အရှင်မင်းမြတ်၊ အကျွန်ုပ်သည် အရှင်မင်းမြတ်ထံ လာစဉ်တုန်းက ကလေးဘဝသာ ရှိသေး၍ ကလေးလိုပင် ခုန်လွှားသွားခဲ့ပါသည်ဘုရား....အပြန်တွင်မူ အရှင်မင်းမြတ်သည် ရာထူးဌာနန္တရ ပေးသနားတော် မူမည်ဟု မိန့်တော်မူပါသည်။ ထို့ကြောင့် ရှေးကလိုသွားလာခြင်း မလုပ်တော့ဘဲ သိမ်သိမ်မွေ့မွေ့ နေထိုင်သွားလာမှတော်မည်ဟု ကြံစည်မိသဖြင့် ရေထဲကဆင်း၍ ပြန်ခဲ့ခြင်းဖြစ်ပါသည် ဘုရား" ဟု လျှောက်ထားသည်။

ထိုစကားကို မင်းကြီးကြားတော်မူ၍-

"ဤယောကျ်ားသည် ပညာရှိပေ၏၊ ယခု ချက်ခြင်းပင် သူဌေးရာထူးကိုပေးတော့အံ့" ဟု ဆင်ခြင်တော်မူ၍ သူ့ဖခင်သုံးဆောင်ခံစားအပ်သော စည်းစိမ်ချမ်းသာကို ပေးသနားတော်မူပြီးလျှင် အဆောက်အဦနှင့်တကွ သူဌေးရာထူးကိုချီးမြှင့်မြောက်စားတော်မူလိုက်၏။

## ကာလီက ရှင်းပြခြင်း

ယောသကသူဌေးသည် ရထားစီး၍ မြို့ကိုလက်ျာရစ် လှည့်၏။ ယောသကသူဌေး ကြည့်ရှုသည့်နေရာတိုင်း တုန်လှုပ်နေသည်။ သူဌေးသမီးသည် ကျွန်မကာလီနှင့် နှစ်ယောက်သား ပြောဆိုတိုင်ပင်နေကြသည်။

"အမေကာလီ၊ အမေ့မွေးမြူလာတဲ့ အမေ့သား ယောသကဟာ ဒီလောက်တောင် ကြီးကျယ်လှတဲ့ စည်းစိမ်ချမ်းသာတွေကို ကျမကိုအကြောင်းပြု၍ ရရှိနေပါတယ်"

"သခင်မ၊ ဘာ့ကြောင့်လဲ"

"အမေ၊ အမေ့သားဟာ ကိုယ့်ကိုယ်ကိုသတ်ဘို့ ရေးပေးလိုက်တဲ့စာကို ပုဆိုးစွန်မှာချည်ပြီး ကျမတို့အိမ်ကို ရောက်လာတယ်။ ကျမက အဲဒီစာကိုဆုတ်ပြီး ဃောသကကို ကျမနှင့် လက်ထပ်ပေးဘို့ စာတစောင်အသစ်ရေး၍ ပုဆိုးစွန်မှာ ချည်ပေးလိုက်တယ်။ ဒါလောက်တောင် ကျမသူ့အပေါ် စောင့်ရှောက်ကူညီလာခဲ့တယ်။ ဒါကြောင့် ကျမနှင့်ရပြီး အခုလိုကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာကို ရရှိခံစားနေရခြင်းဖြစ်ဘယ်"

"သခင်မချစ်သမီး၊ သင်ဟာ ဃောသကအကြောင်းကို ဒါလောက်သာသိသည်။ သူဌေးကြီးဃောသကကို ငယ်ငယ်ကလေးထဲကစပြီး အသတ်ခိုင်းတာ သတ်လို့ကို မရဘူး။ ကုန်လိုက်တဲ့အသပြာတွေလဲ မပြောပါနဲ့တော့"ဟုဆိုကာ ကာလိက ဇာတ်စုံခင်းပြ၏။

"အမေ၊ သူဌေးကြီးဟာ သိပ်ကြီးလေးတဲ့အပြစ်ကို ကျူးလွန်သွားတာပေါ့နော်"ဟု ဆို၏။

မြို့ကိုလကျာရစ်လှည့်၍ အိမ်သို့ပြန်ရောက်သောအခါ ဃောသကသူဌေးကိုကြည့်၍ 'ဒါလောက်တောင်ကြီးကျယ်တဲ့စည်းစိမ်ချမ်းသာတွေကို ငါ့ကိုအကြောင်းပြု၍ဖြစ်သည်'ဟုအကြီးအကျယ်ရယ်လေသည်။ဃောသကသူဌေးသားက သူဌေးသမီးကိုကြည့်၍—

"ဘာဖြစ်လို့ ဒါလောက်တောင် ဟားတိုက်ရယ်ရသလဲ"

"အကြောင်းတခုကို တွေးမိလို့ပါ"

"အဲဒီအကြောင်းကို ပြောပြစမ်းပါအုံး"

သူဌေးသမီးလည်း မပြောဘဲနေ၏၊

"တကယ်လို့ သင်ကမပြောဘူးဆိုရင် သင့်ကို နှစ်ပိုင်းပိုင်းပစ်လိုက်မယ်"

ယောသကသည် စိတ်ဆိုးလာပြီး သန်လျက်ကို ဆွဲထုတ်လိုက်၏။ ထိုအခါမှ သူဌေးသမီးက-

"အရှင်၊ သင်သည် ဒါလောက်ကြီးကျယ်လှတဲ့ စည်းစိမ်ချမ်းသာတွေကို ကျမကို အကြောင်းပြုပြီး ရရှိလာတဲ့ အဖြစ်ကိုတွေးမိလို့ အကြီးအကျယ် ရယ်မောမိခြင်းဖြစ်ပါတယ်"ဟု ပြော၏။ ယောသကသူဌေးက-

"သေသွားတဲ့ ငါ့ဖခင်က အမွေပေးခဲ့လို့ ကြီးပွားချမ်းသာတာကို မင်းက ကြီးကြီးကျယ်ကျယ် ကျမ အကြောင်းပြုပြီး ရသဒ္ဒသေး ဘာလေးနဲ့ ဘာကြောင့် ဒီလိုပြောနိုင်သလဲ။ မင်းစွမ်းရည်က ဘာတွေလဲ" ဟု မေးလေ၏။

ယောသက သူဌေးသားသည် ထိုအချိန်အထိ ဘာတခုမျှမသိသေးပေ။ ထို့ကြောင့် သူဌေးသမီးစကားကို မယုံနိုင်အောင်ဖြစ်သည်။

ယောသက သူဌေးသားအား သူဌေးသမီးက နောက်ကြောင်းကို ပြန်ပြောပြ၏။ မဟုတ်တာ မမှန်တာတွေကို ပြောသည်ဟု မယုံကြည်သောကြောင့် မိခင်ကာလီကို သတ်မည်ဟုကြံသည်။

"မိခင်ကာလီ၊ ကျွန်ုပ်တို့၏ ဖခင်သူဌေးကြီးက ဒီလိုလုပ်တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်တယ်ငါ့သား၊ သိပ်ဟုတ်တယ်။ မင်းကိုငယ်ငယ်ကလေးထဲက သတ်ဘို့အကြိမ်ကြိမ်ကြိုးစားတာ တခါမှ မအောင်မြင်ဘူး။ မောင့်ကို အကြောင်းပြုပြီးသူဌေးကြီးမှာ ကုန်လိုက်တဲ့ ပစ္စည်းတွေလဲ မပြောပါနဲ့တော့။ သင်ချစ်သားဟာ သေမယ့်ဘေးက ခုနစ်ကြိမ်တိုင်တိုင် လွတ်လာခဲ့တယ်။ အခုဆိုရင် အပိုင်

စားရတဲ့ရွာမှလာပြီး အကြီးအကျယ် သူဌေးရာထူးကို ရရှိပေတယ်''ဟု ပြောပြလေ၏။

ဃောသက သူဌေးသည် ထိုစကားကို ကြားရသောအခါ 'ဒီအမှုဟာတယ်ပြီးဝန်လေးပါတကား'သေဘေးမှ ခုနစ်ကြိမ်တိုင်တိုင် လွတ်မြောက်လာခဲ့သော ငါသည် မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ နေလို့တော့ အသက်ရှည်မှာမဟုတ်ဘူး။ မမေ့မလျော့ နေမှသာ တော်ပေတော့မယ်'ဟုကြံစည်ပြီး နေ့တိုင်းနေ့တိုင်း တထောင်ကုန် ခရီးသွား အဲထိးကျန်သော ဆင်းရဲသားတို့ကို လှူဒါန်းပေးကမ်းစေသည်။ ဃောသကသူဌေး၏ အလှူဝတ်ကို မိတ္တသူကြွယ်က စီမံကွပ်ကဲ၍ ပေးကမ်း လှူဒါန်းလေ၏။

## ဘဒ္ဒဝတီ သူဌေးကြီး

ထိုအချိန်တွင် ဘဒ္ဒဝတီပြည်၌ ဘဒ္ဒဝတီသူဌေးသည် ဃောသကသူဌေး၏ မမြင်ဘူးသေးသော မိတ်ဆွေဖြစ်သည်။ ဘဒ္ဒဝတီပြည်မှလာကြကုန်သော ကုန်သည်တို့ထံ၌ ဃောသက သူဌေးသည် ဘဒ္ဒဝတီသူဌေး၏ စည်းစိမ်ချမ်းသာ ပြည့်စုံပုံ၊ အသက်အရွယ် စသည်တို့ကို ကြားသိရ၍ ဘဒ္ဒဝတီသူဌေးနှင့် အဆွေခင်ပွန်းဖွဲ့လိုသောကြောင့် လက်ဆောင်ပဏ္ဏာများကို ပို့သစေ၏။ ဘဒ္ဒဝတီသူဌေးကလည်း ကောသမ္ဗီမှ လာသောကုန်သည်များထံ၌ ဃောသက သူဌေးအကြောင်းကြားသိရ၍ အဆွေခင်ပွန်းဖွဲ့လိုသောကြောင့် လက်ဆောင်ပဏ္ဏာတို့ကို အပို့လွှတ်၏။ သူဌေးနှစ်ဦးတို့သည် အချင်းချင်း မမြင်ဘူးသော မိတ်ဆွေရင်းချာများဖြစ်နေကြသည်။ နောက်ပိုင်း၌ ဘဒ္ဒဝတီသူဌေးအိမ်၌ အဟိဝါတ

ခေါ် ရင်နာကြီး ကျရောက်လေသည်။ ထိုရောဂါမျိုးဖြစ်လျှင် ရှေ့ဦးစွာ ယင်ကောင်တွေသေသည်။ နောက် ပိုးမွှား ကြွက်ဝက် နွားတွေသေသည်။ နောက် ကျေးကျွန်တွေသေသည်။ အားလုံး နောက်မှာ အိမ်သူအိမ်သားတွေ သေသည်။ ဤရောဂါများဖြစ် လာလျှင် ပြေးနိုင်မှ အသက်ချမ်းသာရာ ရသည်။ ထိုအခါ၌ ဘဒ္ဒဝတီ သူဌေးမိသားစုသည် ဃောသကသူဌေးကို အားကိုး ပြီး ကောသမ္ဗီပြည်သို့ ပြေးလာကြသည်။ သူဌေးလင်မယားနှင့် သမီးတယောက် ပေါင်းသုံးယောက်တို့သည် လမ်းတွင်ရိက္ခာ ပြတ်လေသည်။ လေပူဖြင့်ရင်း၊ ဆာလောင်မွတ်သိပ်မှုဖြင့်ရင်း ညစ်နွမ်း ပင်ပန်းပြီး ခက်ခက်ခဲခဲနှင့် ကောသမ္ဗီသို့ ရောက်လာကြ သည်။ ရေမိုးချမ်းသာသည့် နေရာမှာ ရပ်နား၍ ရေမိုးချိုးပြီး လျှင် မြို့တံခါးအနီးက စရပ်တခုတွင် တည်းခိုကြလေ၏။

ထိုသို့ စရပ်မှာ နားနေပြီးသော် သူဌေးက မိမိမယားကို-

"ချစ်နှမ၊ ငါတို့ဟာ ဒီအတိုင်းသာသွားမယ်ဆိုရင် မွေးထုတ် တဲ့ အမေရင်းကတောင် လက်ခံမှာမဟုတ်။ ဒီအဖြစ်က ကျွန်စုပ် ပစ်တဲ့ သရက်စေ့လောက်တောင် မပြောင်ဘူး။ ဒီတော့ဘယ်သူ မှနှစ်သက်မှာ မဟုတ်ဘူး။ ငါ့မိတ်ဆွေ ဃောသက သူဌေးဟာ ခရီးသွားတွေကို နေ့တိုင်းနေ့တိုင်း အသပြာတထောင် စွန့်လွှတ်ပြီး လှူဒါန်းပေးကမ်းနေတယ်လို့ ကြားတယ်။ ဒီတော့သမီးလေးကို အလှူမဏ္ဍပ်လွှတ်ပြီး ထမင်းအယူခိုင်းပြီး နှစ်ရက်သုံးရက်လောက် စရပ်မှာဘဲ တည်းခိုနေကြမယ်။ အတော်ကလေး ကြည့်ပျော် ရှုပျော်ဖြစ်လာမှ ငါ့မိတ်ဆွေဃောသက သူဌေးအိမ် သွားကြ မယ်"

သူဌေးကတော်က "အရှင့် သဘောအတိုင်းပါဘဲ"ဟု ဝန်ခံပြီး စရပ်တွင်ပင် တည်းခိုနေကြလေ၏။

## သူဌေးသမီး မယ်သာမာ

နောက်တနေ့ မိုးလင်းသောအခါ အထိန်းကျွန်သူနှင့် ခရီးသွားတို့ ထမင်းယူရန် သွားကြသော် မိဘတို့က–

"ချစ်သမီး၊ သမီးသွားပြီး ငါတို့စားဘို့ ထမင်းသွားယူချေ" ဟု စေလိုက်၏။

ရွှေဘုံပေါ်မှာကြီးလာသည့် ရွှေမင်းသမီးကလေးသည် အစားအစာ ကင်းပြတ်ပြီး အငတ်ပြဿနာနှင့် ရင်ဆိုင်နေရသောကြောင့် မရှက်မကြောက်နိုင်သော အဖြစ်သို့ ရောက်လာသည်။ ဘဝဆိုသည်မှာ အတက်အကျရှိသဖြင့် သတိပြုစရာ ကောင်းလှတော့သည်။ ရွှေမင်းသမီးလေးသည် ခွက်ကလေးကို ကိုင်ကာအထိန်းကျွန်များနှင့်အတူ ထမင်းယူရန် လာသည်။

"သမီး ဘယ်နှစ်ယောက်စာ ယူမလဲ" မေးသည့်အခါ–

"သုံးယောက်စာ ထည့်ပေးပါ" ဟုပြောသည်။

မိတ္တသူကြွယ်လည်း သုံးယောက်စာ ထည့်ပေးလိုက်လေသည်။

## မိဘများ သေဆုံးခြင်း

သူဌေးသမီးကလေးသည် ထမင်းယူ၍ ပြန်လာပြီး သုံးယောက်သား အတူစားရန် ထိုင်နေကြသည်။ မိခင်နှင့် သမီးတို့က သူဌေးကြီးအား ပြောသည်–

"အရှင်၊ ပျက်စီးခြင်းဆိုတာ ဆွေကြီးမျိုးကြီးတွေလဲ ပျက်စီးကြပါတယ်။ ဘယ်သူမှ ကင်းနိုင်တဲ့ တရားမဟုတ်ပါ။ ဒါကြောင့် ကျမတို့ သားအမိကို ဘာမျှ ငဲ့မနေပါနဲ့၊ အရှင်သာ ဝအောင် သုံးဆောင်ပါ။ ကျမတို့အတွက် မကျန်ချင် နေပါစေ"ဟု တောင်းပန် ချော့မော့ ကျွေးမွေးကြကုန်၏။

သူဌေးသည် စားသောက်ထားသောအစာ မကြေနိုင်သဖြင့် အရုဏ်တက်လောက်တွင် သေဆုံးသွားလေ၏။ သားအမိ နှစ်ယောက်တို့သည် မြင့်မိုရ်တောင်ကြီး ပြိုသည့်အလား အားကိုးအားထား မဲ့လွန်းသဖြင့် အမျိုးမျိုးအဖုံဖုံ ငိုကြွေးကြကုန်၏။ သမီးငယ်သည် မိုးလင်းလာပြန်သောကြောင့် ငိုရင်းပင် ထမင်းတောင်း ထွက်ခဲ့ရပြန်သည်။

"ဘယ်နှစ်ယောက်စာ ယူမလဲ"ဟု မေးသည့်အခါ-

"နှစ်ယောက်စာ"ဟု ပြောလိုက်သည်။

သမီးငယ်သည် ထမင်း နှစ်ယောက်စာ ယူလာပြီး မိခင်ကိုသာ ဦးစားပေး၍ ကျွေးမွေးလေ၏။ မိခင်လည်း ထိုနေ့တွင်ပင် ကွယ်လွန်သွားလေ၏။

## ကံဆိုးမ သွားလေရာ

ရွှေမင်းသမီးလေးသည် တယောက်ထဲ အားကိုးမဲ့လွန်းသဖြင့် စိတ်ရှိလက်ရှိ ငိုပစ်လိုက်၏။ ကိုယ်ဆင်းရဲတာထက် ဗိုက်ဆာသည့်ဒဏ်က ပြင်းထန်လှသဖြင့် မျက်ရည်တစမ်းစမ်းပင် သူတောင်းစား၊ ဖုန်းတောင်းယာစကာများနှင့် ရောပြီး ထမင်းတောင်း ထွက်ခဲ့သည်။

မိတ္တသူကြွယ်လည်း ကလေးမကို မြင်၍-“ဟဲ့ကလေးမ၊ ဘယ် နှစ်ယောက်စာ ယူမလဲ”ဟု မေးသော်-

“တယောက်စာပါ” ဟု ငိုမဲ့မဲ့ပြောသည်။

“ဟဲ့-ကလေးမ၊ နင်ဟာ သုံးရက်လုံးလုံး ထမင်းလာယူတာ တောင် ကိုယ့်ဝမ်းကိုယ် မချိန်ဘူးလား။ ကိုယ့်ပမာဏကိုယ် မသိ ဘူးလား။ ဒါကြောင့် ဒီနေ့ နင့်ကို ထမင်းမပေးနိုင်ဘူး။ ဟဲ့- အယုတ်တမာမ ခုထွက်သွား၊ ဒီနေ့ကစပြီး ကိုယ့်ဝမ်းပမာဏကို ကိုယ်သိအောင်လုပ်”ဟု မောင်းထုတ်၏။

အရှက်အကြောက် ကြီးလှသော ရွှေမင်းသမီး ကလေးသည် အသဲကို လှံနှင့်ထိုးလိုက်သလို ဆတ်ဆတ်ခါ၍ သွားလေ၏။

“အရှင်၊ ဘာတွေ ပြောနေတာလဲ အရှင်” ရွှေမင်းသမီး ကလေးက ပြန်၍ မေးလိုက်၏။

“သင်ဟာ ဟိုနေ့က သုံးယောက်စာ၊ မနေ့က နှစ်ယောက်စာ၊ ဒီနေ့တော့ တယောက်စာယူတယ်။ ဒီနေ့မှ ကိုယ့်ဗိုက်ပမာဏကို ကိုယ်သိသလား”

“အရှင်၊ ကျမအတွက်ချည့် ယူတာလို့ မထင်ပါနဲ့”

“ဒါဖြင့် ဘာဖြစ်လို့ သုံးယောက်စာကြီးများတောင် ယူရ သလဲ”

“အရှင်၊ ပထမဆုံးနေ့က သုံးယောက်ဖြစ်ပါတယ်။ မနေ့က တော့ တယောက်သေသွားလို့ နှစ်ယောက်ထဲ ကျန်ပါတော့ တယ်။ ဒီနေ့တော့ နောက်တယောက်ပါ သေမင်းနောက် လိုက် သွားလို့ ကျမတယောက်ထဲကျန်လို့ တယောက်စာဘဲ တောင်းပါ တယ်”

အကြောင်းစုံ သိရသော် မိတ္တသူကြွယ်သည် မျက်ရည်မဆည်နိုင်အောင် ဖြစ်လာသည်။

"ဒါလောက်တောင် ဒုက္ခရောက်ခဲ့ပေမယ့် ငါ့သမီး ဘာမှမပူနဲ့၊ ဘာမှ အားမငယ်နဲ့၊ မင်းအဖေ သေဘဲ့အချိန်ကစပြီး ငါ့သမီး ဖြစ်သွားပြီ"ဟု အားပေးနှစ်သိမ့်ပြီး အိမ်သို့ခေါ်၍ သမီးကြီး အရာ ထားလေ၏။

## ရွှေမင်းသမီးကလေး သာမာဝတီ

အမျိုးသမီးကလေးသည် အလှူအိမ်၌ ကျက်စီ ကျက်စီဖြင့် ဆူဆူညံညံ အသံတွေကြားရသဖြင့်-

"ဖခင် လူတွေ အသံတိတ်အောင် မလှူနိုင်ဘူးလား"

"ချစ်သမီး၊ ဆူဆူညံညံမဖြစ်အောင် လုပ်လို့မရဘူး"

"ဖခင်၊ လုပ်ရင်ရပါတယ်"

"သမီး ဘယ်လိုလုပ်မလဲ"

"လုပ်လို့လွယ်ပါတယ်ဖခင်၊အလှူအိမ်မဏ္ဍပ်မှာလူတယောက် ဝင်သာရုံ အပေါက်နှစ်ခု လုပ်ခိုင်းပါ။ တပေါက်က ဝင်ပြီး တပေါက်က ထွက်ခိုင်းပါ။ တယောက်နဲ့တယောက် တိုးဝှေ့မနေရတဲ့အတွက် အသံတိတ်သွားပါလိမ့်မယ်"

"ငါ့သမီးပေးတဲ့အကြံ ကောင်းတယ်"ဟု ဆိုကာ သူကြွယ်သည် ဝင်ပေါက် ထွက်ပေါက် တခုစီလုပ်၍ လှူဒါန်းလေသည်။ သတို့သမီး၏ နာမည်အစကရွှေအဆင်းလို ဝါဝင်းနေသည့်အတွက် သာမာလို့ ခေါ်သည်။ နောင်တွင် အကာအရံ လုပ်၍ အလှူ

ခိုင်းသောကြောင့် 'ဝတီ'တလုံး တိုးလာသည်။ ထိုအချိန်က စ၍ "သာမာဝတီ"ဟု အမည်တွင်လေသည်။

## ဃောသက သူဌေးကြီးက မေးစားပြန်ခြင်း

အလှူမကျောပ်တွင် အသံတိတ်သွားသည့်အတွက် ဃောသက သူဌေးကြီးသည် ရှေးအခါက အသံကိုနားထောင်ပြီး 'ငါ့အလှူမကျောင်က အသံတွေဘဲ'ဟု အသံကြားနေသဖြင့် ဝမ်းမြောက်သည့်စိတ် ဖြစ်နေသည်။ နှစ်ရက် သုံးရက်မျှ အသံမကြားရသောအခါ မိမိထံလာသော မိတ္တသူကြွယ်ကို–

"သင် အထီးကျန် ခရီးသွားစသည်တို့ကို မလှူဘူးလား"

"အရှင်သူဌေး၊ လှူမြဲလှူ ပေးမြဲပေးနေပါတယ်"

"နှစ်ရက် သုံးရက်လောက် အသံမကြားရတာ ဘာဖြစ်လို့လဲ"

"အရှင် သူဌေးမင်း၊ ကျွန်တော့်သမီးရဲ့ အစီအစဉ်နဲ့ ပေးလှူတဲ့အတွက် အသံတိတ်သွားပါတယ်"

"သင့်မှာ ငါမသိသေးတဲ့ သမီးများ ရှိသေးသလား"

သူကြွယ်သည် ဘဒ္ဒဝတီ သူဌေးအကြောင်းအစအဆုံး အစီရင်ခံသည်။ ထိုအခါ မိတ္တသူကြွယ်ကို ဃောသကသူဌေးက–

"ဒီလိုဆိုရင် ဘာဖြစ်လို့ ငါ့ကို အကြောင်းမကြားသလဲ။ ဘဒ္ဒဝတီသူဌေးဟာ ငါ့မိတ်ဆွေဘဲ။ ငါ့မိတ်ဆွေသမီးဟာ ငါ့သမီးဘဲပေါ့"ဟု ပြော၍ သာမာဝတီကို အခေါ်ခိုင်းလိုက်၏။ သာမာဝတီရောက်လာသောအခါ–

"ချစ်သမီး၊ သင်ဟာ ငါ့မိတ်ဆွေ ဘဒ္ဒဝတီရဲ့ သမီးဆိုတာဟုတ်သလား"

"ဟုတ်ပါသည် ဖခင်"

"ငါ့သမီး၊ ဘာမျှ မစိုးရိမ်နှင့်၊ မပူပန်နှင့်။ ဒီအချိန်ကစပြီး ငါ့သမီး ဖြစ်ပြီ"ဟု ခေါင်းကလေးကို အသာနမ်းပြီး အခြေအရံ ငါးရာနှင့်တကွ သမီးကြီးအရာ ထားလိုက်၏။

## မိဖုရား မြှောက်လိုခြင်း

ထိုနောက် တနေ့သောအခါ ကောသမ္ဗီပြည်တွင် နက္ခတ်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပသည်။ နက္ခတ်ပွဲသဘင် ပြုသည့်အခါတိုင်း အိမ်တွင်းအမျိုးသမီးများပါ မိမိတို့ အခြေအရံများနှင့် ခြေလျင်မြစ်ဆိပ်သို့သွား၍ ရေချိုးကြသည်။ ထို့ကြောင့် ထိုနေ့က သာမာဝတီသည်လည်း အခြေအရံငါးရာနှင့် မင်းရင်ပြင်ကို ဖြတ်၍ ရေချိုးဆင်းလာသည်။ ဥတေနမင်းတရားသည် ခြသေ့ံခံ လေသာပြူတင်းက ရှုစားတော်မူနေသည်။

သာမာဝတီကိုမြင်လျှင်-"ဒီမိန်းမတွေဟာ ဘယ်သူ့ရဲ့ ကခြေသည်တွေလဲ"ဟု မေးတော်မူ၏။

"အရှင်မင်းမြတ်၊ ကခြေသည် မဟုတ်ပါဘုရား"

"ကခြေသည် မဟုတ်ရင် ဘယ်သူ့သမီးလဲ"

"အရှင်မင်းမြတ်၊ ဃောသကသူဌေးကြီး၏သမီး သာမာဝတီ ပါဘုရား"

ဥတေန မင်းတရားသည် သာမာဝတီကလေးကို မြင်သည့် အချိန်မှစ၍ ရွှေစိတ်တော် လှုပ်ရှားနေသည်။ ရာဇပလ္လင်ကို ထိန်းချုပ်ပြီး သိက္ခာတော် လုပ်နေရသည်။ သို့အတွက် သမီးကညာ

ဆက်သစေလိုကြောင်း ဃောသကသူဌေးထံ တမန်စေလွှတ်လိုက်သည်။ ဃောသကသူဌေးလည်း-

"အရှင်မင်းမြတ်၊ မပို့ဆက်ဝံ့ပါ"ဟု လျှောက်ထား၏။

"ဒီလိုမလုပ်နှဲ၊ ဆက်ဆက် ဆက်သရမည်"ဟု အမိန့်တော်မြတ် မှတ်လိုက်သည်။

"အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့ သူဌေးမျိုးတွေ ဆိုတာ သမီးကို ရိုက်နှက်ပြီး ယူဆောင်လာရမည်ကို တွေး၍ ကြောက်လန့်နေမိပါသည်။ သို့ပါ၍ မဆက်သနိုင်ပါ ဘုရား"

ဘုရင်မင်းမြတ်သည် ရွှေစိတ်တော်ညို၍ အလိုတော် မကျသဖြင့် အိမ်ကို ချိပ်ပိတ်တံဆိပ်ရိုက်ပြီး သူဌေး လင်မယားကို အိမ်ပြင်ဆွဲအထုတ်ခိုင်းလိုက်၏။

## မိဖုးရာ မြှောက်ပြီ

သာမာဝတီတို့ ရေချိုးဆိပ်မှ ပြန်လာသောအခါ အိမ်ကို ဝင်ခွင့်မရ၊ ချိပ်ပိတ်ခံနေရသည်။

"ဖခင်၊ ဒီကိစ္စ ဘယ်လိုဖြစ်တာလဲ"

"မင်းကြီးက သင့်ကို လိုချင်လို့ စေလွှတ်တယ်။ ငါတို့က မပေးဘူးလို့ ပြောတယ်။ ဒါကြောင့် ဒီလို မောင်းအထုတ်ခံရတာဘဲ"

"ဖခင်၊ ဖခင်အလုပ်က သိပ်ဝန်လေးပါတယ်။ မင်းမိန့်ကို ဘာပြုလို့ ဖီဆန်ရတာလဲ"

"အဲဒီလို မဖီဆန်ဘဲ ငါ့သမီးကို အခြံအရံနှင့်တကွ ဆောင်ယူပါက ပေးရမလား"

"ဖခင်လဲ ဒုက္ခရောက်လှပါတယ်၊ မင်းကြီး အမိန့်အတိုင်းသာ ဆောင်ရွက်လိုက်ပါ ဖခင်"

"ချစ်သမီး၊ သင့်သဘောကျသာ ပြုလုပ်ပေတော့"ဟု ခွင့်ပြုလိုက်၏။ မင်းကြီးထံသို့လည်း သတင်းပို့လိုက်၏။ မင်းကြီးသည် သာမာဝတီကို အခြံအရံနှင့်တကွ ယူဆောင်ပြီး အဘိသိက် သွန်း၍ မိဖုရားကြီးအဖြစ် မြှောက်စားလေ၏။ အခြံအရံငါးရာကို သာမာဝတီ၏ အလုပ်အကျွေးအဖြစ် ခန့်ထားလိုက်၏။

## ဝါသုလဒတ္တာ မိဖုရား

ဥတေနမင်းကြီးတွင် သာမာဝတီမိဖုရားအပြင် ဝါသုလဒတ္တာ အမည်ရှိ မိဖုရားတပါး ရှိသေးသည်။

ဝါသုလဒတ္တာမိဖုရားသည်စန္ဒပဇ္ဇောတမင်းကြီး၏ သမီးတော် ဖြစ်သည်။ ဝါသုလဒတ္တာမိဖုရားအကြောင်း အနည်းငယ် တင်ပြပါအံ့။

ဥဇ္ဇေနီပြည်၌ စန္ဒပဇ္ဇောတ မင်းကြီးသည် ဥယျာဉ်တော်မှ ပြန်လာသောအခါ မိမိ၏စည်းစိမ်ချမ်းသာကိုကြည့်ပြီး "ငါကဲ့သို့သော ကြီးကျယ်ခမ်းနားသည့် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော အခြားသော မင်းများ ရှိသေးသလား"ဟု မေးတော်မူ၏။

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ စည်းစိမ်ချမ်းသာသည် ဘာမျှ ပြောစရာမဟုတ်သေးပါ။ ဥတေနမင်းကြီး၏ စည်းစိမ် ချမ်းသာနှင့်စာလျှင် ဇီးရွက်လောက်သာ ရှိပါသည်။ ဥတေန မင်းကြီး၏စည်းစိမ်ချမ်းသာသည် မြင့်မိုရ်တောင်ကြီးပမာဏရှိ၍

အလွန်ကြီးကျယ်ခမ်းနားလှပါသည်ဘုရား” ဟု လျှောက်ထား ကြ၏။

“ဒီလိုဆိုရင် ဥတေနမင်းကို ဖမ်းယူမည်”

“အရှင်မင်းမြတ်၊ ဥတေနမင်းကို ဖမ်းယူဘို့ဆိုဘာ အလွန် ခက်ခဲလှပါသည် ဘုရား”

“ဘာ့ကြောင့် ဒီမင်းကို မဖမ်းဆီးနိုင်ရတာလဲ”

“အရှင်မင်းမြတ်၊ ဥတေနမင်းကြီးတွင် ဟတ္ထိကန္တခေါ်တဲ့ ဆင်ချစ်တဲ့မန္တန်နဲ့ စောင်းတခုရှိပါတယ် ဘုရား၊ ထိုမန္တန်ကို အပြန်အလှန်ရွတ်ပြီး စောင်းကိုတီးလိုက်ရင် ဆင်တွေဟာ ပြေး ရင်လဲပြေးကြပါလိမ့်မယ်၊ မပြေးရင်လဲ အဖမ်းခံကြပါလိမ့်မယ် ဘုရား၊ ဥတေနမင်းတွင် ဆင်ယဉ်လဲရှိပါတယ်။ ထိုမင်းနှင့်တူတဲ့ မင်းမရှိနိုင်ပါဘုရား။ ထို့ကြောင့် ဥတေနမင်းကို ဖမ်းယူဘို့ မစွမ်းနိုင်ပါဘုရား။ အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် ဥတေန မင်းကို ဧကန်အမှန်အောင်နိုင်လိုပါလျှင် သစ်သားနှင့် စက်ဆင် ရုပ်တခုပြုလုပ်ပြီး ဥတေနမင်း၏ နိုင်ငံတော်အနီး၌ လွှတ်ထား ရပါလိမ့်မည် ဘုရား။ ဥတေနမင်းသည် ဆင်ယာဉ် မြင်းယာဉ် ရှိသည်လို့ သတင်းကြားလျှင် အလွန်ဝေးတဲ့ အရပ်ကိုပင် သွား တတ်ပါသည်။ ထိုအခါမျိုးတွင် ဖမ်းယူဘို့ လွယ်ကူပါလိမ့်မည် ဘုရား”ဟု လျှောက်ထားကြကုန်၏။

## ယန္တရား ဆင်ရုပ်

စန္ဒပဇ္ဇောတ မင်းကြီးက–

“ဒီအကြံ ဟန်သည်” ဟု ဆုံးဖြတ်ပြီး သစ်သားနှင့် ယန္တရား ဆင်ရုပ်ပြုလုပ်စေသည်။ အပြင်ကအဝတ်နှင့်ပတ်ပြီး အကျအန

ဆေးခြယ်၍ ဥတေနမင်း၏ နိုင်ငံတော်အနီး ရေအိုင်ကြီးတခု အနားတွင် လွှတ်ထားစေသည်။ ဆင်၏ဝမ်းထဲ၌ လူခြောက်ဆယ် တို့သည် အလှည့်ကျနှင့် လူးလာတုံ့ခေါက် လမ်းလျှောက်၍ နေစေသည်။

ဆင်ချေးတွေကိုယူသွား၍ ဟိုဟိုဒီဒီ စွန့်ပစ်ထားစေသည်။ တောမုဆိုးတယောက်က ထိုဆင်ကို မြင်လျှင် 'ငါတို့ အရှင် မင်းမြတ်နှင့် ထိုက်တန်သည်'ဟု ကြံ၍သွားပြီး "အရှင်မင်းမြတ်၊ အရှင်မင်းမြတ်နှင့် ထိုက်တန်သည့် ဆင်ဖြူတော်ကြီး တစီးကို တွေ့မြင်ပါသည် ဘုရား"ဟု လျှောက်ထား၏။

## ဥတေနမင်းကြီးသည် ရန်သူ့လက်တွင်း သက်ဆင်းရခြင်း

ဥတေနမင်းကြီးသည် ထိုစကားကိုကြားလျှင် မုဆိုးကိုလမ်းပြ ခေါ်၍ ဆင်တော်စီးပြီး ဗိုလ်ပါများနှင့်အတူ ဆင်ဖမ်းထွက် တော်မူသည်။ ဥတေနမင်းကြီး ဆင်ဖမ်းထွက်တော်မူလာသည် ကိုသိ၍ သူလျှိုတို့က စန္ဒပဇ္ဇောတမင်းအား လျှောက်ထား ကြကုန်၏။

စန္ဒပဇ္ဇောတမင်းကြီးသည် နိုင်ငံတော်မှထွက်၍ ဘေးနှစ်ဖက် ၌တပ်ဖျောက်ပြီး အသင့်စောင့်နေတော်မူသည်။ ဥတေနမင်း သည် စန္ဒပဇ္ဇောတမင်းလာသည်ကို မသိ၍ ဆင်ကို အမှီလိုက် လေ၏။ဥတေနမင်းကြီးအမြန်လိုက်သလိုဆင်ထဲမှလူတို့သည်လည်း ယန္တရားစက်ကိုမောင်း၍ အမြန်ပြေးကြကုန်၏။ သစ်သားဆင် သည် မန္တန်ရွတ်၍ တီးသောမင်းကြီး၏ စောင်းသံကို မကြား သလို ပြေးမြဲပြေးနေသည်။ ဥတေနမင်းကြီးလည်း ဆင်ပြောင်

ကို မိုအောင် မလိုက်နိုင်၍ မြင်းကိုစီးပြီး တအားလိုက်ပြန် သည်။ ထိုအခါ မိမိ၏ စစ်တပ်နှင့် အဆက်ပြတ်ပြီး တပါတည်း ဖြစ်နေလေတော့သည်။

ထိုအခါ ဥတေနမင်းကို ဘေးနှစ်ဖက်၌ တပ်ဖျောက်၍ အစောင့်ချထားသော စန္ဒပဇ္ဇောတ မင်း၏ စစ်သည်တို့က ဖမ်းယူ၍ မင်းကြီးအား ပို့ဆက်ကြကုန်၏။ ထိုအခါ ဥတေနမင်း၏ စစ်သည်ဗိုလ်ပါတို့သည် မိမိတို့အရှင် ရန်သူ့လက်တွင်းပါသွား သည်ကို သိ၍ မြို့ပြင်၌ သစ်တပ်တည်၍နေ၏။ စန္ဒပဇ္ဇောတမင်း သည် ဥတေနမင်းကို အရှင်ဖမ်းပြီး ခိုးသားတို့ထားသော အချုပ် ထဲတွင်ထည့်၍ တံခါးပိတ်ထားပြီး သုံးရက်လုံးလုံး အောင်သေ အောင်သား သောက်စား၍ နေလေ၏။

ဥတေနမင်းက သုံးရက်မြောက်သော နေ့၌ "အမောင်တို့၊ သင်တို့မင်းဟာ ဘယ်မှာ စံနေတော်မူသလဲ" ဟု မေးသည်။ အစောင့်တို့က "ရန်သူမင်းကိုမိ၍အောင်သေသောက်နေပါသည်" ဟု ပြော၏။

"အသင်တို့၊ ဒီလိုလုပ်တာ မကောင်းဘူး။ သင်တို့ မင်းဟာ မိန်းမလိုမိန်းမရ လုပ်တာနှင့် တူသည်။ ရန်သူမင်းကို လွှတ်ရင် လွှတ်၊ မလွှတ်ရင် သတ်လိုက်ပေါ့။ အခုတော့ ငါ့ကို ထောင် ထဲထည့်ပြီး အောင်သေ သောက်နေတယ်ဆိုတာမသင့်တော်ဘူး" ဟု ပြောသည်။ အစောင့်တို့က စန္ဒပဇ္ဇောတမင်းကို သွားရောက် လျှောက်ထားကြသည်။

## ဆင်ချစ် မန္တန် တောင်းခံခြင်း

စန္ဒပဇ္ဇောတ မင်းကြီးသည် လာ၍- "အသင် ဒီလို စကား တွေကို ပြောတယ်ဆိုတာ မှန်သလား"

"မင်းမြတ်၊ မှန်တယ်"

"ကောင်းပြီ၊ ဒါဖြင့် သင့်ကို ငါလွှတ်ပေးမယ်။ သင့်မန္တန် ငါ့ကို ပေးလော့"

"ကောင်းပြီ၊ ပေးမယ်၊ သင့်တော်တဲ့အချိန်သင်ပေါ့၊ အေး တခုတော့ရှိတယ်။ ငါ့ကို ရှိခိုးနိုင်မလား"

"သင့်ကို ငါ ရှိမခိုးနိုင်ဘူး"

"ငါ့ကို ရှိမခိုးနိုင်ဘူးဆိုရင် မန္တန်ကို သင်မပေးနိုင်ဘူး"

"မန္တန်သင်မပေးလို့ရှိရင် သင့်ကို မင်းဒဏ်ပေးမယ်"

"ပေးချင်ပေး၊ သင့်သဘောအတိုင်းသင်ဟာ ငါ့ကိုယ်ကိုသာ အစိုးရတယ်။ ငါ့စိတ်ကိုတော့ အစိုးမရဘူး"

## ခါးကုန်းမနှင့် အနူ

စန္ဒပဇ္ဇောတမင်းကြီးသည် ဥဒေနမင်း ရဲရဲတောက် ပြော ကြားသောစကားကိုကြားလျှင် 'ငါဒီမန္တန်ကို ဘယ်လိုလုပ် သင် ရပါ့မလဲ။ တခြားလူကို သင်ပေးလို့လဲ မဖြစ်ဘူး။ ဒီတော့ ငါ့ သမီးတော်ကို အသင်ခိုင်းမယ်။ သမီးတော်ဆီကမှတဆင့် ငါသင် မယ်'ဟုကြံပြီး ဥဒေနမင်းကို-

"သင့်ကို ဘယ်သူ့ဘဲ ရှိခိုး ရှိခိုး သင်ပေးနိုင်သလား"

"မင်းမြတ်၊ ငါ့ကိုရှိခိုးတဲ့ လူဆိုရင် ဘယ်သူ့ကို မဆို သင်ပေးနိုင်တယ်"

"ဒီလိုဆိုရင် ငါ့နန်းတော်မှာ ခါးကုန်းမဘယောက်ရှိတယ်။ အေး သူ့ကို အသင်ခိုင်းမယ်"

"မင်းမြတ်၊ ကောင်းပြီ ငါ့ကို ရှိခိုးတဲ့ လူဆိုရင် ကုန်းကုန်း အအ ဆွံ့ဆွံ့ ဘယ်သူ့ကိုဘဲဖြစ်ဖြစ်သင်ပေးမယ်"ဟု ဝန်ခံ၏။

## သမီးတော်အား သင်စေခြင်း

ထို့နောက်စန္ဒပဇ္ဇောတ မင်းကြီးသည် သမီးတော် ဝါသုလဒတ္တထံ သွား၍-

"ချစ်သမီး၊ တကိုယ်လုံးဖြူအောင် ခရုသင်းစွဲနေတဲ့ လူနူကြီးဘယောက်ဆီမှာ အင်မတန်အဘိုးတန်တဲ့ မန္တန်တခုရှိတယ်။ သူ့တပါးကို အသင်ခိုင်းလို့လဲ မဖြစ်ဘူး။ သမီးတော် ကန့်လန့်ကာဆဲကနေပြီး အဲဒီအနူကို ရှိခိုးပြီး မန္တန်ကို သင်ယူပါ။ အနူက ကန့်လန့်ကာအပြင်ဘက်ကနေပြီး မန္တန်ကို ပို့ချပေးပါလိမ့်မယ်။ သမီးတော်ထံက အဲဒီမန္တန်ကို ခမည်းတော်ပြန်ပြီး သင်ယူမယ်" ဟု ပြော၍ စန္ဒပဇ္ဇောတ မင်းကြီးသည် တဦးနှင့်တဦး ရောနှောပေါင်းယှက်သွားမည်ကို စိုးသဖြင့် သမီးတော်ကို•ခါးကုန်းမဟူ၍ရင်း၊ ဥတေနမင်းကို လူနူဟူ၍ရင်း မှာထားပြီး မန္တန်ကို သင်ယူစေ၏။

## နှင်နှုတ်ခမ်းကို အိုးခြမ်းနှင့် တိုက်ပစ်

ကန့်လန့်ကာထဲက ရှိခိုးပြီးထိုင်သော ဝါသုလဒတ္တာ မင်းသမီးအား ဥတေနမင်းသည် ကန့်လန့်ကာ အပြင်ဘက်မှနေ၍ မန္တန်ကို ပို့ချပေးနေ၏။ တနေ့သ၌ မန္တန်ကို အဖန်ဖန်ရွတ်ဆို ပို့ချသော်လည်း ပီပီသသ မရွတ်ဆိုနိုင်သဖြင့် ဝါသုလဒတ္တာ မင်းသမီးကို-

"ဟဲ့ ခါးကုန်းမ၊ နှင်နှုတ်ခမ်းကို အိုးခြမ်းနှင့် တိုက်ပစ်လိုက်စမ်း။ ဒါလောက် ကလေးကိုမှ ပီပီသသ မရွတ်နိုင်ဘူးလား" ဟု ငေါက်ပစ်လိုက်၏။

ဝါသုလဒတ္တာ မင်းသမီးသည် အလွန် စိတ်ဆိုးသွားပြီး-

"ဟဲ့ တကိုယ်လုံးဖြူတဲ့ အနူက ငါကဲ့သို့သော ဘုရင့် သမီးတော်ကို ဘာပြုလို့ ခါးကုန်းမလို့ ပြောရသလဲ" ဟု ခံ၍ အော်လေ၏။

## ချစ်ကြိုးသွယ်နှောင်

ဥတေနမင်းသည် ကန့်လန့်ကာကို အသာမ,ပြီး-

"သင် ဘယ်သူလဲ"

"ငါသည် မင်းကြီးရဲ့ သမီးတော် ဝါသုလဒတ္တာ ဖြစ်တယ်"

"သင့်ခမည်းတော်က ငါ့ကို ပြောတုန်းက ခါးကုန်းမလို့ ပြောတယ်။ အခုတော့ ဘယ်လိုပါလဲ"

"သင်ကော ဘယ်သူလဲ"

"ငါဟာ ဥတေနမင်းဘဲ"

"ကျွန်တော်မကို ပြောတုန်းကလဲ တကိုယ်လုံး ဖြူတဲ့ အနူကြီးလို့ပြောတယ်.... အခုတော့အင်မတန် ကျော်ကြားတဲ့ ဘုရင်တပါးပါလား"

အချင်းချင်း ပြောဆိုကြပြီးနောက် မင်းကြီးသည် 'ငါတို့နှစ်ယောက် ချစ်ကြိုက်သွားမည်စိုး၍ ပြောဆိုခြင်း ဖြစ်လိမ့်မည်' ဟုဆိုကာကန့်လန့်ကာအတွင်းသို့ ဝင်၍ ချစ်ကြိုးသွယ်ကြလေ၏။

ထိုနေ့မှစ၍ ဘာမန္တန်မျှ မသင်တော့။ ချစ်ပင်လယ်မှာသာ မြော၍နေ ကြလေသည်။

ခမည်းတော်က "ချစ်သမီး၊ မန္တန်သင်သလား" ဟု အမြဲမေး၍ နေ၏။

"ခမည်းတော်၊ သင်နေပါသည်ဘုရား" ဟုသာလျှောက်၍နေလေသည်။

အချစ်ပန်းကိုဆင်မြန်းပြီးသောအခါဝါသုလဒတ္တမင်းသမီးကို ဥတေနမင်းက–

"ချစ်နှမ၊ လင့်စည်းစိမ်ဆိုတာ မိဘညီအကို မောင်နှမတွေက ပေးလို့ရကောင်းတာမျိုး မဟုတ်ဘူး။ ချစ်နှမကသာ မောင်တော့်အသက်ကို ကယ်မယ်ဆိုရင် အခြံအရံ ငါးရာနဲ့ မိဖုရားမြှောက်ထားပါမယ်" ဟု ပြော၏။ ဝါသုလဒတ္တလည်း အကြည်ဆိုက်၍ အကြိုက်တွေ့သွားလေ၏။

"မောင်တော်တကယ်ပြောတာလား။မောင်ဘုရားစကားသာ တည်မယ်ဆိုရင် မောင်ဘုရားအသက်ကို နှမတော် အသက်နဲ့လဲပြီး ကယ်တင်ပါမယ်"

"ယုံပါ နှမတော်လေးရယ်၊ မောင်ဘုရားစကား တည်ရပါစေမယ်။ မင်းတို့စကား မိုးကြိုးသွားပ" ဟုပြောပြီး ဝါသုလဒတ္တ

မင်းသမီး၏ ဖြူလွလွပါးပြင်ကို တအားပင် မွှေးကြူလိုက်လေသည်။ ဝါသုလဒတ္တမင်းသမီးသည် "ကောင်းပါပြီ မောင်ဘုရား" ဟုဝန်ခံကတိထားပြီး ဖခမည်းတော်ထံသွား၍ သင့်တော်ရာ၌ ရှိခိုးနေလေ၏။

စန္ဒပဇ္ဇောတမင်းကြီးက "သမီးတော်၊ အတတ်ပညာပြီးဆုံးပြီလား"

"ခမည်းတော်၊နဲ့နဲ့လောက်သာ လိုပါတော့သည်ဘုရား"

"အခု သမီးတော် ဘာများ အလိုရှိလို့လဲ"

"ခမည်းတော်ဘုရား၊တံခါးတခုနှင့် ယာဉ်တစီး သနားတော်မူပါဘုရား"

"ဘာလုပ်ဖို့လဲ သမီးတော်"

"ခမည်းတော်ဘုရား၊ ညဘက်မှာ နက္ခတ်ကြည့်ပြီး မန္တန်အတွက် ဆေးမြစ်တူးစရာ ရှိလို့ပါဘုရား။ သို့ပါ၍ သမီးတော်အား အချိန်မရှိအချိန်ရှိ သွားလာဝင်ထွက်နိုင်ရန် တံခါးတခုနှင့် ယာဉ်တစီးရမှ ဖြစ်နိုင်ပါမည်ဘုရား"

"သမီးတော် ကြိုက်တဲ့တံခါးနဲ့ ကြိုက်တဲ့ယာဉ်ကိုသာ ယူပေတော့"

## ယာဉ်မြန်တော် ငါးစီး

စန္ဒပဇ္ဇောတ မင်းကြီးတွင် ရှေးကုသိုလ်ကံကြောင့် ယာဉ်မြန်တော် ငါးစီးရှိသည်။

(၁) ဘဒ္ဒဝတီ အမည်ရှိ ဆင်မသည် တနေ့ ယူဇနာ ငါးဆယ် သွားနိုင်သည်။

(၂) ကာကအမည်ရှိ ကျွန်သည် ယူဇနာ ခြောက်ဆယ် သွားနိုင်သည်။
(၃) ဓေလကဏ္ဍိနှင့် မုဋ္ဌကေလိအမည်ရှိ မြင်းနှစ်ကောင် သည် တနေ့ ယူဇနာတရာ သွားနိုင်သည်။
(၅) နာဠာဂိရိ အမည်ရှိသော ဆင်သည် တနေ့ယူဇနာ ၁၂၀ သွားနိုင်သည်။

## စန္ဒပဇ္ဇောတမင်း ရှေးအကြောင်း

စန္ဒပဇ္ဇောတမင်းကြီးသည် မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးယခင်က အစိုးရသူတယောက်၏ အလုပ်အကျွေးဖြစ်သည်။ တနေ့တွင် အစိုးရသူသည် မြို့ပြင်ထွက်၍ ရေချိုးပြီး ပြန်လာသည့်အခါ ပစ္စေကဗုဒ္ဓါတပါး ဆွမ်းခံကြွလာသည်။ တမြို့လုံးကို မာရ်နတ်က နှောက်ယှက်ထားသဖြင့် ဆွမ်းတဇွန်းမျှ မရဘဲ သပိတ်ချည်းသက်သက်ဖြင့် ပြန်ကြွလာခဲ့ရသည်။

ပစ္စေကဗုဒ္ဓါသည် မြို့တံခါးသို့ ရောက်သောအခါ မာရ်နတ်က မသင်ရှားသော အသွင်ဖြင့်–

"အရှင်ဘုရား၊ ဆွမ်းများ ရခဲ့ပါသလား ဘုရား"

"သင်ဘာကြောင့် ငါ့ကိုဆွမ်းမရအောင် နှောက်ယှက်ရသလဲ"

"အရှင်ဘုရား ပြန်ကြွတော်မူပါ။ ဒီတခါ တပည့်တော် မနှောက်ယှက်တော့ပါ"

"ငါပြန် မကြွတော့ဘူး"

အကယ်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ပြန်ကြွမယ် ဆိုပါက တမြို့လုံးရှိ လူတို့အား အကုန်မူးပြီး၊ လက်ခုပ်လက်ဝါး တီး၍ ဟားတိုက်ပြီး အပြောင်အလှောင် ခိုင်းမည် ဖြစ်သည်။ ပစ္စေကဗုဒ္ဓါ

အရှင်မြတ်လဲ ပြန်မကြွသည့်အတွက် မာရိနတ်သည် ထိုနေရာတွင် ပျောက်ကွယ်၍ သွားလေ၏။

ထိုအခါ အလုပ်ရှင်သည် သပိတ်အတိုင်း ပြန်ကြွလာသော ပစ္စေကဗုဒ္ဓါကို တွေ့မြင်၍ ရှိသေစွာ ရှိခိုးပြီးသော်–

"အရှင်ဘုရား၊ တစုံတခု ရခဲ့ပါသလား ဘုရား"

"ဒကာ၊ ငါဆွမ်းခံ၍ ပြန်လာခဲ့တယ်" ဟု မိန့်တော်မူ၏။

ထိုအခါ ဒကာက စဉ်းစားသည်မှာ 'အမေးတခြား အဖြေ တမျိုး ဖြစ်နေတယ်၊ ကျေန်ဒိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းမရ ခဲ့တာ သေချာတယ်' ဟု စဉ်းစားမိ၏။ ထို့နောက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်ကို ယူကြည့်သော် ဘာမှမမြင်ရ၍ အိမ်တွင် လည်း ဆွမ်းကျက်မကျက် မသိရသေးသဖြင့် လှူလိုသော စိတ်ဖြင့် သပိတ်ကို မယူဝံ့သေး၍–

"အရှင်ဘုရား၊ ခေတ္တ ဆိုင်းငံ့တော်မူပါဘုရား"ဟု လျှောက် ထားပြီး အိမ်သို့ သုတ်ခြေတင်လေ၏။ အိမ်သို့ ရောက်သော အခါ–

"ငါ့ဘို့ထမင်း ကျက်ပြီလား"ဟု မေး၏။

"ကျက်ပါပြီ"ဟုပြောသောအခါ အနားက အလုပ်သမား ကိုခေါ်ပြီး–

"အမောင်၊ သင့်ထက် မြန်မြန်သွားနိုင်တဲ့လူ မရှိဘူး။ မြန်မြန် သွားပြီးပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်ကိုယူခဲ့ပါ"ဟု ပြော၏။

အလုပ်သမားသည်စကားတခွန်းထဲနှင့်တအားပြေးပြီးပစ္စေက ဗုဒ္ဓါအရှင်မြတ်ထံမှ သပိတ်ကို တောင်းယူခဲ့၏။ ဒါယကာလည်း မိမိစားရန် ထမင်းကို အကုန်မှောက်ထည့်ပြီး သပိတ်ကို ယူ၍ ပစ္စေက ဗုဒ္ဓါအရှင်မြတ်ထံ မြန်မြန်သွားပို့ခိုင်းလိုက်၏။

"အမောင်၊ ဒီသပိတ်ကိုယူပြီး ပစ္စေကဗုဒ္ဓါကို မြန်မြန်သွားလှူပါ၊ သင့်ကို ငါအမျှဝေပါမယ်"ဟု ဆို၏။ အလုပ်သမားသည် တအားပြေး၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား သပိတ်ကပ်လိုက်၏။ မွန်းတည့်ခါနီးနေသဖြင့် "မွန်းတည့်ခါနီးနေပါပြီ ဘုရား" ဟု လျှောက်ထားပြီး ထိခြင်းကြီးငါးပါးနှင့် ရှိသေစွာ ရှိခိုးလေ၏။

## အလုပ်သမား၏ ဆုတောင်း

"အရှင်ဘုရား၊ တပည့်တော်လျင်လျင်မြန်မြန် သွားပြန်လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါသည် ဘုရား။ အရှင်ဘုရား ဤကောင်းမှုကြောင့် တပည့်တော်အား ယူဇနာငါးဆယ် ခြောက်ဆယ်၊ တရာ၊ တရာ့နှစ်ဆယ်ခရီးကိုသွားနိုင်သော အမြန်ယာဉ်များ ရပါစေဘုရား။

"အရှင်ဘုရား၊ တပည့်တော်အသွားအပြန် နှစ်ခုစလုံး တကိုယ်လုံးကို နေပူလောင်တဲ့ ဒဏ်ခံခဲ့ရပါသည်ဘုရား။ ဤနေပူဒဏ်ကို ခံခဲ့ရသော ကုသိုလ် ကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်းမှာ နေမင်းလို တန်ခိုးအာနုဘော်မြင့် တက်ပါစေသား အရှင်မြတ်ဘုရား။

"ဤဆွမ်းကို လှူဒါန်းသောအခါ၌ တပည့်တော် အလုပ်ရှင်က တပည့်တော်အား ကုသိုလ်ကောင်းမှုအဖို့ကို ပေးဝေပါသည် ဘုရား၊ တို့အရှင်ပေးဝေသော ကုသိုလ် ကောင်းမှုကြောင့် အရှင်မြတ်တို့သိတော်မူတဲ့ တရားထူး တရားမြတ်ကို သိရှိရပါလို၏ ဘုရား"

ဟူ၍ ဆုတောင်းပတ္တနာပြုလေ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း “တောင်းတဲ့ဆုနဲ့ပြည့်စေ” ဟု အနုမောဒနာပြုလေ၏။

စန္ဒပဇ္ဇောတမင်းကြီးသည် ဤကဲ့သို့ပြုခဲ့ဘူးသော ကောင်းမှုနှင့်ဆုတောင်းကြောင့် ယခုအခါ မင်းဖြစ်၍ ယာဉ်မြန်တော်ငါးစီးရှိခြင်း ဖြစ်သည်။

ထို့နောက် တနေ့သောအခါတွင် စန္ဒပဇ္ဇောတ မင်းကြီးဥယျာဉ်ကစားထွက်တော်မူ၏။ ဥဒေနမင်းသည် ‘ဒီကနေ့ ငါတို့ပြေးဖို့ အခွင့်သာသည်။ သားရေအိတ်ကြီးတွေနှင့် ရွှေငွေတွေ အပြည့်ထည့်ခိုင်းပြီး ကရေဏုဆင်မကျောပေါ်တင်၍ ဝါသုလဒတ္တာမင်းသမီးကို ခေါ်ပြီးလျှင် ထွက်ပြေးလေ၏။

နန်းတွင်း အစောင့်အရှောက်တို့သည် ဥဒေနမင်း ထွက်ပြေးသည်ကိုမြင်၍ မင်းကြီးအား မြန်မြန်သွား၍ လျှောက်ထားကြကုန်၏။ စန္ဒပဇ္ဇောတမင်းက “မြန်မြန်လိုက်ကြ” ဟု စေလွှတ်တော်မူ၏။

ဥဒေနမင်းသည် စစ်သည်တွေ လိုက်လာသည်ကို မြင်၍ အသပြာအိတ်တို့ကို ဖွင့်ပြီးကြဲလေ၏။ အသပြာတွေ ကောက်ယူပြီး နောက်ထပ်တဖန် လိုက်ကြပြန်၏။ ထိုအခါ ရွှေအိတ်ကိုဖွင့်၍ ကြဲလေ၏။ ရွှေတွေကို ကောက်နေသဖြင့် အချိန်ကြာသွားပြီး စန္ဒပဇ္ဇောတနိုင်ငံအပြင်ဘက် ဥဒေနမင်း နိုင်ငံတော်အတွင်းသို့ ပြန်ရောက်သွားလေ၏။ ပြန်လာသောဥဒေနမင်းကို မြင်လျှင် မိမိစစ်သည်ဗိုလ်ပါအပေါင်း ခြံရံလျက် နန်းတော်သို့ ပြန်လေ၏။ နန်းတော်သို့ ရောက်သောအခါ ဝါသုလဒတ္တာ မင်းသမီးကို အဘိသိက်သွန်း၍ မိဖုရားကြီးအရာ၌ ထားလေ၏။

## မာဂဏ္ဍိမိဖုရား

ဥတေနမင်းကြီးတွင် နောက်ထပ် မာဂဏ္ဍီ အမည်ရှိ မိဖုရား တပါး ရှိပြန် သေးသည်။ မာဂဏ္ဍိမိဖုရားသည် ကုရုတိုင်းမှ မာဂဏ္ဍီ ပုဏ္ဏားကြီး၏သမီးဖြစ်သည်။ မာဂဏ္ဍီ၏အမေ ပုဏ္ဏေးမ ကြီးသည်လည်း မာဂဏ္ဍီ၊ ဘထွေးပုဏ္ဏားလည်း မာဂဏ္ဍီ ဟူ၍ လေးဦးသားမှာ မာဂဏ္ဍီ ဟူသော အမည်တခုသာ ရှိသည်။ မာဂဏ္ဍီသည် အလွန်ချောအလွန်လှသည်။ နတ်သမီးတမျှ လှပ သည်ဟုပြောကြ၏။ မာဂဏ္ဍီ ပုဏ္ဏားကြီးသည် သူ့သမီးမာဂဏ္ဍီ နှင့်ထိုက်တန်သူကိုရှာမတွေ့သောကြောင့် အင်မတန်ကြီးကျယ်တဲ့ အမျိုးတွေကလာရောက်ပြီး တောင်းခံကြသော်လည်း–

"ငါ့သမီးနှင့်မတန်ဘူး"ဆိုကာ မောင်းထုတ်လေ့ ရှိ၏။

## ဘုရားကိုသားမက်တော်လိုသူ မြတ်စွာဘုရားနှင့် တွေ့ခြင်း

ထိုအခါမြတ်စွာဘုရားသည် နံနက်မိုးသောက် အလင်းရောက် ၍ လောကကြီးကို ကြည့်ရှုတော်မူသည်ရှိသော် မာဂဏ္ဍီ ပုဏ္ဏား လင်မယားအနာဂါမ်ဖြစ်မည်ကို မြင်တော်မူ၍ မာဂဏ္ဍီ ပုဏ္ဏား ကြီးရွာပြင်သို့ထွက်၍ မီးပူဇော်ရာလုပ်ကျွေးရာသို့ ကြွတော်မူ၏။ မာဂဏ္ဍီ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ အလွန်လှပတင့်တယ် သောရုပ်အဆင်းကိုကြည့်ရှု၍ 'လောကကြီးမှာ ဒီယောကျ်ားနှင့် တူတဲ့ယောကျ်ားမရှိဘူး။ ဒီလိုယောကျ်ားမျိုးနှင့် ငါ့သမီးဟာ တန်တယ်။ ဒီယောကျ်ားအား လုပ်ကျွေးမွေးမြူရန် ငါ့သမီးကို ပေးအံ့'ဟု ကြံပြီး–

"အို ရှင်ရဟန်း၊ ငါ့မှာ သမီးချောတယောက်ရှိတယ်။ ယခု အချိန်အထိ သမီးနဲ့သင့်တော်တဲ့လူ မတွေ့သေးဘူး၊ အသင်က တော့ ငါ့သမီးနဲ့သင့်လျော်တယ်။ငါ့သမီးကလဲ သင်နဲ့သာ သင့် လျော်တယ်။ အသင့်အား ခြေရင်းအလုပ်အကျွေးအဖြစ် အပ်ပါ တယ်။ငါ့သမီးကို ထိမ်းမြားပေးအပ်ပါမယ်။ ငါပြန်လာသည့် တိုင်အောင် ဒီနေရာမှာ ခဏရပ်စောင့်ပါ"ဟုဆို၏။

မြတ်စွာဘုရားလည်း ပုဏ္ဏားကြီးအား ဘာတခွန်းမျှမပြောဘဲ ဆိတ်ဆိတ်သာနေတော် မူ၏။

## သမီးကို သွားခေါ်ခြင်း

မာဂဏ္ဍီပုဏ္ဏားကြီးသည် အိမ်သို့မြန်မြန်ပြန်သွားပြီး "အိုရှင်မ ငါ့သမီးအတွက် သင့်တော်တဲ့ ယောကျ်ားကို ငါတွေ့လာခဲ့တယ်။ မြန်မြန်သမီးကို အဝတ်တန်ဆာဆင်လော့"ဆိုပြီး သမီးကို တန် ဆာ ဆင်၍ သမီးနှင့်အတူ ပုဏ္ဏားမကြီးကိုပါ ခေါ်ပြီးလျှင် မြတ်စွာဘုရားထံ သွားကြလေ၏။

တမြို့လုံးလှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ မာဂဏ္ဍီပုဏ္ဏားကြီး သည် ယခုအချိန်အထိသမီးဖြစ်သူအား သင့်တော်သူမရှိ၍ မည် သူနှင့်မျှ မပေးစားဘဲ ဒီကနေ့မှ 'ငါ့သမီးနှင့် သင့်တော်သူတွေ့ ခဲ့ပြီ' ဆိုသောသတင်း ထွက်ပေါ်လာသည့်အတွက်'ဒီယောကျ်ား သည်ဘယ်လိုယောကျ်ားမျိုးပါလိမ့်'ဟု ထိုယောကျ်ားကို ကြည့် ရှုရန် လူအုပ်ကြီးသည် မာဂဏ္ဍီတို့နှင့်အတူ ထွက်လာကြလေ၏။

## ခြေတော်ရာ စေတီ ပြတော်မူခြင်း

ပုဏ္ဏားကြီးသည် သမီးကို ခေါ်၍ ပြန်လာသည့်အခါ မြတ်စွာဘုရားသည် ပုဏ္ဏားကြီး မှာထားသော နေရာ၌ ရပ်၍ နေတော်မမူဘဲ ထိုနေရာတွင် ခြေတော်ရာဘဆူချ၍ တခြားနေရာတွင် သွားရောက် ရပ်တော်မူလေသည်။

ထိုစကားမှန်၏။ မြတ်စွာဘုရားတို့ မည်သည် ခြေတော်ရာစေတီကို အဓိဋ္ဌာန်၍ နင်းတော်မူသော နေရာ၌သာ ခြေတော်ရာ ထင်တော်မူသည်။ တခြားသော နေရာများ၌မထင်ပေ။ ခြေတော်ရာကို မြင်စေတော်မူလိုသော သူများကိုသာ မြင်စေရန် အဓိဋ္ဌာန်တော်မူပါက မြင်စေလိုသောသူများသာ မြင်နိုင်ပါသည်။ တခြားလူများ မမြင်နိုင်ပါ။ ဗုဒ္ဓ၏ခြေတော်ရာကိုဆင်ဖြင့်နင်း၍ ဖျက်သော်လဲ မပျက်နိုင်။ မိုးအကြီးအကျယ်ရွာ၍ဖြစ်စေ၊ လေအကြီးအကျယ် တိုက်၍ဖြစ်စေ၊ တခြားဝတ္ထုပစ္စည်းထိခိုက်၍ဖြစ်စေ၊ ခြေတော်ရာ ပျက်မသွားနိုင်။ မည်သူမျှလဲ ပျက်အောင် မဖျက် နိုင်ပါ။(အဋ္ဌကထာအလို)

## ခြေရာရှင်၏ စိတ်နေ သဘောထား

ထိုအခါ ပုဏ္ဏေးမက "ပုဏ္ဏားကြီး၊ သင်ပြောတဲ့ယောကျ်ား ဘယ်ရောက် သွားသလဲ"

"ဒီနေရာမှာ ဆိုင်းငံ့ ရပ်တန့်နေပါလို့ ငါမှာ ထားခဲ့ဘယ်။ အခုဘယ်များ ရောက်သွားပါသိမ့်"ဟု ဟိုဟိုဒီဒီ ကြည့်ရှုသော် ခြေတော်ရာစေတီကိုမြင်၍-

"ဟောဒီမှာဟိုယောကျ်ားရဲ့ ခြေရာ"ဟုပြော၏။

ပုဏ္ဏားမသည် လက္ခဏာ ဗေဒင်ကျမ်းကို ပြန်လှန်အောက်မေ့လျက် ခြေရာလက္ခဏာကို ကြည့်ရှုသော်-

"ပုဏ္ဏားကြီး၊ ဒီခြေရာဟာ အာရုံငါးပါး ကာမဂုဏ်တရားနဲ့ ပျော်ပါးမယ့်သူ့ရဲ့ ခြေရာ မဟုတ်ဘူး"ဟု ပြောလေ၏။

"အို အရှင်ပုဏ္ဏား၊ လောဘကြီးတဲ့ လူ့ရဲ့ခြေရာဟာ ဆောင့်ကြောင့်ထိုင်တဲ့ လူ့ရဲ့ခြေရာနှင့်တူတယ်။ ဒေါသကြီးတဲ့လူ့ရဲ့ခြေရာဟာ မြန်မြန်သွားတဲ့လူ့ရဲ့ ဖနောင့်ရာလို အနည်းငယ်သိမ်တယ်။ မောဟလွှမ်းတဲ့ မိုက်မဲတဲ့လူ့ရဲ့ခြေရာကတော့ ဒရွတ်ဆွဲသွားသလို မပြောင့်မမတ်ရှိတယ်။ ကိလေသာဝဋ်ဇာတ် ကင်းပြတ်တဲ့ သူ့ရဲ့ခြေရာကတော့ အခုတွေ့တဲ့ခြေရာမျိုးဖြစ်တယ်"ဟု ပြော၏။

ပုဏ္ဏားကြီးက-

"အိုရှင်မ၊ သင်ဟာ ရေခွက်ထဲမှာ မိကျောင်းမြင်ရသလို၊ အိမ်ထဲမှာ သူခိုးတွေ့သလို လက္ခဏာ ပညာကလေး မဖြစ်စလောက်မြင်ရုံနဲ့ သိပ်ရှာမရှည်နဲ့။ အသာတိတ်တိတ် နေစမ်း"ဟု ဆိုသည်။

ပုဏ္ဏားမကလည်း "သင်ဘာလိုချင်သလဲ သင်လိုချင်တဲ့အချက်ကို ပြောပြပါအုံး။ ဒီခြေရာဟာ ကာမဂုဏ်လိုက်စားတဲ့ သူ့ရဲ့ခြေရာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး"ဟု အခိုင်အမာ ဆို၏။ ထို့နောက် ကြည့်ရှုပြန်သော် မြတ်စွာဘုရားကို သွားတွေ့၍-

"ငါပြောတဲ့ယောကျ်ားဟာ ဟောဒီယောကျ်ားဘဲ"ဟုပြော၏။ ပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံ သွား၍ "အို ရှင်ရဟန်း အကျွန်ုပ်၏ သမီးကို အသင့်အား ကျွေးမွေးသုတ်သင်ဘို့ ပေးအပ်ပါ၏"ဟု ပြောလေ၏။

## အနာဂါမ် ဖြစ်ခြင်း

မြတ်စွာဘုရားသည် 'သင့်သမီးကို ငါအလိုရှိတယ်။ မရှိဘူး'ဟု မိန့်ဆိုတော်မမူဘဲ-

"အိုပုဏ္ဏား၊သင့်အား ငါအကြောင်းတခုဆိုအံ့''ဟု မိန့်တော်မူ၏။

"အို ရှင်ရဟန်း၊ မိန့်ဆိုပါလော့"

"မြတ်သောတောထွက်ခြင်းဖြင့် တောထွက် တော်မူသည့်အချိန်မှစ၍ အဇပါလ ညောင်ပင်ရင်း တိုင်အောင် အစဉ်လိုက်၍ဖျက်ဆီးလာသော မာရ်နတ်သည် အဇပါလ ညောင်ပင်ရင်း၌ သိတင်းသုံးတော်မူသောအခါ၌ ငါ့ပိုင်နက်မှ လွတ်ထွက်လေပြီ။ ယခုအခါ ငါတယောက်တည်းသာ မွေ့လျော်ပျော်ပိုက်ရမည်ဟု အကြီးအကျယ် စိုးရိမ် ပူပန်နေသော မာရ်နတ်မင်း၏ စိုးရိမ်ပူပန်ခြင်းကိုပယ်ဖျောက်ငြိမ်းအေးစေရန် မာရ်နတ်ရဲ့ သမီးတွေပါ လာကြတယ်။ သူတို့ဟာ သတို့သမီးငယ်ယောင် ဆောင်ပြီး ငါ့ကို ဖြားယောင်းလာကြတယ်''ဟု မိန့်တော်မူ၏။ ထို့ပြင်-

"အဲဒီအခါတုန်းကတောင်မှငါ့အလိုမရှိပါဘဲလျက် ကျင်ကြီးကျင်ငယ် အသွယ်သွယ်တို့ဖြင့် ညစ်နံပုပ်သိုးပြီး အညစ်အကြေးတွေနဲ့ ပြည့်နေသော သင့်သမီးအကောင်ပုပ်ကို ငါဘာလုပ်ဖို့လဲ'' မိန့်တော်မူ၏။

ထိုတရားအဆုံးတွင်မာဂဏ္ဍိပုဏ္ဏားကြီးလင်မယားအနာဂါမ် တည်၍ သွားလေ၏။

## ဘုရားကို မာဂဏ္ဍီ ရန်ငြိုးဖွဲ့ခြင်း

မာဂဏ္ဍိသတို့သမီးသည်လည်း 'ဒီရဟန်း ငါ့ကို မလိုချင်ဘူးဆိုရင်လဲ မလိုချင်ဘူးလို့ ပြောရုံပေါ့၊ အခုတော့ မဟုတ်ဘူး။ ကျင်ကြီးကျင်ငယ်တွေနဲ့ ပြည့်သလေး၊ ပုပ်စော်ဟောင်စော် နံသလေးနဲ့ ပြောတဲ့အပြင် သင့်သမီးကို ငါ့ခြေနဲ့တောင်မတို့ဘူး" ဟု နှိမ့်ချပြောဆိုရက်တယ်၊ အခုတော့ နေနှင့်ဦးပေါ့။ ငါရုပ် ငါရည် ငါ့အမျိုးရဲ့ဂုဏ်ကြက်သရေ ငါ့စည်းစိမ်နဲ့ဆိုရင် အားကိုးအားထားလောက်တဲ့ လင်ကောင်းတယောက်တော့ ရနိုင်တယ်။ ဒီလို လင်မျိုးသာ ရလို့ရှိရင် ရဟန်းဂေါတမတော့ ငါ့အကြောင်းသိစေရမယ်'ဟု မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့လေ၏။

**မှတ်ချက်။** ။မြတ်စွာဘုရားသည်မာဂဏ္ဍီရန်ငြိုးဖွဲ့မည်ကို မသိ၍ ပြောလေသလားဟု တွေးစရာရှိသည်။ ဗုဒ္ဓမည်သည် ဆင်ခြင်လျှင် အားလုံးသိတော်မူသည်သာ ဖြစ်သည်။ သိလျက်နှင့် ဘာကြောင့် ပြောရသလဲဟု မေးစရာရှိသည်။မာဂဏ္ဍိရန်ငြိုးဖွဲ့မည်ကို ပမာဏမထားဘဲ သူ့မိဘနှစ်ပါး မဂ်ဖိုလ်ရရန်ကိုသာ အဓိကထား၍ ဟောကြားတော်မူခြင်းဖြစ်သည်။

ပုဏ္ဏားကြီး ဇနီးမောင်နှံသည် မာဂဏ္ဍီကို ခေါ်ဆောင်ပြီး ဘထွေးဖြစ်သော စူဠမာဂဏ္ဍီထံ အပ်နှံဝန်ခံစေ၍ ရဟန်းပြုကြရာ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

## မာဂဏ္ဍီ မိဖုရားဖြစ်ခြင်း

ကုရုမာဂဏ္ဍီပုဏ္ဏားက စဉ်းစားသည်မှာ 'ငါ့သမီးမာဂဏ္ဍီသည် သာမန်လူတန်းစားနှင့်မတန်။ ပြည့်ရှင်မင်းများနှင့်သာ ထိုက်တန်သည်'ဟု ကြံပြီးလျှင် မာဂဏ္ဍီကို ခေါ်၍ ကောသမ္ဗီပြည်သို့ သွားလေ၏။ မာဂဏ္ဍီအား အဝတ်တန်ဆာအားလုံး ဆင်ယင်ပြီးလျှင် နန်းတော်သို့ သွား၍-

"အရှင်မင်းမြတ်၊ ဤမိန်းမရတနာသည် အရှင်မင်းမြတ်နှင့်သာ ထိုက်တန်ပါသည်ဘုရား" ဟု ဥတေနမင်းကြီးအား ဆက်သလေ၏။ ဥတေနမင်းကြီးသည်လည်း မာဂဏ္ဍီသတို့သမီးကို မြင်ရုံနှင့် ချစ်မြတ်နိုးတော်မူလှသည် ဖြစ်၍ အဘိသိက်သွန်းပြီးလျှင် အခြံအရံငါးရာနှင့် မြတ်သော မိဖုရားကြီးအရာ ထားတော်မူလေ၏။

## ရသေ့ငါးရာနှင့် ညောင်စောင့်နတ်

ပြဆိုခဲ့ပြီးသော စကားစဉ်အတိုင်း ဥဒေနမင်းကြီးတွင် အခြံအရံ တထောင့်ငါးရာနှင့် မိဖုရားကြီး သုံးယောက် ရှိလေသည်။ ကောသမ္ဗီပြည်တွင် ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိကသူဌေး ဟူ၍ သူဌေးကြီး သုံးယောက်ရှိသည်။ ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကြွလာ၍ မြို့ထဲတွင် ဆွမ်းခံကြွသည်ကို မြင်လျှင် ပင့်ဖိတ်၍ ဆွမ်းကျွေးပြီး၊ ဝါတွင်းလေးလပတ်လုံး မိမိတို့အထံ၌ နေစေ၏။ တဖန် မိုးလရောက်ပြန်သော် ပြန်လာစိမ့်သောငှာ ဝန်ခံစေ၍ လွှတ်လိုက်ကုန်၏။ ရသေ့တို့သည်

ထိုအချိန်မှစ၍ ရှင်လ ဟိမဝန္တာ၌နေ၍ မိုးလေးလ သူဌေးကြီးများထံ၌နေကြရကုန်၏။ ရသေ့တို့သည် နောက်တခါ ဟိမဝန္တာမှ လာသည်ရှိသော် တောအုပ်တခု၌ ညောင်ပင်ကြီးတပင်ကို တွေ့ရသဖြင့် ညောင်ပင်ရင်း၌ ထိုင်နေကြကုန်၏။

ရသေ့ငါးရာတို့တွင် အကြီးအမှူးဖြစ်သော ရသေ့က ဆင်ခြင်သည်မှာ- ‘ဤသစ်ပင်၌ စောင့်ရှောက်သောနတ်သည် နတ်ယုတ်မာတော့ မဖြစ်နိုင်။ တန်ခိုးကြီးသော နတ်မင်းသာ စောင့်ရှောက် ထိန်းသိမ်းထားတာ ဖြစ်လိမ့်မည်။ ဤသစ်ပင်၌ စောင့်သော နတ်မင်းသည် ရသေ့ အပေါင်းတို့အား ရေလှူလျှင် ကောင်းလေစွ’ဟု ကြံ၏။ နတ်မင်းသည် သောက်ရေကို ပေးလှူ၏။ ချိုးရေကို ကြံအောက်မေ့သော် ချိုးရေပေးလှူ၏။ နောက်တခါ ဆွမ်းဘောဇဉ်ကို ကြံပြန်သော် ဆွမ်းဘောဇဉ်ကို ပေးလှူပြန်၏။

ထို့နောက် ရသေ့သည် ဤသို့ အကြံဖြစ်ပြန်သည်။ ‘ထိုနတ်မင်းတို့သည် ငါတို့ ကြံတိုင်းကြံတိုင်းကို အားလုံးပေးလှူနေသည်။ ထိုနတ်မင်းကို မြင်ရမူ ကောင်းလေစွ’ ဟု ကြံစည်ပြန်၏။ နတ်မင်းသည် သစ်ကိုင်းသစ်ခက်တို့ကို ခွဲထွက်၍ မိမိကိုယ်ကို ပြလေ၏။ ထိုအခါ ရသေ့တို့က နတ်မင်းကို-

“အသင်နတ်မင်း၊ အသင်နတ်မင်းအား ဤကဲ့သို့ကြီးကျယ်သော စည်းစိမ်ချမ်းသာကို ဘယ်လို ကောင်းမှုမျိုး ပြုလုပ်၍ရပါသနည်း”ဟု မေးကြကုန်၏။

“အရှင်မြတ်တို့ မမေးကြပါနှင့်” ဟု အတန်တန် တားမြစ်သော်လည်း—

"နတ်မင်း ပြောသာ ပြောပါ" ဟု တိုက်တွန်းကြကုန်၏။ နတ်မင်းသည် မိမိပြုခဲ့သော ကုသိုလ်အနည်းငယ်မျှသာ ရှိသောကြောင့်၊ ရှက်လွန်းလှသောကြောင့် ပြောမပြဝံ့ပေ။ ရသေ့တို့လည်း အတင်း မရမက မေးကြသောအခါ-

"အရှင်မြတ်တို့၊ နာခတော်မူကြပါဘုရား" ဟု ဆို၍ နောက်ကြောင်းကို ပြန်ပြောပြလေ၏။

## ရှေးဘဝ ကုသိုလ်

ညောင်စောင့်နတ်သည် ရှေး ဘဝ တုန်းက ဆင်းရဲသားတယောက်ဖြစ်ခဲ့သည်။ နေ့စားအလုပ် ရှာဖွေ၍ အနာထပိဏ်သူဌေးကြီးထံ အလုပ်ရသည်။ အနာထပိဏ်သူဌေးကြီးကို အမှီပြု၍ အသက်မွေးမှုနေသည်။ ထို့နောက် ဥပုသ်နေ့တနေ့နှင့် ကြုံကြိုက်သောအခါ အနာထပိဏ်သူဌေး ကျောင်းတော်မှ ပြန်လာ၍ နေ့စား သူရင်းငှားကို "ဒီနေ့ ဥပုသ်နေ့ဖြစ်တဲ့အကြောင်း မပြောလိုက်ကြဘူးလား"

"အရှင်သူဌေးမင်း၊ မပြောကြားမိပါ"

"ဒါဖြင့် သူရင်းငှားအတွက် ညစာထမင်း ချက်ထားလိုက်ကြ" ဆိုသောကြောင့် ဆန်နို့ဆီဗူး နှစ်လုံး သူရင်းငှားအတွက် ထမင်းချက်ထားကြကုန်၏။ သူရင်းငှားလည်း တနေ့လုံးတောထဲ၌ အလုပ်လုပ်ပြီး ညနေစောင်းမှ အိမ်ပြန်လာသည်။ ထမင်းခူးခတ်ပေးသည့်အခါ "ငါ သိပ် ထမင်းဆာလာတယ်" ဆိုပြီး မြန်မြန်ဆန်ဆန် မစားသောက်သေးဘဲ ခါတိုင်း နေ့များဆိုရင် ထမင်းပေးပါ ဟင်းပေးပါနဲ့ တအိမ်လုံး ဆူညံနေတယ်။ ဒီနေ့တော့

ဘာသံမှ မကြား အားလုံးအသံတိတ်နေသည်။ ထမင်းကလဲ ငါ တယောက်သာ ခူးခတ်ပေးသည်။ အကြောင်းထူးများ ရှိသလား ဟု ဆင်ခြင်ပြီး "ကျုန်တဲ့သူတွေ ဘယ်သွားကုန်သလဲ။ စားပြီးကြ ပြီလား၊ မပြီးကြသေးဘူးလား" ဟု သူရင်းငှားက မေးသည်။

"အမောင်၊ ဒီနေ့ဘယ်သူမှ မစားကြဘူး"

"ဘာပြုလို့ မစားကြသလဲ"

"ဒီအိမ်မှာ ဥပုသ်နေ့နှင့်ကြုံတိုင်း ဘယ်သူမှ ညစာမစားကြ ဘူး။ အားလုံးဥပုသ်သီလ စောင့်ထိန်းကြတယ်။ အယုတ်ဆုံး နို့ စို့ကလေးတောင်မှ ပါးစပ်ကိုဆေးပြီး စတုမဓုကိုသာ ခွန့်စေ တယ်။ နို့မတိုက်ကြတော့ဘူး။ သူဌေးကြီးဟာ လူအားလုံးကို ဥပုသ်စောင့်သုံးစေတယ်။ နံ့သာဆီမီးတွန်း၍ လူငယ်သူကြီး အသီးသီး အိပ်ရာထဲဝင်ပြီး ကမ္မဋ္ဌာန်းစီးဖြန်းနေကြတယ်။ တရား အားထုတ်နေကြတယ်။ သင့်ကိုသာ ဥပုသ်နေ့ဖြစ်တဲ့ အကြောင်း မပြောမိကြဘူး။ ဒါကြောင့် သင်တယောက်စာ ထမင်းချက်ထား တယ်။ အသင်တယောက်ထဲသာ စားပေတော့" ဟု ပြော၏။

သူရင်းငှားက– "ဒီအချိန်မှာ ဥပုသ်စောင့်လို့ရှိရင် မကျိုး မပျက် ရနိုင်သေးသလား.... ကျုန်တော်လဲ ဥပုသ်စောင့်ချင်ပါ တယ်" ဟု ပြော၏။

ထိုအကြောင်းကို သူဌေးကြီးအား ပြောကြားရာ သူဌေးကြီး က "အခုနေအခါ ညစာမစားမသောက်ဘဲ ပါးစပ်ကို ဆေး ကြောပြီး ဥပုသ်စောင့်သုံးမယ်ဆိုရင် ဥပုသ်တဝက် ရနိုင်သေး တယ်" ဟု ပြော၏။

သူရင်းငှားသည် သူဌေးကြီးစကားကိုကြား၍ ပြောဆိုသည့် အတိုင်း ပြုလုပ်လေ၏။ တနေ့လုံးအလုပ်ပင်ပန်း၍ ဆာလောင်

မွတ်သိပ်လာသော သူရင်းငှား၏ကိုယ်၌ လေအကြီးအကျယ် ထိုးလေသည်။ သူရင်းငှားသည် ဗိုက်ကိုကြိုးနှင့် တအားတုပ်ပြီး လိမ့်ပြန်နေသည်။ အနာထပိဏ်သူဌေးကြီးသည် ထိုအကြောင်း ကြားသိရ၍ မီးရှူးမီးတိုင်ထွန်းညှိစေ၍ စတုမဓုယူစေလျက် သူရင်းငှားထံသို့ လာရောက်၏။

"ချစ်သား၊ ဘယ်လိုနေသေးသလဲ"

"အရှင်သူဌေးမင်း၊ အကြီးအကျယ် လေထိုးနေပါတယ်"

"ဒီလိုဆိုရင် ချစ်သား၊ ဟောဒီ စတုမဓုဆေးလေးကို စားလိုက်။ လေရောဂါ သက်သာသွားပါလိမ့်မယ်"

"အရှင်သူဌေးမင်း၊ အရှင်တို့ကော စားသောက် ကြပါသလား"

"ငါတို့မှာ ဘာရောဂါမှမရှိဘူး။ အသင်သာ စားသောက်လော့"

"အရှင်သူဌေးမင်း၊ ကျွန်တော်သည် ဥပုသ်စောင့်သုံးရသော်လဲ သူတပါးတွေလို အပြည့်အဝ စောင့်သုံးနိုင်သူ မဟုတ်ပါ။ ဥပုသ်တဝက်ကိုသာ စောင့်သုံးရပါသည်။ သည့်အတွက် ဘာမျှ ချို့ယွင်းအားနည်းချက် မရှိပါစေနှင့်။ ဘာမျှမစားလိုပါ"

"ချစ်သား၊ သည်လိုမလုပ်နှင့်"

သူဌေးကြီးသည် အထပ်ထပ်အခါခါပြောသော်လဲ အလိုမရှိပေ။ အရုဏ်တက်ချိန်တွင် ပန်းကလေးမျိုးလို ညှိုးနွမ်းပြီး ကွယ်လွန်သွားလေ၏။

## ဘုရားဆိုသည့်အသံ ကြားဘို့မလွယ်

ညောင်စောင့်နတ်မင်းသည် အကြောင်းစုံကိုပြောပြပြီးသော အခါ–

"အနာထပိဏ် သူဌေးကြီးသည် ဘုရားကို ရက်ရက်ရောရော ကြည်ညိုသည်။ တရားကို ရက်ရက်ရောရော ကြည်ညိုသည်။ သံဃာကို ရက်ရက်ရောရော ကြည်ညိုသည်။ ထိုအနာထပိဏ် သူဌေးကို အမှီပြု၍ ဥပုသ်နေ့ဝက်စောင့်သုံးရသည့် အကျိုးကြောင့် ယခုလို စည်းစိမ်ချမ်းသာမျိုးကို ရရှိပါသည်"ဟု ပြော၏။

ဘုရားဆိုသည့်အသံ ကြားရသည်နှင့် ရသေ့ငါးရာတို့သည် နေရာမှချက်ခြင်းထပြီး၊ နတ်မင်းအား လက်အုပ်ချီ၍ နေကြလေ၏။

"အသင်နတ်မင်း၊ ဘုရားဟု ဆိုပါသလား"

"ဘုရားဟုဆိုတာ မှန်သည်"ဟု ပြော၏။

ရသေ့တို့သည် သုံးကြိမ်တိုင်တိုင် နတ်မင်းအား လက်အုပ်ချီလေ၏။

## ရသေ့ငါးရာ မြတ်စွာဘုရားထံ သွားခြင်း

ရသေ့တို့သည် "ဘုရား....ဘုရား....ဘုရား...."ဟု သုံးကြိမ် ဥဒါန်းကျူးရင့်ပြီးလျှင်–

"အရှင်နတ်မင်း၊ ကမ္ဘာတသိန်းအတွင်းမှ တခါမှ မကြားဘူးတဲ့အသံကို အသင်နတ်မင်းထံမှ (ဘုရား)ဟု ငါတို့ ကြားနာရပေသည်"ဟု ချီးမွမ်းပြောဆိုကြလေကုန်၏။ ထို့နောက် တပည့်ရသေ့တို့က ဆရာရသေ့ကို–

"ဆရာ၊ မြတ်စွာဘုရားထံ သွားကြပါကုန်စို့"

"အမောင်တို့၊ သူဌေးကြီးသုံးဦးဟာ ငါတို့အပေါ် အလွန်ကျေးဇူးများကြတယ်။ နက်ဖြန် အဲဒီသူဌေးကြီးတွေ ဆွမ်းစားချိန် အကြောင်းကြားပြီးမှ သွားကြကုန်အံ့။ အမောင်တို့ သည်းခံကြအုံးပေါ့"ဟူ တပည့်များကို နှစ်သိမ့်လေ၏။

နောက်တနေ့ မိုးသောက် ရောက်သောအခါ သူဌေးကြီးတို့သည် ယာဂုထမင်းအပြည့်အစုံနှင့် နေရာခင်းကျင်း၍ စောင့်နေကြသည်။ ဒီနေ့တော့ ငါတို့အရှင်တွေ ကြွလာမည့်နေ့ဘဲဟု သိ၍ ခရီးဦးကြိုပြုနေကြသည်။ ရဟန်းတို့ကို အိမ်ပင့်သွားပြီး ဆွမ်းလှူဒါန်းကြသည်။ ရဟန်းတို့ ဆွမ်းစားပြီးသည့်အခါ–

"သူဌေးကြီးတို့၊ ငါတို့ သွားတော့မယ်"

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် တပည့်တော်တို့ဆီမှာ မိုးလေးလ နေမယ်လို့ ပဋိညာဉ်ပေးထားတယ် မဟုတ်လား၊ အခု ဘယ်အချပ်ကို ကြွတော်မူကြမလို့ပါလဲ ဘုရား"

"သူဌေးကြီးတို့၊ လောကကြီးမှာ ဘုရားပွင့်တော်မူပြီ။ ဘုရားသံသာလဲ ဖြစ်ထွန်းလာပြီ၊ ထို့ကြောင့် မြတ်စွာဘုရားထံ သွားကြကုန်အံ့"

"အရှင်မြတ်တို့၊ ဘယ်လိုများပါလဲ ဘုရား၊ မြတ်စွာဘုရားထံ အရှင်မြတ်တို့သာ သွားကောင်းပါသလား၊ တပည့်တော်တို့ကော မသွားကောင်းဘူးလား"

"ဒါယကာတို့၊ ဘယ်သူ့ကိုမှ အပိတ်အပင် မရှိဘူး။ ဘယ်သူမဆို သွားနိုင်တယ်"

"အရှင်မြတ်တို့၊ ခဏ ဆိုင်းငံ့တော်မူကြပါဘုရား။ တပည့်တော်တို့လဲ လိုက်ပါမည်ဘုရား"

## ရသေ့ငါးရာ ရဟန္တာ ဖြစ်ခြင်း

"ဒါယကာတို့၊ သင်တို့မှာ လုပ်စရာတွေကများတယ်။သင်တို့ကို စောင့်နေရင် ငါတို့ကြာနေလိမ့်မယ်။ ငါတို့ အရင်သွားနှင့်ကြမယ်။ သင်တို့ နောက်မှ လိုက်ခဲ့ကြ"ဟု ပြောဆို မှာထား၍ ရသေ့တွေ အရင်သွားကြလေ၏။

ရသေ့မြတ်တို့ မြတ်စွာဘုရားကို ဖူးမျှော်ရသောအခါ များစွာသော သဒ္ဓါတက်လာသည်။ ချီးမွမ်းထောမနာပြီး ရိုသေစွာ ရှိခိုး၍ သင့်တော်ရာ၌ ထိုင်နေကြသည်။ မြတ်စွာဘုရားသည် ရောက်လာသော ရသေ့တို့အား တရားဟောတော်မူ၏။ တရားအဆုံးတွင် အားလုံး အရဟတ္တဖိုလ်သို့ ရောက်ကြသည်။ ရဟန်းအဖြစ် တောင်းပန်လျှင် ဧဟိဘိက္ခု ခေါ်တော်မူ၍ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာများ ဖြစ်ကြလေကုန်၏။

သူဌေးကြီး သုံးယောက်တို့သည် လှည်းငါးရာစီ စားနပ်ရိက္ခာနှင့် လှူဘွယ်ဝတ္ထုတို့ကိုတင်၍ သာဝတ္ထိပြည်သို့ ရောက်လာကြ၏။ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးသော် တရားနာကြ၍ တရားအဆုံးတွင် သောတာပန်တည်ကြလေ၏။ လဝက် ၁၅-ရက်လုံး မြတ်စွာဘုရား ထံတော်တွင်သာ မှီဝဲ ဆည်းကပ်နေကြ၍ ကောသမ္ဗီပြည်သို့ ကြွရောက်သီတင်းသုံးတော်မူပါရန် တောင်းပန်လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားက ပဋိညာဉ် ပေးတော်မူသည်။

"ဒါယကာ သူဌေးကြီးတို့၊ မြတ်စွာဘုရားတို့မည်သည် ဆိတ်ငြိမ်ရာ၌သာ မွေ့လျော်တော်မူသည်"ဟု မိန့်တော်မူ၏။

"တပည့်တော်တို့ သိပါသည် ဘုရား၊ တပည့်တော်တို့ စေလွှတ်ပြီး အပင့်ခိုင်းမှသာ ကြွတော်မူပါဘုရား" ဟု လျှောက်ထား၏။ ထို့နောက် ကောသမ္ဗီပြည်သို့ ပြန်ကြလေကုန်၏။

ဃောသက သူဌေးက ဃောသိတာရုံကျောင်း၊ ကုက္ကုဋ္ဌ သူဌေးက ကုက္ကုဋ္ဌာရုံကျောင်း၊ ပါဝါရိက သူဌေးက ပါဝါရိကာရုံကျောင်း အားဖြင့် ကျောင်းတိုက်ကြီး သုံးတိုက် ဆောက်လုပ်ပြီးစီးသောအခါ မြတ်စွာဘုရားကြွလာတော်မူပါရန်သတင်းစကား စေလွှတ်ကြကုန်၏။

## ကောသမ္ဗီသို့ ကြွချီတော်မူခြင်း

သူဌေးကြီး သုံးဦးတို့၏ ပင့်လျှောက်ချက်အရ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သို့ ကြွတော်မူသည်။ သူဌေးကြီး တို့သည် ခရီးဦး ကြိုဆို၍ မြတ်စွာဘုရားကို ကျောင်းသို့ ပင့်ပြီးလျှင် အလှည့်ကျနှင့် ကျွေးမွေးလှူဒါန်းကြသည်။ မြတ်စွာဘုရားသည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူသောအခါ ဃောသက သူဌေးအိမ်သို့ ဆွမ်းခံကြွတော်မူ၏။ ကုက္ကုဋ္ဌာရုံ ကျောင်း၌ သီတင်းသုံးတော်မူသောအခါ ကုက္ကုဋ္ဌ သူဌေးအိမ်သို့ရင်း၊ ပါဝါရိက ကျောင်း၌သီတင်းသုံးတော်မူသောအခါ ပါဝါရိက သူဌေးအိမ်သို့ရင်း အလှည့်ကျနှင့်ကြွ၍ ဆွမ်းခံတော်မူသည်။ ထိုအချိန်တွင် သူဌေးကြီး သုံးဦး၏ အလုပ်အကျွေးသုမနဆိုသည့်ပန်းသည် တယောက် ရှိသည်။ သုမန ပန်းသည်က-

"အရှင် သူဌေးကြီးတို့၊ ကျွန်တော်သည် နေ့ရက်များစွာ သူဌေးကြီးတို့အပေါ် ကျေးဇူးများသူ ဖြစ်ပါသည်။ ကျွန်တော်လဲ

မြတ်စွာဘုရားကို တနေ့လောက် ဆွမ်းလုပ်ကျွေးလိုပါသည်။ ကျွန်တော်တို့အားလဲ တနေ့လောက် ဆွမ်းကျွေးခွင့်ပေးကြပါ”ဟု ခွင့်တောင်း၏။

သူဌေးကြီးတို့က- “ကောင်းပြီ၊ မနက်ဖြန်ခါ ကျွေးမွေးလှူဒါန်းပေတော့”ဟု ခွင့်ပေးလိုက်၏။

သုမနလည်း “သူဌေးမင်းတို့၊ အလှူကောင်းလှုပါပြီ ခင်ဗျား”ဟု ဝမ်းမြောက်ဝမ်းသာဖြစ်၍သွားလေ၏။ သုမနပန်းသည်သည် မြတ်စွာဘုရားကို ပင့်ဖိတ်၍ လှူဘွယ်ဝတ္ထုတို့ကို ပြုပြင်စီမံလေ၏။

## ခုဇ္ဇုတ္တရာ သောတာပန် တည်ခြင်း

ဥတေနမင်းကြီးသည် သာမာဝတီ မိဖုရားအား နေ့တိုင်း ပန်းဖိုး အသပြာ ရှစ်ကျပ်ပေး၍ သာမာဝတီ မိဖုရား၏ ခုဇ္ဇုတ္တရာ အမည်ရှိ ကျွန်မအား သုမန ပန်းသည်ထံက နေ့တိုင်း ပန်းဝယ်၍ ဆက်ရသည်။ သုမန ပန်းသည်သည် ဆွမ်းကျွေးသော နေ့၌ ခုဇ္ဇုတ္တရာကို သုမန ပန်းသည်က-

“ငါဒီနေ့ မြတ်စွာဘုရားကို အကောင်းဆုံး ပန်းတွေနဲ့ ပူဇော်လှူဒါန်းမယ်။ သင်ခဏလောက် စောင့်ပါအုံး။ ဆွမ်းကျွေးရာ၌ ကူညီလုပ်ကိုင်၍ တရားနာပါအုံး။ ပြီးမှ ကျန်တဲ့ပန်းတွေ ခူးပေးပါမယ်။ အဲဒီတော့မှ ပြန်တာပေါ့”ဟု ပြောသည်။

ခုဇ္ဇုတ္တရာလည်း- “ကောင်းပါတယ်”ဟု ပြောဆို၏။

သုမနပန်းသည်သည် ဆွမ်းကျွေးပြီးသောအခါ တရားဟောရန် သပိတ်ကိုယူ၏။ မြတ်စွာဘုရားက တရားဟောတော်မူလေ၏။

ခုဇ္ဇုတ္တရာလည်း မြတ်စွာဘုရား၏ တရားကို ကြားနာရသော အခါ သောတာပန် တည်သွားလေ၏။ ခုဇ္ဇုတ္တရာ ကျွန်မသည် နေ့တိုင်းနေ့တိုင်း လေးကျပ်ယူ၍ လေးကျပ်ဖိုးသာ ပန်းဝယ်၍ ဆက်၏။ ယနေ့မူ တရားနာ၍ သောတာပန် တည်လာသည့် အတွက် ရှစ်ကျပ်ဖိုးလုံး ပန်းဝယ်၍ ဆက်သလေ၏။

ထိုအခါ သာမာဝတီ မိဖုရားက ခုဇ္ဇုတ္တရာအား– "မိခင်၊ ဒီနေ့ ဘယ်လိုဖြစ်တာလဲ၊ အရှင်မင်းကြီးက ပန်းဖိုးနှစ်ဆ ပေးသနားတော် မူသလား"

"အရှင်မ၊ မင်းကြီး မပေးပါ"

"မိခင်၊ မင်းကြီးက မပေးဘဲနှင့် ဘာဖြစ်လို့ ဒီနေ့ ပန်းတွေ အများကြီး ရသလဲ"

"အရှင်မ၊ နေ့တိုင်း နေ့တိုင်း ကျွန်တော်မသည် လေးကျပ်ဖိုးသာ ပန်းဝယ်၍ ဆက်သပါသည်။ ကျန်တဲ့လေးကျပ်ကို ကျွန်တော်မ ယူထားပါသည်"

"မိခင်၊ ဒီနေ့တော့ ဘာဖြစ်လို့ မယူသလဲ"

"ဒီနေ့တော့ မြတ်စွာဘုရား တရားကို နာကြားရ၍ တရားထူးရသောကြောင့် မယူတော့ပါ"

ထိုအခါ ခုဇ္ဇုတ္တရာကို "ဟဲ့-ကျွန်ယုတ်မ၊ ဒီလောက်တောင် အသပြာတွေ ခိုးထားရသလား၊ အခုချက်ခြင်း ပြန်ပေး"ဟု ကြိမ်းမောင်းခြိမ်းချောက်၍ မဆိုဘဲ–

"မိခင်၊ အသင် သောက်မျိုခဲ့ရသော တရားထူးကို ကျွန်တော်မတို့အား တိုက်ကျွေးပါ"ဟု တောင်းပန်ပြောဆို၏။

"ကောင်းပြီ၊ ဒီလိုဆိုရင် ငါ့ကို ရေမိုးချိုးပေးကြ။ နံ့သာရေ ၁၆ အိုးနှင့် ကောင်းကောင်းမွန်မွန် ရေချိုးပေးကြ"ဟု ဆို၏။

သာမာဝတီလည်း ကောင်းမွန်စွာ ရေမိုးချိုးစေပြီး ပုဆိုး ချောနှစ်ထည်ကို ပေးစေ၏။ ခုဇ္ဇုတ္တရာသည် တထည်ကိုဝတ်၍ တထည်ကို ခြုံပြီးလျှင် နေရာအခင်းခိုင်း၍ ယပ်တောင်တချောင်း ကို ယူပြီး ခင်းထားသော နေရာ၌ ထိုင်လေ၏။ ဆန်းကြယ်သော ယပ်ကိုကိုင်ပြီး နန်းတွင်းသူ မောင်းမမိဿံ ငါးရာတို့ကို ခေါ်စေ၍ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း တရားတော်ကို ဟောကြားလေ၏။

## သာမာဝတီနှင့် နန်းတွင်းသူများ သောတာပန်တည်ခြင်း

ခုဇ္ဇုတ္တရာ၏ တရားကို ကြားနာရ၍ နန်းတွင်းသူ ငါးရာတို့ သောတာပန်တည်ကြကုန်၏။ နန်းတွင်းသူအားလုံး ခုဇ္ဇုတ္တရာကို ရှိသေစွာ ရှိခိုး၍—

"မိခင်၊ ဒီနေ့မှစ၍ ဘာအလုပ်မှ မလုပ်ပါနှင့်၊ ငါတို့၏ မိခင် အရာ၊ ဆရာသမားအရာ၌သာ နေပါ။ မြတ်စွာဘုရားထံ သွား၍ တရားနာပြီး ဟောတိုင်း ဟောတိုင်းသော တရားတွေကိုသာ ပြန် ကြားဟောပြောပါ"ဟု ပြောဆိုကြကုန်၏။ ခုဇ္ဇုတ္တရာလည်း ပြောသည့်အတိုင်း ပြုလျက် နောက်ပိုင်းတွင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နေလေ၏။ မြတ်စွာဘုရားက ခုဇ္ဇုတ္တရာကို အကြား အမြင်များသော ဗဟုဿုတ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးမြှောက် စားတော်မူ၏။

## မယ်တော်အရာ ထားခြင်း

သာမာဝတီ အမှူးရှိသော နန်းတွင်းသူ ငါးရာတို့သည် "မိခင်၊ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုပါသည်။ ငါတို့အား မြတ်စွာဘုရားကို ပြတော်မူပါ။ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြပါမည်" ဟု တောင်းပန်ကြကုန်၏။

"အရှင်မတို့၊ မင်းမျိုး ဆိုတာ ဝန်လေးလှပါတယ်။ အရှင်တို့ကို ခေါ်ပြီး အပြင်သွားတရားနာဘို့ဆိုတာလဲ မဖြစ်နိုင်ပါ"

"မိခင်၊ ငါတို့အား မဖျက်ဆီးပါနှင့်၊ မြတ်စွာဘုရားကို ပြပေးပါ" ဟု ထပ်တလဲလဲတောင်းပန်ကြကုန်၏။

"အရှင်မတို့နေရာ တိုက်ခန်းမှာ ပြတင်းပေါက်ဖောက်ထားလျှင် ကြည့်ရှုဘို့ ဖြစ်နိုင်ပါလိမ့်မယ်။ သူဌေးသုံးဦးတို့အိမ်သို့ ကြွသွားပြီးပြန်လာတော်မူသောမြတ်စွာဘုရားကို အရှင်မတို့ ပြတင်းပေါက်မှ ဖူးမျှော်ကြပါကုန်လော့၊ ရှိခိုးပူဇော်ကြပါကုန်လော့" ဟု ပြော၏။

သာမာဝတီ အမှူးရှိသော နန်းတွင်းသူငါးရာတို့သည် အသွားအပြန် မြတ်စွာဘုရားကို ပြတင်းပေါက်က ကြည့်ရှုဖူးမျှော် ရှိခိုးပူဇော်ကြကုန်၏။

## မာဂဏ္ဍီ ဂုဏ်းချောပြီ

တနေ့သ၌ မာဂဏ္ဍီမိဖုရားသည် မိမိအဆောင်မှပြင်ထွက်၍ လမ်းလျှောက်ရင်း သာမာဝတီ အမှူးရှိသော နန်းတွင်းသူ ငါးရာတို့ နေရာသို့ သွားလေ၏။ အခန်းနံရံ၌ အပေါက်တွေကို မြင်လျှင်

“ဒီအပေါက်တွေက ဘာလုပ်တာလဲ”ဟု မေး၏။ သာမာဝတီ အမှူးရှိသော နန်းတွင်းသူတို့က မာဂဏ္ဍီ မြတ်စွာဘုရားအပေါ် ရန်ငြိုးထားသည်ကို မသိသောကြောင့် “ဒီအပေါက်က နေပြီး ငါတို့ မြတ်စွာဘုရားကို ဖူးမျှော်ရှိခိုးကြတယ်”ဟု ပြော၏။

‘ရဟန်းဂေါတမတော့ ဒီမြို့ကိုရောက်လာပြီ။ယခုအခါ ရဟန်း ဂေါတမအား ဒုက္ခပေးတော့အံ့၊ သာမာဝတီတို့ တတွေဟာလဲ ရဟန်းဂေါတမရဲ့ အလုပ်အကျွေးတွေဖြစ်တယ်။ ဒီမိန်းမတွေလဲ ငါ့အကြောင်း သိစေရမယ်’ဟု ကြံပြီး မင်းကြီးထံ သွားလေ၏။

“အရှင်မင်းမြတ်၊ သာမာဝတီတို့ တတွေဟာ အပြင်ဘက်ကို မျှော်ကိုးနေကြတယ်။ နှစ်ရက် သုံးရက်အတွင်း အရှင်မင်းကြီးကို သတ်လိမ့်မယ်”ဟု လျှောက်တင်လေ၏။ ဥတေနမင်းကြီးက—

“သာမာဝတီတို့တတွေ ဒီလို ပြုလုပ်မှာ မဟုတ်ပါဘူး”ဟု မယုံကြည်သောကြောင့် ပြန်လည်ပြောဆို၏။ မာဂဏ္ဍီက အဖန်ဖန် အထပ်ထပ် ပြောသော်လည်း မယုံကြည်ဘဲ နေသည်သာ တည်း။

သုံးကြိမ်တိုင်အောင် ပြော၍ မယုံကြည်သောအခါ- “အရှင် မင်းကြီး၊ ကျွန်တော်မစကားကို မယုံကြည်လျှင် သာမာဝတီ အဆောင်တော်သို့ ကြွ၍ ကြည့်ရှုဆင်ခြင်တော်မူပါ”ဟု လျှောက် ထား၏။

ဥတေနမင်းကြီးလည်း ကြွရောက် ကြည့်ရှုတော်မူသောအခါ အပေါက်တွေမြင်၍- “ဒီအပေါက်တွေက ဘာလုပ်တာလဲ”ဟု မေး၏။ အကျိုးအကြောင်း ပြန်ပြောင်း လျှောက်ထားသော အခါ ဥတေနမင်းကြီးသည် စိတ်မဆိုး အမျက်မထွက်သည့်အပြင် အပေါက်တွေအားလုံး ပိတ်စေ၍ အမြင့်ကြီးက ပြတင်းပေါက်

တွေ့ကို ဖောက်စေ၏။ ထိုအချိန်မှစ၍ လေသာပြတင်း အမြင့်ကြီးတွေ စတင် ဒေါပေါက်လာလေသည်။

## ဘုရားကို ဆဲသူ

မဂဏ္ဍီသည် သာမာဝတီတို့တတွေအား ဘာမှ လုပ်မရသောကြောင့် 'ရဟန်းဂေါတမကိုသာ ပြုလုပ်တော့မည်'ဟု ဆုံးဖြတ်ပြီး မြို့သူမြို့သားတွေကို တံစိုးလက်ဆောင်ပေး၍ ရဟန်းဂေါတမ ဆွမ်းခံကြွလာသည့်အခါ နောက်မှလိုက်၍ မောင်းထုတ်ကြရန် စေခိုင်း၏။ ရတနာသုံးပါးကို မကြည်ညိုသော မိစ္ဆာဒိဋ္ဌိများက မြတ်စွာဘုရား မြို့တွင်းသို့ ဆွမ်းခံ ကြွလာတော်မူသော အခါ နောက်ကလိုက်ပြီး "ဟဲ့ သူခိုးတွေ၊ ဟဲ့ လူမိုက်တွေ၊ ဟဲ့ ခွေးတွေ၊ ဝက်တွေ အပါယ်သွားမယ့်လူတွေ" စသည်ဖြင့် အမျိုးမျိုး ဆဲဆိုကြကုန်၏။

ထိုသို့ ဆဲဆိုသံကို ကြားရသောအခါ အရှင် အာနန္ဒာသည် မြတ်စွာဘုရားကို လျှောက်ထားသည်။

"အရှင်ဘုရား၊ ကောသမ္ဗီပြည်သူပြည်သားတွေဟာ တပည့်တော်တို့ကို သိပ်ဆဲနေကြပါတယ်ဘုရား၊ တပည့်တော်တို့ဒီမြို့က နေပြီး တခြားမြို့ကို ပြောင်းရွှေ့ကြပါစို့ ဘုရား"

"ချစ်သား၊ ဘယ်မြို့ကို သွားမလဲ"

"အရှင်ဘုရား၊ တခြားမြို့ကို သွားကြပါမည်ဘုရား"

## ဘယ်သူတွေ ဆဲသလဲ

"ချစ်သားအာနန္ဒာ၊ ပြောင်းရွှေ့သွားသော မြို့တိုင်းက လူတွေ ဆဲရေးကြမယ်ဆိုရင် ဘယ်မြို့ဘယ်အရပ် ပြောင်းရွှေ့အုံးမလဲ"

"တခြားမြို့တွေကို သွားကြတာပေါ့ဘုရား"

"အဲဒီလူတွေဆဲရင်ကော ဘယ်ပြောင်းအုံးမလဲ"

"တခြားမြို့ကို ပြောင်းကြပါမည် ဘုရား"

"အာနန္ဒာ၊ ဆဲတိုင်းသာပြောင်းရမယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဒီနေရာမှာဖြစ်တဲ့ ပြဿနာကို ဒီနေရာမှာဘဲ ငြိမ်းအေးအောင် လုပ်ရမယ်။ ဒီလိုလုပ်ပြီးမှသာ တခြားအရပ်ကို ပြောင်းရွှေ့သင့်တယ်။ ချစ်သားအာနန္ဒာ၊ သင်တို့ကို ဘယ်သူတွေ ဆဲသလဲ"

"အရှင်ဘုရား၊ ကျေးကျွန်တွေကစပြီး လူတွေအများကြီး ဆဲဆိုကြပါတယ် ဘုရား"

"ချစ်သား အာနန္ဒာ၊ ငါဘုရားဟာ စစ်မြေပြင်ကို စစ်တိုက်ထွက်တဲ့ဆင်ပြောင်ကြီးနဲ့ တူတယ်။ မှန်တယ်အာနန္ဒာ၊ စစ်မြေပြင်ကို စစ်တိုက်ထွက်လာတဲ့ ဆင်ပြောင်ကြီးဟာ အရပ်လေးမျက်နှာကလာတဲ့ မြှားတွေကို သည်းခံဘို့ တာဝန်ရှိတယ်။ အေး....ထို့အတူဘဲ အလဇ္ဇီ ဒုဿီလတွေက ပြောကြ ဆိုကြဆဲရေးကြသောစကားကို သည်းခံရမယ်ဆိုတာ ငါဘုရား၏ တာဝန်သာဖြစ်တယ်"ဟု မိန့်တော်မူ၏။

ကိုယ်တော်မြတ်ကို အကြောင်းပြု၍ ဆုံးမလိုသောကြောင့် တရားဟောရာတွင် တရားအဆုံး၌ ရောက်ရှိလာသူ အားလုံး အကျိုးရှိပေသည်။

## ချီးမွမ်း ၇ ရက် ကဲ့ရဲ ၇ ရက်

တရားဒေသနာကို ဟောကြားပြီးသောအခါ–

"ချစ်သား အာနန္ဒာ၊ သင် ဘာတွေမှ ကြံစည် အောက်မေ့မနေနှင့်။ ဒီလူတွေဟာ ခုနစ်ရက်လောက်ဘဲ ဆဲရေးနိုင်ကြလိမ့်မယ်။ ရှစ်ရက်မြောက်ရင် တိတ်သွားလိမ့်မယ်" ဟု မိန့်တော်မူ၏။ ထိုစကား မှန်သည်။ မြတ်စွာဘုရားတို့အား ဖြစ်ပေါ်လာသော ပြဿနာသည် ဘယ်အခါမှ ခုနစ်ရက်ထက် မလွန်ပေ။

## သာမာဝတီတို့အား ဖျက်ဆီးရန် ကြံခြင်း

မာဂဏ္ဍီသည် မြတ်စွာဘုရားကို ဆဲရေးသဖြင့် ထွက်ပြေးအောင် မလုပ်နိုင်။ ဘယ်လို လုပ်ရပါမလဲဟု စဉ်းစားသောအခါ 'သာမာဝတီအမှူးရှိသော မောင်းမတွေ ဂေါတမကို ထောက်ပံ့နေကြသည်။ ၎င်းတို့တတွေကို အရင်ပျက်စီးအောင် လုပ်မယ်' ဟု ကြံပြီး တနေ့သ၌ မင်းကြီးသေသောက်သည့် နေရာသို့ သွားပြီး ခစားသည်။ ဘထွေးကို တမန်စေလွှတ်လေဟန်ဆောင်၍ သတင်းစကားကို မှာကြား စေလွှတ်လိုက်သည်။

"ငါ့အတွက် ကြက်အရှင် ရှစ်ကောင်၊ အသေရှစ်ကောင် ယူလာခဲ့ပါ။ လာတဲ့အခါ လှေကားထိပ်က ရပ်ပြီး အကြောင်းကြားပါ။ ဝင်လာပါ ဆိုပေမယ့် မဝင်ခဲ့နဲ့၊ ရှေးဦးစွာ ကြက်အရှင်ရှစ်ကောင်ကို အပို့ခိုင်းလိုက်ပါ။ နောက်မှ ကြက်အသေ ရှစ်

ကောင် ပို့လိုက်ပါ”ဟု အလုပ်အကျွေးငယ်အား အသေအချာ စီစဉ်၍ လက်ဆောင်ထိုးထားလေ၏။

မာဂဏ္ဍီသည် မင်းကြီး အခန်းတံခါးပေါက်နားတွင် ရစ်သီရစ်သီလုပ်နေသည်။ “အထဲဝင်ခဲ့”ဟု ဆိုသော် “မင်းကြီး သေသောက်သည့် နေရာကို မလာချင်ပါဘူး”ဟု ပြော၏။မာဂဏ္ဍီက အလုပ်အကျွေးငယ်ကို-

“အမောင်၊ ငါ့ဘထွေးဆီသွားချေ” ဟု စေခိုင်းလိုက်၏။

အလုပ်အကျွေးငယ်သည် ဘထွေးထံ သွားပြီး ကြက်အရှင်ရှစ်ကောင် ယူလာခဲ့၍- “အရှင်မင်းကြီး၊ ပုရောဟိတ်ပုဏ္ဏားက လက်ဆောင် ပို့ဆက်ပါသည်”ဟု လျှောက်၏။

မင်းကြီးက- “ငါတို့အရက်နှင့်မြည်းဘို့ စားကောင်းသောက်ရာ ဟင်းလျာ လက်သုတ်ဆိုရင် သိပ်ကောင်းမှာဘဲ၊ ဘယ်သူများ အချက်ခိုင်းရပါ့မလဲ”ဟု မိန့်တော်မူသော် မာဂဏ္ဍီက-

“အရှင်မင်းမြတ်၊ သာမာဝတီတို့ တတွေဟာ အလကား အားနေပါတယ်။ သူတို့ကိုချက်ပြီးယူခဲ့လို့ မိန့်တော်မူပါဘုရား” ဟု တင်လျှောက်၏။

မင်းကြီးလည်း “သွားချေ၊ သာမာဝတီတို့တတွေကို ပေးချေ။ သူတပါး လက်ထဲ မထည့်နဲ့၊ သာမာဝတီကိုယ်တိုင် သတ်ပြီး ချက်ခဲ့” ဟု စေလိုက်၏။

အလုပ်အကျွေးငယ်သည် မင်းကြီး အမိန့်အတိုင်း ပြုလုပ်လေ၏။ သာမာဝတီတို့တတွေက “ငါတို့ သူတပါးအသက်ကိုမသတ်ဘူး”ဟု ဆိုကာ ပြန်ပေးလိုက်၏။ အလုပ်အကျွေးငယ်လည်း ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားလေ၏။

## မာဂဏ္ဍီ အကွက်ဝင်ခြင်း

ထိုအခါ မာဂဏ္ဍီက "မင်းမြတ်၊ အရှင်မင်းမြတ် တွေ့ပြီ မဟုတ်လား၊ ဒီမိန်းမတွေဟာ သူတပါး အသက် သတ်တာ မသတ်တာ အခု လက်တွေ့ စမ်းပြမယ်၊ အရှင်မင်းမြတ် အဲဒီ ကြက်တွေ ချက်၍ အရှင်ဂေါတမအား ပို့စေဟု မိန့်တော်မူပါ ဘုရား"

မင်းကြီးလည်း မာဂဏ္ဍီသင်ပေးသည့်အတိုင်း ပြောဆို၍ ပို့စေ၏။ အလုပ်အကျွေးငယ်သည် ကြက်အရှင်များကို ယူသွားဟန်ဆောင်ပြီး ကြက်အရှင်များကို ပုရောဟိတ်ပုဏ္ဏားအားပေးလိုက်၍ ကြက်အသေများကိုသာ သာမာဝတီတို့ထံ ပို့ပြီး-

"အဲဒီကြက်တွေချက်ပြီး မြတ်စွာဘုရားထံ ပို့လျှုကြလော့" ဟု ပြောကြားလေသည်။

သာမာဝတီတို့က- "အေး၊ ယူလာခဲ့၊ ဒါဟာငါတို့အလုပ်ဘဲ" ဆိုကာ ထပြီး ယူကြကုန်၏။ အလုပ်အကျွေးငယ်သည် မင်းကြီးထံ ပြန်ရောက်လာသောအခါ မင်းကြီးက "ဘယ်လိုလဲ" ဟု မေးသော်- "ဂေါတမ ဆိုတဲ့ အသံ ကြားရုံနဲ့ ထယူကြပါဘယ်ဘုရား" ဟု လျှောက်ထား၏။

မာဂဏ္ဍီက "အရှင်မင်းမြတ်၊ အခုတွေ့ပြီ မဟုတ်လား။အရှင်ကဲ့သို့ သဘောရှိသော ကျေးဇူးရှင်ဘုရင်မင်းမြတ်အတွက်တောင် မလုပ်ဘဲနှင့် ဒီမိန်းမတွေ အပြင်ဘက် တောင့်ဘဲနေပါသည်"ဟု လျှောက်ထားသော်လည်း မင်းကြီးက မယုံကြည်ပေ။

ဥတေနမင်းကြီးသည် ထိုစကားကို ကြားသော်လည်း ဘာမျှ မပြောဘဲ သည်းခံ၍တိတ်တိတ်နေတော်မူ၏။ မာဂဏ္ဍီသည် 'ဘယ် လို လုပ်ရပါမလဲ' ဟု ဆက်၍ အကြံထုတ်နေလေသည်။

## စောင်းထဲမှ မြွေ

ဥတေနမင်းကြီးသည် သာမာဝတီမိဖုရား၊ ဝါသုလဒတ္တာမိဖုရား၊ မာဂဏ္ဍီမိဖုရားတို့၏ အဆောင်တော်များ၌ ၇ ရက်စီ အလှည့်နှင့် စံစားတော်မူသည်။ မင်းကြီးသည် နက်ဖြန်သဘက် သာမာဝတီ ၏ အဆောင်တော်သို့ ကြွတော်မူလိမ့်မည်ကို သိ၍ မာဂဏ္ဍီသည် ဘထွေးပုဏ္ဏားအား အဆိပ်ထန်သော မြွေတကောင်ကို ဖမ်း၍ အစွယ်ချိုးပြီး သူ့ထံသို့ ပို့ရန် အကြောင်းကြားလိုက်သည်။ ဘထွေးပုဏ္ဏားလည်း မာဂဏ္ဍီမှာကြားသည့်အတိုင်း အပို့ ခိုင်းလိုက်၏။ ဥတေနမင်းကြီးသည် မိမိသွားသည့် နေရာတိုင်းကို ဟတ္ထိကန္တစောင်းတော်ကို ယူဆောင်သွားလေ့ ရှိ၏။ မင်းကြီး၏ စောင်းတွင် အပေါက်တပေါက် ရှိသည်။ မာဂဏ္ဍီသည် မြွေကို စောင်းထဲထည့်၍ ပန်းကုံးနှင့်ပိတ်ထားသည်။ မြွေသည် စောင်းထဲ တွင် နှစ်ရက် သုံးရက် နေရလေသည်။ မာဂဏ္ဍီသည် မင်းကြီး သွားမည့် နေ့၌-

"အရှင်မင်းမြတ်၊ ယနေ့ ဘယ်သူ့အဆောင်သို့ ရွှေစကြာ ဖြန့်ချီတော် မူပါမည်လဲ ဘုရား" ဟု မေးလျှောက်၏။

သာမာဝတီ၏ အဆောင်သို့ ကြွမည်ဆိုလျှင် "အရှင်မင်းမြတ်၊ ယနေ့ အိပ်မက် မကောင်းပါ၊ သာမာဝတီ၏ အဆောင်သို့ ကြွ လို့ မတော်ဘူး ထင်ပါတယ် ဘုရား" ဟု လျှောက်ထား၏။

မင်းကြီးက ကြွတော်မူမည်သာ ဖြစ်ကြောင်း မိန့်တော်မူ၏။ မာဂဏ္ဍီသည်သုံးကြိမ်တိုင်တိုင်တားသော်လည်းမရသောကြောင့် "တောင်းပန်လို့ မရရင်ကျွန်တော်မလဲ မင်းကြီးနှင့် အတူလိုက်မည်" ဟုဆိုကာ အပြန်ခိုင်းသော်လည်းမပြန်ဘဲ "မင်းကြီး ဘယ်လို ဖြစ်မယ်ဆိုတာမသိနိုင်" ဟု အကြောင်းပြ၍ မင်းကြီးနှင့်အတူ လိုက်သွားလေ၏။

ဥတေနမင်းကြီးသည် သာမာဝတီအမှူးရှိသော မောင်းမတို့က ဆက်သသော အဝတ်တန်ဆာ ပန်းနံ့သာတို့ကို ဆင်မြန်းပြီးသော် ကောင်းမွန်စွာ ဘောဇဉ်တို့ကိုသုံးဆောင်တော်မူ၍ စောင်းတော်ကိုခေါင်းရင်း၌ထားပြီးအိပ်ရာ၌အိပ်လေ၏။အကြံသမား မာဂဏ္ဍီသည် ဟိုဟိုဒီဒီသွားဟန်ဆောင်ပြီးလျှင် စောင်းပေါက်မှပန်းကုံးကိုဆွဲထုတ်လိုက်လေ၏။ မြွေသည် နှစ်ရက်လုံးလုံးအစာငတ် ရေငတ် ခံနေရသဖြင့် စောင်းပေါက်က ထွက်လာသည်နှင့် တပြိုင်နက် ပါးပျဉ်းထောင်ပြီး တဖြီးဖြီးနှင့် အော်၍နေ၏။ မာဂဏ္ဍီသည် မြွေကိုမြင်၍–

"အရှင်မင်းကြီး၊ အလွန်တရာ ကြောက်စရာ ကောင်းတဲ့ မြွေကြီး - မြွေကြီး" ဟု အသံကုန် ဟစ်လေ၏။

ဘုရင်ရော မိဖုရား မောင်းမများကိုပါ ကော်၍တုတ်လေ၏။

"တော်တော် မိုက်တဲ့မင်း၊ ငါအတန်တန် တောင်းပန်ပေမယ့် ငါ့စကားကို နားမထောင်ဘူး။ ဟဲ့ ကြက်သရေယုတ်မတွေ၊ မင်းကြီးသေလို့ နင်တို့ ဘာကျေးဇူးရှိမှာလဲ" ဟုသည်ဖြင့် မိုးမွှန် အောင် ဆဲလေ၏။

## ဥတေန မင်းကြီးသည် သာမာဝတီကို တောင်းပန်ခြင်း

ဥတေနမင်းကြီးသည် မြွေကိုမြင်လျှင် သေရမည် ကြောက်လန့်၍- "ဒီမိန်းမယုတ်တွေ ဒီလိုလုပ်ရက်လေစွတကား။ ဒီမိန်းမတွေ ယုတ်မာတဲ့အကြောင်း မာဂဏ္ဍီ အမျိုးမျိုး ပြောသော်လည်း ငါ့အယုံအကြည် မရှိခဲ့ဘူး" စသည်ဖြင့် ဒေါသအမျက်ချောင်းချောင်းထွက်၍နေလေ၏။ သာမာဝတီ မိဖုရားသည်လည်း မောင်းမ ငါးရာတို့ကို-

"မိခင်တို့၊ ငါတို့မှာ ဘာမှ အားကိုးကွယ်အားထားစရာ မရှိဘူး။ ဘုရင်မင်းမြတ်အပေါ်မှာဘဲဖြစ်ဖြစ်၊ မာဂဏ္ဍီအပေါ်မှာဘဲဖြစ်ဖြစ် စိတ်မဆိုး အမျက်မထွက်ကြနှင့်။ မေတ္တာတရားကိုသာ ပွားများကြ။ ဘယ်သူ့အပေါ်မှ စိတ်မဆိုးကြနှင့်"ဟု ဩဝါဒပေးလေ၏။

ဥတေန မင်းကြီးသည် ဗိုလ်ခြေတထောင် တင်အပ်သော ဆိတ်ချိုလေးကိုယူ၍ သာမာဝတီကို ရှေ့ကထား၍ မောင်းမအားလုံးကို အဆိပ်လူးမြှားနှင့် ပစ်လေ၏။

ပစ်လိုက်သော မြှားသည် သာမာဝတီမိဖုရား၏ မေတ္တာတရားကြောင့် ရှေ့မတိုးဘဲ နောက်ပြန်ဆုတ်ပြီး မင်းကြီးအသဲထဲ စူးဝင်မလိုဖြစ်နေသည်။

မင်းကြီးက စဉ်းစားသည်မှာ 'ငါပစ်တဲ့မြှားဟာ လူသားကို မဆိုထားနဲ့ ကျောက်တိုင်ကြီးတောင် ဖောက်ထွင်းသွားနိုင်တယ်။ အခု ဒီမြှားဟာ ဘာမျှ အခုအခံ အတားအဆီး မရှိဘဲနဲ့ ငါ့ဆီ ပြန်လာပြီး ငါ့အသဲထဲ စူးဝင်မလို ဖြစ်လာတယ်'ဟု အကြီး

အကျယ် ထိတ်လန့် တုပ်လှုပ်သွားသည့်အတွက် 'အသက်မရှိတဲ့ မြွေကမှ သာမာဝတီရဲ့ဂုဏ်ကျေးဇူးကို သိတတ်သေးသည်၊ ငါ သည် လူစင်စစ်ဖြစ်ပါလျက် သာမာဝတီမိဖုရားရဲ့ ဂုဏ်ကျေးဇူး အထူးကို 'မသိတတ်လေ'ဟု တွေးပြီး လေးကို လွှင့်ပစ်လိုက် ပြီး လက်အုပ် ချီနေသော သာမာဝတီ မိဖုရား ခြေရင်းတွင် ဆောင့်ကြောင့်ထိုင်၍ တောင်းပန်လေ၏။

"ရှင်မိဖုရား၊ ငါသည် အသိဉာဏ်ကင်း၍ မိုက်ပျင်းလှပါသည်။ ငါသည်အရှေ့ အနောက် တောင် မြောက်စသည် မခွဲခြားနိုင် အောင် မိုက်မဲတွေဝေ၍ နေပါသည်။ ငါသည် သေဘေးကို စိုး ရိမ်၍ အမိုက်ကြီး မိုက်ခဲ့မိပါသည်။ အိုရှင်မိဖုရား၊ ရှေးက ပြုခဲ့ ဘူးသော ကျေးဇူးကို မြော်မြင်သောအားဖြင့် ငါ့ကို ကယ်ဘင် ပါ။ ရှင်မိဖုရားသာ ငါ၏ ကိုးကွယ်အားထားရာ ဖြစ်ပါလေ့" ဟု တောင်းပန်၏။

## ဘုရားကိုသာ ဆည်းကပ်ပါလော့

သာမာဝတီ မိဖုရားသည် မင်းကြီးတောင်းပန်သည့် စကားကို ကြား၍-

"အရှင်မင်းမြတ်၊ ကျွန်တော်မကိုမကိုးကွယ် မဆည်းကပ်ပါ နှင့်။ မြတ်သောမင်းကြီး၊ ကျွန်တော်မသည် မြတ်စွာဘုရားကို သာ ကိုးကွယ်ဆည်းကပ်ပါသည်။ ထိုမြတ်စွာဘုရားသခင် ကိုယ် တော်မြတ်ကိုသာ မောင်တော်ဘုရားလဲ ဆည်းကပ် ကိုးကွယ်ပါ။ အရှင်မင်းမြတ်သည်လည်း ကျွန်တော်မ၏ ကိုးကွယ်ရာ ဖြစ်တော် မူပါ"ဟု လျှောက်ထား၏။

ဥတေန မင်းကြီးသည်လည်း “ယခုအခါ ငါသည် အလွန်အကဲ ဆင်းရဲဒုက္ခ ရောက်မှာ စိုးကြောက်လှပါသည်”ဟု ဆိုကာ တောင်းပန်ပြန်၏။ သာမာဝတီ မိဖုရားလည်း ရှေးနည်းအတိုင်း ပယ်လိုက်ပြန်သည်။

“ဒီလိုဆိုရင် ချစ်နှမ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်စွာဘုရားကိုလဲ ကိုးကွယ်ဆည်းကပ်ပါမည်။ ချစ်နှမ အလိုရှိသော ဆုမြတ်ကိုလဲ ပေးပါ၏”ဟု မိန့်တော်မူသော်-

“အရှင်မင်းမြတ်ပေးသနားသောဆုကို ယူပါ၏”ဟု လျှောက်တင်သည်။

## သာမာဝတီအား ဆုပေးခြင်း

ဥတေန မင်းကြီးသည် သာမာဝတီ၏ တိုက်တွန်းချက်အရ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်လေ၏။ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို ပင့်၍ ခုနစ်ရက် လုံးလုံး အလှူကြီးပေးလှူ၏။ သာမာဝတီ မိဖုရားကို ခေါ်စေပြီးလျှင်-

“ချစ်နှမ သာမာဝတီ၊ ထလော့။ ငါပေးသနားသောဆုတို့ ယူလော့”

“အရှင်မင်းမြတ်၊ ကျွန်တော်မသည် ရွှေ ငွေ စသော အခြားဆုတွေကို အလိုမရှိပါ။ ဤဆုတဆုကိုသာ အလိုရှိပါသည်။ မြတ်စွာဘုရားနှင့်တကွ သံဃာတော် ငါးရာတို့အား အမြဲတမ်း နန်းတော်သို့ပင့်၍ တရားနာလိုပါသည်။ ဤဆု တဆုထဲကိုသာ ချီးမြှင့်တော်မူပါဘုရား”ဟု လျှောက်တင်၏။

ဥတေန မင်းကြီးသည် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍-

"ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ သံဃာတော် ငါးရာနှင့်တကွ နန်းတော်သို့ အမြဲ ကြွတော်မူပါဘုရား။ သာမာဝတီ အမှူးရှိသော နန်းတွင်းသူတို့က တရားနာလိုပါသည် ဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရားက– "ဒကာတော်မင်းမြတ်၊ မြတ်စွာဘုရားတို့မည်သည် နေရာတခုထဲ အမြဲကြွလို့ မတော်ဘူး ဒကာတော်မင်းမြတ်။ အလုံးစုံသော လူတွေဟာ မြတ်စွာဘုရား ကြွလာတို့သာ လိုလားတောင့်တကြတယ်"ဟု မိန့်တော်မူ၏။

"ရှင်တော်မြတ်ဘုရား၊ တခြားရဟန်းတွေကို စေလွှတ်တော်မူပါဘုရား"

မြတ်စွာဘုရားက အရှင်အာနန္ဒာကို စေလွှတ်တော်မူ၏။အရှင်အာနန္ဒာသည် ရဟန်းငါးရာနှင့်တကွ နန်းတော်သို့အမြဲကြွတော်မူ၏။ သာမာဝတီမိဖုရားသည်လည်း အမြဲမပြတ် အရှင်အာနန္ဒာနှင့် ရဟန်းငါးရာကို ဆွမ်းလုပ်ကျွေး၍ တရားနာယူကြလေ၏။

## ပုဆိုးငါးရာ လှူဒါန်းခြင်း

သာမာဝတီ အမှူးရှိသော မောင်းမငါးရာတို့သည် အရှင်အာနန္ဒာ၏တရားကို ကြားနာရ၍ ကြည်ညိုလှသဖြင့် အပေါ်ရုံ ပုဆိုးငါးရာ လှူဒါန်းလေ၏။ အပေါ်ရုံပုဆိုးတခုလျှင် ငါးရာစီ တန်ဘိုးရှိသည်။ မောင်းမအားလုံးထံ၌ မင်းကြီး ကြည့်သည့်အခါ တထည်မျှ မမြင်သောကြောင့်–

"အပေါ်ရုံ ပန်းနွယ်ပုဆိုးတွေ ဘယ်ရောက်ကုန်သလဲ"

"ကျွန်တော်မတို့ အရှင်အာနန္ဒာကို လှူလိုက် ပါသည် ဘုရား"

“အရှင်အာနန္ဒာက ပုဆိုးအားလုံး အလှူခံသလား”

“မင်းမြတ်၊ အားလုံးဘဲ အလှူခံယူပါသည်ဘုရား”

ဥတေနမင်းကြီးသည် အရှင်အာနန္ဒာထံ သွား၍ မေးသည်။ အရှင်အာနန္ဒာက အကုန်လုံးပြန်၍ မိန့်ကြားသည်။

“အရှင်ဘုရား၊ အဝတ်တွေ များလှချည့်လားဘုရား၊ အဲဒီ အဝတ်တွေ ဘယ်လိုများ လုပ်ပါသလဲဘုရား”

“ဒကာတော်မင်းမြတ်၊ ငါတို့အား ဝတ်လောက်ရှိဘဲ ယူတယ်၊ ကျန်တာတွေ သင်္ကန်းဟောင်းနွမ်းတဲ့ ရဟန်းတွေကို လှူလိုက်တယ်”

“အရှင်ဘုရား၊ အဲဒီဟောင်းနွမ်းတဲ့သင်္ကန်းတွေကို ဘယ်လို အသုံးချပါသလဲ ဘုရား”

“ဒကာတော်၊ မိမိထက် သင်္ကန်းဟောင်းတဲ့ ရဟန်းတွေကို ဘဆင့်လှူကြတယ်”

“အဲဒီရဟန်းတွေက သူတို့သင်္ကန်းဟောင်းတွေကို ဘာလုပ် ကြပါသေးသလဲ ဘုရား”

“ဒကာတော်၊ အိပ်ရာခင်းချုပ်တယ်”

“အရှင်ဘုရား၊ အရင်ကရှိတဲ့ အိပ်ရာခင်းတွေကိုကော ဘာ လုပ်ကြပါသေးသလဲ ဘုရား”

“မြေကြီးအခင်းလုပ်ကြတယ် ဒကာတော်”

“ရှေးကရှိတဲ့ မြေကြီးအခင်းတွေကိုကော ဘုရား”

“အဲဒါတွေကို ခြေသုတ်ပုဆိုး လုပ်ကြတယ် ဒကာတော်”

“အဲဒီ ခြေသုတ်ပုဆိုး အဟောင်းတွေကိုကော ဘုရား”

“နုတ်နုပ်စဉ်းပြီး ရွှံ့စေးနှင့်နယ်၍ နံရံမှာလိမ်းကြတယ်” ဟု မိန့်တော်မူ၏။

"အရှင်ဘုရားတို့အား လျှုဒါန်းအပ်သော ဝတ္ထုတို့သည် ဤမျှသုံးစွဲတာတောင် မပျက်စီးပါလား ဘုရား"ဟု လျှောက်ထားသောအခါ-

"ဟုတ်ပေတယ် မင်းမြတ်"ဟု မိန့်တော်မူ၏။

ဥတေနမင်းကြီးသည် အထူးကြည်ညိုသွားပြီး နောက်ထပ်ပုဆိုးငါးရာကို အရှင်အာနန္ဒာအား ပို့ဆောင်လှူဒါန်း လေ၏။

အရှင်အာနန္ဒာသည် အဘိုးငါးရာတန် ပုဆိုးတထောင် ခြေရင်းမှာပုံပြီး လှူသည့်အကြိမ်ပေါင်း တသိန်းတိတိ ရှိသည်။ တထောင်တန် သက်န်းတထောင် ခြေရင်းမှာပုံလှူသည့် အကြိမ်ပေါင်း တထောင်တိတိ ရှိသည်။ တသိန်းတန် သက်န်းတထောင် ခြေရင်းမှာပုံလှူသည့်အကြိမ်ပေါင်း တရာတိတိရှိသည်။ တထည်၊ နှစ်ထည်၊ သုံးထည် စသည်ဖြင့် လှူဒါန်းသောသက်န်းကိုရသည့် အကြိမ်ပေါင်း မရေတွက်နိုင်အောင် ရှိသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသောအခါ အရှင်အာနန္ဒာသည် ဇမ္ဗူဒိပ်တကျွန်းလုံးရှိ ကျောင်းတိုင်းကျောင်းတိုင်းမှ ရဟန်းအားလုံးကို မိမိပိုင် သပိတ်သက်န်းတို့ကို ပေးလှူတော်မူခဲ့လေသတည်း။

## နန်းတော်ကို မီးရှို့ခြင်း

အယုတ်မမာဂဏ္ဍီသည် ကြံစည်တိုင်း၊လုပ်တိုင်းမအောင်မြင်သဖြင့် အကြံအိုက် စိတ်ရှုပ်နေသည်။ သို့သော် မကြာမီ ဦးနှောက်ထဲသို့ အလင်းရောင်တခု ဝင်လာသည်။ မင်းကြီး ဥယျာဉ်ကစားထွက်သောအခါ ဘထွေးသို့ အကြောင်းကြားလေသည်။

"ဘထွေး၊ သာမာဝတီအဆောင်သွားပြီး အထည်တိုက်၊ ဆီတိုက်တို့ကို ဖွင့်ပါ။ အဝတ်တွေကို ဆီအိုးထဲနှစ်၊တိုင်တွေ လိုက် ရစ်ပါ။ သာမာဝတီအမှုးရှိသော မောင်းမအားလုံး တနေရာ စုခေါ်ပြီး တံခါးအလုံပိတ်။ အပြင်က သော့ခတ်ထားပါ။ တိုင် တွေကို မီးနဲ့လိုက်ရှို့ပြီး ဆင်းပြေးခဲ့ပါ"

မာဂဏ္ဍီက အကြောင်းစုံမှာကြားလိုက်သောအခါ ဘထွေး မိုက်လည်း မာဂဏ္ဍီမှာလိုက်သည့်အတိုင်း စတင်ဆောင်ရွက်၏။ ထိုအခါ ပုဏ္ဏားကို သာမာဝတီအမှုးပြုသော မောင်းမငါးရာ တို့က—

"ဘထွေး၊ ဒါဘာလုပ်တာလဲ"

"မင်းကြီးက မြမြခိုင်ခံ့အောင်ဆိုပြီး ဆီသုတ်အဝတ်နဲ့ အပတ် ခိုင်းပါတယ်။ နန်းတော်ဆိုတာ အရေး အကြောင်း ကောင်း-မကောင်း ဘယ်လိုဖြစ်ပါမယ်ဆိုတာ သိတို့ခက်တယ်။ သမီးတို့၊ ဘထွေးထံသာကြပါ။ နဲနဲလောက် အကူအညီ ပေးကြ ပါ"

အားလုံးရောက်သောအခါ အခန်းထဲသွင်း၍ တံခါးအလုံ ပိတ်ပြီး အပြင်မှသော့ခတ်၍ တတိုင်မကျန်မီးရှို့လျက်ဆင်းလာ ခဲ့လေ၏။

## သာမာဝတီ၏ အဆုံးအမ

သာမာဝတီမိဖုရားသည် မောင်းမငါးရာတို့အား—

"ညီမတို့၊ အစမထင်တဲ့သံသရာကြီးထဲမှာပြေးလွှားကျင်လည် သာခဲ့ရတဲ့ ငါတို့တတွေဟာ အခုလိုမီးနဲ့အရှို့ခံရလို့ သေခဲ့ရတဲ့ ဘဝပေါင်း ဘယ်မျှရှိတယ်ဆိုတာဗုဒ္ဓရဲ့ ရွှေဉာဏ်တော်နှင့်တောင်

ပိုင်းခြားလို့ ဟောတော်မမူနိုင်ဘူး။ တဘာဝတခါ သေမျိုးချည်းပါ။ ဒီတော့ အပြတ်နှင့်သေကြရအောင် သတိကလေးနဲ့ ဖြစ်ပျက်ကို ရှုမှတ်နေပါ။ မီးလောင်တဲ့အခါ ဝေဒနာကမ္မဋ္ဌာန်း စီးဖြန်းပါ”ဟု ဆုံးမ၏။

ဝေဒနာကမ္မဋ္ဌာန်းကို စီးဖြန်းနေစဉ် အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်ဖြစ်ကြကုန်၏။

## အဘိုးတန် မိန်းမများ

ညနေချမ်းတွင် ဆွမ်းခံရာမှ ပြန်လာကြသော ရဟန်းများသည် မြတ်စွာဘုရားသံ သွားရောက် လျှောက်ထားကြ၏။

“ဘုန်းတော် ကြီးမြတ်တော်မူသော ရှင်တော်မြတ်ဘုရား၊ ဥတေနမင်းကြီး ဥယျာဉ်တော်ထွက်ခိုက် နန်းတော်ကို မီးနဲ့တိုက်သဖြင့် သာမာဝတီ အမှူးရှိသော အမျိုးသမီးငါးရာ ကွယ်လွန်သွားကြပါပြီဘုရား။ အရှင်ဘုရား သာမာဝတီအမှူးရှိသော ဒကာမငါးရာတို့၏ အဘယ်သို့သော လားရာဂတိ ရှိပါသလဲဘုရား၊ ဘယ်ဘုံဘယ်ဘဝများ ရောက်နေကြပါသလဲဘုရာ”

“ချစ်သားရဟန်းတို့၊ လောကကြီးတခုလုံးဟာ အမိုက်မှောင်တွေအုပ်ဖုံးနေတဲ့အတွက် ကောင်းတယ်လို့ ထင်မြင်ယူဆဘာတ်ကြတယ်။ ကိလေသာ အနှောင်နှင့် အဝိဇ္ဇာမှောင်တဲ့ထားသော လူမိုက်များဟာ လောကကြီးကို ခိုင်ဘယ်မြဲဘယ်လို့ ထင်မြင်တတ်ကြတယ်။ တကယ်မြဲတဲ့နိဗ္ဗာန်ကို မြင်တဲ့ပုဂ္ဂိုလ်ကတော့ စိုးရိမ်မှုခကြောင့်ကြမှု ဘာတမျှမရှိဘူး။

"ချစ်သားရဟန်းတို့၊ သံသရာကြီးထဲမှာ တဝဲလည်လည်ပြေး လွှားနေရတဲ့ သူတွေဟာ လောကကြီးကို မြဲတယ်ထင်ပြီး မေ့မေ့လျော့လျော့ နေထိုင်ခဲ့လို့ ဖြစ်တယ်။ မကောင်းမှုအကုသိုလ်တွေကို လုပ်နေခြင်းဖြစ်တယ်။ အဲဒါကြောင့် သတ္တဝါတွေဟာ ဝဋ္ဋထဲမှာ လည်နေကြရတယ်။ ဆင်းရဲချမ်းသာကို ခံစားစံစား နေကြရတယ်"ဟု ဟောကြားတော်မူ၏။

## ရာဇပရိယာယ်

ဥတေနမင်းကြီးသည် သာမာဝတီအဆောင် မီးလောင်နေပြီ ကြားသည်နှင့် အမြန်ဆုံး ပြန်လာပါသော်လည်း မမှီတော့ပေ။ မီးငြိမ်းသောအခါ စိတ်မချမ်းသာမှု ကြီးစွာဖြင့် အမတ်အပေါင်း ခြံရံလျက် ထိုင်နေတော်မူသည်။ သာမာဝတီမိဖုရား၏ ဂုဏ်ကျေးဇူးများကိုသာ ဆင်ခြင်ငဲ့စားရှိနေသည်။ 'ဒါ ဘယ်သူ့လက်ချက်လဲ'ဟုစဥ်းစားသောအခါ မာဂဏ္ဍီကို ကွက်ခနဲမြင်တော်မူ သည်။ 'မေးရင်မပြောဘဲနေမည်၊ ဖြေးဖြေးသာသာ အကြောင်း တစုံတရာနှင့်းမှတော်မည်'ဟု ကြံ၍—

"အို အမတ်အပေါင်းတို့၊ အရင်တုန်းက ဆိုရင် ကြောက်ကြောက်လန့်လန့်နဲ့ အမြဲသတိထားနေရတယ်။ သာမာဝတီဟာ ငါ့ကိုဖျက်ဆီးဘို့ ဆင်ကြံ ကြံနေသူဖြစ်တယ်။ အခုဆိုရင် ရွှေစိတ်တော် အလွန်အေးရပေပြီ။ ချမ်းချမ်းသာသာ နေချင်သလိုနေ စားချင်သလိုစား သွားချင်သလိုသွားနိုင်ပြီ"ဟု မိန့်တော်မူ၏။

"အရှင်မင်းမြတ်၊ ဒါဘယ်သူ့လက်ချက်လဲလို့ ထင်မြင်ပါ သလဲဘုရား"

"တယ်လဲအတဲ့အမတ်တွေဘဲ၊ ငါကိုယ်တော်မြတ်ကို ချစ်မြတ်နိုးတဲ့လူတွေ လုပ်တာပေါ့"ဟု မိန့်တော်မူ၏။

ထိုအချိန်တွင် မာဂဏ္ဍီသည် အနားတွင်ရပ်နေသည်။ ခင်းကြီးစကားကို ကြားလျှင်"အရှင်မင်းမြတ်၊ ဒီကိစ္စကို ဘယ်သူလုပ်နိုင်မှာလဲဘုရား။ ဘုရားနှမတော်၏ လက်ချက်ပါ။ ဘထွေးကို မီးနဲ့ရှို့ခိုင်းလိုက်တာပါဘုရား"ဟု ကိုယ်တိုင်ဖေါ်ကောင် လုပ်လေ၏။

## အမျိုးယုတ်တွေ အကုန်သေ

မင်းကြီးက "ချစ်နှမ၊ သင့်လောက်ငါ့အပေါ် ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးတဲ့ လူမရှိဘူး၊ အသင့်အား ငါအလွန်မြတ်နိုးတော်မူတယ်။ အသင့်အား ငါသည် မြတ်သောဆုကိုပေးအံ့၊ ဆွေမျိုးတွေကိုခေါ်လော့"ဟု မိန့်တော်မူ၏။

မာဂဏ္ဍီသည် ဆွေမျိုးတွေအား "မင်းကြီးက ငါ့ကို မြတ်နိုးလို့ မြတ်သောဆုကို ပေးသည်။ သင်တို့ လာခဲ့ကြလော့" ဟု မှာကြား စေလွှတ်လိုက်၏။

မင်းကြီးလည်း လာသည့်လူတိုင်းကိုကြီးစွာသောပူဇော်သက္ကာရကို ပြုလုပ်ပေ၏။ ထိုသို့ပြုလုပ်သည်ကို မြင်သော် မာဂဏ္ဍီနှင့် အမျိုးမတော်သူများပင် လာဘ်ထိုး၍ မာဂဏ္ဍီ၏အမျိုးလုပ်ကာ လာကြ၏။ ဥတေနမင်းကြီးသည် လူအားလုံးကို ဖမ်းယူစေ၏။ မင်းရင်ပြင်၌ ချက်လောက်နက်သော တွင်းကိုတူးစေပြီး လူအားလုံးကို တွင်းထဲအဆင်းခိုင်း၏။ အားလုံးမြေဖို့ပြီး ကောက်ရိုးပုံ၍ မီးတိုက်လေ၏။ အရေတွေစုတ်ပြတ်ကုန်သောအခါ အပိုင်းပိုင်းအတစ်တစ် ဖြစ်အောင် သံထွန်သွားနှင့် အတိုက်ခိုင်း၏။မာဂဏ္ဍီ

ကိုယ်မှ အသားတွေကို လှီးယူပြီး ဆီဖြင့်ကြော်၍ မာဂဏ္ဍီအား အစားခိုင်း၏။

## ရဟန်းတို့က မေးလျှောက်ခြင်း

တရားသဘင်၌ရဟန်းတို့သည် "ငါ့ရှင်တို့၊ ဒါလောက်တောင် သဒ္ဓါတရား ကောင်းလှတဲ့ ဥပါသိကာမတွေ ဒီလိုသေရတာ မတော်ဘူး"ဟု ပြောဆိုနေကြသည်။ မြတ်စွာဘုရားသခင် တရားသဘင်သို့ ကြွလာတော်မူသောအခါ—

"ချစ်သားတို့၊ ငါဘုရားကြွမလာခင် ဘာတွေများ စည်းဝေး တိုင်ပင်နေကြပါသလဲ"

"သာမာဝတီတို့ အကြောင်းပါဘုရား"

"ချစ်သားရဟန်းတို့၊သာမာဝတီအမျိုးရှိတဲ့ ဥပါသိကာမတွေ ခုလိုသေရတာ ဒီဘဝတည်းမဟုတ်၊ သူတို့ လုပ်ထားတဲ့ကံကြောင့် ဟိုရှေးရှေးဘဝတွေတုန်းကလဲ သေခဲ့ကြတယ်"ဟု မိန့်တော်မူ၏။

"ဘုန်းတော် ကြီးမြတ်တော်မူသော ရှင်တော်မြတ်ဘုရား၊ ဥပါသိကာမ ငါးရာ ရှေးတုန်းက ဘယ်လိုကံတွေများ ပြုလုပ်ခဲ့ပါသလဲဘုရား" ဟုလျှောက်ထားသော် မြတ်စွာဘုရားသခင်သည် အတိတ်ကို ဆောင်တော်မူ၏။

## သာမာဝတီ တို့၏ ရှေးက မကောင်းမှု

ရှေးတုန်းက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်တော်မူ၏။ နန်းတော်ထဲတွင် ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့ အမြဲမပြတ်

သွမ်းဘုဉ်းပေးတော်မူကြသည်။ နန်းတွင်းသူ ငါးရာတို့သည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို လုပ်ကျွေးပြုစုနေကြသည်။ ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့တွင် ၇ ပါးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က ဟိမဝန္တာတောသို့ ကြွတော်မူကြကုန်၏။ ပစ္စေကဗုဒ္ဓါ တပါးသည် မြစ်ကမ်းနားအနီးရှိ မြက်ချုံတခုတွင် နိရောဓသမာပတ်ဝင်စား၍ နေတော်မူသည်။

တနေ့သ၌ မင်းကြီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ကြွသွားတော်မူကြသော် နန်းတွင်းသူ ငါးရာတို့နှင့်အတူ ရေကစားထွက်တော်မူ၏။ နန်းတွင်းသူ ငါးရာတို့သည် တနေ့လုံး ရေကစားသဖြင့် အလွန် ချမ်းအေး၍ နေ၏။ မီးလှုံလိုသည့်အတွက် မီးဖိုရန် နေရာကို ရှာဖွေကြသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ် နိရောဓသမာပတ် ဝင်စားတော်မူရာ မြက်ချုံကိုမြင်၍ မြက်ပုံကြီး မှတ်သဖြင့် မီးတိုက်ကြလေ၏။

မြက်တို့ကို မီးလောင်၍ ကုန်သွားသောအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မြင်၍- 'ငါတို့တော့ အသတ်ခံကြရတော့မှာဘဲ၊ မင်းကြီးကိုးကွယ်တဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို မီးလောင်ခံရချေပြီ။ မင်းကြီးသာ သိသွားတော်မူရင် ကောန်ပင် အသတ်ခံကြရလိမ့်မယ်'ဟု စိုးရိမ်၍ ပစ္စေကဗုဒ္ဓါ မီးလောင်၍ အစရှာမရအောင် အားလုံး ဝိုင်း၍ ပစ္စေကဗုဒ္ဓါ အပေါ် ထင်းတွေ ရှာဖွေစုပုံပြီး မီးနှင့် တိုက်ကြလေ၏။ 'ဒီတခါတော့ အစရှာရတော့မှာ မဟုတ်ဘူး'ဟု ထင်ပြီး ပြန်သွားကြလေ၏။

နန်းတွင်းသူ ငါးရာတို့သည် ပထမဆုံး စိတ်စေတနာမပါဘဲ ပြုလုပ်မိသောကြောင့် ဘာကံမျှ မထိုက်ပေ။ နောက်ဘကြိမ်တွင်

စေတနာနှင့် ပြစ်မှားကြသောကြောင့် ကံထိုက်လေသည်။ ပစ္စေကဗုဒ္ဓါတို့မည်သည် နိရောဓသမာပတ် ဝင်စားသော အခိုက်တွင် လှည်းအစီးတထောင်တိုက် ထင်းတွေနှင့်ပုံပြီး မီးတိုက်သော်လည်း မွေးညှင်းတပင်မျှကိုပင် မလောင်ကျွမ်းစေနိုင်။ ပူဘို့၊ လောင်ကျွမ်းဘို့ဆိုသည်ကား စဉ်းစားစရာပင်မလို။

ထို့ကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ခုနစ်ရက်စေ့သောအခါ နိရောဓ သမာပတ်မှ ထတော်မူ၍ အလိုရှိရာသို့ ကြွတော်မူလေ၏။ နန်းတွင်းသူငါးရာတို့သည် ထိုကံကြောင့် အနှစ်တသိန်း ငရဲတွင် ခံကြရသည်။ ထိုကံကြွင်းကြောင့် ဘဝတရာလုံးလုံး အိမ်ရောလူပါ မီးလောင်ခံကြရသည်ဟု မိန့်တော်မူ၏။

## ခုဇ္ဇုတ္တရာ၏ ရှေးအကြောင်း

ရဟန်းအပေါင်းတို့က– "ဘုန်းတော် ကြီးမြတ်တော် မူလှသော ရှင်တော်မြတ်ဘုရား၊ ခုဇ္ဇုတ္တရာသည် အဘယ်ကဲ့သို့သော ကံကြောင့် ယခုလို ခါးကုန်းရပါသလဲ ဘုရား၊ ဘယ်ကဲ့သို့သော ကောင်းမှုကံကြောင့် ဉာဏ်ပညာ ကြီးရပါသလဲ ဘုရား၊ ဘယ်ကဲ့သို့သော ကောင်းမှုကံကြောင့် သောတာပန် ဖြစ်ရပါသလဲဘုရား၊ ဘယ်ကဲ့သို့သော မကောင်းမှုကံကြောင့် သူတပါးရဲ့ အစေခံ ဖြစ်ရပါသလဲဘုရား"

"ချစ်သားတို့၊ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုတော်မူစဉ်က ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့တွင် ပစ္စေကဗုဒ္ဓါတပါးသည် အနည်းငယ် ခါးကုန်းသည်။ ထိုအခါ အလုပ်အကျွေး မိန်းမ

တယောက်သည် ကမ္ဗလာကို ခြုံ၍ ရွှေခွက်ကို လက်မှာပိုက်ပြီး "ငါတို့၏ ပစ္စေကဗုဒ္ဓါအရှင်သည် ဟောဒီလို ခပ်ကုန်းကုန်း ကလေး ကြွတော်မူသည်"ဟု ပစ္စေကဗုဒ္ဓါအရှင်ကြွတော်မူသလို လုပ်ပြ၍ ပြောင်လှောင်၍ ပြလေ၏။ အဲဒီကံ၏ အကျိုးဆက် ကြောင့် ခုဒ္ဒုတ္တရာဟာ ခါးကုန်းမကြီး ဖြစ်လာရပေတယ်" (ပြောင်လှောင် ကဲ့ရဲ့တတ်သူများ သတိပြုစရာပင်။)

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ နန်းတွင်းသို့ ပထမဆုံး ကြွလာသည့်နေ့က နန်းတော်၌ သီတင်းသုံးစေတော်မူ၍ သပိတ်ကို ယူပြီး နို့ဃနာဆွမ်း အပြည့် လောင်းလှူသည့် နို့ဆွမ်းပူပူ သပိတ် ပြည့်လာသောအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ပူလွန်းသည့် အတွက် လဲပြောင်း ကိုင်ယူနေကြရသည်။ ပစ္စေကဗုဒ္ဓါတို့ကို အတုလုပ်၍ ပြောင်ပြသော ထိုမိန်းမသည် ပစ္စေကဗုဒ္ဓါ အရှင် မြတ်တို့ လက်ပူနေသည်ကို မြင်၍ မိမိ၏ ဆင်စွယ်လက်ကောက် ရှစ်ကွင်းကိုယူ၍ "အရှင်ဘုရား၊ လက်ကောက်ပေါ်မှာ သပိတ်ကို ထား၍ ကိုင်တော်မူပါဘုရား"ဟု လျှောက်တား၏။

အရှင်ပစ္စေကဗုဒ္ဓါတို့သည်ဒကာမ လျှောက်ထားသည့်အတိုင်း သပိတ်ကို ကိုင်သောအခါ အပူ သက်သာတော် မူကြသည်။ ပစ္စေကဗုဒ္ဓါတို့သည် လက်ကောက်ရှင် ဒကာမကို ကြည့်သည်။

"အရှင်မြတ်တို့၊ ဘုရားတပည့်တော်မသည် ထိုလက်ကောက် တို့ကို ပြန်မယူလိုတော့ပါဘုရား။ အရှင်မြတ်တို့အားသာ သပိတ် ခြေအဖြစ် လှူဒါန်းပါသည်။ ယူဆောင်၍ ကြွတော်မူပါဘုရား" ဟု လျှောက်ထား၏။

ပစ္စေကဗုဒ္ဓာ အရှင်မြတ်တို့သည် နန္ဒမူတောင်သို့ ယူ၍ကြွတော်မူကြကုန်၏။ ထိုဒကာမ လှူသော သပိတ်ခြေ ဆင်စွယ်သက်ကောက်တို့သည် ယခုတိုင် နန္ဒမူတောင်၌ အပျက်အစီး မရှိဘဲ အထင်အရှားရှိသည်။ (အဋ္ဌကထာ)

ခုဇ္ဇုတ္တရာသည် ထိုဆင်စွယ်သပိတ်ခြေကို လှူရသော အကျိုးဆက်ကြောင့် ခုဘဝတွင် ပိဋကတ်သုံးပုံဆောင် ပညာရှိကြီး ဖြစ်လာ၏။ ပစ္စေကဗုဒ္ဓါတို့ကို လုပ်ကျွေးပြုစုသောကုသိုလ်ကောင်းမှုကြောင့် သောတာပန်တည်၏။

"ချစ်သား ရဟန်းတို့၊ အဲဒါတွေဟာ ဘုရားတဆူ အကြားမှာ ခုဇ္ဇုတ္တရာ ပြုလုပ်ခဲ့တဲ့ ကံများ ဖြစ်ပေတယ်"

ကဿပ ဘုရားလက်ထက်တွင် ဗာရာဏသီပြည်မှ သူဌေးသမီးတယောက် ညနေချမ်း မှန်ရှေ့၌ မိမိကိုယ်ကို အလှပြင်နေသည်။ ထိုအချိန်တွင် သူဌေးသမီး၏ မိတ်ဆွေ ရဟန္တာမတပါး သူဌေးသမီးအိမ်သို့ ကြွလာသည်။ ထိုစကားမှန်၏။ အသသဝေါကုန်ပြီးသော ရဟန္တာမများသည် ညနေချမ်းတွင် မိမိတို့ အလုပ်အကျွေးများကို ကြည့်ရှုလိုသောဆန္ဒ ရှိတော်မူကြသည်။ (အဋ္ဌကထာ) သူဌေးသမီး အလှပြင်နေချိန်တွင် အနားတွင် အခိုင်းအစေ တယောက်မျှမရှိ။ သူဌေးသမီးက ရဟန္တာမကို-

"အရှင်မ၊ အရှင်မကို တပည့်တော်မ ရိုသေစွာ ရှိခိုးပါသည်။ တပည့်တော်မ တန်ဆာ သေတ္တာကလေး ယူ၍ပေးပါ ဘုရား"

ဟုဆို၏။

ထေရိမကစဉ်းစားသည်မှာ 'အကယ်၍ ငါ ဒီရတနာသေတ္တာ ယူမပေးဘူးဆိုရင် ငါ့ကို စိတ်ဆိုးရန်ငြိုးထားလို့ ငရဲမှာ ခံရလိမ့်မယ်။အကယ်၍ ငါယူပေးလိုက်ပြန်ရင်လဲ သူတပါး၏ရဲ့အစေခံကျွန်ဖြစ်တော့မယ်။ငရဲကျတာနဲ့စာရင် ကျွန်ဖြစ်ရတာက တော်သေးတယ်'ဆိုပြီး သူဌေးသမီးကို သနားသည့်အတွက် ရတနာသေတ္တာကို ယူပေးလိုက်၏။ ထိုကဲ့သို့ ခိုင်းစေသည့်ကံကြောင့် ယခုဘဝတွင် ကျွန်ဖြစ်ရပေသည်ဟု မြတ်စွာဘုရား ကိုယ်တော်မြတ်က ဟောကြားတော်မူ၏။

(သူတော်သူမြတ် ကိုယ့်ထက် ကြီးသူများကို ခိုင်းစေလိုလျှင် သတိပြုစရာပင်)

## သောတာပန် တည်ခြင်း

တနေ့သောအခါ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့၊ သာမာဝတီအမျိုးရှိသော မောင်းမငါးရာ နန်းတော်ကို မီးနှင့်ရှို့ အသတ်ခံကြရတယ်၊ မာဂဏ္ဍီကိုလဲ ကျိုက်ကျိုက်ဆူသော ဆီပူနဲ့ကြော်ပြီး အသတ်ခံရတယ်။ အဲဒီလို အသတ်ခံရတဲ့ လူတွေထဲမှာ ဘယ်သူတွေ အသက်ရှည်၊ ဘယ်သူတွေ အသက်တိုတယ်လို့ ခေါ်ရမလဲ"ဟူသောစကား စဖြစ်လာသည်။

ထိုအချိန်တွင် မြတ်စွာဘုရား ကြွလာတော်မူသည်။

"ချစ်သားတို့၊ ဘာစကားတွေများ စည်းဝေးတိုင်ပင်နေကြသလဲ"

"အရှင်ဘုရား၊ ဤစကားများကို ပြောဆိုနေကြပါသည် ဘုရား"

“ချစ်သားရဟန်းတို့၊ လောကကြီး၌ မေ့မေ့လျော့လျော့နေလေ့ရှိသော သတ္တဝါများကို အနှစ်တရာအသက်ရှည်ကြသော်လဲ သေနေတဲ့လူတွေလို့ ခေါ်တယ်။ မမေ့မလျော့နေတဲ့ သတ္တဝါများကိုတော့ သေသွားပေမယ့် အသက်ရှည်တယ်လို့ ခေါ်တယ်။ ဒါကြောင့် သာမာဝတီအမျိုးရှိတဲ့မောင်းမငါးရာက အရင်သေသွားပေမယ့် အသက်ရှည်တယ်လို့ ခေါ်တယ်။ မာဂဏ္ဍီတို့ကတော့ နောက်မှသေရလို့ အသက်ရှည်ပေမယ့် သေတဲ့လူလို့ခေါ်တယ်။ ချစ်သားရဟန်းတို့၊ မမေ့မလျော့နေတဲ့သူတွေဟာ ဘယ်တော့မှ မသေဘူး”ဟု မိန့်တော်မူ၏။

ဂါထာ၏အဆုံး၌ များစွာသောသူတို့သည် သောတာပန်တည်ကြကုန်၏။

# အာသီသ ပဏ္ဏာ

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် တနေ့ထက်တနေ့၊ တချိန်ထက်တချိန် အသိဉာဏ်တိုးတက်၍ အမှန်တရားလက်ကိုင်ထားပြီး၊ မဂ်ဖိုလ်ရအောင် ကျင့်ကြံအားထုတ်နိုင်ကြပါစေသတည်း။

ဤကျမ်းသည်လည်း သူတော်စင်တို့အား အနည်းဆုံး အုတ်တချပ် သဲတပွင့်အနေဖြင့်ဖြစ်စေ၊ အထောက်အကူ ပြုနိုင်သည်ဆိုလျှင် စာရေးသူ၏ဆန္ဒပြည့်ဝပြီ ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ကမ္ဘာလွှမ်း၍ တည်စေသော်

သဒ္ဓါမှန်ဖြင့်

**သူတော်**

၃-၉-၇၅

* တောင်ငူခေတ်၏ သမိုင်းဇာတ်ကြောင်းကို
အမြစ်မှ လှန်၍ သုတေသနပြုပြီး....

* စိတ်ဝင်စားဘွယ်ရာ ဇာတ်လမ်းကလေးများနှင့်
လျှို့ဝှက်မှုခင်းများ၊

* နိုင်ငံရေးသမိုင်းတကွက်၏ ကွင်းဆက်အတွင်းမှ
သားကောင် မင်းသား မင်းသမီးတို့ အတွင်းရေး
များနှင့် အတူ....

# ဓါတုကလျာ

## စိန္တ (ပညာရေး) ပြုစုသည်

ဉာဏ်လင်း စာအုပ်တိုက်၏
သမိုင်းသုတေသနစာစဉ်
အထူးထုတ်စာအုပ်
မကြာမီ ထွက်မည်။

ဥာဏ်လင်း၏ ဘာသာရေး စာပေလက်ရွေးစင်

◯ ဗုဒ္ဓဂေါတမဘုရား ပွင့်တော်မူစဉ်က ဗုဒ္ဓ၏ တရားထူး တရားမြတ်တို့ကို နာယူပန်ဆင်ပြီး ကျွတ်တန်း ဝင်သွားသော အမျိုးသမီး သူတော်စင်များ အကြောင်း(သို့မဟုတ်)

◯ ဗုဒ္ဓဂေါတမ၏ အဆုံးအမတွင် တည်ပြီး ဘုရားရှင် ညွှန်ပြသော ကျင့်စဉ် လမ်းအသွယ်သွယ်ကို အောင်မြင်စွာ လျှောက်လှမ်း ခဲ့ကြသော မိန်းမထူး မိန်းမမြတ်တို့နှင့် သူတို့၏ဘဝဖြစ်ရပ် ဇာတ်လမ်း အထွေထွေ-

# ဗုဒ္ဓခေတ်

## အရိယာ နွယ်ဝင် သူတော်စင်

# အမျိုးသမီးများ

## ရန်အောင် ပြုစုသည်

◯ ဗုဒ္ဓဝင်ကျမ်း အသွယ်သွယ်တွင် အထင်ကရ ပါရှိသော အမျိုးသမီး တရားရှင် သူတော်စင် တဦးစီ၏ ကျင့်စဉ်နှင့် အတ္ထုပ္ပတ္တိထူး စာအုပ် ဖြစ်သည်။

## မကြာမီ ထွက်မည်

စာပေလောကကို ကိုင်လှုပ်မည့် ဘာသာရေးစာအုပ်

ဉာဏ်လင်းတိုက်မှ ထွက်တော့မည်

- ဗုဒ္ဓဂေါတမ၏ တရားဓမ္မ အဆီအနှစ်များနှင့် သိပ္ပံခေတ် အတွေးအခေါ် အယူအဆများ၏ ပဋိပက္ခ အတွေ့တွေ့ကို တဆစ်စီ တပိုင်းစီ ပုဒ်ခွဲပြလိုက်ပြီးနောက်....
- ယနေ့တိုင် ကမ္ဘာ့သိပ္ပံပညာရှင်များ ကိုယ်တိုင် အဖြေရှာမရသေးသော ဗုဒ္ဓဘာသာ၏ ရုပ်ပိုင်းဆိုင်ရာ ထူးခြားဆန်းသစ်မှုများ နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၏ အရင်းအမြစ် အနှစ်သာရပိုင်းကို အရင်းအတိုင်းဖွင့်ဆိုထားသော-

# ဗုဒ္ဓ၏ တန်ခိုးပြိုင်လောက

## ရှင်မဟာဗုဒ္ဓဃောသ ဦးဘသန်း ပြုစုသည်

- သိပ္ပံခေတ်ကို ကိုးကွယ်လိုသူများ၊ ဘာသာရေး သဘောတရား၏ အတိမ်အနက်ကိုမှ မတီးမခေါက်မိသေးသူများ၊ ဘာသာရေး အစွန်းရောက်သမားများအတွက် မီးမောင်းထိုးပြလိုက်သည့် သဘောတရားအမြင် လက်ရွေးစင် ကျမ်းတဆူလည်း ဖြစ်သည်။

